

www.foreverspace.com.mm

www.foreverspace.com.mm

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.foreverspace.com.mm

LIVING COLOR
HOLLYWOOD
SINGAPORE
YANGON

This magazine is founded and managed by
board of directors of Myanmar Partners Think Tank Group
in june, 1995 underlicensed of Living Color.

RECYCLE
KEEP THE WORLD GREEN.

၁။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်း၊ သတင်းဆောင်းပါး ဆောင်းပါးနှင့် အခြား ဖော်ပြချက်အားလုံး ကလောင်အမည် ဖော်ပြထားသည်ဖြစ်စေ၊ ကလောင်အမည် မဖော်ပြဘဲ ထားသည်ဖြစ်စေ၊ LIVING COLOR အယ်ဒီတာအဖွဲ့၏ အာဘော် ဖြစ်သည်။

၂။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို LIVING COLOR မှခွင့်ပြု ရရှိကြောင်း ဖော်ပြ၍ လွတ်လပ်စွာ ကိုးကားနိုင်ပါသည်။

၂။ ဤစာအုပ်၏ မြန်မာ့စီးပွားရေးသတင်းကဏ္ဍတွင် ဖော်ပြထားသော သတင်းများ ( အထူးသဖြင့် ဘောင်ခတ် ဖော်ပြထားသောသတင်းများ ) ကို နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေနေသော မီဒီယာတစ်ခုခုပေါ်မှ အပိုင်လိုက် သော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ဘာသာပြန်ဆိုဖော်ပြခြင်းကို လုံးဝ (လုံးဝ) တားမြစ်သည်။ ဘာသာပြန်ဆိုဖော်ပြလိုပါက LIVING COLOR ၏ ခွင့်ပြုချက် ရယူရမည် ဖြစ်ပါသည်။

www.foreverspace.com.mm

## Editorial

# ပြန်လည်ထူထောင်ရေးနှင့် နိုင်ငံတည်ဆောက်ရေးသဘောသဘာဝ

၂၀၀၉ ခုနှစ် မေလ ၂ ရက်နေ့သည် မြန်မာနိုင်ငံ၏သမိုင်းစဉ်တစ်လျှောက် အဆိုးရွားဆုံး နာဂစ်ဆိုင်ကလုန်းမုန်တိုင်း ကျရောက်ခဲ့သည့် တစ်နှစ်မြောက်နှစ်ပတ်လည်နေ့ ဖြစ်ပါသည်။ တစ်နှစ်တာကာလအတွင်း ဘေးဒုက္ခသင့်ခဲ့သော ပြည်သူလူထုနှင့် ပျက်စီးဆုံးရှုံးခဲ့သောဒေသတို့အတွက် အရေးပေါ်ကယ်ဆယ်ရေး၊ ကွင်းဆင်းစစ်တမ်းကောက်အတည်ပြုရေး၊ ကူညီထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်အသီးသီးကို ပြည်တွင်းပြည်ပရှိ လူထုလူတန်းစားအသီးသီး၊ အဖွဲ့အစည်းအသီးသီးက တတ်စွမ်းသရွေ့ ဆောင်ရွက်ခဲ့ကြပြီး ဖြစ်ပါသည်။

နာဂစ်မုန်တိုင်းသည် မြန်မာနိုင်ငံအပါအဝင် မြန်မာနိုင်ငံသူနိုင်ငံသားတို့၏ ပကတိအခြေအနေနှင့် လူသားဆန်၍ လူပီသမှုတို့ကို ကမ္ဘာသိပြသလိုက်သော သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ပါသည်။ မုန်တိုင်းကာလနှင့် မုန်တိုင်းလွန်ကာလအတွင်း မျက်မှောက်ကြုံတွေ့ခဲ့ရသော ကူညီကယ်ဆယ်မှု၊ တုံ့ပြန်ဆောင်ရွက်မှု၊ မုန်တိုင်းသင့်ပြည်သူလူထုအပေါ်ထားရှိသော သဘောထားတို့က ဤအချက်ကို သက်သေပြနေပါသည်။ မုန်တိုင်းကာလမှ ယနေ့တစ်နှစ်ပြည့်မြောက်သည်အထိ မုန်တိုင်းသင့်ဒေသနှင့် ဒေသခံလူထုတို့၏ တစ်ဆင့်ပြီးတစ်ဆင့်ပြောင်းလဲတိုးတက်မှုနှင့် ပကတိအခြေအနေမှန်တို့ကို ကမ္ဘာ့ပြည်သူတစ်ရပ်လုံးထံသို့ ကျယ်ပြန့်လာသော မီဒီယာလက်တံများက ရှုထောင့်ရပ်တည်ချက်အသီးသီးမှနေ၍ အမြဲမပြတ် တင်ဆက်အသိပေးလျက်ရှိရာ အဆိုးနှင့်အကောင်းကို မြန်မာနှင့် ကမ္ဘာ့ပြည်သူတစ်ရပ်လုံးက ကောင်းစွာခွဲခြားနိုင်ခဲ့ကြပေသည်။

သဘာဝဘေးဒဏ်တစ်ခုကြောင့် ပျက်စီးဆုံးရှုံးသွားသော ဒေသတစ်ခုနှင့် ဘေးဒဏ်သင့်ပြည်သူလူထုအား ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေး၊ တည်ဆောက်ရေးတို့မှာ စင်စစ်အားဖြင့် နိုင်ငံတစ်ခုတည်ဆောက်ခြင်းနှင့် အလားသဏ္ဍာန်တူပါသည်။ ဘေးဒဏ်တို့မည်သည် ကြောက်မက်ခါးသီးဖွယ် ဒဏ်ရာဒဏ်ချက် ဆုံးရှုံးနစ်နာမှုများကို ပေးသကဲ့သို့ ခွန်အားသစ်၊ မျှော်လင့်ချက်အသစ်နှင့် အခွင့်အလမ်းသစ်တို့ကိုလည်း ပေးတတ်ပါသည်။ လူ့အဖွဲ့အစည်းတစ်ခုတွင် အဆိုးကြုံရသောအခြေအနေမျိုး၌ အများညီ 'ဘုံ' ရည်မှန်းချက်တစ်ခုပေါ်ထွက်လာတတ်ရာ ထိုရည်မှန်းချက်ကို အချင်းချင်းနားလည်မှုနှင့် ယုံကြည်မှုတို့ အပြန်အလှန်တည်ဆောက်၍ အတူတကွဝိုင်းဝန်းအကောင်အထည်ဖော်ကြမည့်အရေး ဖြစ်ပါသည်။

များစွာအရေးကြီးသောအချက်မှာ ဘေးဒဏ်သင့်ဒေသ ပြန်လည်ထူထောင်ရေးနှင့် နိုင်ငံတည်ဆောက်ရေးတို့တွင် အမျိုးသားအကျိုးစီးပွား (အမိက) နှင့် ကိုယ်ကျိုးအတ္တစီးပွား (သာမည) တို့ ကွဲပြားရေးပင်ဖြစ်ပါသည်။ ထို့အပြင် ဖောက်ပြန် ပြောင်းလဲတတ်သော လူ့သဘာဝနှင့် ကိုယ်ကျိုးစီးပွားအလို့ငှာ ဘေးဒဏ်ကိုအသုံးချမှုများ မလွဲမရှောင်သာ ကြုံတွေ့ရမည်ကို နားလည်သဘောပေါက်ရန်နှင့် ထိုသဘောအရ တွေ့ကြုံရမည့် မလိုလားအပ်သောအခြေအနေများကို ရင့်ကျက်မှုရှိရှိ တုံ့ပြန်ကြရန် ဖြစ်ပါသည်။

ဤနေရာတွင် အထူးဖော်ပြလိုသည်မှာ ဘေးဒဏ်သင့်ဒေသပြန်လည်ထူထောင်ရေးနှင့် နိုင်ငံတည်ဆောက်ရေး (တစ်နည်းအားဖြင့်) ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းတစ်ရပ်တည်ဆောက်ရေးတို့တွင် အသွင်ကူးပြောင်းရေးကာလတစ်ရပ်လိုအပ်ကြောင်း ဖြစ်ပါသည်။ အသွင်ကူးပြောင်းရေးကာလတစ်ခုတွင် ပါဝင်ပတ်သက်သော မည်သူမည်ဝါနှင့် မည်သည့်အဖွဲ့အစည်း တစ်နည်းအားဖြင့် မည်သည့် Stakeholder မဆို မိမိတို့ကြံစည်ပြုမူဆောင်ရွက်သမျှ မိမိတို့၏ သမိုင်းမှတ်တမ်းအဖြစ် တင်ကျန်ရစ်ခဲ့မည်ဖြစ်ရာ တွေ့ကြုံလာမည့် အရေးကိစ္စအားလုံးအပေါ် သဘောထားကြီးကြီး၊ ရင့်ကျက်မှုရှိရှိ တုံ့ပြန်နိုင်ပါလျှင် ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တနေသည့် ဘုံရည်မှန်းချက်တစ်ရပ်ဆီသို့ ငြိမ်းချမ်းသာယာစွာ လျှောက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း။

**အယ်ဒီတာ**

**(၈-၄-၂၀၀၉)**

www.foreverspace.com.mm

## Editorial

# ဈေးကွက်စီးပွားရေးစနစ်နှင့် ဂိတ်ကြေးကိစ္စ

မြန်မာနိုင်ငံတွင် ဆိုရှယ်လစ်စနစ်ဖျက်သိမ်းပြီးနောက် ပေါ်ပေါက်လာခဲ့သောအစိုးရ၏ဆောင်ရွက်ချက်များတွင် လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့စေရေးနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးဆိုသောအချက်နှစ်ချက် ပါဝင်ခဲ့ရာ ဂိတ်များမရှိတော့ပါ၊ ဂိတ်ကြေးပေးစရာမလိုပါဆိုသော သတိပေးစာတမ်းများ နိုင်ငံပိုင်သတင်းစာများပေါ်တွင် မြင်တွေ့ခဲ့ရဖူးပါသည်။

ဤနေရာတွင် ဂိတ်နှင့်ဂိတ်ကြေးဆိုသော ဝေါဟာရများကို မည်သို့အဓိပ္ပာယ်ကောက်ယူသနည်း ဆိုသောအချက်မှာ အရေးကြီးပါသည်။ ဂိတ်ဟုဆိုလျှင် ကုန်စည်စီးဆင်းမှုလမ်းကြောင်းပေါ်တွင် မြင်သာထင်သာတည်ရှိနေသော အဆောက်အအုံနှင့် စစ်ဆေးသူများဟု အဓိပ္ပာယ်ရပါသည်။ လုံခြုံရေးအတွက်ထားရှိသော ဂိတ်များမှအပ ထိုသို့ မြင်သာထင်သာသောဂိတ်များကို အစိုးရ၊ ဒေသဆိုင်ရာတာဝန်ရှိသူများ သတိပြုမိလျှင် ပြုမိသလို ဖယ်ရှားပေးခဲ့ခြင်းကြောင့် ယခုအခါ မြင်သာထင်သာသောဂိတ်များ နည်းပါးသွားခဲ့သည်ကို အားလုံးအသိ ဖြစ်ပါသည်။

သို့သော်လည်း အထက်ပါသဘောတရားမျိုးဆန်ဆန်အလုပ်ကို ပုဂ္ဂလိကအသင်းအဖွဲ့အချို့၊ ကုမ္ပဏီကြီးအချို့၊ ကော်မတီအချို့တို့က ဈေးကွက်ရှာဖွေပေးခြင်းဖြစ်ပါသည်ဟု မျက်လှည့်ပြ၍ တင်ပို့သောကုန်စည်များ (ဥပမာ–ကဏန်း၊ ပဲ)၊ တင်သွင်းသောကုန်စည်များ (ဥပမာ–ဒီဇယ်) အပေါ် တစ်စုံတစ်ရာဝင်ရောက်ကောက်ခံခြင်းမျိုးများ တည်ရှိနေသေးသည်ကို အံ့သြဖွယ်တွေ့ခဲ့ရပါသည်။ ပို၍ထူးဆန်းသည်မှာ ထိုသို့ ဂိတ်ကြေးကောက်ခံ နေသူများသည် သက်ဆိုင်ရာအစိုးရ၏ တာဝန်ရှိအဖွဲ့အစည်းများမဟုတ်ဘဲ တာဝန်ရှိအဖွဲ့ အစည်းများကို မျက်လှည့်ပြထားသော ပုဂ္ဂလိကများဖြစ်နေခြင်းပင် ဖြစ်သည်။

သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများအနေဖြင့် ပုဂ္ဂလိကများက စည်းကျော်၍ လုပ်ကိုင်လာသော ဂိတ်ကြေးကိစ္စကို ခွဲခြားသိမြင်ကာကွယ်ပေးခြင်းဖြင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးကို မြင်သာထင်သာသောဂိတ်များကိစ္စနည်းတူ ဖြေရှင်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

**အယ်ဒီတာ**

**(၈–၄–၂၀၀၉)**

www.foreverspace.com.mm

# Contents

## Board of Editors

**Chief Editor** – ကျော်မင်းဆွေ

**Deputy Chief Editor** – ဇေယျာသူ

**Editor In Charge (Production)** – မင်းခင်

**Managing Editor** – ကျော်နိုင်

**Senior Executive Editor** – ရဲမင်းဦး

**Research & Development Editor** – ဧွေးအိမ်ငြိမ်

**Executive Editors** – နိုင်မျိုးဇော်ဝင်းတင်၊ ခင်ခင်သော်၊ နွဲ့ကေခိုင်၊ သီရိဇော်

**Editors** – မြနှင်းဆေ၊ စန်းဇော်အောင်

**Photo Editor** – မိုးကျော်လွင်

**Senior Reporters** – တင်လင်း၊ ကျော်ဆန်းမင်း၊ လှိုင်းသစ်ခင်ဝေ၊ ကျော်ကျော်မင်း၊ နိုင်မင်းဝေ၊ ဇာလီကျော်၊ နိုးယုဝေ

**Staff Reporters** – အောင်ဖိုး၊ ကျော်ဇေယျာဝင်း၊ ကျော်ဇေယျာထွန်း၊ အိမ့်နှင်းကျော်၊ ခင်ရွှေကြယ်၊ ကြူကြူသင်း(မိုးမြေ)

## DTP Department

**Supervisor** – မနိုင်

**Staff Operators** – ငုဝါနိုင်၊ အေးမိုမိုအောင်၊ ခင်မာလွင်၊ ငြိမ်းချမ်းနေဝင်း

## Finance Finance Department

**General Manager** – ဝေဝေအောင်ခင်

**Manager (Admin and Finance)** – ခန်းသီတာ

**Deputy Manager (Account)** – ထက်ထက်ငြိမ်း

**Assistant Manager** – နိုင်ရတနာထိုက်

**(Marketing/Distribution Accounts)**

## Marketing Department

**Manager** – ကျော်သန်း

**Assistant Manager** – ဖြူဖြူသီ

**Designer** – သိန်းအောင်ထွန်း

**Marketing Supervisor** – ဇွေလှိုင်

**Marketing Assistants** – မင်းအောင်၊ ပြည့်ဖြိုးအောင်၊ လှဲရည်ဦး

**Receptionists** – ဆုအိစန္ဒီဦး၊ နဝါဝင်း

## Production Department

**Manager (Production & External Relation)** – အောင်ကျော်ဆန်း

## Distribution Department

**General Manager** – မင်းခင်

**Assistant Manager** – ထက်ခေါင်

**Assistants** – ဆွေငြိမ်းအေး၊ ခင်မျိုးချစ်၊ လျက်တူးတူး

## Creation Department

**Art Director** – နိုးသော်တာ

**Cover Idea & Design** – ဖေသစ်တည်

**Cover Logo** – အောင်မင်း၊ ဘရွေးကြည်၊ မြင့်မောင်ကျော်

**Illustrator** – နိုးသော်တာ၊ ဖေသစ်တည်

## Publisher

ဒေါ်ဝင်းကလျာဆွေ (ယာယီမှတ်ပုံတင်အမှတ်-၁၁၅၉)
အမှတ် ၁၄၈-B ၊ ဒေဝမ်းလမ်း၊ ရှစ်မိုင်ခွဲ၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## Press

Hnit Thit Oo ပုံနှိပ်တိုက်

နဝဒေးရုပ်ရှင်ရုံဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## Office

သမ္မတဟိုတယ် (Business Suite)
အမှတ် (၅)၊ အလုံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၂၄၂၄၂၄၊ ၃၉၃၁၉၂၊ ၀၉-၅၀၀၀၉၉၇၊ ၀၉-၈၉၇၄၃၄၃
ဖက်စ်- ၂၄၂၄၂၄၊ ၃၉၃၁၉၂
hot line – ၀၉-၈၉၇၄၃၄၃

## E-mail

Chief Editor - c-editor@myanmar.com.mm

News Room - myanfo@myanmar.com.mm

Marketing - paz@myanmar.com.mm

livingcolor@mail4u.com.mm

## Web Site Link - www. foreverspace.com.mm

Photographer – မိုးကျော်လွင်

B/W Film – PERFECT

Binding – သန္တာ စာအုပ်ချုပ်

## Upper Myanmar Distributor

ထွန်းဦးစာပေ၊ မန္တလေး။

Cover Permission – ၅၄၀၃၈၈၀၄၀၉

Circulation – ၁၀၀၀

Distribution Price – ၁၃၅၀ ကျပ်

Copyright – Living Color ( ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန် )

### ကျေးဇူးတင်လွှာ

ဤမဂ္ဂဇင်းပါ သတင်း ဆောင်းပါးနှင့် ကဏ္ဍများအတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ်၊ ကွန်ပျူတာကုန်တိုက်၊ ကျောက်မြောင်းဈေး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ ရွှေအိုးဆန်ဆိုင် (သင်္ဃန်းကျွန်း)၊ ဦးဘစိန် အဆင့်မြင့်လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group, စာပေလောက (၃) တို့နှင့် ညောင်ပင်လေးဈေး၊ မင်္ဂလာဈေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ မင်း၊ စာအုပ်ချုပ်သူ၊ ရောင်းဝယ်သူများ၊ ငှားရမ်းသူများ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

# LIVING COLOR

LIVING COLOR. No.166, MAY. 2009.

www.foreverspace.com.mm


၁ အယ်ဒီတာ့အာဘော်

၆ ယခုလအကြိုက်ဆုံးဝန်ဆောင်မှု

၆(A) ယခုလသတင်းအညွှန်း

၆(B) မြန်မာ့စီးပွားရေးသတင်း

၈ မျက်နှာဖုံးဆောင်းပါး

နာဂစ်အလွန်ရောဝတီ

ကျော်ကျော်မင်း ၊ ကျော်ဆန်းမင်း ၊ အောင်စိုး

၂၂(D) စကားဝိုင်း

“မြန်မာတို့ရဲ့ Social Capital က အံ့မခန်းပါပဲ”

(နာဂစ်နှစ်ပတ်လည်စကားဝိုင်း)

ကျော်နိုင် ၊ ခွန်းသု

၃၈ မြန်မာ့စီးပွားရေးမြင်ကွင်း

နီးထမှာလား ရော

ကျော်ဇေယျာထွန်း

၄၂ လာမည့်ဘေးပြေးတွေ့ရန်

ကျော်ကျော်မင်း ၊ ဇာဏီထွဏ်း ၊ မြသဲခိုင်

၅၀ ရေ . . . ရေ . . . ရေ

ဇာဏီထွဏ်း

၅၆ ရန်ကုန် ကုန်စည်ဈေးကွက်

နိုင်မင်းဝေ ၊ ဇာလီကျော်

၆၆ တွေ့ဆုံခြင်း

“မတူတဲ့အုပ်စုတွေကြားထဲမှာ

တူညီတဲ့ Commond Ground တစ်ခုရသွားဖို့က

နံပါတ်တစ်လိုအပ်ချက်ဖြစ်မယ်”

(ဆရာကျော်ဝင်းနှင့် တွေ့ဆုံခြင်း)

ကျော်မင်းဆွေ

၇၆ မြန်မာ့စီးပွားရေးအမြင်

မြန်မာ့ဆန်နှင့် ကမ္ဘာ့ရိက္ခာ

ကျော်စွာ

၈၀ ပဲဈေးကွက်နှင့် ဈေးကစားမှုများထိန်းသိမ်းရေး


အောင်ထွဋ်

၈၄ ပုဂ္ဂလိကပြည်ပသစ်တင်ပို့မှုလုပ်ငန်း

ပန်းခင်းသောလမ်း မဟုတ်တော့ပြီ

သစ်ရိုင်း



www.foreverspace.com.mm

# CONTENTS

LIVING COLOR. No.166, MAY. 2009.


၉၂ ထင်ရှားကျော်ကြားမြန်မာ့စီးပွား

၉၄(A) ဘယ်ပစ္စည်းဘာ့ကြောင့်

၉၆ တွေ့ဆုံဆွေးနွေးမှုများ

၉၈ ဈေးဝယ်လမ်းညွှန်

၁၀၀ ကာတွန်း

ဒါရိုက်တာအောင်ကြူကြူ

စိုးသော်တာ

၁၂၀ ရက်စွဲမှတ်တမ်း

၁၂၃ တစ်ဦးတည်းကိုယ်စားလှယ်

၁၂၄ မြန်မာပြည်တွင်လုပ်သည်

၁၂၇ ကုန်ဈေးနှုန်း

၁၃၂ အတွေးအမြင်

နာဂစ်ဒုက္ခတွင်းမှ ကုသိုလ်ရေးများ

မောင်မောင်တင်

၁၃၆ နိုင်ငံရေးသမားနှင့် သမိုင်းကျောင်းတော်သား

ကိုကိုမောင်ကြီး

၁၃၈(B) နာဂစ်ကပေးတဲ့ စီမံခန့်ခွဲမှုသင်ခန်းစာ

ပါမောက္ခဒေါက်တာအောင်ထွန်းသက်

၁၄၀ အစားထိုးမရသောမေတ္တာအေးရိပ်

မြသန်းသန်းနု

၁၄၆ ယုံကြည်မှုလွန်ကဲခြင်း (သို့) အတ္တလွန်ကဲခြင်း

ဂျီအောင်ဘန်း

၁၅၀ စားသုံးသူကို ကိုယ်ချင်းစာပါ

ဦးဝင့်ကျော်

၁၅၄ သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၂၀)

ဦးလှဝင်း (လေသူရဲတစ်ဦး)






www.foreverspace.com.mm

# SERVICE OF THE MONTH

# ယခုလအကြိုက်ဆုံးဝန်ဆောင်မှု

ယခုလအကြိုက်ဆုံးဝန်ဆောင်မှုအဖြစ် မတ်လ ၂၅ ရက်နေ့တွင် ဖွင့်လှစ်သည့် ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး စီမံကိန်း၏ ရန်ကုန်–နေပြည်တော်လမ်းပိုင်းကို ရွေးချယ်လိုက်ပါသည်။ အဆိုပါလမ်းပိုင်းမှာ နိုင်ငံတကာတွင် တွေ့မြင်ရသည့် နိုင်လွန်ကတ္တရာအပြည့် သို့မဟုတ် ကွန်ကရစ်သားအပေါ်၌ နိုင်လွန်ကတ္တရာ ထပ်ပိုးခင်းထားသော အမြန်လမ်းမကြီးများ မဟုတ်လင့်ကစား ရန်ကုန် အမှတ် (၃) လမ်းဆုံမှ နေပြည်တော်စီလမ်းဆုံအထိ ၂၀၂ မိုင် တစ်ဖာလုံခရီးကို ခရီးသွားချိန် လေးနာရီဖြင့် အရောက်သွားနိုင်တော့မည်ဟုဆိုခြင်း၊ လမ်းမကြီးဖောက်လုပ်ထားသည့် အခြေခံသဘောသဘာဝများမှာ နိုင်ငံတကာအဆင့်မီလမ်းမကြီးများကဲ့သို့ ဖြစ်နေခြင်းတို့ကြောင့် ယခုကဲ့သို့ ရွေးချယ်ရခြင်းဖြစ်ပါသည်။ ယခုလောလောဆယ်တွင် အဆိုပါလမ်းပိုင်းမှာ Two way, Two Lane ပြီးစီးနေပြီဖြစ်သည်။



www.foreverspace.com.mm



## NEWSMAKER OF THE MONTH

# ယခုလသတင်းအညွှန်း

'ယခုလသတင်းအညွှန်း' ကဏ္ဍကို တစ်လအတွင်းဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့်သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကိုမူတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သောသတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြုမိစေလို၍ ဖော်ပြခြင်းဖြစ်ပါသည်။ **အကြောင်းအရာရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာ အဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏အာဘော်အတိုင်း ဖြစ်ပါသည်။**

**ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ခေတ္တရောက်ရှိနေသော အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှရေးရာ ညွှန်ကြားရေးမှူး မစ္စတာစတီဖင်ဘာလိတ်သည် နိုင်ငံခြားရေးဌာနဝန်ကြီး ဦးဉာဏ်ဝင်းအား ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၏ရုံးခန်း၌ လာရောက်တွေ့ဆုံပြီး မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။**

၂၀၀၉ ခုနှစ် မတ်လ ၂၅ ရက်နေ့ထုတ် နိုင်ငံပိုင်ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် ဖော်ပြထားသော 'နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းအား အမေရိကန်ပြည်ထောင်စု အရှေ့တောင်အာရှရေးရာ ညွှန်ကြားရေးမှူးတွေ့ဆုံ' သတင်းမှ ကောက်နုတ်ဖော်ပြထားခြင်းဖြစ်သည်။

www.foreverspace.com.mm

# မြန်မာ့စီးပွားရေးသတင်း

**B U S I N E S S N E W S**

အမှတ် ၁၆၆ ၂၀၀၉ ခုနှစ်၊ မေလ

## မာတိကာ


- ကလောမြို့ သိန်း ၃၀ ဝန်းကျင်မြေကွက်များ ရောင်းလိုအားများပြားဟုဆို
- ပဲလုပ်ငန်းရှင်ကြီးများ ဂိုဒေါင်အခမဲ့သုံးခွင့်ပေး၍ ပဲစုဆောင်း
- ဒီရေတောပျက်စီးမှုကြောင့် ရေငန်ပုစွန်သားပေါက်ရရှိမှု သိသာစွာလျော့
- ဆိုးဆေးပါအစားအစာရောင်းချသည့်ဈေး၏ ဈေးတာဝန်ခံကိုပါ အရေးယူမည်
- ကန်ထရိုက်လယ်ယာအကျိုးအမြတ် လယ်သမားများ ခွဲဝေပေးမည်ဟုဆို
- လေဘေးသင့်ဧရာဝတီတိုင်း ဒေသအချို့ မိုးကြိုတစ်ပိုင်တစ်နိုင်ကာကွယ်မှုများပြုလုပ်
- မြစ်ဝကျွန်းပေါ်မှ ဆန်ဝင်ရောက်မှု ဖေဖော်ဝါရီလ အိတ်သောင်းချီလျော့
- ရခိုင်ပြည်နယ်မြောက်ပိုင်း သုံးမြို့နယ်ဇီဝဓာတ်ပေါင်းဖို ၇၅ လုံး FAO အခမဲ့ဖြန့်ဝေ


## မြန်မာ-ဗီယက်နမ် စီးပွားရေးအရှိန်အဟုန် မြှင့်တင်မည်ဟုဆို

**ရန်ကုန်၊ မတ် ၂၇**

အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား နှစ်နိုင်ငံစီးပွားရေးဆက်ဆံမှုများကို အရှိန်အဟုန်မြှင့်တင်လုပ်ဆောင်တော့မည်ဖြစ်ကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ တာဝန်ရှိပုဂ္ဂိုလ်များ၏ ပြောကြားချက်အရ သိရသည်။

မြန်မာနိုင်ငံအနေနှင့် ၂၀၀၈ ခုနှစ်အတွင်းက တန်ဖိုးအမေရိကန်ဒေါ်လာသန်း ၉၀ ကျော်ရှိ ကုန်စည်တင်ပို့မှုများ ပြုလုပ်ခဲ့ပြီး ဗီယက်နမ်နိုင်ငံမှ ကုန်စည်ဒေါ်လာ ၂၈ သန်းဖိုး တင်သွင်းခဲ့ကြောင်း၊ နှစ်ဖက်ကုန်သွယ်ရေးတွင် မြန်မာနိုင်ငံက အသာစီးရသည့်သဘောဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံအနေနှင့် မကြာခင်ကာလအတွင်း အမေရိကန်ဒေါ်လာ ၅ သန်းကျော်ဖိုးရှိသည့် သစ်မာများ ဝယ်ယူတင်သွင်းဦးမည်ဖြစ်ကြောင်း အဆိုပါပုဂ္ဂိုလ်များကဆိုသည်။ UMFCCI မှ တာဝန်ရှိပုဂ္ဂိုလ်များမှာ ဧပြီလ ၄ ရက်နေ့တွင် ရန်ကုန်မြို့ရှိ UMFCCI ရုံး၌ ဗီယက်နမ်ကုန်သည်နှင့်လုပ်ငန်းရှင် ၄၀ ဦးခန့်နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်ရေးကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးကြမည် ဖြစ်သည်။

**ဗီယက်နမ်နိုင်ငံမှာ မြန်မာနိုင်ငံ၏ ၁၆ ခုမြောက် ပို့ကုန်အများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။ ဗီယက်နမ်နိုင်ငံအနေနှင့် မြန်မာနိုင်ငံမှ သစ်များ၊ စိုက်ပျိုးရေးထွက်ကုန်များ၊ ရေထွက်ပစ္စည်းများနှင့် လျှပ်စစ်အပိုပစ္စည်းများ အဓိကထားတင်သွင်းနေပြီး စတီးပစ္စည်းများ၊ ဆေးဝါးများ၊ လျှပ်စစ်ပစ္စည်းများ၊ အင်ဂျင်ဝိုင်၊ စက်မှုလုပ်ငန်းသုံးပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်း၊ ပလတ်စတစ်နှင့် အလှကုန်များကို မြန်မာနိုင်ငံသို့ ပြန်လည်တင်ပို့လျက်ရှိသည်။**

www.foreverspace.com.mm



# နှစ်စဉ်သစ်ထုတ်လုပ်မှု၏ ထက်ဝက်ခန့်မှာ ပုဂ္ဂလိကမှဟုဆို

**ရန်ကုန်၊ မတ် ၂၉**

မြန်မာနိုင်ငံ နှစ်စဉ်သစ်ထုတ်လုပ်မှု၏ထက်ဝက်ခန့်မှာ ပုဂ္ဂလိကကဏ္ဍမှ ထုတ်လုပ်ခြင်းဖြစ်ကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောကြားသည်။

ရန်ကုန်မြို့ ပြည်လမ်းရှိ International Business Center (IBC) ၌ မတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၏ (၁၅) ကြိမ်မြောက်နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးတွင် ၎င်းက အထက်ပါအတိုင်းပြောကြားခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ၏ နှစ်စဉ်သစ်ထုတ်လုပ်မှုမှာ ကျွန်းကုဗတန် နှစ်သိန်းကျော်နှင့် သစ်မာကုဗတန် ၁၄ သိန်းခန့်ရှိပြီး အဆိုပါသစ်ထုတ်လုပ်မှု၏ ထက်ဝက်ခန့်မှာ ပုဂ္ဂလိကမှ ထုတ်လုပ်မှုများဖြစ်သည်ဟု ၎င်းက ဆိုသည်။

မြန်မာနိုင်ငံသည် ဧရိယာစတုရန်းမိုင်ပေါင်း ၂ ဒသမ ၆ သိန်းကျော် ကျယ်ဝန်းသည့်အနက် မြေဧရိယာ၏ထက်ဝက်ကျော်မှာ အမြဲစိမ်းလန်းသော အပူပိုင်းသစ်တောများနှင့် ဖုံးလွှမ်းလျက်ရှိကြောင်း၊ အဆိုပါ အပူပိုင်းသစ်တောများအနက် စနစ်တကျထိန်းသိမ်းထားသည့် သစ်တောကြိုးဝိုင်းဧရိယာမှ စတုရန်းမိုင်ပေါင်း ငါးသောင်းကျော်ရှိကြောင်း၊ ထိုအထဲတွင် ကမ္ဘာ့ကျော် ကျွန်းသစ်စိုက်ပျိုးထားသော ဧရိယာ ဧကခြောက်သိန်းကျော်နှင့် ပျဉ်းကတိုး၊ ပိတောက် စသည့် သစ်မာသစ်တောဧရိယာဧကပေါင်းမှာ ရှစ်သိန်းကျော်ရှိကြောင်း မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

# ကလောမြို့ သိန်း ၃၀ ဝန်းကျင်မြေကွက်များ ရောင်းလိုအားများပြားဟုဆို

**ကလော၊ မတ် ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့ရှိ ကျပ်သိန်း ၃၀ ဝန်းကျင် မြေကွက်များသည် ဈေးနှုန်းအနိမ့်ဖြင့် ရောင်းလိုအား များပြားနေသော်လည်း ရင်းနှီးမြှုပ်နှံသူနည်းပါးနေသည်ဟု ကလောမြို့ဒေသခံများ၏အဆိုအရ စုံစမ်းသိရှိရသည်။

ယခုနှစ်အတွင်း အဆိုပါဒေသရှိ မြေကွက်များရောင်းလိုအားများပြားလာခြင်းသည် ဘိုးဘွားပိုင်မြေကွက်များကို ခွဲခြမ်းရောင်းချ၍ လုပ်ငန်းလုပ်ကိုင်သူများပြားလာသောကြောင့်ဖြစ်ကြောင်း၊ ယင်းဒေသရှိ ပေ ၆၀× ၈၀ အကျယ်အဝန်းရှိပြီး သီးပင်စားပင်များမပါဝင်သော မြေကွက်များကို ကျပ် ၂၅ သိန်းဖြင့်လည်းကောင်း၊ ပေ ၈၀× ၈၀ အိမ်နှင့် ခြံကို ကျပ်သိန်း ၃၀ ဖြင့်လည်းကောင်း ရောင်းလိုသော်လည်း ရင်းနှီးမြှုပ်နှံသူမရှိကြောင်း ကလောမြို့ပြည်ထောင်စုလမ်း ဘုန်းကြီးကျောင်းရုံးထိပ်တွင်နေထိုင်သော ဒေါ်ငယ်က ပြောကြားသည်။

အဆိုပါဒေသ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာချိန်က ဟိုတယ်နှင့် တည်းခိုခန်းများ လာရောက်ဖွင့်လှစ်တည်ဆောက်ခြင်းများကြောင့် ဝယ်လိုအား ကောင်းခဲ့ကြောင်း၊ ယခုအချိန်တွင်မူ ရန်ကုန်နှင့်မန္တလေးမြို့တို့မှ ရင်းနှီးမြှုပ်နှံသူများသည် ကလောဒေသတွင် ရင်းနှီးမြှုပ်နှံမှုနည်းပါးလာကြောင်း ကလောမြို့ ပြည်ထောင်စုလမ်းပေါ်ရှိ Winner ဟိုတယ်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ယင်းဒေသရှိ ခြံမြေအများစုသည် လွန်ခဲ့သည့်နှစ်ပေါင်း ၄၀ ခန့်က အိမ်နှင့်ခြံကို ကျပ် ၁၅၀၀ ဖြင့် ဝယ်ယူထားသော ဘိုးဘွားပိုင်ခြံများဖြစ်ကြောင်း၊ လက်ရှိကာလပေါက်ဈေးကျပ်သိန်း ၂၀၊ ၃၀ ရှိသော မြေကွက်များသာ ရောင်းလိုအားများနေခြင်းဖြစ်ကြောင်း ဒေါ်ငယ်က ပြောကြားသည်။

# မြို့မသီချင်းများ VCD နှင့် တိပ်အဖြစ် ဖြန့်ချိမည်

**ရန်ကုန်၊ မတ် ၂၁**

မန္တလေးမြို့နှစ် (၁၅၀) ပြည့်နှင့် ဂီတစာဆို မြို့မငြိမ်း နှစ် (၁၀၀) ပြည့်ကို ဂုဏ်ပြုသည့်အနေဖြင့် မြို့မတေးရေးဆရာများဖြစ်သည့် မြို့မငြိမ်း၊ ဦးဘသိန်း၊ ဦးရွှန်းမြိုင်တို့၏ ရှားပါးတေးသီချင်း ၁၂ ပုဒ်ကို VCD နှင့် တိပ်အဖြစ် ဖြန့်ချိမည်ဟု ရွှေနှစ်သစ်လွင်တေးဂီတထုတ်လုပ်ရေးထံမှ စုံစမ်းသိရှိရသည်။

ရှားပါးတေးသီချင်း ၁၂ ပုဒ်တွင် မြို့မငြိမ်း၏တေးသီချင်းခြောက်ပုဒ်၊ ဦးရွှန်းမြိုင်၏သီချင်းငါးပုဒ်နှင့် ဦးဘသိန်း၏သီချင်းတစ်ပုဒ်တို့ကို တေးသံရှင်ဇော်ဝမ်းနှင့် ရီရီသန့် အပါအဝင် တေးသံရှင်များမှ မြို့မသီချင်းများဟန်ဖြင့် တီးမှုတ်သီဆိုထားကြောင်း၊ ပြန်ဆိုတေးအဖြစ် မထုတ်လုပ်ရေးသည် သီချင်းဟောင်းများကို ခက်ခက်ခဲခဲ ရှာဖွေထုတ်လုပ်ထားခြင်းကြောင့်နှင့် ယင်းသီချင်းများကို ဆိုတီးကြ မြို့မမောင်တွေအမည်ဖြင့် ဖြန့်ချိမည်ဖြစ်ကြောင်း ယင်းထုတ်လုပ်ရေးထံမှ ထပ်မံသိရှိရသည်။

# ပဲလုပ်ငန်းရှင်ကြီးများ ဂိုဒေါင်အခမဲ့သုံးခွင့်ပေး၍ ပဲစုဆောင်း

**ရန်ကုန်၊ မတ် ၂၀**



ပြည်ပသို့ပဲတင်ပို့ရောင်းချသည့် လုပ်ငန်းရှင်ကြီးများသည် ၎င်းတို့ဝယ်ယူမည့်ကုန်သည်များ၏ ပဲများကို ၎င်းတို့ပိုင်ဂိုဒေါင်များတွင် အခမဲ့လာရောက်သိုလှောင်ထားခွင့်ပြုပြီး ကုန်သည်များ ကြိုက်ဈေးရမှရောင်းချစေခြင်းစနစ်ဖြင့် ပဲစုဆောင်းနေကြကြောင်း ရန်ကုန်မြို့တော် ဘုရင့်နောင်ပွဲရုံ ကုံကော်လမ်းအခြေစိုက် ပဲရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက မတ်လ ၁၉ ရက်နေ့တွင် ပြောကြားသည်။

ပဲသစ်များပေါ်လာချိန်တွင် ပြည်ပတင်ပို့မည့်ကုမ္ပဏီကြီးများ၏လက်ဝယ်တွင် ငွေမရှိဘဲ ဂိုဒေါင်များသာ အားလပ်လျက်ရှိပြီး ယင်းဂိုဒေါင်များတွင် ဆေးဖျန်းခပင်ပေးစရာမလိုဘဲ ကုန်သည်များ၏ပဲမျိုးစုံကို အခမဲ့လာရောက်သိုလှောင်ခွင့်ပြုထားကြောင်း၊ ကုန်သည်များ ပဲရောင်းသည့်အခါတွင်မှ အခြားလူကိုရောင်းခွင့်မရှိဘဲ ဂိုဒေါင်အခမဲ့အသုံးပြုခွင့်ပေးထားသည့် လုပ်ငန်းရှင်ထံတွင်သာ ကြိုက်သည့်အချိန် ကြိုက်သည့်ဈေးနှုန်းဖြင့် ရောင်းချခွင့်ပြုကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

စက်မှုဇုန်များတွင် ပေ ၆၀ × ပေ ၁၀၀ အကျယ်အဝန်းရှိ ဂိုဒေါင်တစ်လုံး၏ငှားရမ်းခသည် တစ်လလျှင် ကျပ်သိန်း ၂၀ ခန့်ရှိကြောင်း၊ သို့ဖြစ်၍ အခမဲ့ ပဲလာရောက်သိုလှောင်ခွင့်ပြုပြီး ပဲကုန်သည်များကို မက်လုံးပေးဆွဲဆောင်၍ ပဲ စုဆောင်းခြင်းဖြစ်ကြောင်း၊ ကုန်ပစ္စည်းများသိုလှောင်ရာ၌ စပါးသိုလှောင်လျှင် စပါးစည် (ကျီ) ၌ သိုလှောင်ခ စပါး ၁၀ တင်းလျှင် တစ်တင်းစီ ပေးရကြောင်း၊ ယခုသိုလှောင်ရာ၌ ငွေလုံးဝမပေးချေရကြောင်း၊ ယင်းသည် ကုမ္ပဏီကြီးများက ပဲကြိုတင်ဝယ်ရန် ငွေမရှိ၍ ပဲ ရရန် အခမဲ့ထားခွင့်ပြုပြီး ပဲစုဆောင်းခြင်းဖြစ်ကြောင်း ဟင်္သာတမြို့မှ ပဲလာရောက်သိုလှောင်ထားသူတစ်ဦးက ပြောကြား သည်။

ယင်းသို့ ပဲသိုလှောင်ခြင်းကို ရွှေပြည်သာ၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ လှိုင်သာယာမြို့နယ်တို့ရှိ စက်မှုဇုန်များ၌ ပိဿာ ၆၀ ဝင် ပဲအိတ်တစ်သိန်းဆံ့နှင့် နှစ်သိန်းဆံ့ဂိုဒေါင်ကြီးများတွင် အခမဲ့သိုလှောင်ခွင့်ပြု၍ လုပ်ငန်းများ လုပ်ကိုင်နေကြခြင်းဖြစ်သည်ဟု ၎င်းထံမှ သိရသည်။

# ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြည်တွင်း NGO များ ထောက်ပံ့ရန်စီစဉ်

**သတင်းဆောင်းပါး–ဇာဏီထွဏ်း၊ ၁၇–၃–၂၀၀၉**

**ဧရာဝတီတိုင်း ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ ပြင်ခရိုင်ကျေးရွာအုပ်စုနှင့် ဒီဒူးကျွန်းကျေးရွာအုပ်စုတို့တွင် ပြည်တွင်း NGO အဖွဲ့များဖြစ်သည့် ရတနာ့မေတ္တာ၊ ကရုဏာလူမှုကူညီရေးအသင်း (ပုသိမ်) နှင့် International HIV/AIDS Alliance မှ Livelihood တို့က အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထောက်ပံ့ရန်စီစဉ်လျက်ရှိကြောင်း အဆိုပါအဖွဲ့များထံမှ သိရသည်။**

နာဂစ်မုန်တိုင်းတိုက်ခတ်ခံခဲ့ရသော အဆိုပါမြို့နယ်ရှိ ဒီဒူးကုန်းကျေးရွာအုပ်စုကို International HIV/AIDS Alliance နှင့် ကရုဏာလူမှုကူညီရေးအသင်းတို့ပူးပေါင်း၍ စားနပ်ရိက္ခာများပေးဝေခြင်း၊ နေအိမ်တည်ဆောက်ပေးခြင်း စသည်တို့ ပြုလုပ်ပေးခဲ့ပြီး ယခုအခါ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထောက်ပံ့ရန် စီစဉ်လျက်ရှိကြောင်း၊ မွေးမြူရေးအတွက် မတ်

www.foreverspace.com.mm

လ‌ဆန်းအတွင်း ဝက်အကောင်ရေ ၁၆၂ ကောင်ကို တစ်အိမ်ထောင်လျှင် နှစ်ကောင်နှုန်းဖြင့် အိမ်ထောင်စု ၈၀ အား ပေးဝေခဲ့ကာ နောက်ထပ် ဝက်အကောင်ရေ ၄၀ ကို ကျန်ရှိသည့်အိမ်ထောင်စုများအား မတ်လအတွင်း ပေးရန်စီစဉ်လျက်ရှိကြောင်း ကရဏာလူမှုကူညီရေးအသင်းမှ အတွင်းရေးမှူး ဦးဇော်ဝင်းက ပြောကြားသည်။

ဒီဒူးကုန်းကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း ၁၃ ရွာရှိရာ ကရဏာ လူမှုကူညီရေးအသင်းနှင့် Alliance တို့ပူးပေါင်းကာ နေအိမ်တည်ဆောက်ပေးထားသော အိမ်ထောင်စု ၇၅၄ စုအနက်မှ ငါးဖမ်းပိုက် ရရှိပြီးသူနှင့် အခြားအဖွဲ့အစည်းများထံမှ အသက်မွေးလုပ်ငန်းလုပ်ကိုင်ရန် အထောက်အပံ့ရရှိထားသူများမှအပ မည်သည့်အဖွဲ့အစည်းထံကမှ ထောက်ပံ့မှုမရရှိသော အိမ်ထောင်စုများကို ပေးဝေခြင်းဖြစ်ကြောင်း အဆိုပါစီမံကိန်းမန်နေဂျာဖြစ်သူ ဦးဇော်ဝင်းက ပြောကြားသည်။

"လေးလသားအရွယ် ဝက်ပေါက်တွေကို မွေးဖို့ပေးတယ်။ သူတို့အတွက် မွေးမြူရေးစိတ်ကလေးဖြစ်ပေါ်ပြီး စိတ်ပါလာအောင် ပေးတာ။ ဒီအရွယ်က မွေးလို့ကောင်းပြီ။ အကောင်ကြီးတွေပေးရင် မမွေးဘဲ ပေါ်ရောင်းမှာစိုးလို့။ ဝက်တစ်ကောင်ကို နှစ်သောင်းခုနစ်ထောင်နဲ့ ဝယ်ရပြီး ဝက်တွေရဲ့နားရွက်မှာ အမှတ်စဉ်တွေ တပ်ပြီး ချိတ်ထားတယ်။ ဝက်မွေးရမယ့် ရွာ သားတွေက ကိုယ်မွေးရမယ့်ဝက်ကို မဲဖောက်ပြီး ယူရတယ်။ ဒီလိုလုပ်တာကလည်း ကိုယ့်အသိဆိုပြီး အကောင်ကြီးတဲ ဝက်တွေကို ဖယ်ထားတာမျိုး၊ ရွေးပေးတာမျိုးမဖြစ်တော့ဘူး" ဟု ၎င်း၏အစီအစဉ်များကို ပြောကြားသည်။

ပြင်ခရိုင်ကျေးရွာအုပ်စုရှိ ကျေးရွာ ၁၈ ရွာမှ အိမ်ခြေ ၁၀၀ ကို ရေလုပ်ငန်းအတွက် လှေနှင့် မျှောပိုက် (ငါးသလောက်ပိုက်) စုစုပေါင်း ၁၀၀ တို့ကိုလည်းကောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက် ဝက်နှစ်ကောင်၊ ဘဲစုစုပေါင်း အကောင် ၂၀ စီကိုလည်းကောင်း ထောက်ပံ့ရန် စီစဉ်လျက်ရှိကြောင်း၊ အဆိုပါဝက်နှင့် ဘဲတို့ကို မတ်လအတွင်း ပေးနိုင်မည်ဖြစ်သော်လည်း လှေနှင့်ပိုက်အတွက် စီစဉ်နေဆဲသာဖြစ်ကြောင်း ရတနာ့မေတ္တာအဖွဲ့မှ Project Manager ဦးရဲလင်းထွန်းက ပြောကြားသည်။

အဆိုပါဝက်နှင့်ဘဲများကို လိုအပ်သူ



# တမ္ပဝတီပန်းပုလုပ်ငန်းဈေးကုန်ကြမ်း အခက်အခဲကြုံ

**မန္တလေး၊ မတ် ၂၄**

ကုန်းဘောင်ခေတ်မှစ၍ ရိုးရာအစဉ်အလာအတိုင်း ပန်းပုလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသည့် မန္တလေးမြို့တော် တမ္ပဝတီရပ်မှ ပန်းပုလုပ်ငန်းများသည် ကျွန်းသစ်တစ်တန်လျှင် ကျပ် ၁၅ သိန်းအထိ ဈေးမြင့်နေမှုကြောင့် သစ်ကုန်ကြမ်းအခက်အခဲနှင့် ကြုံတွေ့နေရကြောင်း မတ်လ ၁၇ ရက်နေ့တွင် မြန်မာမှုပညာရှင် တမ္ပဝတီဦးဝင်းမောင်က ပြောကြားသည်။

တမ္ပဝတီတွင် ယခုအခါ၌ ကျွန်းကို တရားဝင်ဝယ်ယူခွင့်မရခြင်း၊ ကျွန်သား တစ်တန်လျှင် လွန်ခဲ့သည့်နှစ်က ကျပ် ခုနစ်သိန်းမှ ယခုအခါ ကျပ် ၁၅ သိန်းအထိ ပေါက်ဈေးရှိနေခြင်းတို့ကြောင့် ပန်းပုလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုနေသူများသည် တမ္ပဝတီရပ်တွင် အလုပ်မဖြစ်တော့ကြောင်း၊ ယင်းကြောင့် ရန်ကုန်၊ ပဲခူး၊ ပုဂံ အစရှိသည့် နိုင်ငံခြားသားခရီးသွားဧည့်သည်များ လာရောက်လည်ပတ်သည့်ဒေသများသို့ ပြောင်းရွှေ့လုပ်ကိုင်နေရကြောင်း၊ အချို့သည် အရည်အသွေးထက် အရေအတွက်ကို အဓိကထား၍ ထုလုပ်သဖြင့် လက်ရာမကောင်းကြောင်း၊ ပြည်တွင်းမှထုသည့်ပန်းပုကို ပြန်လည်ပြုပြင်ပြီး ထိုင်းနိုင်ငံ၏ပန်းပုလက်ရာဟုပြောကာ နိုင်ငံတကာဈေးကွက်တွင် ရောင်းချခံနေရသည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ပန်းပုလက်မှုလုပ်ငန်း နိုင်ငံခြားဈေးကွက်ရေရှည်ထိုးဖောက်နိုင်ရန် ပန်းပုလုပ်ငန်းရှင်အသင်းကဲ့သို့ အဖွဲ့မျိုးဖွဲ့စည်းထားရှိသင့်ပြီး ယင်းအသင်းအဖွဲ့မှနေ၍ အစိုးရထံ သစ်ဝယ်ယူခွင့်လျှောက်ထားလျှင် လုပ်ငန်းများမှာ ယခင်ကကဲ့သို့ ပြန်လည်အသက်ဝင်လာပြီး နိုင်ငံခြားဧည့်သည်များ ကြည့်ရှုလေ့လာဖွယ်ရပ်ကွက်တစ်ခုအနေဖြင့် ပြည်ပဈေးကွက်ကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း ဒေသခံပန်းပုလုပ်ငန်းရှင်များက ဆိုသည်။

www.foreverspace.com.mm



များကိုသာ ထောက်ပံ့ပေးမည်ဖြစ်ရာ အမှန်တကယ်လိုအပ်သူနှင့် မလိုအပ်သူများကို စိစစ်ရွေးချယ်နိုင်ရန် ဒေသခံရွာသားများပါဝင်သည့် ကော်မတီတစ်ခုဖွဲ့စည်းစေပြီး ယင်းကော်မတီအဖွဲ့ဝင်များမှတစ်ဆင့် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

"ဒီနေရာမှာလည်း ရွာသားအချင်းချင်းဆိုတော့ အချင်းချင်း လွှမ်းမိုးခံရတာမျိုးရှိနိုင်တယ်။ မျက်နှာနာစရာရှိတဲ့သူ၊ ကျေးဇူးရှိတဲ့သူဆိုပြီး တင်လာတာမျိုးရှိတယ်။ ဒီတော့ သူတို့တင်လာတဲ့စာရင်းကို အခြေခံပြီး တကယ်ဟုတ် မဟုတ်ကို ဝန်ထမ်းတွေက စာရင်းအတိုင်းသွားစစ်တယ်။ မကိုက်ညီတာပါရင် ပယ်ချတယ်"ဟု ၎င်းကပြောကြားသည်။

ထိုကဲ့သို့ အသက်မွေးထောက်ပံ့ရေးများ မပေးဝေစဉ်ကတည်းကပင် ဒေသခံများနှင့် သဘောတူညီမှုကို ကြိုတင်ရယူထားရကြောင်း၊ ထောက်ပံ့မှုရရှိသူအား အခြားသူတစ်ဦးဦးက ကန့်ကွက်မှုမရှိသူ၊ အများ၏သဘောတူညီမှုရရှိသူဖြစ်ရန်လိုအပ်ကြောင်းကို

"တခြားသူတွေက သူ့ကိုတော့ပေးလိုက်ပါ။ ကျွန်တော်တို့ မရရင်နေပါစေ။ သူတကယ်မပြေလည်ဘူးလို့ ပြောလာတဲ့သူ၊ အများထောက်ခံတဲ့သူကို ရွေးပြီးပေးတယ်"ဟု ကရုဏာလူမှုကူညီရေးအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မိမိတို့စီမံကိန်းလုပ်ငန်းများအနေဖြင့် ဒေသခံလူထု၏ပူးပေါင်းပါဝင်မှု လိုအပ်ကြောင်း၊ ၎င်းတို့ အမှန်တကယ်လိုအပ်သည့်အရာများကို မသိရသောကြောင့် မိမိတို့ထောက်ပံ့ပေးသောအရာများသည် ၎င်းတို့အတွက် ထိရောက်မှုရှိချင်မှရှိမည်ဖြစ်ကြောင်း၊ ဒေသခံလူထုအနေဖြင့် ပူးပေါင်းပါဝင်ရန် ယင်းကဲ့သို့ ကော်မတီများ ဖွဲ့စည်းပေးခြင်းဖြစ်ကြောင်း ဦးရဲလင်းထွန်းက ဆိုသည်။

**မီး သ တိ ပြု ပါ**

## ဒီရေတောပျက်စီးမှုကြောင့် ရေငန်ပုစွန်သားပေါက်ရရှိမှု သိသာစွာလျော့

**ပြင်စလူ၊ မတ် ၂၈**

နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်း ဒီရေတောများပျက်စီးမှုကြောင့် ရေငန်ကျားပုစွန်သားပေါက်ဖမ်းဆီးရရှိမှု သိသိသာသာလျော့နည်းလာကြောင်း လပွတ္တာခရိုင် ပြင်စလူမြို့နယ်ခွဲအတွင်းမှ ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များက ပြောကြားသည်။

နှစ်စဉ် တပို့တွဲ၊ တပေါင်း၊ တန်ခူးလများသည် ပုစွန်သားပေါက်စုဆောင်းချိန်ဖြစ်ကြောင်း၊ ယခင်နှစ်များက တစ်ဦးလျှင် ပုစွန်သားပေါက်အကောင်ရေ ၂၀၀၀ မှ ၈၀၀၀ ခန့် စုဆောင်းရရှိသော်လည်း ယခုနှစ်တွင် ရေထရက် ခြောက်ရက်၊ ခုနစ်ရက်ခန့်စုဆောင်းရာတွင် အနိမ့်ဆုံး အကောင်ရေ ၁၀၀၊ အများဆုံး ကောင်ရေ လေးငါးရာခန့်သာ ဖမ်းဆီးရမိသည်ဟု ပြင်စလူမြို့နယ်ခွဲ လေယာဉ်ကွင်းကျေးရွာမှ ပုစွန်သားပေါက်ဖမ်းဆီးသူတစ်ဦးက ပြောကြားသည်။

ပုစွန်အမများသည် ဒီရေတောများကိုမှီခို၍ သားဖောက်သည့်သဘာဝရှိကြောင်း နာဂစ်ကြောင့် ဒီရေတောများပျက်စီးခဲ့ကြောင်း၊ ဒီရေတောကိုမှီခိုနေထိုင်နေရသည့် ငါး၊ ပုစွန်များ ရှားပါးသွားကြောင်း ဒီရေတောပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

သဘာဝဖမ်းဆီးရမိသည့် ပုစွန်သားပေါက်တစ်ကောင် တစ်ကျပ်ခွဲခန့်ရှိကြောင်း၊ ခေတ်မီနည်းပညာဖြင့် သားဖောက်ထားသည့် ပုစွန်သားပေါက်ထက် သဘာဝအတိုင်းပေါက်သည့် ပုစွန်သားပေါက်များသည် အကြမ်းပိုခံကြောင်း၊ ယခုနှစ်ရာသီဥတုအနေအထားကြောင့် ဆားသိပ်မရလျှင်လည်း ပုစွန်မွေးရန် ပြင်ဆင်ထားကြောင်း၊ ပုစွန်တစ်ပိဿာလျှင် ယခင် တစ်သောင်းကျပ်ဝန်းကျင်ရှိသော်လည်း ယခု ၆,၀၀၀၊ ၇,၀၀၀ ကျပ်ခန့်ရှိကြောင်း ဆားလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

www.foreverspace.com.mm



# လေဘေးသင့်ဧရာဝတီတိုင်း ဒေသအချို့ မိုးကြိုတစ်ပိုင်တစ်နိုင်ကာကွယ်မှုများပြုလုပ်

**ရန်ကုန်၊ မတ် ၂၉**

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ် ပြင်းထန်စွာခံစားခဲ့ရသော ဧရာဝတီတိုင်းရှိ ဒေသများ၌ မကြာခင်ကျရောက်တော့မည့် မိုးကာလတွင် မုန်တိုင်းကျရောက်ပါက ဆိုးကျိုးများ နည်းနိုင်သမျှနည်းစေရေးအတွက် ရပ်မိရပ်ဖများဦးဆောင်၍ တစ်ပိုင်တစ်နိုင် ကြိုတင်ကာကွယ်မှုများပြုလုပ်ကြရန် စီစဉ်နေကြောင်းတွေ့ရသည်။

"ပြီးခဲ့သည့်နှစ်က မုန်တိုင်းဒဏ်ခံထားရတဲ့ သစ်ပင်အချို့က နာနေပြီ။ လေပြင်းပြင်းတိုက်ရင်လဲကျနိုင်တယ်။ အဲဒီလို အပင်တွေကိုရွေးပြီး မိုးမကျခင် ခုတ်လှဲတာမျိုးလုပ်ရမယ်။ တချို့သစ်ပင်တွေကိုတော့ အကိုင်းအခက်တွေရှင်းထုတ်ပြီး ခေါင်းတုံးတုံးထားရမယ်" ဟု အေးရွာအုပ်စုကျေးရွာမှ ကျောင်းအကျိုးဆောင်အဖွဲ့ဝင်ဦးထွန်းက ရှင်းပြ သည်။

ဧရာဝတီတိုင်းအတွင်း အများဆုံးဖြစ်ထွန်းရှင်သန်နေသည့် အုန်းပင်များမှာ လေဒဏ်ကြောင့် အပင်များနာနေသည့်အတွက် အုန်းသီး အုန်းလက်မကြာခဏ ကြွေကျခြင်း၊ မကြာသေးခင်ကမိုးရွာခဲ့သည့်အတွက် အပူရှိန်မြင့်ချိန်တွင် စိုထိုင်းစများသဖြင့် ပိုးမွှားများပေါက်ဖွားပြီး ပိုးတွယ်၍ အုန်းသီး အုန်းလက်နှင့် အုန်းခေါင်း (အုန်းပင်ထိပ်ပိုင်း) များ ပြုတ်ကျ၊ ပြတ်ကျခြင်းတို့ဖြစ်နေသဖြင့် လေပြင်းကျပါက ဒေသခံများအတွက် အန္တရာယ်ရှိသဖြင့် ကြိုတင်စစ်ဆေး၍ ခုတ်လှဲရန်စီစဉ်ခြင်းဖြစ်ကြောင်း ဘိုကလေးမြို့နယ် မလော့ကျေးရွာအုပ်စုမှ ရာအိမ်မှူးတစ်ဦးက ဆိုသည်။

ယင်းကဲ့သို့ သစ်ပင်သစ်ကိုင်းများ ကြိုတင်ခုတ်လှဲခြင်းအပြင် ဖျာပုံမြို့ပေါ်ရှိ မြို့နေလူထုများကလည်း လေပြင်းတိုက်လာပါက ခံနိုင်ရည်ရှိစေရေး၊ အိမ်မိုးသွပ်များကို သွပ်သံပြန်ရိုက်ခြင်း၊ ထုတ်တန်းများ၊ ဆင့်များပြန်လည်ပြုပြင်ခြင်းတို့ လုပ်ကိုင်နေကြောင်း ဖျာပုံမြို့နယ် (၅) ရပ်ကွက် ဒုတိယလမ်းတွင်နေထိုင်သူတစ်ဦးကပြောသည်။

မိုးတွင်းကာလ လေပြင်းဒဏ်ခံနိုင်ရေး လေဘေးသင့်ဒေသအချို့နှင့် မြို့ပေါ်တွင်နေထိုင်သူများက ဆောင်ရွက်နေကြသော်လည်း အချို့လေဘေးသင့်ကျေးရွာများတွင် အရေးပေါ်ဆောက်လုပ်ထားသည့် ယာယီတဲများဖြင့်သာ နေထိုင်နိုင်ကြသေးကြောင်း၊ ယင်းကဲ့သို့သော ကျေးရွာများအတွက် အထောက်အပံ့များလိုအပ်နေသေးကြောင်း ဘိုကလေးမြို့ပေါ်ရှိ တစ်ပိုင်တစ်နိုင်ကျောင်းဆောက်ပေးမှုများ လုပ်နေသည့် ပြည်တွင်းလူမှုရေးအဖွဲ့အစည်းတစ်ခုမှ အဖွဲ့ဝင်တစ်ဦးက ရှင်းပြသည်။

ယခုထောက်ပံ့ပေးမှုပုံစံမှာ လူအသေအပျောက်များသည့် လေဘေးဒဏ်အဆိုးရွားဆုံးခံရသည့်ဒေသများကို ဦးတည်ခြင်းဖြစ်ရာ ရွာလုံးကျွတ်ပျက်စီးသော်လည်း လူအသေအပျောက်မရှိသောဒေသများမှာ အထောက်အပံ့ရရှိမှု နည်းကြသဖြင့် ၎င်းတို့အနေဖြင့် ကိုယ်ထူကိုယ်ထ ပြန်လည်ထူထောင်ရေးမလုပ်ကိုင်နိုင်ကြကြောင်း၊ ရွာလုံးကျွတ်ပျက်စီးသော်လည်း လူအသေအပျောက်မရှိသည့် ကျေးရွာများမှာ ယခုအချိန်အထိ စား၊ ဝတ်၊ နေရေးခက်ခဲနေကြဆဲဖြစ်ကြောင်း ၎င်းက ဆိုသည်။

# ရေအခက်အခဲရှိ လေဘေးသင့်ဒေသများ လာမည့်နှစ်တွင် ရေလုံလောက်စွာ သိုလှောင်နိုင်မည်ဟုဆို

**သတင်းဆောင်းပါး–ကျော်ဆန်းမင်း၊ အောင်စိုး၊ ၃၁–၃–၂၀၀၉**

**မြစ်ချောင်းများပေါများ၍ ရေငန်ဝင်ရောက်လေ့ရှိသော မြစ်ဝကျွန်းပေါ်ပင်လယ်ပိုင်းဒေသများတွင် နှစ်စဉ်ရေအခက်အခဲတွေ့ကြုံနေရရာ ယင်းဒေသများတွင် လာမည့်ပွင့်လင်းရာသီမှစ၍ လုံလောက်စွာ ရေသိုလှောင်နိုင်တော့မည်ဟု နာဂစ်မုန် တိုင်းဒဏ်ခံခဲ့ရသည့် အဆိုပါဒေသများတွင် သောက်သုံးရေဖြန့်ဝေရေးနှင့် ရေအရင်းအမြစ်များ ထုတ်ယူသုံးစွဲရေးကို ဆောင် ရွက်နေသည့် INGO နှင့် NGO များက ပြောကြားသည်။**

ယခုနှစ်ပွင့်လင်းရာသီ၌ ရေရှားပါးသောဒေသများအတွက် သောက်သုံးရေဖြန့်ဝေပေးခြင်းကို မိုးမကျမီကာလအထိ ဦးစားပေးဖြန့်ဝေပေးသွားမည်ဖြစ်ပြီး မေလနှောင်းပိုင်းမှစ၍ ရေတွင်း၊ ရေကန် စသော ရေအရင်းအမြစ်များ ပိုကောင်းမွန်လာအောင် ပြုပြင်တည်ဆောက်ခြင်းနှင့် အဝီစိတွင်းများ တူးဖော်ခြင်းကိုသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂ

www.foreverspace.com.mm



ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ဘိုကလေးမြို့နယ်ရုံး တာဝန်ခံအရာရှိ (ကျန်းမာရေး) က ပြောကြားသည်။

“မိုးမကျခင်အထိတော့ လူတစ်ဦး တစ်ရက်သုံးလီတာနှုန်း ပေးသွားမှာပါ” ဟု ၎င်းကဆိုသည်။

ရေရှားပါးသောဒေသများသည် နာဂစ် မုန်တိုင်းမတိုက်ခင်အချိန်များကပင် နွေရာသီရောက်တိုင်း သောက်သုံးရေမလုံလောက်မှုတွေ့ကြုံနေရသည့်အပြင် မုန်တိုင်းဒီရေဖုံး လွှမ်းခဲ့ခြင်းကြောင့် မြေသားကန်များ ရေငန်ဝင်၍ ပြန်လည်ပြုပြင်ခဲ့ရခြင်းကြောင့် ရေအခက်အခဲမှာ ပိုမိုကြီးမားလာခဲ့ကြောင်း ဖျာပုံမြစ်အောက်ပိုင်းတစ်လျှောက်တွင်နေထိုင်သော ဖျာပုံနှင့် ဒေးဒရဲ ဒေသခံများက ပြောကြားသည်။

ပွင့်လင်းရာသီကာလအတွက် ရေလုံလောက်စွာ သိုလှောင်သွားနိုင်ရန် မြေသားကန်အသစ်များ တူးဖော်ပေးခြင်း၊ ကန်ဘောင်များပြုပြင်ခြင်း၊ မိုးရေသိုလှောင်ရန်အတွက် ယာယီရေသိုလှောင်ကန်များ ဆောက်လုပ်ပေးခြင်းနှင့် အဝီစိတွင်းပေါင်း တစ်ရာကျော်ကို တူးဖော်ပေးခြင်းကို ယခုနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဟု ဘိုကလေးမြို့နယ်တွင် အခြေစိုက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသော မွန်မြတ်ကရုဏာများအဖွဲ့မှ ဦးတင်မောင်ထွေးက ပြောကြားသည်။

“ဘိုကလေး၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းမှာ ရာဝင်အိုးအလုံး ငါးသောင်းကို မိုးမကျမီ အပြီးပေးသွားပါမယ်” ဟု ၎င်းက ဆိုသည်။

နာဂစ်မုန်တိုင်းကြောင့် လူအသေအပျောက်အပျက်အစီးများ၍ လူသိများခဲ့သော ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာတွင် သောက်သုံးရေဖြန့်ဝေပေးခြင်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အတူ NGO အဖွဲ့အစည်းသုံးခုက အပိုင်းအလိုက်နယ်မြေခွဲယူ၍ ဖြန့်ဝေပေးနေကြောင်း ကြိမ်ချောင်းကြီးကျေးရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ရယက) ဥက္ကဋ္ဌ ဦးထွန်းအောင်ခိုင်က ပြောကြားသည်။

“ရေအခက်အခဲက နှစ်တိုင်းဖြစ်နေကျပါ။ ဒီနှစ်နွေကျတော့ ရေဝေပေးတဲ့အပြင် မိုးရေလှောင်ဖို့ဆိုပြီး တစ်အိမ်ကို ရာဝင်အိုးလေးလုံးပေးတယ်” ဟု ကြိမ်ချောင်းကြီး ရယကဥက္ကဋ္ဌက အတည်ပြုပြောကြားသည်။

# မောင်တောနယ်စပ် အရောင်းဆိုင်ခန်းများ ဈေးကောင်းရ

**မောင်တော၊ မတ် ၅**

နယ်စပ်မြို့တစ်မြို့ဖြစ်သည့် မောင်တောမြို့ပေါ်ရှိ အရောင်းဆိုင်ခန်းများမှာ ကိုယ်ပိုင်ဆိုင်ခန်းများထက် အငှားဆိုင်ခန်းများ ငှားရမ်းရောင်းချသူဦးရေ များပြားလာသည့်အတွက် ဆိုင်ခန်းငှားရမ်းခများ ဈေးကောင်းလာကြောင်း စားသောက်ကုန်အရောင်းဆိုင်ဖွင့်လှစ်ထားသူတစ်ဦးက Living Color သို့ပြောကြားသည်။

မောင်တောအရောင်းဆိုင်ခန်းငှားရမ်းမှုစနစ်မှာ ဆိုင်လခတစ်နှစ်စာကြိုတင်ပေးသွင်း၍ ငှားရမ်းရမှုများပြားပြီး လတွက်ပေးရမှုနည်းကြောင်း ၎င်းက ဆိုသည်။ ယခုအခါ မောင်တောနယ်စပ်အရောင်းဆိုင်များတွင် အခြေခံစားသောက်ကုန်များမှာ ယခင်ကထက် အဝယ်နည်းနေကြောင်း ဒေသခံများထံမှ သိရသည်။

“လွန်ခဲ့တဲ့နှစ်ကဆိုရင် ဆိုင်ခန်းတစ်ခန်းငှားခက တစ်နှစ်အတွက် ၄၂၀,၀၀၀ ကျပ်ပေးရပါတယ်။ တစ်လကို သုံးသောင်းငါးထောင်နှုန်း ရှိတယ်။ အရောင်းအဝယ်ကောင်းနေတဲ့အချိန်မို့ ပေးနိုင်တယ်။ အခု ဒီနှစ်မှာ တစ်ရက်နေလို့ ငွေတစ်သောင်းဖိုးတောင် မရောင်းရဘူး။ ဒီအထဲ ဆိုင်ခန်းခလည်း တစ်နှစ်အတွက် ၆၄၀,၀၀၀ ကျပ် ဖြစ်သွားတယ်။ အရောင်းအဝယ်နဲ့ ဆိုင်ခန်းငှားရမ်းခနဲ့က လုံးဝမကိုက်ဘူးဖြစ်နေပါတယ်” ဟု စာရေးကိရိယာအရောင်းဆိုင်ဖွင့်လှစ်ထားသူတစ်ဦးက ပြောပြသည်။

မောင်တောနယ်စပ်ဒေသတွင် အရောင်းဆိုင်များ တိုးချဲ့ဖွင့်လှစ်လာသဖြင့် ဆိုင်ခန်းများ ဈေးကောင်းခြင်းဖြစ်ပြီး စီးပွားရေးအချက်အချာကျသည့်နေရာရှိ ဆိုင်ခန်းတစ်ခန်းငှားရမ်းခမှာ တစ်လလျှင် ကျပ်ခြောက်သောင်းမှ အနိမ့်ဆုံးနှစ်သောင်းကျပ်ဈေးရှိကြောင်း အရောင်းဆိုင်ဖွင့်လှစ်ထားသူများထံမှ စုံစမ်းသိရှိရသည်။

**အောင်စေသော်**

www.foreverspace.com.mm



ကုလသမဂ္ဂအဖွဲ့ အစည်းများနှင့် INGO ၊ NGO အဖွဲ့အများအပြားအခြေစိုက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော ဘိုကလေး၊ လပွတ္တာနှင့် မော်လမြိုင်ကျွန်းမြို့နယ်များ သောက်သုံးရေမလုံလောက်မှုမှာ နည်းပါးလာပြီဖြစ်သော်လည်း ဖျာပုံနှင့် ဒေးဒရဲမြို့နယ်များရှိ ရေရှားပါးသောဒေသများ၏ ပွင့်လင်းရာသီ ရေမလုံလောက်မှုမှာ နာဂစ်အလွန်ကာလတွင် ပိုမိုကြီးမားလာခဲ့ကြောင်း အဆိုပါဒေသတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် စေတနာ့ဝန်ထမ်းများနှင့် ဒေသခံများထံမှသိရသည်။

ဖျာပုံမြို့၏ ကမ်းဝေးငါးဖမ်းလုပ်ငန်းရေယာဉ်များ အခြေစိုက်ရာ မြစ်တန်းကျေးရွာတွင် သန့်စင်ကောင်းမွန်သောသောက်သုံးရေမရရှိခြင်းကြောင့် ကလေးငယ်အချို့ ဝမ်းပျက်၊ ဝမ်းလျှောဖြစ်ခဲ့သဖြင့် ရေသန့် ဆေးများ ဖြန့်ဝေခြင်းနှင့် ကျန်းမာရေး အသိပညာပေးဟောပြောခြင်းတို့ ဆောင်ရွက်နေရကြောင်း ခမင်းဆိပ်ကျေးရွာမှ ကျေးလက်ကျန်းမာရေးဝန်ထမ်းတစ်ဦးက ဆိုသည်။

"အလုပ်သမားတန်းလျားမှာ နေကြတာဆိုတော့ လူနေကျပ်တဲ့အတွက် ဝမ်းရောဂါကူးစက်တာ" ဟု ၎င်းက ပြောကြားသည်။

# ဆိုးဆေးပါအစားအစာရောင်းချသည့်ဈေး၏ ဈေးတာဝန်ခံကိုပါ အရေးယူမည်

**ရန်ကုန်၊ မတ် ၁၉**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း၌ရှိသောဈေးများအတွင်း ဆိုးဆေးပါအစားအစာရောင်းချမှုများကိုစစ်ဆေးရာတွင် ထိရောက်စွာစစ်ဆေးဆောင်ရွက်မှုမပြုသည့် ဈေးတာဝန်ခံများကိုပါ နောက်ပိုင်းတွင် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ပြောကြားသည်။

မတ်လ ၁၈ ရက်နေ့တွင် ၎င်း၏ရုံးခန်း၌ ပြည်တွင်းဂျာနယ်သတင်းထောက်များနှင့်တွေ့ဆုံစဉ် ၎င်းက အထက်ပါအတိုင်းပြောကြားခြင်း ဖြစ်သည်။

ဆိုးဆေးပါအစားအစာရောင်းချမှုကို ဈေးများတွင် အဓိကတွေ့ရကြောင်း၊ မြို့တော်စည်ပင်တာဝန်ရှိသူများကိုယ်တိုင်စစ်ဆေးသည့်အပြင် ဈေးများ၏တာဝန်ရှိသူများအနေဖြင့် နေ့စဉ် စစ်ဆေးနေရန်လိုအပ်ကြောင်း၊ စစ်ဆေးမှုအားနည်းသည့်ဈေးတာဝန်ခံများကို ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း၊ ဈေးတိုင်း၌ စစ်ဆေးရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း ၎င်းကဆိုသည်။

မတ်လ ၁၂ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများ၌ စားသုံးရန်မသင့်သည့် ဆိုးဆေးပါလက်ဖက် ၄၃ မျိုးကို ထုတ်ပြန်ပြီးသည့်နောက်ပိုင်းတွင် စစ်ဆေးမှုပိုမိုပြုလုပ်နိုင်ရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (FDA) နှင့် ယခင်ထက် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက် ပြောကြားသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းတွင် အခွန်လွတ်ဈေးအပါအဝင် စုစုပေါင်းဈေး ၁၆၈ ဈေး၌ နေ့စဉ်စစ်ဆေးမှုပြုလုပ်သွားမည်ဟု ဈေးများဌာနမှ အကြီးတန်းအရာရှိတစ်ဦး၏အဆိုအရ သိရသည်။



ဖျာပုံမြစ်ဝအနီး ဒေးဒရဲမြို့နယ်အပိုင် ဖိုးရှမ်းကြီး၊ သကြားဟင်းအိုး၊ စွယ်တော်ကုန်း၊ ကန်အိမ်ကျေးရွာများတွင် သောက်သုံးရေမလုံလောက်မှုကြောင့် ဖျာပုံမြို့အနီးရှိ ရေချိုရရှိရာ ကျေးရွာများမှ ရေချိုခပ်၍ လှေဖြင့် လိုက်လံရောင်းချကြကြောင်း၊ ရေတစ်စည်တစ်ထောင်ကျပ်ဖြင့် ဝယ်ယူသုံးစွဲနေရကြောင်း ဒေးဒရဲဒေသခံများမှ သိရှိရသည်။

"နာဂစ်မတိုက်ခင်တုန်းက ကိုယ့်လှေနဲ့ကိုယ် ခမင်းဆိပ်ကူးပြီး ရေသယ်ရုံပဲ။ အခု လှေမရှိတော့ ဝယ်သုံးပဲ" ဟု ဖိုးရှမ်းကြီးကျေးရွာမှ ဦးမြင့်ဦးက ပြောကြားသည်။

www.foreverspace.com.mm

မြစ်ဝကျွန်းပေါ်ဒေသ၏ ရေငန်ဝင်ရောက်သောဒေသများတွင် ရေမလုံလောက်မှုကို ဖြေရှင်းနိုင်ရန်အတွက် တွင်းအနက်ပေ ၄၅၀ ကျော် အဝီစိတွင်းများ တူးဖော်ပါက ရေချိုရရှိနိုင်ပြီး တူးဖော်ပြီးသော တွင်းရေများအား ဓာတ်ခွဲစမ်းသပ်ချက်အရ အာဆင်းနစ်ဓာတ်ပါဝင်မှုကင်းရှင်းပြီး စိတ်ချစွာ သောက်သုံးနိုင်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် မေတ္တာရေစင်ဖောင်ဒေးရှင်း၏ တည်ထောင်သူတစ်ဦးဖြစ်သူ ဦးထွန်းထွန်းနှင့် ဘိုကလေးမြို့နယ် မွန်မြတ်ကရုဏာအဖွဲ့တည်ထောင်သူ ဦးမောင်စိန်တို့၏ ပြောကြားချက်အရ သိရှိရသည်။



ယခုရေအခက်အခဲကြုံတွေ့နေရသည့် ဒေသများမှာ နာဂစ်မုန်တိုင်းမတိုက်ခင်ကတည်း နှစ်စဉ်ကြုံတွေ့နေရခြင်းဖြစ်ရာ ယခုကဲ့သို့ ထောက်ပံ့ရေးအဖွဲ့များ၏ ထောက်ပံ့မှုကြောင့် မိုးရေပိုမိုသိုလှောင်ထားနိုင်တော့မည်ဖြစ်ရာ လာမည့်နှစ်တွင် ရေအခက်အခဲမရှိသလောက်နည်းသွားနိုင်ကြောင်း၊ ယခုနှစ်တွင်လည်း မိုးကျရန် တစ်လကျော်ကျော်ခန့်သာရှိတော့ရာ မိုးကျသည်နှင့် ၎င်းတို့ ရေအခက်အခဲပြေလည်သွားမည်ဖြစ်ကြောင်း ကြိမ်ချောင်းကြီးကျေးရွာဒေသခံများက သုံးသပ်ပြောကြားသည်။

# မြစ်ဝကျွန်းပေါ်မှ ဆန်ဝင်ရောက်မှု ဖေဖော်ဝါရီလ အိတ်သောင်းချီလျော့

**ရန်ကုန်၊ မတ် ၂၅**

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများ မှ ရန်ကုန်ဈေးကွက်သို့ ဆန်ဝင်ရောက်မှုမှာ ဖေဖော်ဝါရီလတွင် ဇန်နဝါရီလ အောက် ဆန်အိတ်သောင်းချီလျော့ကျသွားကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲမှ ထုတ်ပြန်သော စာရင်းအရ သိရသည်။

၂၀၀၈ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလမှစ၍ မြစ်ဝကျွန်းပေါ်ဒေသများမှ ရန်ကုန်ဈေးကွက်သို့ လစဉ်ဆန်အိတ်ပေါင်းခြောက်သောင်းဝန်းကျင် တင်ပို့နိုင်ခဲ့ကြောင်း၊ ၂၀၀၉ ခုနှစ် ဇန်နဝါရီလတွင် ဆန်အိတ်ပေါင်း ခုနစ်သောင်းနီးပါး (၆၉၆၇၅ အိတ်) ထိတင်ပို့ခဲ့ပြီး ဖေဖော်ဝါရီလတွင် ငါးသောင်းဝန်းကျင် (၅၅၃၃၁ အိတ်) သာတင်ပို့ခဲ့ကြောင်း၊ ယင်းသို့လျော့ကျသွားခြင်းမှာ ရန်ကုန်ဈေးကွက်တွင် ဆန်ပိုလျှံမှုရှိနေခြင်းကြောင့်ဖြစ်ကြောင်း မြစ်ဝကျွန်းပေါ်ဌာနခွဲမှ ဝန်ထမ်းတစ်ဦး၏အဆိုအရ သိရသည်။



မြစ်ဝကျွန်းပေါ်ဒေသမှ ဆန်တင်ပို့မှုလျော့ကျသွားခြင်းမှာ ရန်ကုန်ဈေးကွက်အတွင်း ဆန်ဈေးကျနေခြင်းကြောင့်ဖြစ်ကြောင်း၊ ထို့အတူ ရန်ကုန်ဈေးကွက်အတွင်း ဆန်အများအပြားရှိနေခြင်းနှင့်လည်း သက်ဆိုင်သည့်အပြင် ပြည်ပဆန်တင်ပို့မှု အနည်းငယ်လျော့ကျနေခြင်းကြောင့် ဆန်အဝယ်မလိုက်ခြင်းသည်လည်း အဓိကကျကြောင်း၊ နာဂစ်နောက်ပိုင်းတွင် ဆန်ဈေးဆက်တိုက်ကျဆင်းလာခဲ့ပြီး လက်ရှိတွင်လည်း ကျနေဆဲဖြစ်ကြောင်း၊ သင်္ကြန်ကာလနောက်ပိုင်းတွင် ပြည်ပဝယ်လိုအားမြင့်လာပါက ဆန်ဈေးပြန်လည်ဦးမော့လာနိုင်ကြောင်း၊ သိုလှောင်ထားသည့် ဆန်ကုန်သည်ကြီးများအနေဖြင့် ဈေးမကစားရန်သာလိုကြောင်း၊ ဆန်ဈေးကျဆင်းခြင်းကြောင့် စားသုံးသူပြည်သူများအတွက် ကောင်းမွန်သော်လည်း ဆန်တင်ပို့မှုလျော့ကျခြင်း၊ ဈေးနှုန်းကျဆင်းခြင်းတို့ကြောင့် ထုတ်လုပ်သူလယ်သမားအများစုတွင် ထိခိုက်မှုရှိနိုင်ကြောင်း ဖျာပုံမြို့နယ်မှ ဘုရင့်နောင်ပွဲရုံအခြေစိုက် ဆန်ကုန်သည်တစ်ဦးက ပြောကြားသည်။

■

www.foreverspace.com.mm



# ကန်ထရိုက်လယ်ယာအကျိုးအမြတ် လယ်သမားများ ခွဲဝေပေးမည်ဟုဆို

**ရန်ကုန်၊ မတ် ၃၀**

စံပြစက်မှုလယ်ယာကို ထူထောင်ရန်အတွက် ကန်ထရိုက်လယ်ယာလုပ်ငန်းများမှရရှိသော အကျိုးအမြတ်ကို လယ်သမားများအား ခွဲဝေပေးသွားမည်ဖြစ်ကြောင်း ယင်းလုပ်ငန်းလုပ်ကိုင်လျက်ရှိသော ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီအကြီးအကဲ ဦးဝင်းအောင်က Living Color နှင့်တွေ့ဆုံစဉ် ပြောကြားသည်။

၎င်းတို့ကုမ္ပဏီအနေဖြင့် ရန်ကုန်တိုင်း ရွှာသာကြီးတွင် ဧက ၅၇၀ ကို လယ်သမား ၅၀ ခန့်ဖြင့် ကန်ထရိုက်လယ်ယာလုပ်ကိုင်လျက်ရှိကြောင်း၊ လယ်သမားများအနေဖြင့် လုပ်အားကိုသာ စိုက်ထုတ်ရန်လိုအပ်ကြောင်း ဦးဝင်းအောင်က ဆိုသည်။

စပါးပေါ်ချိန်ရောက်ရှိပါက ယင်းအခြေအနေတွင်ရှိသော ပေါက်ဈေးဖြင့်တွက်ချက်ကာ ကုမ္ပဏီ၏ကုန်ကျစရိတ်များနုတ်ယူပြီး ကျန်အကျိုးအမြတ်အား လုံးလယ်သမားများကိုခွဲဝေပေးရန် စီစဉ်ထားကြောင်း ၎င်း၏အဆိုအရ သိရသည်။

ကန်ထရိုက်လယ်ယာလုပ်ငန်းကို ဧရာဝတီတိုင်းနှင့်ရန်ကုန်တိုင်းတို့မှ တောင်သူနှင့်လုပ်ငန်းရှင်များက ကုမ္ပဏီ ၁၅ ခုနှင့် လယ်ဧက ၈၆၉၀ ခန့်ဆောင်ရွက်လုပ်ကိုင်လျက်ရှိကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) စာရင်းဇယားများအရ သိရသည်။

**Powerful Press**

# ဖျော်ဖြေရေးစာပေများ ဝယ်လိုအားထက်ဝက်ကျဆင်း၊ အရောင်းဆိုင်အချို့ရပ်နား

**သတင်းဆောင်းပါး–ဓာတ်ဆတ်ထွက်၊ ၁၆–၂–၂၀၀၉**

**ဖ**တ်သူများ၏စိတ်အပန်းဖြေရန်အလို့ငှာ ရေးသားထုတ်ဝေလျက်ရှိသော ဝတ္ထုအမျိုးအစားနှင့် ကာတွန်းရုပ်ပြစာအုပ်များ၏ရောင်းအားသည် ပုံမှန်ထက်ထက်ဝက်ကျော်ခန့် ကျဆင်းလျက်ရှိသောကြောင့် အရောင်းဆိုင်အချို့ ရပ်နားထားကြောင်း စာအုပ်ရောင်းဝယ်ရေးလုပ်ငန်းနှင့် ထုတ်ဝေရေးလုပ်ငန်းများထံမှ စုံစမ်းသိရှိရသည်။



ပုံမှန်ဝယ်ယူသည့် စာအုပ်အငှားဆိုင်များနှင့် နယ်ကိုယ်စားလှယ်များက လစဉ်ထွက်ရှိသမျှသောစာအုပ်များကို ယခင်ကဲ့သို့မဝယ်တော့ဘဲ နာမည်ရ စာရေးဆရာများ၏ စာအုပ်များကိုသာ ဦးစားပေးရွေးချယ်လာပြီး ဈေးနှုန်းသက်သာသည့် စာအုပ်အဟောင်းများကို အဓိကထားဝယ်ယူလာကြကြောင်း၊ ထို့ကြောင့် အရောင်းဆိုင်များအနေဖြင့်လည်း ထွက်သမျှ စာအုပ်များ မတင်တော့ဘဲ ရွေးချယ်မှုများသောစာအုပ်သာ အဓိကထားတင်တော့ကြောင်း ရန်ကုန်မြို့ရှိ ဦးကျော်သိန်းစာပေ စာအုပ်အရောင်းဆိုင် တာဝန်ခံ ဒေါ်သန္တာကျော်က ပြောကြားသည်။

အချို့ထုတ်ဝေသူများတွင် ကိုယ်ပိုင်အရောင်းဆိုင်များရှိခြင်းကြောင့် ရောင်းအားကျဆင်းမှုကို ခံသာသော်လည်း အရောင်း

www.foreverspace.com.mm

ဆိုင်သက်သက်ဖွင့်လှစ်သူအချို့ ရပ်နားသွားသည်ကိုတွေ့ရကြောင်း အရဏ်သစ်စာပေမှ ဦးဝင်းမောင်က ဆိုသည်။

အခြားသောရောင်းဝယ်ရေးလုပ်ငန်းနယ်ပယ်အသီးသီးတွင် ဈေးကျနေသော်လည်း စာအုပ်ဈေးများကျဆင်းမှုမရှိသဖြင့် ပုံမှန်ဝယ်ယူနေကျဖောက်သည်များ၏ဝေဖန်မှုကိုခံနေရကြောင်း၊ အရောင်းအဝယ်မကောင်းသော်လည်း ဖောက်သည်နှင့်ရေရှည်ဆက်ဆံရေးမပျက်စေရန် အရင်းအတိုင်းပေးလိုက်ရသည်များရှိကြောင်း ဒေါ်သန္တာကျော်က ရှင်းပြသည်။

"ထုတ်တဲ့တိုက်နဲ့ ကိုယ့်ဝယ်သူကြားမှာ စာအုပ်ဆိုင်တွေက ကြားခံကသိကအောက်ဖြစ်နေရတယ်" ဟု စာအုပ်ဈေးများကျဆင်းခြင်းမရှိမှုအပေါ် ၎င်းက ပြောကြားသည်။

ယင်းသို့ စာအုပ်များ ဈေးနှုန်းမကျသည့်အပြင် ထုတ်ဝေရေးလုပ်ငန်းအချို့က ပထမအကြိမ်ထုတ်ဝေပြီးသော စာအုပ်များကို ဒုတိယအကြိမ်၊ တတိယအကြိမ်ထုတ်ဝေခြင်း၊ ယခင်ထုတ်ဝေခဲ့ပြီးသောဇာတ်လမ်းကို အမည်ပြောင်း၍လည်းကောင်း၊ စာအုပ်အဖုံးပြောင်း၍လည်းကောင်း ပြန်လည်ထုတ်ဝေခြင်းတို့ကြောင့် ယခင်ဝယ်နေကျအငှားဆိုင်များ၊ နယ်ကိုယ်စားလှယ်များပင် မဝယ်ယူတော့သည့်ဖြစ်ရပ်မျိုးလည်း ကြုံတွေ့နေရကြောင်း အင်ကြင်းစာပေ၏တာဝန်ခံဒေါ်အေးသန်းက ပြောကြားသည်။


"ဖျူးနာမည်နဲ့ရေးပြီးသား ထုတ်ပြီးသားစာအုပ်ကို သျှင်မဆိုတဲ့နာမည်ရလာတော့ ဖျူးကနေ သျှင်မနာမည်ကို ပြောင်းပြီးထုတ်တာတွေရှိတယ်" ဟု ဒေါ်သန္တာကျော်ကလည်း ပြောကြားသည်။

ဖျော်ဖြေရေးစာအုပ်ဈေးကွက်အရောင်းပါးလျက်ရှိသောကြောင့် စာအုပ်မြှင့်တင်ရေးနည်းလမ်းအချို့ ပြုလုပ်လျက်ရှိသော်လည်း စာအုပ်ဈေးချပေးရန်မလွယ်ကြောင်း၊ စက္ကူဈေးများကျဆင်းသည်ဟုဆိုနိုင်သော်လည်း ပုံနှိပ်ထုတ်လုပ်သည့်လုပ်ငန်းအဆင့်ဆင့်တွင် ဈေးနှုန်းများ ကျဆင်းခြင်းမရှိသည့်အပြင် စာရေးဆရာများ၏စာမူခများကို လျှော့ချ၍မရသောကြောင့် စာအုပ်ဈေးနှုန်းများကိုလည်း လျှော့ချ၍မရခြင်းဖြစ်ကြောင်း စာအုပ်ထုတ်ဝေရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဦးဇော်မျိုးက ပြောကြားသည်။

"ဈေးကျဖို့က စက္ကူတစ်မျိုးတည်းတော့ကြည့်လို့မရဘူး" ဟု အရဏ်သစ်စာပေမှ ဦးဝင်းမောင်က ထောက်ခံပြောကြားသည်။

စာအုပ်ချုပ်ခ၊ သယ်ယူစရိတ်၊ စာအုပ်ချိုးခ၊ ပုံနှိပ်ခ စသည့် အထွေထွေစရိတ်များမှာ လုံးဝကျဆင်းခြင်းမရှိကြောင်း၊ စက္ကူဈေးနှုန်းမှာလည်း တက်ခဲ့သည့်ဈေးနှုန်းမှ ကျဆင်းရုံမျှသာရှိကြောင်း ၎င်းက ရှင်းပြသည်။

ရောင်းမကုန်သောအချို့စာအုပ်များကို စာအုပ်တိုက်သို့ အသစ်ဈေးနှုန်းအတိုင်း ပြန်အပ်၍ရသော်လည်း နယ်သို့ပို့၍ အပေါက်ပါသောစာအုပ်များ၊ ဖတ်ပြီးသားစာအုပ်များကို လက်မခံကြကြောင်း၊ ထိုကဲ့သို့တိုက်မှလက်မခံတော့သည့် စာအုပ်များသည် အသစ်ဈေးနှုန်း ကျပ် ၂,၀၀၀ ကျော်တန်သည့် တိုင် ၆၀၀ ကျပ်မှ ၇၀၀ ကျပ်ခန့်အထိဈေးချ၍ အဟောင်းဈေးနှုန်းအတိုင်း ရောင်းချရကြောင်း အချို့နာမည်ကျော်စာရေးဆရာများ၏စာအုပ်များကို အပြတ်ဝယ်ယူရပြီး ရောင်းမကုန်ပါက



---

# စင်ကာပူရောက်စေတနာရှင်များ ကနီတွင်စာကြည့်တိုက်ဆောက်

**ရန်ကုန်၊ မတ် ၁၉**

ငွေသာတွင်းဆရာတော်ကြီး၏ ဩဝါဒကိုခံယူလျက် ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ ဆရာတော်ရဝေနွယ် (အင်းမ) နှင့် စင်ကာပူရောက်စေတနာရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် စစ်ကိုင်းတိုင်း ကနီမြို့နယ် ငွေသာတွင်းကျေးရွာတွင် ဘဝဘဏ်စာကြည့်တိုက်ကို တည်ဆောက်လျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

စေတနာရှင်များအနေဖြင့် ဘဝဘဏ်စာကြည့်တိုက်သို့ လှူဒါန်းလိုပါက အရှင်နန္ဒိမာလင်္ကာရ (ဖုန်း–၀၇၂–၂၁၅၈၄)၊ ဦးမြင့် ဖုန်း–၀၉–၂၀၀၃၃၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ၎င်းတို့ထံမှ သိရှိရသည်။

**အောင်ကိုကို**

www.foreverspace.com.mm

လည်း ပြန်သွင်း၍မရကြောင်း ဦးကျော်သိန်းစာပေမှ တာဝန်ခံတစ်ဦးဖြစ်သူ ဦးကျော်ဇေယျာက ပြောကြားသည်။

ရောင်းမထွက်သည့်အဆိုပါဝတ္ထု၊ ကာတွန်းစာအုပ်များကို တိုက်သို့ ပြန်သွင်းပါကလက်ခံသော်လည်း အချို့စာအုပ်များသည် စာဖတ်ထားပြီးသော အနေအထားများ တွေ့ရသည့်အပြင် နွမ်းကြေနေသောစာအုပ်များပါလာက ယင်းစာအုပ်များကို လုံးဝလက်မခံနိုင်ကြောင်း၊ အချို့သော Super Market အတွင်းရှိစာအုပ်အရောင်းဆိုင်များမှ ပြန်အပ်သောစာအုပ်များသည် အဖုံးပင်ပါမလာတော့ကြောင်း စာအုပ်ထုတ်ဝေသူတစ်ဦးဖြစ်သူ ကြောင်နစ်ကောင်စာပေ၏အကြီးအကဲဖြစ်သူ ဦးဇော်မျိုးက ဆိုသည်။

အရောင်းဆိုင်အချို့ထံမှ ဝယ်သွားပြီး စာအုပ်ကို ၁၀ ရက်ခန့်ဖြင့် အရင်းရရန် ငှားရမ်းပြီးပါက အရောင်းဆိုင်သို့ ထက်ဝက်ဈေးနှင့်ပြန်သွင်းကြောင်း၊ အရောင်းဆိုင်က အငှားဆိုင်ထံမှ စာအုပ်တန်ဖိုးတစ်ဝက် အမြတ်ရထားပြီးဖြစ်၍ ထိုစာအုပ်ကို ရောင်းမရဟုဆိုကာ ထုတ်ဝေသူထံ ပြန်အပ်လာသဖြင့် ရောင်းမထွက်သောစာအုပ်အနေနှင့် ရောက်လာသည့်အခါ ထုတ်ဝေသူက ထုတ်ဝေစရိတ် အရှုံးခံရမည့်အနေအထားမျိုးကြုံတွေ့ရကြောင်း ၎င်းကပြောကြားသည်။

ယင်းကဲ့သို့သောဆိုင်များကို ဖောက်သည်မပျက်လိုသောကြောင့် စာအုပ်တိုင်းအား ပလတ်စတစ်ပါကင်များ ထုပ်ပိုးပေးထားပြီး ပါကင်များဖောက်ထားပါက လက်ခံမည်မဟုတ်သောကြောင့် စာအုပ်မြည်းဖတ်ရန်အတွက် သီးသန့်တစ်အုပ်ပေးထားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်လည်း မရောင်းရသည့်စာအုပ်များကို အသစ်အတိုင်းသာ ပြန်လည်ရယူလိုသောကြောင့် ယခုကဲ့သို့ ဖြေရှင်းရမည့်နည်းလမ်းများကို ရှာဖွေရကြောင်း ရင်ဆိုင်နေရသောအခက်အခဲများကို ဦးဇော်မျိုးကဆိုသည်။

ဈေးကွက်အတွင်း သျှင်မ၊ ဆုမြတ်မွန်မွန်၊ ဗျူး၊ မြပုလဲသွယ်၊ ဆုအဥ္ဂလီ၊ တိစက္က၊ မင်းသိခ်၊ မင်းမြတ်သူရ၊ တာရာမင်းဝေ၊ နီကိုရဲ၊ မင်းခိုက်စိုးစံ၊ လမင်းမိုမို၊ နတ်ရှာမိုး စသည့်ဝတ္ထုစာအုပ်များ ပုံမှန်ရောင်းရသည့်အပြင် People ၊ Fashion Image ၊ Perfect ၊ မြင်ကွင်း၊ သုရဇ္ဇ၊ လပြည့်ဝန်း၊ ဂမ္ဘီရလောက၊ ဂမ္ဘီရ၊ သုတ စသည့် လစဉ်ထုတ်မဂ္ဂဇင်းများလည်း ပုံမှန်ရောင်းနေရသော်လည်း ရောင်းမကုန်လျှင် ပြန်သွင်း၍မရကြောင်း အင်ကြင်းစာပေမှ ဒေါ်အေးသန်းက ရှင်းပြသည်။

အငှားဆိုင်များသို့ အသစ်ဈေး ၃,၂၀၀ ကျပ်၊ ၃,၃၀၀ ကျပ်နှင့် ရောင်းလိုက်သော စာအုပ်များကို ၁၀ ရက်မှ ၁၅ ရက်အတွင်း ပြန်သွင်းလျှင် ၁,၅၀၀ ကျပ်မှ ၂,၀၀၀ ကျပ်အထိ ပေးပြီးပြန်ယူကြောင်း၊ ယင်းနောက် စာအုပ်များကို အသစ်တန်ဖိုးဖြင့် ပြန်လည်ရောင်းချနိုင်ကြောင်း ၎င်းက ပြောကြားသည်။

လစဉ်ထုတ်မဂ္ဂဇင်းများအနေဖြင့် ရောင်းအားပုံမှန်ရှိသော်လည်း ယင်းမဂ္ဂဇင်းတိုက်များသည် ရရှိသောကြော်ငြာခဖြင့် အကျိုးအမြတ်ယူ ထုတ်ဝေရသောကြောင့် စာအုပ်အရေအတွက်တိုး၍ ထုတ်ဝေခြင်းမရှိကြောင်း ရောင်းအားရှိ၍ စာအုပ်များ တိုး၍ထုတ်သော်လည်း ကြော်ငြာခဈေးနှုန်းတက်၍မရသဖြင့် များများထုတ်ပါက ထုတ်ဝေစရိတ်အရှုံးပေါ်နိုင်သောကြောင့် ပုံမှန်အရေအတွက်နှင့်သာ ထုတ်ဝေကြကြောင်း၊ အပျော်တမ်းဖတ်စာပေများ အရောင်းအဝယ် ထက်ဝက်ခန့်ကျဆင်းသော်လည်း ပညာရေးစာအုပ်များ၊ ဗဟုသုတစာအုပ်များမှာ ရောင်းအား ထိုးကျခြင်းမရှိဘဲ အရောင်းနှေးကွေးသွား

# ရခိုင်ပြည်နယ်မြောက်ပိုင်း သုံးမြို့နယ်ဇီဝဓာတ်ပေါင်းဖို ၇၅ လုံး FAO အခမဲ့ဖြန့်ဝေ

**မောင်တော၊ မတ် ၅**

ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်ရှိ ကျေးလက်နေဒေသခံများအတွက် သဘာဝစွန့်ပစ်ပစ္စည်းသုံး စွမ်းအင်ထုတ်ဓာတ်ပေါင်းဖို ၇၅ လုံးကို ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) က အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း မောင်တောမြို့ FAO ရုံးမှ စီမံကိန်းမန်နေဂျာ ဦးလှအောင်က ပြောကြားသည်။

ယင်းဓာတ်ပေါင်းဖိုမှာ တိရစ္ဆာန်များမှစွန့်ပစ်ပစ္စည်းများဖြစ်သော နွားချေး၊ ဝက်ချေး၊ ဆိတ်ချေးတို့ကိုအသုံးပြုကာ ဇီဝဓာတ်ငွေ့ထုတ်ယူခြင်းဖြစ်ပြီး ယင်းမှထွက်လာသည့် ဓာတ်ငွေ့ဖြင့် ပူးတွဲပါထမင်းပေါင်းအိုးနှင့် ဓာတ်ငွေ့မီးဖိုများဖြင့် ထမင်းဟင်းချက်ပြုတ်နိုင်ကြောင်း ၎င်းက ဆိုသည်။

“ဒီဓာတ်ပေါင်းဖိုနဲ့အတူ ထမင်းပေါင်းအိုးတစ်အိုး၊ ဓာတ်ငွေ့မီးဖိုတစ်ဖို၊ ၆၀ ဝပ်အားရှိတဲ့မီးလုံးတစ်လုံးကိုလည်း လှူဒါန်းပေးပါတယ်။ သုံးစွဲဖို့အတွက် နည်းပညာကိုလည်း ဒီကပညာရှင်တွေသွားပြီး ပံ့ပိုးပေးပါတယ်။ အဓိကကတော့ ဒီဓာတ်ပေါင်းဖိုတွေကိုသုံးစွဲရင် သစ်တောပြုန်းတီးမှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုတွေကို ကာကွယ်နိုင်စေလို့ပါ။ ဒီကိုရောက်ဖို့အတွက် စုစုပေါင်းကျပ်နှစ်သိန်းလောက် ကုန်ကျပါတယ်။ ပင်ရင်းအကူအညီပေးတာက ဥရောပကော်မရှင် (EC) ကလှူဒါန်းပြီး ကျွန်တော်တို့က ဖြန့်ဝေတပ်ဆင်ပေးတာပါ” ဟု အဆိုပါစီမံကိန်းမန်နေဂျာက ဆက်လက်ပြောကြားသည်။ အဆိုပါလှူဒါန်းသည့်ဓာတ်ပေါင်းဖို ၇၅ လုံးကို မောင်တောမြို့နယ်အတွက် ၃၅ လုံး၊ ဘူးသီးတောင်မြို့နယ်အတွက် ၂၅ လုံးနှင့် ရသေ့တောင်မြို့နယ်အတွက် ၁၅ လုံးစီ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ယင်း FAO ရုံးမှ စုံစမ်းသိရှိရသည်။

**အောင်စေသော်**

www.foreverspace.com.mm

ဘညံ့အနေအထားတွင်သာရှိနေကြောင်း၊ သို့သော် နယ်မှတစ်ဆင့်မှာယူသူ နည်းပါးလာကြောင်း အရှေ့သစ်စာပေမှ ဦးဝင်းမောင်က ပြောကြားသည်။

“ဝတ္ထု၊ ကာတွန်း၊ မဂ္ဂဇင်း အများစုက စိတ်ဖျော်ဖြေရေးလောက်သာ ဖတ်ကြတာ၊ လက်ထဲမှာ ငွေမရှိရင် မဖတ်လည်းရတယ်လေ” ဟု ၎င်းက ဆိုသည်။ ပညာရေးနှင့် ဗဟုသုတစာပေများမှာ လိုအပ်ချက်အရ ဝယ်ဖတ်နေခြင်းဖြစ်ပြီး အရောင်းနှေးသည်ဆိုရာတွင် ယခင်အချိန် လေးလမှ ငါးလ အတွင်း ရောင်းရသောစာအုပ်များကို ခုနစ်လမှ ရှစ်လအထိ ရောင်းမကုန်ခြင်းမျိုးဖြစ်ကြောင်း၊ သတင်းဂျာနယ်များမှာမူ ရောင်းအားမကျကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

“လူတွေက လတ်တလော ဘာဖြစ်နေတယ်ဆိုတာကို သိပ်စိတ်ဝင်စားနေတယ်” ဟု သတင်းဂျာနယ်များ ရောင်းအားမကျခြင်းနှင့်ပတ်သက်၍ ၎င်းက သုံးသပ်သည်။

ယခုကဲ့သို့ စာအုပ်ဈေးနှုန်းများ ကျဆင်းခြင်း၊ အရောင်းကျဆင်းခြင်းများ ဆက်တိုက်ဖြစ်ပေါ်လာပါက မိမိတို့အနေဖြင့် လုပ်ငန်းကို ပိုမိုကျစ်လျစ်အောင် လုပ်ရတော့မည်ဖြစ်ကြောင်း၊ ရောင်းကုန်ရန် မသေချာသောစာအုပ်များ၊ အသစ်ထွက်သမျှသောစာအုပ်များကို ယခင်ကဲ့သို့ ဆိုင်မတင်တော့ဘဲ ရောင်းထွက်နိုင်မည့်စာအုပ်များသာ ရွေးချယ်ရတော့မည်ဖြစ်ကြောင်း၊ စာအုပ်ထုတ်ဝေသူများက ကော်မရှင်ခပိုပေး၍ အပြတ်ဝယ်ရသည့် စာအုပ်မျိုးကိုလည်း မဝယ်တော့ဘဲ အကြွေးတင်ရောင်းရမည့်ပစ္စည်းအမျိုးအစားများကိုသာတင်ရောင်းပြီး ရင်းနှီးငွေ မဖောင်းပွစေရန် ထိန်းရမည်ဖြစ်ကြောင်း အရှေ့သစ်စာပေမှ ပြောရေးဆိုခွင့်ရှိသူ ဒေါ်သီတာဝင်းက ပြောကြားသည်။

“နယ်တွေကိုလည်း အကြွေးမပေးရဲတော့ဘူး။ အရင်က အကြွေးဆယ်သိန်းဖိုးပေးရင် အခု ငါးသိန်းဖိုးပေးတယ်။ နောက်ပိုင်းဆို ပေးမှာတောင် မဟုတ်တော့ဘူး။ လက်ရှိအနေအထားက လုပ်ငန်းတိုးချဲ့ဖို့ မစဉ်းစားတော့ဘဲ ကိုယ့်အလုပ်ကိုမြဲ အောင်၊ ကျစ်လျစ်အောင်၊ တောင့်ခံနိုင် အောင်ပဲ ကြိုးစားရမယ်။ အလေအလွင့် နည်းအောင်လည်း လုပ်ရတော့မယ်။ ဝန်ထမ်းတွေဆိုရင်လည်း အရမ်းလိုအပ်မှသာ တိုးတော့မယ်။ ရှိတဲ့ဝန်ထမ်းနဲ့ပဲ ဆက်ထိန်းသွားမယ်” ဟု ၎င်း၏အစီအစဉ်များကို ရှင်းပြသည်။

စာအုပ်ထုတ်ဝေသူများအနေဖြင့်လည်း စာအုပ်ဈေးနှုန်း လျှော့ချပေးရန်အတွက် စက္ကူဈေးသာမက အထွေထွေအသုံးစရိတ်များ ကျရန်လိုအပ်ကြောင်း၊ စာအုပ်အရောင်းဆိုင်များကို ကော်မရှင်ခတိုးပေးခြင်း၊ အရောင်းမြှင့်တင်ခြင်းများ လုပ်၍ ရောင်းအားချဲ့ထွင်ခြင်းများကိုလည်း တွေ့လာရကြောင်း ဦးဝင်းမောင်က ပြောကြားသည်။

ထုတ်ဝေသူနှင့် စာအုပ်ရောင်းဝယ်ရေးလုပ်ငန်းများအကြား အငြင်းပွားမှုများနှင့်ပတ်သက်၍ နာမည်ရ စာရေးဆရာကြီးတစ်ဦးကမူ “ဒါ လင်နဲ့မယား၊ လျှာနဲ့သွား ပါဗျာ ခဏပါပဲ” ဟု ဝေဖန်သည်။

ထုတ်ဝေသူများကလည်း စာအုပ်မိတ်ဆက်ပွဲများ ပြုလုပ်ခြင်း၊ ကံစမ်း မဲများ ထည့်သွင်းခြင်း၊ ဆုငွေချီးမြှင့်မည့် ပဟေဠိအစီအစဉ်များ ရုံဖန်ရံခါထည့်သွင်းခြင်းဖြင့် စာဖတ်သူများပြီး စာအုပ်ဝယ်လိုအားတက်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးဇော်မျိုးက ဆိုသည်။

# ဒီဒူးကုန်း-ပုသိမ် ပုဂ္ဂလိကလိုင်းသင်္ဘောအချို့ အချိန်မမှန်မှုကြောင့် ခရီးသည်များအခက်ကြုံ

**ငပုတော၊ မတ် ၂၆**

ဇရာဝတီတိုင်း ပုသိမ်မြို့မှ ငပုတောမြို့နယ် ဒီဒူးကုန်းကျေးရွာသို့ ပြေးဆွဲနေသော ပုဂ္ဂလိကလိုင်းသင်္ဘောအချို့မှာ အချိန်မှန်ပြေးဆွဲခြင်းမရှိသောကြောင့် ခရီးသည်များအခက်အခဲတွေ့ရကြောင်း ဒေသခံခရီးသည်အချို့က ပြောကြားသည်။

အဆိုပါသင်္ဘောလိုင်းတွင် သင်္ဘောစင်းရေ ငါးစင်းခန့်ရှိပြီး တစ်ရက်လျှင် တစ်စင်းနှုန်းဖြင့် အလှည့်ကျထွက်ရကြောင်း၊ အကယ်၍ အကြောင်းတစ်စုံတစ်ရာကြောင့် သင်္ဘောမထွက်ခွာဖြစ်ပါက အခြားသင်္ဘောဖြင့် အစားထိုးပြေးဆွဲခြင်းမရှိသောကြောင့် ယင်းနေ့အဖို့ ခရီးသွားမှုနှောင့်နှေးနေရကြောင်း၊ ယင်းသင်္ဘောများသည် ပုံမှန်ဝင်ချိန်ထွက်ချိန်မတိကျရုံသာမက ကုန်ပစ္စည်းများကိုလည်း ရသလောက် သယ်ဆောင်ပြီး လမ်းကြောင်းတစ်လျှောက်ရှိ ရွာများတွင် ကုန်ပစ္စည်းချချိန်နှင့်ပင် အချိန်ကုန်ရကြောင်း ပုသိမ်မြို့ခံတစ်ဦးက ပြောကြားသည်။

“သင်္ဘောက ပုံမှန် ည ၈ နာရီ ထွက်ရင် မနက် ၆ နာရီဆိုရင်ရောက်ပြီ။ အခုဟာက နေ့လယ် ၁၂ နာရီလောက်မှ ရောက် နေတယ်။ ဒီတော့ သင်္ဘောပေါ်မှာတင် အချိန်ကုန်ပြီး နေ့လယ်စာအတွက်ပါ ငွေ ကုန်တယ်” ဟု ၎င်းက ပြောကြားသည်။

အဆိုပါသင်္ဘောများ အချိန်မမှန်မှုကြောင့် အချိန်မှန်သော ပုသိမ်- ပြင်ခရိုင် သင်္ဘောလိုင်းသို့ ပြောင်း၍စီးရသဖြင့် ဒီဒူးကုန်းမှ ပြင်ခရိုင်သို့ ဆိုင်ကယ်ခ ၃၀၀၀ ကျပ် ကုန်ကျကြောင်း၊ ထိုသို့ သင်္ဘောလိုင်းပြောင်းစီးရသဖြင့် ဒီဒူးကုန်းကျေးရွာအုပ်စုမှ ခရီးသည်များနှင့် ပြင်ခရိုင်ကျေးရွာအုပ်စုမှခရီးသည်များဖြင့် ပုသိမ်-ပြင်ခရိုင် သင်္ဘောလိုင်းများတွင် ပြည့်ကျပ်နေကြောင်း ဒီဒူးကုန်းကျေးရွာသားတစ်ဦးက ဆိုသည်။

■

www.foreverspace.com.mm



# ပုဂ္ဂလိကမျိုးထုတ်လုပ်မှုကို မူဘောင်ချပေးထားသော မျိုးစေ့ဥပဒေ ရေးဆွဲပြီးစီး

**ရန်ကုန်၊ မတ် ၂၉**

ဆန်စပါးသီးနှံများ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးတွင် အဓိက အခန်းကဏ္ဍမှ အရေးပါသော မျိုးကောင်း မျိုးသန့်များထုတ်လုပ်ရေး၌ ကိုယ်ကျိုးစီးပွားကိုမျှော်မှန်းကာ လွဲမှားစွာထုတ်လုပ်ခြင်းမှ ရှောင်ရှားရန်အတွက် စည်းမျဉ်းစည်းကမ်းများ ပါဝင်သော မျိုးစေ့ဥပဒေတစ်ရပ်ကို အင်္ဂလိပ်–မြန်မာနှစ်ဘာသာဖြင့် ရေးဆွဲပြီး ရှေ့နေချုပ်ရုံးသို့ တင်ပြထားပြီးဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဦးဆောင် ညွှန်ကြားရေးမှူး ဦးအုန်းသန်းက ပြောကြားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တွင် မတ်လ ၂၉ ရက်နေ့တွင်ကျင်းပသော 'ဈေးကွက်ဝင်စပါးမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲ' တွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

သီးနှံမျိုးသစ်တစ်မျိုးကို စိုက်ပျိုးထုတ်လုပ်မည်ဆိုပါက မျိုးယှဉ်ပြိုင်စမ်းသပ်မှုများကို သတ်မှတ်နေရာအသီးသီးတွင် သုံးနှစ်ဆက်တိုက်ယှဉ်ပြိုင်စမ်းသပ်ရမည်ဖြစ်ပြီး ရွေးချယ်ရရှိလာသော မျိုးဆက်သစ်သည် လက်ရှိမျိုးများထက် သိသာစွာ ထူးခြားသာလွန်သည့် အရည်အသွေးလက္ခဏာများရှိခြင်း၊ မျိုးရိုးဗီဇတည်ငြိမ်မှုကောင်းမွန်ခြင်း၊ တောင်သူလယ်သမားအများစုမှ လက်ခံခြင်းတို့ရှိမှသာ မျိုးသစ်ထုတ်ဝေရေးအတွက် လိုအပ်သည့်အထောက်အထားများဖြင့် ကျွမ်းကျင်မှုဆိုင်ရာ ဆပ်ကော်မတီ (TSC) သို့ အမည်ပေးလိုသည့် မျိုးအမည်များနှင့်တကွ အဆိုပြုတင်ပြရမည်ဖြစ်ကြောင်း၊ ထို့နောက် အမျိုးသားသီးနှံမျိုးစေ့ကော်မတီ (NSC) က အတည်ပြုပြဋ္ဌာန်းပေးခြင်းတို့ အထက်ပါဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားကြောင်း ဦးအုန်းသန်းက ဆိုသည်။

ဝန်ကြီးဌာနအနေဖြင့်လည်း NSC ကို အဖွဲ့ဝင် ၁၉ ဦးဖြင့်လည်းကောင်း၊ ကျွမ်းကျင်မှုဆိုင်ရာဆပ်ကော်မတီကို အဖွဲ့ဝင် ခြောက်ဦးဖြင့် ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ၃ ရက်တွင် အသစ်ပြန်လည်ဖွဲ့စည်းထားပြီးဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

နိုင်ငံခြားမှတင်သွင်းသော မျိုးစေ့များကို နိုင်ငံအတွင်း ပွားများထုတ်လုပ်၍ ပြည်ပဈေးကွက်သို့ တင်ပို့ပါက မျိုးစေ့မူပိုင်ခွင့်ဥပဒေအရ ပြဿနာရှိလာနိုင်သဖြင့် ကိုယ်တိုင်ထုတ်လုပ်သော မျိုးကောင်းမျိုးသန့်များကို ပွားများထုတ်လုပ်ရေးလည်း အရေးကြီးသောလုပ်ငန်းတစ်ခုဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မျိုးစေ့ဌာနခွဲလက်အောက်တွင် မျိုးသန့်ခြံ ၃၂ ခြံရှိပြီး စပါးမျိုးသန့်ထုတ်လုပ်သော ခြံ ၂၈ ခြံရှိကြောင်း၊ မျိုးသန့်အဆင့် (၁) စပါးတင်းပေါင်း ၁.၅ သိန်းခန့်နှစ်စဉ် ထုတ်လုပ်ခဲ့ပြီး ယမန်နှစ်က မျိုးသန့်အဆင့် (၂) တင်းပေါင်း ၈၁ သိန်း ထုတ်လုပ်ပေးနိုင်ခဲ့သည့်အတွက် တစ်နိုင်ငံလုံးမိုးစပါးစိုက်ဧရိယာ ၃၂ ရာခိုင်နှုန်း (စိုက်ဧက ၅.၅ သန်း) အတွက် လောက်ငခဲ့ကြောင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ စာရင်းဇယားများအရ သိရသည်။

**Powerful Press**

# ဆားဈေး ဆက်တိုက်ကျ

**သတင်းဆောင်းပါး – ခင်ဌေးကြွယ်၊ ကျော်မျိုးထွန်း၊ ၃၁–၃–၂၀၀၉**

**ပေါ် ဦးပေါ်ဖျားတွင် ဈေးကောင်းခဲ့ပြီး တစ်ပိဿာ ကျပ် ၂၆၀ ကျော်ဈေးပေါက်ခဲ့သည့် ဆားဈေးနှုန်းမှာ ဖေဖော်ဝါရီလဆန်းပိုင်းမှစတင်ကျဆင်းလျက်ရှိရာ ယခုရက်ပိုင်းတွင် တစ်ပိဿာကျပ် ၇၀ သာရှိတော့ကြောင်း ဆားလုပ်ငန်းရှင်အသိုင်းအဝိုင်းထံမှ စုံစမ်းသိရှိရသည်။**

ထို့ကြောင့် ဆားချောဈေးကွက်တွင်လည်း ဆက်တိုက်ကျဆင်းလာကြောင်း ၎င်းတို့ထံမှ သိရသည်။

ယခုကာလသည် ဆားပေါ်ရာသီဖြစ်သည့်အပြင် ထိုင်းနိုင်ငံမှဆားများ အဝင်များလာခြင်းနှင့် ဆားဈေးကျခြင်းကြောင့်ဖြစ်ကြောင်း၊ အိမ်သုံးဆားအဖြစ်အသုံးပြုရာတွင် ထိုင်းနိုင်ငံထုတ် ဆားကိုဝယ်ယူသူများကြောင်း၊ သို့သော် အများစုမှာ ပြည်တွင်းဆားကိုသာ အသုံးများကြောင်း ညောင်ပင်လေးဈေးမှ ဆားရောင်းချသူတစ်ဦး၏အဆိုအရ သိရသည်။

ထိုင်းနိုင်ငံမှတင်သွင်းနေသော ဆားမှာ လတ်တလောတွင် ဈေးကွက်ရရှိနေသော်လည်း ရေရှည်တွင်မဖြစ်နိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် တင်သွင်းမှုကုန်ကျစရိတ်မြင့်မားခြင်းနှင့် ရောင်းဈေးမြင့်မားခြင်းအပြင် ပြည်တွင်းထုတ်ဆားများ

လိုင် လိုင်ပေါ်လာ၍ဖြစ်ကြောင်း၊ ပြည်တွင်းထုတ်ဆားများမှာ ယခင်က တစ်ပိဿာလျှင် ၅၀၀ ကျပ်ဝန်းကျင်ရှိရာ ယခုအခါ ၂၈၀ ကျပ်ဝန်းကျင်သာရှိတော့ကြောင်း၊ ဆက်လက်၍လည်း ဆားဈေးများ ဆက်ကျဆင်းလာနိုင်ကြောင်း ရန်ကုန်အခြေစိုက် ဒုံးပျံဆားစက်ရုံမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ဆားဈေးနှုန်းကျဆင်းခြင်းသည် ရန်ကုန်ဈေးကွက်အတွင်း၌သာမဟုတ်ဘဲ ဆားအများဆုံးထုတ်လုပ်ရာဒေသတစ်ခု ဖြစ်သည့် ဧရာဝတီတိုင်းအတွင်းရှိ ဆားထုတ်လုပ်ရာဒေသများတွင်လည်း ကျဆင်းနေကြောင်း၊ ဆားကြမ်းတစ်ပိဿာလျှင် ယခင်လက ၁၂၀ ကျပ် ဝန်းကျင်ရှိခဲ့ရာမှ ယခုအခါ ၇၀ ကျပ် ဝန်းကျင်သာရှိတော့ကြောင်း၊ လက်ရှိထုတ်လုပ်မှုအရ ဆားအများအပြား ထုတ်လုပ်နိုင်သော်လည်း ထုတ်လုပ်သူအများစုမှာ အရှုံးပေါ်လျက်ရှိကြောင်း ပြင်စလူတိုက်နယ် ဆားကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံမြင့်က ပြောကြားသည်။

ထုတ်လုပ်မှုစရိတ်မြင့်မားပြီး ရောင်းဈေးကျဆင်းနေ၍ သိုလှောင်ထားလိုသော်လည်း ဆားလုပ်ငန်းရှင်အများစုမှာ သိုလှောင်ရန်ဂိုဒေါင်များမရှိတော့ခြင်း ကြောင့် အခက်အခဲရှိကြောင်း၊ ယခင်နှစ် များက သိုလှောင်ရုံများရှိ၍ ခုသာခံသာရှိခဲ့ကြောင်း၊ ဆားလုပ်ငန်းတစ်ခုတည်းကိုသာ မှီခိုအားထားနေရသည့် အသေးစားဆားလုပ်ငန်းရှင်များ အနေဖြင့် မလွယ်ကူလှကြောင်း၊ လက်ရှိတွင် ဆားဈေးအချောထည်ရော အကြမ်းထည်ပါ ဈေးကျနေသော်လည်း ဆားလုပ်ငန်းပင်ရင်းဒေသအချို့တွင် ဝယ်လက်ပျောက်နေကြောင်း လပွတ္တာမြို့နယ် သဃ်န်းကြီးရွာမှ ဆားလုပ်ငန်းလုပ်ကိုင်သူတစ်ဦး၏အဆိုအရ သိရသည်။

ဆားဈေးနှုန်းကျဆင်းနေခြင်းသည် လတ်တလောသာဖြစ်ကြောင်း၊ လက်ရှိတွင် ဆားပေါ်ချိန်ဖြစ်သော်လည်း ဆားထုတ်ရာသီမှာ မကုန်သေးကြောင်း၊ သို့ဖြစ်၍ ထုတ်လုပ်ရရှိမှုအပေါ်မူတည်၍ ဈေးအတက်အကျဖြစ်ပေါ်နိုင်ကြောင်း ရန်ကုန်မြို့ရှိ ကေကေဆားစက်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံတွင် ထုတ်လုပ်နေသော ဆားများ၏ ၇၅ ရာခိုင်နှုန်းသည် ဧရာဝတီတိုင်းမှဖြစ်ပြီး ကျန် ၂၅ ရာခိုင်နှုန်းမှာ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှဖြစ်ကြောင်း၊ ပြီးခဲ့သည့် ၂၀၀၈ ခုနှစ် မေလ ၂ ရက် နေ့တွင်တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် ဧရာဝတီတိုင်းမှ ဆားလုပ်ငန်းအများအပြား ပျက်စီးဆုံးရှုံးခဲ့ရသော်လည်း အလှူရှင်များနှင့် သက်ဆိုင်ရာတို့၏ထောက်ပံ့မှုကြောင့် ယခင်ထုတ်လုပ်ခဲ့သည့်ဧကထက်ပင် ပိုလျှံနေကြောင်း၊ ဧရာဝတီတိုင်းတွင် ပြန်လည်ထူထောင်သည့် ဆားလုပ်ကွက် ၂၈၀၇ ဒသမ ၃၆ ဧကအတွက် ကျပ်ငွေသိန်းပေါင်း ရှစ်သောင်းကျော်ခန့် ထောက်ပံ့မှုရရှိခဲ့ကြောင်း၊ ဧကအများအပြား လုပ်ကိုင်နိုင်ခြင်းကြောင့် ထုတ်လုပ်မှုပိုလျှံလာ၍ ဈေးနှုန်းကျဆင်းခြင်းလည်းဖြစ်ကြောင်း သဃ်န်းကြီးကျေးရွာမှ ဆားလုပ်ငန်းရှင်တစ်ဦး၏အဆိုအရ သိရသည်။ ဆားလုပ်ငန်းတစ်ဧကလျှင် ချေးငွေသုံးသိန်းကို သုံးရစ်ခွဲ၍ သတ္တုတွင်းဝန်ကြီးဌာနကထောက်ပံ့ပေးခဲ့ကြောင်းလည်း ၎င်းက ဆိုသည်။

# အင်းလေး မြန်မာ့သစ်ခွနေ့သတ်မှတ်၍ နှစ်စဉ် သစ်ခွပန်းပြပွဲ ကျင်းပမည်

**ညောင်ရွှေ၊ မတ် ၁၅**



ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ အင်းလေးဒေသတွင် အင်းလေးမြန်မာ့သစ်ခွနေ့သတ်မှတ်၍ နှစ်စဉ်သစ်ခွပန်းပြပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြောကြားသည်။

တောင်ကြီးဟိုတယ်လုပ်ငန်းရှင်များ ဦးစီး၍ မတ်လ ၁၅ ရက်မှ ၁၇ ရက်နေ့အထိ အင်းလေးကန် Paramoon Resort ၌ ပထမဦးဆုံးအကြိမ်ကျင်းပခဲ့သော အင်းလေးမြန်မာ့သစ်ခွပန်းပြပွဲအခမ်းအနား၌ ၎င်းကအထက်ပါအတိုင်း ပြောကြားသည်။

အဆိုပါသစ်ခွပြပွဲကို ယခုနှစ် မတ်

www.foreverspace.com.mm

လအတွင်းကျင်းပခဲ့ပြီး အင်းလေးဒေသတွင် နှစ်တိုင်း အင်းလေးမြန်မာ့သစ်ခွနေ့ သတ်မှတ်၍ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာ့ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးလာစေရန်မြှင့်တင်သည့်အနေဖြင့်လည်းကောင်း၊ မြန်မာ့ရှားပါးသစ်ခွများကို ထိန်းသိမ်းစောင့်ရှောက်ရန်လည်းကောင်း သစ်ခွပန်းပြပွဲကို ကျင်းပခြင်းဖြစ်ပြီး အဆိုပါပြပွဲတွင် မြန်မာ့မျိုးရင်းသစ်ခွမျိုးစုံကို တစ်ပြိုင်တည်းတွေ့မြင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ဒုတိယဝန်ကြီးက ဆိုသည်။



ယခုနှစ် သစ်ခွပန်းပြပွဲ၌ ပင်မပြခန်းအပြင် တောင်ကြီးဒေသသစ်ခွပြခန်း၊ ပင်းတယဒေသသစ်ခွပြခန်း၊ ကလောဒေသသစ်ခွပြခန်း၊ ညောင်ရွှေဒေသသစ်ခွပြခန်းတို့ပါဝင်ပြသခဲ့ပြီး ဒေသတစ်ခုစီ၏ ပြခန်းတစ်ခန်းတွင် သစ်ခွမျိုးရင်း ၆၀ ကျော်ခင်းကျင်းပြသနိုင်ခဲ့ကြောင်း၊ အဆိုပါ သစ်ခွပန်းပြပွဲတွင် ဒေသတစ်ခုစီ၏ ရိုးရာဓလေ့နှင့် အစားအစာများကိုပါ ခင်းကျင်းပြသထားကြောင်း၊ ယခုသစ်ခွပန်းပြပွဲပြုလုပ်ချိန်သည် နိုင်ငံခြားခရီးသွားဧည့်သည်များအဝင်များချိန်ဖြစ်၍ ဟိုတယ်လုပ်ငန်းရှင်များ ပြပွဲပြုလုပ်လိုသော်လည်း သစ်ခွပန်းမျိုးစေ့အစုံအလင်ပွင့်ချိန်သည် ဧပြီလဖြစ်၍ နောင်နှစ်များတွင် မည်သည့်လတွင် ပြပွဲပြုလုပ်မည်ကို မသတ်မှတ်ရသေးကြောင်း မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ညောင်ရွှေရုံးခွဲမှ အတွင်းရေးမှူး ဦးအောင်ကျော်မိုးက ပြောကြားသည်။

ကလော၊ တောင်ကြီး၊ ပင်းတယနှင့် ညောင်ရွှေဒေသထွက် သစ်ခွမျိုးရင်းများကို ပြပွဲမတိုင်မီ သုံးလလောက်ကတည်းက ရှာဖွေပြုစုစိုက်ပျိုးထားကြောင်း၊ အဆိုပါပြပွဲအတွက် ပင်းတယမြို့နယ်ရှိ ၇၇၅၂ ပေမြင့်သော အရှေ့မြင် အနောက်မြင်တောင်ပေါ်မှ သစ်ခွမျိုးရင်းများကို မြန်မာပန်းပညာရှင်များ၏အကူအညီဖြင့် စုဆောင်းထားရကြောင်း ပင်းတယဒေသသစ်ခွပန်းပြခန်း မှတာဝန်ရှိသူတစ်ဦးက ဆိုသည်။

အင်းလေးဒေသသည် မြန်မာနိုင်ငံ၌ သစ်ခွပန်းမျိုးစိတ်စုံလင်စွာ ပေါက်ရောက်ရာဒေသတစ်ခုဖြစ်ကြောင်း၊ ဧရိယာ ၂၄၈ စတုရန်းမိုင်ကျယ်ဝန်းသည့် အင်းလေးကန်ဘေးမဲ့တောအတွင်း သစ်ခွမျိုးစိတ်ပေါင်း ၁၀၈ မျိုးကို မှတ်တမ်းတင်ထားကာ မှတ်တမ်းမတင်ရသေးသည့် သစ်ခွမျိုးစိတ်အမြောက်အမြားကျန်ရှိနေသေးကြောင်း အဆိုပါဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံး၏ မှတ်တမ်းများအရသိရသည်။

# ဝါးချက်ဇီဝိတဒါနသံဃဆေးရုံ တစ်နှစ်အတွင်း ကျပ် ၃၇၅ သိန်းကျော် ကုသိုလ်ပြုကုသ

**မန္တလေး၊ ဧပြီ ၆**

ရဟန်းသံဃာနှင့် သီလရှင်များကို ဇီဝိတဒါနကုသိုလ်ပြုကုသပေးလျက်ရှိသည့် စစ်ကိုင်းမြို့ ဝါးချက်ဇီဝိတဒါနသံဃဆေးရုံသည် ၂၀၀၇–၂၀၀၈ ခုနှစ်အတွင်း ငွေကျပ် ၃၇၅ သိန်းကျော် အသုံးပြု၍ ဆေးဝါးကုသမှုပေးခဲ့ကြောင်း ယင်းဆေးရုံ၏ ထုတ်ပြန်ချက်အရသိရသည်။ ယင်းဆေးရုံကို ၁၉၈၄ ခုနှစ်မှ စတင်ဖွင့်လှစ်ပြီး ပြည်တွင်းမှ ဆရာဝန်ကြီးများ၊ ပြည်ပဆရာဝန်ကြီးများ၊ သူနာပြုများက အခမဲ့ကျန်းမာရေးကုသဆောင်ရွက်ပေးလျက်ရှိရာ ရဟန်းသံဃာ၊ သီလရှင်များအပြင် လူပုဂ္ဂိုလ်များပါ ကုသပေးလျက်ရှိကြောင်း၊ ယင်းဆေးရုံ၏ အဆောက်အအုံပြုပြင်ထိန်းသိမ်းစရိတ်၊ သောက်သုံးရေစရိတ်၊ မော်တော်ယာဉ်ပြုပြင်အသုံးစရိတ်၊ စက်ဆီ၊ ဒီဇယ်ဆီ အသုံးစရိတ်၊ ဆေးကုသမှုစက်ပစ္စည်းစရိတ်၊ ဆေးရုံဝန်ထမ်း လစဉ်ထောက်ပံ့ရေးစရိတ်စသည့် ဆေးရုံ၏ နေ့စဉ်နှစ်စဉ်သုံးစွဲနေရသော သိန်းပေါင်းများစွာကို အလှူရှင်များ၏ အလှူငွေများကိုအဓိကထား၍ စနစ်တကျသုံးစွဲလည်ပတ်နေကြောင်း ယင်းဆေးရုံမှ စုံစမ်းသိရှိရသည်။

ဆေးရုံ၏ အဆောက်အအုံပြုပြင်ထိန်းသိမ်းရေးအပါအဝင် ဆွမ်း၊ ဆေး၊ ရေ၊ လျှပ်စစ်မီးပဒေသာပင်၊ မျက်စိခွဲစိတ်ပဒေသာပင်၊ သွားပဒေသာပင်၊ နား၊ နှာခေါင်း၊ လည်ချောင်းကုသရေးပဒေသာပင်များကိုပါ ပါဝင်လှူဒါန်းနိုင်ကြောင်း ယင်းဆေးရုံကြီးကြပ်ရေးအဖွဲ့ထံမှသိရှိရသည်။


Mdy News

www.foreverspace.com.mm

# မွေးမြူရေးဝက်အရှင်ဈေးကျသော်လည်း ဝက်သားလက်လီဈေးနှုန်းမြင့်

**ရန်ကုန်၊ မတ် ၁၇**

မွေးမြူရေးဝက်အရှင်ဈေးနှုန်းများသည် ပြန်လည်ရောင်းချရာ၌ ဝက်မွေးမြူရသည့်စရိတ်မကာမိသည်အထိ ကျဆင်းလျက်ရှိသော်လည်း အသားအဖြစ်ရောင်းချသည့်အဆင့်၌ လက်လီဈေးနှုန်းများလိုက်ပါကျဆင်းခြင်းမရှိဘဲ မြင့်မားလျက်ရှိကြောင်း ရန်ကုန်တိုင်းအတွင်းရှိ ဝက်မွေးမြူရေးလုပ်ငန်းရှင်အသိုင်းအဝိုင်းထံမှ စုံစမ်းသိရှိရသည်။



ယင်းကဲ့သို့ ဝက်အရှင်များ ဈေးကျဆင်းရခြင်းမှာ မြန်မာကျပ်ငွေ တန်ဖိုးမြင့်လာခြင်း၊ စားအုန်းဆီဈေးနှုန်း များကျဆင်းခြင်းများနှင့် ဆက်နွှယ် ပတ်သက်လျက်ရှိသည်ဟု ဈေးကွက်ကျွမ်းကျင်သူများက တညီတညွတ်တည်း သုံးသပ်ပြောကြားသည်။

ကမ္ဘာ့ငွေကြေးအကျပ်အတည်းကြောင့် တရုတ်ငွေကြေးတန်ဖိုးကျဆင်းလျက်ရှိပြီး မြန်မာငွေတန်ဖိုးမြင့်မားလာသည့်အတွက် နယ်စပ်မှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့လေ့ရှိသော မြန်မာနိုင်ငံအထက်ပိုင်းမှ ဒေသဝက်များကို ရန်ကုန်ဈေးကွက်အတွင်းသို့ ပြောင်းလဲတင်ပို့ခြင်းများ ပြုလာသည်ဟု မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးပြည့်စုံက Living Color သို့ ပြောကြားသည်။

ယင်းကဲ့သို့ တရုတ်ငွေကြေးတန်ဖိုးကျဆင်းခြင်းမတိုင်မီက ရန်ကုန်ဈေးကွက်သို့ ဧရာဝတီတိုင်းမှ တင်ပို့သည့်ဒေသဝက်များသာ အဓိကဝင်ရောက်ခြင်းရှိခဲ့ ကြောင်း၊ ယခုလက်ရှိအခြေအနေတွင် နေ့စဉ်ဝက်သားစားသုံးမှု ပိဿာချိန်လေးသောင်းခန့်ဖြန်းအားရှိသည့် ရန်ကုန်ဈေးကွက်အတွင်းသို့ ဧရာဝတီတိုင်းမှ တင်ပို့သည့်ဒေသဝက်များအပြင် မြန်မာနိုင်ငံအထက်ပိုင်းမှ ဒေသဝက်များပါ စုပြုံဝင်ရောက်လာသည့်အတွက် ဝက်အရှင်ရောင်းဝယ်မှုဈေးကွက်၌ ရောင်းလိုအား ပိုများသည့် အခြေအနေများ ဖြစ်ပေါ်လျက်ရှိကြောင်း ၎င်းက ဆိုသည်။

ဖေဖော်ဝါရီလ ပထမပတ်မှစတင်၍ ရန်ကုန်ဝက်အရှင်ဈေးကွက်အတွင်း၌ ရောင်းလိုအားပိုများသည့်အခြေအနေများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအချိန်၌ စားအုန်းဆီဈေးနှုန်းကျဆင်းလာခြင်းနှင့်အတူ ဝက်ဆီဈေးနှုန်းများပါအပြိုင် ကျဆင်းသွားသည့်အတွက် ဝက်အရှင်ပေါက်ဈေးသည် ထုတ်လုပ်မှုစရိတ်အောက် ကျဆင်းသွားခြင်းဖြစ်ကြောင်း ရွှေမုခ်ဦးဝက်မွေးမြူရေးလုပ်ငန်းမှ အကြီးအကဲတစ်ဦးဖြစ်သူ ဦးလှိုင်မြင့်ဦးထံမှ သိရသည်။

လက်ရှိဝက်ဈေးကွက်ပေါက်ဈေး အရ အရည်အသွေးပေါ်မူတည်၍ မွေးမြူရေးဝက်အရှင် အချိန်တစ်ပိဿာလျှင် ၂,၄၀၀ ကျပ်မှ ၂,၉၀၀ ကျပ်ခန့် ဈေးပေါက်လျက်ရှိကြောင်း၊ အဆိုပါပေါက်ဈေးမှာ ယခင် ၃,၄၀၀ ကျပ်မှ ၃,၂၀၀ ကျပ် ကျဆင်းသွားသည့်ဈေးနှုန်းများဖြစ်ကြောင်း၊ ဝက်အရှင်တစ်ပိဿာ၏ ပုံသေပေါက်ဈေးမှာ လက်လီဝက်သားတစ်ပိဿာဈေး၏ ထက်ဝက်နှုန်းဖြစ်ကြောင်း ၎င်းကဆိုသည်။

ယခုအချိန်တွင် ရောင်းချရန် အသင့်ရှိနေသော ဈေးကွက်ဝင်အရွယ် မွေးမြူရေးဝက်အရှင် အချိန်တစ်ပိဿာ၏ထုတ်လုပ်မှုစရိတ်မှာ ၂၆၁၆ ကျပ်ရှိသည့်အတွက် လက်ရှိအနိမ့်ဆုံးပေါက်ဈေး ၂,၄၀၀ ကျပ်

# အမျိုးသားအဆင့် ပန်း၊ ငှက်၊ တိရစ္ဆာန်နှင့် အပင်တို့ သတ်မှတ်

**နေပြည်တော်၊ မတ် ၃**

မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် National Flower၊ National Bird၊ National Animal နှင့် National Tree တို့ကို အသီးသီးသတ်မှတ်အတည်ပြုလိုက်ကြောင်း အစိုးရအဖွဲ့၏ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင်ကျင်းပသော အစည်းအဝေးအမှတ် ၄၂/၂၀၀၈ အရ တရားဝင်သတင်းထုတ်ပြန်ထားသည်။

ယင်းတို့အနက် National Flowers အဆင့်ကို သုံးမျိုး၊ National Bird, National Animal, National Tree တို့ကို တစ်မျိုးစီရွေးချယ်သတ်မှတ်ပြီးနောက်ပိုင်း သက်ဆိုင်ရာဝန်ကြီးဌာနများမှတစ်ဆင့် သက်ဆိုင်ရာအစိုးရဌာနဆိုင်ရာရုံးများသို့လည်း အသိပေးအကြောင်းကြားထားပြီးဖြစ်ကြောင်း ယင်းသတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

National Flower သုံးမျိုးတွင် ပထမ သဇင်ပန်း၊ ဒုတိယ အင်ကြင်းပန်း တတိယ ပိတောက်ပန်းဖြစ်ပြီး National Bird အဖြစ် ဒေါင်း၊ National Animal အဖြစ် ဆင်ဖြူတော်နှင့် National Tree အဖြစ် ကျွန်းပင်တို့ကိုသတ်မှတ်လိုက်ကြောင်း အထက်ပါထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

**မင်းသုနိုင်**

www.foreverspace.com.mm



ဖြင့်ရောင်းလျှင်ပင် မွေးမြူသူသည် တစ်ပိဿာလျှင် ၂၀၀ ကျပ်ခန့် နစ်နာလျက်ရှိကြောင်း မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ရန်ကုန်တိုင်းမှ ဝက်မွေးမြူသူများ အနေဖြင့် ဈေးကွက်ပေါက်ဈေးအတိုင်း မွေးမြူရေးဝက်များကို ထုတ်လုပ်မှုစရိတ်အောက် ကျပ်နှစ်ရာခန့် လျှော့ကျရောင်းသော်လည်း ဒေသဝက်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပြီး ဝယ်ယူမည့်သူမရှိသည့် အခြေအနေများနှင့် ရင်ဆိုင်နေရကြောင်း၊ ယခင်က တစ်နေ့ဝက်ကောင်ရေ ၅၀ မှ ၇၀ အထိ ရောင်းအားရှိနေရာမှ ယခုအခါ တစ်နေ့ ၁၀ ကောင်ရောင်းရရန်ပင် မလွယ်ကူတော့ကြောင်း၊ ယင်းကဲ့သို့ ဝက်အရှင်ချိန် ဈေးနှုန်းများ ထုတ်လုပ်မှုစရိတ်အောက်ကျဆင်းလျက်ရှိသော်လည်း လက်လီဝက်သားတစ်ပိဿာ ပေါက်ဈေးနှုန်းမှာ ကျပ် ၅,၀၀၀ မှ ၆,၀၀၀ ကျပ်ခန့်ရှိကြောင်း ၎င်းကဆက်လက် ပြောကြားသည်။

မြန်မာနိုင်ငံအထက်ပိုင်း မန္တလေး၊ တောင်ငူ၊ နေပြည်တော် ပျဉ်းမနား စသည့် ဒေသများရှိ ဝက်ရောင်းချသူများ အနေဖြင့် ယခုအခါ ရန်ကုန်ဈေးကွက်သို့ ဒေသဝက်အရှင် တစ်ပိဿာလျှင် ၁,၆၀၀ ကျပ် ဖြင့်ဆင်း၍ ရောင်းချလာကြောင်း၊ ယခင်က ရန်ကုန်ရှိ ဝက်လိုင်စင် (င) လုပ်ကိုင်သူများက အဆိုပါဒေသများသို့ သွားရောက်၍ ဝက်အရှင် တစ်ပိဿာလျှင် ၂,၄၀၀ ကျပ်ဈေးဖြင့် ဝယ်ယူခြင်းများရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအထက်ပိုင်းမှ ဝက်အရှင်ရောင်းချသူများ အနေဖြင့်လည်း တရုတ်နိုင်ငံဈေးကွက်နှင့်နှိုင်းယှဉ်လျှင် ငွေကြေးပိုမိုရရှိသည့် ရန်ကုန်ဈေးကွက်သို့ဆင်း၍ ရောင်းချလာခြင်းဖြစ်ကြောင်း၊ စားသုံးသူများအနေဖြင့် မွေးမြူရေးဝက်နှင့် ဒေသဝက်ကို သီးခြားရွေးချယ်စားသုံးမှု မရှိသည့်အတွက် မွေးမြူရေးဝက်ဈေးနှုန်း၏ ထက်ဝက်ခန့် သက်သာသည့် ဒေသဝက်များကို ပိုမိုဝယ်ယူမှုပြုခြင်းဖြစ်ကြောင်း ဝက်လိုင်စင် (င) လုပ်ငန်းအသိုင်းအဝိုင်းထံမှ သိရသည်။

ဝက်လိုင်စင် (င) လုပ်ကိုင်သူများ အနေဖြင့် ပြန်လည်ရောင်းချသည့် လက်ရှိ ဝက်ဆီဈေးများသည် ၁,၇၀၀ ကျပ်ခန့်မှ ၁,၀၀၀ ကျပ်ခန့်အထိ ထက်ဝက်နီးပါး ခန့်ကျဆင်းသွားသော်လည်း စားအုန်းဆီ ပေါက်ဈေးပါ ကျဆင်းနေ၍ ဝက်ဆီကို ဝယ်သူမရှိဘဲ သိုလှောင်ထားရကြောင်း ၎င်းတို့ထံမှ သိရသည်။

Living Color၊ **မိုးခိုင်**

# အိုင်တီလုပ်ငန်းတွင် တိုက်ရိုက်ဝင်ရောက်လုပ်ကိုင်နိုင်သော သင်တန်းကျောင်းများလိုအပ်

**သတင်းဆောင်းပါး-Powerful Press၊ ၃၁-၃-၂၀၀၉**

**ကျွမ်းကျင်ဝန်ထမ်းများ လိုအပ်လျက်ရှိနေဆဲဖြစ်သည်ဟုဆိုသည့် ပြည်တွင်းရှိအိုင်တီလုပ်ငန်းများ အထူးသဖြင့် Software ရေးဆွဲခြင်းလုပ်ငန်းများတွင် တိုက်ရိုက်ဝင်ရောက်လုပ်ကိုင်နိုင်သည့် သင်တန်းကျောင်းများ နည်းပါးနေသေးရာ အရေအတွက်ထပ်မံတိုးချဲ့ဖွင့်လှစ်ရန်လိုအပ်နေသေးကြောင်း အိုင်တီလုပ်ငန်းအတွင်းမှ ပညာရှင်အချို့က Living Color သို့ပြောကြားသည်။**



အိုင်တီလုပ်ငန်းများ အများဆုံးတည်ရှိရာ ရန်ကုန်မြို့အခြေစိုက် အိုင်တီပညာရပ်ဆိုင်ရာ သင်တန်းကျောင်းအများအပြားရှိသော်လည်း ကျောင်းဆင်းအများစုမှာ အိုင်တီကုမ္ပဏီများတွင် အလုပ်အကိုင် ရရှိရန်ခက်ခဲလျက်ရှိနေသေးကြောင်း၊ ထို့ကြောင့် အိုင်တီပညာရေးနှင့် လုပ်ငန်းများ ချိတ်ဆက်သင်ကြားပို့ချသည့် သင်တန်းကျောင်းများလိုအပ်လျက်ရှိသေးကြောင်း ၎င်းတို့က ဆိုသည်။

"အခုတလော ဒီလိုသင်တန်းမျိုးဖွင့်တာ တစ်ခုနှစ်ခုလောက်တော့ရှိကြတယ်။ အများကြီးတော့ မတွေ့ရဘူး" ဟု Myanmar Information Technology Pte.Ltd.

www.foreverspace.com.mm



မှ Technical Director ဦးဇော်မိုးထွန်းက ပြောကြားသည်။

"Initial Education နဲ့ Skilled Industry ကြားမှာ Gap (ကွာဟချက်)က အကြီးအကျယ် ရှိနေပါသေးတယ်" ဟု BizSoft Business Information Systems မှ ဦးရဲရင့်ဝင်းက ဆိုသည်။

အဆိုပါကွာဟချက်ကို ဖြည့်ဆည်းရန်အတွက် သင်တန်းကျောင်းတစ်ခုဖွင့်လှစ်ရန်စီစဉ်နေကြောင်း မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အမှုဆောင်ကော်မတီဝင်တစ်ဦးက ယမန်နှစ်က ပြောဆိုခဲ့သည်။ ယခုအချိန်တွင် ယင်းကွာဟချက်ကိုဖြည့်ဆည်းရန်ရည်ရွယ်ချက်ဖြင့် ကြိုးပမ်းလာသောသင်တန်းကျောင်းအချို့ကို တွေ့မြင်လာရပြီး ယင်းသင်တန်းတက်ရောက်ကာ ဒီပလိုမာရရှိထားသူများအနေဖြင့် အိုင်တီလုပ်ငန်းနယ်ပယ်သို့ တိုက်ရိုက်ဝင်ရောက်လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း၊ ပညာဆက်လက်သင်ယူလိုသူများအနေဖြင့်လည်း နိုင်ငံရပ်ခြားတွင် အိုင်တီပညာရပ်ဆိုင်ရာ ဘွဲ့ဒီဂရီများအထိ ဆက်လက်တက်ရောက်နိုင်ကြောင်း အဆိုပါသင်တန်းကျောင်းမှထုတ်ပြန်သောလက်ကမ်းကြော်ငြာတွင် ဖော်ပြထားသည်။

အိုင်တီနယ်ပယ်အတွင်းသို့ဝင်ရောက်လိုသော တစ်နည်းအားဖြင့် Software အင်ဂျင်နီယာဖြစ်လိုသောသူများအဖို့ သင်တန်းကျောင်းရွေးချယ်မှုမှန်ကန်ရန် အထူးလိုအပ်ပြီး မိမိကိုယ်တိုင်လည်း ဝါသနာပါရန် အထူးလိုအပ်ကြောင်း MIT Pet.Ltd. မှ မန်နေဂျာ ဦးနေလင်းသန်းက မတ်လ ၂၂ ရက်တွင်ပြုလုပ်သော ဟောပြောဆွေးနွေးပွဲတစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတကာအဆင့်မီဟုသောသင်တန်းအချို့သည်ပင်လျှင် အမှန်တကယ်နိုင်ငံတကာ အဆင့်တွင် တိုးဝင်နိုင်ခြင်းမရှိသည်ကို သင်တန်းကျောင်းပြီးဆုံးသည့် အချိန်တွင်မှ သံသယဝင်လာခဲ့ကြောင်း အထက်ပါ ဟောပြောပွဲတက်ရောက်ဆွေးနွေးခဲ့သော အသက် ၂၀ အရွယ်ရှိကွန်ပျူတာကျောင်းသားတစ်ဦးက ၎င်း၏အမြင်ကို သုံးသပ်ပြောကြားသည်။

"ကြော်ငြာတွေကို Information Filter လုပ်တတ်ဖို့ အရမ်းလိုပါတယ်" ဟု ဦးဇော်မိုးထွန်းကဆိုသည်။ အိုင်တီနယ်ပယ်တွင်ဝင်ရောက်လုပ်ကိုင်လိုသူများအနေ ဖြင့် Software တစ်ခုကို မည်သည့် Language (ဘာသာရပ်) ဖြင့်ဖြစ်စေ ကျွမ်းကျင်စွာရေးဆွဲနိုင်ရန်လိုအပ်ကြောင်း၊ Language သည်အဓိကမဟုတ်ဘဲ ရေးဆွဲရန် Concept သည်သာလျှင် အဓိကကျကြောင်း ပညာရှင်အချို့က တညီတညွတ်တည်းပြောဆိုကြသည်။

"Logic Concept ကိုပဲရအောင်သင်ယူပါ။ Language က အရေးမကြီးပါဘူး။ Concept ရရင် Language အသစ်သင်ဖို့ အင်မတန်လွယ်ပါတယ်" ဟု ဝါရင့် Software အင်ဂျင်နီယာတစ်ဦးက အကြံ

# ငါးမြစ်ချင်း ပြည်ပအဝယ် ၃၀ ရာခိုင်နှုန်းခန့်ပြန်မြင့်တက်

**ရန်ကုန်၊ မတ် ၂၄**

မြန်မာ့ငါးမြစ်ချင်းကို ပြည်ပနိုင်ငံများ၏ဝယ်ယူမှု ၃၀ ရာခိုင်နှုန်းခန့် ပြန်လည်မြင့်တက်လာပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသန်းလွင်က Living Color သို့ ပြောကြားသည်။

၂၀၀၈ ခုနှစ်ကုန်ပိုင်းတွင် စတင်ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာ့ဘဏ္ဍာရေးအခက်အခဲများကြောင့် မြန်မာ့ငါးမြစ်ချင်းများ အဝယ်မရှိသလောက်အရောင်းအဝယ် အေးခဲ့ရာမှ ၂၀၀၉ ခုနှစ် ဇန်နဝါရီလအတွင်း အရောင်းအဝယ်အနည်းငယ်ရှိခဲ့ကြောင်း၊ ယခုမတ်လအတွင်း အရောင်းအဝယ် ၃၀ ရာခိုင်နှုန်းခန့် ပြန်လည်ရရှိလာပြီဖြစ်ကြောင်း ၎င်းက ဆိုသည်။

ယခုလက်ရှိ မတ်လ ၂၄ ရက်နေ့ ငါးမြစ်ချင်းငါး ပေါက်ဈေးမှာ ငါးအရွယ်အစား သတ်မှတ်ချက်များအလိုက် တစ်ပိဿာလျှင် ၁၄၀၀ ကျပ်မှ ၁၉၀၀ ကျပ် အထိပေါက်ဈေးရှိပြီး အရှေ့အလယ်ပိုင်းနိုင်ငံများမှ ဝယ်ယူမှုမြင့်တက်လာကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"အခုလက်ရှိ ငါးမြစ်ချင်း ပြည်ပအဝယ်လိုက်နေတယ်။ 2 Up၊ 3 Up Size တွေပေါ့။ အရင်က Offer ပေးရင် အကြောင်းတောင်မပြန်ဘူး။ အခုအကြောင်းပြန်တယ်။ လိုချင်ကြောင်းပေါ့။ ဈေးကိုတော့ ပိုမပေးသေးပါဘူး။ တိုးတောင်းနေပါတယ်" ဟု ရေထွက်ပစ္စည်းပြည်ပတင်ပို့နေသည့် လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

www.foreverspace.com.mm

ပြုသည်။

ကွန်ပျူတာတက္ကသိုလ်များ၊ သင်တန်းများမှ ကျောင်းဆင်းများအနေဖြင့် အိုင်တီလုပ်ငန်းဆိုင်ရာပတ်ဝန်းကျင်ကောင်းရှိရန် အထူးလိုအပ်ပြီး ယင်းကဲ့သို့ ပတ်ဝန်းကျင်ကောင်းကို ဖန်တီးတတ်ရန် လိုအပ်ကြောင်း၊ Software အင်ဂျင်နီယာတစ်ဦးဖြစ်လိုပါက Software နယ်ပယ်အတွင်းတွင်ဝင်ရောက်လုပ်ကိုင်ရန်လိုအပ်ကြောင်း ဦးနေလင်းသန်းက ဆိုသည်။ သင်တန်းကျောင်းများအနေဖြင့်လည်း သင်တန်းသဘောမျိုးမဟုတ်ဘဲ တစ်ဦးချင်း ကြီးကြပ်သင်ကြားသည့်အသွင်ရှိရန်လိုအပ်ကြောင်း ၎င်းက ဆိုသည်။

"Industry ထဲမှာ လုပ်တဲ့ပုံစံအတိုင်း Coaching လုပ်နိုင်ဖို့လိုပါတယ်။ Training သက်သက်နဲ့မရပါဘူး" ဟု အထက်ပါ ပုဂ္ဂိုလ်က ဖြည့်စွက်ပြောကြားသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကွန်ပျူတာတက္ကသိုလ်အသီးသီးမှ ဘွဲ့ရများမွေးထုတ်ပေးလျက်ရှိသော်လည်း အိုင်တီနယ်ပယ်တွင် တိုက်ရိုက်ဝင်ရောက်လုပ်ကိုင်နိုင်ရန် အဆင်သင့် မဖြစ်ကြသေးကြောင်း၊ ကျောင်းဆင်းခါစလူငယ်အများစုမှာ လုပ်ငန်းခွင်အတွင်းဝင်ရောက်ရန် နည်းလမ်းကိုမည်သည့်နေရာမှ စတင်ရကောင်းမှန်းမသိကြသေးကြောင်း ကွန်ပျူတာဘွဲ့ရကျောင်းသားအချို့က ပြောကြားသည်။

ပြည်ပထွက်အလုပ်လုပ်ကိုင်ခြင်းကြောင့်လည်း မြန်မာ့အိုင်တီနယ်ပယ်တွင် လူ့စွမ်းအားအရင်းအမြစ်ရှားပါးမှုပြဿနာကိုကြုံတွေ့နေရပြီး လုပ်ငန်းခွင်များအတွင်းမှ လိုအပ်သော Software အင်ဂျင်နီယာ Programmer အရေအတွက်ကိုလည်း ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသေးကြောင်း ဦးရဲရင့်ဝင်းက သုံးသပ်သည်။

# သုံးနှစ်အတွင်း ကျွန်းသစ်လုံးတန်ချိန် ၆၀၀၀ ပုဂ္ဂလိကသို့ ခွဲဝေပေးခဲ့ဟုဆို

**ရန်ကုန်၊ မတ် ၂၈**

သစ်အခြေခံလုပ်ငန်းရှင်များ၏ အဓိကလိုအပ်ချက်ဖြစ်သည့် စက်မှုကုန်ကြမ်း ကျွန်းသစ်အလုံးတန်ချိန် ၆၀၀၀ ကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ၂၀၀၆ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ သုံးနှစ်တာကာလအတွင်း အညီအမျှခွဲဝေပေးနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိန်လွင်က ပြောကြားသည်။

ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဆောက်အအုံ (IBC) ၌ မတ်လ ၂၈ ရက်နေ့တွင် ကျင်းပသည့်မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၏ (၁၅) ကြိမ်မြောက်နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားသည်။

၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးကာလတွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးစုစုပေါင်းကျပ် ၃၅.၃ ဘီလီယံတင်ပို့နိုင်ခဲ့ကြောင်း၊ ထိုအထဲတွင် သစ်မျိုးစုံတင်ပို့မှုမှ ကျပ် ၃.၀၈ ဘီလီယံ တင်ပို့နိုင်ခဲ့ကြောင်း၊ သစ်မျိုးစုံတင်ပို့မှုတွင် ကျွန်းသစ်တန်ချိန် ၂.၈ သိန်း၊ သစ်မာတန်ချိန် ၇.၉ သိန်း၊ အထပ်သားနှင့် သစ်ပါးလွှာတန်ဖိုး ကျပ် ၁၁၂ သန်းဖိုး ပါဝင်တင်ပို့ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ နှစ်စဉ်သစ်ထုတ်လုပ်မှုမှာ ကျွန်းကုဗတန်ချိန်နှစ်သိန်းကျော်နှင့် သစ်မာကုဗတန် ၁၄ သိန်းခန့်ရှိပြီး သစ်ထုတ်လုပ်မှု၏ ထက်ဝက်ခန့်ကို ပုဂ္ဂလိကပိုင်းမှ ထုတ်လုပ်ခြင်းဖြစ်ကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ယင်းအခမ်းအနားတွင် ထည့်သွင်းပြောကြားသွားသည်။

လက်ရှိအချိန်တွင် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းပြဿနာများမှာ သစ်အခြေခံစက်မှုလုပ်ငန်းများတွင် အတော်အတန် ထိခိုက်လျက်ရှိကြောင်း၊ ဥရောပ၊ အာရှနှင့် အရှေ့အလယ်ပိုင်း စသည့်ဈေးကွက်များ၏ အမှာစာများမှာ သိသိသာသာလျော့နည်းသွားကြောင်း၊ ယခုလက်ရှိတွင် သစ်အခြေခံစက်မှုလုပ်ငန်းများမှာ လက်ကျန်အမှာစာများကို တဖြည်းဖြည်းထုတ်လုပ်လျက် စီးပွားရေးဂယက်ကို တောင့်ခံထားနိုင်ရန် ကြိုးစားနေရကြောင်း သစ်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။



www.foreverspace.com.mm

# သွေးလွန်တုပ်ကွေးကာကွယ်ဆေးများ YCDC စင်ကာပူမှတင်သွင်း

**ရန်ကုန်၊ မတ်လ ၂၀**

မိုးမကျမီကာလတွင် ကြိုတင်ကာကွယ်မှုများပြုလုပ်နိုင်ရန်အတွက် သွေးလွန်တုပ်ကွေးကာကွယ်ဆေး Abate ဆေးပြား ကီလို ၇၅၀၀ တန်ဖိုးကျပ် သိန်း ၅၀၀ ကျော်ဖိုးကို မတ်လဆန်းတွင် စင်ကာပူနိုင်ငံမှ မှာယူတင်သွင်းထားပြီဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC) ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက မတ်လ ၁၈ ရက်နေ့တွင် ပြောကြားသည်။

အဆိုပါဆေးများကို YCDC အနေဖြင့် စုစုပေါင်း ကျပ် ၅၆၆ သိန်းဖိုး ကုန်ကျခံဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်နှစ်များတွင် ပြည်တွင်းဆေးများဖြင့်သာ ကာကွယ်မှုပြုလုပ်ခဲ့ပြီး ယခုတင်သွင်းမှုမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ ယင်းဆေးများကို ဧပြီလကုန်မှ စ၍ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ယခင်နှစ်များက သွေးလွန်တုပ်ကွေးရောဂါ အဖြစ်များခဲ့သည့် မြို့နယ်များတွင် အိမ်သုံးရေကန်၊ ရေစည်များ၌ ထည့်သွင်းအသုံးပြုသွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။



ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မြို့နယ် ၃၃ မြို့နယ်အနက် သွေးလွန်တုပ်ကွေးဖြစ်ပွားမှု အများဆုံးမြို့နယ် ၁၀ခုရှိကြောင်း၊ ယင်းတို့မှာ လှိုင်သာယာ၊ အင်းစိန်၊ ရွှေပြည်သာ၊ သင်္ဃန်းကျွန်း၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ သာကေတ စသည်တို့ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကျန်းမာရေးဌာနမှ စုံစမ်းသိရှိရသည်။

# လေဘေးသင့်ဒေသ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်းအသိရှိလာကြ

**သတင်းဆောင်းပါး – ကျော်ဇေယျာထွန်း၊ ၄–၄–၂၀၀၉**

**နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ခဲ့ပြီးသည့်နောက်ပိုင်း လေဘေးသင့်ဒေသများမှပြည်သူများသည် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ခြင်းအသိရှိလာကြကြောင်း လေဘေးသင့်ဒေသများမှ ကယ်ဆယ်ရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများက ပြောကြားသည်။**

နာဂစ်မုန်တိုင်းမတိုက်မီအချိန်က မိုးလေဝသသတင်းနှင့်ပတ်သက်၍ သတိမထားကြသလို ယခုကဲ့သို့ကြီးမားသည့် သဘာဝဘေးအန္တရာယ်ဖြစ်နိုင်သည်ကိုလည်း မယုံကြည်ကြကြောင်း၊ မိမိတို့ဒေသ၌ တစ်နာရီ မိုင် ၅၀ လေတိုက်နှုန်းမှာ ပုံမှန်တိုက်လေ့ရှိသည့် လေတိုက်နှုန်းသာဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နာဂစ်ဖြစ်စဉ်က တစ်နာရီ မိုင် ၅၀ နှုန်းဖြင့် တိုက်ခတ်မည်ဟု ဦးစွာသိရှိထားခြင်းကြောင့် သတိမထားဘဲနေခဲ့ကြခြင်းဖြစ်ကြောင်း၊ ယခုအခါ နာဂစ်အတွေ့အကြုံကြောင့် ကျေးရွာအတွင်း၌ မိုးလေဝသတင်းကို သတိထား၍ နားထောင်ကြသလို သဘာဝဘေးအန္တရာယ်ဖြစ်လာပါက အသက်အန္တရာယ်မဖြစ်စေရန် ကြိုတင်ကာကွယ်မှုများပြုလုပ်လာကြကြောင်း ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ရေတွင်းကုန်းကျေးရွာမှ ရေလုပ်ငန်းလုပ်ကိုင်သူ ဦးချို့ကြည်က ပြောကြားသည်။

"နာဂစ်ဖြစ်ပြီးတော့ ဘာမုန်တိုင်းတိုက်မယ်၊ ညာမုန်တိုင်းတိုက်မယ်ဆိုတဲ့အသံတွေကတော့ ကြားရတာပဲ။ ဒါပေမဲ့ သတိတော့ထားနေရတယ်။ ဘယ်လောက်တိုက်မှာလဲ၊ ဘယ်အချိန်လဲ၊ ဘယ်မှာတိုက်မှာလဲဆိုတဲ့အချက်တွေကို အသေအချာကြည့်ရတယ်။ ဒီအပေါ်မူတည်ပြီး ဟုတ်၊ မဟုတ်ဆိုတာကို ဆုံးဖြတ်ရတာပဲ" ဟု ၎င်းကပြောကြားသည်။

သဘာဝဘေးအန္တရာယ်ကျရောက်မည်ကို စောစောကြိုတင်သိရှိထားပါက

www.foreverspace.com.mm

အသက်ဘေးမှ လွတ်မြောက်ရန်အတွက် ကာကွယ်နိုင်ကြောင်း၊ အနားနီးမှသိရှိရပါက မြစ်၊ ချောင်းများကို ဖြတ်သန်းသွားရမည်ဖြစ်သောကြောင့် ဘေးလွတ်ရာသို့ လွတ်မြောက်နိုင်မည်မဟုတ်ကြောင်း၊ ယခုအခါ နာဂစ်ကဲ့သို့မုန်တိုင်းကျရောက်လာပါက အသက်ဘေးမှလွတ်မြောက်နိုင်ရန်အတွက် ကျေးရွာရှိအိမ်များတွင် ပလတ်စတစ်ရေပုံးနှင့် ငါးဖမ်းပိုက်ရှိ ပလတ်စတစ်ဘောလုံးကြီးများကို အသင့်ထားရှိကြကြောင်း ဒေးဒရဲမြို့နယ် သံဒိတ်ကျေးရွာမှ ရေလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

"ပလတ်စတစ်ရေပုံးတွေကတော့ ငါးဖမ်းတဲ့အိမ်တိုင်းမှာရှိတယ်။ နောက်ပြီး ပင်လယ်ငါးဖမ်းပိုက်က ပလတ်စတစ်ဘောလုံးတွေကိုလည်း အသုံးပြုလို့ရတယ်။ ဘောလုံးနှစ်လုံးကို ပုဆိုးထဲလိပ်ထည့်ထားပြီး လက်တစ်ဖက်ဆီမှာ လျှိုထားလိုက်ရင် လူသေစရာအကြောင်းကိုမရှိတော့ဘူး"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

"ကောလာဟလဆိုပြီး မယုံလို့လည်း မရဘူး။ အခုတော့ ကောလာဟလလည်း သတိထားပြီးနေရမှာပဲ။ တစ်ခါခံပြီးသွားပြီ။ နာဂစ်တုန်းက ကောလာဟလပါကွာဆို ပြီးနေခဲ့ကြတာ။ သေကြတာပဲ။ အခု


# မ႒ ထ႒သ (၃) ယာဉ်လိုင်း လမ်းကြောင်းသစ် ထပ်မံတိုးချဲ့ပြေးဆွဲ

**ရန်ကုန်၊ မတ် ၂၈**

ရန်ကုန်တိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (မ.ထ.သ) လက်အောက်ရှိ အမှတ် (၃) အစိမ်းယာဉ်ငယ်လိုင်းသည် မတ်လ ၁၅ ရက်မှစတင်၍ ကြည့်မြင်တိုင်ညဈေးမှ ကျောက်ကုန်းသို့ခရီးစဉ်လမ်းကြောင်းသစ် ထပ်မံတိုးချဲ့ပြေးဆွဲလိုက်ကြောင်း မ.ထ.သထံမှ စုံစမ်းသိရှိရသည်။

အဆိုပါ အမှတ်(၃)ယာဉ်လိုင်းသစ်ကို အမှတ် (၁၀၇)ယာဉ်လိုင်းလမ်းကြောင်းအတိုင်း ကြည့်မြင်တိုင်ညဈေးမှ လှည်းတန်း–ရွှေတောင်ကြားလမ်း–ကမ္ဘာအေးဘုရားလမ်း–စက်မှု (၁)လမ်း–ရန်ကင်း ၁၂ လုံးတန်းတို့ကို ဖြတ်သန်း၍ ကျောက်ကုန်းသို့ ယာဉ်စီးရေ ၁၄ စီးဖြင့် တိုးချဲ့ပြေးဆွဲခြင်းဖြစ်ကြောင်း၊ မူလက အဆိုပါ အမှတ်(၃)အစိမ်းယာဉ်လိုင်းသည် ဗဟိုအမျိုးသမီးဆေးရုံမှ အလုံ–ကြည့်မြင်တိုင်–ဗားကရာလမ်း–မြေနီကုန်း–ရွှေတိဂုံဘုရား–ရွှေတိဂုံဘုရားလမ်းအတိုင်း လသာလမ်းသို့ ပြေးဆွဲလျက်ရှိပြီး ၂၀၀၈ ခုနှစ်အတွင်း လမ်းမတော် ဗဟိုစည်မှ ရွှေတိဂုံဘုရားကိုဖြတ်၍ မင်္ဂလာဈေးသို့ ဒုတိယမြောက်ယာဉ်လိုင်းအဖြစ် တိုးချဲ့ပြေးဆွဲခဲ့ကြောင်း၊ ယခုယာဉ်လိုင်းသစ်မှာ အဆိုပါယာဉ်လိုင်း၏ တတိယမြောက်ယာဉ်လိုင်းဖြစ်ကြောင်း မ.ထ.သမှ စုံစမ်းသိရှိရသည်။

"ဒီလမ်းကြောင်းက ဈေးတွေ၊ တက္ကသိုလ်တွေ၊ ရုံးတွေ၊ ကုမ္ပဏီတွေများပြီး ပြေးဆွဲတဲ့ဘတ်စ်ကားလိုင်းက တစ်ခုပဲရှိတော့ ရုံးချိန်၊ ကျောင်းချိန်မှာ သိပ်ဒုက္ခရောက်တာ။ တစ်ခါတလေ တစ်စီးနဲ့တစ်စီး ၄၅ မိနစ်လောက်စောင့်ရတယ်။ အခုလိုယာဉ်လိုင်းသစ်တစ်လိုင်းတိုးလာတော့ နည်းနည်းအသက်ရှူချောင်သွားတာပေါ့"ဟု ရွှေတောင်ကြားရပ်ကွက်အတွင်းနေထိုင်သူ ခရီးသည်တစ်ဦးကဆိုသည်။





များများမှန်မှန်အားလုံးက နိုးနိုးကြားကြား နေနေရတယ်" ဟု လပွတ္တာမြို့နယ် အလယ်ရေကျော်ကျေးရွာအုပ်စု သဲဖြူကျေးရွာမှ လယ်ယာလုပ်ကိုင်သူ ဦးထွန်းလင်းက ပြောကြားသည်။

နာဂစ်မုန်တိုင်း တိုက်ပြီးသည့်နောက် ကျိုမငေးသို့ ပြောင်းရွှေ့လာခြင်းဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းကို ယခင်နေရာတွင်သာ သွားရောက်လုပ်ကိုင်ကြောင်း၊ မုန်တိုင်းဒဏ်ခံခဲ့ရသော ကျေးရွာများတွင် နေထိုင်ကြသူများသည် မြို့များသို့ ပြောင်းရွှေ့လာခြင်းများရှိကြောင်း၊ မြို့ပေါ်၌ ဆွေမျိုးရှိသူများနှင့် ငွေကြေးတတ်နိုင်သူများသည် ခြံမြေများဝယ်ယူကာ ပြောင်းရွှေ့လာသူက အများစုဖြစ်နေကြောင်း ၎င်းက ဆက်လက်ပြောကြား

www.foreverspace.com.mm

သည်။

နာဂစ်မုန်တိုင်းတိုက်မည်ကို ရေဒီယိုမှကြားသိခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိတို့ဒေသ၌ တစ်နာရီမိုင် ၆၀ လေတိုက်နှုန်းထားမှာ ပုံမှန်နှုန်းသာဖြစ်ကြောင်း၊ ရေတက်လာခြင်းကြောင့်သာ အားလုံးဒုက္ခရောက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ထပ်မံကြုံတွေ့ပါကလည်း မည်သည့်နေရာသို့ ပြေးရမည်ဆိုသည်ကို ကြိုတင်ကြည့်ထားပြီးဖြစ်ကြောင်း၊ နာဂစ်နောက်ပိုင်း NGO အဖွဲ့များမှ ရေဒီယိုလှူဒါန်းထားခြင်းကြောင့် ကျေးရွာအတွင်းရှိ အိမ်အများစုတွင် ရေဒီယိုရှိကြကြောင်း၊ မိုးလေဝသသတင်းကို ကြိုတင်အချိန်မီသိရှိပါကလည်း ဘေးလွတ်ရာသို့ ရှောင်တိမ်းနိုင်မည်ဖြစ်ကြောင်း၊ အချို့သောအိမ်ဆောက်နိုင်သူများသည် ရေဘေးအန္တရာယ်မှကာကွယ်ရန်အတွက် ခြေတံရှည်အိမ်များတည်ဆောက်လာကြကြောင်း



လပွတ္တာမြို့နယ်၊ ကညင်ကုန်း ကျေးရွာအုပ်စုမှ လယ်လုပ်ငန်းလုပ်ကိုင်သူ ဦးမြင့်စိုးက ပြောကြားသည်။

"မုန်တိုင်းတိုက်လို့ လေပြင်းပြီး ရေတက်လာတော့ ကျွန်တော်တို့လည်း စိုးရိမ်လာတယ်။ လေတိုက်နှုန်း ဘယ်လောက်ရှိတယ်ဆိုတာကို သိချင်လို့ ရေဒီယိုဖွင့်ကြည့်တော့ သီချင်းလာနေတယ်။ ကျွန်တော်တို့ ဆီမှာက တစ်နာရီမိုင် ၆၀ ဆိုတာ ပုံမှန်တိုက်နေကြ။ နောက်ထပ် ဒါမျိုးကြုံတွေ့မယ်ဆိုရင်တော့ လပွတ္တာမြို့က သုံးမိုင်မှာ သွားရှောင်နေဖို့ စီစဉ်ထားတယ်။ ကျွန်တော်တို့ရွာမှာလည်း Cyclone Shelter တစ်ခု ဆောက်ပေးထားစေချင်တယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ဆူနာမီ၊ မာလာမုန်တိုင်းနှင့် နာဂစ်မုန်တိုင်းတို့ကို ကြုံတွေ့ဖူးကြောင်း၊ သဘာဝဘေးအန္တရာယ်များကြုံတွေ့ဖူးသော်လည်း အခြားနေရာသို့ ပြောင်းရွှေ့ရန် အစီအစဉ်မရှိကြောင်း၊ နာဂစ်မုန်တိုင်းအတွေ့အကြုံကြောင့် နောင် ယခုကဲ့သို့ကြုံတွေ့လာမည်ဆိုပါက အခြားဘေးလွတ်ရာသို့ ပြောင်းရွှေ့ရှောင်တိမ်းမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရွာအနီးနား၌ Cyclone Shelter နှင့် အသက်ကယ်ကုန်းမြင့်တည်ဆောက်ထားခြင်းကြောင့် စိတ်သက်သာရာရရှိကြောင်း လပွတ္တာခရိုင် ပြင်စလူမြို့နယ်ခွဲရှိ လေယာဉ်ကွင်းကျေးရွာမှ ရေလုပ်သားတစ်ဦးက ပြောကြားသည်။

"နာဂစ်ဖြစ်ပြီးတော့ လေဘေးသင့်ဒေသကလူတွေမှာ အတွေ့အကြုံတွေ ရလိုက်ကြတယ်။ သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်ပြီးတော့လည်း အသိတွေ၊ သတိတွေရှိလာကြတယ်။ အိမ်တွေမပျက်စီးအောင် ဘယ်လိုဆောက်မယ်။ အသက်ဘေးလွတ်အောင် ဘယ်လိုနေကြမယ်ဆိုတာမျိုး ပြင်ဆင်လာကြတယ်။ နောက်ပြီး မိုးလေဝသသတင်းနဲ့ပတ်သက်ပြီးတော့လည်း သတိထားရမယ်ဆိုတာ သိလာကြတယ်။ ပြည်သူတွေဘက်က ဒီလိုပြောင်းလဲလာတာနဲ့ မိုးလေဝသအချိန်မီထုတ်ပြန်ပေးတာ၊ တိတိကျကျကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်ပေးတာနဲ့ဆိုရင် သဘာဝဘေးအန္တရာယ်ဖြစ်သည့်တိုင်အောင် အသက်ဆုံးရှုံးမှု၊ ပျက်စီးမှုတွေကို အများကြီးလျှော့ချနိုင်မှာပါ" ဟု လပွတ္တာမြို့အခြေစိုက် NGO အဖွဲ့အစည်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ■

# လေဘေးသင့်ဒေသများ ရေလှောင်ရန် ရာဝင်အိုးငါးသောင်း မိုးမကျမီ ဖြန့်ဝေမည်

**ဘိုကလေး၊ ဧပြီ ၂**

နာဂစ်လေဘေးသင့်မြို့နယ်များမှ ရေရှားပါးသောဒေသများအတွက် ရာဝင်အိုးအလုံးရေငါးသောင်းကို မိုးမကျမီ အပြီးဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ဘိုကလေးမြို့နယ်တွင်အခြေစိုက်၍ မုန်တိုင်းဒဏ်မှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် မွန်မြတ်ကရုဏာအဖွဲ့မှ ဦးတင်မောင်ထွေးက ပြောကြားသည်။ ယူနီဆက်၏ပံ့ပိုးမှုဖြင့် ဖြန့်ဝေပေးမည့် အဆိုပါရာဝင်အိုးများကို မော်လမြိုင်ကျွန်း၊ လပွတ္တာနှင့် ဘိုကလေးမြို့နယ်များတွင် ဦးစားပေးဖြန့်ဝေပေးသွားမည်ဖြစ်ပြီး လေဘေးသင့်မြို့နယ်များတွင် အဝီစိတွင်း ၁၁၀ ကို ယခုနှစ်အတွင်း တူးဖော်ပေးသွားရန်ရှိကြောင်း ၎င်းက ဆိုသည်။

ယခုပွင့်လင်းရာသီတွင် နာဂစ်ဒဏ်ခံစားခဲ့ရသော ရေရှားပါးသောဒေသများအ တွက် သောက်သုံးရေဖြန့်ဝေပေးခြင်းကို အဖွဲ့အစည်းများက အလေးထား၍ လူတစ်ဦးလျှင် တစ်ရက်သုံးလီတာနှုန်းဖြင့် ဖြန့်ဝေပေးနေသော်လည်း လုံလောက်မှုမရှိသဖြင့် မိုးရေသိုလှောင်သုံးစွဲနိုင်ရန် ရာဝင်အိုးများဖြန့်ဝေပေးခြင်း၊ ဖိုက်ဘာကန်များတပ်ဆင်ခြင်း၊ မြေသားကန်များတူးဖော်ခြင်းနှင့် ကန်ပေါင်များပြင်ဆင်ခြင်းကိုပါ မိုးမကျမီအပြီးဆောင်ရွက်လျက်ရှိကြောင်း UNICEF WASH Project မှတာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

အိမ်ထောင်စု ၉,၀၀၀ ခန့်ရှိသော ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာအုပ်စုတွင် တစ်အိမ်ထောင်လျှင် ရာဝင်အိုးလေးလုံးဖြန့်ဝေပေးထားပြီး သောက်သုံးရေဖြန့်ဝေပေးခြင်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် NGO အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ကြိမ်ချောင်းကြီး ရ.ယ.က ဥက္ကဋ္ဌထံမှ သိရှိရသည်။

www.foreverspace.com.mm



# မုန်တိုင်းဒီလှိုင်း သက်ရောက်မှုတိုင်းတာသည့် Program မင်္ဂလာမြန်မာရေးဆွဲ

**ရန်ကုန်၊ မေ ၂**

မြန်မာနိုင်ငံ၌ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကဲ့သို့ မုန်တိုင်းများနောက်တစ်ကြိမ်ထပ်မံကျရောက်ပါက မုန်တိုင်းနှင့်အတူပါလာသည့် ဒီရေလှိုင်းများ၏ အကျိုးသက်ရောက်မှုကို တိုင်းတာနိုင်မည့် ကွန်ပျူတာ Program တစ်ခုကို အမေရိကန်ပြည်ထောင်စု ဂျော်ဂျီယာပြည်နယ် Georgra Technicial University မှ တွဲဖက်ပါမောက္ခ Mr. Hermann Fridz ၏ နည်းပညာအကူအညီဖြင့် ရေးဆွဲလျက်ရှိကြောင်း နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ဒေသများ၌ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် မင်္ဂလာမြန်မာအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာရွှေသွင်က Living Color သို့ ပြောကြားသည်။

အဆိုပါကွန်ပျူတာ Program ကို ရေးဆွဲပြီးပါက မုန်တိုင်းနှင့်အတူပါလာမည့် ဒီရေလှိုင်းတို့၏ အကျိုးသက်ရောက်မှုကို ကြိုတင်ခန့်မှန်းတိုင်းတာနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ရေးဆွဲနိုင်ရန်အတွက် ဧရာဝတီတိုင်းရှိ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကို အဆိုးရွားဆုံးခံစားခဲ့ရသော ဘိုကလေး၊ ဖျာပုံ၊ ဒေးဒရဲ၊ ငပုတောမြို့နယ်တို့ရှိ ကျေးရွာများနှင့် ပင်လယ်ကမ်းခြေတစ်လျှောက်တွင် ၂၀၀၈ ခုနှစ် ဩဂုတ်လမှစတင်၍ ကွင်းဆင်းလေ့လာတိုင်းတာခဲ့ကြောင်း၊ မုန်တိုင်းဒီရေလှိုင်း၏ပမာဏနှင့် အကျိုးသက်ရောက်မှုကို ကြိုတင်ခန့်မှန်းသိရှိနိုင်သဖြင့် မုန်တိုင်းဒီရေနှင့် မလွတ်ကင်းသူများမှာ ဘေးလွတ်ရာသို့ အချိန်မီ တိမ်းရှောင်နိုင်ကြမည်ဖြစ်ကြောင်း၊ ယင်း Program ကို ၂၀၀၉ ခုနှစ်တွင် အပြီးရေးဆွဲသွားမည်ဖြစ်ပြီး Program ထွက်ပေါ်လာပါက သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ Program ရေးဆွဲနိုင်ရန်အတွက် DIFD အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းက ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

မင်္ဂလာမြန်မာအဖွဲ့သည် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပြည်ပ NGO များ၏ကူညီထောက်ပံ့မှုဖြင့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ဒေသများသို့ အမေရိကန်ဒေါ်လာ ၁၀ သိန်းနီးပါးရှိ အရေးပေါ်ကူညီထောက်ပံ့ရေးပစ္စည်းများ သွားရောက်ပံ့ပိုးပေးအပ်ခဲ့ပြီး ယခုအခါ ယင်းဒေသများတွင် ပြန်လည်ထူထောင်ရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပြင် Disaster Risk Management (DRM) (TOT) သင်တန်းနှင့် Community Based Disaster Risk Management (CBDRM) သင်တန်းများကိုပါ စီစဉ်ဖွင့်လှစ်ပို့ချလျက်ရှိသည်။



# သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အခြေခံပညာကျောင်းများတွင် သင်ကြားသင့်ဟုဆို

**သတင်းဆောင်းပါး– ၆–၄–၂၀၀၉**

**မြန်မာနိုင်ငံ၌ သဘာဝဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ အခြေခံပညာကျောင်းများတွင် ဘာသာရပ်ခွဲတစ်ခုအနေဖြင့် သင်ရိုးညွှန်းတမ်းပြဋ္ဌာန်းရေးဆွဲကာ ထည့်သွင်းသင်ကြားသင့်ပြီဖြစ်ကြောင်း စီမံခန့်ခွဲမှုပညာရှင် ကုလသမဂ္ဂအကြံပေးပုဂ္ဂိုလ် ပါမောက္ခဒေါက်တာအောင်ထွန်းသက်က တိုက်တွန်းပြောကြားသည်။**

မြန်မာနိုင်ငံ၌ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ပြီးချိန်မှစတင်၍ NGO အဖွဲ့အစည်းများ၏ စီစဉ်မှုဖြင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု (Disaster Risk Management-DRM) အလုပ်ရုံဆွေးနွေးပွဲများ၊ ဆင့်ပွားသင်တန်းများနှင့် ကျေးလက်အခြေပြုသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု (Community Based Disaster Risk Management-CBDRM) သင်တန်းများ

www.foreverspace.com.mm



ကို စီစဉ်ပို့ချသင်ကြားလျက်ရှိကြောင်း၊ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်းသည့် ဗဟုသုတနှင့် ယင်းတို့ကို ရင်ဆိုင်ကြုံတွေ့လာရပါက ဘေးဒုက္ခအန္တရာယ်မှ လျော့ပါးသက်သာစေရန် မည်ကဲ့သို့ ကြိုတင်ပြင်ဆင်ထားမည်၊ မည်ကဲ့သို့ ဘေးလွတ်ရာ ရွှေ့ပြောင်းမည် စသည့် Disaster Risk Reduction (DRR) သင်ခန်းစာများကို အခြေခံပညာကျောင်းသူကျောင်းသားအရွယ်ကတည်းက စနစ်တကျ သိရှိနားလည်ထားနိုင်ရန် အခြေခံပညာကျောင်းများတွင် ဘာသာရပ်ခွဲတစ်ခုအနေဖြင့် သင်ရိုးညွှန်းတမ်းပြဋ္ဌာန်းရေးဆွဲကာ ထည့်သွင်းသင်ကြားပို့ချသင့်ကြောင်း ၎င်းကဆိုသည်။

"DRR ကို ကျောင်းတွေမှာ သင်သင့်တယ်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းမှာ သင်ရိုးညွှန်းတမ်းကို ထည့်ဆွဲသင့်တယ်။ ကျောင်းသားတွေသိရင် သူတို့က တစ်ဆင့် မိဘတွေသိမယ်။ ခက်ခက်ခဲခဲ မဟုတ်ဘူး။ သူတို့နားလည်တဲ့စကားလုံးတွေနဲ့ပေါ့။ NGO တွေမှာ Material တွေ အများကြီးရှိတယ်။ ပိုစတာတွေလည်း ရှိတာပဲ။ သင်ပြီးလို့ ဖြစ်လာရင် ဘာလုပ်မလဲ ဆိုတဲ့ Plan ချထားတဲ့အထိပေါ့"ဟု ဒေါက်တာအောင်ထွန်းသက်က ပြောကြားသည်။

"ဒီ Disaster Risk Management တို့၊ Disaster Risk Reduction တို့လို ပညာရပ်တွေက နိုင်ငံခြားမှာ M.Sc တို့ Ph.D တို့တောင် ယူလို့ရတယ်။ ပေါ့သေးသေးမစဉ်းစားစေချင်ဘူး။ သင်တန်းတက်ရုံတင်မကဘဲနဲ့ အဲဒီအသိပညာကို ရွာသူရွာသားတွေအထိရောက်အောင် သွားပြန့်ပွားရမယ်။ ဖြစ်လာရင်ဘာလုပ်မလဲပေါ့။ Community Based Disaster Risk Management ပေါ့။ အဖြေက သူတို့ဟာ သူတို့ရှာမှရတယ်"ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

အထူးသဖြင့် မုန်တိုင်းအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နိုင်သည့် မြစ်ဝကျွန်းပေါ်နှင့် ပင်လယ်ကမ်းရိုးတန်းဒေသများတွင် ယင်းပညာရပ်များ ပြန့်ပွားရန်လိုအပ်ကြောင်း၊ ယင်းကဲ့သို့ သင်တန်းများ မဖွင့်လှစ်နိုင်သေးပါကလည်း ဒေသခံများအတွက် မုန်တိုင်းနှင့်ပတ်သက်သည့် အသိပညာနှင့် သတင်းအချက်အလက်များကို ဖြန့်ဖြူးပေးနိုင်မည့် ကမ်းရိုးတန်း WCD MA တယ်လီဖုန်း၊ ရေဒီယို၊ စာကြည့်တိုက်နှင့် ဆက်သွယ်ရေးစင်တာများကို စီစဉ်ထားပေးသင့်ကြောင်း နာဂစ်မုန်တိုင်းဒဏ်သင့် ဒေးဒရဲမြို့နယ် ဥတိုတိုးချဲ့ကျေးရွာကိုယ်ထူကိုယ်ထစာ ကြည့်တိုက်သို့ အပတ်

## Informatics မန္တလေးကျောင်းသားများကို Scholarship ပေး

**မန္တလေး၊ မတ် ၁၉**

စင်ကာပူနိုင်ငံ Informatics Institute ၌ဖွင့်လှစ်မည့် ဧပြီလ ကျောင်းအပ်ကာလအတွက် ဒီပလိုမာစတက်မည့် မန္တလေးမြို့မှကျောင်းသားများကို Scholarship (ပညာသင်ဆု) စင်ကာပူဒေါ်လာ ၁,၀၀၀ ချီးမြှင့်မည်ဖြစ်ကြောင်း Informatics မှ ကိုယ်စားလှယ်ရရှိထားသည့် Future Link International Education Provider မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မတ်လ ၂၈ ရက်နေ့တွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ပြုလုပ်မည့် ပညာရေးဆွေးနွေးပွဲ၌ စာရင်းအပ်နှံပြီး သတ်မှတ်အရည်အချင်းပြည့်မီသူ ၁၀ ဦးကို ပညာသင်ဆုပေးမည်ဖြစ်ရာ တက္ကသိုလ်ဝင်တန်းအောင်မြင်ထားပြီး ပညာသင်ဆုရယူလိုသူများမှာ Informatics Institute မှ စစ်ဆေးသော Placement Test ဖြေဆိုရမည်ဖြစ်ကြောင်း Future Link မှ ဦးနေမျိုးထွန်းက ရှင်းပြသည်။

Informatics Institute Education Seminar ကို မတ်လ ၂၆ ရက်နေ့တွင် လားရှိုးမြို့ လားရှိုးမိုတယ်၌လည်းကောင်း၊ မတ်လ ၂၈ ရက်နေ့တွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌လည်းကောင်း ပြုလုပ်မည်ဖြစ်ပြီး IT, Enegineering Network & Cyber Security, Business, Marketing, Postgraduate, MBA ဘာသာရပ်များအကြောင်း အထူးပြုဟောပြောသွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

Informatics သို့ တက်ရောက်လိုပါက တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး TOEFL 550, IELTS 5.5 မှတ်ရရှိရမည်ဖြစ်ကြောင်း ၎င်းထံမှ သိရှိရသည်။

Mdy.News

www.foreverspace.com.mm

စဉ့်ယုတ်သတင်း ဂျာနယ်များနှင့် စာအုပ်စာတမ်းများကို အပတ်စဉ်ပံ့ပိုးလှူဒါန်းလျက်ရှိသည့် တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်းမှ အမှုဆောင်တစ်ဦးက ဆိုသည်။

မြန်မာနိုင်ငံ၌ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်အပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် နောင် ယင်းကဲ့သို့ သဘာဝဘေးအန္တရာယ်များကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရန် Disaster Risk Management (DRM) ဆင့်ပွားနည်းပြသင်တန်းနှင့် ကျေးလက်အခြေပြု Community Based Disaster Risk Management (CDRM) သင်တန်းများကို ပြည်တွင်းပြည်ပ NGO အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၏ ပံ့ပိုးစီစဉ်မှုဖြင့် ဖွင့်လှစ်ပို့ချခဲ့ရာ ၂၀၀၉ ခုနှစ် မတ်လအထိ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်း၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ DRM ဆင့်ပွားနည်းပြသင်တန်းသား ၁၅၀ ဦးနှင့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်း မြို့နယ် ၁၂ မြို့နယ်မှ CDRM သင်တန်းသား ၆၃၀ ဦးတို့ကို ပို့ချပေးခဲ့ကြောင်း မင်္ဂလာမြန်မာအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

မြန်မာနိုင်ငံ၌ သဘာဝဘေးအန္တရာယ်များကျရောက်လာပါက စနစ်တကျ တုံ့ပြန်စီမံခန့်ခွဲဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ကြီးမှူး၍ ပြည်နယ်နှင့်တိုင်းများတွင် Disaster Assessment and Response Team (DART) (ဘေးဒုက္ခဆန်းစစ်လေ့လာရေးနှင့် တုံ့ပြန်ကယ်ဆယ်ရေးအဖွဲ့) ဆင့်ပွားသင်တန်းများနှင့် Community Based Diseaster Management (CBDM) (လူထုအခြေပြု ဘေးဒုက္ခစီမံခန့်ခွဲမှု) ဆင့်ပွားနည်းပြသင်တန်းများကို ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များအား ပို့ချသင်ကြားပေးလျက်ရှိကြောင်း မြန်မာနိုင်ငံကြက်ခြေနီအသင်း စီမံချက်အရာရှိ ဦးဇော်ထူးဦးက ပြောကြားသည်။

အလားတူနာဂစ်ဆိုင်ကလုန်းမုန်တိုင်းသင့်ဒေသများ၌ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသော ပြည်တွင်းပြည်ပ NGO များမှ ဝန်ထမ်းများ စီမံကိန်းလုပ်ငန်းများတွင် စီမံခန့်ခွဲဆောင်ရွက်နိုင်ရန်အတွက် Myanmar Egress Capacity Building Center က Project Cycle Management သင်တန်းများကို ဖွင့်လှစ်ပို့ချလျက်ရှိရာ ယခုအခါ သင်တန်း အပတ်စဉ် (၄) သို့ ရောက်ရှိနေပြီး သင်တန်းသားစုစုပေါင်း ၂၀၀ ဦးခန့်ကို လေ့ကျင့်မွေးထုတ်ခဲ့ကြောင်း ယင်းစင်တာမှ စုံစမ်းသိရှိရသည်။

၂၀၀၈ ခုနှစ် မေလ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖြတ်သန်းတိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ် ၁၆ မြို့နယ်တွင် လူဦးရေစုစုပေါင်း တစ်သိန်းသုံးသောင်းကျော် သေကျေပျောက်ဆုံးပြီး လူဦးရေ ၂ ဒသမ ၄ သန်းခန့် အိုးအိမ်များပျက်စီးဆုံးရှုံးခဲ့ရကြောင်း သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ (TCG) က ၂၀၀၈ ခုနှစ် ဇူလိုင်လတွင်ထုတ်ဝေသည့် Post-Nargis Joint Assessment အစီရင်ခံစာအရ သိရှိရသည်။

"နာဂစ်မုန်တိုင်းမှာ ဒီလောက်အသေအပျောက်များရတာ မုန်တိုင်းကြောင့်မဟုတ်ဘူး။ ကျွန်တော်တို့ရဲ့ Lack of Awareness (မုန်တိုင်းနှင့်စပ်လျဉ်းသည့် အသိပညာဗဟုသုတနည်းပါးမှု) ကြောင့်ပဲ" ဟု မင်္ဂလာမြန်မာအဖွဲ့အမှုဆောင်ဒါရိုက်တာ ဒေါက်တာရွှေသွင်က သုံးသပ်ပြောကြားသည်။

# အာဖရိကငါးခူ သားဖောက်ခြင်းနှင့်မွေးမြူခြင်းတွေ့ရှိပါက အကြောင်းကြားနိုင်

**ရန်ကုန်၊ မတ် ၂၄**

တိုင်းရင်းငါးမျိုးမျိုးတုံးနိုင်သည့်အန္တရာယ်ရှိသော အသားစားကြူးသည့် အာဖရိကငါးခူ သားဖောက်နေမှုနှင့် မွေးမြူခြင်းများတွေ့ရှိပါက ရန်ကုန်တိုင်း ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း အဆိုပါဌာနမှ တိုင်းဦးစီးမှူး ဦးသန်းဦးဝေထံမှ သိရသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် အာဖရိကငါးခူသားဖောက်လုပ်ငန်းများကို နှိမ်နင်းလျက်ရှိကြောင်း၊ ရန်ကုန်တိုင်းအတွင်း၌ လှည့်ကင်းသဘောမျိုးဖြင့် အဖွဲ့များဖွဲ့၍ ဆောင်ရွက်လျက်ရှိကြောင်း၊ အာဖရိကငါးခူကို သားဖောက်ခြင်း၊ ရောင်းဝယ်ခြင်းနှင့် မွေးမြူမှုများတွေ့ရှိပါက တယ်လီဖုန်း ၀၉-၈၅၅၀၇၅၇ သို့ ဆက်သွယ်အကြောင်းကြားနိုင်ပြီး အာဖရိကငါးခူမွေးမြူသူများကို ဥပဒေအရ ထောင်ဒဏ်၊ ငွေဒဏ်များ ချမှတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

အဆိုပါအာဖရိကငါးခူမျိုးမှာ ကြီးထွားနှုန်းကောင်းပြီး အသားစားကြူးသည့်ငါးမျိုးဖြစ်သည့်အတွက် ပတ်ဝန်းကျင်ရေပြင်များသို့ ပြန့်သွားပါက မြန်မာ့တိုင်းရင်း ငါးသယံဇာတမျိုးတုံးပျက်စီးသွားနိုင်သဖြင့် ယင်းကဲ့သို့ အာဖရိကငါးခူကာကွယ်နှိမ်နင်းခြင်းများကို လုပ်ဆောင်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အကြီးတန်းအရာရှိ ဦးဝင်းကြိုင်က ပြောကြားသည်။

ဈေးကွက်အတွင်း၌ အာဖရိကငါးခူများကို သဘာဝလယ်ငါးခူများနှင့်ရော၍ရောင်းချနေခြင်းများရှိနေသည့်အတွက် အာဖရိကငါးခူမျိုးမှာ ပိဿာနှင့်ချီပြီး ကြီးထွားနှုန်းကောင်းသော်လည်း ၁၅ ကျပ်သားအရွယ်ထိသာ မွေးမြူပြီး သဘာဝလယ်ငါးခူများနှင့်ရော၍ ရောင်းချနေခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။ ■

www.foreverspace.com.mm

# ကြက်ငှက်တုပ်ကွေးထိန်းချုပ်ရေး ပြည်သူလူထုအသိမြှင့်တင်ရေးသင်တန်းဖွင့်

**ရန်ကုန်၊ မတ် ၁၈**



ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ပြည်သူလူထုအသိမြှင့်တင်ရေးသင်တန်းကို မတ်လ ၁၆ ရက်နေ့မှ ၂၀ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးက Living Color သို့ ပြောကြားသည်။

ယင်းသင်တန်းကို နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုဖြစ်သည့် Care Myanmar နှင့်ပူးပေါင်းပြီး ၂၀၀၆ ခုနှစ်မှစတင်၍ နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး ယခုဖွင့်လှစ်ပေးသည့်သင်တန်းမှာ ခုနစ်ကြိမ်မြောက်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ယင်းသင်တန်းများတွင် မြန်မာနိုင်ငံရှိ မြို့နယ်ပေါင်း ၂၀၀ မှ တိရစ္ဆာန်ဆေးကုဆရာဝန်များကို သင်ကြားပို့ချပေးပြီး အဆိုပါဆရာဝန်များက ၎င်းတို့မြို့နယ်များရှိ ဖွံ့ဖြိုးရေးလုပ်သားများကို ထပ်ဆင့်ပို့ချပေးရမည်ဖြစ်ကြောင်း၊ သင်တန်းတွင် ဇီဝလုံခြုံမှုကောင်းမွန်သည့် ကြက်ခြံတည်ဆောက်ခြင်းအပါအဝင် ရောဂါကာကွယ်ရေးဆိုင်ရာ စသည်တို့ကို သင်ကြားပို့ချပေးကြောင်း ၎င်းထံမှ သိရသည်။

# မန္တလေး ကျောက်စိမ်း ဈေးကွက်အေး

**ရန်ကုန်၊ မတ် ၂၉**

တရုတ်ဝယ်လက်များဆင်းလာသော်လည်း မန္တလေးမဟာအောင်မြေ၊ ကျောက်စိမ်းဈေးကွက်သည် အရောင်းအဝယ်အေးနေဆဲဖြစ်ကြောင်း ယင်းကျောက်ဝိုင်းမှ အကျိုးဆောင်တစ်ဦးဖြစ်သူ ဦးမျိုးဇော်က မတ် လ ၂၆ ရက်နေ့တွင် ပြောကြားသည်။

"ယူနန်ပြည်နယ်ဘက်က ဝယ်လက်တွေ အများဆုံးလာတယ်၊ ရောင်းရတယ်လို့ ပြောနိုင်ပေမယ့် အကြွေးစနစ်နဲ့ ပေးကြတယ်။ သူတို့ဘက်မှာလည်း ကမ္ဘာ့ငွေကြေးဂယက်ရိုက်ခတ်မှုကြောင့် ဈေးကွက်အေးနေတော့ ဒီဘက်ကို တစ်လဆိုင်း၊ နှစ်လဆိုင်းပြီးမှ ငွေချေတာတွေလည်း ရှိတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

"မနှစ်က သင်္ကြန်နားနီးချိန်မှာ အရောင်းအဝယ်သွက်ပြီး ဒီနှစ်တော့ အရောင်းအဝယ်ပါးတယ်။ ဝယ်လိုအားလျော့နည်းတာကို တွေ့ရပါတယ်" ဟု ကျောက်စိမ်းဈေးကွက်မှ အကျိုးဆောင်တစ်ဦးက သုံးသပ်သည်။

မဟာအောင်မြေကျောက်စိမ်းရောင်းဝယ်ရေးဈေးကွက်သည် မတ်လအတွင်း၌ ဈေးကွက်အတွင်းရုံများမှ လက်ကောက်နှင့် အပြင်တန်းရှိ လွှာချပ်အရောင်းများ အနည်းငယ်အရောင်းအဝယ်လုပ်ခဲ့ပြီး ပြန်ငြိမ်ခဲ့ကြောင်း၊ အပွင့်သမားနှင့် အတုံးသမားများ ဈေးအေးပြီး အရောင်းမရှိသည်ကို တွေ့ရှိခဲ့ရကြောင်း ကျောက်စိမ်းဈေးကွက်မှ စုံစမ်းသိရှိရသည်။

ယင်းကျောက်စိမ်းဈေးကွက်နှင့်အပြိုင် ကမ္ဘာကျော်ကျောက်စိမ်းများထွက်ရှိရာ ဖားကန့်ကျောက်စိမ်းလုပ်ငန်းများတွင်လည်း ကုန်ရှားပါးမှုများ ကြုံနေရကြောင်း၊ ဈေးကွက်မရှိ၍ တူးဖော်ရေးလုပ်ငန်းများကို ရပ်နားထားကြသဖြင့် ၎င်းကို အမှီပြုနေကြရသည့် လုပ်သားများ ဝင်ငွေလျော့ပါးသွားကြကြောင်း၊ ကျပ်သိန်းထောင်ချီ ရင်းနှီးထားရသော ကုမ္ပဏီများမှာလည်း ယခုအခါ ကျောက်စိမ်းဈေးကွက် အေးသဖြင့် အရှုံးပေါ်နေကြောင်းမဟာအောင်မြေ ကျောက်ဝိုင်းသို့ ခေတ္တရောက်ရှိနေသည့် ဖားကန့်မှ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းရှင် ဦးပြည့်စုံက ဖြည့်စွက်ပြောကြားသည်။

"ကျွန်တော်တို့လောကအရောင်းအဝယ်ဖြစ်မဖြစ်သိချင်ရင် ခင်ဗျားတို့ကြည့်ဗျာ။ ဘိလိယက်၊ စန္နုကာထိုးနေတာ၊ ဇယ်တောက်နေတာ၊ ကျားကစားနေတာ၊ ဒါအဖြေပဲဖြစ်မယ်ထင်တယ်" ဟု အကျိုးဆောင်တစ်ဦးက ဆိုသည်။

Mdy-News

www.foreverspace.com.mm



# လယ်ကြွက် အရအမိများ၍ ဈေးကျ

**ရန်ကုန်၊ မတ် ၂၉**

ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသ၏ ကျေးရွာအများစုတွင် လယ်ကြွက်များ ပေါများစွာ ဖမ်းဆီးရမိနေသဖြင့် ကြွက်သား တစ်ဆယ်ကျပ်သား ၂၀၀ ကျပ်ခန့်သို့ ဈေးကျဆင်းလာကြောင်း ဒေသခံများက ပြောကြားသည်။

၎င်းတို့ရွာတွင် ကြွက်အရှင်တစ်ပိဿာ ၄၀၀၀ ကျပ်၊ ဝက်သားတစ်ပိဿာ ၃၀၀၀–၃၅၀၀ ကျပ်၊ အမဲသားလက်ငင်းဈေးတစ်ပိဿာ ၂၀၀၀ ကျပ်၊ အကြွေး ၂၅၀၀ ကျပ်ရှိပြီး ငါး၊ ပုစွန်မှာ တစ်ဆယ်ကျပ်သား ကျပ် ၃၀၀ ကျပ်ခန့်ရှိကြောင်း၊ ကြွက်သားတစ်ပိဿာ ၂၀၀၀ ကျပ်ခန့်သာရှိပြီး ဝက်သားနှင့် အမဲသားမှာ ရံဖန်ရံခါမှသာရသည့်အသားဖြစ်နေ၍ ယခုနှစ် ပေါပေါများများရပြီး အရသာကောင်းသည့် ကြွက်သားကို ပိုမိုစားသုံးလာကြကြောင်း လပွတ္တာမြို့နယ်ခရိုင် ကညင်ကုန်းရွာသား အသက် ၃၅ နှစ်အရွယ် ဦးမြင့်လွင်က ဆိုသည်။

အကြီးဆုံး ကြွက်တစ်ကောင်လျှင် ၅၀ ကျပ်သားအထိရှိပြီး အသေးဆုံးမှာ ၁၀ ကျပ်သားခန့်ရှိကြောင်း၊ တစ်ညထောင်လျှင် သုံးပိဿာ၊ လေးပိဿာခန့်ရကြောင်း ကညင်ကုန်းကျေးရွာမှ ကြွက်ထောင်သူတစ်ဦးက ဆိုသည်။

နာဂစ်မုန်တိုင်းဖြစ်ပွားပြီးနောက်ပိုင်း စပါးပေါ်ချိန်မှစ၍ လယ်ကြွက်များ ပေါပေါများများတွေ့မြင်ရကြောင်း၊ ယခုနှစ်တွင် ကြွက်နှင့်ဖားများ အထူးများပြားခြင်းမှာ နာဂစ်မုန်တိုင်းတိုက်ခတ်စဉ် ကြွက်ကိုစားသုံးသည့်မြွေများသေဆုံးသွား၍ဖြစ်ကြောင်း၊ ယခုနောက်ပိုင်း ကြွက်များသည် ယခင်တွေ့နေကျ ကြွက်များနှင့်မတူဘဲ ပေါက်ဖွားနှုန်းများကြောင်း၊ မြွေများနည်းတူ ကျီးကန်းနှင့်ဇရက်ငှက်များ သေဆုံးသွား၍ ကြွက်များ ယခုကဲ့သို့ ပေါက်ဖွားနှုန်းများပုံရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကြွက်မျိုးစိတ်အမျိုးမျိုးရှိသော်လည်း ယခုတောရွာများတွင် တွေ့ရသည်မှာ ကြွက်ဖလောင်း၊ သဘော်ကြွက်၊ ကြွက်ညို တို့ဖြစ်ကြောင်း၊ ခန္ဓာကိုယ်အလေးချိန် ၅၀ ဂရမ် (သုံးကျပ်သား) ရှိသော ကြွက်တစ်ကောင်သည် နေ့စဉ် ၎င်းခန္ဓာကိုယ်၏ အလေးချိန် ၇၀ ရာခိုင်နှုန်းခန့်ရှိ အစာရှာဖွေစားသောက်သကဲ့သို့ သုံးကျပ်သား အောက်နည်းသောကြွက်သည် ယင်းခန္ဓာကိုယ်၏ ၁၅ ရာခိုင်နှုန်းရှိ အစာကို စားသောက်ကြကြောင်း အငြိမ်းစားလယ်ယာထွက်ကုန်ရောင်းဝယ်ရေးမန်နေဂျာတစ်ဦးကဆိုသည်။

# ကမ္ဘာ့စီးပွားကျကပ်ကြုံသော်လည်း ပြည်ပကုန်သွယ်မှု ကန်ဒေါ်လာ ၁၀ ဘီလီယံကျော်ဟုဆို

**ရန်ကုန်၊ ဧပြီ ၁**

မြန်မာနိုင်ငံအနေဖြင့် ၂၀၀၈ ခုနှစ်အတွင်း နာဂစ်မုန်တိုင်းကဲ့သို့ သဘာဝဘေးဒဏ်အပါအဝင် ကမ္ဘာ့စီးပွားကျကပ်တို့နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်လည်း ၂၀၀၈–၂၀၀၉ ဘဏ္ဍာနှစ်မကုန်ခင် ၂၀၀၉ ဖေဖော်ဝါရီလအထိ ပြည်ပကုန်သွယ်မှုမှ ကန်ဒေါ်လာ ၁၀ ဘီလီယံကျော်ရရှိခဲ့ပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံကျော် ကုန်သွယ်မှုပိုငွေရှိကြောင်း ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ၏ပြောကြားချက်အရ သိရသည်။

နေပြည်တော် မြို့တော်ခန်းမတွင် မတ်လ ၃ ရက်နေ့က ပြုလုပ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နှစ်ပတ်လည်အစည်းအဝေးတွင် ၎င်းက ထိုသို့ထည့်သွင်းပြောကြားခြင်း ဖြစ်သည်။

ယခုဘဏ္ဍာရေးနှစ်၏ ယာယီစာရင်းများအရ ကုန်သွယ်မှုတန်ဖိုးသည် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး၏ ၂၁ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ၂၀၀၇–၂၀၀၈ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၈ ဘီလီယံနီးပါးရှိခဲ့ပြီး ၂၀၀၈–၂၀၀၉ တွင်မူ ဘဏ္ဍာနှစ်မကုန်မီ ဖေဖော်ဝါရီလအထိ ကာလအတွင်း ၁၀ ဒသမ ၂ ဘီလီယံကျော်အထိ ရရှိနေခဲ့ကြောင်း၊ ယမန်နှစ်ထက် ၄ ရာခိုင်နှုန်းကျော်တိုးတက်မှုရှိနေသည်ကို တွေ့ရကြောင်း ယင်းအခမ်းအနားတွင် ဝန်ကြီးချုပ်၏ ရှင်းပြချက်အရ သိရသည်။

ထို့အတူ ပို့ကုန်တင်ပို့မှုအပိုင်းတွင် ယခင်နှစ်ထက် အမေရိကန်ဒေါ်လာ ၆ သန်းခန့် တိုးတက်တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်ပိုင်းတွင်လည်း ယမန်နှစ်နှင့်နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၄၆၅ သန်းကျော် တိုးတက်တင်သွင်းနိုင်ခဲ့ကြောင်း ဝန်ကြီးချုပ်၏အဆိုအရသိရသည်။

ထို့ပြင် မြန်မာနိုင်ငံမှ ၂၀၀၈ ခုနှစ် မေလတွင် တစ်ခါမျှမကြုံဖူးသည့် သဘာဝဘေးဒဏ်ဖြစ်သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကိုခံစားခဲ့ရကြောင်း၊ ယင်းနှစ် အောက်တိုဘာလတွင်ပင် ကမ္ဘာနှင့်အဝန်းရင်ဆိုင်ရသော စီးပွားရေးအကျပ်အတည်းကိုလည်း အထိုက်အလျောက်တွေ့ကြုံရင်ဆိုင်ခဲ့ရပြီး ပြည်ပဝယ်လိုအားကျဆင်းလာသည့်အတွက် ပို့ကုန်ပမာဏလျော့နည်းလာခဲ့သကဲ့သို့ ပို့ကုန်ဈေးနှုန်းကျဆင်းမှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် နိုင်ငံတွင်းငွေကြေးလဲလှယ်မှုနှုန်းထား အပြောင်းအလဲဖြစ်လာခဲ့၍ မတည်မငြိမ်ဖြစ်ခဲ့သည်ကိုလည်း တွေ့ကြုံခဲ့ရကြောင်း ဝန်ကြီးချုပ်၏ ဆက်လက်ပြောကြားချက်အရ သိရသည်။

■

www.foreverspace.com.mm

# မော်ဒယ်လ်မြင့် Handset ဈေး ပြန်လည်မြင့်တက်

**ရန်ကုန်၊ မတ်လ ၂၈**

အမေရိကန်ဒေါ်လာနှင့် မြန်မာငွေလဲလှယ်နှုန်းတွင် မြန်မာငွေတန်ဖိုး မြင့်မားလာသောကြောင့် ဈေးကျဆင်းခဲ့ရသော မော်ဒယ်လ်မြင့်ဖုန်း Handset များမှာ ယခုရက်ပိုင်းတွင် ဈေးပြန်လည်မြင့်တက်လာကြောင်း ရန်ကုန်မြို့တော်အခြေစိုက် ဖုန်းအပိုပစ္စည်းရောင်းဝယ်ရေးဆိုင်များမှ စုံစမ်းသိရှိရသည်။

၂၀၀၉ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းအတွင်းက သိန်းဂဏန်းထိ ဈေးကျခဲ့သော မော်ဒယ်လ်မြင့် Handset များမှာ ယခုပေါက်ဈေးတွင် ကျဈေးထက် အနိမ့်ဆုံး ကျပ် ၅၀၀၀ မှ ၁၀၀၀၀ ဝန်းကျင်ထိ မြင့်တက်လာခဲ့ကြောင်း၊ ဝယ်ယူတင်သွင်းသောနိုင်ငံတွင် ပစ္စည်းရှားပါးခြင်းတို့ကြောင့် ဈေးအမြင့်ပေးဝယ်ယူနေရကြောင်း Mr. Fone Telecom Centre မှ အထွေထွေမန်နေဂျာ ဦးကိုကိုအောင်က ပြောကြားသည်။



လက်ရှိဈေးကွက်တွင် မော်ဒယ်လ်မြင့် Handset များ အရောင်းအဝယ်ပုံမှန်ရှိနေပြီး တစ်ခါသုံးဖုန်းကတ်အသုံးပြုသူများပင်လျှင် မော်ဒယ်လ်မြင့် Handset များကို အသုံးပြုလာကြကြောင်း၊ နှစ်ဆန်းပိုင်းက မော်ဒယ်လ်မြင့် Handset တစ်လုံးလျှင် ကျပ်တစ်သိန်းထိလည်းကောင်း၊ မော်ဒယ်လ်အလတ်ဆိုပါက တစ်လုံး ကျပ်သုံးသောင်းနှင့် မော်ဒယ်လ်နိမ့် ကျပ်ခုနစ်ထောင်နီးပါးခန့် အသီးသီးကျဆင်းခဲ့ကြောင်း ၎င်းက ရှင်းပြသည်။

စင်ကာပူနိုင်ငံမှ ဝင်ရောက်သော မော်ဒယ်လ်မြင့် Noika နှင့် Sony Handset များမှာ ကျပ်လေးသိန်းမှ ငါးသိန်းဝန်းကျင်ပေါက်ဈေးရှိနေပြီး ယင်းနိုင်ငံတွင် ပစ္စည်းရှားပါးနေခြင်း၊ ငွေကြေးဈေးမြင့်မားလာခြင်းတို့ကြောင့် ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှဝင်ရောက်သော Handset များမှာ ကျပ်ခြောက်သောင်းမှ နှစ်သိန်းဝန်းကျင်သာ ပေါက်ဈေးရှိပြီး ဈေးငြိမ်နေကြောင်း ကျောက်တံတားမြို့နယ် မိုဘိုင်းလ်ဖုန်းအပိုပစ္စည်းရောင်း ဝယ်ရေးဆိုင်တစ်ဆိုင်မှ တာဝန်ခံတစ်ဦးက ဆိုသည်။

# ကျွန်းဧကနှစ်သောင်း ပုဂ္ဂလိကစိုက်ပျိုးဟုဆို

**ရန်ကုန်၊ မတ် ၂၉**

ပုဂ္ဂလိကလုပ်ငန်းရှင်များက ကျွန်းစိုက်ခင်းဧကနှစ်သောင်းစိုက်ပျိုးခြင်းကို စီမံကိန်းချဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိန်လွင်က ပြောကြားသည်။

ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဆောက်အအုံ (IBC) ၌ မတ်လ ၂၈ ရက်တွင် ကျင်းပသည့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၏ (၁၅) ကြိမ်မြောက်နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် ၎င်းက အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းအနေဖြင့် အသင်းဝင်ကုမ္ပဏီများကို ဦးဆောင်စည်းရုံး၍ ကျွန်းစိုက်ခင်းဧကနှစ်သောင်းခန့်ကိုစိုက်ပျိုးနိုင်ရန် စီမံကိန်းများချမှတ်ဆောင်ရွက်နေကြောင်း၊ အဆိုပါစီမံကိန်းကို ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်မှ စတင်၍ ဆောင်ရွက်နေခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံတွင် ယခုလက်ရှိကာလ၌ ကျွန်းသစ်ဧရိယာဧက ခြောက်သိန်းကျော်နှင့် ပျဉ်းကတိုး၊ ပိတောက် စသည့်သစ်မာ သစ်တောဧရိယာဧက ရှစ်သိန်းကျော်ရှိကြောင်း၊ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်ပနိုင်ငံများသို့ သစ်မျိုးစုံကျပ် ၃ ဒသမ ၀၈ ဘီလီယံဖိုးခန့် တင်ပို့နိုင်ခဲ့ကြောင်း၊ ယင်းတို့တွင် ကျွန်းသစ်တန်ချိန် ၂ ဒသမ ၈ သိန်း တန်ဖိုးအားဖြင့် ကျပ် ၁ ဒသမ ၅၄ ဘီလီယံနှင့် သစ်မာတန်ချိန် ၇ ဒသမ ၉ သိန်း တန်ဖိုးအားဖြင့် ၁ ဒသမ ၄၂ ဘီလီယံတင်ပို့နိုင်ခဲ့ကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ရှင်းပြသည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကျွန်းစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ အများပိုင်ပုဂ္ဂလိကကုမ္ပဏီ Naional Resource Development Co., Ltd. အနေဖြင့် ကျွန်းသစ်ဧက ၁၆၀၀၀ ကို ၂၀၀၇ ခုနှစ်က စတင်စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၀၇ ခုနှစ်အတွင်း ပဲခူးတိုင်း မဒေါက်တွင် ကျွန်းသစ်ဧက ၃၀၀၊ ကျောက်တံခါးမြို့နယ်တွင် ဧက ၁၆၀၀၊ တောင်ငူခရိုင် ရေတာရှည်မြို့နယ်တွင် ဧက ၅၀၀၀ တို့ကို စိုက်ပျိုး (သတင်းဖော်ပြပြီး The Voice Weekly Vol-4/No-23) ခဲ့ကြောင်း အဆိုပါအသင်း၏ မှတ်တမ်းများအရ သိရှိရသည်။

**မိုးခိုင်**

# မြစ်ဝကျွန်းပေါ် သဲဖုံးလယ်ယာများ စပါးထက် ဖရဲသီး ပိုမိုစိုက်ပျိုး

**လပွတ္တာ၊ မတ် ၂၆**

နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့ခြင်းကြောင့် သဲများဖုံးလွှမ်းခဲ့သော ပင်လယ်ကမ်းစပ်နားရှိ လယ်ယာမြေများတွင် ဖရဲသီးစိုက်ပျိုးဖြစ်ထွန်းလျက်ရှိကြောင်း ဧရာဝတီတိုင်း လပွတ္တာခရိုင် ကုန်းကြီးကျေးရွာအုပ်စု လေယာဉ်ကွင်းကျေးရွာမှ လယ်ယာလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

ယခင်ကဖရဲသီးကို လယ်လုပ်ငန်းပြီးဆုံးသည့်အချိန်၌ ပုံမှန်စိုက်ပျိုးခဲ့ကြကြောင်း၊ မုန်တိုင်းကြောင့် အဆိုပါလယ်ယာမြေ၌ စပါးစိုက်ပျိုး၍မရတော့ဘဲ ဖရဲသီးတစ်မျိုးသာစိုက်ပျိုးနိုင်တော့ကြောင်း၊ ဖရဲသီးသည် အပူခံတတ်၊ အငန်ခံတတ် ကြိုက်ခြင်းကြောင့် သဲဖုံးလယ်မြေများတွင် ဖြစ်ထွန်းနေကြောင်း၊ ထို့ပြင် NGO အဖွဲ့များက စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေပေးခြင်းကြောင့်လည်း ဖရဲသီးများ အရည်အသွေးကောင်းကာ ဈေးကောင်းရလျက်ရှိကြောင်း၊ ယခင်က သဘာဝဖရဲသီးတစ်လုံးလျှင် ၄၀၀ ကျပ်ခန့်သာရရှိပြီး ယခုအခါပိုးသတ်ဆေး၊ မြေဩဇာများဖြင့် စနစ်တကျစိုက်ပျိုးခြင်းကြောင့် ဖရဲသီးသုံးလုံး၊ လေးလုံးခန့်လျှင် ကျပ် ၁၀၀၀၀ ခန့်ရှိကြောင်း ၎င်းက ပြောကြားသည်။

ဖရဲသီးစိုက်ပျိုးသူများသည် ဖရဲသီးကို လေးငါးဧကခန့် ပုံမှန်စိုက်ပျိုးကြပြီး အရင်းအနှီး ကျပ် ၁၅သိန်း၊ သိန်း ၂၀ ခန့်ရှိကြောင်း၊ စိုက်ပျိုးရရှိသည့် ဖရဲသီးများကို လည်း ပြင်စလူမြို့နယ်ခွဲရှိ အရာတော်၊ သစ်အုပ်၊ အောင်လှိုင်၊ သောင်လေး၊ သိပ္ပံကုန်း၊ ကုန်းကြီး စသည့်ဒေသများ၌ ဖြန့်ဖြူးရောင်းချရကြောင်း လေယာဉ်ကွင်းကျေးရွာမှ လယ်ယာလုပ်ကိုင်သူတစ်ဦးက ဆက်လက်ပြောကြားသည်။

# ခဲဆိပ်ကင်း စဥ့်ဖုတ်နည်းပညာသင်တန်းပေးမည်

**ရန်ကုန်၊ မတ် ၁၂**

သစ်ပင်ကို ပြာချ၍ပြုလုပ်သည့် (ရုက္ခမူချော်) ဖြင့်ဖုတ်သော စဥ့်ထည်ထုတ်လုပ်မှုနည်းပညာသင်တန်း ယခုနှစ်အတွင်း ဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း မြန်မာနိုင်ငံ စဥ့်အသင်းဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်တင်က မတ်လ ၁ ရက်နေ့တွင် ပြောကြားသည်။

တွံတေးမြို့ရှိ စဥ့်သင်တန်းကျောင်းတွင် ပြုလုပ်မည့် အဆိုပါသင်တန်းကို ပထမဆင့်အနေဖြင့် ဆင့်ပွားသင်တန်းပေးပြီး နောက်သင်တန်းအပတ်စဉ်တစ်ခုလျှင် သင်တန်းသား ၃၀ ဦးခန့်ထပ်မံဆင့်ပွားပို့ချပေးမည်ဖြစ်ကြောင်း၊ အိုးနှင့်စဥ့်ထည်များ ထုတ်လုပ်ရောင်းချနိုင်သည့်အဆင့်အထိ သင်ယူနိုင်ရန်အတွက် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်သုံးနှစ်သင်တန်းများ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသားများကိုလည်း ပုသိမ်၊ မော်လမြိုင် ကျောက်မြောင်း (ရွှေဘို)၊ ပျဉ်းမနားဒေသတို့မှ အိုးလုပ်ငန်းလုပ်ကိုင်သူများကို စုစည်းသင်ကြားပေးမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ရုက္ခမူချော်စဥ့်နည်းပညာသည် တိမ်ကောပျောက်ဆုံးခဲ့သော မြန်မာ့ရိုးရာနည်းပညာတစ်ရပ်ဖြစ်ပြီး ရှမ်းပြည်နယ်မိုင်းကိုင်မြို့အနီး ဟိုနားကျေးရွာတွင်သာ ကျန်ရှိတော့ကြောင်း၊ ကျူပင်ကဲ့သို့ အပင်ငယ်များနှင့်ဝွေးပင်ကဲ့သို့ အပင်ကြီးများမှရရှိသော ပြာဖြင့် ချော်ပြုလုပ်ပြီး အနီရောင်မြေထည်များကို သုတ်လိမ်း၍ စဥ့်ဖုတ်သည့်နည်းပညာဖြစ်ကြောင်း ရုက္ခမူချော်ဖြင့်ဖုတ်သည့် စဥ့်ထည်များသည် မီးထိုးသည့်အချိန်အဆပေါ်မူတည်၍ ကောက်ရိုးအဝါရောင်မှ အစိမ်းရောင်အထိပါရှိသောစဥ့်ထည်များ ရရှိကြောင်း၊ နိုင်ငံတကာတွင်လည်း ခဲဆိပ်ကင်းသည့် စဥ့်ထည်ဈေးကွက်အခိုင်အမာရှိပြီး ထိုင်းနိုင်ငံသည် လက်ရှိစဥ့်ထည်ထုတ်လုပ်မှုတွင် ရှေ့တန်းရောက်နေကြောင်း၊ လက်ရှိထိုင်းနိုင်ငံတွင် သွားရောက်လုပ်ကိုင်သူများသည် မြန်မာနိုင်ငံမှ ရှမ်းတိုင်းရင်းသားများဖြစ်ကြောင်း၊ သို့ရာတွင် ယင်းနည်းပညာသည် မြန်မာနိုင်ငံမှ စတင်ခဲ့ခြင်းဖြစ်ကြောင်း အရှေ့တောင်အာရှစဥ့်သမိုင်းကို လေ့လာစောင့်ကြည့်သူပညာရှင်များက ပြောကြားသည်။

ခဲဆိပ်သင့်နိုင်သည့် သိုလှောင်မှုများထဲတွင် စဥ့်အိုးဖြင့် သိုလှောင်မှုလည်း ပါဝင်ကြောင်း ဆေးပညာရှင်များအနေဖြင့် စဥ့်ထည်ပစ္စည်းများမှ ခဲဆိပ်သင့်နိုင်ကြောင်း သိရှိခဲ့သည်မှာ နှစ်ပေါင်း ၂၀၀၀ ခန့်ရှိခဲ့သော်လည်း ယနေ့အထိ စဥ့်မှ ခဲဆိပ်မသင့်အောင် ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ခဲဆိပ်သင့်မှုကြောင့် အစာအိမ်လမ်းကြောင်းဆိုင်ရာရောဂါများ၊ ကြွက်သားနှင့်အာရုံကြောရောဂါများ၊ ဦးနှောက်နှင့်အာရုံကြောရောဂါများ၊ ကလေးများ ဉာဏ်ရည်ချို့တဲ့ခြင်းနှင့် ကလေးမရနိုင်သည့်အမြုံရောဂါများ ဖြစ်ပွားနိုင်ကြောင်း ဆေးပညာရှင်များက ပြောကြားသည်။

**LIVING COLOR MEDIA**
၂၄၂၄၂၄ ၊ ၃၉၃၁၃၂

www.foreverspace.com.mm

# မန္တလေးတိုင်း ငါးရှဉ့်ဝယ်ယူမှုများ တစ်ပြေးညီဖြစ်သင့်ဟုဆို

ရန်ကုန်၊ မတ် ၂၅

မန္တလေးတိုင်းမှ ငါးရှဉ့်ဝယ်ယူမှု အနေဖြင့် ဝယ်ယူစုဆောင်းခွင့်များ တစ်ပြေးညီရရှိသင့်ကြောင်း ငါးရှဉ့်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဘသော်က မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ မတ်လ ၂၄ ရက်နေ့တွင်ကျင်းပသည့် သားငါးကဏ္ဍဆိုင်ရာအစည်းအဝေးတွင် ပြောကြားသည်။

၎င်း၏ အဆိုအရ မန္တလေးတိုင်း၌ အင်းအိုင်ဂရန်ရှိသူနှင့် အင်းအိုင်ဂရန် မရှိသူ ငါးရှဉ့်လုပ်ငန်းရှင်များအကြား ငါးရှဉ့်ဝယ်ယူစုဆောင်းရာ၌ ဈေးကွက်လုသည့် ပြဿနာများဖြစ်ပေါ်လျက်ရှိသည်ဟု သိရသည်။

အင်းအိုင်ဂရန်ရှိသူ ငါးရှဉ့်လုပ်ငန်းရှင်အချို့သည် ၎င်းတို့၏ အင်းအိုင်နယ်မြေအတွင်း၌ အခြားငါးရှဉ့်လုပ်ငန်းရှင် များ ငါးရှဉ့်ဝယ်ယူစုဆောင်းမှုမပြုနိုင် အောင်ဆောင်ရွက်ထားကြောင်း၊ ထို့အပြင် အဆိုပါအင်းအိုင်ဂရန်ရှိသူ ငါးရှဉ့်လုပ်ငန်းရှင်အချို့သည် အခြားလုပ်ငန်းရှင်များ၏ ငါးရှဉ့်ဝယ်ယူစုဆောင်းသည့် နယ်မြေအတွင်းဝင်ရောက်၍ ငါးရှဉ့်ဝယ်ယူစုဆောင်းရာ၌ ပေါက်ဈေးထက် ပိုပေးပြီး



ဈေးကွက်ပျက်စေရန် လုပ်ဆောင်ခြင်းများလည်းရှိကြောင်း မန္တလေးမြို့ ငါးရှဉ့်လုပ်ငန်းရှင်အသိုင်းအဝိုင်းထံမှ စုံစမ်းသိရှိရသည်။

ယင်းကဲ့သို့ အင်းအိုင်ဂရန်ရှိသူ ငါးရှဉ့်လုပ်ငန်းရှင်အချို့၏ ငါးရှဉ့်ဝယ်ယူစုဆောင်းရာ၌ ငါးရှဉ့်ဈေးနှုန်းများကို ပေါက်ဈေးထက်ပိုပေးပြီး ဈေးကွက်ပျက်အောင် လုပ်ဆောင်ခြင်းများကြောင့် မန္တလေးဈေးကွက်အတွင်းရှိ ငါးရှဉ့်ဝယ်ယူစုဆောင်းသည့်လုပ်ငန်းငယ်များမှာ ငွေကြေးလည်ပတ်လုပ်ကိုင်နိုင်မှု လျော့နည်းကာ လုပ်ငန်းရပ်ဆိုင်းလုနီးပါး အခြေအနေများနှင့် ရင်ဆိုင်နေရကြောင်း မန္တလေးငါးရှဉ့်ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

**မိုးနိုင်**

---

# မသန်စွမ်းသူ အိမ်တိုင်ရာရောက်ဆေးကုသရေးစီမံကိန်း ရွှေမင်းသားဖောင်ဒေးရှင်းစတင်

ရန်ကုန်၊ ဖေဖော်ဝါရီ ၉

မသန်စွမ်းသူများအတွက် ဆေးဝါးကုသရေးလုပ်ငန်းများ ဆောင်ရွက်နေ သည့် ရွှေမင်းသားဖောင်ဒေးရှင်းက အိမ်တိုင်ရာရောက် ဆေးဝါးကုသပေးသည့် သုံးလစီမံကိန်းကို ဖေဖော်ဝါရီလ ၂ ရက် နေ့မှစ၍ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဖောင်ဒေးရှင်း၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးမြတ်သူဝင်းက Living Color သို့ ပြောကြားသည်။

ယင်းစီမံကိန်းအတွက် ဆရာဝန်တစ်ဦး၊ သူနာပြုနှစ်ဦး၊ အရိုးအကြောကျွမ်းကျင်သူတစ်ဦး၊ မသန်စွမ်းစေတနာ့ဝန်ထမ်းတစ်ဦးနှင့် ဖောင်ဒေးရှင်း ဝန်ထမ်းတစ်ဦးပါသည့်အဖွဲ့ငယ်တစ်ခု ဖွဲ့စည်းပြီး မသန်စွမ်းသူများစုဝေးရာ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း၊ မေရီချက်ပ်မင်းနားမကြားသင်တန်းကျောင်း၊ အပြုံးကမ္ဘာ၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၊ အေးမေတ္တာ၊ မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်မိတ်သဟာယအဖွဲ့နှင့် ဆေးဝါးကုသမှု အလှမ်းဝေးသည့် လှိုင်သာယာ၊ ရွှေပေါက်ကံ၊ သဃ်န်းကျွန်း စသည့်မြို့နယ်များသို့ သွားရောက်၍ မသန်စွမ်းသူများ၏ ကျန်းမာရေးကို ကုသပေးသွားမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

"ဒီစီမံကိန်းကိုစပြီး အကောင်အထည် ဖော်ဖြစ်တာက အလှူရှင်အများစုက မသန်စွမ်းသူတွေလှူမယ်ဆိုရင် သူတို့လိုအပ်မယ့် Wheel Chair (ဘီးတပ်ကုလားထိုင်)၊ ချိုင်းထောက် စတာတွေလောက်ပဲ လှူကြတာများတယ်။ မသန်စွမ်းသူတွေ ဖျားနာမယ်ဆိုရင် သူတို့ကိုယ်တိုင် ဆေးခန်းသွားကုသဖို့ ခက်ခဲတယ်။ အဲဒါကြောင့် ဒီစီမံကိန်းကို အကောင်အထည်ဖော်တာပါ။ သုံးလစီမံကိန်းမှာ ကျပ်သိန်းနှစ်ရာလောက်ကုန်မယ်လို့ ခန့်မှန်းထားပါတယ်။ ရွှေမင်းသားဖောင်ဒေးရှင်းအနေနဲ့ပဲ လုပ်ပေးတာပါ။ တခြားအလှူရှင်တွေတော့မရှိသေးပါဘူး။ ဒီသုံးလပြီးရင် ထပ်ပြီးလုပ်ဆောင်နိုင်အောင် ကြိုးစားသွားမှာပါ" ဟု ဦးမြတ်သူဝင်းက ဆိုသည်။


ရွှေမင်းသားဖောင်ဒေးရှင်းကို ၂၀၀၈ ခုနှစ် မေလ ၈ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပြီး မသန်စွမ်းသူများ ဆေးကုသရေးနှင့် အထောက်အကူပြုပစ္စည်းများ လွယ်လင့်တကူရရှိစေရန်ရည်ရွယ်၍ လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း အဆိုပါဖောင်ဒေးရှင်းထံမှ သိရသည်။ ■

www.foreverspace.com.mm



# ကျပ်သိန်း ၃၀၀၀ တန် Cyclone Shelter နှင့် စာသင်ကျောင်း စင်ကာပူအဖွဲ့ ဆောက်လုပ်လှူဒါန်း

**ဘိုကလေး၊ ဧပြီ ၂**




နာဂစ်မုန်တိုင်းဒဏ်အပြင်းထန်ဆုံး ခံစားခဲ့ရသော ဘိုကလေးမြို့နယ် ကံ့ကော်တစ်ထောင် သာသနာ့နယ်မြေတည်ရှိရာ ပေချောင်းကြီးကျေးရွာ၌ စင်ကာပူအခြေစိုက် မဟာကရုဏာဖောင်ဒေးရှင်းက ကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ Cyclone Shelter နှင့်စာသင်ကျောင်းကို ဆောက်လုပ်လှူဒါန်းထားကြောင်း ကံ့ကော်တစ်ထောင် ဆရာတော်ဘုရားကြီးက မိန့်ကြားသည်။

လူ ၅၀၀ ဆံ့ မုန်တိုင်းဒဏ်မှ အကာအကွယ်ပြုခိုလှုံနိုင်မည့် Cyclone Shelter ဆိုင်ကလုန်းစင်တာနှင့် စာသင်ကျောင်းကို ဘိုကလေးမြို့နယ် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်နေသော ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီက တာဝန်ယူ ဆောက်လုပ်သွားမည်ဖြစ်ပြီး Cyclone Shelter မှာ ပေ ၅၀ ပတ်လည် ကျယ်ဝန်းသော ဗဟုဂံပုံစံဖြစ်ကြောင်း၊ စာသင်ကျောင်းမှာ ပေ ၁၂၀ × ပေ ၃၀ ကျယ်ဝန်းသောအဆောင်နှစ်ဆောင်ဖြစ်ပြီး ဝန်ထမ်းအိမ်ရာနှစ်လုံးပါဝင်ကြောင်း ယင်းဆောက်လုပ်ရေးလုပ်ငန်းခွင်ထံမှ သိရှိရသည်။

ကျပ်သိန်းပေါင်း ၁၅၀၀ ခန့်စီအသီး သီးကုန်ကျမည့် စာသင်ကျောင်းနှင့် Cyclone Shelter တည်ဆောက်ရေးကို သစ်တောရေးရာဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနတို့၏ ကူညီပံ့ပိုးမှုဖြင့် စတင်ဆောက်လုပ်နေပြီဖြစ်ကြောင်း ကျောင်းအကျိုးဆောင်အဖွဲ့ထံမှ သိရှိရသည်။

---

# အိုမန်ကျောက်မျက်ပြပွဲ မြန်မာကုမ္ပဏီများ ပထမဆုံးအကြိမ်သွားရောက်မည်

**ရန်ကုန်၊ မတ် ၁၇**

ကမ္ဘာ့အရှေ့အလယ်ပိုင်းဒေသ အိုမန်နိုင်ငံ မက်စ်ကတ်မြို့တွင် ဧပြီလအတွင်း ကျင်းပပြုလုပ်မည့် နိုင်ငံတကာကျောက်မျက်ပြပွဲသို့ မြန်မာနိုင်ငံမှ ကျောက်မျက်ကုမ္ပဏီများအနေဖြင့် အရည်အသွေးကောင်း ကျောက်မျက်ရတနာများ သွားရောက်ပြသရောင်းချရန် စီစဉ်လျက်ရှိကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အမှုဆောင်အဖွဲ့ဝင်တစ်ဦးက Living Color သို့ ပြောကြားသည်။

မက်စ်ကတ်မြို့တွင် ဧပြီလ ၁၅ ရက်နေ့မှ ၁၉ ရက်နေ့ထိ လေးရက်ကြာ ကျင်းပပြုလုပ်မည့် အဆိုပါပြပွဲသို့ မြန်မာနိုင်ငံမှ ကျောက်မျက်ကုမ္ပဏီ ၂၆ ဖွဲ့သွားရောက်ပြသရန် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်ဟုလည်း ပြပွဲသို့ အဆိုပါကုမ္ပဏီများ သွားရောက်နိုင်ရေး စီစဉ်ပေးနေသည့် UMFCCI အဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ပြီးခဲ့သည့် ၂၀၀၈ ခုနှစ်အတွင်း မြန်မာနိုင်ငံမှကျောက်မျက်ကုမ္ပဏီများသည် ပုလဲပြပွဲတစ်ပွဲအပါအဝင် နိုင်ငံတကာပြပွဲ ၁၀ ပွဲသို့ သွားရောက်ပြသခဲ့ကြပြီး ကုမ္ပဏီများမှပြသမည့် ပြည်တွင်းထွက်ကျောက်မျက်များကို မြန်မာ့ကျောက်မျက်လုပ်ငန်းရာဖြတ်အဖွဲ့မှ တန်ဖိုးသတ်မှတ်ပေးပြီး ကုမ္ပဏီတစ်ခုလျှင် ဒေါ်လာနှစ်သောင်းဖိုးဆီ ခွင့်ပြုပေးလျက်ရှိသည်။

အိုမန်နိုင်ငံကဲ့သို့ အရှေ့အလယ်ပိုင်းဒေသ ယူအေအီးတွင် ကျင်းပခဲ့သည့် ပြပွဲများသို့ မြန်မာကုမ္ပဏီများ သွားရောက်ပြသရောင်းချခဲ့ဖူးကြောင်း၊ မြန်မာ

www.foreverspace.com.mm

ကျောက်မျက်များမှာ အရည်အသွေး ကောင်းမွန်သော်လည်း Cuttingနှင့် လက်ရာများကြမ်းတမ်းပြီး အစုလိုက်အများအပြားရောင်းချသဖြင့် စစ်မှန်မှုနည်းပါးနိုင်သည်ဟု ယူဆကြ၍ ရောင်းချရရှိမှုနည်းခဲ့ကြောင်း ကျောက်မျက်ကုမ္ပဏီများနှင့် နီးစပ်သူများက ပြောဆိုကြသည်။

မြန်မာနိုင်ငံထွက်ကျောက်မျက်ရတနာများကို ပြည်ပကုန်စည်ပြပွဲများသို့ သွားရောက်ရောင်းချသည့်နည်းတူ ပြည်တွင်း၌ ကျောက်မျက်ရတနာပြပွဲများ ကျင်းပပြုလုပ်ရောင်းချလျက်ရှိကြောင်း၊ ပြီးခဲ့သည့် မတ်လ ၇ ရက်နေ့က ရန်ကုန်မြို့တွင် (၄၄) ကြိမ်မြောက် နှစ်လယ်ကျောက်မျက်ပြပွဲ ကျင်းပလျက်ရှိပြီး ကျောက်စိမ်းတွဲ ၆၀၀၀ ကျော်၊ ပုလဲအတွဲ ၃၀၀ ကျော်နှင့် အခြား ကျောက်မျက်ရတနာအတွဲ ၄၀၀ ခန့်ကို ပြသရောင်းချလျက်ရှိသည်။

နိုင်ငံတကာက ဖိတ်ခေါ်သော ကုန်စည်ပြပွဲများအနက် ကျောက်မျက်ပြပွဲများကို မြန်မာနိုင်ငံမှ ကျောက်မျက်ကုမ္ပဏီများ နှစ်စဉ်အများဆုံး သွားရောက်လေ့ရှိကြောင်း၊ သို့ရာတွင် ကုမ္ပဏီများသည် ရောင်းမကောင်းကြောင်းကိုသာ ပြပွဲပြတ်ချိန်တွင် အမြဲပြောလေ့ရှိကြောင်း ပြည်တွင်းကျောက်မျက်ကုန်သည်တစ်ဦးက ပြောကြားသည်။

Associated News

# ဆားလုပ်ငန်းရှင်များ ပုစွန်မွေးမည်

**ရန်ကုန်၊ မတ် ၃၁**

ဧရာဝတီတိုင်း လပွတ္တာခရိုင်အတွင်းရှိ နေလှန်းဆားချက်လုပ်ငန်းရှင်များအနေဖြင့် အကျိုးအမြတ်ပိုမိုသေချာသည့် ရေငန်ပုစွန်မွေးမြူရေးကို ပိုမိုအားထည့်မွေးရန် ကြံရွယ်လျက်ရှိကြောင်း ပြင်စလူမြို့နယ်ခွဲ ဖိုးသက်ရှည်ရွာမှ ဆားလုပ်ငန်းရှင်များက ပြောကြားသည်။

"ဆားအထွက်က ရာသီဥတုအပေါ်မှာမူတည်တယ်။ ဒီနှစ်မိုးစောမယ်လို့ မှန်းထားတယ်။ ချေးငွေတွေဆပ်ဖို့ ပုစွန်မွေးကြတာ" ဟု နှစ်ပေါင်း ၂၀ ကျော်လုပ်သက်တမ်းရှိ ဆားလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ယခုနှစ်နာဂစ်မုန်တိုင်းဖြစ်ပွားပြီးနောက် မြန်မာ့ဆားလုပ်ငန်းထံမှ ဆားတစ်ဧကလျှင် တစ်ကျပ်ခွဲတိုးဖြင့် ကျပ်သုံးသိန်း ချေးငွေရသကဲ့သို့ တစ်ဧက ဆီနှစ်ဂါလန်ခွဲစီလည်းရကြောင်း၊ ဧကများသူများအတွက် လယ်ယာစိုက်ပျိုးရေး ဘဏ်က ကျပ် ၃၇ သိန်းခန့်တန် လယ်ထွန်စက်တစ်လုံးလည်းထုတ်ပေးကြောင်း၊ ရေစုပ်ပန့်လည်း မတည်ပေးထားပြီး ယင်းမတည်ငွေများကို ဘဏ်သို့ မိုးမကျမီ ပြန်လည်ပေးဆပ်ရမည်ဟု ဆားလုပ်ငန်းရှင်များထံမှ သိရသည်။

သို့ရာတွင် မမျှော်လင့်ဘဲ တပေါင်းလပြည့်ကျော် ၅ရက်၊ ၆ ရက်နေ့တို့၌ မိုးရွာခဲ့ကြောင်း၊ မိုးအုံ့နေသည်မှာ တစ်ပတ်ခန့်ရှိသဖြင့် ဆားကွင်းများပျက်စီးခဲ့၍ ဆားအထွက်လျော့ခဲ့ကြောင်း၊ ပျက်သည့်ဆားကွင်းတချို့ပြင်ဆင်ချိန် နှစ်ပတ်ခန့်ရှိ၍ မိုးကျစောလျှင် ဆားရာသီတိုသွားနိုင်ကြောင်း ဆားလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

"အတိုးက မတ်လကုန်မှာပေးရမယ်။ အရင်းတစ်ဝက်က မိုးကျရင်ပေးရမယ်" ဟု ၎င်းက ဆိုသည်။ ဆားလုပ်ငန်းရှင်များအနေဖြင့် ချောင်းရေ မောင်းတင်စဉ်ပါလာသည့် ပုစွန်သားပေါက်များကိုမူ အိုင် (ချောင်း ရေသိုလှောင်ကန်) တွင် မွေးကြသည့် အစဉ်အလာရှိကြောင်း၊ ယခင်က ပုစွန်မွေးခြင်းစနစ်တကျ သေချာစွာမလုပ်ကြသော်လည်း ယခုတစ်ဖက်တစ်လမ်းက ဝင်ငွေရရန်နှင့် အကြွေးဆပ်နိုင်ရန် ပုစွန်မွေးသားပေါက်များဝယ်ထည့်၍ မွေးမြူရန်လုပ်ဆောင်နေကြခြင်းဖြစ်ကြောင်း ဆားကွင်းများမှ စုံစမ်းသိရှိရသည်။

ပုစွန်သားပေါက်တစ်ကောင်တစ်ကျပ်ခွဲခန့်ရှိပြီး တစ်ကန်ကိုကောင်ရေတစ်သိန်းကျော်ထည့်၍ရကြောင်း၊ အကောင်ရေငါးသောင်းအဖတ်တင်လျှင်ပင် တစ်ကောင် ကျပ် ၅၀ နှုန်းနှင့် သုံးလအတွင်း ကျပ်နှစ်သိန်းကျော်ခန့်ရရှိနိုင်ကြောင်း၊ ယခင်က ရေတင်စဉ်ပါလာသည့် ပုစွန်များလောက်သာမွေးသော်လည်း ယခုအစာကျွေး၊ မျိုးစိုက်ထည့်၍ မွေးကြမည်ဟု ဆားလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

ပြီးခဲ့သည့်နှစ်က ရေငန်ပုစွန်တစ်ပိဿာ ၁၀,၀၀၀ ကျပ်ကျော်ခန့်ရှိကြောင်း၊ ယခုနှစ် ၅,၀၀၀၊ ၆,၀၀၀ ကျပ်ခန့်ရှိကြောင်း၊ မိုးမကျခင်က ဆားတစ်ပိဿာ ၇၀၊ ၈၀ ကျပ်သာရှိသော်လည်း မိုးရွာလိုက်သဖြင့် ၂၂၀ ကျပ်အထိပြန်တက်လာကြောင်း၊ ယခု ဆားကွင်းအသစ်များဖြစ်၍ တစ်ဧကလျှင် ပိဿာ ၄,၀၀၀ ခန့်ဆားထွက်ကြောင်း ဆားလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

မိုးဒဏ်မခံရသည့် တောင်သူများအနေဖြင့် ချေးငွေများ ပြန်ဆပ်ရန်လွယ်ကူသော်လည်း မိုးဖျက်ခဲ့သော ဆားတောင်သူများမှာ အတိုးနှင့်အရင်း တစ်ဝက်ပြန်ပေးရန် ခက်ခဲမှုရှိသည်ဟု ဆားလုပ်ငန်းရှင်များထံမှ သိရသည်။

LIVING COLOR MEDIA
၂၄၂၄၂၄ ၊ ၃၉၃၁၁၂

www.foreverspace.com.mm



# Temasek Polytechnic ကျောင်းဝင်ခွင့် ၂၀၀၉ ခုနှစ်အတွင်း ဒုတိယအကြိမ်ထပ်မံခေါ်ယူ

ရန်ကုန်၊ မတ် ၁၇

စင်ကာပူနိုင်ငံ၏ အစိုးရ Polytechnic ကျောင်းငါးကျောင်းတွင် တစ်ခုအပါအဝင်ဖြစ်သော Temasek Polytechnic ကျောင်းဝင်ခွင့်လျှောက်ထားရန် ယခင်နှစ်များက ဧပြီလ တစ်လတည်းသာ ခေါ်ယူသော်လည်း ၂၀၀၉ ခုနှစ်အတွင်း ဒုတိယအကြိမ်ဝင်ခွင့်ကို ထပ်မံခေါ်ယူထားကြောင်း SHINE UNIVERSAL SERVICES မှ တာဝန်ရှိသူ ဒေါ်အေးမြဝင်းက ပြောကြားသည်။

အဆိုပါကျောင်းမှာ ပုံမှန်အားဖြင့် နှစ်စဉ်ဧပြီလတစ်လတွင်သာ လျှောက်ထားနိုင်သော်လည်း ၂၀၀၉ ခုနှစ်အတွက် အောက်တိုဘာလဝင်ခွင့်ကို ထပ်မံခေါ်ယူထားကြောင်း၊ Electronics, Media & Communication Technology၊ Computer Engineering၊ Micro electronics, Intelligent Building Technology၊ Mechatronics၊ Mobile & Wireless Computing ဘာသာရပ်များကို တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး IELTS ရမှတ် ၅ ဒသမ ၀ နှင့် အင်္ဂလိပ်၊ သင်္ချာ၊ ရူပဗေဒ ဘာသာရပ်များတွင် ရမှတ် ၇၀ နှင့်အထက်ရရှိပြီးသူများ လျှောက်ထားနိုင်ကြောင်း၊ အဆိုပါ ဝန်ဆောင်မှုလုပ်ငန်းအနေဖြင့် ကျောင်းလျှောက်ထားပေးခြင်းကို မတ်လ ၁ ရက်နေ့မှ ဧပြီလ ၉ ရက်အတွင်း ဆောင်ရွက်ပေးမည်ဖြစ်ပြီး ဝင်ခွင့်လိုအပ်ချက်များနှင့် ပတ်သက်၍ Seminar ကို ဧပြီလ ၄ ရက်နေ့တွင် ပြုလုပ်ပေးမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

TP မှ Diploma အောင်လက်မှတ်ရရှိသူများအနေဖြင့် စင်ကာပူနိုင်ငံရှိ တက္ကသိုလ်များနှင့် Australia, Canada, New Zealand, UK, USA စသည့် နိုင်ငံများရှိ တက္ကသိုလ်များတွင် ဆက်လက်ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။



# စပါးနှင့်ဆန်မျိုးစုံ တစ်ပြေးညီဈေးကောင်းပြန်ရ

**သတင်းဆောင်းပါး–နိုင်မင်းဝေ၊ ၁၇–၃–၂၀၀၉**

**ဆန် စပါးဈေးကွက်အတွင်း ကောက်သစ်ပေါ်ချိန် (၂၀၀၈ နိုဝင်ဘာလ) နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် စပါးဈေးနှုန်းသာမက ဆန်ချော၊ ဆန်ကြမ်းအမျိုးအစားစုံ တစ်ပြေးညီ ဈေးကောင်းပြန်လည်ရရှိလာကြောင်း ဝါးတန်းဆိပ်ကမ်းဆန်စပါးကုန်စည်ဒိုင်အခြေစိုက် ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များက တညီတညွတ်တည်းပြောကြားသည်။**

"ပျမ်းမျှတစ်အိတ်ကို နှစ်ထောင်လောက်ရက်ပိုင်းအတွင်း တက်လာတယ်" ဟု အဆိုပါကုန်စည်ဒိုင်သို့ နေ့စဉ်လာရောက်လေ့ရှိသူ ရေတင်ပွဲစားတစ်ဦးက ပြောကြားသည်။

၂၀၀၈ ခုနှစ် နိုဝင်ဘာလ ကောက်သစ်ပေါ်ချိန်မှစတင်ပြီး ဆန်မျိုးစုံ ဈေးကျဆင်းနေသကဲ့သို့ စပါးဈေးနှုန်းလည်း မတက်ကြောင်း၊ ဆန်ချောဈေးကျလျှင် ဆန်ကြမ်းဈေးတက်ခြင်း၊ ဆန်ကြမ်းဈေး တက်လျှင် စပါးဈေးကျသွားခြင်းများ တစ်လှည့်စီဖြစ်နေခဲ့ကြောင်း၊ ဆန်ကြမ်းတစ်မျိုးသာ ပြည်ပတင်ပို့မှုရှိနေ၍ ဈေးအတက်အကျရှိပြီး ကျန်ဆန်များ ဈေးနှုန်းအနိမ့်၌ ငြိမ်သည့်အချိန်များကြောင်း၊ ယခုကဲ့သို့

www.foreverspace.com.mm

| ဆန်အမျိုးအစား | နှုန်း | ယခင်ပတ် | ယခုပတ် | ကွာခြားချက် |
|---|---|---|---|---|
| ဆန်ကြမ်း(နံကား) | တစ်အိတ် | ၁၂၀၀၀ | ၁၄၀၀၀ | ၂၀၀၀ ကျပ် |
| ဆန်ကြမ်း(မိုးကောင်း၊ ဒူးပဲ၊ မနောသုခ) | တစ်အိတ် | ၁၂၅၀၀ | ၁၄၅၀၀ | ၂၀၀၀ ကျပ် |
| ဆန်ကြမ်း(ရာကျော်၊ငစိန်) | တစ်အိတ် | ၇၀၀၀-၈၀၀၀ | ၁၁၀၀၀-၁၁၅၀၀ | ၃၅၀၀ |
| ဆန်ကြမ်း(မော်ကျွန်း) | တစ်အိတ် | ၁၁၅၀၀ | ၁၃၅၀၀ | ၂၀၀၀ |
| တောင်ပျံ(သမွန်) | တစ်အိတ် | ၁၅၀၀၀ | ၁၇၀၀၀ | ၂၀၀၀ |
| တောင်ပျံ(ဒေးဒရဲ) | တစ်အိတ် | ၁၇၅၀၀ | ၁၉၅၀၀-၂၀၀၀၀ | ၂၀၀၀ |
| ပေါ်ဆန်း | တစ်အိတ် | ၁၈၀၀၀-၂၀၀၀၀ | ၂၀၀၀၀-၂၂၀၀၀ | ၂၀၀၀ |
| စပါးအကြမ်း | ၁၀၀ တင်း | ၂၅၀၀၀၀ | ၂၇၀၀၀၀-၂၈၀၀၀၀ | ၃၀၀၀၀ |
| စပါးအချော(ပေါ်ကျွဲ) | ၁၀၀ တင်း | ၂၇၀၀၀၀ | ၃၀၀၀၀၀-၃၁၀၀၀၀ | ၃၀၀၀၀ |
| ပေါ်ဆန်း | ၁၀၀ တင်း | ၄၃၀,၀၀၀-၄၀၀,၀၀၀ | ၅၀၀,၀၀၀ | ၁၃၀,၀၀၀-၁၀၀,၀၀၀ |

**မတ်လတတိယပတ်ဈေးနှုန်းများ ဖြစ်သည်။**

အချိုးညီညီ တက်လာခြင်းသည် ပထမဆုံး အကြိမ်ဖြစ်ကြောင်း ၎င်းက သုံးသပ်ပြောကြားသည်။

ဆန်ကြမ်းများ သိသိသာသာဈေးမြင့်လာသကဲ့သို့ ပေါ်ကျွဲနှင့် ခွန်နီလည်း လိုက်ပါမြင့်လာပြီး ပေါ်ကျွဲဆိုလျှင် အကြမ်းဈေးအောက်မရောက်စဖူးရောက်နေရာမှ တစ်အိတ်လျှင် ၁၅၀၀/ ၂၀၀၀ ကျပ် တက်လာကြောင်း၊ ယခုအပတ်ဆို လျှင် အကြမ်းရှယ်နီးပါးရောက်လာသကဲ့ သို့ တောင်ပျံနှင့် ပေါ်ဆန်းဆိုလျှင် နှစ်လ ခန့်ငြိမ်နေရာမှ တစ်အိတ် ၂၀၀၀ ကျပ်ခန့်စီ ဈေးမြင့်တက်လာကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။



ပေါ်ဆန်းမွှေးသည် ဝယ်လှောင်ချိန်ရောက်သည့်တိုင် ဈေးငြိမ်နေခဲ့ကြောင်း၊ ဆန်ကြမ်းအောက်စ၊ အနိမ့်စများ ဝယ်လိုအားသိသိသာသာမြင့်လာကြောင်း၊ ယခင်အပတ်က ဆန်ကြမ်းတစ်မျိုးတည်း ဈေးတက်ရာမှ ယခုအပတ် ဆန်ချောများပါ လိုက်ပါဈေးတက်လာကြောင်း၊ ဆန်ကွဲ အကြမ်းအကြီးနှင့် အချောဆန်ကွဲအကြီးမှာ ဈေးနှုန်းအမြင့်ဆုံးရနေသဖြင့် လောလောဆယ်ဈေးနှုန်း ထပ်မံမတက်သေးကြောင်း ဘုရင့်နောင်ပွဲရုံပိတောက်လမ်းမှ ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

"Export ဆွဲတင်ပေးလို့ အကြမ်းက စတက်တတ်တာ။ အခုသွင်းချင်ရင် အနိမ့်ဆုံးတန် ၁၀၀ အိတ်နှစ်ထောင်လောက် သွင်းပေးရမယ်လို့ပြောတယ်" ဟု ပြည်ပသို့ ဆန်တင်ပို့နေသည့်ကုမ္ပဏီကြီးတစ်ခုက ကမ်းလှမ်းမှုနှင့်ပတ်သက်၍ ၎င်းက ဆက်လက်ပြောကြားသည်။

ဆန်စက်လုပ်ငန်းရှင်များအနေဖြင့် ကြီးကြီးမားမား အလုံးအရင်းနှင့် ရောင်းချ

www.foreverspace.com.mm



လိုသော်လည်း စပါးဈေး တစ်လျှောက်လုံး နိမ့်နေ၍ ဝယ်ရခက်ခဲပြီး စပါးအဝင်နည်းနေကြောင်း၊ ပုံမှန်လည်ပတ်နေကျ ဆန်စက်များပင် တင်း ၂၀၀ မှ ၃၀၀ ရရန် ကြိုးစားဝယ်ယူနေရကြောင်း မြောင်းမြမြို့မှ ဆန်စက်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ယခုအခါ ကုမ္ပဏီကြီးများ၏ ဆန်ဝယ်လိုအား သိသိသာသာများနေကြောင်း၊ ငစိန်ကြီး (လုံးပု) မှလွဲပြီး ရာကျော်ဆန်အပါအဝင် အခြားဆန်များတင်သွင်း၍ရကြောင်း၊ ဆန် ၁၁၀ ဒသမ ၅ ပေါင် တစ်အိတ်လျှင် ၁၁၅၀၀ ကျပ် ကြမ်းခင်းဈေးပေးဝယ်နေကြောင်း၊ ဆန်စက်များအနေဖြင့် ၂၅ မှတ် (ဆန်ကွဲပါဝင်မှု ၂၅ ရာခိုင်နှုန်းပါသည့်) ဆန်များ ကြိတ်ခွဲတင်သွင်းသည်ထက် ရှယ်ကြိတ်ရောင်းသည်က ပိုမိုတွက်ခြေကိုက်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ကျွန်တော်တို့ဆီမှာ ဈေးက ရန်ကုန်ဈေးရတယ်။ တစ်အိတ် ၁၀၈၀၀ ပေးတယ်။ စရိတ် ၆၀၀ ဆိုတော့ ရန်ကုန် ဈေးပဲပေါ့" ဟု လပွတ္တာမြို့နယ် ကန်ဘဲ့ကျေးရွာမှ ကွင်း စပါးဝယ်ရောင်းတစ်ဦးက တယ်လီဖုန်းမှတစ်ဆင့် ပြောကြားသည်။

ယခုရက်ပိုင်း ဆန်ရောင်းလိုအားနှင့် ဝယ်လိုအားအချိုးမညီသဖြင့် ဝယ်ရခက်ပြီး လိုချင်သလောက်မရကြောင်း၊ ဆန်အကြမ်းက သိသိသာသာ အဝင်နည်းသွားကြောင်း၊ နွေစပါးပေါ်လာလျှင် ဈေးပြန်ကျနိုင်ကြောင်း၊ ဘုရင့်နောင်မှ လက်ကားအဝယ်အပြင် လက်လီအဝယ်များပါ ဝယ်လက်စုံဝင်ရောက်ဝယ်ယူနေသဖြင့် ဆန်ဈေးကောင်းလာကြောင်း ဆန်လက်လီရောင်းချနေသူတစ်ဦးက ပြောကြားသည်။

မည်သို့ပင်ဖြစ်စေ ဆန်ဈေးနှုန်းတက်လျှင်၊ ဈေးကောင်းလျှင် ထုတ်လုပ်သူလယ်သမားအတွက် ကောင်းမွန်ကြောင်း၊ ဆန်ဈေးနှုန်းသည် ထုတ်လုပ်မှုနှင့် စားသုံးသူများကြား မျှခြေတစ်ခုရှိရန် လိုအပ်ကြောင်း ဈေးကွက်ကို အစဉ်တစ်စိုက် စောင့်ကြည့်နေသူတစ်ဦးက ဆိုသည်။ သို့ရာတွင် လယ်သမားများသည်ပင် ပြည်တွင်းဈေးကွက်ကြီးတစ်ခုလုံး၏ စားသုံးသူများအဖြစ် ပါဝင်နေကြောင်း၊ သို့ဖြစ်၍ လယ်သမားလူများစုအတွက် ဦးစားပေးအခွင့်အရေးတစ်ရပ်အနေဖြင့် စဉ်းစားသင့်ကြောင်း ဆန်ဈေးကွက်ကို အစဉ်တစိုက် အကဲဖြတ်စောင့်ကြည့်နေသူတစ်ဦးက ဆိုသည်။

"ဆန်တက်တာ စိုးရိမ်စရာမဟုတ်ပါဘူး၊ စပါးဆိုတာ လေးငါးလ တစ်ရာသီအထိ ထွက်တာမို့လို့ တောင်သူ စိတ်ပါလက်ပါစိုက်တာနဲ့ အင်နဲ့အားနဲ့ထွက်ပြီး ပိုလျှံလာမှာပါ စပါးဈေးကောင်းဖို့ပဲလိုတယ်" ဟု ၎င်းက သုံးသပ်ပြောကြားသည်။

# အိန္ဒိယနှင့် တန်ချိန် တစ်သန်းစာချုပ်လိုက်ကြောင်း သတင်းထုတ်ပြန်ပြီးနောက်ပိုင်း ပဲဈေးပြန်ကောင်း

**သတင်းဆောင်းပါး– Associated News၊ ၆–၄–၂၀၀၉**

**မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ပဲတန်ချိန် တစ်သန်းရောင်းချမည့်စာချုပ်တစ်ရပ်ကို ချုပ်ဆိုနိုင်ခဲ့ပြီဟု အစိုးက တရားဝင်သတင်းထုတ်ပြန်လိုက်သည့် ဧပြီလဆန်းမှစတင်၍ ပြည်တွင်းပဲမျိုးစုံဈေးနှုန်းများ ခန့်မှန်း၍မရအောင်ပင် ပြန်လည်ကောင်းမွန်လာလျက်ရှိကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ ပဲပြည်ပတင်ပို့ရောင်းချသူတစ်ဦးက Living Color သို့ ပြောကြားသည်။**

ပဲဈေးများ ပြန်လည်ကောင်းမွန်လာသည့်နည်းတူ အရောင်းအဝယ်မှာလည်း ယခုရက်ပိုင်း ထူးထူးခြားခြားကောင်းမွန်လျက်ရှိကြောင်းလည်း ၎င်းကဆက်လက်ပြောကြားသည်။

"ပဲဈေးက ဘာမှန်းမသိအောင် ဖြစ်နေတယ်။ ဒီနေ့ ပဲစင်းငုံက တစ်တန်ခြောက်ဆယ်ခွန် (ခြောက်သိန်းခုနစ်သောင်း) ထိ ဖြစ်သွားပြီ" ဟု ဧပြီလ ၄ ရက်နေ့က ဘုရင့်နောင်ပွဲရုံကုန်စည်ဒိုင်အသင်းသားတစ်ဦးက Living Color နှင့် ဈေးကွက်အတွင်းတွေ့ဆုံစဉ် ရှင်းလင်းပြောကြားခဲ့သည်။

ယခုရက်ပိုင်း ဈေးနှုန်းသိသိသာသာ



ကောင်းမွန်လာနေသော ပဲများမှာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတို့ဖြစ်ကြပြီး အဆိုပါပဲအမျိုးအစားများမှာ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် အဓိကရောင်းဝယ်နေကြသည့် ပဲအမျိုးအစားများလည်းဖြစ်ကြောင်း ဈေးကွက်သတင်းများအရ သိရှိရသည်။ ပဲဈေးနှုန်းများသည် ပြီးခဲ့သည့်မတ်လကုန်ခန့်အထိ နှုန်းထားတစ်ခုတွင် ကာလအတန်ကြာ ငြိမ်နေခဲ့ရာမှ အိန္ဒိယနှင့်ပဲတန်ချိန် တစ်သန်းစာချုပ်ချုပ်ဆိုလိုက်သည်ဆိုသည့် အစိုးရ၏သတင်းကြောင့် ယခုကဲ့သို့ ဈေး

www.foreverspace.com.mm

နှုန်းများ ပြန်လည်လှုပ်ရှားလာခြင်းဖြစ်သည်ဟုလည်း ပဲဈေးကွက်လေ့လာသူတို့က သုံးသပ်ကြသည်။

"မတ်လတတိယပတ်လောက်က စတက်တာပဲ။ အရင် မတ်ပဲက ၃၉/၄၀ (တစ်တန် သုံးသိန်းကိုးသောင်းနှင့် လေးသိန်း) နဲ့ အကြာကြီးငြိမ်နေတာ၊ အခု ဧပြီလ ၄ ရက်နေ့ဆိုရင် ၅၄ (ငါးသိန်းလေးသောင်း) ထိဖြစ်သွားပြီ" ဟုလည်း မတ်ပဲအဓိကဝယ်ရောင်းလုပ်ကိုင်သည့် ဘုရင့်နောင်ကုန်စည်ဒိုင်အသင်းသားတစ်ဦးက ရှင်းလင်းပြောကြားသည်။

အိန္ဒိယနှင့် ပဲအရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး မကြာမီကုန်သည်လောကတွင် ပဲပို့ကုန်လိုင်စင်များကို ဆက်လက်မထုတ်ပေးဘဲ ရပ်ဆိုင်းလိုက်ပြီဟုလည်း သတင်းတစ်ရပ် မတ်လစတုတ္ထပတ်တွင် ထွက်ပေါ်ခဲ့သည်။

အဆိုပါသတင်းသည် ယင်းစာချုပ်ချုပ်ဆိုခဲ့သည့်ပုံစံနှင့် ဆက်စပ်ပြီး ပြည်တွင်းပဲကုန်သည်များသည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) GLED အများပိုင်ကုမ္ပဏီမှတစ်ဆင့် အိန္ဒိယနှင့် အရောင်းအဝယ်ပြုလုပ်ရမည်၊ မပြုလုပ်ပါက ပဲပို့ကုန်လိုင်စင်များ ပိတ်သိမ်းမည်ဆိုသည့်သတင်းလည်း ဖြစ်သည်။

အိန္ဒိယနိုင်ငံ STC (State Trading Coroporation)နှင့် မြန်မာနိုင်ငံ UMFCCI တို့သည် ယခုချုပ်ဆိုလိုက်သော စာချုပ်မှာ G to G နှစ်နိုင်ငံအစိုးရချင်း ချုပ်ဆိုလိုက်သည့်စာချုပ်ဖြစ်၍ တစ်ဦးချင်းရောင်းဝယ်မှုအစား UMFCCI အများပိုင်ကုမ္ပဏီပိုင်မှတစ်ဆင့် ရောင်းဝယ်မည့်အခြေအနေများလည်း ရှိနေခဲ့သည်။

ပဲပို့ကုန်လိုင်စင်ထုတ်မပေးဆိုသည့်သတင်းနှင့်ပတ်သက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းအောင်ကျော်က မှန်ကန်မှုမရှိပါဟုလည်း မတ်လ ၂၅ ရက်နေ့က ပြည်တွင်းသတင်းမီဒီယာများသို့ အသိပေးခဲ့သည်။

"အရင်လျှောက်ထားတဲ့လိုင်စင်တွေ အကုန်လုံးရနေပါတယ်၊ လိုင်စင်ပိတ်တယ်ဆိုတာ မဟုတ်ပါဘူး" ဟု ဘုရင့်နောင် ပွဲရုံမှ ပဲအိတ်စပို့တင်ပို့သူတစ်ဦးက အတည်ပြုပြောကြားသည်။

၂၀၀၈ ခုနှစ် အောက်တိုဘာလအတွင်းမှစတင်၍ ပဲတင်ပို့ရန် လိုင်စင်လျှောက်ထားပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် Ready Cargo(တင်ပို့ရန် ကုန်စည်အသင့်ရှိ မရှိ) စစ်ဆေးပြီးမှ လိုင်စင်များထုတ်ပေးနေသည်ဟု သိရှိရသည်။

ပို့ကုန်လိုင်စင်လျှောက်ထားမှုမှာ ပုံမှန်အားဖြင့် ကုန်သွယ်မှုမူဝါဒကောင်စီထံတင်ပြရလေ့ရှိပြီး ပို့ကုန်လိုင်စင်တစ်စောင်ရရှိရန် ၁၀ ရက်နှင့်အထက်ကြာရှိသည့်အတွက် ကုန်သည်အချို့မှာ လိုင်စင်ရာချီ၍ ယခုရက်ပိုင်း လျှောက်ထားနေကြရသည်။

စာချုပ်ချုပ်ဆို၍ အိန္ဒိယသို့ တင်ပို့ရောင်းချမည့် ပဲတန်ချိန်တစ်သန်းတွင် ပြည်တွင်းပမာဏအမြောက်အမြားထွက်ရှိသည့် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတို့ဖြစ်ပြီး အမျိုးအစားတစ်မျိုးလျှင် တန်ချိန်မည်ရွေ့မည်မျှ ချုပ်ဆိုခဲ့သည်ဆိုသည်နှင့်ပတ်သက်၍ တရားဝင်သတင်းထုတ်ပြန်ခြင်းမရှိသေးပေ။

UMFCCI ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦး၏အဆိုအရ အိန္ဒိယသို့ တင်ပို့ရောင်းချမည့် ပဲဈေးနှုန်းများကို နှစ်နိုင်ငံတာဝန်ရှိသူများမှ နှစ်လတစ်ကြိမ် ဈေးနှုန်းသတ်မှတ်သွားရန်ရှိသည်ဟုလည်း သိရှိရသည်။

သို့ရာတွင် ယခုအခြေအနေသည် ပဲလောကအတွင်း ယမန်နှစ်အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သော လေပတ်ကားဂယက်နှင့် ကမ္ဘာနှင့်အဝန်းစီးပွားရေးတုံ့ဆိုင်းမှုဖြစ်ပေါ်နေသည့်ကာလနောက်ပိုင်း ပြည်တွင်းပဲဈေးကွက်သည် ယခုကဲ့သို့ ပထမဆုံးအကြိမ်အဖြစ် အခြေအနေပြန်လည်ကောင်းမွန်လာခြင်းလည်းဖြစ်သည်။

ကျပ် ၂၀၃ ဘီလီယံကျော်ထိ လေပတ်ကားကြောင့် အထိနာခဲ့ရသော ပဲဈေးကွက်အတွင်း ယခုကဲ့သို့ အရောင်းအဝယ်များပုံဖြစ်ပြီး ဈေးနှုန်းပြန်လည်ကောင်းမွန်လာခြင်းသည် မင်္ဂလာသတင်းတစ်ရပ်ဖြစ်သည်ဟုလည်း ပဲဝယ်ရောင်းကုန်သည်များက ပြောဆိုကြသည်။

ယခင်လပိုင်းများက ပြည်တွင်းပဲဈေးနှုန်းများသည် မြန်မာငွေတန်ဖိုး ထူးထူးခြားခြားမြင့်တက်လာမှုကြောင့် ဈေးနှုန်းများကျဆင်းနေခဲ့ပြီး လာမည့်ဧပြီလကုန်ချိန်တွင် ပဲဈေးများ ကျဆင်းနေမည့်အရေးကို မုံရွာ၊ မန္တလေးရှိ အဝယ်တော်ကုန်



www.foreverspace.com.mm

သည်ကြီးများက စိုးရိမ်ပူပန်ခဲ့ကြသည်။

ယခုနှစ် ပဲစင်းငုံသည် ဧပြီလတွင် ဈေးကောင်းရနိုင်မည်ဟု မြန်မာနိုင်ငံ၌ ပဲစင်းငုံအများဆုံးထွက်ရှိရာ မုံရွာဒေသခံ ကုန်သည်ကြီးတစ်ဦး၏ အဆိုကို The Voice Weekly တွင် ဇန်နဝါရီလ အတွင်းက သတင်းဖော်ပြခဲ့ပြီးဖြစ်သည်။ ယနေ့ ပဲစင်းငုံပေါက်ဈေးသည် တစ်တန် ကျပ်ခုနစ်သိန်းဝန်းကျင်ရောက်နေပြီဖြစ်သည်။ မုံရွာကုန်စည်ဒိုင်တွင်မူ ပဲစင်းငုံသည် အဝင်နည်းလျက်ရှိပြီး တောင်သူများ၏လက်ဝယ်တွင် မရှိသလောက်နည်းနေပြီဖြစ်ကြောင်းလည်း မြန်မာနိုင်ငံတွင် ပဲမျိုးစုံအဓိကထွက်ရှိရာ မုံရွာဒေသမှ သတင်းများရရှိသည်။

မန္တလေးနယ်တစ်ဝိုက်တွင်လည်း တောင်သူများထံသို့ ယခင်နှစ်များကဲ့သို့ ကုန်သည်များမှ ငွေကြိုပေးမဝယ်တော့သည့်အတွက် ယခုနှစ်ထွက်ရှိသည့်ပဲများကို မလှောင်နိုင်ဘဲ ရှိသမျှပဲကို ထုတ်ရောင်းနေကြရသည်ဟုလည်း မန္တလေးကုန်စည်ဒိုင် အတွင်းရေးမှူးဦးမြမောင်က တယ်လီဖုန်းမှ တစ်ဆင့်ပြောကြားသည်။

ပဲဈေးကျဆင်းခြင်း၊ စီးပွားရေးကျကပ်၊ လေပတ်ကားဈေးကွက်ပြိုလဲမှုတို့ကြောင့် ယခုနှစ် မြန်မာနိုင်ငံပဲစိုက်တောင်သူများ အထိနာခဲ့ရပြီး ယခုနှစ်ကျဈေးများနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးစရိတ် မကာမိအောင် အရှုံးပေါ်ခဲ့ကြကြောင်းလည်း ဒေသခံတောင်သူများထံမှ သိရှိရသည်။

ယခုနှစ် ပဲဈေးကျဆင်းသည့်ဂယက်မှာ တောင်သူအများစု ခံနိုင်ရည်ရှိကြသော်လည်း လာမည့်နှစ်ပဲမထွက်ခြင်း သို့မဟုတ် ပဲဈေးကောင်းမရခြင်းဖြစ်ပါက အဖြေရှာမရနိုင်ပဲ တောင်သူများအတွက် ခက်ခဲမှုများရှိလာလိမ့်မည်ဟု သုံးသပ်ကြသည်။

ယခု အိန္ဒိယနှင့် တန်ချိန်တစ်သန်းချုပ်ဆိုထားသည်ဆိုသည့်သတင်းနှင့် ပတ်သက်၍ ပဲကုန်သည်များသာမက ပဲစိုက်တောင်သူများကပါ လာမည့်ပဲစိုက်သည့်ရာသီ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာမတိုင်မီ သိရှိလိုကြသည်ဟုလည်း ၎င်းတို့က ဆိုကြသည်။

တောင်သူအများစုကမူ ဈေးကောင်းရနိုင်မည့်ပဲအမျိုးအစားကိုသာ စိတ်ကူး၍ စိုက်ပျိုးကြခြင်းဖြစ်ပြီး လာမည့်နှစ်အိန္ဒိယသို့ တင်ပို့မည့် ပဲတန်ချိန်တစ်သန်းတွင် ပါဝင်နေသည့်ပဲများ လာမည့်နှစ်တွင် ပုံမှန်ထွက်ရှိရန်လည်း အရေးပါသည်ဟု မုံရွာဒေသ ဝယ်ရောင်းကိုယ်စားလှယ်ကြီးများက ဆိုသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဦးကလည်း “သူတို့ ပိုစိုက်ဖို့လိုတယ်၊ ကျွန်တော်တို့ဆီမှာ အဝယ် (Demand) အား ဘယ်လောက်ရှိတယ်ဆိုရင်

# ရွှေဈေးနှုန်းနှင့်ဈေးကွက် တစ်ပြေးညီဖြစ်ရေး ကော်မတီတစ်ရပ်ဖွဲ့စည်းဆောင်ရွက်မည်ဟုဆို

**ရန်ကုန်၊ မတ် ၁၃**

မြန်မာနိုင်ငံ၏တိုင်းနှင့်ပြည်နယ်အသီးသီးတွင် ကွဲပြားခြားနားလျက်ရှိသော ရွှေဈေးနှုန်းနှင့် ဈေးကွက်များ တစ်ပြေးညီဖြစ်စေရေးအတွက် မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းက ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါအသင်း၏ အထွေထွေအတွင်းရေးမှူး ဦးကျော်ဝင်း (ဦးထုံးရွှေပန်းထိမ်) က ပြောကြားသည်။

အဆိုပါကော်မတီကို မတ်လဆန်းပိုင်းကကျင်းပခဲ့သော မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်းများအသင်း၏ အလုပ်အမှုဆောင်အစည်းအဝေးတွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များ တိုင်းနှင့်ပြည်နယ် စည်းရုံးရေးနှင့်လုပ်ငန်းညှိနှိုင်းရေးကော်မတီဟု အမည်ပေးထားကြောင်း ဦးကျော်ဝင်းက ရှင်းပြသည်။

“ဒီအစည်းအဝေးကနေ ကော်မတီနှစ်ရပ်ဖွဲ့တယ်။ ဘဏ္ဍာရေးကော်မတီနဲ့ တိုင်းနှင့်ပြည်နယ်ကော်မတီဆိုပြီးဖွဲ့လိုက်တာ။ ကော်မတီတွေအနေနဲ့ ရွှေစီးပွားရေးကို တစ်ပြေးညီပုံစံမျိုးရောက်အောင် လုပ်သွားဖို့ရှိတယ်” ဟု ၎င်းက ပြောကြားသည်။

အဆိုပါကော်မတီအနေနှင့် တစ်ပြည်လုံးအတိုင်းအတာဖြင့် ရွှေဈေးနှုန်းများတည်ငြိမ်ရေးနှင့် သီးသန့်ရွှေဈေးကွက်ပေါ်ပေါက်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး တိုင်းနှင့်ပြည်နယ်အသီးသီးတွင် ရွှေလုပ်ငန်းရှင်အသင်းများ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

“တစ်နိုင်ငံလုံးရဲ့ ရွှေဈေးနှုန်းက တစ်ပြေးညီမဖြစ်သလို ရွှေရောင်းဝယ်တဲ့ပုံစံကလည်း ကွာခြားမှုတွေရှိပါတယ်။ အခုဒါတွေအားလုံးကို တစ်ပြေးညီဖြစ်အောင်လုပ်မယ်ဆိုတော့ နိုင်ငံရဲ့ ဈေးကွက်အခြေအနေသစ်တစ်ရပ် ဦးတည်သွားနိုင်တယ်။ အခြေအနေသစ်ဆိုရင် ကောင်းမှာလား ဆိုးမှာလားဆိုတာ မပြောနိုင်သေးဘူး” ဟု ရန်ကုန်မြို့တော်အခြေစိုက် ရွှေလုပ်ငန်းရှင်ကြီးတစ်ဦးက သုံးသပ်သည်။

ရန်ကုန်မြို့တော်တွင် သီးသန့်ရွှေရောင်းဝယ်သော ဈေးကွက်ကြီးတစ်ခုကို ၂၀၀၉ ခုနှစ် နှစ်ဆန်းပိုင်းတွင် အကောင်အထည်ဖော်ခဲ့ရာ တရားမဝင်လေပတ်ကားရွှေအရောင်းအဝယ်ပြုမှုများ ရပ်ဆိုင်းသွားပြီး ရွှေဈေးနှုန်းများ တစ်ပြေးညီဖြစ်လာကြောင်း ရွှေဘုံသာလမ်းရှိ သီးသန့်ရွှေဈေးကွက်မှ စုံစမ်းသိရှိရသည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းကို ၂၀၀၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ကာ ရွှေဈေးနှုန်းများ တည်ငြိမ်မှုရှိစေရန် ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ပြီး ယခုအခါ အဆိုပါအသင်းတွင် ရွှေလုပ်ငန်းရှင် စုစုပေါင်း ရှစ်ရာနီးပါးရှိနေပြီ ဖြစ်သည်။

www.foreverspace.com.mm

သူတို့ရောင်းရတဲ့သီးနှံကို ပိုစိုက်ပါလိမ့်မယ်။ မကြာခင် ကျွန်တော်တို့က သတင်းထုတ်ပြန်ပါမယ်"ဟုလည်း ပြည်တွင်းမီဒီယာများသို့ မတ်လ ၂၅ ရက်နေ့က ပြောကြားသည်။

မကြာမီကုန်ဆုံးတော့မည့် ၂၀၀၈–၂၀၀၉ ဘဏ္ဍာနှစ် နောက်ဆုံးလဧပြီလကုန်တွင် မြန်မာနိုင်ငံသည် ပဲမျိုးစုံတန်ချိန် ၁.၄ သန်းကျော် တင်ပို့နိုင်မည်ဟု အစိုးရမှ ခန့်မှန်းထားပြီး ပြီးခဲ့သည့် ဖေဖော်ဝါရီလကုန်အထိ တန်ချိန် ၁.၃ သန်းကျော် တင်ပို့ခဲ့ပြီးလည်းဖြစ်သည်။



အိန္ဒိယနှင့် ပဲမျိုးစုံတန်ချိန်တစ်သန်းကျော်ရောင်းချရန် လာမည့်ဘဏ္ဍာရေးကာလ ၂၀၀၉–၂၀၁၀ ခုနှစ်တွင် စာချုပ်ချုပ်ဆိုရောင်းဝယ်နိုင်ခဲ့မှုသည် မြန်မာနိုင်ငံအတွက် ၂၀၀၉ ခုနှစ် စီးပွားရေးကျဆင်းနေသည့်ကာလအတွင်း သတင်းကောင်းတစ်ခုဖြစ်ပြီး နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော စိုက်ပျိုးထုတ်လုပ်သူတောင်သူများ အကျိုးခံစားမှုရှိစေရန် အစိုးရအနေဖြင့် စောင့်ကြည့်တည့်မတ်ပေးသင့်သည်ဟုလည်း စီးပွားရေးပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

# တက္ကသိုလ် ခြေလျင်နှင့်တောင်တက်အသင်း မုန်တိုင်းသင့်ကျေးရွာများ ကျန်းမာရေးစောင့်ရှောက်

**သံဒိတ်၊ မတ် ၁၅**

တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်း၏ စီစဉ်မှုဖြင့် အထွေထွေရောဂါအထူးကုသမားတော်ကြီး ပါမောက္ခဒေါက်တာခင်မေအုန်းဦးဆောင်သော ဆရာဝန်သုံးဦးနှင့် သူနာပြုများပါဝင်သည့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သည် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် သံဒိတ်မြစ်ဝတစ်လျှောက်ရှိ ဥတိုတိုးချဲ့ကျေးရွာ၊ ရေတွင်းကုန်းကျေးရွာနှင့် သံဒိတ်ကျေးရွာတို့မှ ဒေသခံပြည်သူ ၂၄၀ ဦးကျော်အား မတ်လ ၁၅ ရက်နေ့တွင် သံဒိတ်ကျေးရွာ၌ အခမဲ့ဆေးဝါးကုသပေးခဲ့ကြောင်း အဆိုပါအသင်းအမှုဆောင်တစ်ဦးက ပြောကြားသည်။

ထိုသို့ဆေးဝါးကုသမှုများပေးရာ၌ ရန်ကုန်သူနာပြုတက္ကသိုလ်မှ လက်ထောက်ကထိကသူနာပြုဆရာမကြီး ဒေါ်လဗွမ်ထုနောင်၊ သူနာပြုဆရာမများနှင့် သင်တန်းသူများ၊ ခြေလျင်နှင့်တောင်တက်အသင်းဝင်များနှင့် သံဒိတ်ကျေးရွာကျေးလက်ကျန်းမာရေးဆရာမ ဒေါ်မို့မို့နှင်းတို့က ဝိုင်းဝန်းကူညီခဲ့ကြပြီး ခွဲစိတ်ကုသရန်လိုအပ်သူ အမျိုးသမီးလူနာတစ်ဦးအား ခွဲစိတ်ကုသမှုခံယူရန်အတွက် ငွေကျပ်ငါးသောင်းကို ပံ့ပိုးလှူဒါန်းကာ ဥတိုတိုးချဲ့ ကျေးရွာမှ လတန်းကျောင်းနှင့် သံဒိတ်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲသို့ ဆေးဝါးများလှူဒါန်းခဲ့ကြကြောင်း ၎င်းက ဆိုသည်။

"ဒီနေ့လာပြကြတဲ့လူနာတွေထဲမှာ အမျိုးသမီးနဲ့ ကလေးတွေက များတယ်။ ရေမသန့်ရှင်းတာနဲ့ တစ်ကိုယ်ရေသန့်ရှင်းမှုအားနည်းကြလို့ ကလေးတော်တော်များများ ဝမ်းပျက်ဝမ်းလျှောဖြစ်နေတာ တွေ့ရတယ်"ဟု ဆေးအဖွဲ့ဝင်တစ်ဦးကရှင်းပြသည်။

တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်းအနေဖြင့် အဆိုပါကျေးရွာသုံးခုတွင် ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို နာဂစ်မုန်တိုင်းတိုက်ခတ်အပြီး တစ်ပတ်အကြာမှစတင်၍ စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ရာ အရေးပေါ်စားနပ်ရိက္ခာနှင့် လူသုံးကုန်ပစ္စည်းများ ပံ့ပိုးခြင်း၊ ဆေးဝါးကုသခြင်း၊ တစ်ဘီးတွန်းထွန်စက်၊ ဒီဇယ်နှင့် ငါးဖမ်းပိုက်များ ပံ့ပိုးခြင်း၊ ကျောင်းသုံးပစ္စည်းနှင့် စာရေးကိရိယာများပံ့ပိုးခြင်း၊ တန်ဖိုးနည်းအိမ်ရာ ၅၂ လုံးနှင့် ယင်လုံအိမ်သာများတည်ဆောက်ပေးခြင်း၊ စက်ရေတွင်းနှင့် လက်နှိပ်တုံကင်များတူးဖော်ပေးခြင်း၊ ကျေးလက်ဆေးပေးခန်းအဆောက်အအုံတည်ဆောက်ပေးခြင်း စသည်တို့အပါအဝင် မတ်လ ၁၅ ရက်အထိ စုစုပေါင်း ကျပ်သိန်း ၂၀၀၀ ကျော်ဖိုး ပံ့ပိုးဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း အသင်းဥက္ကဋ္ဌဦးမျိုးသန့်က ဆိုသည်။

■

www.foreverspace.com.mm



# ငါးရှဉ့်တရားမဝင်တင်ပို့ပါက ဝယ်ယူစုဆောင်းခွင့်လိုင်စင် ပိတ်သိမ်းမည်ဟုဆို

**ရန်ကုန်၊ မတ် ၂၄**

ငါးရှဉ့်များ ပြည်ပတင်ပို့ရာတွင် သတ်မှတ်ထားသော အခွန်နှုန်းထားများ ရှောင်ရှားလိုသဖြင့် တရားမဝင် တင်ပို့ခြင်းများကို စစ်ဆေးတွေ့ရှိပါက ဝယ်ယူစုဆောင်းခွင့်လိုင်စင်ပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးက မတ်လ ၂၄ ရက်နေ့တွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပသည့် ၈/၂၀၀၉ သားငါးကဏ္ဍဆိုင်ရာအစည်းအဝေးတွင် ပြောကြားသည်။

ငါးရှဉ့်ဝယ်ယူ စုဆောင်းခွင့်ပြုထားသည့်ပမာဏနှင့် အမှန်တကယ်တင်ပို့နေသည့် ကုန်ပမာဏကို စိစစ်လျက်ရှိကြောင်း၊ ယင်းကဲ့သို့လုပ်ဆောင်ခြင်းဖြင့် ငါးရှဉ့် တရားမဝင်တင်ပို့နေမှုများကို တားဆီးကာကွယ်ရာရောက်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ငါးရှဉ့်တင်ပို့မှုအချို့မှာ မူဆယ် ၁၀၅ မိုင်နယ်စပ်ကုန်သွယ်ရေးဇုန်သို့ ဝင်ရောက်ခြင်းမရှိဘဲ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိတောလမ်းများမှတစ်ဆင့် တရားမဝင်ခိုးထွက်မှုများရှိနေကြောင်း၊ ငါးရှဉ့်တရားမဝင်ခိုးထုတ်သူများအနေဖြင့် အစိုးရသို့ပေးဆောင်ရမည့်အခွန်၊ အခများနှင့် မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်ရှိ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီသို့ ပေးဆောင်ရမည့် ဝန်ဆောင်မှုစရိတ်များကို ရှောင်ရှားလို၍ ယင်းကဲ့သို့ တရားမဝင်နည်းလမ်းများဖြင့် ခိုးထုတ်နေခြင်း ဖြစ်ကြောင်း ငါးရှဉ့်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ငါးလုပ်ငန်းဦးစီးဌာန (မန္တလေးတိုင်း) က မတ်လ ပထမပတ်အတွင်း ငါးရှဉ့်တရားမဝင်တင်ပို့မှုများကို တားဆီးကာ




ကွယ်နိုင်ရန်အတွက် မန္တလေးတိုင်းအတွင်းရှိ ကားဂိတ်၊ လေကြောင်းလမ်း၊ ကုန်းလမ်း စသည်များကို အကြောင်းကြားစာများ ပေးပို့ထားကြောင်း ၎င်းထံမှ သိရသည်။

# ကရုဏာလူမှုကူညီရေးအသင်း ဧပြီလအထိ ရေတွင်း ၁၁ တွင်းတူးမည်

**လပွတ္တာ၊ မတ် ၂၆**

နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်ပေးနေသော ကရုဏာလူမှုကူညီရေးအသင်းက Oxfam၊ Alliance စသည့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်း (INGO) များနှင့်ပူးပေါင်း၍ ဧရာဝတီတိုင်း ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ ဒီဒူးကုန်းကျေးရွာအုပ်စုတွင် ဧပြီလအထိ ရေတွင်း ၁၁ တွင်း တူးဖော်မည်ဖြစ်ကြောင်း အဆိုပါ လူမှုကူညီရေးအသင်းမှ အတွင်းရေးမှူး ဦးဇော်ဝင်းက ပြောကြားသည်။

အဆိုပါအဖွဲ့အစည်းများ ပူးပေါင်း၍ ရေရရှိရန်အတွက် ဒီဒူးကုန်း၊ မဲဓာအိုင်၊ ဇောင်းလျားကုန်း၊ ကျောက်ကလပ်၊ ကြက်လျှာ စသည့် ကျေးရွာတို့တွင် ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့မှစ၍ မျက်နှာဝ ငါးတောင်၊ အနက် ၁၀ပေမှ ၁၂ ပေရှိ ရေတွင်းတစ်တွင်းစီ တူးဖော်ပေးခဲ့ပြီး နောက် မန်ကျည်းချိုင်ရွာတွင်တစ်တွင်း၊ အဆင်းချိုင်ရွာတွင် နှစ်တွင်း၊ ဒီဒူးကုန်းတွင်တစ်တွင်း၊ ဘုန်းစိုးကြီးတွင်တစ်တွင်း တူးဖော်ရန် စီစဉ်ထားကြောင်း၊ လတ်တလောအနေအထားတွင် မိုးရေခံကန် ရှစ်ကန်၊ ရေတွင်းရှစ်တွင်း၊ လက်နှိပ်တုံကင်တစ်ခု တို့ကို



ဒီဒူးကုန်း ကျေးရွာအုပ်စု ၁၃ ရွာရှိ လူဦးရေ ၉၆၃၇ ဦးတို့ သုံးစွဲနေပြီး လာမည့်ဧပြီလတွင် ရေများခန်းခြောက်သွားနိုင်သောကြောင့် အချိန်မီတူးဖော်နေရခြင်းဖြစ်ကြောင်း တွဲဖက်အတွင်းရေးမှူး ဦးတင်အုန်းက ပြောကြားသည်။

"ရေတွင်းတူးဖို့ စီစဉ်တုန်းက ခုနစ်တွင်းအတွက်ပဲ စီစဉ်ထားတာ။ နောက်ပိုင်း ငွေပိုလာတော့ ၁၁ တွင်းတူးဖို့ လုပ်တာ။ ရေတွင်းတစ်တွင်းကို ကျပ်ခြောက်သိန်းဝန်းကျင်ရှိတယ်။ အလှူရှင်ရှိတော့ ထပ်ပြီး တာဝန်ယူတူးပေးမှာပါ" ဟု ဦးဇော်ဝင်းက ဆိုသည်။ ရေလိုအပ်ချက်ကြောင့် အလှူရှင်များလိုအပ်လျက်ရှိရာ ရေတွင်းတူးရန် လှူဒါန်းလိုပါက ဖုန်း– ၀၉–၈၅၅၁၇၆၂ သို့ ဆက်သွယ်နိုင်ကြောင်း ၎င်းက ပြောကြားသည်။ ■

www.foreverspace.com.mm



# နေပြည်တော်တိုင်းရင်းသားကျေးရွာ ရုပ်လုံးပေါ်

**နေပြည်တော်၊ မတ် ၁၅**

နေပြည်တော်မြို့နယ် ရွှေတွင်းကုန်းကျေးရွာအနီး ရန်ကုန်–မန္တလေးကားလမ်းဘေးမိုင်တိုင်အမှတ် ၂၅၇/၄ ဧရိယာ ဧက ၁၀၀၀ခန့် အကျယ်အဝန်းရှိ မြေနေရာပေါ်တွင် ဆောက်လုပ်ရေးကော်မတီ ကိုးခုက တိုင်းရင်းသားကျေးရွာ စီမံကိန်းကို တည်ဆောက်လျက်ရှိရာ ယခုအခါ တိုင်းနှင့်ပြည်နယ်အလိုက် အထိမ်းအမှတ် အထင်ကရ အဆောက်အအုံများ ရုပ်လုံးပေါ်လျက်ရှိပြီဖြစ်ကြောင်း ဒေသခံဆောက်လုပ်ရေးကော်မတီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါတိုင်းရင်းသားကျေးရွာသည် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) နှင့် နေပြည်တော်ခုတင် ၁၀၀၀ ဆံ့ဆေးရုံအကြားတွင်တည်ရှိပြီး ဆောက်လုပ်ရေးကော်မတီ ကိုးခုက ၂၀၀၇ခုနှစ် နိုဝင်ဘာလမှ စတင်တည်ဆောက်လျက်ရှိကြောင်း၊ အဆိုပါတိုင်းရင်းသားကျေးရွာတည်ဆောက်ရေးစီမံကိန်းတွင် မြန်မာနိုင်ငံ၏ တိုင်းနှင့်ပြည်နယ်များရှိ အထင်ကရအဆောက်အအုံ၊ စေတီဘုရားများ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံများ၊ တံတားနှင့်မြစ်ချောင်းတမံများ၊ နေပြည်တော်ရှိ အထင်ကရအဆောက်အအုံများ၊ တိုင်းနှင့်ပြည်နယ်အတွင်းကူးသန်းသွားလာသည့်လမ်းများ စသည်တို့ပါဝင်ကြပြီး အကောင်အထည်ဖော်မှု ရုပ်လုံးပေါ်နေပြီဖြစ်ကြောင်း ၎င်းက ဆိုသည်။

အဆိုပါတိုင်းရင်းသားကျေးရွာတည်ဆောက်ရေးစီမံကိန်းတွင် မန္တလေးတိုင်းကိုယ်စားပြု အထင်ကရအဆောက်အအုံ၊ လမ်း၊ တံတားများအဖြစ် မြနန်းစံရွှေနန်းတော် မန္တလေးကျုံး၊ မြို့ရိုး မန္တလေးတောင်၊ မဟာမြတ်မုနိဘုရား၊ ပုပ္ပားတောင်၊ ပုဂံစွယ်တော်လေးဆူ၊ စံနန်းတော်၊ ရတနာပုံတံတား၊ ဥပ္ပါတသန္တိစေတီ၊ ပျဉ်းမနားပေါင်းလောင်းဆည် စသည်ဖြင့် အထင်ကရအဆောက်အအုံများကို ပါဝင်တည်ဆောက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းအဆောက်အအုံပုံစံပြမြေပုံ ဖော်ပြချက်အရ သိရှိရသည်။

ယင်းတိုင်းရင်းသားကျေးရွာတည်ဆောက်ရေးစီမံကိန်းကို သုံးနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း အထက်ပါဆောက်လုပ်ရေးကော်မတီထံမှ သတင်းရရှိသည်။

**မင်းသုခိုင်**

# မြန်မာနိုင်ငံအထက်ပိုင်းမှဝက်များ တရုတ်ဈေးကွက်မှ ရန်ကုန်ဈေးကွက်သို့ပြောင်း

**ရန်ကုန်၊ မတ် ၁၇**

နယ်စပ်မှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သို့တင်ပို့ရောင်းချလျက်ရှိသည့် မြန်မာနိုင်ငံအထက်ပိုင်း၌ မွေးမြူထားသောဒေသဝက်များမှာရန်ကုန်ဈေးကွက်သို့ ပြောင်းလဲဝင်ရောက်လျက်ရှိကြောင်း ဝက်မွေးမြူသူများနှင့်ထုတ်လုပ်ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးလှိုင်မြင့်ဦးက ပြောကြားသည်။

ဖေဖော်ဝါရီလခန့်မှစ၍ နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့လျက်ရှိသည့်မြန်မာနိုင်ငံအထက်ပိုင်း မန္တလေး၊ တောင်ငူ၊ နေပြည်တော် ပျဉ်းမနား စသည့်ဒေသများရှိ ဝက်များကို ရန်ကုန်ဈေးကွက်သို့ ပြောင်းလဲတင်ပို့ ရောင်းချလာကြောင်း၊ ယင်းကဲ့သို့ မြန်မာနိုင်ငံအထက်ပိုင်းမှ ဝက်များ ဈေးကွက်ပြောင်းလဲဝင်ရောက်လာသည့်အတွက် နေ့စဉ် ဝက်သားစားသုံးမှုပိဿာလေးသောင်းခန့်သာရှိသည့် ရန်ကုန်ဈေးကွက်၌ ဝက်အရှင်ရောင်းချမှုဈေးကွက် ဝေစုမမျှသည့်အခြေအနေများ ဖြစ်ပေါ် လျက်ရှိကြောင်း ၎င်းက ဆိုသည်။

ကမ္ဘာ့စီးပွားရေးကျဆင်းမှုကြောင့် တရုတ်နိုင်ငံ၏ ဝက်ဝယ်ယူမှုများ လျော့နည်းသွားကြောင်း၊ လက်ရှိအခြေအနေတွင် တရုတ်ငွေကြေးတန်ဖိုးများကျဆင်းနေသည့်အတွက် ငွေကြေးအားဖြင့် ပိုမိုရရှိပြီး ဝက်သားဖြန့်အားကောင်းသည့် ရန်

www.foreverspace.com.mm



ကုန်ဈေးကွက်သို့ မြန်မာနိုင်ငံအထက်ပိုင်းမှ ဝက်များပြောင်းလဲတင်ပို့လာခြင်းများဖြစ်ကြောင်း၊ ယခင်က ရန်ကုန်ဈေးကွက်သို့ ရန်ကုန်တိုင်းရှိ မွေးမြူရေးဝက်များနှင့် ဧရာဝတီတိုင်းမှတင်ပို့သည့် ဒေသဝက်များသာ ဝင်ရောက်မှုရှိခဲ့ကြောင်း မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းအထွေထွေမန်နေဂျာ ဦးပြည့်စုံက ရှင်းပြသည်။

လက်ရှိတွင် ရန်ကုန်ဈေးကွက်အတွင်း၌ ဝက်အရှင်ရောင်းချမှုများမှာ ဈေးကွက်ဝေစုမမျှသည့်အခြေအနေများ ဖြစ်ပေါ်လျက်ရှိပြီးဝက်အရှင်ဈေးနှုန်းများမှာလည်း ကျဆင်းလျက်ရှိကြောင်း၊ ဒေသဝက်အရှင် တစ်ပိဿာလျှင် ပေါက်ဈေးမှာ ၁,၆၀၀ ကျပ်ရှိပြီး မွေးမြူရေးဝက်အရှင်တစ်ပိဿာလျှင် အရည်အသွေးပေါ်မူတည်၍ ၂,၄၀၀ ကျပ်မှ ၂,၈၀၀ ကျပ်ခန့်ပေါက်ဈေးရှိကြောင်း၊ အဆိုပါဈေးနှုန်းများမှာ ယခင်ဒေသဝက် တစ်ပိဿာ ၂,၄၀၀ ကျပ်နှင့် မွေးမြူရေးဝက် တစ်ပိဿာ ၃,၂၀၀၊ ၃,၄၀၀ ကျပ်ဈေးနှုန်းများမှ ကျဆင်းသွားသည့် ဈေးနှုန်းများဖြစ်ကြောင်း၊ လက်ရှိ ရန်ကုန်ဈေးကွက်အခြေအနေများအရ မြန်မာနိုင်ငံအထက်ပိုင်းမှဆင်းလာသည့် ဒေသဝက်များမှာ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ရန်ကုန်တိုင်းရှိ မွေးမြူရေးဝက်များမှာ အရောင်းအဝယ်အေးလျက်ရှိကြောင်း ရန်ကုန်ဝက်အရှင်ဈေးကွက်မှ စုံစမ်းသိရှိရသည်။

**မိုးခိုင်**

# ပြည်ပဈေးကွက်ဝင်စပါး ၁၂ မျိုးမှ မိုးစပါးတင်းပေါင်း ၃၇၉၇ သိန်းခန့်ထွက်ရှိဟုဆို

**ရန်ကုန်၊ မတ် ၂၉**

ပြည်ပဈေးကွက်ဝင်စပါး ၁၂ မျိုးမှ ၂၀၀၈–၂၀၀၉ မိုးစပါးရာ သီတွင် မိုးစပါး တင်းပေါင်းသိန်း ၃၇၉၇ တင်းခန့်ထွက်ရှိခဲ့ ကြောင်း မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေးဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ထူးက ပြောကြားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ မတ်လ ၂၉ ရက်နေ့တွင်ကျင်းပသော ဈေးကွက်ဝင်စပါးမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးတွင် ပုဂ္ဂလိကကဏ္ဍမှပါဝင်ဆောင်ရွက်ရေးအလုပ်ရုံ ဆွေးနွေးပွဲတွင် ၎င်းက အထက်ပါအတိုင်းပြောကြားသည်။

၎င်း၏အဆိုအရ ဒုတိယအကြိမ် မြန်မာ့ဆန်စပါးဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲနှင့် ၂၀၀၉ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် နေပြည်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ကျင်းပသည့်ဈေးကွက်ဝင်သီးနှံများ ထုတ်လုပ်တင်ပို့ရောင်းချဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲ၏ ဖော်ထုတ်ချက်များအရ ပြည်ပဈေးကွက်ဝင်စပါး ၁၅ မျိုးရှိကြောင်း၊ အဆိုပါ စပါးမျိုးများမှာ မနောသုခ၊ ရွှေဝါထွန်း၊ ရွှေသွယ်လေး၊ ဧရာမင်း၊ သီးထပ်ရင်၊ နံ့ကားမီးကောက်၊ ပေါ်ဆန်းမွှေး၊ ဆင်းသွယ်လတ်၊ ကျော်ဇေယျ၊ အင်းမရဲဘော်၊ မော်ဘီ–၂၊ လုံးသွယ်မွှေး၊ ဘာစမာတီ၊ ကောက်ညှင်းနှင့်စောရှုပ်တို့ဖြစ်ကြောင်း ၎င်းကဆိုသည်။

အဆိုပါပြည်ပဈေးကွက်ဝင်စပါး ၁၅ မျိုးမှ လုံးသွယ်မွှေး၊ ဘာစမာတီနှင့် ကောက်ညှင်းမပါ ကျန်သည့်စပါး ၁၂ မျိုးမှ ၂၀၀၈–၂၀၀၉ ခုနှစ် မိုးစပါးထွက်ရှိမှုမှာ စိုက်ဧက ၅၅.၈၅ သိန်းမှ စပါးအထွက်တင်းပေါင်း ၃၇၉၇ သိန်း (ညီမျှတန် ၃.၇၉ သန်း) ထွက်ရှိခဲ့ကြောင်း ၎င်းကပြောကြားသည်။

ဈေးကွက်ဝင်စပါးမျိုးကောင်းမျိုး သန့်များစိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် ပုဂ္ဂလိကကုမ္ပဏီများက ၂၀၀၉–၂၀၁၀ မိုးစပါးစိုက်ပျိုးရာသီမှစတင်၍ ဒေသခံတောင်သူများနှင့်ပူးပေါင်း၍ ကန်ထရိုက်လယ်ယာစနစ်ကို စတင်ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တာဝန်ရှိသူတစ်ဦးက ဆိုသည်။

**မိုးခိုင်**

www.foreverspace.com.mm

# ခေတ္တရာလူငယ်များ သာရေးနာရေးကူညီပံ့ပိုးမှုအသင်း အိမ်တိုင်ရာရောက်ဆေးကုသမှုစတင်

**ပြည်၊ မတ် ၁**

ပြည်မြို့ ခေတ္တရာလူငယ်များ သာရေး နာရေး ကူညီပံ့ပိုးမှု အသင်းက တည်ထောင်ထားသော ပီတိအခမဲ့ဆေးခန်းအနေဖြင့် တီဘီနှင့်ခုခံအားကျဆင်းမှုရောဂါများကြောင့် ဆေးခန်းသို့လာရောက်ပြသနိုင်ခြင်းမရှိသောလူနာများကို ၂၀၀၉ ခုနှစ်မှစတင်၍ အိမ်တိုင်ရာရောက် ဆေးကုသမှုပေးလျက်ရှိကြောင်း အဆိုပါ အသင်းဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက ပြောကြားသည်။

ပီတိအခမဲ့ဆေးခန်းအနေဖြင့် ၂၀၀၈ ခုနှစ်အတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)နှင့် ပြင်ပဆရာဝန်များအသင်း တို့၏ အကူအညီဖြင့် တီဘီဝေဒနာရှင် ၂၄၀ ဦးကို တိုက်ရိုက်ကြည့်ရှုအချိန်တိုနှင့်ကုစနစ် (DOTS)ဖြင့် ကုသပေးနိုင်ခဲ့ကြောင်း၊ ပီတိအခမဲ့ဆေးခန်းအနေဖြင့် ၂၀၀၈ ခုနှစ်အတွင်း လူနာဦးရေ ၂၇,၆၃၀ ကို ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပီတိဆေးခန်း စတင်ဖွဲ့စည်းခဲ့သည့် ၂၀၀၆ ခုနှစ်မှ သုံးနှစ်တာကာလအတွင်း လူနာဦးရေ ၆၉,၉၇၃ ကို ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်ခဲ့ကြောင်း၊ ၂၀၀၈ ခုနှစ်မှ စတင်၍ နေ့စဉ် လူနာ ၁၀၀ ဦးခန့်ကို အထွေထွေရောဂါကုဆရာဝန် ငါးဦး၊ သူနာပြုနှင့်ဆေးဝါးကျွမ်းကျင်ဝန်ထမ်း ၁၀ ဦး၊ ဓာတ်ခွဲခန်း တာဝန်ခံနှစ်ဦးဖြင့် ကုသပေးလျက်ရှိကြောင်း ၎င်းက ဆိုသည်။

ခေတ္တရာလူငယ်များ သာရေး နာရေးကူညီမှုအသင်း၏ ကူညီဆောင်ရွက်မှုအတွေ့အကြုံများအရ အချို့နာရေးကိစ္စများသည် ဆေးခန်းပြရန်အတွက်ပင် ငွေကြေးမတတ်နိုင်သောကြောင့် အခြေအနေဆိုးဝါးပြီး အသက်ဆုံးရှုံးရသည်အထိ ကြုံတွေ့နေရသဖြင့် အသင်းလူငယ်များက ဩဝါဒစရိယဆရာတော်ကြီးများနှင့် နာယကများထံ ညှိနှိုင်းတိုင်ပင်ပြီး နှမ်းပါးချို့တဲ့သူ၊ အကူအညီမဲ့သူများကို လူအင်အား ငွေအင်အားတို့ဖြင့် အကူအညီပေးရန် အခမဲ့ဆေးခန်းတစ်ခုဖွင့်လှစ်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း အသင်းနာယကကြီးတစ်ဦးက ဖြည့်စွက်ပြောကြားသည်။

ခေတ္တရာလူငယ်များ သာရေး နာရေးကူညီမှုအသင်းသည် ၂၀၀၈ ခုနှစ်အတွင်း ငွေကျပ်သိန်းခြောက်ရာနီးပါး အကုန်အကျခံ၍ ဆေးကုသမှုပြုလုပ်ပေးခဲ့ကြောင်း၊ ပီတိအခမဲ့ဆေးကုသမှုအတွက် တစ်နေ့တာကုန်ကျစရိတ် တစ်သိန်း ငါးသောင်းကျပ်ရှိကြောင်း၊ လှူဒါန်းလိုသူများအနေဖြင့် ခေတ္တရာလူငယ်များ သာရေး နာရေးကူညီပံ့ပိုးမှုအသင်း ကန်ဖျားကျောင်းတိုက်၊ ဖုန်း-၀၅၃-၂၆၂၀၀၊ ပီတိအခမဲ့ဆေးခန်း ဖုန်း-၀၅၃-၂၅၃၂၉၊ ဒေါက်တာ ဦးခင်မောင်လေး ဖုန်း-၀၅၃- ၂၅၃၂၉၊ ဒေါက်တာ အောင်သန့်ဇင် ဖုန်း-၀၉-၅၃၁၀၇၆၅ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အဆိုပါအသင်းထံမှ သိရသည်။

# နှစ်သစ်ကူး ခရီးအသွားအလာများချိန် အဝေးပြေးယာဉ်စီးခ ပိုမိုမရောင်းချရန် စစ်ဆေးမည်ဟုဆို

**ရန်ကုန်၊ မတ် ၁၃**



ခရီးအသွားအလာများသည့် မြန်မာ့ရိုးရာသင်္ကြန်ကာလနီးကပ်လာသည့်အချိန်၌ အဝေးပြေးမော်တော်ယာဉ်ဂိတ်များတွင် ယာဉ်စီးခနှုန်းထားများကို သတ်မှတ်နှုန်းထားထက် ပိုမိုရောင်းချခြင်းများမပြုလုပ်စေရန် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ပူးပေါင်း၍ စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (မထသ-အဝေးပြေး) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါစစ်ဆေးရေးလုပ်ငန်းစဉ်များကို ဧပြီလဆန်းပိုင်းတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်ဂိတ်မှထွက်ခွာလာပြီး အဝေးပြေးယာဉ်ရပ်နားစခန်းဝင်းအထွက်ဂိတ်တွင် စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ဈေးနှုန်းပိုမိုရောင်းချသည်ကိုတွေ့ရှိပါက လက်မှတ်ရောင်းချသူကို တရားစွဲမည့်အပြင် ကားဂိတ်ကိုလည်း နှစ်ပတ်ပိတ်ထားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ယခင်နှစ်ကလည်း လက်မှတ်ပိုမို

www.foreverspace.com.mm





ရောင်းချသည့် ယာဉ်လိုင်းခုနစ်လိုင်းကို အရေးယူခဲ့ကြောင်း၊ ယာဉ်စီးခနှုန်းထားများကို လေအေးပေးစက်ပါ မော်တော်ယာဉ်ဖြစ်ပါက ခရီးတစ်မိုင်လျှင် ၂၄ ကျပ်နှုန်းရောင်းချစေရန် သတ်မှတ်ထားပြီး ရိုးရိုးမော်တော်ယာဉ်ဖြစ်ပါက တစ်မိုင်လျှင် ၂၀ ကျပ်နှုန်း တရားဝင်သတ်မှတ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

“တချို့ယာဉ်လိုင်းတွေက သာမန်အချိန်မှာတောင် ယာဉ်စီးခကို ပိုရောင်းတာရှိတယ်။ သင်္ကြန်နီးလာရင် ပိုဆိုးမှာပေါ့။ ယာဉ်စီးခပိုတောင်းရင် တိုင်ကြားနိုင်တယ်လို့ဆိုပေမယ့် ခရီးသွားခါနီးအချိန်မှာ ဘယ်သူမှမတိုင်ချင်တော့ဘူး။ အဓိကတိုင်ကြားစရာမလိုအောင် ဒီလို စစ်ဆေးတာမျိုးကို ပုံမှန်ဖြစ်စေ၊ ရောင်တခင်ဖြစ်စေ လုပ်ပေးသင့်တယ်”ဟု ရန်ကုန်မြို့မှ သံတွဲမြို့သို့သွားရောက်မည့် ခရီးသည်တစ်ဦးက ပြောကြားသည်။

အဝေးပြေးမော်တော်ယာဉ်လိုင်းများသည် ဒီဇယ်ဈေးနှုန်းကျဆင်းသဖြင့် အမြတ်ပိုမိုရရှိပြီး အချို့ယာဉ်လိုင်းများမှာ သတ်မှတ်ယာဉ်စီးခနှုန်းထားထက်လျှော့၍ ပြေးဆွဲပေးလျက်ရှိကြောင်း၊ ရန်ကုန် – နေပြည်တော်ယာဉ်စီးခနှုန်းထားကို တစ်ဦးလျှင် ၅၈၀၀ ကျပ် သတ်မှတ်ထားရာမှ ၄၉၀၀ ကျပ်သို့လည်းကောင်း၊ နေပြည်တော်–မန္တလေးယာဉ်စီးခကို တစ်ဦးလျှင် ၄၅၀၀ ကျပ် သတ်မှတ်ထားရာမှ ၃၈၀၀ ကျပ်သို့လည်းကောင်း အသီးသီးလျှော့၍ ပြေးဆွဲပေးလျက်ရှိကြောင်း၊ ယခုအခါ ဒီဇယ်ဈေးနှုန်းမှာ တစ်ပီပါလျှင် ၈၆,၀၀၀ ကျပ်နှုန်းရှိပြီး ရန်ကုန်–နေပြည်တော် အသွားအပြန်အတွက် ဒီဇယ်တစ်ပီပါခန့် အသုံးပြုရကြောင်း ရန်ကုန်–နေပြည်တော်–မန္တလေးမြို့များသို့ ပြေးဆွဲပေးနေသော အဝေးပြေးမော်တော်ယာဉ်ဂိတ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

# ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ် သစ်တင်ပို့မှု လျာထားချက်အောက်လျော့

**ရန်ကုန်၊ မတ် ၂၉**

ပုဂ္ဂလိကကဏ္ဍ၏ ၂၀၀၈–၂၀၀၉ ဘဏ္ဍာနှစ်အတွက် သစ်နှင့်သစ်တောထွက်ပစ္စည်း ပြည်ပတင်ပို့မှုမှာ သတ်မှတ်ဝင်ငွေလျာထားချက်အောက်လျော့နည်းလျက်ရှိကြောင်း မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိန်လွင်ကပြောကြားသည်။

ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးအဆောက်အအုံ (IBC) ၌ မတ်လ ၂၈ ရက်နေ့တွင်ကျင်းပသည့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၏ (၁၅) ကြိမ်မြောက်နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားသည်။

၎င်း၏အဆိုအရသစ်နှင့် သစ်တောထွက်ပစ္စည်း ပြည်ပတင်ပို့မှုအပိုင်းတွင် ပုဂ္ဂလိကကဏ္ဍမှ နှစ်စဉ်ပြည်ပဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ လျာထားဆောင်ရွက်လျက်ရှိရာ ၂၀၀၈–၂၀၀၉ ဘဏ္ဍာရေးနှစ်အတွက် ဖေဖော်ဝါရီလအထိ စာရင်းများအရ အမေရိကန်ဒေါ်လာ ၈၇ ဒသမ ၅၀၈ သန်းခန့်သာ ရှာဖွေပေးနိုင်ခဲ့သည်ဟု ၎င်းက ဆိုသည်။

ယင်းကဲ့သို့ သစ်တင်ပို့မှုဝင်ငွေလျာထားချက် လျော့နည်းကျဆင်းခြင်းမှာ အနောက်နိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှုနှင့် လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းပြဿနာများ၏ ရိုက်ခတ်မှုများကြောင့်ဖြစ်သည်ဟု သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က သုံးသပ်ပြောကြားသည်။

စီးပွားရေးအကျပ်အတည်းများနှင့် ကြုံတွေ့နေချိန် သစ်အခြေခံစက်မှုလုပ်ငန်းများ ရှင်သန်တိုးတက်စေရန်အတွက် အစိုးရအနေဖြင့် လုပ်ထုံးလုပ်နည်း များလျှော့ပေါ့ပေးခြင်းနှင့် သင့်တင့်သည့် ဈေးနှုန်းများပြင်ဆင်ပြောင်းလဲပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်ဟု ၎င်းက ဆိုသည်။

**မိုးနိုင်**



www.foreverspace.com.mm

# စစ်ကိုင်းမြို့ ချက်နို့ဆီလုပ်ငန်းများ တစ်ရက် ပိဿာ ၁၀၀၀ ကျော်ထုတ်လုပ်

**စစ်ကိုင်း၊ ဧပြီ ၆**

စစ်ကိုင်းမြို့သည် နို့ဆီချက်လုပ်ငန်းနှင့် ချက်နို့ဆီထုတ်လုပ်ပြီး ဈေးကွက်ဖြန့်ချိမှုအားကောင်းသည့်မြို့တစ်မြို့ဖြစ်သည့်အားလျော်စွာ တစ်ရက်လျှင် ချက်နို့ဆီခဲပိဿာချိန် ၁၀၀၀ ကျော်ခန့် ဈေးကွက်ဖြန့်ဖြူးရောင်းချနေကြောင်းနှင့် ယင်းတို့ကို ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ ဟိုပင်၊ မိုးကောင်း၊ ကောလင်း၊ ချပ်သင်းမြို့နယ်များသို့ ကိုယ်စားလှယ်စနစ်ဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း စစ်ကိုင်းမြို့ ဖေယျာမြင့်စက်ချက်နို့ဆီလုပ်ငန်းမှ ဦးတင်လင်းအောင်က ပြောကြားသည်။

စစ်ကိုင်းမြို့တွင် ချက်နို့ဆီလုပ်ငန်းကို မိရိုးဖလာလုပ်ငန်းတစ်ခုအနေဖြင့် လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကတည်းက လုပ်ကိုင်လာခဲ့ကြကြောင်း၊ ယခင်က ချက်နို့ဆီလုပ်ငန်းတွင် လက်ထိုးကန်လက်ချက်နို့ဆီထုတ်လုပ်မှုစနစ်ကို ကျင့်သုံးခဲ့ကြောင်း၊ ယခုအခါ စက်ချက်နို့ဆီစနစ်၊ နို့ဆီခဲချက်စနစ် (Air Jack, Water Jack System) တို့ဖြင့် ပြောင်းလဲထုတ်လုပ်လာခဲ့ကြောင်း၊ စစ်ကိုင်းမြို့တွင် အဆိုပါချက်နို့ဆီစက်ရုံ၊ နို့ဆီခဲချက်စက် (Air Jack Water Jack System) ကို ပြည်တွင်းစက်မှုဇုန်များ၌ တည်ဆောက်ပြီး စက်ချက်နို့ဆီလုပ်ငန်းကို ၁၉၉၅ ခုနှစ်ခန့်မှ စတင်လုပ်ကိုင်လာခဲ့ကြကြောင်း ၎င်းကဆိုသည်။

ယခုအခါ စစ်ကိုင်းမြို့တွင် စက်ချက်နို့ဆီစက်ရုံသုံးရုံအပြင် တစ်နိုင်တစ်ပိုင် လက်ထိုးကန်လက်ချက်နို့ဆီထုတ်လုပ်မှုများလည်းရှိနေကြောင်း၊ ချက်နို့ဆီထုတ်လုပ်ရန် ကုန်ကြမ်းနွားနို့ကို စစ်ကိုင်းမြို့အနောက်ဘက် ဒေါင်းမ၊ သလွန်ဖြူ၊ ကျွယ်လူး၊ ဆင်ပြေ စသည့်ကျေးရွာများရှိ နွားမွေးမြူရေးခြံမှ နွားနို့ကုန်သည်များမှတစ်ဆင့်ရယူပြီး နေ့စဉ်စက်ရုံတစ်ရုံသို့ နွားနို့ပိဿာချိန် ၁၀၀၀ ခန့်တင်သွင်းကြကြောင်း ၎င်းကပြောကြားသည်။ ချက်နို့ဆီစက်ရုံတစ်ရုံအနေဖြင့် တစ်ရက်လျှင် နွားနို့ပိဿာချိန် ၁၀၀၀ ကို တစ်ကြိမ်တည်းနှင့် ချက်လုပ်နိုင်ပြီး တစ်ရက် နို့ဆီခဲပိဿာချိန် ၄၂၀ ထွက်ရှိကြောင်း၊ စစ်ကိုင်းမြို့ နွားမွေးမြူရေးလုပ်ငန်းများတွင် မြန်မာ့နွားများကို အများဆုံးမွေးမြူကြပြီး မြန်မာ့နွားနို့များကိုသာ အများဆုံးနို့ဆီချက်ကြကြောင်း စုံစမ်းသိရှိရသည်။ မြန်မာနွားနို့သည် နို့ထွက်နှုန်းနည်းသော်လည်း ချက်နို့ဆီထုတ်လုပ်ရာ၌ နို့ဆီအရည်အသွေးကောင်းမွန်ကြောင်း၊ မေထုံနွားများမှာ နွားနို့များများရသော်လည်း နို့ဆီအရည်အသွေးညံ့၍ အသုံးနည်းကြောင်း သိရသည်။

ချက်နို့ဆီစက်ရုံတစ်ရုံအနေနှင့် စက်ချက်နို့ဆီထုတ်လုပ်မှုအပြင် ထောပတ်ထုတ်လုပ်မှုပါ တွဲဖက်လုပ်ကိုင်နိုင်သည့်အတွက် ချက်နို့ဆီထုတ်လုပ်ရန် ရရှိသည့်နွားနို့ထဲမှ သုံးပုံတစ်ပုံကို ထောပတ်ပြုလုပ်ကြောင်း၊ ချက်နို့ဆီခဲဈေးကွက်အနေနှင့် ချက်နို့ဆီလက်ကား ဈေး ၁၄ ပိဿာတစ်ပုံးလျှင် ၂၆၀၀၀၊ ၂၇၀၀၀ ကျပ်ဈေးမှ လက်လီဈေးတစ်ပိဿာ ၂၀၀၀ ကျပ်ရှိကြောင်း၊ ထောပတ်တစ်ပိဿာကို လက်လီဈေး ၁၀၀၀၀ ကျပ်ခန့်ရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

**မင်းသုခိုင်**

---

# ဂျပန် ဝယ်လိုအားကောင်း၍ မြန်မာ့ပျားမွေးမြူရေးလုပ်ငန်းတိုးချဲ့

**ရန်ကုန်၊ မတ် ၁၃**

ကမ္ဘာ့စီးပွားကျဆင်းမှုနှင့်အတူ အများစုသော လူသုံးကုန်၊ စက်မှုကုန်ထုတ်ပစ္စည်းများအပါအဝင် ကုန်ပစ္စည်းများ ဈေးကွက်ဝယ်လိုအားနည်းနေသော်လည်း မြန်မာ့ပျားမွေးမြူရေးလုပ်ငန်းမှာ ဂျပန်ဈေးကွက် ဝယ်လိုအားကောင်းနေခြင်းကြောင့် ပုဂ္ဂလိကပျားမွေးမြူသူများပြားလာပြီးလုပ်ငန်းတိုးချဲ့လုပ်ကိုင်လျက်ရှိကြောင်း မင်္ဂလာဒုံမြို့နယ်ရှိ ပျားလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုအခါပျားရည်ကို ပြည်ပတင်ပို့မှုအနေဖြင့် ဂျပန်နိုင်ငံသို့တင်ပို့လျက်ရှိပြီး ဈေးကောင်းရလျက်ရှိကြောင်း၊ ပျားမွေးမြူရေးလုပ်ငန်းကောင်းခြင်းကြောင့်လည်း ယခင်အနည်းငယ်သာမွေးမြူသော ကလေး၊ ဂန့်ဂေါ၊ ကသာ စသည့်ဒေသများတွင် ပျားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေနှင့် ပျားအုံအရေအတွက် ပိုမိုများပြားလာသည်ကိုတွေ့ရကြောင်း၊ ပျားမွေးမြူသူများပြားလာသကဲ့သို့ နေကြာ၊ ပန်းနှမ်း၊ နှမ်း၊ ဇီး၊ အင်ကြင်း၊ ပိတောက် စသည့် ပျားစားကျက်မြေများကိုလည်း တိုးချဲ့လာရကြောင်း၊ မြန်မာနိုင်ငံတွင် ပျားရည်အထွက်ဆုံးဒေသများမှာ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ရှမ်းပြည်နယ်တို့ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လက်ရှိပျားရည်ဈေးကွက်တွင် ပျားရည်အကြမ်းတစ်ပိဿာလျှင် ၁၅၀၀ ကျပ်နှင့် သန့်စင်ပြီးပျားရည်တစ်ပိဿာလျှင် ၂၀၀၀ ကျပ်ခန့် ဈေးပေါက်လျက်ရှိကြောင်း၊ ပြည်ပတင်ပို့မှုမှာလည်း ၂၀၀၈-၂၀၀၉ဘဏ္ဍာနှစ်အတွင်း ဌာနမှတင်ပို့နိုင်မှုမှာ တန်ချိန် ၁၆၀ နှင့် ပုဂ္ဂလိကတင်ပို့မှုအနေဖြင့် တန်ချိန် ၄၇၂ ခန့်တင်ပို့ထားပြီးဖြစ်ကြောင်း၊ လက်ရှိ၌ ဂျပန်နိုင်ငံသို့သာ အများဆုံးတင်ပို့နေရခြင်းဖြစ်ကြောင်း၊ နောက်ထပ်တင်ပို့ရန် အတွက်လည်း တန်ချိန် ၁၀၀ ခန့်ကျန်ရှိနေသေးကြောင်း၊ ပျားလုပ်ငန်းဦးစီးဌာနအနေဖြင့် ပျားရည်ကို ယခုနှစ်ဘဏ္ဍာနှစ်၏ လျာထားချက်ထက်ကျော်လွန်တင်ပို့နိုင်ခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ ■

www.foreverspace.com.mm



# မုန်တိုင်းရာသီအတွင်း နေထိုင်နည်းလမ်းညွှန်



– မိုးလေဝသသတင်းတွေကို ဂရုတစိုက်နားထောင်စောင့်ကြည့်ပါ။ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ မိုးလေဝသ၊ Website တွေအပြင် ဒေသဆိုင်ရာအာဏာပိုင်တွေရဲ့ သီးသန့်အစီအစဉ်တွေကို ဂရုတစိုက်နားထောင်ပါ။ အဲဒီအစီအစဉ်တွေမှာ မြန်မာ့အသံ၊ FM ၊ ရေဒီယိုတို့က ထပ်တလဲလဲကြေညာပေးနေခြင်းနဲ့ MRTV-4မှ ၂၄ နာရီပတ်လုံးထုတ်လွှင့်နေတဲ့အစီအစဉ်တွေရှိပါတယ်။ ၂၄ နာရီလုံးဖြေကြားတဲ့ တယ်လီဖုန်း ရန်ကုန်–၆၆၇၇၆၆၊ နေပြည်တော်–၄၁၁၂၅၂ ဖုန်းနံပါတ်တွေကို ၂၄ နာရီ ဆက်သွယ်မေးမြန်းနိုင်ပါတယ်။

– မိမိနဲ့အနီးဆုံးတည်ရှိနေတဲ့ မုန်တိုင်းခိုအဆောက်အအုံ (သို့မဟုတ်) လုံခြုံခိုင်ခံ့တဲ့အဆောက်အအုံတွေကို ကြိုတင်သတ်မှတ်သိရှိထားဖို့ လိုအပ်ပါတယ်။ အဲဒီနေရာတွေကို ဘေးအန္တရာယ်အကင်းရှင်းဆုံးနဲ့ အမြန်ဆုံး ဘယ်လိုသွားရမယ်ဆိုတဲ့လမ်းကြောင်းကိုလည်း ကြိုတင်သိရှိထားဖို့ လိုအပ်ပါတယ်။

– ကောလာဟလတွေကို နားမထောင်ပါနဲ့။

– အောက်ပါပစ္စည်းတွေပါဝင်တဲ့ အရေးပေါ်လက်ဆွဲ အသုံးအဆောင်တွေကို အရန်သင့်ကြိုတင်ပြင်ဆင်ထားဖို့ လိုပါလိမ့်မယ်။ (လက်ကိုင်အိတ်တစ်လုံး၊ လက်နှိပ်ဓာတ်မီး၊ ဓာတ်ခဲအပို၊ ကြာရှည်ခံတဲ့အခြောက်ခံအစားအသောက်များ၊ မီးခြစ်၊ ရေနံဆီမီးဖို၊ အိတ်၊ အလွယ်တကူရွှေ့ပြောင်းနိုင်တဲ့မီးဖို၊ ချက်ပြုတ်နိုင်တဲ့အသုံးအဆောင်၊ ရေလုံအိတ် စတာတွေကို ဆောင်ထားဖို့လိုပါတယ်။) ရှေးဦးသူနာပြုဆေးသေတ္တာလေးလည်း ဆောင်ထားဖို့လိုပါလိမ့်မယ်။

– တူ၊ လွှ၊ ပလာယာ၊ ပုဆိန်၊ ပလတ်စတစ်ကြိုးတွေက အရေးအကြောင်းဆို အရေးကြီးပါတယ်။ ဒါလေးတွေကို ဆောင်ထားပေးပါ။

– မိမိနေတဲ့အဆောက်အအုံကို လုပ်သင့်လုပ်ထိုက်တာတွေက (၁) အမိုးတွေကို သေချာစွာစိစစ်ပြီးတော့ ဝါး၊ ပိုက်တွေနဲ့ သေသေချာချာဖိအုပ်ပြီး ခိုင်ခံ့အောင်လုပ်ထားပေးဖို့ လိုပါတယ်။

– အိမ်နံရံတွေ၊ တံခါးတွေ၊ ပြတင်းပေါက်တွေ၊ တိုင်တွေကို ခိုင်ခံ့မှုရှိမရှိ စစ်ဆေးထားဖို့လိုပါတယ်။ ခိုင်ခံ့မှုမရှိဘူးဆိုရင် ဖြစ်နိုင်ရင် ပထမဆုံးပြုပြင်ထားဖို့လိုပါတယ်။ သွပ်အမိုးတွေဖြစ်မယ်ဆိုရင်တော့ ပြုတ်ထွက်မယ့်နေရာတွေကိုရှာပြီး တတ်နိုင်သမျှ ပြုပြင်ထားဖို့ လိုပါတယ်။ တကယ်လို့များ တောရွာဒေသမှာဖြစ်လို့ အိမ်အကာဟာ ခိုင်ခံ့မှုမရှိတဲ့ရွှံ့နဲ့လုပ်ထားတဲ့နံရံတွေဖြစ်နေမယ်ဆိုရင် မြက်ဖျာ၊ နှီးဖျာ စတဲ့ အကာတွေနဲ့ ဝါးဘောင်တွေညှပ်ပြီးတော့ ခိုင်ခံ့အောင် အားဖြည့်ထားဖို့လိုပါတယ်။ နို့မို့ဆို အိမ်နဲ့အတူပါသွားပါလိမ့်မယ်။

– လွင့်ပါသွားနိုင်တဲ့အရာတွေ၊ ကျိုးနိုင်ပဲ့နိုင်တဲ့အရာတွေကို သေချာစွာကြည့်ပြီး တတ်နိုင်သမျှ ဆောင်ရွက်ထား

www.foreverspace.com.mm

ဖို့သင့်ပါတယ်။ မိမိအတွက် ဆန်၊ ဆီ၊ ပဲ စတဲ့ ရေရှည်သုံးနိုင်တဲ့ပစ္စည်းတွေကို ပလတ်စတစ်တွေနဲ့ထုပ်ပြီးတော့ ဖြစ်နိုင်ရင် ကုန်းမြင့်တစ်နေရာမှာ တွင်းတူးပြီးသိုလှောင်ထားရင် အလွယ်တကူလိုတဲ့အခါ စားလို့ရပါတယ်။

–အရေးပေါ်ဆက်သွယ်ရမယ့် ကယ်ဆယ်ရေးအဖွဲ့၊ အရေးပေါ်အဖွဲ့၊ သတင်းအချက်အလက်ရယူနိုင်မယ့်အဖွဲ့ အဲဒါတွေရဲ့ ဖုန်းနံပါတ်၊ လိပ်စာတွေကို အစောကြီးကတည်းက စုဆောင်းထားသင့်ပါတယ်။

– ကျေးရွာဒေသအလိုက်၊ သဘာဝဘေးကြိုတင်ပြင်ဆင်မှုဆောင်ရွက်ထားရှိပြီးဖြစ်တဲ့ဒေသတွေမှာ နေထိုင်တဲ့လူတွေ အနေနဲ့တော့ ဒါတွေကို ကြိုတင်ပြင်ဆင်ထားဖို့ လိုပါတယ်။

– လက်ရှိအခြေအနေအထိ နောက်ဆုံးပြုစုထားတဲ့ သဘာဝဘေးကျရောက်နိုင်တဲ့ အခြေအနေပြတဲ့ မြေပုံတွေ၊ ပုန်းခိုရာသတ်မှတ်နေရာတွေကို အစောကြီးကတည်းက သိထားဖို့လိုပါတယ်။ ဘယ်နေရာကတော့ လုံခြုံမှုမရှိဘူး။ ဘယ်နေရာက ပုန်းခိုရမယ့်နေရာတွေကို Community Level မှာ လုပ်ကိုလုပ်ရမှာ ဖြစ်ပါတယ်။

– အရေးပေါ်ရှာဖွေကယ်ဆယ်ခြင်းလုပ်ငန်းတွေကိုလည်း ကြိုတင်ပြင်ဆင်လေ့ကျင့်ထားဖို့လိုပါတယ်။ အစာခြောက်တွေ၊ အရေးပေါ်ဆေးဝါးတွေ၊ သင့်လျော်တဲ့ အကာအကွယ်ပစ္စည်းတွေ စတာတွေကို တတ်အားသမျှ စုဆောင်းထားဖို့လိုပါတယ်။

– မခိုင်မြဲတဲ့ပစ္စည်းပစ္စယတွေ လယ်ယာသုံးစပါး၊ ပဲလိုမျိုးစေ့တွေ၊ သောက်သုံးရေ၊ ပေါ့ပေါ့ပါးပါးသယ်ဆောင်နိုင်တဲ့ အဝတ်အထည်၊ ဒါတွေကိုလည်း စုဆောင်းထားဖို့လိုပါတယ်။

– မိမိရဲ့ ကိုယ်ပိုင်ပစ္စည်းတွေကို ဖြစ်နိုင်ရင် စာရင်းပြုစုထားဖို့ သင့်ပါတယ်။ မိမိရဲ့ စက်သုံးရေယာဉ်ကိုလည်း ကြိုတင်ပြီး လောင်စာဆီတွေ ဖြည့်တင်းထားဖို့ လိုပါလိမ့်မယ်။

– နွားလှည်း၊ လှေ စတဲ့ ခရီးသွားယာဉ်တွေကို ခိုင်ခံ့တဲ့သစ်ပင်တွေနဲ့ အများအားဖြင့် ချည်လေ့ရှိတာ မှားပါတယ်။ မချည်ရပါဘူး။ အဲဒီသစ်ပင်တွေနဲ့ဝေးတဲ့တိုင်တွေ၊ အဆောက်အအုံတွေ စတဲ့ခိုင်ခံ့တဲ့အရာတွေနဲ့သာ ချည်သင့်ပါတယ်။ သစ်ပင်တွေဟာ မုန်တိုင်းကျရင် လဲပြိုတာကြီးပါပဲ။ လဲပြိုလို့ ကားပေါ်၊ လှေပေါ် ကျရင် သုံးလို့မရတော့ပါဘူး။ ဒါကြောင့် သစ်ပင်နဲ့ မချည်ရပါဘူး။ သစ်ပင်နဲ့ဝေးတဲ့နေရာမှာ ခိုင်ခံ့တဲ့နေရာတစ်ခုခုမှာ ချည်သင့်ပါတယ်။

– မိမိရဲ့အိမ်ကို လုံခြုံစွာပိတ်ထားဖို့လိုပါတယ်။ မုန်တိုင်းဒီရေအန္တရာယ်မရှိဘူးဆိုရင် အိမ်ထဲမှာပဲ မိသားစုဝင်အားလုံးနေပါ။ အနွေးထည်၊ လိုအပ်တဲ့ဆေးဝါး၊ အဖိုးတန်ပစ္စည်းတွေ၊ သောက်သုံးရေတွေ၊ တာရှည်ခံအစားအစာခြောက်တွေ စတာတွေကို ရေအစိုခံတဲ့အိတ်ထဲမှာထည့်ပြီး မိမိရဲ့လက်ဆွဲအိတ်ထဲမှာထည့်နိုင်ရင်လည်းထည့် သို့မဟုတ် မိမိကပြေးရမယ်ဆိုရင်လည်း အရယူသွားဖို့ လိုပါတယ်။

– လက်ကိုင်ရေဒီယိုနဲ့ သက်ဆိုင်ရာကကြေညာချက်တွေကို အမြဲမပြတ်နားထောင်ဖို့လည်း လိုပါတယ်။ မုန်တိုင်းကျရောက်နေတဲ့အခြေအနေကို မုန်တိုင်းသတိပေးချက်တွေရပ်ပြီးတဲ့အခါ ဘေးအန္တရာယ်အလွန်ကြီးမားပြီး စွန့်စားမှုဆန်တဲ့ ပင်လယ်ပြင်ထွက်ပြီး ငါးဖမ်းတာကို လုံးဝမပြုလုပ်ပါနဲ့။

– အရေးပေါ်အခြေအနေနဲ့ ကြုံကြိုက်လာရင် နေရာပြောင်းရွှေ့ကယ်ဆယ်ဖို့အတွက် သက်ဆိုင်ရာတွေက ဆောင်ရွက်တဲ့အခါမှာ အမြဲပူးပေါင်းဆောင်ရွက်ပါ။ – ကိုယ့်ပစ္စည်းတွေကို နောက်ဆံမတင်းပါနဲ့။ အသက်ပါ ပါသွားပါလိမ့်မယ်။

– မိုးလေဝသက ခန့်မှန်းပေးတဲ့ အများဆုံးလေတိုက်နှုန်းနဲ့ အမြင့်ဆုံးတက်နိုင်တဲ့ မုန်တိုင်းဒီရေလှိုင်းအန္တရာယ် စတာတွေအပေါ် တွက်ချက်ပြီး သက်ဆိုင်ရာတွေက ကာကွယ်ရေးအဆင့်၊ ကယ်ဆယ်ရေးတွေလုပ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဲဒီလို ကယ်ဆယ်ရေးတွေလုပ်ရင် ကြိုတင်သတ်မှတ်ထားတဲ့လမ်းကြောင်းအတိုင်းသာ လုံခြုံစိတ်ချရတဲ့နေရာကို ပြောင်းရွှေ့ကြရမှာဖြစ်ပါတယ်။ ခြေဦးတည့်ရာ မပြေးရပါဘူး။ ခြေဦးတည့်ရာပြေးမှ သေတွင်းထဲရောက်သွားတတ်တာရှိပါတယ်။ ပြေးလို့မရပါဘူး။

– အဝတ်အထည်ဝတ်ရင် လုံလုံခြုံခြုံထူထူကိုဝတ်ပါ။ ပေါ့ပေါ့ပါးပါး မလုပ်ပါနဲ့။ မိုးရွာလေတိုက်ရင် အအေးဒဏ်ကို ဆိုးဆိုးရွားရွား ခံစားရပါလိမ့်မယ်။



– လျှပ်စစ်မီး၊ ရေပိုက် စတာတွေကို သေသေချာချာစိစစ်ပြီး ပိတ်ပါ။ အန္တရာယ်ကြီးပါတယ်။ ပြေးပြီဆိုရင် လူတွေအားလုံး ဆောက်တည်ရာမရပြေးကြမှာဖြစ်တဲ့အတွက် လူတွေများပြားမှုကြောင့် လမ်းပိတ်ဆို့တာတွေ၊ ရာသီဥတုဆိုးရွားမှုကြောင့် ရေလွှမ်းမိုးမှု၊ လေပြင်းတိုက်ခတ်မှု စတဲ့ကိစ္စရပ်တွေနဲ့ ကြုံတွေ့လာရင် မိမိရဲ့အရေးကြုံလို့ မနေနိုင်တော့လို့ပြေးရင် ပြေးဖို့မလွယ်တော့ပါဘူး။ ဒါကြောင့် ပြေးမယ်ဆိုရင် ခရီးမကြန့်ကြာစေဖို့အတွက် ပိုင်နိုင်တဲ့ဆုံးဖြတ်ချက်ကို မြန်မြန်ဆန်ဆန်ချမှတ်ပြီး စောစောစီးစီး ပြေးထားမှ စိတ်ချရပါလိမ့်မယ်။

– မိမိပြောင်းရွှေ့ခိုလှုံရမယ့်မုန်တိုင်းခိုနေရာဟာ အနီးအနားမှာပဲဖြစ်မယ်ဆိုရင်တော့ အရေးပေါ်သုံးလက်ဆွဲပစ္စည်းအနည်းဆုံးကို သာယူဆောင်သင့်ပါတယ်။ အများကြီးသယ်ဖို့မလိုပါဘူး။

– မုန်တိုင်းတကယ်တိုက်လာပြီဆိုရင် လျှပ်စစ်မီးလိုင်းတွေ၊ ဓာတ်ငွေ့ပိုက်လိုင်းတွေ အားလုံးဖြတ်တောက်ပစ်ပါ။ မွေ့ရာ၊ စောင်၊ ကော်ဇော စတဲ့ ထူထဲတဲ့ အကာအကွယ်တွေနဲ့ မိမိကိုယ်ကို အကာအကွယ်ယူပြီး ခိုင်ခံ့တဲ့စားပွဲ၊ ခုတင်၊ ခုံ စတာတွေအောက်မှာ ခိုလှုံနေပါ။ ခိုင်မာတဲ့တိုင်တစ်ခုကိုလည်း တွယ်ဖက်ထားပါ။

– မိမိရဲ့ ရေဒီယိုကနေ နောက်ဆုံးသတင်းထုတ်ပြန်ချက်တွေကို အဆက်မပြတ်နားထောင်ပါ။

– မိမိတို့ဆီ မုန်တိုင်းဖြတ်နေရင် မုန်တိုင်းမျက်စိသိထားဖို့လိုပါတယ်။ မုန်တိုင်းမျက်စိကို အထူးသတိထားပါ။ လေပြင်းတိုက်ခတ်မှုတွေ ရုတ်တရက်ကျသွားပြီး မိုးရွာမှုတွေလည်း လျော့နည်းသွားတာနဲ့ တစ်ပြိုင်နက်မုန်တိုင်းအန္တရာယ်ကင်းပြီးလို့ မသတ်မှတ်ပါနဲ့။ အဲဒီလိုလေငြိမ်ကျသွားခြင်းဟာ မုန်တိုင်းမျက်စိထဲကျရောက်သွားတာဖြစ်ပြီး နောက်နာရီဝက်ခန့်အကြာမှ မူလတိုက်ခိုက်တဲ့လေတိုက်ရာအရပ်နဲ့ ဆန့်ကျင်တဲ့အရပ်ဘက်ကနေပြီး မူလထက်ပိုမိုပြင်းထန်တဲ့ တိုက်ခတ်မှုများလာတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် ပုန်းခိုရာက မထွက်ရပါဘူး။


– မုန်တိုင်းကျရောက်နေတဲ့အခါ ကားမောင်းသွားရင် ကားကိုရပ်ထားရပါ့မယ်။ မမောင်းရပါဘူး။ တကယ်လို့ မုန်တိုင်းနဲ့ မိမိနဲ့ဝေးနေမယ်ဆိုရင်လည်း ကားထဲမှာသာနေပါ။ အပြင်မထွက်ပါနဲ့။

– မုန်တိုင်းအန္တရာယ်ကျရောက်ပြီးပြီဆိုရင်တော့ သက်ဆိုင်ရာက အန္တရာယ်ကင်းရှင်းပြီဖြစ်ကြောင်း မကြေညာမချင်း အပြင်မထွက်ပါနဲ့။ – ဓာတ်ငွေ့များ ယိုစိမ့်ထွက်မှုရှိမရှိစစ်ဆေးပါ။ ရေစိုနေတဲ့လျှပ်စစ်ပစ္စည်းများကို မသုံးပါနဲ့။

– သက်ဆိုင်ရာကကြေညာပေးမယ့်သတင်းတွေနဲ့ အကြံပြုချက်တွေကို ဂရုစိုက်နားထောင်ပါ။

– ကယ်ဆယ်ရေးဆောင်ရွက်ပေးဖို့လိုအပ်ရင် စောစောစီးစီးဆောင်ရွက်ပါ။ မုန်တိုင်းပြီးပြီဆိုပြီး ဆန္ဒစောပြီး မပြန်ပါနဲ့။ ပြန်လာတဲ့အခါလည်း သတ်မှတ်ပေးထားတဲ့လမ်းကြောင်းကသာ ပြန်ပါ။

(မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ မတ်လ ၃ ရက်နေ့တွင်ကျင်းပသည့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းလွင်၏ ၂၀၀၉ ခုနှစ် မိုးလေဝသဆိုင်ရာကြိုတင်ခန့်မှန်းချက်များဟောပြောပွဲတွင် ထည့်သွင်းဆွေးနွေးထားသည်များမှ ကောက်နုတ်ဖော်ပြသည်။)


www.foreverspace.com.mm
နာဂစ်အလွန်
ဧရာဝတီ
ကျော်ကျော်မင်း၊ ကျော်ဆန်းမင်း၊ အောင်စိုး

www.foreverspace.com.mm



**ဧရာဝတီတိုင်းအတွင်း နာဂစ်မုန်တိုင်းဒဏ်ကို အဆိုးဝါးဆုံးခံခဲ့ရသည်မှာ ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်၊ ဘိုကလေးမြို့နယ်၊ မြောင်းမြခရိုင် လပွတ္တာမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ပြင်စလူမြို့နယ်ခွဲ၊ ပုသိမ်ခရိုင် ငပုတောမြို့နယ်နှင့် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲတို့ ဖြစ်သည်။ တစ်နှစ်တာကာလအတွင်း အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၏ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့အကူအညီများကြောင့် လေဘေးသင့်ဒေသခံများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးကဏ္ဍများတွင် အတိုင်းအတာတစ်ရပ်အထိ ပြန်လည်အခြေကျလာပြီဖြစ်သည်။ ယခုအခါ မည်သည့်အခြေအနေမျိုး ရောက်ရှိနေပြီး မည်သည့်လိုအပ်ချက်များ ကျန်ရှိနေသည်ကိုသိရှိစေရန် လေဘေးသင့်ဒေသ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများကို Living Color က ကွင်းဆင်းတွေ့ဆုံမေးမြန်းလေ့လာဖော်ပြအပ်ပါသည်။**

အကောင်းနှင့်အဆိုးဒွန်တွဲနေတတ်သော လောကနိယာမတရားသဘောအရ အဆိုးဝါးဆုံးနာဂစ်မုန်တိုင်းသည်ပင် ဧရာဝတီဆီသို့ကောင်းကျိုးအချို့ကိုလည်း တွဲဖက်သယ်ဆောင်လာခဲ့သည်။

## ပညာရေး

လေဘေးသင့်မြစ်ဝကျွန်းပေါ်ဒေသ၏ တစ်နှစ်တာကာလအတွင်း သိသိသာသာဖွံ့ဖြိုးတိုးတက်လာသည့်ကဏ္ဍမှာ ပညာရေးကဏ္ဍဖြစ်သည်။ မုန်တိုင်းကာလနောက်ပိုင်းတွင် အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ အာရုံစူးစိုက်ဖြည့်ဆည်းပေးမှုကြောင့် ရုပ်ဝတ္ထုပိုင်းဖြစ်သည့်ကျောင်းအဆောက်အအုံအများစုမှာ သံကူကွန်ကရစ်အဆောက်အအုံများအဖြစ် ဖွံ့ဖြိုးလာသကဲ့သို့ သင်ကြားမှုပိုင်းတွင်လည်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ကဲ့သို့ အဖွဲ့အစည်းများ၏ ပံ့ပိုးမှုဖြင့် ထိရောက်သော သင်ကြားမှုစနစ်သို့ ကူးပြောင်းလာသည်ကို တွေ့ရသည်။

နာဂစ်အလွန် ဧရာဝတီ၏ ပညာရေးကဏ္ဍသည် လတ်တလောတွင် ဖွံ့ဖြိုးမှုတစ်ခုဆီသို့ ဦးတည်နေရာ လစ်ဟာနေသော ကွက်လပ်အချို့ကို အချိန်မီသာဖြည့်တင်းနိုင်မည်ဆိုလျှင် အနာ



www.foreverspace.com.mm

ဂေါ်ဒရာဝတီ၏ အထူးတလည်မှတ်တမ်းတင်အပ်သည့် ဖွံ့ဖြိုးမှုဖြစ်စဉ်များဆီသို့ ဦးတည်သွားနိုင်ပါသည်။

## ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု

ပညာရေးက ရွာ၏ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကအကျဆုံးအစိတ်အပိုင်းမှာ စာသင်ကျောင်းအဆောက်အအုံများဖြစ်သည်။ နာဂစ်မုန်တိုင်းမတိုက်မီက ဓနိမိုးထရံကာ၊ သွပ်မိုးထရံကာကျောင်းများမှာ ယခုနှစ် ၂၀၀၉–၂၀၁၀ ပညာသင်နှစ်တွင် သံကူကွန်ကရစ်ကျောင်းအဆောက်အအုံများအဖြစ်သို့ ပြောင်းလဲလာတော့မည် ဖြစ်သည်။

နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့သည့် ကာလအပါအဝင် ၂၀၀၈–၂၀၀၉ ပညာသင်နှစ် တစ်လျှောက်လုံး အမိုးရော အကာပါ မိုးရေကာဖျင်များနှင့် တည်ဆောက်ထားသည့်ကျောင်းများတွင် ဒုက္ခခံ၍ ပညာသင်ကြားခဲ့ရသည့်ကလေးများအတွက် ဒုက္ခခံရကျိုးနပ်ကြောင်း ဒီဒူးကုန်းကျေးရွာနေ အထက်တန်းပြဆရာမတစ်ဦးက ဆိုသည်။

ပြန်လည်တည်ဆောက်နေသော ကျောင်းများအားလုံးကို အနီးစပ်ဆုံးအချိန်မီစေရန် ညွှန်ကြားထားကြောင်း၊ ပြည်တွင်းအဖွဲ့အစည်းများ၊ ပြည်ပ NGO များက လှူဒါန်းမှုများ၊ ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်များ၏ လှူဒါန်းမှုများဖြင့် သာမက အစိုးရစရိတ်ဖြင့် ဆောက်လုပ်ပေးရသော ကျောင်းများပါရှိကြောင်း ဝါဝါဝင်းဆောက်လုပ်ရေးလုပ်ငန်း နာဂစ်မုန်တိုင်းပြန်လည်ထူထောင်ရေးလုပ်ငန်းများ စီမံကိန်းတာဝန်ခံ ဦးရွှေမြင့်က ဆိုသည်။

ဧရာဝတီတိုင်း၏ ခရိုင်ငါးခရိုင် (ယခင်) တွင် မူလတန်းကျောင်း ၅၂၀၈ ကျောင်း၊ မူလတန်းလွန်ကျောင်း ၄၂၇ ကျောင်း၊ အလယ်တန်းကျောင်း ၄၃၂ ကျောင်းနှင့် အထက်တန်းကျောင်း ၂၅၇ ကျောင်းရှိကြောင်း ဧရာဝတီတိုင်းပညာရေးမှူးရုံးမှ တရားဝင်ထုတ် ပြန်ထားချက်များအရ သိရှိရသည်။

ထို့အနက် မူလတန်းကျောင်းအများစုမှာ ကျေးရွာများတွင်ရှိပြီး နာဂစ်မုန်တိုင်းဒဏ်ခံရသော ခရိုင်သုံးခုမှ ကျောင်းစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းခန့် ပျက်စီးဆုံးရှုံးမှုရှိခဲ့ကြောင်း၊ နာဂစ်မုန်တိုင်းနောက်ပိုင်း သက်ဆိုင်ရာမှ ထုတ်ပြန်ခဲ့သည့် စာရင်းဇယားများအရ သိရှိရသည်။

ယင်းတို့အနက် အမိုးလန်ရုံမျှမက ပျက်စီးသွားသော ကျောင်းများ (မြို့ပေါ်ကျောင်းအများစု) ကို ၂၀၀၈ ခုနှစ် ဇွန်လအတွင်း အပြီးပြင်ဆင်မှုကို ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများမှ တာဝန်ယူ၍ တည်ဆောက်ခဲ့ပြီး လုံးဝပြန်လည်တည်ဆောက်ရမည့်ကျောင်းများကိုမူ ယခုနှစ် ၂၀၀၉–၂၀၁၀ ပညာသင်နှစ်စတင်မည့်ဇွန်လအမီပြီးစီးရန် သတ်မှတ်ထားကြောင်း လေဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးများ လုပ်ကိုင်နေသည့် ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများမှ စုံစမ်းသိရှိရသည်။

မုန်တိုင်းတိုက်ခတ်ပြီးနောက် ဖွင့်လှစ်ခဲ့သော ၂၀၀၈–၂၀၀၉ ပညာသင်နှစ်အတွင်း ထူးခြားချက်တစ်ရပ်မှာ လေဘေးသင့်ဒေသများတွင် ကျောင်းတက်နှုန်းကျောင်းသားဦးရေ ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းကြား မြင့်တက်လာခြင်းဖြစ်ကြောင်း Living Color က ကွင်းဆင်းကောက်ယူခဲ့သော စစ်တမ်းများ၊ ပြည်တွင်းအဖွဲ့အစည်းအချို့မှ ကောက်ယူခဲ့သော စာရင်းဇယားများနှင့် ယင်းဒေသများတွင် တာဝန်ထမ်းဆောင်နေသော ပညာရေးဝန်ထမ်းများ၏ အတည်ပြုပြောကြားချက်များအရ သိရသည်။

နေ့ကလေးဦးရေတိုးတက်လာရသည့်အကြောင်းများမှာ ပီပြင်သောပညာရေးစနစ်နှင့် အကြွေးစနစ်ဖြင့် ကျောင်းအပ်လက်ခံပေးခဲ့ခြင်း၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများက ကျောင်းနေရွယ်ကလေးများကျောင်းသို့ ရောက်စေရန် ဝိုင်းဝန်းထောက်ပံ့ခြင်း၊ ကျောင်းသို့ရောက်လာသော ကလေးငယ်များကို အဖွဲ့အစည်းများမှ ကျောင်းသုံးပစ္စည်းသာမက အိမ်သုံးပစ္စည်းများပါ အဆက်မပြတ်ထောက်ပံ့ပေးနေသည့် မက်လုံးရှိခဲ့ခြင်းနှင့် ဝေခြမ်းရေးအစီအစဉ်များက ယခင်အလုပ်လုပ်ကိုင်ရသော ကလေးငယ်အချို့ကို အလုပ်လုပ်ရန်မလိုဘဲ မိသားစုစားသောက်နေနိုင်ခြင်းတို့က ယင်းသို့ကျောင်းတက်နှုန်းတိုးတက်လာရသည့် အကြောင်းအရင်းများဖြစ်ကြောင်း စစ်တမ်းကောက်ယူခဲ့သော ပြည်တွင်းအဖွဲ့အစည်းတစ်ခုမှ တာဝန်ခံတစ်ဦးက ပြောကြားသည်။



သို့ရာတွင် မူလတန်းနှင့် အလယ်တန်းကျောင်းများတွင် ကျောင်းနေကလေးဦးရေသာ တိုးတက်လာခဲ့ပြီး အထက်တန်းအဆင့်တွင်မူ ထိုအခြေအနေနှင့် ဆန့်ကျင်ဘက်ရှိနေခဲ့ကြောင်း လပွတ္တာမြို့နယ်တွင် တာဝန်ထမ်းဆောင်နေသည့် ပညာရေးဝန်

www.foreverspace.com.mm



ဟမ်းအချို့က ဆိုသည်။

ယင်းသို့ဖြစ်ရခြင်းမှာလည်း ကျေးရွာအုပ်စုတိုင်းတွင် အခြေခံပညာအထက်တန်းကျောင်းတစ်ကျောင်းစီမရှိခြင်း၊ တွဲဖက် အ.ထ.က ရှိသောကျေးရွာများတွင်လည်း ဆရာငှားရမ်းခန့်နိုင်ခြင်းတို့ ကြောင့်ဖြစ်ကြောင်း ဘီတွတ်ကျေးရွာအုပ်စု၊ လေးအိမ်တန်း ကျေးရွာဒေသခံအချို့က ပြောကြားသည်။



"အရင်တုန်းက ကျေးရွာတွေမှာရှိတဲ့ စာသင်ကျောင်းတွေက ကိုယ်ထူကိုယ်ထ စနစ်နဲ့ ဆောက်ရတာဆိုတော့ ဓနိမိုး၊ ထရံကာကျောင်းတွေ များပါတယ်။ အခုကျတော့ ကျွန်တော်တို့ တံစင်ငူကျေးရွာမှာ ပေ ၆၀ × ပေ ၃၀ အကျယ်ရှိတဲ့ သိန်း ၂၀၀ ကျော်တန် သံကူကွန်ကရစ်ကျောင်းကို Searcher Myanmar က လာဆောက်နေတယ်။ နောက်လဆန်း (ဧပြီလဆန်း) ဆို ပြီးပြီ" ဟု တံစင်ငူကျေးရွာ ရာအိမ်မှူး ဦးအောင်မင်းက ဆိုသည်။

၂၀၀၉ ခုနှစ်ကျောင်းဖွင့်ရာသီဖြစ်သည့် ဇွန်လမတိုင်မီ စာသင်ကျောင်းများအပြီးတည်ဆောက်ရန် အဖွဲ့အစည်းများကို အစိုးရက ညွှန်ကြားထားပြီး အလှူရှင်မရှိသေးသည့်ကျောင်းများကို အစိုးရက တာဝန်ယူ၍ မတ်လမှ စတင်ဆောက်လုပ်နေပြီဖြစ်ရာ အလှူ ရှင်ရှိသည့်ကျောင်းများရော၊ အလှူရှင်မရှိသေး၍ အစိုးရက တာဝန်ယူတည်ဆောက်ရသည့်ကျောင်းများပါ ဇွန်လမတိုင်မီ အပြီးတည်ဆောက်ရမည် ဖြစ်သည်။

"အလှူရှင်တွေရှိသေးပေမယ့် အခုအချိန်ကျတော့ မမီတော့ဘူး။ ကျောင်းဖွင့်ရာသီအမီ အပြီးဆောက်ရမှာဆိုတော့ အလှူရှင်တွေက နေရာရွေးဦးမယ်၊ Report ပြန်တင်ဦးမယ်နဲ့ မမီတော့ဘူး။ အဲဒီတော့ အလှူရှင်မရတဲ့ကျောင်းတွေကို အစိုးရကနေ ငွေချပေးပြီး ပေ ၆၀× ပေ ၃၀၊ ပေ ၄၀× ပေ ၃၀ ကျောင်းတွေ ဆောက်ပေးဖို့ စလုပ်နေပါပြီ" ဟု ဘိုကလေးမြို့နယ် အခြေစိုက် UNICEF မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ယခင်ကမူလတန်းတွဲဖက်ကျောင်းများကို ရွာခံလူများစုစည်း၍ ကိုယ်ထူကိုယ်ထတည်ဆောက်ထားပြီး မုန်တိုင်းကြောင့် ပျက်စီးသွား၍ ယင်းကျောင်းများကို အုတ်ခံကျောင်းများအဖြစ် ကျောင်းဖွင့်ချိန်အမီ အသစ်တည်ဆောက်ရန် အစိုးရထံမှ ခွင့်ပြုချက်ရရှိထားပြီးဖြစ်ကြောင်း၊ ကြိမ်ချောင်းကြီးကျေးရွာအုပ်စုတွင် စာသင်ကျောင်း ၁၆ ကျောင်းရှိပြီး ရှစ်ကျောင်းကို စတင်ဆောက်လုပ်နေပြီဖြစ်ပြီး ကျန်ကျောင်းရှစ်ကျောင်းကို မကြာခင် စတင်တည်ဆောက်သွားရန်ရှိကြောင်း၊ ယခင်ကမူလတန်းတွဲဖက်ကျောင်းအတွက် ဆရာကို ကျေးရွာက အကုန်အကျခံငှားရမ်းရသော်လည်း မုန်တိုင်းပြီးချိန်တွင် အစိုးရက ဆရာနှစ်ယောက်ချပေးထားကြောင်း ကြိမ်ချောင်းကြီးကျေးရွာအုပ်စုရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းအောင်ခိုင်က ပြောကြားသည်။

## ကျောင်းဖွင့်ချိန်အမီ ပြီးစီးရေး

ကျောင်းဖွင့်ချိန်အမီ စာသင်ကျောင်းများ ပြီးစီးရေး တွန်းအားပေးလုပ်ဆောင်နေသော်လည်း ဆောက်လုပ်ရေးလုပ်ငန်းများက ရယူတည်ဆောက်နေသည့် စာသင်ကျောင်းများမှာ ပြီးစီးမှုအနေအထားနှေးကွေးနေမှုကြောင့် တွန်းအားပေးနေရကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများက ကျောင်းဆောက်လုပ်ရန် အင်ဂျင်နီယာများ၊ အလုပ်သမားများ စေလွှတ်ပေးသော်လည်း ကုမ္ပဏီက အရစ်လိုက်ငွေချပေးရာတွင် ကြန့်ကြာမှုကြောင့် ဆောက်လုပ်ရေးပိုင်းတွင် တည်ဆောက်မှုနှေးကွေးသည်ဟု အင်ဂျင်နီယာများက ဆိုကြောင်း ဘိုကလေးမြို့နယ်ရှိ ကျေးရွာအများစုမှ ကျောင်းအုပ်ကြီးများက ရှင်းလင်းပြောကြားသည်။

"ကျွန်တော်တို့လည်း မြန်မြန်လုပ်ချင်ပါတယ်။ ပြဿနာက ကုမ္ပဏီက ငွေချပေးတာနောက်ကျတယ်။ အုတ်ဖိုး၊ သဲဖိုးကို ရွာကနေအကြွေးယူပြီး ဆောက်နေရတာ။ ကုမ္ပဏီက ဘိလပ်မြေပဲ ချပေးတယ်။ အုတ်သမား၊ သဲသမားက ငွေချေဖို့တောင်းနေပြီ ကုမ္ပဏီက မချပေးသေးတော့ ကျွန်တော်တို့က လှည့်ပတ်ပြောရတယ်။ သူတို့က အုတ်တွေသဲတွေမသွင်းတော့ရင် လုပ်ငန်းရပ်ထားရုံပဲရှိတော့မယ်။ မတတ်နိုင်တော့ဘူး။ ကုမ္ပဏီကလည်း Project တွေအများကြီးယူပြီးလုပ်ရတာဆိုတော့ ငွေမလည်ဘူး။ ဟို Project နည်းနည်း ဒီ Project နည်းနည်းမျှပေးနေရတာ။ ကိုယ့်အလှည့်မကျသေးရင် မေးလုပ်ပြီး စောင့်နေရတာ" ဟု ဘိုကလေးမြို့နယ်ရှိ

ကျေးရွာတစ်ခုတွင် ကျောင်းဆောက်လုပ်နေသည့် နာမည်ကျော် ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှ အင်ဂျင်နီယာတစ်ဦးက ရှင်းပြသည်။

ယင်းသို့သော အခက်အခဲများကြောင့် ကျောင်းဖွင့်ရာသီအမီ စာသင်ကျောင်းများ မပြီးစီးမည်ကို စိုးရိမ်နေရကြောင်း၊ ပညာရေးဝန်ကြီးဌာန၊ မြို့နယ်ပညာရေးဦးစီးဌာနများသို့ ကျောင်းဆောက်လုပ်ပြီးစီးမှုအဆင့်ဆင့်ကို ပုံမှန် Report ပေးပို့နေကြရသဖြင့် သတ်မှတ်ထားသည့်အဆင့်ကို သတ်မှတ်ချိန်အတွင်း ပြီးစီးစေရန် အင်ဂျင်နီယာများကို တွန်းအားပေးနေရကြောင်း ဘိုကလေးမြို့နယ်မှ အလယ်တန်းကျောင်းအုပ်ဆရာမကြီးတစ်ဦးက ဆိုသည်။

## ကလေးပျော်ကျောင်း

မုန်တိုင်းကာလနောက်ပိုင်းထူးထူးခြားခြားဖွံ့ဖြိုးလာသည့် အစိတ်အပိုင်းတစ်ခုမှာ UNICEF နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ကလေးပျော်ကျောင်းများ တိုးချဲ့ဖွင့်လှစ်လာနိုင်ခြင်းဖြစ်သည်။ ကလေးပျော်ကျောင်းများမှာ မူကြိုအရွယ်ကလေးငယ်များအတွက် ကျောင်းနေပျော်စေရေး၊ ဉာဏ်ရည်ဖွံ့ဖြိုးစေရေး၊ ပူးပေါင်းဆောင်ရွက်တတ်မှု ဖွံ့ဖြိုးလာစေရေးတို့အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

“မုန်တိုင်းတိုက်ပြီးတော့ လေဘေးသင့်ဘိုကလေးဒေသမှာ ကလေးပျော်ကျောင်း ယာယီအဆောက်အအုံပေါ့။ လေးကျောင်း ဆောက်ပေးခဲ့ပါတယ်။ အဲဒီကျောင်းတွေကို Permanent Structure အဖြစ် ဆောက်ပေးဖို့ရှိပါတယ်” ဟု ဘိုကလေးမြို့နယ် UNICEF ပညာရေးစီမံကိန်းမှ Education Field Officer ဦးထွန်းသန်းထွန်းက ပြောကြားသည်။

ကလေးပျော်ကျောင်းစီမံကိန်းအတွက် ပညာရေးဝန်ကြီးဌာန နှင့် UNICEF တို့ပူးပေါင်း၍ တစ်ကျောင်းကို အစိုးရခန့်ထားသည့် ဆရာမတစ်ဦးနှင့် ရပ်ရွာက လုပ်အားပေးတစ်ဦးကို ခေါ်ယူသင်တန်းပေးပြီး ကလေးပျော်ကျောင်းများတွင် လုပ်အားပေးစေကြောင်း၊ ယင်းကျောင်းများမှာ အခမဲ့ကျောင်းများဖြစ်သော်လည်း ရပ်ရွာက အလှူငွေအဖြစ် ထည့်ဝင်၍ အခကြေးငွေပေးသည်များလည်းရှိကြောင်း ၎င်းကဆိုသည်။

“ကလေးပျော်ကျောင်းရှိတော့ အဆင်ပြေတယ်။ ကလေးတွေ နေပူထဲမရောက်တော့ဘူး။ နောက်ကျောင်းသွားရမှာ ပျော်လာတယ်။ သူတို့က စာသင်တာတော့မဟုတ်ဘူး။ ဒါပေမဲ့ ဘာပဲပြောပြော ကဗျာလေးတွေ ဆိုတတ်လာတယ်။ ပိုပြီးစကားသွက်လာတယ်” ဟု ဘိုကလေးမြို့နယ်ပေချောင်းကြီးကျေးရွာမှ ကလေးပျော်ကျောင်းတွင် ကလေးကို ကျောင်းထားသည့် မိခင်တစ်ဦးက ၎င်း၏အမြင်ကို ပြောပြသည်။

## လိုအပ်ချက်

လေဘေးသင့်ဒေသများတွင် ကျောင်းဖွင့်ရာသီအမီ ပြီးစီးရေး အင်တိုက်အားတိုက်ကျောင်းများ ဆောက်လုပ်လျက်ရှိရာ ကျောင်းဖွင့်ချိန်အမီ စာသင်ကျောင်းအများစုပြီးစီးဖွယ်ရှိပြီး အချို့စာသင်ကျောင်းများမှာ ပြီးစီးနေပြီဖြစ်သည်။ အဆိုပါဆောက်လုပ်နေသည့် စာသင်ကျောင်းများတွင် နာဂစ်မုန်တိုင်းဒဏ်ခံအသုံးပြုစာသင်ကျောင်းများ ပါဝင်နေရာ သဘာဝဘေးဆိုးများ ပေါ်ပေါက်လာပါက အသက်ဘေးအတွက် လုံခြုံသည့်နေရာများဖြစ်ကြောင်း တွေ့ရသည်။

ယင်းသို့အဖွဲ့အစည်းအသီးသီးက စာသင်ကျောင်းများ ဆောက်လုပ်နေသည့်အတွက် စာသင်ကျောင်းလိုအပ်ချက်ပြည့်စုံသွားသော်လည်း ကျောင်းသုံးပရိဘောဂလှူဒါန်းသူမရှိသေး၍ ကျောင်းသုံးပရိဘောဂလိုအပ်ချက်မြင့်မားလျက်ရှိသည်။

“ကျွန်တော်တို့ အခု သံကူကွန်ကရစ်စာသင်ကျောင်းပြီးသွားပြီဆိုတော့ ကျောင်းရှိသွားပြီ။ ဒါပေမဲ့ လိုနေသေးတာက ကျောင်းသုံးပရိဘောဂပါ။ စာသင်ခုံတွေ၊ ကျောက်သင်ပုန်းတွေ၊ ဗီရိုတွေ ဘာမှမရှိတော့ဘူး။ အဲဒါတွေလှူမယ့်သူရှိရင် ကောင်းတာပေါ့။ ဒါပေမဲ့ စာသင်ကျောင်းရှိပြီဆိုတော့ ပရိဘောဂက သိပ်အရေးမကြီးပါဘူး။ အဆောက်အအုံရတာပဲ ကျေးဇူးတင်လှပြီ” ဟု ဘိုကလေးမြို့နယ် တစ်ဖက်ကမ်းတံစင်ငူကျေးရွာမှ ရွာလူကြီး ဦးအောင်မင်းက ရှင်းပြသည်။



ကျောင်းသုံးပရိဘောဂလိုအပ်ချက်မှာ ကျောင်းဖွင့်ရာသီတွင် အရေးတကြီးလိုအပ်ချက်တစ်ရပ်ဖြစ်လာနိုင်ကြောင်း၊ လတ်တလောကာလမှာ အဆောက်အအုံက အရေးကြီးနေသဖြင့် ပရိဘောဂဘက်ကို မလှည့်နိုင်သေးသဖြင့် UNICEF အနေဖြင့် ပရိဘောဂလှူရန် အစီအစဉ်မရှိသေးကြောင်း၊

www.foreverspace.com.mm





သို့သော် အဖွဲ့အစည်းများ ပုံမှန်တွေ့ဆုံသည့် Cluster Meeting တွင် ယင်းအကြောင်း ထည့်သွင်းဆွေးနွေးနေကြောင်း ဘိုကလေး UNICEF ပညာရေးဌာနမှ ဦးထွန်းသန်းထွန်းက ဆိုသည်။

လေဘေးသင့်ဒေသများတွင် လေမုန်တိုင်းကာလမတိုင်မီ စာသင်ကျောင်းများ၏ အနေအထားနှင့် ယခုနာဂစ်တစ်နှစ်တာကာလ စာသင်ကျောင်းများ၏ အနေအထားမှာ သိသိသာသာ ဖွံ့ဖြိုးတိုးတက်သွားသည်ဟု ဆိုရမည် ဖြစ်သည်။ လာမည့်ကျောင်းဖွင့်ရာသီအစတွင်ကြုံတွေ့ရမည့် ကျောင်းဆောင် အချိန်မီပြီးစီးရေး၊ ကျောင်းသုံးပရိဘောဂများ အစုံအလင်ရရှိရေးမှာ လေဘေးသင့်ဒေသ ပညာရေးကဏ္ဍအတွက် ယင်းတိုးတက်မှု၏ အလုံးစုံပြည့်စုံသည့် အဆင့်သို့ရောက်ရန် ဖြတ်ကျော်ရဦးမည့် စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။

သို့ဖြစ်ရာ ယခင်နှစ် ၂၀၀၈–၂၀၀၉ ပညာသင်နှစ်က ကျောင်းသို့ တိုးတက်ရောက်ရှိလာသော ကျောင်းနေအရွယ်ကလေးများကို ပညာဆက်လက်သင်ကြားနိုင်စေရေး ကြိုတင်တွေးဆထားရန် လိုအပ်နေသကဲ့သို့ အထက်တန်းတက်ရမည့် ကျောင်းသားများ စားဝတ်နေရေးကြောင့် စာသင်ကျောင်းကို စွန့်ခွာနေရခြင်းကို လည်း နည်းလမ်းရှာဖွေဖြည့်ဆည်းပေးနိုင်ရန်လိုအပ်မည်ဖြစ်သည်။

နိုင်ငံတစ်ခုသည် ရုပ်ဝတ္ထုအဆောက်အဦဖွံ့ဖြိုးတိုးတက်မှု နှင့် လူသားအရင်းမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့မှာ အချိုးညီယှဉ်တွဲ နေရန် လိုပါသည်။

နိုင်ငံသားတို့ ပညာတတ်မြောက်နှုန်းမြင့်မားပြီး အသိအမြင် တိုးတက်လာလေလေ နိုင်ငံအတွက် အကျိုးရှိလေလေဆိုသည်မှာ မည်သူမျှ မငြင်းဆန်နိုင်သော အချက်ဖြစ်ရာ အနာဂတ်ကလေးငယ်များ ကျောင်းနေပျော်၍ စာတော်စေရေးမှာ အရေးကြီးဆုံး အချက်ဖြစ်နေပါသည်။

## စီးပွားရေး

နာဂစ်လွန်ဧရာဝတီတိုင်း၏ စီးပွားရေးလုပ်ငန်းအားလုံးနီးပါးရာနှုန်းပြည့်လည်ပတ်နေပြီဖြစ်ကြောင်း သက်ဆိုင်ရာလုပ်ငန်း အဖွဲ့အစည်းများနှင့် ဌာနများမှ သတင်းထုတ်ပြန်ခဲ့ကြသလို အခြားတစ်ဖက်တွင်လည်း ပြန်လည်အသက်သွင်းသည့်အဆင့်မျှသာရှိသေးသည်ဟု မျက်မြင်အခြေအနေများအရ မှတ်ချက်ပြုသည်များ လည်း ရှိပါသည်။

ဧရာဝတီတိုင်းတွင် ယခင်က ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်၊ မြောင်းမြခရိုင်၊ မအူပင်ခရိုင်၊ ဖျာပုံခရိုင်ဟူ၍ ခရိုင်ငါးခရိုင်သာရှိရာမှ နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်းတွင် လပွတ္တာကို ခရိုင် အဆင့်သို့ တိုးမြှင့်သတ်မှတ်လိုက်သဖြင့် ခရိုင်စုစုပေါင်း ခြောက်ခရိုင်ဖြစ်လာသည်။ အသစ်တိုးမြှင့်လိုက်သော လပွတ္တာခရိုင်တွင် ပုသိမ်ခရိုင်မှ ငပုတောမြို့နယ်ရှိ ကျေးရွာအချို့နှင့် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ၊ မြောင်းမြခရိုင်မှ လပွတ္တာမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်နှင့် ပြင်စလူမြို့နယ်တို့ ပါဝင်ကြောင်း ဧရာဝတီတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တရားဝင်ထုတ်ပြန်အသိပေးချက်များ အရ သိရသည်။

ယင်းသို့ ပြောင်းလဲသတ်မှတ်လိုက်ခြင်းသည်ပင် ဧရာဝတီ၏ စီးပွားရေးလက်တံကို ဆွဲဆန့်လိုက်ခြင်းဖြစ်ကြောင်း ယင်းဒေသများမှ စီးပွားရေးလုပ်ငန်းရှင်အချို့က သုံးသပ်ကြသည်။

ဖျာပုံခရိုင်၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းဖြစ်သည်။ စိုက်ပျိုးရေးတွင် စပါးစိုက်ပျိုးမှုနှင့် ဥယျာဉ်ခြံမြေလုပ်ငန်းများပါဝင်ပြီး ရေလုပ်ငန်းတွင် ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများနှင့် ငါးမွေးမြူရေးလုပ်ငန်းတို့ဖြစ်သည်။ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် စိုက်ပျိုးရေးနှင့် ရေလုပ်ငန်း ကဏ္ဍနှစ်ရပ်စလုံး ပြင်းထန်စွာ ပျက်စီးဆုံးရှုံးခဲ့ပြီး ပြန်လည်ဖွံ့ဖြိုးရေးအတွက် အဖွဲ့အစည်းအသီးသီးက ကြိုးစားဆောင်ရွက်လာရာ ယခုအခါ တစ်နှစ်တာကာလသို့ ရောက်ရှိလာပြီဖြစ်သည်။

မြောင်းမြခရိုင်သည် လယ်ယာလုပ်ငန်းမှ ဆန်နှင့်စိုက်ပျိုးသီးနှံများ၊ ဆားလုပ်ငန်းများ၊ ရေလုပ်ငန်းများ စသည့်လုပ်ငန်းပေါင်းစုံများမှ ဝင်ငွေများကြောင့် ဧရာဝတီတိုင်း၏ ယခင်ငါးခရိုင်အနက် ဝင်ငွေအကောင်းဆုံးခရိုင်အဖြစ် ရပ်တည်နေခဲ့ရာမှ ယခုအခါ လပွတ္တာခရိုင်သီးခြားသတ်မှတ်လိုက်၍ ဆားလုပ်ငန်းနှင့် ရေလုပ်ငန်းတို့မှ ဝင်ငွေသိသိသာသာ လျော့ကျသွားမည့် အခြေအနေရှိလာကြောင်း ဒေသခံစီးပွားရေးလုပ်ငန်းရှင်များက ဆိုသည်။

သို့သော် လပွတ္တာကို ခရိုင်အဖြစ်သတ်မှတ်လိုက်ခြင်းကြောင့် အုပ်ချုပ်ရေးလက်တံတိုက်ရိုက်ထိတွေ့မှု ပိုမိုများပြားလာမည့် အခြေအနေရှိရာ လိုအပ်ချက်များကိုသာ ဖိဖိစီးစီးဖြည့်တင်း

www.foreverspace.com.mm

ဆောင်ရွက်သွားနိုင်ပါက ဧရာဝတီတိုင်း၏ ဝင်ငွေပင်တိုးတက်လာနိုင်သည့်အခြေအနေရှိသည်ဟု ၎င်းတို့က ယူဆကြသည်။

## ရေလုပ်ငန်း

ဖျာပုံခရိုင်၏ အဓိကရေလုပ်ငန်းမှာ ကမ်းနီးကမ်းဝေး၊ ရေချိုရေငန်ငါးဖမ်းလုပ်ငန်းများဖြစ်ပေရာ မုန်တိုင်းကြောင့် ငါးဖမ်းစက်လှေများ၊ ငါးဖမ်းကိရိယာများ ပျက်စီးဆုံးရှုံးခဲ့သဖြင့် လေမုန်တိုင်းတိုက်ခတ်မှုအပြီး မေလနှင့် ဇွန်လနှစ်လခန့် ငါးဖမ်းလုပ်ငန်းများ ရပ်ဆိုင်းခဲ့သော်လည်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းအဖွဲ့ချုပ်အပါအဝင် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများက ရေလုပ်ငန်းသုံးပစ္စည်းများ အရေးပေါ်ထောက်ပံ့ပေးခဲ့၍ ဇူလိုင်လမှစ၍ ငါးဖမ်းလုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်နိုင်ခဲ့သည်။

မုန်တိုင်းကြောင့် ငါးဖမ်းဆီးမှုရပ်တန့်သွားခဲ့သည့် မေလနှင့် ဇွန်လများမှာ ငါးရစ်၊ ငါးသန် (ငါးသားပေါက်) များ ပေါက်ဖွားရှင်သန်ချိန်ဖြစ်ရာ ရေလုပ်သားများ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ချိန်တွင် ငါးအထိအမိအလွန်ကောင်းခဲ့သည်။ အစိုးရနှင့် အဖွဲ့အစည်းအသီးသီး၏ ထောက်ပံ့မှုကြောင့် ဘောက်သမား (ကြုံရာကျပန်းလုပ်စားသူ) များပင် ရေလုပ်ငန်းသုံးပစ္စည်းများဖြင့် လုပ်ငန်းခွင်ဝင်ရောက်နိုင်ခဲ့သည်။

"ရေလုပ်သားတွေကို လိုအပ်တဲ့ပိုက်၊ လှေအပြင် ငါးဖမ်းကိရိယာစုံစုံလင်လင်ထောက်ပံ့ပေးပါတယ်။ တချို့ကျတော့ လယ်စိုက်ပြီး စပါးမစိုက်ခင် ငါးသလောက်တို့၊ ငါးပုတ်သင်တို့ လှေနဲ့ထွက်ဖမ်းကြတယ်။ အချိန်ကျရင် သူ့လယ်သူလုပ်မယ် စသဖြင့် လယ်နဲ့တွဲလုပ်တဲ့သူတွေရှိတယ်။ အဲဒီတော့ ရေလုပ်ငန်းသုံးပစ္စည်းတွေ ထောက်ပံ့တဲ့နေရာမှာ ရေလုပ်ငန်းသီးသန့်လုပ်သူရော၊ ဘောက်သမားရော၊ လယ်တွဲလုပ်သူရော အကုန်ထောက်ပံ့ပေးပါတယ်" ဟု ဖျာပုံခရိုင်ငါးလုပ်ငန်းဦးစီးဌာနခရိုင်ဦးစီးမှူးဦးအေးလွင်က ငါးလုပ်ငန်းဦးစီးဌာနမှတစ်ဆင့် လေဘေးသင့်ဒေသခံများကို ရေလုပ်ငန်းသုံးပစ္စည်းများ ဖြန့်ဝေထားပုံကို ရှင်းပြသည်။

ယင်းအပြင် ငါးလုပ်ငန်းဦးစီးဌာနက ရေလုပ်သားများလုပ်ငန်းတွင်ကျယ်စေရေးအတွက် United KMK ကုမ္ပဏီနှင့် ပူးပေါင်း၍ လပေးစနစ်ဖြင့် ဒီဇယ်ဆီအကြွေးရောင်းချပေးနေကြောင်း ၎င်းက ဆိုသည်။

"မုန်တိုင်းပြီး နှစ်လသုံးလလောက်အထိ ငါးအထိအမိအတော်ကောင်းတာ။ အခုနောက်ပိုင်းကျတော့ ငါးအထိအမိမရှိသလောက် နည်းသွားတယ်။ ဟင်းစားတောင်မရတော့ဘူး" ဟု ရေလုပ်သားအများစုတည်ရှိရာ ဘိုကလေးမြို့နယ်တစ်ဖက်ကမ်းတံစင်ငူကျေးရွာရာအိမ်မှူး ဦးအောင်မင်းက ရှင်းပြသည်။

ငါးအထိအမိကျဆင်းလာသည့်အတွက် တစ်ရက် ငါးဖမ်းဆီးရရှိမှုမှာ ယခင်နှစ်ကထက် သုံးပုံနှစ်ပုံခန့် လျော့ကျသွားကြောင်း၊ ငါးသလောက်ရာသီတွင်ပင် ငါးသလောက်အကောင်ကြီး (တစ်ပိဿာဝန်းကျင်) များ ရှားပါးပြီး အကောင်းသေး (ငါးဆယ်သားအောက်) များသာရကြောင်း၊ ယင်းသို့ဖြစ်ခြင်းမှာ ငါးမျိုးတုံးသွား၍လား၊ ငါးကြောပြောင်းသွား၍လားမသိကြောင်း ဘိုကလေးမြို့ပေါ်ရှိ ငါးဒိုင်များက ဆိုသည်။

မုန်တိုင်းပြီးနှစ်လခန့်တွင် ငါးဖမ်းဆီးနှုန်းမြင့်တက်ခဲ့ပြီး ယင်းအချိန်တွင် ယခင်ရှားပါးသည့် ငါးအကောင်ကြီးများပင် ဖမ်းဆီးရမိခဲ့ပြီး ငါးဖမ်းဆီးသူများပြောသည့်အတွက် ငါးအတက်အလွန်များပြားခဲ့ကြောင်း ယင်းငါးဒိုင်များက ပြောကြားသည်။

ယမန်နှစ် နှစ်ကုန်ပိုင်းနှင့် ယခုနှစ်ဆန်းကာလများတွင် ငါးအထိအမိကျဆင်းခြင်းမှာ ရေလုပ်သားများသာမက လယ်သမားများ၊ ဘောက်သမားများက ငါးဖမ်းကိရိယာစုံလင်စွာဖြင့် ငါးဖမ်းဆီးကြသဖြင့် အလွန်အကျွံငါးဖမ်းဆီးမှုကြောင့် ငါးမျိုးတုံးလာခြင်းဟု သုံးသပ်နေသူများရှိသကဲ့သို့ ရာသီဥတုပူပြင်းမှု၊ လေကြောင်းပြောင်းလဲမှုတို့ကြောင့် ငါးကြောပြောင်းသွားခြင်းဖြစ်သည်ဟု သုံးသပ်နေသူများလည်း ရှိသည်။



"ငါးမျိုးတုံးလာတာ မဟုတ်ပါဘူး။ ရာသီဥတုမကောင်းလို့ ဖြစ်တာပါ။ အရှေ့လေတိုက်ရင် ငါးကြောပြောင်းတတ်တယ်။ ရာသီဥတုမှန်သွားရင် ငါးကြောပြန်တွေ့မှာပါ။ ငါးတက်ပြန်မှန်သွားမှာပါ" ဟု ဖျာပုံခရိုင်ငါးလုပ်ငန်းဦးစီးဌာနခရိုင်ဦးစီးမှူးက သုံးသပ်သည်။

ယင်းသို့ ငါးအထိအမိကျဆင်းခြင်းကြောင့် ရေလုပ်ငန်းတစ်မျိုးတည်းလုပ်ကိုင်သည့် ရေလုပ်သားကျေးရွာများမှာ စားဝတ်

www.foreverspace.com.mm



နေရေးအခက်အခဲများ စတင်ကြုံတွေ့လာရပြီဖြစ်သည်။ ရေလုပ်သားအများစုမှာ ငါးဖမ်းပိုက်ပြင်သာလုပ်တတ်ကြရာ ငါဖမ်းစရာမရှိချိန်တွင် ငါးဖမ်းပိုက်ပြင်၊ ပိုက်ဖာလုပ်ငန်းများသာလုပ်ကြရာ ဝင်ငွေမရှိ ဖြစ်နေကြသည်။



"ငါးဖမ်းထွက်တာ တစ်နေ့လုံးနေလို့ ဟင်းစားတောင် မရဘူး။ ဒီဇယ်ဖိုးတောင် အကြွေးတင်သေးတယ်။ ရေနက်ထဲဝင်ဖမ်းတာတောင်မှ ငါးမရဘူး။ ရေနက်ထဲဆက်သွားရင်လည်း ငါးဖမ်းစက်လှေကြီးတွေရှိတော့ ကိုယ့်စက်လှေလေးနဲ့ သွားလို့မရဘူး" ဟု ခမင်းဆိပ်ကျေးရွာမှ ရေလုပ်သားတစ်ဦးဖြစ်သူ ဦးလှမျိုးက ဆိုသည်။

ငါးဖမ်းဆီးရရှိမှုကျဆင်းလာသဖြင့် ဆီဖိုးပင်အိတ်စိုက်နေရရာ ခမင်းဆိပ်ကျေးရွာရှိ ရေလုပ်သားအများစုမှာ ငါးဖမ်းထွက်မှုရပ်နားထားပြီး သစ်ခုတ်၊ ဝါးခုတ်၊ ပိုက်ဖာတို့ဖြင့်သာ အချိန်ကုန်နေ ကြရသည်ကို တွေ့ရသည်။ အချို့ရေလုပ်သားများမှာ ငါးပိလုပ်ရန်ဖမ်းဆီး၍ ရလာသည့်ပုစွန်ဆိတ်များတွင် ရောပါလာသည့်ငါးများကို ဟင်းစားလုပ်၍ ပုစွန်ဆိတ်များကို ငါးပိလုပ်ကြရာ ငါးမျိုးရှားပါးချိန်တွင် ငါးသားပေါက်ပုစွန်သားပေါက်ကလေးများ ပျက်စီးကြရသည်။

"ဒီမှာကတော့ ရေလုပ်သားတွေ ငါးအရနည်းလာတော့ ပွဲရုံမှာလုပ်ကြတယ်။ စက်လှေတွေက ကယ်ရီလိုက်တယ်။ ဒါကလည်း လောလောဆယ်အဖွဲ့အစည်းတွေရှိနေလို့ပါ။ ဒါတွေမရှိတော့ရင် ငါးပဲပြန်ဖမ်းရမှာ" ဟု ဘိုကလေးမြို့နယ်ကမ်းနားလမ်းလှေဆိပ်တွင် ကယ်ရီပြေးဆွဲနေသူ စက်လှေမောင်းသမားတစ်ဦးကဆိုသည်။

ယင်းသို့ ငါးဖမ်းဆီးရရှိမှုကျဆင်းလာခြင်းနှင့်ပတ်သက်၍ ငါးဦးစီးအပါအဝင် အဖွဲ့အစည်းအချို့က လေ့လာသုံးသပ်မှုများပြုလုပ်နေပြီး ငါးမျိုးတုံးသွားခြင်းမဟုတ်ဘဲ ရာသီဥတုအပြောင်းအလဲကြောင့် ငါးယာယီပျောက်သွားခြင်းသာ ဖြစ်သည်ဟု သုံးသပ်ကြသည်။

မည်သို့ပင်ဆိုစေ ရေရှည်တွင် ယခုကဲ့သို့ ငါးဖမ်းဆီးရရှိမှုကျဆင်းခြင်းမှာ ကြိမ်းသေပေါက်ကြုံတွေ့ရဦးမည်ဖြစ်ရာ ငါးအထိအမိနည်းပါးချိန်တွင် ငါးဖမ်းကိရိယာအစုံအလင်ဖြင့် ရေလုပ်သားများ ရရာငါး ဖမ်းဆီးကြလျှင်ဖြင့် ငါးသယံဇာတ အမှန်တကယ်ပြုန်းတီးသွားနိုင်ကြောင်း NGO များမှ ကျွမ်းကျင်ပညာရှင်အချို့က သုံးသပ်ကြသည်။

ရေလုပ်ငန်းသည် ထိခိုက်မှုအများဆုံးနှင့် အလျင်မြန်ဆုံး ပြန်လည်ပတ်နိုင်ခဲ့သည့်လုပ်ငန်းကဏ္ဍဖြစ်ပြီး အခက်အခဲနှင့်လိုအပ်ချက်အများဆုံးရှိနေသောကဏ္ဍကြီးတစ်ခုလည်း ဖြစ်သည်။

ရေလုပ်ငန်းကဏ္ဍတွင် ငါး၊ ပုစွန်၊ ကဏန်းဟု ကဏ္ဍသုံးရပ်ခွဲခြားလျှင် ငါးလုပ်ငန်းသည် ရာနှုန်းပြည့်နီးပါး ပြန်လည်ပတ်နေပြီးဖြစ်ပြီး ကဏန်းလုပ်ငန်းမှာ ၇၀ ရာခိုင်နှုန်းအထက် လည်ပတ်နိုင်နေသည့်လုပ်ငန်းဖြစ်ပြီး ပုစွန်လုပ်ငန်းမှာမူ နာလန်ထရန်အနည်းငယ်ခက်ခဲနေသည့် အခြေအနေများရှိသည်။

ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းအားလုံး ပုံမှန်အတိုင်း ပြန်လည်၍ လည်ပတ်နေပြီဖြစ်ပြီး နာဂစ်မုန်တိုင်းအပြီး တစ်နှစ်ပတ်လုံးအခြေအနေကို ခြုံငုံသုံးသပ်ပါက မူလအခြေအနေသို့ ပြန်လည်ရောက်ရှိနေပြီဟုဆိုနိုင်ကြောင်း၊ လတ်တလောအခြေအနေတွင်မူ ငါးအထိအမိနည်းသော်လည်း Crisis ကြောင့် ငါးဝယ်လိုအားကျသဖြင့် ဈေးနှုန်းများကျဆင်းနေကြောင်း ဟိုင်းကြီးကျွန်း အခြေစိုက် NYC ငါးဖမ်းလုပ်ငန်းရှင်ဦးသက်လွင်က ပြောကြားသည်။

"ဒီလိုအမိနည်းတဲ့ကြားထဲမှာ ငါးပဲဖြူတို့လို ငါးလသာတို့လို ရာသီပေါ်ငါးလေးတွေကို အားပြုမှီခိုနေရတာပေါ့" ဟု ၎င်းက ဆိုသည်။

ဒေသခေါ် လတ်ကြီးသမား (ကမ်းနီးကမ်းဝေး) ငါးဖမ်းလုပ်ငန်းရှင်နှင့် အဝယ်ဒိုင်ကြီးများ နာဂစ်မုန်တိုင်းပြီးနောက်ပိုင်း သုံးလကျော်ကျော်ခန့်တွင်ပင် ပြန်လည်အစပျိုးလုပ်ကိုင်လာနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ရေထရက် (ငါးအထိအမိများသောကာလ) တွင် အခြားသူများထက်စောစီးစွာ လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်နိုင်သူများ စက်လှေပြင်စရိတ်ကာမိရုံမျှမက စက်လှေအဟောင်းကိုအသစ်ပြုပြင် တည်ဆောက်နိုင်သည်အထိ အကျိုးဖြစ်ထွန်းခဲ့ကြောင်း ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဦးမြင့်လွင်က ဆိုသည်။

ရေကြောပြောင်းလဲမှု အနည်းငယ်ရှိနိုင်သော်လည်း ရေစီးကြောင်းပြောင်းလဲသည်ဟုဆိုရန်ထက် ရေအောက်ရှိ အမှိုက်သရိုက် အနည်အနှစ်များနေရာအပြောင်းအလဲကြောင့် ငါးကျက်စားမှု

www.foreverspace.com.mm

နေရာအပြောင်းအလဲအနည်းငယ်ရှိလာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ငါးဖမ်းလုပ်ငန်းများမှ ယခင်ပိုက်ချကွက်များကိုသာ အသေမှတ်ထားသောကြောင့် ထင်သလောက်ငါးမရခြင်းဖြစ်ကြောင်း ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ စံပြအဏ္ဏဝါရှိ ဒေါ်ခင်ငြိမ်းငါးအဝယ်ဒိုင်နှင့် ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းရှင် ဒေါ်ခင်ငြိမ်းက ဆိုသည်။

သာမန်ရေလုပ်သားနှင့် စက်လှေအငယ်စားများကို အသုံးပြု၍ ပိုက်ထိုးခြင်း၊ မျှောခြင်းပြုလုပ်ရသည့် အသေးစားငါးဖမ်းလုပ်ငန်းများမှာမူ အထောက်အပံ့ပစ္စည်းများအချိန်မီမရသဖြင့် ရာသီချိန်အမီပြန်ဝင်နိုင်ခြင်းမရှိခဲ့ကြောင်း၊ အလားတူပင်ဒိုင်ကြီးများမှ ငွေကြိုယူထား၍ ငါးကောက် (တစ်ဆင့်ပြန်ဝယ်) သော လက်ခွဲဒိုင်အများအပြားမှာလည်း နာဂစ်မုန်တိုင်းကြောင့် မူလငွေကြေးနှင့် ပစ္စည်းများဆုံးရှုံးခဲ့ရသည့်အပြင် ဒိုင်များမှ ကြိုတင်ယူထားသောငွေကြေးများ ပြန်လည်မပေးဆပ်နိုင်သဖြင့် ဒိုင်လုပ်ငန်းကို စွန့်ခွာခဲ့ရကြောင်း ဟိုင်းကြီးကျွန်းမြို့နယ်ခွဲနှင့် လပွတ္တာမြို့နယ်တို့ရှိ ငါးလုပ်ငန်းနယ်ပယ်မှ စုံစမ်းသိရှိခဲ့ရသည်။

ရေသေရက် ငါးအတက်နည်းသောအချိန်များတွင်မှ လုပ်ငန်းခွင်ဝင်လာသော တစ်ပိုင်တစ်နိုင်ငါးဖမ်းလုပ်ငန်းများမှ လတ်တလောအခြေအနေတွင် ဟင်းစားပင်မရသည့်အခြေအနေရှိကြောင်း၊ လှေနှင့်ပိုက်တစ်တွဲတည်းရရှိသူနည်း၍ ပိုက်ငှားခ၊ လှေငှားခများကိုပါ ရရှိငွေမှဖဲ့ပေးနေရခြင်းကလည်း ၎င်းတို့ကို အကျပ်အတည်းကြုံစေခဲ့ကြောင်း Living Color က လပွတ္တာခရိုင်အတွင်း ကောက်ယူခဲ့သည့်စာရင်းများအရ သိရသည်။

လက်ခွဲဒိုင်များမှာ အရေအတွက်အားဖြင့် မများလှသော်လည်း ၎င်းတို့ဒိုင်များကိုမှီခိုနေသည့် ရေလုပ်သားအင်အားမှာတော့ မနည်းလှပေ။

မုန်တိုင်းမတိုက်မီကာလ ရေလုပ်သားများအတွက် ငါးပြန်ပေးစနစ်ဖြင့် ငွေလိုလျှင် ငွေကြိုယူနိုင်သည့်အခြေအနေရှိပြီး ဒိုင်ကြီးများမှ ယင်းသို့တိုက်ရိုက်ဆင်းမလုပ်နိုင်သည့်အခြေအနေရှိသဖြင့် ယင်းကိုအဓိကလုပ်ဆောင်သူမှာ လက်ခွဲဒိုင်များဖြစ်ကြောင်း ဟိုင်းကြီးကျွန်းအခြေစိုက်ငါးဖမ်းလုပ်ငန်းနယ်ပယ်မှ စုံစမ်းသိရှိရသည်။

"ပိုက်ပေး၊ ငါးပေါ်ရင် သူ့ပဲပြန်ရောင်း၊ ဒါမှမဟုတ် လှေပေးဆိုတာမျိုးတွေလည်း သူတို့ပဲလုပ်ပေးတာ" ဟု လက်ခွဲဒိုင်များ၏ သဘောသဘာဝကို လပွတ္တာမြို့နယ်အခြေစိုက် ငါးအဝယ်ဒိုင်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ယင်းအခြေအနေများအရ ငါးဖမ်းလုပ်ငန်းသည် ပြန်လည်အသက်ဝင်လည်ပတ်နေသည်ဟုဆိုနိုင်သည့်တိုင် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိခြင်းမရှိသေးဘဲ ရေရှည်အတွက်စဉ်းစား၍ ပြန်လည်တည်ဆောက်ရပေဦးမည်။

ကျားပိုက်ထောင်ခြင်းကဲ့သို့ ပင်လယ်ပြင်၊ မြစ်ပြင်တွင် ပုစွန်ဖမ်းခြင်းလုပ်ငန်းများလုပ်ကိုင်နေပြီဖြစ်သော်လည်း ရေလုပ်ငန်းကဏ္ဍတွင် ပြန်လည်ရှင်သန်ရေးအတွက် အခက်အခဲဆုံးရုန်းကန်နေရသည့် လုပ်ငန်းတစ်မျိုးမှာ သဘာဝသားပေါက် ပုစွန်မွေးမြူရေးလုပ်ငန်းများပင်ဖြစ်သည်။

မုန်တိုင်းဒဏ်ကြောင့် တာဘောင် (ဒေသအခေါ် ပတ္တာ) များကျိုးသွားခြင်း၊ ပုစွန်ကန်များအတွင်း သဲနုန်းများဝင်ရောက်ဖုံးအုပ်သွားခြင်းတို့ကြောင့် ပုစွန်ကန်များကို အလွယ်တကူပြန်လည်မလုပ်ကိုင်နိုင်ခြင်းဖြစ်ကြောင်း ဒေသခံသဘာဝသားပေါက်ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များက ဆိုသည်။

ဆယ်ဧကဝန်းကျင် ပုစွန်ကန်ကို ပတ္တာဖို့ရန် လုပ်အားစရိတ်သီးသန့်ကျပ်သုံးသိန်းဝန်းကျင်နှင့် ကန်ဖော်မည်ဆိုလျှင် ကျပ်သုံးသိန်းခန့် ထပ်မံကုန်ကျနိုင်ပြီး သားပေါက်ထည့်သွင်းပြီးချိန်ထိဆိုလျှင် ကျပ်သိန်းဆယ်ဂဏန်းဝန်းကျင်အထိကုန်ကျနိုင်ကြောင်း၊ သို့သော် ယင်းပမာဏမှာ အကြမ်းထည်ပုစွန်ကန်စရိတ်မျှသာရှိပြီး ပုစွန်အထိမနာရန် လှျောပေါက် (ကန်မှ ပုစွန်ကိုထုတ်ယူရာတွင် အသုံးပြုသည့်အပေါက်) ကို အင်္ဂတေဖြင့် မွမ်းမံပြင်ဆင်ခြင်းမျိုး ပြုလုပ်မည်ဆိုပါက လှျောပေါက်တစ်ပေါက်လျှင် ကျပ်တစ်သိန်းဝန်းကျင် ထပ်မံကုန်ကျနိုင်သေးသဖြင့် အရင်းအနှီးကြီးသော လုပ်ငန်းဖြစ်ကြောင်း ပိန္နဲကုန်းကျေးရွာနေ ပုစွန်ကန်လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးတင်အုန်းက ဆိုသည်။



သဘာဝပုစွန်မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် ချေးငွေရရှိရေး ကြိုးပမ်းလျက်ရှိသော်လည်း လ/န ၃၉ ကဲ့သို့ အထောက်အထားခိုင်ခိုင်လုံလုံရရှိထားမှုမရှိခြင်းတို့

www.foreverspace.com.mm



ကြောင့် ဆားလုပ်ငန်းများကဲ့သို့ ဝိုင်းကြီးချုပ်စနစ်ဖြင့် ဈေးငွေရရှိခြင်းမရှိခဲ့ကြောင်း လပွတ္တာခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

"ပိုင်ဆိုင်ပစ္စည်းပြ ဈေးငွေပဲရနိုင်မယ်။ အဲဒါကိုတော့ ဈေးပေးမယ်လို့ မွေး/ရေဘဏ်ကပြောတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မွေးပုစွန်လုပ်ငန်းကို လုပ်ကိုင်မည်ဆိုပါက ယခုအချိန်ကတည်းက စတင်ပြင်ဆင်ရမည်ဖြစ်ပြီး မိုးဦးကျအမိုးသားပေါက်ထည့်သွင်းမှသာ ကန်ဖော်ချိန်တွင် ကုန်တက်ကောင်းမည်ဖြစ်ရာ လတ်တလောအခြေအနေများအရ ပုစွန်ကန်များမှာ လာမည့်မိုးရာသီတွင်ပင် ရာနှုန်းပြည့် ပြန်လည်လုပ်ကိုင်နိုင်မည့်အခြေအနေမရှိသေးကြောင်း ဒေသခံလုပ်ငန်းရှင်များက သုံးသပ်သည်။

ကဏန်းလုပ်ငန်းမှာ လုပ်ငန်းအရေအတွက်အားဖြင့်ဆိုပါလျှင် အပြည့်အဝလုပ်ငန်းလည်ပတ်နေပြီဟုဆိုနိုင်ပြီး လုပ်ငန်းလည်ပတ်ငွေများနှင့်နှိုင်းယှဉ်လျှင်မူ ယခင်ပုံမှန်နှုန်းထားသို့မရောက်ရှိသေးကြောင်း၊ အဓိကမှာ ဘုံလုံ (ငါးဖောင်ဖြင့်ကဏန်းမွေးမြူခြင်း) ပေါ်တွင် ရင်းနှီးမြှုပ်နှံမှုလျော့နည်းနေခြင်း ဖြစ်ကြောင်း လပွတ္တာခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်အတွင်းရေးမှူး ဦးဇော်တင်မိုးက ဆိုသည်။

နာဂစ်မုန်တိုင်းကြောင့် လူအများအပြားသေဆုံးခဲ့ရသဖြင့် ကဏန်းထောင်ဖမ်းသူ ဦးရေလျော့နည်းသွားသော်လည်း ကဏန်းထောင်သည့်မြိုးအပြောင်းအလဲကြောင့် ကုန်တက် (ကဏန်းရရှိမှုအခြေအနေ) လျော့ကျခြင်းမရှိခဲ့ကြောင်း၊ ဈေးကွက်အတွင်း ကမ္ဘာ့စီးပွားကျကပ်၏ ရိုက်ခတ်မှုကြောင့် ကဏန်းဝယ်လိုအား အနည်းငယ်အပြောင်းအလဲရှိခြင်းသာ ထူးခြားမှုရှိကြောင်း ရွှေမိသားစု လပွတ္တာအခြေစိုက် ကဏန်းအဝယ်ဒိုင်လုပ်ငန်းမှ တာဝန်ခံတစ်ဦးကဆိုသည်။

ဘုံလုံများဖြင့် ကဏန်းမွေးမြူခြင်းမှာ အရွယ်မရောက်သေးသဖြင့် ဥမကပ်သေးသောအမများကို အစာကျွေး၍ ဥကပ်စေပြီးမှ ဈေးကွက်သို့တင်ပို့ခြင်း ဖြစ်သည်။

အများအားဖြင့် ဘုံလုံများဖြင့် ကဏန်းမွေးသူအများစုမှာ ကျေးရွာများရှိ လက်ခွဲဒိုင်များဖြစ်ပြီး မြို့ပေါ်ဒိုင်ကြီးများတွင်လည်း တစ်ဒိုင်လျှင် ကျပ်သိန်းလေးဆယ်ဝန်းကျင်ဖိုးလောက်ထိ ဘုံလုံများဖြင့် ကဏန်းမွေးမြူထားလေ့ရှိကြောင်း၊ မုန်တိုင်းကြောင့် ဘုံလုံအားလုံးနီးပါးပျက်စီးခဲ့ရသဖြင့် လက်ကြီး (ဒိုင်ကြီး) အချို့ပင်လျှင် ပြန်လည်မွေးမြူရန်ခက်ခဲသည့်အခြေအနေရှိရာ လက်ခွဲဒိုင်များဆိုလျှင် ဆိုနိုင်ဖွယ်ရာမရှိကြောင်း လပွတ္တာမြို့အခြေစိုက် စိန်ရွှေလျှံကဏန်းရောင်းဝယ်ရေးလုပ်ငန်းရှင်က ဆိုသည်။

ကဏန်းဈေးကွက်အတွင်း နယ်စပ်ကုန်သွယ်ရေးမှ ဝယ်လိုအား၊ ရန်ကုန်ကျောက်တန်းကဏန်းပျော့ထုတ်လုပ်ရေးလုပ်ငန်းမှ ဝယ်လိုအားနှင့် ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းတို့မှ ဝယ်လိုအားတို့ကြောင့် ဈေးကွက်ကိုကျားကန်နိုင်သည့်အနေအထားရှိသော်လည်း ကဏန်းကိုဈေးကောင်းရချိန်အထိစောင့်လှောင်နိုင်ရန် (ဘုံလုံစနစ်အတွင်း) ရင်းနှီးမြှုပ်နှံမှုမပြုလုပ်နိုင်ဘဲ ကုန်ပေါချိန်တွင် ကျဈေးဖြင့်ပင် ရောင်းချနေရခြင်းက ကဏန်းလုပ်ငန်းအတွက် အဓိကထိုးနှက်ချက်တစ်ခုပင်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

## စိုက်ပျိုးရေး

လပွတ္တာခရိုင်၏ အဓိကစီးပွားရေးမောင်းနှင်တံတစ်ခုတွင် စိုက်ပျိုးရေးလုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ လယ်ယာမြေတစ်ခုတည်းပေါ်တွင် တည်မှီနေခြင်းမဟုတ်ဘဲ ဥယျာဉ်ခြံနှင့် ကိုင်းသီးနှံအချို့ပါ စိုက်ပျိုးထွက်ရှိရာဒေသတစ်ခုလည်းဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းသည် စီးပွားရေးလုပ်ငန်းများအနက် နာလန်ပြန်ထရန် (ပြန်ထူထောင်ရန်) အခက်ခဲဆုံးစီးပွားရေးလုပ်ငန်းကဏ္ဍတစ်ခုဖြစ်သည်ဟု ကျွမ်းကျင်သူများက ဝေဖန်သုံးသပ်နေကြသည်။

ကုစားမှုများကလည်း ခုတ်ရာတခြား၊ ရှရာတခြားဖြစ်နေသေးရာ အချိန်မီပြန်လည်ထူထောင်နိုင်ရန်မှာ ဝေခြမ်းထောက်ပံ့ရေးအစီအစဉ်များနှင့် မလုံလောက်ဘဲ သုတေသနလုပ်ငန်းများပါတွဲဖက် ပါဝင်လာမှသာဖြစ်နိုင်မည်ဟု ၎င်းတို့က ဆိုသည်။

လပွတ္တာခရိုင်တစ်ခုလုံးရှိ လယ်ယာမြေ ၇၀ ရာခိုင်နှုန်းခန့်မှာ

www.foreverspace.com.mm

ယခုနှစ်မိုးစပါးစိုက်ပျိုးပြီးအသီးစတင်ရင့်လာချိန် သီတင်းကျွတ်၊ တန်ဆောင်မုန်းကာလ၌ ရေပြာတိုး (ရေငန်ဝင်ရောက်) မှုကြောင့် အသီးဖျင်းပြီး အထွက်နှုန်း ၅၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ ကျဆင်းလာခဲ့ကြောင်း Living Color က လပွတ္တာခရိုင်အတွင်းရှိ ကျေးရွာပေါင်း ၂၀ ကျော်တွင် ကောက်ယူခဲ့သောစစ်တမ်းနှင့် ယင်းဒေသရှိ ဒေသခံတောင်သူများ၏ အတည်ပြုပြောကြားချက်များအရ သိရသည်။

ယင်းသို့ရေငန်ဝင်ရောက်ခြင်းမှာလည်း နာဂစ်မုန်တိုင်းက ရေငန်တားတာဘောင်များကို ရိုက်ချိုးသွားခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ သဃ်န်းကြီး၊ နှာခေါင်းပေါက်၊ ရွေးစသည့်အောက်ပိုင်းကျေးရွာများတွင် မျိုးစပါးပင်ပြန်မရခဲ့ကြောင်း လေးအိမ်တန်း၊ စစ်ကွဲ၊ ဘီတွတ်၊ ပိန္နဲကုန်းစသည့် အထက်ပိုင်းအနည်းငယ်ကျသော ဒေသများတွင်မူ အထွက်နှုန်းမှာ ယခင်နှစ်များ၏ ၂၀ ရာခိုင်နှုန်းဝန်းကျင်သာ ထွက်ရှိကြောင်း အထက်ပါစစ်တမ်းအရ သိရသည်။

အချို့ဒေသများတွင် စပါးဈေးနှုန်းတင်းတစ်ရာလျှင် ကျပ်ခြောက်သိန်းပေါက်ဈေးဖြင့်ဝယ်ယူ၍ မျိုးကြဲခဲ့ပြီး အချို့ဒေသများတွင်မူ ဝေခြမ်းရေးစပါးများကို ကြဲပက်စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး အထွက်နှုန်းဆုတ်ခဲ့သည့်အပြင် မိုးစပါးပေါ်ချိန် စပါးဈေးမှာ ကျပ်နှစ်သိန်းအောက်သို့ကျဆင်းနေခြင်းကြောင့် စိုက်စရိတ်မကာမိကြောင်း ယင်းဒေသမှ ဒေသခံတောင်သူများက တညီတညွတ်တည်း ပြောကြားသည်။

လပွတ္တာခရိုင်အတွင်း ဥယျာဉ်၊ ခြံ၊ မြေများမှာ အလွယ်တကူ ပြန်လည်ထူထောင်ရန်မဖြစ်နိုင်သေးကြောင်း၊ သီဟိုဠ်၊ သရက် စသည့် နှစ်ရှည်သီးပင်များအတွက်မူ အနည်းဆုံးသုံးနှစ်ခန့်အချိန်ပြန်ယူရဦးမည်ဖြစ်ပြီး ပန်းမျိုးစုံနှင့် ကွမ်းရွက်ကဲ့သို့ အပင်များမှာ ပြန်လည်စိုက်ပျိုးဖြစ်ထွန်းနေပြီဖြစ်ပြီး ယင်းလုပ်ငန်းများမှာ ကုန်းပေါ်ရေမရောက်သော ဒေသများတွင် အများစုတည်ရှိသဖြင့် စိုက်ပျိုးမြေပျက်စီးသွားခြင်းမရှိကြောင်း ဒီဒူးကုန်းကျေးရွာအုပ်စုနှင့် လပွတ္တာမြို့နယ်အနီးတစ်ဝိုက်ရှိ ဥယျာဉ်ခြံလုပ်ငန်းရှင်များက ပြောကြားသည်။

လယ်ယာမြေများတွင် အထွက်နှုန်းမြင့်တက်လာရေးအတွက် အဓိကလိုအပ်ချက်တစ်ရပ်မှာ သုတေသနလုပ်ငန်းဖြစ်ကြောင်း၊ မျိုးရိုးဗီဇမြှင့်တင်ရေးလုပ်ငန်းများ၊ ဒေသအလိုက်ကိုက်ညီသော စပါးမျိုးရွေးချယ်ရေးလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်ရမည့်အချိန်ဖြစ်ကြောင်း၊ လက်ရှိစိုက်နေသောမျိုးစပါးများမှာ တဖြည်းဖြည်း မျိုးဖျင်းလာနေပြီဖြစ်ရာ မျိုးစပါးကိုပြည်ပမှ ပြန်ဝယ်ယူရမည့်အဖြစ်မျိုးမကြုံစေလိုကြောင်း ဧရာဝတီတိုင်း ဆန်စက်လုပ်ငန်းရှင်အသင်း၏ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကဆိုသည်။

မြစ်ဝကျွန်းပေါ်ဒေသမှာ မြန်မာနိုင်ငံ၏ ဆန်အိုးကြီးဟု တင်စားခေါ်ဝေါ်ရလောက်အောင် ဆန်စပါးစိုက်ပျိုးမှုပမာဏများပြားသည့်ဒေသဖြစ်ရာ မုန်တိုင်းကျရောက်မှုကြောင့် လယ်မြေသိန်းချီပျက်စီး၍ ကျွဲ၊ နွားတစ်သိန်းကျော်သေဆုံးခဲ့ရာ ပျက်စီးဆုံးရှုံးခဲ့သည့်ကဏ္ဍများတွင် ထိပ်ဆုံးမှပါဝင်သည့်ကဏ္ဍတစ်ရပ်ဖြစ်သဖြင့် ပြန်လည်ထူထောင်ရေးလုပ်ရာတွင်လည်း မျိုးစပါး၊ ဓာတ်မြေသြဇာမှသည် စက်မှုလယ်ယာသုံးပစ္စည်းများကိုပါ အင်အားကောင်းကောင်းထောက်ပံ့ပေးနိုင်ခဲ့သည်။

"မုန်တိုင်းပြီးပြီးချင်း မိုးစပါးစိုက်ပျိုးနိုင်ဖို့ ဗဟိုလေဘေးကယ်ဆယ်ရေးရန်ပုံငွေကနေ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက မျိုးစပါး ၁၁၇,၆၅၃ တင်းပံ့ပိုးပေးခဲ့တယ်။ နောက် ပဲခူးတိုင်းက မျိုးစပါးတင်း ၃၅၀၀ ကျော်၊ ရခိုင်ပြည်နယ်က မျိုးစပါးလှူဒါန်းခဲ့တယ်။ အဲဒါတွေကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ဖို့ အရေးပေါ်ဖြန့်ဝေပေးခဲ့တယ်" ဟု ဖျာပုံခရိုင်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာက ရှင်းပြသည်။



မုန်တိုင်းကာလအတွင်း ကျွဲ၊ နွားများပျက်စီးဆုံးရှုံးခဲ့ခြင်းကြောင့် မိုးစပါးပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာသုံးစက်ပစ္စည်းများထောက်ပံ့ပေးခဲ့ပြီး တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကျွဲ၊ နွားများ ပံ့ပိုးရုံသာမက ပြည်တွင်းပြည်ပအဖွဲ့အစည်းအသီးသီးမှ လယ်ယာသုံးစက်ပစ္စည်းများနှင့် ဓာတ်မြေသြဇာအပါအဝင် စိုက်ပျိုးစရိတ်များ ထုတ်ချေးခဲ့သည်။

"အဖွဲ့အစည်းတွေက ထောက်ပံ့ထားတဲ့လယ်ယာ ၁၂၊ လယ်ယာ ၁၆ စတဲ့ထွန်စက်တွေ ပေးထားပါတယ်။ ဒီဇယ်တွေသုံးပြီး ထွန်ရတာ ကျွဲ၊ နွားတွေထက် ပိုပြီး

www.foreverspace.com.mm

အဆင်ပြေပါတယ်။ ဒါပေမဲ့ မကြာခဏပျက်တတ်တော့ ဒုက္ခရောက်တယ်။ ကျွန်တော်တို့က လယ်သမားတွေဆိုတော့ လယ်ပဲထွန်တတ်တော့ စက်မပြင်တတ်ဘူး။ ဒီတော့ ပျက်တာနဲ့စက်ဆရာဆီပြေးရတာ။ စက်ပြင်ခ တော်တော်ထောင်းတယ်”ဟု ဘိုကလေးမြို့နယ် ပေချောင်းလေးကျေးရွာမှ လယ်သမားတစ်ဦးက ဆိုသည်။

လယ်ထွန်စက်များတွင် အချို့တံဆိပ်များမှာ အကြမ်းခံပြီး ပြုပြင်ရမှုနည်းပါးသော်လည်း အများစုမှာ အပျက်အစီးများသဖြင့် ပြင်ဆင်စရိတ်မတတ်နိုင်၍ အသုံးမပြုဘဲ ထားထားကြောင်း၊ လယ်ယာ ၁၆ လက်တွန်းထွန်စက်မှာ လယ်ဧကနည်းသူများအတွက် အဆင်ပြေသကဲ့သို့ အပျက်အစီးကြီးကြီးမားမားမရှိ၍ လယ်သမားများ ပိုမိုနှစ်သက်ကြောင်း လယ်သမားများထံမှ စုံစမ်းသိရှိရသည်။

နာဂစ်မုန်တိုင်းတိုက်ခတ်မှုကြောင့် ကျွဲ၊ နွားများသေဆုံးခဲ့၍ မိရိုးဖလာလက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းခွင့်ကြုံသွား၍ မုန်တိုင်းသင့်ဒေသ၏စိုက်ပျိုးရေးကဏ္ဍ တစ်ဆင့်မြင့်တက်သွားသည်ဟု ဆိုရမည်ဖြစ်သည်။ သို့သော် ယင်းကူးပြောင်းရေးကာလတွင် ကြုံတွေ့နေရသည့်စက်များ အကြမ်းမခံဘဲ အပျက်အစီးများနေခြင်း၊ လယ်သမားများအခြေခံစက်ပြင်မှု အတတ်ပညာမရှိ၍ စက်ပြင်စရိတ် ထပ်ဆောင်းကုန်ကျရာ စက်အသုံးပြုချင်စိတ်လျော့ကျလာခြင်းတို့ကဲ့သို့ စိန်ခေါ်မှုများကို ကျော်လွှားရန်လိုအပ်နေသေးသည်။

“ဒီနယ်တစ်ကြောမှာ ကျွန်တော် ပထမဆုံး လယ်ထွန်စက်ကြီးဝယ်သုံးတာ။ ကျွန်တော့်သားကြီးက စက်ပြင်တတ်တော့ သူ့စိတ်ကြိုက်ဝယ်တာ။ အတော်အကြမ်းခံတယ်။ အခု ကျွန်တော့်သားဆုံးသွားလို့ ပြင်တတ်တဲ့သူမရှိတာနဲ့ ဒီစက်ကြီးပြန်ရောင်းလိုက်တာ။ အခု လက်တွန်းထွန်စက် ပြန်ဝယ်ထားတယ်။ ထွန်စက်ကလည်း အကြမ်းခံတဲ့စက်အမျိုးအစားရွေးဝယ်မှ”ဟု ဖျာပုံခရိုင်ကနိကျေးရွာအုပ်စုမှဦးသံခဲက ရှင်းပြသည်။

ဘိုကလေးမြို့နယ်တွင် မိုးစပါး ၃၀၁,၀၄၀ ဧကစိုက်ပျိုးခဲ့ပြီး တစ်ဧကလျှင် ၇၄ တင်းနှုန်းထွက်ရှိခဲ့ကြောင်း၊ ယခင်နှစ်မိုးစပါး စိုက်ပျိုးမှုထက် ဧက ၆၀၀၀ ကျော်လျော့နည်းခဲ့ကြောင်း ဘိုကလေးမြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ထုတ်ပြန်ထားချက်အရ သိရသည်။

ဖျာပုံမြို့နယ်တွင် မိုးစပါး ၂၀၀,၆၀၃ ဧက စိုက်ပျိုးခဲ့ပြီး တစ်ဧကအထွက်နှုန်း ၇၂ ရာခိုင်နှုန်းရှိကြောင်း၊ မူလလျာထားချက်ထက် ဧက ၃၀၀၀ ခန့် စိုက်ပျိုးမှုလျော့နည်းခဲ့ကြောင်း၊ ယင်းသို့ဖြစ်ရခြင်းမှာ စိုက်ချိန်နောက်ကျခြင်း၊ မြေပြင်ရန်အချိန်မရခြင်းနှင့် ဓာတ်မြေဩဇာ လုံလောက်စွာမဖျန်းနိုင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း ဖျာပုံခရိုင်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာက ရှင်းပြသည်။

“တချို့ လယ်သမားတွေကတော့ မဆိုးဘူးပေါ့ဗျာ။ ကျွန်တော်တို့ဘက်က နွေစပါးစိုက်လို့မရဘူး။ မိုးစပါးတစ်မျိုးပဲ စိုက်လို့ရတာ။ ပြီးခဲ့တဲ့မိုးစပါးက ခရုကိုက်လို့ ပျိုးပင်တွေပျက်သွားတော့ ထပ်ပျိုးရတယ်။ စပါးထွက်တော့ ရေငန်ကျန်နေတာနဲ့ စပါးအထွက်နည်းတယ်။ ယူထားတဲ့ အကြွေးတွေအတွက် လယ်ရောင်းပြီးဆပ်ရတာ လေးဧကပဲကျန်တော့တယ်။ ကျွန်တော်တို့ရွာမှာ ကျွန်တော့်လို လူတွေများတယ်”ဟု လယ် ၁၂ ဧကပိုင်သည့် ဖျာပုံမြို့နယ် တင်ပုလွဲကျေးရွာမှ လယ်သမားတစ်ဦးက ဆိုသည်။

မြစ်ဝကျွန်းပေါ်ဒေသရှိ ကျေးရွာများတွင် ပင်လယ်ဘက်ကျသည့် ကျေးရွာများမှာ ရေငန်ဝင်ရောက်မှုကြောင့် တစ်နှစ်လျှင် မိုးစပါးတစ်မျိုးသာ စိုက်ပျိုးနိုင်ရာ မိုးစပါးစိုက်စဉ် အဖျက်အမှောင့်တစ်ခုခုကျရောက်ပါက နွေစပါးထပ်စိုက်ခွင့်မရ၍ စိုက်စရိတ် ဆုံးရှုံးလေ့ရှိသည်။

ဖျာပုံမြို့နယ်၏ နွေစပါးစိုက်ပျိုးမှုမှာ ဧက ခုနစ်သောင်းကျော်ရှိ၍ လျာထားစိုက်ပျိုးဧကထက် ဧကတစ်သောင်းခန့်ပိုများကြောင်း၊ ဘိုကလေးမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ဧက တစ်သိန်းကျော် (၁၀၁,၀၂၄ ဧက) ရှိကြောင်း ဖျာပုံနှင့် ဘိုကလေးမြို့နယ်များရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းများ၏ တရားဝင်ထုတ်ပြန်ချက်အရ သိရသည်။

ယခုနှစ် နွေစပါးစိုက်ပျိုးဧကမှာ ယမန်နှစ်များထက် အနည်းငယ်ပိုများပြားသော်လည်း နွေစပါးရင့်မှည့်ချိန်တွင် မိုးရွာ၍ စိုထိုင်းစများခြင်း၊ ပျိုးကြဲရာတွင် တစ်ဧက မျိုးစပါးသတ်မှတ်နှုန်း ဖြစ်သည့် နှစ်တင်းခွဲနေရာတွင် ငါးတင်းခွဲကြဲပက်သဖြင့် လယ်ကြပ်ခြင်း၊ ရေတက်ရက်ဖြစ်၍ လယ်ထဲရေဝင်များခြင်းတို့ကြောင့် ရွက်



www.foreverspace.com.mm

လိုက်ရှက်ပြတ်ပိုးများကျရောက်ပြီး စပါးပင်များ ပျက်စီးခဲ့မှုမျိုး တွေ့ကြုံခဲ့ရကြောင်း၊ သို့သော် စပါးထွက်ရှိမှု ၉၀ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းကြောင်း ဖျာပုံခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်စိုက်ပျိုးရေးမန်နေဂျာက ရှင်းပြသည်။

နာဂစ်တစ်နှစ်ပြည့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှာ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အစပျိုးကူးပြောင်းနိုင်ပြီဖြစ်ရာ အောင်မြင်မှုမရှိသေးသော်ငြားလည်း အဆင့်တစ်ဆင့်မြင့်တက်သွားသည့်အနေအထားဖြစ်သည်။ စက်မှုလယ်ယာသို့ ကူးပြောင်းရေးတွင် အခရာကျသည့် ပြည်တွင်းမှ အရည်အသွေးမြင့် လယ်ယာသုံးစက်ပစ္စည်းများ ထုတ်လုပ်နိုင်ပြီး လယ်သမားများကိုအခြေခံ စက်ပြုပြင်မှုအတတ်ပညာများသာ ဖြန့်ဝေပေးနိုင်လျှင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အောင်မြင်စွာကူးပြောင်းသွားသည့် မြန်မာ့စိုက်ပျိုးရေးကဏ္ဍကို တွေ့မြင်ရမည် ဖြစ်သည်။

## ဆားလုပ်ငန်း

နာဂစ်မုန်တိုင်းအပြီး ဆားလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရန်မှာ ရာနှုန်းပြည့်ထက်မက ယခင်နှစ်များထက်ပင် တိုးတက်မှုရှိလာသော တစ်ခုတည်းသောလုပ်ငန်းမှာ နေလှန်းဆားလုပ်ငန်းပင်ဖြစ်သည်။

ဆားလုပ်ငန်းများပြန်လည်လည်ပတ်နိုင်ရန် အပြည့်အဝ ထောက်ပံ့ခဲ့ရာ ယခင်နှစ်များက အရှုံးပေါ်ရပ်နားထားသော လုပ်ငန်းရှင်များ၊ ရပ်ကွက်ဇကလျော့၍ လုပ်ကိုင်သောလုပ်ငန်းရှင်များပါ ပြန်လည်လုပ်ကိုင်လာခြင်းကြောင့် ဆားလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုပမာဏသုံးဆခန့်အထိ မြင့်တက်လာကြောင်း ဆားလုပ်ငန်းကြီးကြပ်ရေးကော်မတီများ၏ တာဝန်ရှိသူများက အတည်ပြုပြောကြားသည်။

ဆားကွင်းများမှာ ပင်လယ်ရေနှင့်ထိနေသော အောက်ပိုင်းကျေးရွာများတွင် အများဆုံးတည်ရှိသဖြင့် မုန်တိုင်းဒီရေဝင်ရောက်မှုကြောင့် ရာနှုန်းပြည့်နီးပါး ပျက်စီးခဲ့သော်လည်း ချေးငွေများ၊ စက်ကိရိယာနှင့် ဒီဇယ်ဆီအပါအဝင် လုပ်ငန်းလိုအပ်ချက်အထောက်အကူပြုပစ္စည်းများ အချိန်မီရရှိခြင်းကြောင့်လည်း ယင်းသို့လုပ်ကိုင်နိုင်ခြင်းဖြစ်ကြောင်း ပြင်စလူမြို့နယ်ခွဲ သယ်န်းကြီးကျေးရွာအုပ်စုမှ ဆားလုပ်ငန်းရှင် ဦးနေမျိုးလင်းက ဆိုသည်။

သို့သော် ဆားလုပ်ငန်းရှင်အများစု ရင်ဆိုင်နေရသော ပြဿနာတစ်ရပ်မှာ ဆားထွက်လျော့နည်းခြင်းဖြစ်ပြီး ပုံမှန်စံချိန်၏ သုံးပုံတစ်ပုံခန့်အထိ လျော့ကျနေကြောင်း၊ ယင်းသို့လျော့ကျရခြင်း၏ အဓိကအချက်မှာ ဒီရေဝင်ဆားကွင်းများတွင် ဒီရေများနှင့် အတူပါလာသည့် ရေဘော့ (ပေါ့) ကောင်လေးများကြောင့်ဖြစ်ကြောင်း ဒီဒူးကုန်းအုပ်စု၊ သံချောင်းကျေးရွာမှ ဆားလုပ်ငန်းရှင်ဖြစ်သူ ဒေါ်အမာတင်က ပြောကြားသည်။

“ကွင်းစိမ်း (အသစ်) တွေလိုဖြစ်နေတာပါ။ လာမယ့်မိုးမှာ ရေချိုတစ်ရေလောက်စိမ်လိုက်ရင် ပျောက်သွားမှာပါ။ ဒီကောင်က ရေချိုမနေနိုင်ဘူးလေ” ဟု ၎င်းက ရှင်းပြသည်။

ယခုနှစ်ဆားရာသီအတွက် ဆားထွက်နည်းသည့်တိုင် ကွင်းများအကြောသေစေရန် မဖြစ်မနေလုပ်ကိုင်ရကြောင်း၊ ထောက်ပံ့မှုများ အမှန်တကယ်ရရှိထားသော်လည်း အသစ်မှ စတင်လုပ်ကိုင်ရခြင်း၊ လုပ်သားစရိတ် ယခင်နှစ်များထက် နှစ်ဆခန့်ဈေးနှုန်းကြီးမြင့်လာခြင်းတို့ကြောင့် ရင်းနှီးမြှုပ်နှံရသည့် ငွေကြေးပမာဏကြီးမားကြောင်း၊ ယခုကဲ့သို့ ဆားထွက်နည်းပါက ဈေးနှုန်းကိုသာအား ထားရောင်းဝယ်ရမည်ဖြစ်ကြောင်း ပြင်ခရိုင်ဒေသ၊ သဲချောင်းကျေး ရွာအုပ်စုမှာ ဆားလယ်ဧက ၁၀၀ ဝန်းကျင်လုပ်ကိုင်သူဦးကျော် အေး (၅၉ နှစ်) က ဆိုသည်။

“ဆားဈေးက မှန်းမရဘူး။ ရာသီဥတုပေါ်မူတည်နေတယ်။ မိုးတစ်ချက်၊ နှစ်ချက်စွက်ရင် ဈေးတက်လေ့ရှိတယ်။ အခုတော့ ရင်းဖို့ပိုက်ဆံမရှိလို့ ကျဈေးနဲ့ ရောင်းလိုက်တယ်” ဟု တောင်ညို ဒေသတွင် ဆားလုပ်ငန်းလုပ်ကိုင်သူ ဆားဖိုသူကြီးဦးဝင်းတင်က ဆိုသည်။



ဆားဈေးနှုန်းမှာ ပေါ်ဦးဈေး တစ်ပိဿာလျှင် ၂၅၆ ကျပ်အထိ မြင့်တက်သွားခဲ့ရာမှ ဆားလှိုင်လှိုင်ထွက်ချိန်တွင် ၇၀ ကျပ်ခန့်ကျဆင်းသွားပြီးနောက် ဧရာဝတီတိုင်းတွင် မိုးအနည်းငယ် ကွက်ကျားရွာခဲ့ရာ တစ်ပိဿာလျှင် ကျပ် ၁၆၀ ဝန်းကျင်ခန့်အထိ တဖြည်းဖြည်း ဈေးမြင့်တက်လာကြောင်း ဦးနေမျိုးလင်းက ဆိုသည်။

“ကိုယ့်လက်ထဲဆားကိုင်ထားနိုင်ရင် ဈေးကောင်းနိုင်ပေမယ့် အားလုံးက ရှိတာတွေ ပေါင်နှံရောင်းချရင်းထားရတော့ ဘယ်ကိုင်ထားနိုင်မလဲ” ဟု ၎င်းက ဆိုသည်။

လက်ရှိအခြေအနေတွင် ဆားဈေး

www.foreverspace.com.mm

နှုန်းများမှာ ဆားလုပ်ငန်းရှင်များအတွက်မှု လုပ်သာလုပ်ရသည့်သာရှိသည့်အနေအထားရှိကြောင်း၊ လက်ရှိဈေးနှုန်းမှသာ ပြန်လည်ကျဆင်းပါက စားဖိုသူကြီး၊ ဆားလုပ်ငန်းရှင်များအတွက် လုပ်အားခရရုံ အမြတ်အစွန်းသာရရှိနိုင်မည်ဖြစ်ကြောင်း ဆားလုပ်ငန်းရှင်များက သုံးသပ်ကြသည်။

## ကျန်းမာရေး

နာဂစ်မုန်တိုင်းကဲ့သို့ သဘာဝဘေးဆိုးကြီးကို ကျော်ဖြတ်ပြီးသည့်တိုင် ရောဂါကပ်ဆိုးများနှင့် ထပ်မံရင်ဆိုင်ကြုံတွေ့ရခြင်း မရှိသည်ကပင် ဧရာဝတီအတွက် ဆုလာဘ်တစ်ခုလိုပင်ဖြစ်နေသည်။

ဧရာဝတီသားတို့အတွက် အဓိကရင်ဆိုင်ခဲ့ရသည်မှာ စိတ်ဓာတ်ကျဆင်းမှုနှင့်ပတ်သက်သော စိတ်ပိုင်းဆိုင်ရာဝေဒနာများပင်ဖြစ်ကြောင်း နာဂစ်မုန်တိုင်းဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လုပ်ကိုင်နေသောအဖွဲ့အစည်းများထံမှ စုံစမ်းသိရှိရသည်။

“သာမန်စိတ်ဓာတ်ကျဆင်းတာကတော့ စိတ်ဓာတ်မြှင့်တင်ပေးဖို့ဆွေးနွေးတာ၊ စကားပြောပေးတာလောက်နဲ့ လုံလောက်ပေမယ့် တချို့ကတော့ စိတ်ရောဂါကိုစွဲကပ်သွားတာ” ဟု လပွတ္တာမြို့အခြေစိုက် မသန်စွမ်းမှုရင်းမြစ်ဌာနမှ တာဝန်ခံ ဦးဖြိုးဝေညီက ဆိုသည်။

စိတ်ဓာတ်ပိုင်းဆိုင်ရာ ဝေဒနာများမှာလည်း ယခုတစ်နှစ်တာမျှ လွန်မြောက်လာသည့်ကာလတွင် ၉၀ ရာခိုင်နှုန်းဝန်းကျင်ပျောက်ကင်းသက်သာနေပြီဟု ယူဆရကြောင်း ဒီဒူးကုန်းကျေးရွာတွင် ဖွင့်လှစ်ထားသည့် မြန်မာနိုင်ငံဆရာဝန်အသင်း ရွှေ့လျားဆေးခန်းမှ တာဝန်ခံဆရာဝန်တစ်ဦးက ပြောကြားသည်။

“နောက်ထပ်တွေ့ရတာ ဗီတာမင်ဘီဝမ်းချို့တဲ့တာ” ဟု ၎င်းကဆိုသည်။ ထို့ပြင် အခြားဒေသများတွင်လည်း အလားတူ ဗီတာမင်ချို့တဲ့မှုများ ကြုံတွေ့နေရကြောင်း၊ အဓိကအကြောင်းအရင်းမှာ မြစ်ဝကျွန်းပေါ်ဒေသခံများ၏ စားသောက်မှုပုံစံမမှန်ခြင်းကြောင့်ဖြစ်ကြောင်း သင်္ကန်းကြီးကျေးရွာအုပ်စု ကျန်းမာရေးဆေးပေးခန်းမှ ကျန်းမာရေးဝန်ထမ်းတစ်ဦးကဆိုသည်။

ဗီတာမင်ချို့တဲ့မှုမှာ ကုသရန်လွယ်ကူသော်လည်း ရေရှည်တွင် ကုသရန်မလိုသည့် ဖြည့်စွက်စာစားသုံးရေးနည်းလမ်းများကို ပညာပေးရန် လိုအပ်မည်ဖြစ်ကြောင်း ၎င်းက အကြံပြုပြောကြားသည်။

နာဂစ်မုန်တိုင်းနောက်ပိုင်းတွင် ကျန်းမာရေးဆိုင်ရာ ပြည်တွင်းပြည်ပအဖွဲ့အစည်းများဝင်ရောက်ခဲ့ပြီး ထိထိရောက်ရောက် ပညာပေးနိုင်ခဲ့၍ ရလာသည့်အကျိုးအမြတ်တစ်ခုမှာ ကျန်းမာရေးဆိုင်ရာ အခြေခံအသိပညာတိုးတက်လာခြင်းပင်ဖြစ်ကြောင်း၊ ကလေးရော၊ လူကြီးပါကျန်းမာရေးအသိပညာတိုးတက်လာခြင်းပင်ဖြစ်ကြောင်း လပွတ္တာမြို့နယ်အခြေစိုက် ကုလသမဂ္ဂကလေး



များရန်ပုံငွေအဖွဲ့ (UNICEF) မှ ကျန်းမာရေးဝန်ထမ်းတစ်ဦးကဆိုသည်။

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ အဓိကကျသောလိုအပ်ချက်တစ်ရပ်မှာ သန့်ရှင်းသော သောက်သုံးရေရရှိရေးပင်ဖြစ်သည်။

ရေတွင်း၊ ရေကန် ၉၀ ရာခိုင်နှုန်းခန့်မှာ ရေငန်ဝင်ရောက်ဖုံးလွှမ်းမှုကြောင့် သန့်ရှင်းသောသောက်သုံးရေရရှိရန်ခက်ခဲပြီး တစ်နှစ်အတွင်း ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုမှာလည်း ၁၀ ရာခိုင်နှုန်းခန့်သာရှိကြောင်း၊ ကျေးရွာအများစု၊ အဖွဲ့အစည်းများ ခွဲတမ်းရေကို မှီခိုနေရပြီး ငွေကြေးအတန်ငယ် သုံးစွဲနိုင်သူတို့ပင် စက်လှေဖြင့်တကူးတကသွားရောက်ဝယ်ယူနေရသည့် အခြေအနေရှိကြောင်း ပြည်တွင်းပြည်ပ NGO အဖွဲ့အစည်းများမှ ထုတ်ပြန်သော စာရင်းဇယားများနှင့် Living Color က ကောက်ယူထားသော စစ်တမ်းစာရင်းဇယားများအရ သိရသည်။

လတ်တလောတွင် ရေနှင့်ပတ်သက်သည့် ကျန်းမာရေးထိခိုက်မှုဆိုင်ရာ ပြဿနာတို့ကို မတွေ့မြင်ရသေးသော်လည်း ရေတွင်း ရေကန်များ ယခုနှစ် မိုးရာသီအမီပြန်လည် တူးဖော်နိုင်ခြင်းမရှိလျှင် လာမည့်နှစ်၌ပါ ထပ်မံ၍ ရေရှားပါးမှုကို ရင်ဆိုင်ရဦးမည်ဖြစ်ကြောင်း၊ ရေရှည်တွင် ကျန်းမာရေးထိခိုက်စေနိုင်သည့်အခြေအနေမျိုး ကြုံတွေ့ရနိုင်သဖြင့် အဓိကဦးစားပေး စဉ်းစားကြရန်လိုနေပြီဖြစ်ကြောင်း အဖွဲ့အစည်းအသီးသီးမှ ကျွမ်းကျင်သူများက

www.foreverspace.com.mm



သုံးသပ်လျက်ရှိသည်။

လေဘေးဒဏ်ခံစားခဲ့ရသည့် မြစ်ဝကျွန်းပေါ်ဒေသမှာ မူလက ကျန်းမာရေးအသိပညာနည်းပါးကြရုံမက ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းတွင်လည်း များစွာအားနည်းလှသည်။ ယင်းကြောင့် အဆိုပါဒေသများတွင် လေဖြတ်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်း၊ သွေးလွန်တုပ်ကွေး၊ ငှက်ဖျား စသည့် ရောဂါများမှသည် ကိုယ်ဝန်ပျက်ကျခြင်းအဆုံး ကျန်းမာရေးပြဿနာများစွာကြုံတွေ့ ရသည့်ဒေသများ ဖြစ်သည်။

မုန်တိုင်းကျရောက်ပြီးနောက်ပိုင်းတွင် ကပ်ရောဂါအသွင် ကူးစက်ရောဂါများ မကျရောက်စေရေး ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ပြည်တွင်း ပြည်ပအဖွဲ့အစည်းအသီးသီးဝင်ရောက်လာပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများလုပ်လာရာ ဒေသခံများ၏ကျန်းမာရေးအသိနှင့် ကျန်းမာရေးအခြေအနေမှာ မူလကထက်များစွာတိုးတက်လာသည်ဟု ဆိုရမည်ဖြစ်သည်။

ယခင်ကမြစ်ဝကျွန်းပေါ်ဒေသရှိ ကျေးရွာအများစုမှာ အိမ်သာမရှိ၊ ခြံတိုးအလေးစွန့်ပြီး တုတ်ဖြင့် သန့်ရှင်းရေးလုပ်၍ ကိစ္စပြီးကြသော်လည်း ယခုနောက်ပိုင်းတွင် ကျေးရွာအတော်များများ၌ ယင်လုံအိမ်သာများတည်ဆောက်အသုံးပြုရုံမက အလေးစွန့်ပြီးတိုင်း ရေ၊ ဆပ်ပြာတို့ဖြင့် သန့်ရှင်းရေးလုပ်ရမှန်း သိလာလုပ်လာကြသည်။

"အရင်က ဒီဘက်တွေမှာ အိမ်သာရယ်လို့ရှိတာမဟုတ်ဘူး။ အခု နှစ်အိမ်တစ်လုံး၊ သုံးအိမ်တစ်လုံးနှုန်းနဲ့ အဖွဲ့အစည်းတွေက လှူထားလို့ရှိလာပြီ။ အိမ်သာတွေကို သန့်သန့်ရှင်းရှင်းသုံးတတ်ဖို့၊ သန့်သန့်ရှင်းရှင်းထားဖို့ ရွာထဲမှာ သင်တန်းပေးထားတဲ့ ကျန်းမာရေးဝန်ထမ်းလေးတွေက ပုံမှန်လိုက်ကြည့်ပြီး စစ်ဆေးတယ်" ဟု တင်ပုလွှဲကျေးရွာအုပ်စုမှ ကျန်းမာရေးဝန်ထမ်းတစ်ဦးဖြစ်သည့် သူနာပြုဆရာမက ရှင်းပြသည်။

မြစ်ဝကျွန်းပေါ်ဒေသရှိ ကျေးရွာအများစု၏ သောက်၊ သုံးရေကန်များလည်း ယခင်ကကဲ့သို့ ကန်ထဲဆင်း ရေခပ်ခြင်း၊ တိရစ္ဆာန်များလွှတ်ကြောင်းခြင်းတို့ မလုပ်နိုင်ရန် ခြံစည်းရိုးခိုင်ခိုင်မာမာခတ်၍ ရေတုံကင်များတပ်ဆင်ပြီး ကန်အပြင်မှ စနစ်တကျ ရေရယူသုံးစွဲလာကြရာ လေဘေးသင့်ပြီးနောက်ပိုင်း တိုးတက်လာသောကျန်းမာရေးစောင့်ရှောက်မှုပြယုဂ်တစ်ခု ဖြစ်သည်။



UN အပါအဝင် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများကလည်း ကျေးရွာလူထုကျန်းမာရေးအသိ တိုးတက်လာစေရေး လက်ကမ်းစာစောင်များ၊ ပိုစတာများဖြန့်ဝေခြင်း၊ ကျေးရွာအတွင်းရှိ ကျန်းမာရေးဝန်ထမ်းများနှင့် စိတ်ဝင်စားသည့်လူငယ်များစုစည်း၍ ကျန်းမာရေးအသိပညာဖြန့်ဝေရေးသင်တန်းများပို့ချပေးရာ ကျေးရွာကျန်းမာရေးစောင့်ရှောက်မှုပေးသည့်အဖွဲ့အစည်းများ၏ အသိပညာအား၊ လူအင်အားပိုမိုကောင်းမွန်လာသည်မှာ တစ်နှစ်ပြည့်နာဂစ်၏ထူးခြားချက်များ ဖြစ်သည်။

"လေဘေးသင့်ဒေသတွေမှာ ကနဦးကျွန်တော်တို့စိုးရိမ်သလို ဝမ်းရောဂါတို့၊

www.foreverspace.com.mm





ငှက်ဖျားတို့ ကပ်ရောဂါအသွင်ဖြစ်ပွားလာတာမျိုး လုံးဝမရှိခဲ့ပါဘူး။ အခုလေဘေးသင့်ဒေသမှာ ထူးထူးခြားခြား ကျန်းမာရေးပြဿနာ ဘာမှမရှိပါဘူး။ ဒါကြောင့်လည်း ကျန်းမာရေးအဖွဲ့ အစည်းတချို့ ပြန်လည်ထွက်ခွာနေကြပါပြီ။ IMC, MHAA, KKB, MDM စတဲ့ ကျန်းမာရေးစောင့်ရှောက်တဲ့ အဖွဲ့အစည်းတွေဆို ပြန်လည်ထွက်ခွာသွားကြပါပြီ" ဟု လေဘေးသင့်ထောက်ပံ့ရေးအဖွဲ့အစည်းများကို ပူးပေါင်းဆောင်ရွက်မှုအတွက် ပံ့ပိုးပေးနေသည့် UNOCHA Myanmar မှ Field Coordination Associated ဦးကျော်သူလွင်က ပြောကြားသည်။

မြစ်ဝကျွန်းပေါ်ဒေသ၏ လူနေကျယ်ပြန့်မှုနှင့် ကျေးရွာတည်ရှိသည့်အနေအထားပုံစံမမှန်မှုကြောင့် ပြန်လည်ထူထောင်ရေးကာလတွင် အချို့ကျေးရွာများ ကျန်ရှိခဲ့သည်များရှိသကဲ့သို့ အချို့ဒေသများမှာ အလုံးစုံပျက်စီးသော်လည်း လူအသေအပျောက်နည်း၍ ပြန်လည်ထူထောင်ရေးတွင် အထောက်အပံ့အနည်းငယ်သာရသည့်ကျေးရွာများတွင် လူထုကျန်းမာရေး အခြေခံလိုအပ်ချက်များဖြစ်သည့် ယင်လုံအိမ်သာ၊ သန့်ရှင်းသောသောက်သုံးရေရရှိမှုတို့ လိုအပ်နေသေးသည်ကို တွေ့ရသည်။

"မြစ်တန်းဘက်မှာဆို အလုပ်သမားတန်းလျားတွေမှာ လူတွေစုပြုံပြီး နေကြတာ။ ပြီးတော့ သောက်သုံးရေတွေ မသန့်တော့ ဝမ်းသွားကြတယ်။ အခုတော့ ရေသန့်ဆေးတွေ၊ လိုအပ်တဲ့ဆေးတွေပေးပြီး ကျန်းမာရေးပညာပေးဟောပြောတာတွေ လုပ်နေ တယ်" ဟု ခမင်းဆိပ်ကျေးရွာမှ ကျေးလက်ကျန်းမာရေးဝန်ထမ်း တစ်ဦးက ရှင်းပြသည်။

လေဘေးသင့်ဒေသအများစုမှာ ငွေကြေးစုဆောင်းတတ်သည့်အလေ့အထအားနည်းသဖြင့် ငွေပိုငွေလျှံလေ့မရှိသည့်အတွက် အရေးပေါ်ကျန်းမာရေးကိစ္စများ ပေါ်ပေါက်လာပါက မြို့တက်၍ ဆေးရုံတွင် ဆေးကုသမှုခံယူရန် တိုက်တွန်း၍မရကြောင်း၊ ဆေးမြီးတိုးဖြင့်သာ ရောဂါသက်သာနိုး သက်သာနိုးဖြင့် ကုသကြရာမှ မလိုအပ်ဘဲ အသက်သေဆုံးကြရကြောင်း၊ ကိုယ်ဝန်ဆောင်သည့်အများစုမှာ အရပ်လက်သည်ဖြင့်ပင် ကလေးမွေးဖွားကြကြောင်း၊ ကျန်းမာရေးဝန်ထမ်းများက လိုအပ်၍ ဆေးရုံသွားရန် တိုက်တွန်းသော်လည်း ငွေကြေးမတတ်နိုင်၍ အရပ်လက်သည်ဖြင့်ပင် မွေးဖွားရာ မလိုအပ်ဘဲ ကလေးရော မိခင်ပါ အသက်ဆုံးရှုံးကြရကြောင်း ဖျာပုံခရိုင်အတွင်းရှိ ကျေးရွာအုပ်စုအတော်များများမှ ကျန်းမာရေးဝန်ထမ်းများက တညီတညွတ်တည်း ပြောကြားသည်။

ယင်းကြောင့် လေဘေးသင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှု မြင့်မားလာစေရေးမှာ ကျေးရွာလူထုအခြေခံသည့် ကျန်းမာရေးဖွံ့ဖြိုးမှုဆိုင်ရာ အဖွဲ့ငယ်များဖွဲ့စည်း၍ အဖွဲ့အစည်းများက မတည်ငွေထည့်ဝင်ပြီး ကျေးရွာလူထုက ပုံမှန်ရန်ပုံငွေထည့်ဝင်ကာ ကျန်းမာရေးရန်ပုံငွေတစ်ရပ်ထူထောင်ပြီး ကျန်းမာရေးအတွက် စုစည်းလုပ်ဆောင်နိုင်မှသာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ရေရှည်တိုးတက်လာနိုင်မည်ဖြစ်သည်။

## မှတ်တမ်းတင်ဂုဏ်ပြုအပ်သည့်အရာ

အချုပ်အားဖြင့်ဆိုရလျှင် သဘာဝဘေးဒဏ်သင့်ဒေသတို့မည်သည် ဘေးဒဏ်ကြုံရစဉ်နှင့် ဘေးဒဏ်သင့်ပြီးကာလတို့၌ ခါးသီးပြင်းထန်လှသော အန္တရာယ်များရင်ဆိုင်ရသည့်နည်းတူ စိန်ခေါ်မှုနှင့် အခွင့်အလမ်းများကလည်း အခြားမျက်နှာစာတွင် တစ်ပြိုင်နက်တည်းဆိုသလို ကြုံတွေ့ကြရပေသည်။ ဒုက္ခနှင့် အကျပ်အတည်းကြုံရချိန်တွင် လူသားတို့၏ စိတ်နှင့် ရုပ်ပိုင်းဆိုင်ရာ အလင်းအမှောင်များ မြင်တွေ့ရသည့်အပြင် နိုင်ငံတကာအသိုင်းအဝိုင်းနှင့်အဖွဲ့အစည်းများ၏ မုန်တိုင်းသင့်ပြည်သူများအပေါ် စာနာကူညီမှုများကိုလည်း မျက်ဝါးထင်ထင်တွေ့မြင်ရပေသည်။ မုန်တိုင်းသင့်ဒေသနှင့် ပြည်သူလူထုအပေါ် အလေးပေးဆောင်ရွက်မှု၊ ကယ်ဆယ်ပံ့ပိုးကူညီမှုများနှင့်ပတ်သက်၍ ဝေဖန်ထောက်ပြ၊ ချီးကျူးအသိအမှတ်ပြုမှုများ ဘက်စုံထောင့်စုံမှ ထွက်ပေါ်လာခြင်းသည်လည်း မုန်တိုင်းသင့်ဒေသများအတွက် များစွာအထောက်အကူဖြစ်ခဲ့သည်။ ယခုနှစ် မေလ ၂ ရက်နေ့ဆိုလျှင် နာဂစ်ဆိုင်ကလုန်း တစ်နှစ်တင်းတင်းပြည့်မြောက်ပြီဖြစ်သည်။ နာဂစ်လွန်ကာလအတွင်း မည်သို့သောအဆိုးအကောင်း၊ အပြုသဘော၊ အဖျက်သဘောများ ကြုံတွေ့ရင်ဆိုင်ခဲ့ရသည်ဖြစ်စေ မုန်တိုင်းသင့်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကာယ၊ ဉာဏနှင့် ငွေကြေးပစ္စည်း စိုက်ထုတ်ကူညီခဲ့ကြသူအားလုံးကို Living Color က လေးမြတ်စွာ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**ကျော်ကျော်မင်း ၊ ကျော်ဆန်းမင်း ၊ အောင်စိုး**

www.foreverspace.com.mm

## ဖျာပုံခရိုင်–ဖျာပုံမြို့နယ်အတွင်း လှေ/စက်/ငါးဖမ်းကိရိယာများ ငါးလုပ်ငန်းဦးစီးဌာနမှတစ်ဆင့် အမှန်ဖြန့်ဝေမှုစာရင်း

| စဉ် | လှေ+စက် | | ကျားပိုက် | | ငါးသလောက်ပိုက် | | ၃ ထပ် (ငါးပုတ်သင်) | | ဘဝန်း | | ၅ လက်မ ငါးမုတ်(စိမ်) | | ကွန်(ထိုင်း) | | ရင်ထွန်း/ဂေါ် | | ကွင်းတား ၄၀၀ မီတာ | | ကွင်းတား ၂၀၀ မီတာ | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | လူဦးရေ | အရေအတွက် | လူဦးရေ | အရေအတွက် | လူဦးရေ | အရေအတွက် | လူဦးရေ | အရေအတွက် | လူဦးရေ | အရေအတွက် | လူဦးရေ | အရေအတွက် | လူဦးရေ | အရေအတွက် | လူဦးရေ | အရေအတွက် | လူဦးရေ | အရေအတွက် | လူဦးရေ | အရေအတွက် |
| ၁ | ၃၇၂ | ၃၉၅ | ၃၉ | ၁၈၇ | ၃၄၆ | ၁၃၃၄ | ၆၃၉ | ၇၅၃ | ၂၇ | ၃၃ | ၁၃၄ | ၅၈၀ | ၁၁၁ | ၂၃၄ | ၂၇၅ | ၄၀၀ | ၆၃ | ၂၅၀ | ၄၈၇ | ၅၀၀ |

## ဖျာပုံခရိုင်အတွင်း ထောက်ပံ့မှုလုပ်ငန်းများဆောင်ရွက်နေသည့် အစိုးရမဟုတ်သောအဖွဲ့အစည်းများစာရင်း

| စဉ် | NGO/INGO အမည် |
|---|---|
| 1. | Action Aid Myanmar |
| 2. | AAR JAPAN Association for Aid and Relief, Japan (Myanmar Emergency Assistance Office) |
| 3. | ACF (Action Faim) |
| 4. | Asian Disaster Preparedness Center (ADPC) |
| 5. | Association of Southeast Asian Center (ASEAN) |
| 6. | AYO Relief and Development (Ar Yone Oo) |
| 7. | Bogalay Town Group/Bogalay Association |
| 8. | Catholic Bishop Conference of Myanmar (CBCM) |
| 9. | CDA (Community Development Association) |
| 10. | CARE MYANMAR |
| 11. | FREDA (Forest Resource and Environmental Development Association) |
| 12. | AFXB (Association Francois-Xavier Bagnoud) |
| 13. | GAA (German Agro Action)/ WHH (Welt Hunger Hilfe) |
| 14. | Group of Research Exchange Technology (GRET) |
| 15. | God Trio Partners (G.T.P) |
| 16. | IDE/M (International Development Enterprise Myanmar) |
| 17. | International Medical Crops (IMC) |
| 18. | Japan Emergency NGO (JEN) |
| 19. | Law Ka Alin (LA) |
| 20. | Local Resource Center |
| 21. | Lutheran World Federation (Geneva, Switzerland) |
| 22. | Myanmar Baptist Convention (MBC) |
| 23. | Myanmar Council Of Churches (MCC) |
| 24. | Myanmar Christian Fellowship of the Blind (MCFB) |

| စဉ် | NGO/INGO အမည် |
|---|---|
| 25. | MCP (Myanmar Conmpassion Project) (Mobile Medical) |
| 26. | Mingalar Myanmar |
| 27. | Marie Stopes International Myanmar (MSI) |
| 28. | MSF-CH Medician Sans Frontier |
| 29. | National Young Women Christian Association (NYWCA) |
| 30. | NCV (Noble Compassionate Volunteers Group) |
| 31. | PACT/MIFIDA (Microfinance) |
| 32. | PACT Myanmar (Food) |
| 33. | Peace Win Japan |
| 34. | SC/M Save The Children in Myanmr |
| 35. | Searchers-Myanmr |
| 36. | Social Vision Services (SVS) |
| 37. | Solidarite's |
| 38. | Studer Trust (Hong Kong) |
| 39. | TLMI (The Leprosy Mission International) |
| 40. | World Concem |
| 41. | World Vision |
| 42. | Yangon Karen Baptist Women Association (YKBWA) |
| 43. | Yadama Myitta |
| 44. | MRCS (Myanmar Red Cross Society) & IFRC (International Federation of the Red Cross) |
| 45. | Food and Agricultural Organization (FAO) |
| 46. | IOM (International Organization of Migration) |
| 47. | UNDP/ICDP |
| 48. | UNDSS (Radio Room) |
| 49. | MMA/UNFPA |
| 50. | UNHABITAT |
| 51. | UNHCR |
| 52. | UNICEF |
| 53. | UNOCHA |
| 54. | World Food Program (WFP) |
| 55. | World Health Organization (WHO) |

www.foreverspace.com.mm



## နာဂစ်လေဘေးကယ်ဆယ်ရေးအတွက် နိုင်ငံတကာအကူအညီအထောက်အပံ့များ

| စဉ် | နိုင်ငံ | ထောက်ပံ့ပေးသောပမာဏနှင့် အထောက်အပံ့ပစ္စည်းများနှင့် |
|---|---|---|
| ၁ | ဩစတြေးလျ | ကန်ဒေါ်လာ ၂၃.၅ မီလီယံ နှင့် အထောက်အပံ့ပစ္စည်း ၃၁ တန် |
| ၂ | ဘင်္ဂလားဒေ့ရှ် | အစားအသောက်နှင့်ဆေးဝါး တန် ၂၀ |
| ၃ | ဘယ်လဂျီယမ် | ကန်ဒေါ်လာ ၃၈၇၀၀၀ နှင့် ယူရို ၁၀၀၀၀ |
| ၄ | ဘရူနိုင်း | အထောက်အပံ့ပစ္စည်း |
| ၅ | ကမ္ဘောဒီးယား | ကန်ဒေါ်လာ ၅၀၀၀၀ |
| ၆ | ကနေဒါ | ကန်ဒေါ်လာ ၂ သန်းနှင့် ကယ်ဆယ်ရေးပစ္စည်းများနှင့် |
| ၇ | တရုတ် | ကန်ဒေါ်လာ ၁၀ သန်းနှင့် အကူအညီပေးရေးပစ္စည်းများ |
| ၈ | ချက်ရီပတ်ဘလစ် | ကန်ဒေါ်လာ ၁၅၄၀၀၀ |
| ၉ | ဒိန်းမတ် | ကန်ဒေါ်လာ ၂.၁ သန်း |
| ၁၀ | အီးယူ | ကန်ဒေါ်လာ ၃.၀ သန်း |
| ၁၁ | အက်စ်တိုးနီးယား | ကန်ဒေါ်လာ ၅၁၂၀၀ |
| ၁၂ | ဖင်လန် | ကန်ဒေါ်လာ ၄၆၄၀၀၀ |
| ၁၃ | ဂျာမနီ | ကန်ဒေါ်လာ ၃.၀ သန်း |
| ၁၄ | ဂရိ | ကန်ဒေါ်လာ ၂၀၀၀၀၀ ၊ ဆေးဝါးနှင့် ကယ်ဆယ်ရေးပစ္စည်းများ |
| ၁၅ | ဟန်ဂေရီ | ကန်ဒေါ်လာ ၃၀၀၀၀၀ ၊ ဆေးဝါးနှင့် ကယ်ဆယ်ရေးပစ္စည်းများ |
| ၁၆ | အိန္ဒိယ | ကယ်ဆယ်ရေးပစ္စည်းနှင့် ဆေးဝါး ၁၇၈ တန်ကျော်၊ ဆေးဝါးကုသမှုအဖွဲ့ ၅၀ |
| ၁၇ | အင်ဒိုနီးရှား | ကန်ဒေါ်လာ ၁ သန်းနှင့် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ |
| ၁၈ | အိုင်ယာလန် | ကန်ဒေါ်လာ ၁၅၅၀၀၀၀ |
| ၁၉ | အစ္စရေး | ကန်ဒေါ်လာ ၁၀၀၀၀၀၊ ဆေးဝါးနှင့် ကယ်ဆယ်ရေးပစ္စည်းများ |
| ၂၀ | အီတလီ | ကန်ဒေါ်လာ ၂၂၅၀၀၀၀ |
| ၂၁ | ဂျပန် | ကန်ဒေါ်လာ ၂၆၇၀၀၀၊ UNFPA မှတစ်ဆင့် ကန်ဒေါ်လာ ၁၀ သန်း၊ |
| ၂၂ | လာအို | ကန်ဒေါ်လာ ၂၀၀၀၀ နှင့် အစားအသောက်များ |
| ၂၃ | လစ်သူရေးနီးယား | ကန်ဒေါ်လာ ၉၀၀၀၀ |
| ၂၄ | မလေးရှား | ကန်ဒေါ်လာ ၄၁၀၀၀၀၀ |
| ၂၅ | မက်ဆီဒိုးနီးယား | ကန်ဒေါ်လာ ၅၀၀၀၀ |
| ၂၆ | နယ်သာလန် | ကန်ဒေါ်လာ ၁၅၅၀၀၀၀ |
| ၂၇ | နယူးဇီလန် | နယူးဇီလန်ဒေါ်လာ ၃.၅ သန်း |
| ၂၈ | နော်ဝေ | ကန်ဒေါ်လာ ၁.၉၆ သန်း |
| ၂၉ | ပါကစ္စတန် | အထောက်အပံ့ပေးရေးပစ္စည်းများနှင့် ဆေးဝါးများ |
| ၃၀ | ဖိလစ်ပိုင် | ကန်ဒေါ်လာ ၃ သိန်း၊ ဆေးဝါးကျွမ်းကျင်သူများနှင့် အကူအညီများ |
| ၃၁ | ရုရှား | ကယ်ဆယ်ရေးပစ္စည်း တန် ၈၀ |
| ၃၂ | ဆန်မရီနို | ယူရို၃၀၀၀၀ |
| ၃၃ | ဆားဘီးယား | ကယ်ဆယ်ရေးအတွက်လိုအပ်သည့်ပစ္စည်းများ |
| ၃၄ | စင်ကာပူ | ကန်ဒေါ်လာ ၂၀၀၀၀၀ |
| ၃၅ | စပိန် | ကန်ဒေါ်လာ ၇၇၅၀၀၀ |
| ၃၆ | သီရိလင်္ကာ | ကန်ဒေါ်လာ ၁၀၀၀၀ နှင့် ဆေးဝါးကျွမ်းကျင်သူများ |
| ၃၇ | ဆွီဒင် | ရေသန့်စင်မှုလုပ်ငန်းနှင့်ပတ်သက်သည့်အကူအညီများ |
| ၃၈ | ဆွစ်ဇာလန် | ကန်ဒေါ်လာ ၄၇၅၀၀၀ |
| ၃၉ | တရုတ်တိုင်ပေ | ကန်ဒေါ်လာ ၂၀၀၀၀၀ |
| ၄၀ | ထိုင်း | ကန်ဒေါ်လာ ၂၀၀၀၀၀ ၊ အစားအစာနှင့်ဆေးဝါးပစ္စည်းများ |
| ၄၁ | တူရကီ | ကန်ဒေါ်လာ ၁ သန်း ၊ ကန်ဒေါ်လာ ၆၀၀၀၀၀ (Turkish Red Crescen မှတစ်ဆင့်) |
| ၄၂ | ဗြိတိန် | ကန်ဒေါ်လာ ၇၃.၅ သန်း (၂၀၀၈ နိုဝင်ဘာအထိ) |
| ၄၃ | အမေရိကန် | ကန်ဒေါ်လာ ၄၇.၂၄၅ သန်း (၂၀၀၈ ခုနှစ် ဇူလိုင် ၁၀ ရက်အထိ) |
| ၄၄ | ဗီယက်နမ် | ကန်ဒေါ်လာ ၁၀၀၀၀၀ |

Source:www.en.wikipedia.org

www.foreverspace.com.mm



# “မြန်မာလူမျိုးတွေရဲ့ Social Capital က အံ့မခန်းပါ”

## နာဂစ်တစ်နှစ်ပြည့် စကားဝိုင်း

ကျော်နိုင်၊ ခွန်းသု

မြန်မာနိုင်ငံ၏သမိုင်းတစ်လျှောက်တွင် တစ်ကြိမ်တစ်ခါမျှမကြုံဖူးသော သဘာဝဘေးအန္တရာယ်ဆိုးကြီးဖြစ်သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း ဖြတ်ကျော်တိုက်ခတ်ခဲ့သည်မှာ ၂၀၀၉ ခုနှစ် မေလ ၂ ရက်နေ့တွင် တစ်နှစ်တင်းတင်းပြည့်ပြီဖြစ်ပါသည်။ အချိန်ကာလအားဖြင့် တစ်နှစ်ပင်ပြည့်သွားသော်ငြား ယင်းမုန်တိုင်းဒဏ်မှ အသက်ရှင်ကျန်ရစ်ခဲ့သူများ၊ မုန်တိုင်းဒဏ်ကို ကိုယ်တိုင်ရင်ဆိုင်ကြုံတွေ့ခဲ့ရသူများနှင့် မုန်တိုင်းသင့်ဒေသများသို့ကိုယ်တိုင်ကိုယ်ကျသွားရောက်ပံ့ပိုးကူညီပေးခဲ့ကြသူများအဖို့မူကား လွယ်လွယ်နှင့်မေ့ပျောက်၍မရနိုင်ပါ။ အဆိုပါ တစ်နှစ်တာကာလအတွင်း မုန်တိုင်းဒဏ်သင့်ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသော အဖွဲ့အစည်းအသီး သီးတို့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူတို့၏အခြေအနေများနှင့်စပ်လျဉ်း၍ ယင်းဒေသအတွင်း ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် စစ်တမ်းကောက်ယူမှုလုပ်ငန်းများကို စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်ခဲ့ကြသော မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဉက္ကဋ္ဌ ဦးတင်မောင်သန်း၊ **Network Activities Group CEO**ဦးဘော်ဘီ၊ **Marie Stopes International (MSI)**မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး ဒေါက်တာစစ်နိုင်၊ စာရေးဆရာမဂျူး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း စီမံချက်အရာရှိ ဦးဇော်ထူးဦး၊ ကုလသမဂ္ဂအကြံပေးပုဂ္ဂိုလ်နှင့် စီးပွားရေးစီမံခန့်ခွဲမှုပညာရှင်ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်တို့နှင့် တွေ့ဆုံပြီး သုံးသပ်ဆွေးနွေးခဲ့သည်များကို နာဂစ်တစ်နှစ်ပြည့်စကားဝိုင်းအဖြစ်ဖော်ပြလိုက်ပါသည်။

အယ်ဒီတာ

www.foreverspace.com.mm





ဦးတင်မောင်သန်း



| | |
|---|---|
| အမည် | – ဦးတင်မောင်သန်း |
| မွေးသက္ကရာဇ် | – ၁၉၅၇ ခုနှစ် |
| မိဘအမည် | – ဦးသန်းဖေ–ဒေါ်အေးမြင့် |
| ပညာအရည်အချင်း | – B.Sc (Zoo.), Diploma in Fisheries (Kasetsar Uni versity), M.Sc (A.I.T), Fellowship (University of Birminghan, UK) |
| အလုပ်အကိုင်နှင့်တာဝန် | – ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် |
| | – အကြံပေးပညာရှင်၊ မြန်မာနိုင်ငံ ငါးမွေးမြူရေး လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင် များအသင်း |
| | – ဥက္ကဋ္ဌ၊ Myanmar Egress |
| ဆက်သွယ်ရန်လိပ်စာ | – Myanmar Egress Capacity Building Center Thamada Business Suite ဒုတိယထပ်၊ သမ္မတဟိုတယ်၊ အမှတ်–၅၊ အလံပြဘုရား လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၈၃၆၇၊ ၀၉–၈၅၅၃၁၈၄။ |

E-mail– info@myanmaregress.org

**L.C ။ ။ လာမယ့် မေလ ၂ ရက်ဆို ကျွန်တော်တို့ဆီမှာ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီးတိုက်ခတ်ခဲ့တာ တစ်နှစ်တင်းတင်း ပြည့်ပြီပေါ့နော်။ အဲဒီ တစ်နှစ်တာကာလအတွင်း နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသတွေမှာ ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ အသီးသီးလုပ်ကိုင်နေကြတာတွေနဲ့ပတ်သက်ပြီး တစ်ဦးချင်းစီရဲ့ Evaluation ကို သိချင်ပါတယ်။ ဘာတွေ အောင်မြင်စွာလုပ်ကိုင်နိုင်ခဲ့တယ်လို့ ထင်ပါသလဲ။ ဘာတွေကိုတော့ မအောင်မြင်ဘူးလို့ထင်ပါသလဲဆိုတာပါ သိပါရစေ။ ဦးတင်မောင်သန်းကစပြီး ဆွေးနွေးပေးပါ။**

**ဦးတင်မောင်သန်း ။ ။** နာဂစ်က တစ်နှစ်တောင်ပြည့်သွားပြီပေါ့နော်။ ကျွန်တော်မြင်တာက ဘယ်တုန်းကမှ မကြုံဖူးခဲ့တဲ့ဟာဖြစ်ခဲ့တယ်။ ဖြစ်တဲ့အချိန်မှာ ထူးထူးခြားခြား ကျွန်တော်မြင်ခဲ့တာကတော့ ကျွန်တော်တို့ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ Social Capital ပေါ့။ လူမှုရေးလုပ်ငန်းပေါ့နော်။ သုံးခုလောက်ခွဲကြည့်လို့ရပါတယ်။ Social Capital for Politic နိုင်ငံရေးအပေါ်မှာ ဘယ်လောက်သက်ရောက်သလဲ။ Social Capital for Economic စီးပွားရေးလုပ်ငန်းတွေမှာ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ Social Capital ဘယ်လိုရှိသလဲ။ ကျွန်တော်တို့မြန်မာ့လူ့အဖွဲ့အစည်းက ဘယ်သူမှတိုက်တွန်းစရာမလိုဘဲ မြန်မာ Scholar များ၊ မြန်မာ့လူ့အဖွဲ့အစည်းကို အထူးပြုလေ့လာနေသူများပြောပြောနေတဲ့ မြန်မာပြည်မှာ Social Capital မရှိလို့ အပြောင်းအလဲတွေမဖြစ်ဘူးလို့ ပြောနေတာမဟုတ်ဘူးဆိုတဲ့အဖြေတစ်ခုကို နာဂစ်ဖြစ်လိုက်တဲ့အချိန်မှာ ပြလိုက်တာပဲ။ တကယ်တမ်းပြောရရင် ကမ္ဘာ့အလယ်မှာ မြန်မာလူမျိုးတွေ မျက်နှာအောက်ကျစရာမလိုဘူး။ ဝံ့ဝံ့ကြွားကြွား ပြောလို့ရအောင်ကို Social Capital ရှိခဲ့တယ်ဆိုတဲ့အဖြေထွက်လာတယ်။ အဲဒီဥစ္စာကို ကျွန်တော် High Light လုပ်ပါတယ်။ အဆင်ပြေနေတဲ့လူ့အဖွဲ့အစည်း၊ တိုးတက်ချမ်းသာနေတဲ့လူ့အဖွဲ့အစည်းကနေပြီးတော့ တစ်ယောက်တစ်လက် ဝိုင်းကူလိုက်မယ်ဆိုတာထက် အားလုံးအကျပ်အတည်းကြားကနေပြီး ငါတို့မှမလုပ်ရင် လုပ်မယ့်သူမရှိဘူးဆိုတဲ့ အခြေအနေမျိုးပေါ့။ ဖြစ်ပြီး လေးငါးရက်အကြာမှာ ဧရာဝတီတိုင်းကို လာပြီး တစ်ယောက်တစ်လက်ဝိုင်းကူကြတဲ့ဟာမျိုး။ စနစ်ကျတာမကျတာဓာတ်ထား။ မြန်မာလူမျိုးတွေရဲ့ Social Capital ကတော့ အံ့မခန်းပါ။

တစ်ဖက်ကလည်း ဘာလဲဆို Weakness ပေါ့နော်။ State ရဲ့ Weakness၊ Institution တွေရဲ့ Weakness တွေ ကျွန်တော်တို့မှာရှိခဲ့တယ်။ ရှိခဲ့လို့ မထိရောက်ဘူးလားဆိုရင် တချို့အတိုင်းအတာအထိ မထိရောက်တာတွေရှိခဲ့ပါတယ်။ ဒါပေမဲ့ တစ်ဖက်ကလည်း ဒီ Social Capital ကနေ လွှမ်းမိုးသွားတာမို့လို့ ဒီ Social

www.foreverspace.com.mm



**ဦးဘောဘီ**



| | | |
|---|---|---|
| အမည် | – | ဦးဘောဘီ |
| မွေးသက္ကရာဇ် | – | ၁၉၇၂ ခုနှစ် |
| မိဘအမည် | – | ဦးသံချောင်း–ဒေါ်ကြည်ကြည်မြ |
| ပညာအရည်အချင်း | – | B.Sc (Forestry), M,Sc (Regional & Rural Development Planning) (A.I.T), Fellowship (University of Wolverhampton, U.K) |
| အလုပ်အကိုင်နှင့်တာဝန် | – | C.E.O (Network, Activities Group), |
| | – | Lecturer (Project Cycle Management, Myanmar Egress) |
| ဆက်သွယ်ရန်လိပ်စာ | – | Myanmar Egress Capacity Building Center Thamada Business Suite ဒုတိယထပ်၊ သမ္မတဟိုတယ်၊ အမှတ်–၅၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၈၃၆၇၊ ၀၉–၈၅၅၃၁၈၄။ |
| E-mail | – | 72bobby@gmail.com |

Capital သာမရှိဘူးဆိုရင် ကျွန်တော်တို့ ဒီထက်အခြေအနေဆိုးမယ်လို့ပြောချင်ပါတယ်။ ဒီလောက် ကောင်းကောင်းရလိုက်တာ လူ့အဖွဲ့အစည်းအနေနဲ့ကြည့်ရင် ကောင်းတယ်လို့ပြောလို့ရတယ်။ တစ်ဖက်ကလည်း ကျွန်တော်တို့ သတိထားရမှာက ဘာလဲဆို ဒီတစ်နှစ် ကျွန်တော်တို့ချိတက်ခဲ့တယ်။ အားလုံးဝိုင်းပြီးလုပ်ကြတယ်။ ဒီလိုတာဝန်ရှိပါလား၊ ဒီလိုလုပ်ဖို့လိုပါလားဆိုတာ သိလာပြီးတော့ Institutions တွေရဲ့ Weakness တွေကို အတိုင်းအတာတစ်ခုအနေနဲ့ ဒီအဖွဲ့အစည်းအသီးသီးတွေကဝင်ပြီးဖြည့်ဆည်းပေးနေတယ်။ ခုနက ပြောသလိုပဲ အားနည်းချက်တွေကရှိနေဦးမှာပဲ။ ရှေ့အနာဂတ် ရှေ့ဆက်လုပ်ရမယ့်ခရီးမှာ ဒီဟာလေးကို ပျောက်မသွားအောင် ထိန်းသိမ်းနိုင်ဖို့ အဖွဲ့အစည်းအသီးသီးက လုပ်ဖို့လိုမယ်လို့မြင်တယ်။ State Sector ကလည်း အခုသိသွားပြီ။ ဘာပဲပြောပြော ပြင်ဆင်မှုတွေလုပ်ရမယ်။ တစ်ခါတည်းနဲ့မပြီးဘူး။ အနည်းဆုံးတော့ Realize (သဘောပေါက်) သွားတာတော့ရှိပါတယ်။ ဘယ်လောက်လုပ်နိုင်တယ်။ ဘယ်လောက်လုပ်မယ်ဆိုတာကတော့ တစ်ပိုင်းပေါ့လေ။ Weakness တွေကရှိနေဦးမှာပဲ။ ချက်ချင်းကြီးပြင်လို့မှမရသေးတာ။ တစ်ဖက်မှာ Social Capital တက်လာလို့ Civil Society Organization တွေက ငါတို့ ဒါလုပ်လို့ရပါလား။ ဒီဟာသည် ငါတို့တာဝန်ရှိပါလား။ အဲဒီတာဝန်ကိုယူပြီး ဘယ်လိုလုပ်မယ်ဆိုရင်လုပ်လို့ရတယ်ဆိုတဲ့ဟာကို ဆက်ပြီး ထိန်းနိုင်ဖို့ အားလုံးရဲ့ Social Will တော့ လိုမယ်ထင်တယ်။ ဒီဟာသည် အထောက်အပံ့အကူအညီလုပ်ငန်းအတွက်သာမဟုတ်ဘူး။ ဘယ်အလုပ်ဖြစ်ဖြစ်၊ ဘယ်ကိစ္စဖြစ်ဖြစ် ဒီလို Resources မပါရင် ဘယ်လိုမှမဖြစ်ဘူး။ အဲဒီဟာတွေလုပ်ရင်းနဲ့ ဒီ Social Capital ဆက်ပြီးတည်ဆောက်နိုင်ဖို့လိုပါတယ်။ ဒါ ကျွန်တော့် Over View အမြင်ပါ။

**ဦးဘောဘီ ။ ။** နာဂစ်ဖြစ်ပြီးနောက်ပိုင်းကို အပိုင်းနှစ်ပိုင်း ခွဲပြောရမယ်။ ပထမတစ်ပိုင်းက Relief အပိုင်းပေါ့။ နောက်တစ်ပိုင်းကတော့ Recovery အပိုင်းပေါ့။ အဲဒီထဲက Relief ကို နောက်ထပ်ဆက်ပြီး နှစ်ပိုင်းခွဲရမယ်လို့ကျွန်တော်မြင်ပါတယ်။ နာဂစ်ဖြစ်ပြီးခါစမှာ ပြင်ပအဖွဲ့အစည်းတွေက အကူအညီတွေက ချက်ချင်းရောက်သွားတာမဟုတ်ဘဲ လေ့လာချက်တွေအရဆိုရင် အမြန်ဆုံးက နှစ်ပတ်၊ နောက်ကျန်တာတွေကတော့ တစ်လကျော်မှ အကူအညီတွေရောက်ခဲ့တယ်။ ဒေသခံတွေက သူတို့ဘာသာ သူတို့ Community Relief လုပ်ရတဲ့အပိုင်းက ပထမတစ်ပိုင်းပေါ့နော်။ အဲဒီမှာ ခုန ဦးတင်မောင်သန်းပြောခဲ့တဲ့ Social Capital က အများကြီး လွှမ်းမိုးနေခဲ့တယ်။ အားလုံးလိုအပ်နေတဲ့အချိန်၊ ဒုက္ခရောက်နေတဲ့အချိန်မှာ ကိုယ့်မရှိတဲ့ကြားက ရှိတာလေးတွေမျှဝေပြီး သူတို့

ရင်ဟည်ဖို့အတွက်ကြိုးစားခဲ့ကြတယ်။ ကျေးရွာအလိုက်၊ ဒါမှ မဟုတ် ကျေးရွာအချင်းချင်းပေါင်းပြီးတော့ သူတို့ Capital လေးတွေနဲ့လိုက်ရှာပြီးတော့ ရပ်တည်ခဲ့ကြတယ်။

နောက်တစ်ပိုင်းကတော့ Assistantance ပေးတဲ့ Aid Provider အပိုင်းပေါ့။ ခုနကပြောသလို နှစ်ပတ်ကနေပြီး တစ်လ၊ တစ်လခွဲအတွင်းမှာမှ ရောက်သွားတယ်။ ရောက်တဲ့ပစ္စည်းတွေက အမျိုးအစားလည်းစုံတယ်။ အရေအတွက်လည်းစုံတယ်။ အဖွဲ့အစည်းလည်းစုံတယ်။ အဲဒီ Aid Provider အပိုင်းကို ပြောရလို့ရှိရင် ပထမ ဆုံးထည့်သွင်းစဉ်းစားရမှာက Individual(တစ်ဦးချင်းအလှူရှင်) တွေပေါ့။ ပုဂ္ဂလိကအလှူရှင်တွေပါတယ်။ Community Organization တွေပါတယ်။ Local NGO တွေပါတယ်။ UN Agencies တွေပါတယ်။ International NGO တွေပါတယ်။ အစိုးရအဖွဲ့ကပါတယ်။ အဲဒါတွေအားလုံးကို Aid Provider လို့ သတ်မှတ်ပါရစေ။

ကျွန်တော်တို့ လေ့လာချက်တွေအရဆို အဲဒီအမျိုးစုံလင်လှတဲ့ ပစ္စည်းတွေဟာ တော်တော်များများနေရာတွေကိုရောက်သွားတယ်။ တော်တော်ဝေးလံတယ်ဆိုတဲ့နေရာတွေအထိတောင်မှ ရောက်သွားတာကိုတွေ့ရတယ်။ နောက် အဲဒီ Relief အဆင့်ကလူတန်းစားခွဲခြားမှုမရှိဘူး။ သူတို့ရဲ့ဘဝ၊ အသက်မွေးဝမ်းကျောင်းအပေါ်မှာမူတည်တာမျိုးမဟုတ်ဘဲနဲ့ လူတိုင်းလူတိုင်း၊ လူတန်းစားအားလုံးရလိုက်တာပဲ။ မုန်တိုင်းပြီးလို့ နှစ်လလောက်ကြာတဲ့အချိန်မှာ သူတို့ရဲ့လိုအပ်ချက်တွေက ပြောင်းလဲလာတယ်။ ပထမပိုင်းမှာတော့ သူတို့ရှင်သန်ရပ်တည်ရေးအတွက် ရေ၊ စားစရာလိုတယ်။ အမိုးအကာလိုတယ်။ နောက်ပိုင်းမှာ သူတို့ရဲ့အဓိကလုပ်ငန်းဖြစ်တဲ့ ငါးဖမ်းရမယ်။ လယ်လုပ်ရမယ်။ အဲဒီအချိန်မှာ Aid Provider တွေပေးဝေတဲ့အပိုင်းက စိုက်ပျိုးရေးလုပ်ငန်းတွေကို အဓိကထားပံ့ပိုးပေးလိုက်နိုင်ကြတယ်။ ဒါပေမဲ့ ရေလုပ်ငန်းပိုင်းကိုပံ့ပိုးတာက စိုက်ပျိုးရေးနဲ့နှိုင်းရင် ပိုပြီးတော့ အားနည်းခဲ့တယ်လို့ ကျွန်တော်မြင်တယ်။ မျိုးစေ့တွေကို အလုံအလောက် တခြားနေရာတွေက မရှာနိုင်သလို ဒေသနဲ့ကိုက်ညီမယ့် ဒေသတွင်းက မျိုးတွေကျတော့လည်း နာဂစ်တုန်းက မိုးစိုပြီးသားတွေဖြစ်နေတယ်။ တချို့ အကြိမ်ကြိမ်ထပ်စိုက်ရတယ်။ အဲဒီလိုနဲ့ တော်တော်ကလေး ရုန်းကန်ခဲ့ရတယ်။ ထွန်စက်တွေကျတော့လည်း ဒေသရဲ့မြေအခြေအနေနဲ့မကိုက်ဘူး။ ပတ္တာကြိုးတွေမပါသွားဘူး။ ထွန်စက်က ရောက်သွားပြီ။ တချို့က ထွန်တတ်တဲ့သူမရှိဘူး။ ကျွဲ၊ နွားတွေကျတော့လည်း တောင်ပေါ်နဲ့ တခြားဒေသက ကျွဲ၊ နွားတွေကိုယူလာကြတယ်။ တချို့ကလမ်းမှာ ပျက်စီးကုန်တယ်။ တချို့ကလည်း ဒေသနဲ့ကိုက်ညီအောင် ပြန်ပြီး လေ့ကျင့်ပေးရတာတွေရှိတယ်။ တချို့ဟာတွေက အမှားအယွင်း အချွတ်အချော်တွေရှိတယ်။ ဒါပေမဲ့ Over All အနေနဲ့က ပေးလိုက်တဲ့အကူအညီတွေက ပြည်သူတွေရဲ့ဘဝပြန်လည်အစပြုဖို့ လမ်းစတွေဖြစ်သွားခဲ့တယ်။ ဒါကတော့ လုံးဝငြင်းလို့မရဘူး။

ငါးဖမ်းလုပ်ငန်းပိုင်းကို ပံ့ပိုးပေးတာက အရေအတွက်လည်း



www.foreverspace.com.mm



ဒေါက်တာစစ်နိုင်



| | |
|---|---|
| အမည် | – ဒေါက်တာစစ်နိုင် |
| မွေးသက္ကရာဇ် | – ၁၉၆၂ ခုနှစ် |
| မိဘအမည် | – ဦးတင်မြင့်–ဒေါ်ခင်လှ |
| ပညာအရည်အချင်း | – M.B.,B.S, M.P.H |
| အလုပ်အကိုင်နှင့်တာဝန် | – Country Director, Marie Stopes International (MSI) Myanmar |
| ဆက်သွယ်ရန်လိပ်စာ | – အမှတ်–၅၂၄/၁၀၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၄၄၂၃၊ ၇၀၅၆၅၇၊ |
| E-mail | – sidnaing@mariestopes.org.mm |

နည်းတယ်။ ရတဲ့သူလည်းနည်းတယ်။ နောက် ဒီ Aid Provider တွေမှာက ငါးဖမ်းလုပ်ငန်းနဲ့ပတ်သက်တဲ့ ဗဟုသုတတွေသိပ်မရှိဘူး။ အဲဒါကြောင့် ပေးလိုက်တဲ့ပစ္စည်းတော်တော်များများက တကယ်သူတို့လိုချင်တာနဲ့ တိုက်ရိုက်ကိုက်ညီဖို့က ခက်ခဲသွားတယ်။

နောက်တစ်ပိုင်းက ဒီ Livelihood System တွေထဲမှာ အရေးအကြီးဆုံးက မြေယာမဲ့တွေ။ Delta မှာ ၆၀ ကနေ ၈၀ ရာခိုင်နှုန်းလောက်အထိက အဲဒီ မြေယာမဲ့ (Landless) တွေ။ ခုနက ကျွန်တော်ပြောခဲ့တဲ့ Recovery အပိုင်းမှာ Landless တွေရဲ့ Livelihood အစပြုဖို့အတွက် ပေးတဲ့ပစ္စည်းက မပါသလောက်ကို နည်းတယ်။ အဲဒါ ကျွန်တော့် Over View လေးပါ။

**ဒေါက်တာစစ်နိုင်** ။ ။ ကျွန်တော်တို့အတွေ့အကြုံအရပြောရရင် ဒီသဘာဝဘေးအန္တရာယ်ကျရောက်ပြီး တစ်နှစ်လောက်ရှိလာတဲ့အခါမှာ အားလုံးသိကြတဲ့အတိုင်း လုပ်ငန်းတွေ မျိုးစုံလုပ်ခဲ့ကြတာ။ အောင်မြင်မှုတွေလည်းရှိသလို ခုနက ဆရာတို့ပြောခဲ့သလိုပဲ လိုအပ်ချက်တွေ တော်တော်ကြီးကိုရှိနေသေးတယ်ဆိုတာ တွေ့ခဲ့ရတယ်။ တချို့နေရာတွေမှာ ဒီသဘာဝဘေးအန္တရာယ်မဖြစ်ခင်ကတည်းက တော်တော်ကလေးအားနည်းချို့တဲ့နေတာတွေရှိတော့ ဒီသဘာဝဘေးအန္တရာယ်ကြောင့် တော်တော်ကလေး အခြေအနေပျက်ယွင်းသွားတယ်။ ပုံမှန်အနေအထားရှိတဲ့သူတွေတောင် တော်တော်ကလေးကြိုးစားခဲ့ရတာ။ အဘက်ဘက်က ဝိုင်းပြီးလုပ်ပေးကြတော့ အချိန်မီရတဲ့သူလည်းရ၊ မရတဲ့သူလည်းရှိတာပေါ့။ ဘာလိုလိုနဲ့ တစ်နှစ်တောင်ရှိလာပြီ။ ခံနိုင်တယ်။ မခံနိုင်ဘူးဘယ်လိုပြောပြော ခံနိုင်ရည်ရှိလို့ပဲ တစ်နှစ်ရှိလာပြီ။ လိုအပ်ချက်တွေရှိနေတုန်းပဲ။ တော်တော်လေးများတယ်။ လိုအပ်ချက်တွေ အများကြီးကျန်နေသေးတဲ့အချိန်မှာမှ တစ်ဖက်ကပံ့ပိုးမှုက နည်းနည်းလေးကျလာသလိုဖြစ်လာတယ်။ ပံ့ပိုးမှုပေးတဲ့သူတွေဘက်က ဆက်မလိုက်နိုင်တော့သလို တစ်ဖက်က ကမ္ဘာ့စီးပွားရေးကျဆင်းမှုနဲ့လည်း ပတ်သက်လာတာတွေရှိတာပေါ့။ နောက်အချိန်ကြာလာတဲ့အတွက်လည်း အလှူရှင်တွေရော၊ လုပ်ပေးမယ့်သူတွေရော စိတ်ဝင်စားမှုနည်းနည်းကျလာတဲ့အပိုင်းလည်း ရှိတယ်။

လိုအပ်ချက်တွေရှိနေသေးတယ်။ ဝိုင်းဝန်းပံ့ပိုးတဲ့အပိုင်းတွေက နည်းနည်းအားနည်းလာတဲ့တစ်ချိန်ထဲမှာပဲ ဘာသွားတွေ့ရသလဲဆို လိုအပ်တဲ့ပုံစံတွေက နည်းနည်းလေးပြောင်းလာတယ်။ ဖြစ်ခါစကတော့ Relief လို့ ပြောလို့ရမယ့်ကယ်ဆယ်ရေးပုံစံမျိုး။ ဘာလုပ်ပေးဖို့လိုတယ်။ မြန်မြန်ဒါရမှဖြစ်မယ်ဆိုတဲ့အခြေအနေ။ ကျန်းမာရေးကိုပြောရင် လောလောဆယ်လိုအပ်တဲ့ဆေးဝါးတွေ၊ ဆေးကုသမှုတွေပေးခဲ့တယ်။ ဒါတွေလုပ်ပေးလို့၊ တခြားဝိုင်းဝန်းလုပ်ကိုင်ကြလို့ ကပ်ရောဂါကြီးတွေဖြစ်ခဲ့တာမရှိဘူး။ ဆိုးဆိုးဝါးဝါး ကူးစက်ရောဂါတွေဖြစ်ခဲ့တာ မရှိဘူး။ ရေချိုရရှိရေးနဲ့ သန့်ရှင်းတဲ့ အစားအသောက်ကအစ အခက်အခဲရှိခဲ့ပေမယ့် ကပ်ရောဂါဆိုးဆိုးရွားရွားကြီး မဖြစ်ခဲ့ဘူး။

အစပိုင်းမှာကတည်းက ကျန်းမာရေးစောင့်ရှောက်မှုကို တချို့နေရာတွေမှာ လိုအပ်သလောက် စိတ်တိုင်းကျမရခဲ့တာတွေရှိတယ်။ ကျွန်တော်တို့ ဆေးကုသမှုတွေဝင်လိုက်တဲ့အချိန်မှာ သိပ်ယုံလေ့ယူထမရှိတဲ့သူတွေတောင် လာယူကြလို့ ဆေးအဖွဲ့တွေ တော်တော် ပင်ပန်းခဲ့ရတယ်။ တကယ့်ကို လိုအပ်ချက်ရှိနေပြီးတော့ ကုသမှု ခံယူရမယ်ဆိုတာမသိဘဲ ကုသမှုမရခဲ့ဘဲနေရခဲ့ရတဲ့သူတွေရှိသလို၊ တစ်ခါမှ ကုသမှုကိုမယူဖူးလို့လာကြည့်ရင်း ယူသွားတဲ့သူတွေလည်း ရှိကြတယ်။

www.foreverspace.com.mm





| | | |
|---|---|---|
| အမည် | – | ဒေါက်တာတင်တင်ဝင်း (စာရေးဆရာမဂျူး) |
| မွေးသက္ကရာဇ် | – | ၁၉၅၈ ခုနှစ် |
| မိဘအမည် | – | ဦးသောင်း– ဒေါ်ငြိမ်း |
| ပညာအရည်အချင်း | – | M.B.,B.S |
| အလုပ်အကိုင်နှင့်တာဝန် | – | စာရေးဆရာ၊ ထုတ်ဝေသူ |
| ဆက်သွယ်ရန်လိပ်စာ | – | ဂျူးစာပေ၊ အမှတ်–၈၅၊ အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၄၆၅၆။ |
| Email | - | wintintin@gmail.con |

**ဂျူး**

အရင်တုန်းကလည်း ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းတွေ ရှိခဲ့ပါတယ်။ ဒါပေမဲ့ သဘာဝဘေးအန္တရာယ်နောက်ပိုင်းဝင်လာတဲ့ လုပ်ငန်းတွေကြောင့် လူထုအနေနဲ့ ကျန်းမာရေးအသိပညာ ကျယ်ကျယ်ပြန့်ပြန့်သိရှိလာကြတယ်။ ဒါဟာလည်း ရှိသင့်ရှိထိုက်တဲ့ အနေအထားတော့ မရောက်သေးပါဘူး။ တစ်နှစ်အကြာမှာ ကျွန်တော်တို့မြင်တာလိုအပ်ချက်ပုံစံတွေပြောင်းလာတယ်။ နည်းသွားတာရယ်လို့မဟုတ်ဘူး။ ပံ့ပိုးမယ့်အဖွဲ့အစည်းတွေ၊ လုပ်ပေးမယ့် အင်အားတွေလိုပါသေးတယ်။ နည်းနည်းများ ညောင်းကုန်၊ ပျော့ကုန်ပြီလားလို့ ကျွန်တော်စိုးရိမ်မိတယ်။ လုပ်ပေးတဲ့၊ ပံ့ပိုးပေးတဲ့သူတွေဘက်က ဒါရိုးသွားပြီ၊ သိပ်စိတ်ဝင်စားစရာမဟုတ်တော့ဘူးလို့ မြင်သွားမှာစိုးရိမ်တယ်။ နောက်နောင်မှာ ဒီလိုအန္တရာယ်မျိုးထပ်ကျရောက်ခဲ့ရင် ပိုပြီးတော့ကြံ့ကြံ့ခိုင်ခိုင်ဖို့ အနေအထားရောက်ဖို့ တော်တော်ကြီးကိုလုပ်ရဦးမယ်ခင်ဗျ။

**ဂျူး** ။ ။ ကျွန်မက စာရေးဆရာတစ်ယောက်ရဲ့ အမြင်နဲ့ပဲ ပြောချင်ပါတယ်။ စာရေးဆရာတစ်ယောက်ရဲ့အမြင်က နလုံးသားပါပါတယ်။ သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်လို့ နောက်ထပ်ဖြစ်လာရင် ဘယ်လိုကာကွယ်မလဲပေါ့။ နောက် Nutrition (အာဟာရပြည့်ဝမှု) အနေနဲ့က ကျွန်မရောက်ခဲ့တဲ့ပေပုတောဘက်နဲ့ ဖျာပုံ၊ ဘိုကလေးဘက်မှာ တကယ့်ကို Nutrition လိုအပ်နေပါတယ်။ Nutrition က အခုမှတင် လိုအပ်နေတာမဟုတ်ပါဘူး။ အရင်တုန်းကတည်းက လိုနေတာပါ။ အခုကျတော့ အရင်က မရောက်ဖူးတဲ့သူတွေရောက်သွားတော့ အရင်က မမြင်ဖူးခဲ့တဲ့ Image ကို ကျွန်မတို့မြင်သွားကြတာပေါ့။ နောက်တစ်ခုက Water Issue (ရေပြဿနာ)။ မိုးရေရနေတဲ့ခွန်၊ ဇူလိုင်၊ ဩဂုတ်လတုန်းကတော့ ပြဿနာ မရှိခဲ့ဘူး။ ဖေဖော်ဝါရီလလောက်ကတည်းကစခဲ့တာ။ မတ်လအကုန် ဧပြီလောက်မှာပိုဆိုးတယ်။ မေလလောက်အထိကို ကောင်းကောင်းရှာဦးမှာမဟုတ်ဘူး။ ဇွန်လောက်ကျမှရှာမှာ။ ဒီကြားထဲမှာ ရေမရှိတဲ့သူတွေ . . . ။ ကျွန်မက ရေရှားတဲ့ဒေသကလာတဲ့သူဆိုတော့ ကိုယ်ချင်းစာတယ်။ ကျွန်မတို့ရေနံချောင်းပတ်ဝန်းကျင်မှာလည်း ဒီလိုပါပဲ။ ရေရှားပါတယ်။ အဲဒီ ရေပြဿနာတွေ၊ အာဟာရချို့တဲ့မှု ပြဿနာတွေနဲ့ ဒီရေတောပြဿနာတွေကို စာရေးဆရာတစ်ယောက်အနေနဲ့ မြင်တွေ့ခဲ့ရပါတယ်။ ဆရာဦးတင်မောင်သန်းပြောသလို Social Capital အနေနဲ့ အားရစရာကောင်းပါတယ်။ ဆရာ ဦးဘော်ဘီထောက်ပြတဲ့ Relief အပိုင်းနဲ့ Recovery အပိုင်းကလည်း စိတ်ဝင်စားစရာကောင်းပါတယ်။ ကျွန်မကိုယ်တိုင်လည်း နည်းနည်းပါးပါးပါဝင်ခဲ့တော့ ရှေ့ဆက်လုပ်ရမှာတွေ အများကြီးဆိုတာ တွေ့ခဲ့ရပါတယ်။

ဒီကြားထဲက သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို Over All ကြည့်မယ်ဆိုရင် Coastal Forest လို့ခေါ်တဲ့ ဒီရေတောတွေ ဘယ်လောက်ပျက်စီးသွားသလဲဆို ဟက်တာသောင်းနဲ့ချီပြီးရှိပါတယ်။ အဲဒီသစ်တောတွေထဲမှာ သဘာဝအတိုင်းကျန်နေတဲ့တောက အင်မတန်နည်းပြီး ပြန်စိုက်တဲ့တောတွေက များနေတာပါ။ ပြန်စိုက်ထားတဲ့ ဒီတောတွေကလည်း နာဂစ်ကြောင့်ပါသွားပြီဆိုတော့ အဲဒါတွေကို ပြန်ပြီးစိုက်ဖို့လိုနေပါတယ်။ ဒေသခံရွာသားတွေနဲ့ ကျွန်မထဲထဲဝင်ဝင်ပြောဆိုဆွေးနွေးကြည့်တော့ ဒီဟာတွေကို လုပ်ချင်ပေမယ့် သူတို့အနေနဲ့ အဓိကလိုအပ်တာ Livelihood ပါ။ ငါးဖမ်းတဲ့သူတွေအတွက် ငါးဖမ်းတဲ့လှေရောပိုက်ပါ ပျက်စီးသွားလို့ သူတို့ကိုထောက်ပံ့ပေးမယ့်သူမရှိဘူးပေါ့နော်။ သူတို့ ဒီအပင်စိုက်ဖို့ ခေါင်းထဲမှာရှိပေမယ့် မလုပ်နိုင်သေးဘူး။ အဲဒါကို ကျွန်မတို့က ဝိုင်းပြီးထောက်ပံ့ပေးဖို့လိုပါတယ်။ အဲဒါတစ်ပိုင်း။ နောက်တစ်ပိုင်းက နာဂစ်ကြောင့်ပျက်စီးသွားတဲ့ကျောင်းက ၄,၀၀၀ ကျော်

www.foreverspace.com.mm



ပေါက်ရှိတယ်။ ပြန်ဆောက်နေတာ ၁,၀၀၀ ကျော်ရှိတယ်။ ကျွန်မတို့ကလည်း နိုင်သလောက်ပြန်ပြင်ပေးနေတယ်။ နာဂစ်ကြောင့် သူတို့ အသက်ရှင်ကျန်ခဲ့ပေမယ့်လည်း ကျောင်းတက်နိုင်တယ်။ ဘာကြောင့်လဲဆိုတော့ ကျောင်းလခပေးစရာမလိုဘူး။ ဒီတစ်နှစ်အတွက် အလကားတက်ရတယ်ပေါ့။ နောက်နှစ်ကျလို့ရှိရင် ကျောင်းလခ အလကားရချင်မှရတော့မှာပေါ့။ အဲဒီအခါကျရင် ကျောင်းလခပေးဖို့အတွက် သူတို့မှာ အခက်အခဲရှိတယ်ပေါ့။ ကလေးတွေရဲ့နှုတ်ဖျားကစကားတွေကို ကျွန်မကြားလိုက်ရတဲ့အခါ ကျွန်မရင်ထဲမှာ သိပ်မသက်သာဘူး။ သူတို့အတွက်ကော ဘာလုပ်ပေးနိုင်မလဲ။ သားသမီးတွေ ကျောင်းတက်ဖို့အတွက် မိဘတွေ ခေါင်းထဲမထည့်နိုင်ဘူး။ သူတို့ရဲ့စားဝတ်နေရေးက နံပါတ် (၁) ပဲ။ အနာဂတ်အတွက် ဒီကလေးတွေ စာသင်မှဖြစ်မယ်ဆိုတာမျိုး။

နောက် ကျွန်မတို့က စာကြည့်တိုက်နဲ့စာအုပ်တွေလှူတယ်။ သူတို့အတွက် အရေးကြီးတာက စာကြည့်တိုက်လှူမယ့်အစား ငါးဖမ်းပိုက်လှူတာကမှ သူတို့အတွက် အဆင်ပြေတယ်ပေါ့။ ဖွင့်တော့ မပြောဘူး။ သူတို့မှာ အဲဒီလိုအခြေအနေတွေရှိတယ်။ ကျွန်မတို့ ဘာလုပ်ပေးနိုင်မှာလဲ။ ရေ Issue ရယ်၊ Nutrition Issue ရယ်၊ နောက်တစ်ခုက ဒီရေတောရယ်။ ဒါ့အပြင် Psyco Issue ကလည်း ပါတယ်။ သူတို့မှာ Trauma ရနေတာတစ်နှစ်ပြည့်ပြီ။ အခုထိ Recover ပြန်မရသေးဘူး။ ကျွန်မကဟာဟုတ်တာပေါ့။ ထိခိုက်တာတွေ ဆုံးရှုံးတာတွေက အများကြီးပဲ။ တစ်ချိန်ချိန်မှာ ဒါတွေ ပြေပျောက်သွားမှာပါလို့ အားပေးစကားပြောမိတော့ အဲဒီအမျိုးသမီးက ဘာပြန်ပြောသလဲဆို ဆရာမရယ်တဲ့။ ဘယ်တော့မှ ကျွန်မတို့ မေ့ပျောက်နိုင်မှာမဟုတ်ဘူးတဲ့။ တောင်သူလယ်သမား အမျိုးသမီးတစ်ယောက်က ကျွန်မကို ပြန်ပြောလိုက်တဲ့စကားပါ။ ကျွန်မရင်ထဲမှာ တော်တော်ကလေးခံစားရတယ်။ သူတို့ကိုယ်တိုင်မှာ ပိုပြီး ခံစားနေရမှာပေါ့။ ညညဆို ခြောက်လှန့်နေတာတွေ။ အဲဒါတွေကကော ဘယ်အချိန်ကျမှ သက်သာသွားမှာလဲ။ နောက် သူတို့ကြောက်နေတာ နောက်တစ်ခေါက်မုန်တိုင်းကို။ အဲဒီအတွက်ကော မုန်တိုင်း Shelter တွေဆောက်ပြီးပြီလား။ ဒီရေတောပင်တွေက ချက်ချင်းပြန်စိုက်လို့မရဘူး။ ကံကောင်းချင်တော့ ဒီရေတောတွေကလည်း ပြိုသွားတဲ့အပင်တွေရှိသလို မလဲဘဲနဲ့ ကျန်ခဲ့တဲ့ငုတ်တိုတွေက ပြန်ထွက်နေကြပြီ။ အဲဒီလို ပြန်ထွက်လာလို့ တော်ပါသေးရဲ့လို့ သူတို့ကိုယ်၌ကပြောပြတာ။ သူတို့ကိုယ်တိုင်သိနေတာ။ အဲဒါတွေကို ပူးပေါင်းဆောင်ရွက်ဖို့ ဆရာစစ်နိုင်ပြောသလို နည်းနည်းများပင်ပန်းနေကြပြီလားလို့ ကျွန်မလည်း သံသယဖြစ်မိတယ်။ တစ်နှစ်လည်းကြာလာပြီ။ Donor တွေရော၊ ကျွန်မတို့လို Individual သွားပံ့ပိုးတဲ့သူတွေရော၊ Volunteer လူငယ်တွေရော ပင်ပန်းသွားကြပြီလား။ ဒါမှမဟုတ် အားကုန်သွားကြပြီလား။ အဲဒီကုန်သွားတဲ့အားတွေကို ဘယ်လို အားသစ်ပြန်လောင်းပေးမလဲ။ အခု မေနဲ့အောက်တိုဘာအထိပေါ့။ နောက်ထပ် လာမယ့်ဟာကိုလည်း ပြင်ဆင်ဖို့အများကြီးလိုနေသေးတယ်။ အဲဒါလေးတွေပါထည့်ပြီးစဉ်းစားပေးစေချင်ပါတယ်။

**ဦးဇော်ထူးဦး ။** ။ ကျွန်တော်ကတော့ Volunteer အဖွဲ့အစည်း Red Cross (ကြက်ခြေနီ) ကဆိုတော့ နာဂစ်နဲ့ပတ်သက်လို့ ပထမဆုံး Response (တုံ့ပြန်မှု) ကိုသွားမြင်မိတာက ဒီ INGO တွေ၊ NGO တွေပါသလို ကျွန်တော်တို့ Volunteer တွေ၊ Civil Society တွေ ပါပါလာတာကို ထူးထူးခြားခြား သွားတွေ့ရတယ်။ အရင်တုန်းက Disaster တွေမှာ အခုလိုမျိုး လူမှုရေးအဖွဲ့အစည်းတွေ၊ ကုမ္ပဏီတွေကအစ အင်တိုက်အားတိုက်ပါလာတာ မတွေ့ခဲ့ရဘူး။ ဒီမှာကျတော့ ဖြစ်တာနဲ့ချက်ချင်းကူညီဖို့အတွက် ကျွန်တော်တို့လို မြန်မာနိုင်ငံမှာ တရားဝင် Response လုပ်နေတဲ့ အဖွဲ့အစည်းတွေအပြင် တခြား NGO တွေ လူမှုရေးအဖွဲ့အစည်းတွေအားလုံးဝင်ပြီးပါလာကြတယ်။ ဆရာဦးတင်မောင်သန်းပြောသလို Social Capital ပေါ့နော်။ ကိုယ့်ရဲ့ပင်ကိုယ်အလုပ်မဟုတ်ပေမယ့် ဘေးဒုက္ခဖြစ်တာကို ကူညီရမယ်ဆိုတဲ့ အသိစိတ်ဓာတ်နဲ့ ပါလာကြတာဟာ အားသာချက်တစ်ခုဖြစ်တယ်။ ဒါပေမဲ့ အားနည်းချက်အနေနဲ့ ပြန်ကြည့်တဲ့အခါကျတော့ Response လုပ်တဲ့အချိန်မှာ သူတို့မှာ Skill တွေရှိဖို့လိုနေတာ တွေ့ရတယ်။ Skill ဆိုတာ သွားကူညီချင်တာပဲသိတယ်။ ရေလမ်းကသွားမယ်ဆို ဘယ်လိုသွားမယ်၊ ဘယ်လိုကူညီရမယ်၊ ဘယ်လိုအသက်ကယ်နည်းတွေ လုပ်ရမယ်ဆိုတဲ့ အတတ်ပညာတွေ။ အဲဒါတွေလိုတာပေါ့။ ကျွန်တော်တို့အတွေ့အကြုံအရဆို ကူညီချင်တဲ့စိတ်တွေက အများကြီးရှိတယ်။ ဒါပေမဲ့ ကူညီတဲ့အချိန်မှာ ကျွန်တော်တို့ကြက်ခြေနီ Volunteer လေးတွေတောင် ကျွမ်းကျွမ်းကျင်ကျင်မသိဘူး။ ခုနကပြောသလို Skill



www.foreverspace.com.mm





ဦးဇော်ထူးဦး



| | |
|---|---|
| အမည် | – ဦးဇော်ထူးဦး |
| မွေးသက္ကရာဇ် | – ၁၉၆၁ ခုနှစ် |
| မိဘအမည် | – ဦးသာထူး–ဒေါ်ရင်နု |
| ပညာအရည်အချင်း | – B.Sc (Maths), M.P.A (Thesis) |
| အလုပ်အကိုင်နှင့်တာဝန် | – စီမံချက်အရာရှိ၊ ဘေးဒုက္ခစီမံအုပ်ချုပ်ရေးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း |
| ဆက်သွယ်ရန်လိပ်စာ | – အမှတ်–၃၉၊ သမိန်ဗရမ်းလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၈၉၂၆၇၄၈။ |

E-mail - zawhtooo@gmail.com

တွေ အားနည်းတာကို တွေ့ရတယ်။ အဲဒါက Response အပိုင်း။

နောက်တစ်ခုက Relief (ကယ်ဆယ်ရေး) အပိုင်း။ ကယ်ဆယ်ရေးနဲ့ပတ်သက်လို့ပြန်ကြည့်မယ်ဆိုရင် အရင်တုန်းက ပြည်တွင်းမှာ ဒီ Disaster မမာဏကသိပ်မများဘူး။ ကျယ်ကျယ်ပြန့်ပြန့်လည်းမဖြစ်ခဲ့ဘူး။ ကျွန်တော်တို့ ကြက်ခြေနီအသင်းရဲ့ အတိုင်းအတာ၊ အစိုးရ ကယ်ဆယ်ရေးနဲ့ပြန်လည်နေရာချထားရေးဦးစီးဌာနရဲ့ အတိုင်းအတာတွေနဲ့ ထိုက်သင့်သလောက်လုပ်လို့ရတယ်။ ဒီဟာကျတော့ တောတော်ကြီးကိုကျယ်ပြန့်သွားတယ်။ ကျွန်တော်တို့ Red Cross မှာ ပြည်နယ်နဲ့တိုင်းတွေမှာ Warehouse တွေရှိတယ်။ ပစ္စည်းတွေပေါ့။ သာမန်အားဖြင့် ကျွန်တော်တို့က ဒါမျိုး Disaster တစ်ခုခုဖြစ်ပြီဆိုလို့ရှိရင် ပစ္စည်း ၁၉ မျိုး၊ အဓိက Basic Need ပေါ့။ အိုး ခွက် ပန်းကန်စသဖြင့်ပေါ့။ အဲဒီလောက်ပဲ ပြင်ဆင်ထားတယ်။ အခုလို တကယ့်ကို ကျယ်ကျယ်ပြန့်ပြန့် ကူညီရတဲ့အခါမှာ ကျွန်တော်တို့ကို IFRC (အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း) က ဘာလိုသလဲ မေးတဲ့အခါမှာ ကျွန်တော်တို့ဆီမှာ တိတိကျကျ Assessment လုပ်တဲ့ Tools တွေက အားနည်းနေတယ်။ ပြည်နယ်နဲ့တိုင်းအလိုက် ကြက်ခြေနီသင်တန်းတွေမှာ Assessment နဲ့ပတ်သက်လို့ Training တွေပေးထားပေမယ့် သူတို့ကဒီလောက်ကြီးကြီးမားမား ကျယ်ပြန့်တဲ့ဟာမျိုးကို မလုပ်နိုင်တော့ဘူး။ မလုပ်နိုင်တဲ့အခါကျတော့ ကျွန်တော်တို့မှာ ဘာတွေလိုပါတယ်ဆိုတဲ့ ဟိုဘက်က Donor တွေကူညီမယ့်ဟာကို အတိအကျ Assessment Report မစွမ်းဆောင်နိုင်ဘူး။ ဒါက ကျွန်တော်တို့အားနည်းချက်။ အဲဒီအားနည်းချက်ကဘာလို့လဲဆို ဖြစ်မှမဖြစ်ဖူးဘဲဟာ။

မေလ ၄ ရက်နေ့မှာ ကျွန်တော်တို့ Red Cross Assessment အဖွဲ့ခုနစ်ဖွဲ့က နာဂစ်သင့်တဲ့နေရာတွေကို ဆင်းသွားတယ်။ ဖြစ်ဖြစ်ချင်းပဲ Response လုပ်ဖို့၊ Relief လုပ်နိုင်ဖို့ကယ်ဆယ်ရေးပစ္စည်းတွေက မြန်မာနိုင်ငံကိုဝင်တယ်။ အဓိကဝင်ပေါက်က လေကြောင်းပဲ။ International Relief အပိုင်းက အချိန်မီဝင်လာခဲ့တယ်။ အလားတူပဲ ပြည်တွင်းကအဖွဲ့အစည်းတွေ၊ ကုမ္ပဏီတွေကလည်းသွားနေကြတယ်။ ဒါပေမဲ့ ဒီဘက်က 'ဘာလိုလဲ' ဆိုတာကို တိတိကျကျမလုပ်နိုင်ခဲ့ဘူး။ အကူအညီအပိုင်းအနေနဲ့ပြောရင်တော့ တစ်နှစ်အတွင်းမှာ ပြည်တွင်းကရော၊ ပြည်ပကရော ကူညီမှုတွေက တတ်နိုင်သလောက်ဝင်လာတဲ့သဘောရှိတယ်။ ဒါ Relief နဲ့ပတ်သက်လို့။

နောက်တစ်ခါ Recovery နဲ့ပတ်သက်လို့က အရင်တုန်းက ဒါတွေကို အစိုးရဘက်ကပဲ စီစဉ်လုပ်ကိုင်ကြတာ။ ဒီဘက်ပိုင်းမှာတော့ ကျွန်တော်တို့အဖွဲ့အစည်းတွေကပါလုပ်ကြတယ်။ နာဂစ်မှာ ဘာတွေ့ရသလဲဆို ဘယ်သူတွေကိုပေးမလဲဆိုတဲ့ဟာ Criteia ကို သတ်မှတ်တဲ့အခါမှာ ဥပမာ–အိမ် ၂၀၀ ပျက်စီးသွားတာ NGO တစ်ခုက ၃၀ စာပဲပေးနိုင်တယ်ဆိုရင် ဘယ်လို Criteia တွေနဲ့ သတ်မှတ်မလဲ။ ကျွန်တော်တို့ Field ထဲကို ဆင်းကြည့်လိုက်လို့ရှိရင် တွေ့ရတာက အားလုံးကလိုချင်တယ်။ အဖွဲ့အစည်းတွေမှာ Relief နဲ့ပတ်သက်ပြီး Critia သတ်မှတ်ချက်တွေရှိတယ်။ ကျွန်တော်တို့ကြက်ခြေနီမှာတော့ Most Vulnerable ပေါ့။ သူတို့ကိုပဲ အဓိကထားပေးမယ်။ Critia မှာ ဘယ်လိုလူပဲ ဦးစားပေးမယ်ဆိုတော့ ရွေးချယ်တဲ့အခါမှာ ပြဿနာတွေတော်တော်များများရှိလာခဲ့တယ်။ အဲဒါတွေ သွားတွေ့ရတယ်။

နောက်တစ်ခုက Livelihood နဲ့ပတ်သက်ပြီးတော့ Cash

www.foreverspace.com.mm



ဒေါက်တာအောင်ထွန်းသက်



| | | |
|---|---|---|
| အမည် | – | ဒေါက်တာအောင်ထွန်းသက် |
| မွေးသက္ကရာဇ် | – | ၁၉၄၅ ခုနှစ် |
| မိဘအမည် | – | ဦးဖေသက်–ဒေါ်တင်ညွန့် |
| ပညာအရည်အချင်း | – | B.Com, M.Sc (University of Warwick), Ph.D (University of Manchester), Post-Doctoral Fellow (Marburg University) |
| အလုပ်အကိုင်နှင့်တာဝန် | – | အကြံပေးပုဂ္ဂိုလ်၊ UN Resident Coordinators (Myanmar) |
| ဆက်သွယ်ရန်လိပ်စာ | – | အမှတ်–၉၄ (C) အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၅၅၉၄။ |

E-mail - aungtunthet@gmail.com

for Work ပေါ့။ ကျေးရွာအတွင်းမှာလမ်းပြင်မယ်။ WFP ကလည်း Food for Work ဆိုတာလုပ်တယ်။ အဲဒါကျတော့ သိပ်ပြီးပြဿနာမရှိဘူး။ လာလုပ်တဲ့သူပဲရတာ။ နောက်ပြဿနာကဘာလဲဆို Cash Grant အရင်းအနှီးပေးတာ။ သူတို့ရဲ့လုပ်ငန်းအတွက် ထောက်ပံ့တာ။ အဲဒီမှပြဿနာနည်းနည်းရှိတယ်။ တလောက ဟိုင်းကြီးကျွန်းဘက် ကျွန်တော်သွားတော့ တစ်ရွာလုံးကတော့ Effected Area ချည်းပဲ။ Cash Grant ကို ဘယ်လိုလူတွေကိုပေးမလဲဆိုတာ။ တချို့အဖွဲ့အစည်းတွေက ငွေကိုတိုက်ရိုက်ပေးလိုက်တယ်။ ကျန်တဲ့အဖွဲ့အစည်းတွေကျတော့ သူ့မှာ Criteria လုပ်ငန်းရှိတယ်။ လုပ်ငန်းကိုပြရတယ်။ ဒီ Cash Grant ကလည်း နည်းနည်းပြဿနာရှိတယ်။

နောက် Shelter ပိုင်းကျတော့လည်း ပြဿနာအများကြီးရှိတယ်။ ရွာတစ်ရွာမှာ ပျက်စီးတာ ၂၀၀ ရှိတယ်။ ကျွန်တော်တို့ပေးနိုင်တာ ၅၀။ Criteria သတ်မှတ်ပြီးတော့ ကျွန်တော်တို့ကပေးရမှာ။ အဲဒီမှာ သူမရ ကိုယ်မရပြဿနာတွေတက်လာရော။ ယေဘုယျခြုံပြီးကြည့်မယ်ဆိုလို့ရှိရင် Recovery နဲ့ပတ်သက်လို့ ဖြစ်တဲ့ Affected Area တွေကို အားလုံးမလုပ်ပေးနိုင်ပေမယ့်လို့ ထိုက်သင့်သလောက်လုပ်ပေးနိုင်တာကိုတွေ့ရတယ်။ ကျွန်တော် Overview ပြန်ပြောရရင် Response နဲ့ပတ်သက်လို့ ကျွန်တော်တို့လို ရှိပြီးသားအဖွဲ့အစည်းတွေအပြင် တခြားလူမှုရေးအဖွဲ့အစည်းတွေပါ ပါဝင်လာတယ်။ အဲဒါက ကောင်းတဲ့အချက်ပါ။ နောက် Weakness ကတော့ Response လုပ်ဖို့ သူတို့ဆီမှာ Skill လိုအပ်တာတွေရှိတယ်။ Relief ကျတော့ စဖြစ်ပြီးတစ်ပတ်အတွင်းမှာ International Doner တွေအပြင် ပြည်တွင်းကလည်းလုပ်လာကြ တာရှိတယ်။ တကယ်ရောက်/မရောက်ဆိုတဲ့အပိုင်းနဲ့ပတ်သက်လို့ ပြဿနာလေးတွေရှိတယ်။ ဖြန့်တဲ့စနစ်အပေါ်မှာမူတည်တာပေါ့နော်။ တချို့ကလမ်းမှာတင်ပျောက်သွားတာရှိတယ်။ တချို့က ဝပြီးသားနေရာပြန်ဝေမိတော့ Overlap ဖြစ်တာမျိုးတွေရှိတယ်။ မိသားစုတစ်စုထဲ ခြင်ထောင် ၁၀ ခုရသွားတာမျိုး။ ၁၀ ခုရတော့ ဘာလုပ်မလဲ။ ရောင်းစားမှာပေါ့။ ဒါ Relief နဲ့ပတ်သက်လို့။ နောက်တစ်ခုကျတော့ Recovery နဲ့ ပတ်သက်လို့။ ခုနက ကျွန်တော်ပြောသလို ဘယ်လိုလူမျိုးကိုပေးမလဲ။ လူတစ်သိန်း Affected ဖြစ်တယ်ဆိုရင် အဲဒီတစ်သိန်းစလုံးကိုပေးမလား။ နောက်တစ်ခုက Livelihood အတွက် Cash Grant ပေးတယ်။ ပြန်ဆပ်ဖို့ဟာမျိုး တချို့ NGO မှာရှိသလို တချို့က ဒီအတိုင်းပဲပေးလိုက်တယ်။ အိမ် ထောင်စု ၂၀၀ ရှိတာကို ၅၀ ပဲပေးနိုင်တယ်။ အဲဒီလိုဟာမျိုးကျတော့ ပြဿနာတွေရှိတယ်။ ဒါကျွန်တော့်ရဲ့ တစ်နှစ်တာ Over View လေးပါ။

**ဒေါက်တာအောင်ထွန်းသက် ။ ။** တစ်နှစ်တောင်ပြည့်တော့မယ်နော်။ တစ်ခါမှ မကြုံဖူးတဲ့သဘာဝဘေးအန္တရာယ်ကို ကြုံတွေ့ရပြီးပြီ။ ဖြစ်တာကတော့ မတတ်နိုင်ဘူး။ မဖြစ်ပါနဲ့လို့လည်း တားလို့မရဘူး။ ဖြစ်တဲ့အခါ တုံ့ပြန်တဲ့အပေါ်မှာပဲ အရေးကြီးတာ။ သမိုင်းမှာတောင် တင်သင့်တယ်လို့ထင်တယ်။ ကျွန်တော်တို့နိုင်ငံမှာ ထူးခြားတဲ့ဟာက Social Capital ပေါ့။ အဲဒီအရင်း

www.foreverspace.com.mm

အနံ့ရှိတာကို နောက်တစ်နေ့မနက် ကိုယ်နေတဲ့လမ်းမှာပဲကြည့်။ အားလုံးက လုံးဝကို မမှတ်မိတော့ဘူး။ ဒါတောင် ရန်ကုန်မှာနော်။ အသေအပျောက်သိပ်မရှိတဲ့နေရာ။ မြင်ကွင်းက လုံးဝပြောင်းသွားတယ်။ တစ်သက်လုံးလမ်းလျှောက်လာတဲ့တက္ကသိုလ်ကြီးက မမှတ်မိတော့ဘူး။ အဲဒီပထမနေ့မှာ ထူးခြားတာတွေ့ရတာက တစ်ယောက်တစ်လက် ဓားတစ်ချောင်း၊ လွှတစ်လက်စီကိုင်ပြီးထွက်လာကြတဲ့သူတွေ။ ဘယ်သူမှ အမိန့်ပေးမန္တီးဆော်ဘဲထွက်လာကြတာ။ Immediately Response ပေါ့။ ကျွန်တော်တို့ Society မှာ ဒီလို Social Capital ကျန်သရွေ့ အခြေအနေမဆိုးဘူး။ တုံ့ပြန်မှုကိုကြည့်တဲ့အခါမှာ Formal Response နဲ့ Informal Response ရှိတယ်။ ကျွန်တော်က ဘယ်သူမှမပြောဘဲနဲ့ ကိုယ့်အသိစိတ်နဲ့ ကိုယ်ထွက်လာတဲ့ Informal Response ကိုတွေ့လိုက်ရတယ်။ ကိုယ်လည်း တာဝန်ယူရတာရှိတယ်။ ဖြစ်ပြီးပြီးချင်း မြို့နယ်လေးခုကိုသွားရတဲ့အခါ ဘာသွားတွေ့သလဲဆို လမ်းမှာ ကားတွေပြည့်ကျပ်နေတယ်။ ရန်ကုန်က မုန့်တစ်ထုပ်ချင်း၊ တစ်ခုချင်း တစ်ပိုင်တစ်နိုင်လာဝေကြတာ။ ဒါဟာလည်း Social Capital ပဲ။

ဒီဘက်မှာ တကယ်ပါလာတာလူငယ်တွေ။ အရင်တုန်းက ဂျင်းဘောင်းဘီတွေ တီရှပ်တွေဝတ်ပြီး ယဉ်ကျေးမှုပျက်တယ်လို့ ပြောခဲ့တဲ့ကလေးတွေ၊ လူငယ်တွေက ခု ရှေ့တန်းမှာ။ ကိုယ့်ကိုယ်ကိုယ်ပြန်ဆင်ခြင်မိတယ်။ ကလေးတွေ၊ လူငယ်တွေကို ဂျင်းဝတ်လို့၊ တီရှပ်ဝတ်လို့ တစ်မျိုးမြင်မိခဲ့ပေမယ့် အရေးရယ်အကြောင်းရယ်ဖြစ်လာတော့ ဒီကလေးတွေ၊ လူငယ်တွေပဲ အားကိုးရတာ။ နိုင်ငံခြားကဝင်လာတာတို့၊ အစိုးရက တုံ့ပြန်တာတို့ရှိပါတယ်။ ဒါပေမဲ့ ဒီ Community က အရေးကြီးတယ်။ နာမည်ရဆရာတော်ကြီးတွေကိုယ်တိုင် သွားရေးလာရေးခက်ခဲနေတဲ့အချိန်မှာ ဝင်လို့သွားလို့ရသလောက်လုပ်ပေးခဲ့ကြတာလည်း တော်တော်ကြီးကို မှတ်သားလောက်တယ်။

Natural Disaster ဖြစ်တိုင်း ရေးကြတယ်ပေါ့။ Living Color တို့လို မီဒီယာတွေက ဒီအပိုင်းကို ပိုပြီးဖောင်းပေးရေးစေချင်တယ်။ ကျွန်တော်တို့နိုင်ငံမှာ Social Capital က မခန်းသေးဘူး၊ မကုန်သေးဘူး။ တစ်ခုတော့ရှိတယ်။ ဒီ Social Capital အမြဲတမ်းပြည့်နေအောင် ဘဏ်ထဲမှာ ငွေစုထားသလိုပေါ့။ ထုတ်တာများရင် တစ်ပြားမှကျန်မှာမဟုတ်တော့ဘူး။ ထိန်းထားစေချင်တယ်။ ထောင်နဲ့သောင်းနဲ့ချီတဲ့သူတွေ၊ ဘယ်သူကမှ မပြောရဘူး။ ဘယ်သူကမှ မတိုင်ပင်ရဘူး။ စုပြီးသွားခဲ့ကြတယ်။ နောက်တစ်ချက်က Solidarity စည်းလုံးမှု၊ စေခိုင်းလို့မရဘူး။ သူ့ဟာသူ အလိုလိုဖြစ်တာ။ ဟိုးအထက်ကနေဆင်းလာကြတယ်။ ဘယ်သူမှ မတိုက်တွန်းဘူး။ ဟာ အောက်ပြည်အောက်သား မြစ်ဝကျွန်းပေါ်ကသူတွေဟာ တို့လူတွေပဲဆိုပြီး ဆင်းလာကြတာ။ ရှမ်း၊ ကချင်လူမျိုးစုတွေ အားလုံးပါဆင်းလာကြတယ်။ ဒီ Social Capital ရဲ့ဆောင်ရွက်မှုတွေက 'အား' တွေပဲ။



အရင်တုန်းက Disaster ကို Response လုပ်တာ အစိုးရကရှေ့က တာဝန်ယူရတယ်လို့ပဲမြင်တာ။ အခု ဒီမှာက အစိုးရအပြင် စီးပွားရေးလုပ်ငန်းရှင်တွေထွက်လာပြီး (တခြားနိုင်ငံတွေမှာ အဲဒီဟာမျိုးမမြင်ရဘူး။ မြန်မာနိုင်ငံမှာထူးခြားတယ်) မြို့နယ်တွေကို တာဝန်ပေးလိုက်တယ်။ အဲဒါ တော်တော်ထူးခြားတယ်။ အဲဒီမှာ တုံ့ပြန်မှုဟာ အစိုးရရဲ့တုံ့ပြန်မှုဟာ တစ်ခါတစ်ရံနှေးတတ်တယ်။ မြန်တာက စီးပွားရေးလုပ်ငန်းရှင်တွေပဲ။ သူတို့မှာအသင့်ရှိတယ်။ ဈေးကွက်မှာ နေးနေလို့မရဘူးလေ။ အဲဒီအားက သူတို့မှာရှိပြီးသား။ ကျွန်တော် Egress နဲ့ ဖျာပုံမှာ တာဝန်ကျတော့ သွားတွေ့ရတာ မြန်တာက ဒီစီးပွားရေးလုပ်ငန်းရှင်တွေ။

အခုဖြစ်သွားတာက Emergency (အရေးပေါ်) ပေါ့နော်။ အဲဒီအချိန်မှာ ဘာပေးပေး၊ ဘာလုပ်လုပ်ဖြစ်တယ်။ ဒါပေမဲ့ ကျွန်တော်တို့မှာ နည်းပညာတွေရှိတယ်။ DRM လို့ခေါ်တဲ့ Disaster Risk Management သင်ပေးတယ်။ ဒီ DRM က Emergency ကို Response လုပ်တဲ့အခါ ကာလတိုဖြစ်တဲ့ ပြဿနာကိုလုပ်လို့ မရဘူး။ လုပ်တဲ့အချိန်မှာလည်း Recovery အတွက်ပါ ထည့်စဉ်းစားရတယ်။ အဲဒါလိုတယ်။ Emergency လုပ်ပေးနေတဲ့အချိန်မှာ တစ်နေ့မပေးတော့လို့ သူတို့ဟာသူတို့ ဘယ်လိုရပ်တည်မလဲဆိုတာ တစ်ခါထဲထည့်စဉ်းစားထားရမယ်။ ထမင်းထုပ်တွေပေးနေတာ ဘယ်လောက်ကြာကြာပေးနိုင်မှာလဲ။ ခေါက်ဆွဲထုပ်တွေ ဘယ်လောက်ကြာကြာ ပေးနိုင်မှာလဲ။ Recovery Phase နဲ့ ဒီ Emergency Phase ဟာ သီးခြားလုပ်လို့မရဘူး။ ထပ်နေတယ်။ သင်ခန်းစာယူရမှာက Emergency Response လုပ်နေတဲ့အချိန်မှာပဲ Recovery ကိုရအောင်ထည့်ပြီး စဉ်းစားထားရမယ်။ နောက် Emer

www.foreverspace.com.mm

gency Response လုပ်တဲ့အခါ တစ်ယောက်ထဲလုပ်တာမဟုတ်ဘူး။ လူအများကြီးကိုလုပ်ရတာ။ ဖြစ်တတ်တာက ဥပမာ–ခေါက်ဆွဲနှစ်ထုပ်သုံးထုပ် တစ်အိမ်ထဲရတာ ကိစ္စမရှိဘူး။ တာပေါ်လင်ရွက်ဖျင်ကို တစ်အိမ်ထဲ သုံးလိပ်သွားပေးတာတော့ အဓိပ္ပာယ်မရှိဘူး။ အဲဒါကို စဉ်းစားရမယ်။ ကျန်တဲ့အိမ်တွေမှာ လုံးဝမရသေးတာရှိတယ်။ အဲဒီ Coordination Mechanism က အခုထိ ပြဿနာရှိနေတုန်းပဲ။ အဲဒါ ဘာကြောင့်ဖြစ်ရသလဲဆို ပါဝင်တဲ့ Item တွေများလို့။

ဒီဧရာဝတီတိုင်းက Victims တွေဟာ Response မှာ မပါဝင်နိုင်ဘူးလို့ တချို့ကပြောတယ်။ Disaster Risk Management မှာ ဒီ Victims တွေက အရေးကြီးတယ်။ သူတို့ကိုယ်သူတို့ အဖြေရှာရမှာပဲ။ သူတို့ကို ဘာမှမလုပ်တတ်မကိုင်တတ်တဲ့သူတွေ၊ ပေးရင်ကျေနပ်တဲ့သူတွေ၊ တောင်းနေတဲ့သူတွေလို့ မမြင်သင့်ဘူး။ သူတို့ရဲ့ Recovery အတွက်အဖြေသည် သူတို့ဆီကပဲရတယ်ဆိုတာကို သတိထားဖို့လိုတယ်။

နောက်တစ်ခုက NGO တွေနဲ့ Role ပေါ့။ နိုင်ငံခြားက INGO တွေမှာ ကျွမ်းကျင်တဲ့သူတွေရှိတယ်။ ဒါလည်းလိုတယ်။ ကျွမ်းကျင်တဲ့သူတွေမရှိဘဲနဲ့ လုပ်လို့မရဘူး။ ဥပမာ–တိုက်တစ်လုံးပြိုကျလို့ အထဲမှာပိတ်မိနေတဲ့သူကို အတင်းသွားဆွဲရင် သေနိုင်တယ်။ လုပ်လို့မရဘူး။ ကျွမ်းကျင်မှုလိုတယ်။ Training ရှိတဲ့သူပေါ့။ ဒီလိုပဲ သဘာဝဘေးအန္တရာယ်ဖြစ်တဲ့အခါ ကယ်ချင်တဲ့၊ ကူချင်တဲ့စိတ်တစ်ခုထဲနဲ့ မရဘူး။ ကျွမ်းကျင်မှုလည်းလိုတယ်။ ဒီနေရာမှာ ဒီလို Experts တွေက ကျွန်တော်တို့ Local NGO တွေမှာသိပ်မရှိကြဘူး။ မရှိတော့ ဘယ်သူ့အားကိုးရသလဲဆို Experts ရှိတဲ့ NGO တွေကိုပေါ့။ သူတို့ကဖြစ်တဲ့ Disaster တွေနောက်လိုက်နေတဲ့သူ။ အီရန်မှာလည်းကူတယ်။ ပါကစ္စတန်မှာလည်းကူတယ်။ ဆူနာမီမှာလည်းကူတယ်။ တရုတ်မှာလည်းကူတယ်ဆိုတော့ သူတို့မှာ ဘာပါလာသလဲဆို ဘာဖြစ်ရင်ဘာလုပ်ရမယ်ဆိုတဲ့ ပညာပါလာတယ်။ Skill ပေါ့။ ကိုယ်က Local Condition ကိုသိတယ်။ သူတို့က Local Condition ကိုမသိဘူး။ အဲဒီတော့ ပေါင်းမှရမယ်။ အခု မုန်တိုင်းဖြစ်ပြီးတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက Disaster Risk Management သင်တန်းလုပ်တယ်။ ကျောင်းဆရာ ဆရာမတွေ၊ ထွေ/အုပ်ဝန်ထမ်းတွေ၊ မီးသတ်တွေ၊ ရဲတွေကို သင်ပေးတယ်။ နိုင်ငံခြားမှာက ဒီပညာက M.Sc, Ph.D တောင်ယူလို့ရတယ်။ ပေါ့ပေါ့သေးသေးမစဉ်းစားစေချင်ဘူး။ သင်တန်းတက်ရုံတင်မကဘဲနဲ့ အဲဒီအသိကို ရွာသူရွာသားတွေအထိရောက်အောင် သွားရမယ်။ ဖြစ်ရင်ဘာလုပ်မလဲပေါ့။ NGO တစ်ခုနဲ့ ကျွန်တော်တို့လုပ်နေရတာရှိတယ်။ Community Based DRM ပေါ့။ အဖြေကသူတို့ဟာသူတို့ရှာမှရတယ်။ အပြင်ကလူရှာပေးရုံနဲ့ မလုံလောက်ဘူး။

နောက်တစ်ခုက Disaster Risk Reduction(DRR)၊ ကျောင်းတွေမှာ သင်သင့်တယ်။ မူလတန်း၊ အလယ်တန်းအထက် တန်းမှာဖြစ်စေချင်တာက သင်ရိုးညွှန်းတမ်းမှာ ထည့်ဆွဲပေးဖို့။ ကျောင်းသားတွေသိရင် မိဘတွေသိမယ်။ ခက်ခက်ခဲခဲမဟုတ်ဘူး။ သူတို့နားလည်တဲ့စကားလုံးတွေနဲ့ပေါ့။ Material တွေလည်း အများကြီးရှိတယ်။ ပိုစတာတွေလည်းရှိတာပဲ။ သင်ပြီးရင် ဖြစ်ရင် ဘာလုပ်မလဲဆိုတဲ့ Plan ချထားတဲ့အထိပေါ့။

နာဂစ်ကရတဲ့ Lesson Learn အတွေ့အကြုံတွေဟာ အရင်တုန်းက ဘာသာရပ်တစ်ခုအနေနဲ့တောင် မစဉ်းစားမိခဲ့ကြတဲ့ ဘာသာရပ်တွေကိုသိလာကြရတယ်။ Disaster Risk Management ဘယ်သူမှမသိဘူး။ Risk ဆိုတာတောင် သိပ်မသိကြဘူး။ အခုကျမှ ဒါတွေသိလာကြတော့ ဒါတွေဟာအမြတ်ပေါ့။

**L.C ။ ။ ဒုတိယဆွေးနွေးမေးမြန်းမယ့်အကြောင်းအရာက ခုနကစိုးရိမ်ပူပန်မှုကိုပါပဲ။ အခုမြစ်ဝကျွန်းပေါ်ဒေသကြီးတစ်ခုလုံးမှာ ဆရာတို့ ဆရာမတို့ မြင်တွေ့သုံးသပ်မိထားတဲ့အထဲက အစိုးရိမ်ရဆုံး အချက်နှစ်ခုစီလောက် ထောက်ပြပေးပါလား။ ရေတိုဖြေရှင်းရမယ့်ပြဿနာနဲ့ ရေရှည်ဖြေရှင်းရမယ့်ပြဿနာ တစ်ခုစီပေါ့။**



**ဦးတင်မောင်သန်း။** ။ ကျွန်တော်ပြန်မေးရရင် မစိုးရိမ် မပူပန်ရတဲ့ ထိပ်ဆုံးနှစ်ခုလောက် ရှာပေးပါဆိုရင်ကော ရှိပါ့မလားဘဲ။ စိုးရိမ်ပူပန်ရမယ့်ဟာတွေချည်းပဲ။ ရေရှည်အဖြေထုတ်ရမယ့်ကိစ္စက ကျွန်တော်တို့ မြစ်ဝကျွန်းပေါ်တစ်ခုထဲကို ကြည့်လို့မရတော့ဘူး။ ဒီမြစ်ဝကျွန်းပေါ် (Delta Area) ရဲ့အခန်းကဏ္ဍက မြန်မာလူ့အဖွဲ့အစည်းတစ်ခုလုံးရဲ့ စီးပွားရေး၊ လူမှုရေးတွေနဲ့ ဘယ်လိုဆက်စပ်သလဲဆိုတာအထိ စဉ်းစား

www.foreverspace.com.mm



**Director တစ်ယောက်ကပြောလိုက်တာနဲ့ မှန်ပါ့ဘုရားလို၊ ပြောစရာ ဘာမှမရှိဘူး။ သူတို့မှာ ဝါသနာပါလို့ ဝင်လုပ်နေတာ။ ဒါပေမဲ့ သူတို့ရဲ့အတွင်းစိတ်၊ သူတို့ရဲ့ခံယူချက်က ကိုယ်ပိုင်လွတ်လပ်ခွင့် ရှိတယ်။ NGO ထဲမှာ INGO ထဲမှာ အဲဒါကို နားလည်ရင် အဲဒါကို လိမ်လိမ်မာမာပါးပါးနပ်နပ်ကိုင်တွယ်နိုင်ရင် ဆိုးတာတွေ ပယ်ပြီး ကောင်းတာတွေ ယူသုံးရမယ်။ ကျွန်တော်စိတ်ပူတာက ဆိုးတာကိုကြောက်လို့ ကောင်းတာကို ပယ်မှာကို ကြောက်တယ်။**

ရမယ်။ ကျွန်တော်တို့ ဒါမျိုး တစ်ခါမှမကြုံခဲ့ဖူးဘူး။

ကျွန်တော်တာဝန်ယူနေတဲ့ငါးလုပ်ငန်းကဏ္ဍက ဆွေးနွေးပါရစေ။ Delta မှာတွေ့ရတာ Landless ပြဿနာပဲ။ ပထမလယ်စိုက်ကြတယ်။ ငါးနှစ်လောက် မျိုးစုံရှုံးပြီးရင် သူ့မြေပါဆုံးရှုံးသွားတယ်။ မြေဆုံးရှုံးသွားရင် ပူးတွဲလုပ်နေတဲ့ ငါးဖမ်းတဲ့လုပ်ငန်းဘက်ကိုကူးသွားတယ်။ တစ်ဖက်က Natural Resources အပေါ် Pressure ပိုတက်သွားတယ်။ ကျွန်တော်တို့မသိတာမဟုတ်ဘူး။ မလုပ်နိုင်တာပဲရှိတယ်။ ငါးဖမ်းဆီးရမိမှုကျလာတာကို လွန်ခဲ့တဲ့ ၁၀ နှစ်ထဲမှာ တွေ့လာရတယ်။ တစ်ဖက်ကဖွင့်လိုက်တော့ Export လုပ်လို့ရတဲ့ ငါးကြောင်းလိုဟာမျိုးက တဖြည်းဖြည်းရှားသွားတယ်။ အဲဒီ Supply Change တစ်ခုလုံးက သူတို့ Landless ဖြစ်တယ်။ Landless ဖြစ်လို့ Fishery Sector မှာ Pressure များလာတယ်။ Pressure များလာတဲ့အချိန်မှာ နာဂစ်ဖြစ်လိုက်တယ်။ နာဂစ်ဖြစ်လို့ သူတို့ Livelihood ကို ဘယ်လိုသွားထိခိုက်သလဲဆို Recovery အပိုင်းမှာ ဆရာဘော်ဘီပြောသလိုပဲ Fishery Sector အတွက်ပါမလာဘူး။ Fishery Sector ကလည်း ရှင်းရှင်းလင်းလင်းမြင်လို့မရတာလည်း ပါတာပေါ့လေ။ လယ်စိုက်လိုက်တာထက် နည်းနည်းရှုပ်ထွေးတဲ့အတွက် ကျွန်တော်တို့ပံ့ပိုးပေးတာပဲ။ ငါး Sector အတွက် လှေတွေပေးတယ်၊ ပိုက်တွေပေးတယ်။ ကျွန်တော်ပြောတဲ့ ရှုပ်ထွေးတယ်ဆိုတာက ဟိုဘက်ဒီဘက် နှစ်အိမ်နေတဲ့သူတွေ တောင်မှ သူဖမ်းတဲ့ငါး၊ ဈေးကွက်မတူရင် ငါးဖမ်းတဲ့ဂီယာမတူဘူး။ သုံးရတဲ့ငါးဖမ်းပစ္စည်းက မတူဘူး။ လှေအမျိုးအစားလည်း မတူဘူး။ အဲဒီဟာကို ထိထိရောက်ရောက် Assistant ပေးမယ်ဆို ပြဿနာတွေရှိတယ်။ သူတို့ရဲ့လုပ်ငန်းသဘောသဘာဝအရ ရှုပ်ထွေးမှုရှိတယ်။ Landless ဖြစ်လာခဲ့လို့ မြေယာဆုံးရှုံးခဲ့လို့ နောက်ဆုံးလုပ်ငန်းတစ်ခုအနေနဲ့ သူတို့ဘဝရှင်သန်ဖို့ Survive ဖြစ်ဖို့လုပ်ရတာ။

ဒါကိုဖြေရှင်းပေးဖို့ Engine က အလယ်အလတ်တန်းစား ငါးစင်တစ်ခု ဥပမာ–ငါးလုပ်ငန်းရှင်တစ်ယောက်နဲ့ သူ့အောက်မှာ ငါးဖမ်းတဲ့သူဦးရေ၊ အမျိုးအစားအလိုက်ပေါ့။ ကျားဆိုကျား၊ ရေပေါ်ရေခြံဆို ရေပေါ်ရေခြံ၊ မျှောပိုက်ဆိုမျှောပိုက်ပေါ့။ ငါးအမျိုးအစား၊ သူ့ရာသီအလိုက် စသဖြင့်ပေါ့။ ကျွန်တော်တို့ State Sector တွေဘက်က အားနည်းချက်က ဘာသွားတွေ့ရသလဲဆို သူတို့ အချင်းချင်း အားလုံးက Social Contract တွေနဲ့လုပ်ကြတာ။ သူတို့ရဲ့စီးပွားရေးလုပ်ငန်းတွေအကုန်လုံးက Institutionalize လုပ်ထားတာမဟုတ်ဘူး။ အားလုံးက Credit အပေါ်မှာ အလုပ်လုပ်ကြတာ။ အရင်းထုတ်ပေးတယ်။ အကြွေးယူတယ်ဆိုတဲ့ဟာတွေ အားလုံးက သူတို့ရဲ့ Social Network ထဲမှာရှိနေတဲ့ Social Contract နဲ့ အလုပ်လုပ်နေကြတာ။ အဲဒီစနစ်က အကုန်ပျက် သွားပြီ။ ဒီစနစ်ကို ပြန်ပြီးသွတ်သွင်းရင်တောင်မှ ကြားထဲမှာ Link က ပျောက်သွားပြီ။ Key Player တစ်ယောက်က နာဂစ်ထဲမှာပါသွားတယ်ဆိုရင် သူ့ရဲ့ Network က ပျက်သွားပြီ။

သူတို့ဆောက်ထားတာက အဲဒီလူရဲ့ Individual Social Network ၊ အဲဒီ Social Network အပေါ်မှာမှ သူတို့ရဲ့ Inter-Personal Trust လူတစ်ယောက်ချင်းရဲ့ယုံကြည်မှုနဲ့ ဆောက် ထားတာ။ It is not an institutional trust. အဲဒီဟာကို ကျွန်တော် တို့ ဘယ်လိုပြန်ဆောက်ပေးမလဲ။ သူတို့ရဲ့စီးပွားရေး Economic Life ကို ရေရှည်အဖြေထုတ်ရမယ့်ကိစ္စ။ နာဂစ်မဖြစ်ထားဘူးဆိုရင် ဒီလူ့အဖွဲ့အစည်းက သူဟာနဲ့သူ Survive ဖြစ်မှာပဲ။ မြန်မာတစ်နိုင်ငံလုံးရဲ့ Economic မှာလည်း သူတို့ရဲ့အခန်းကဏ္ဍက ဘာမှပြဿနာရှိမှာမဟုတ်ဘူး။ အခုက ဘယ်သူမှမမျှော်လင့်ထားတဲ့ နာဂစ်ဖြစ်လိုက်လို့ ဒါကြီးကပျက်သွားပြီ။ Supply Chain ထိသွားပြီ။ ဒီထိခိုက်မှုကို ပြည်ပက အကူအညီမပါဘဲနဲ့ သူ့ခြေထောက်အပေါ် သူပြန်ရပ်ဖို့ (လူတွေပဲ၊ သမိုင်းကြောင်းတွေလည်း Survive ဖြစ်ခဲ့တာပဲ) အဲဒီ Survival Process နဲ့သွားမှာ ထက် ဒီက Assistant ထည့်ပေးလိုက်လို့ရှိရင် သူတို့ မြန်မြန်ဆန်ဆန် Recover ဖြစ်မှာဆိုတဲ့ဟာ၊ အဲဒါကို ကျွန်တော်မြင်တာက Long Term လုပ်ရမယ့်၊ အဖြေထုတ်ရမယ့်ကိစ္စ။

Short Term က ကျွန်တော်တို့ဆွေးနွေးခဲ့ကြတဲ့အထဲမှာလည်း ပါတယ်။ Donor Fatigue ရှိနေပြီလားပေါ့။ မစခင်ကတည်းက Donor Fatigue ကရှိတယ်။ ကျွန်တော်စဉ်းစားမိတယ်။ ကျွန်တော်တို့လူ့အဖွဲ့အစည်းဟာ စနစ်တကျများ ကံဆိုးတဲ့အဖွဲ့အစည်းလားပေါ့။ ကျွန်တော်တို့ဖြစ်ပြီး သိပ်မကြာဘူး။ တရုတ်ပြည်မှာ ငလျင်လှုပ်တယ်။ Media Focus က အဲဒီကိုရွှေ့သွားတယ်။ ကျွန်တော်တို့ဆီဝင်လာတဲ့ INGO တွေရဲ့ Capital Forming ငွေစုတဲ့ပုံစံက လွန်ခဲ့တဲ့ နှစ် ၂၀၊ ၃၀ တုန်းကနဲ့မတူတော့ဘူး။

www.foreverspace.com.mm



ဦးဇော်ဘိ

တစ်ဦးတစ်ယောက်တစ်နိုင်ငံချင်းရဲ့အလှူငွေတွေအပေါ်မှာ ရပ်တည်ရတယ်။ ခုနကပြောတဲ့ Media Focus ကလည်း ရွှေ့သွားတယ်။ တရုတ်ပြည်ကလည်း ကျွန်တော်တို့ထက်ပိုပြီးပွင့်လင်းခဲ့တယ်။ အဲဒါကြောင့် တစ်ဦးတစ်ယောက်ချင်း ကိုယ့်အိမ်ကနေ ကွန်ပျူတာ Click နှိပ်ပြီး ၁၀ ဒေါ်လာ၊ ၁၅ ဒေါ်လာ အလှူငွေထည့်ကြတဲ့ဟာက Focus ရွှေ့သွားတယ်။ ဒီမှာလုပ်ဖို့ပြင်တုန်းမှာ Fatigue က ဝင်နေပြီ။ အဲဒီကနေပြီးတော့ Global Financial Crisis ထိတယ်။ Exchange Rate နဲ့ကို အစကတည်းက ဝင်လာပြီး လုပ်နေတဲ့ INGO တွေ ဒေါ်လာသိန်းချီပြီးဆုံးရှုံးနေပြီ။ နောက်ဆုံးကျတော့လည်း ဒီ Ground ကိုပဲ သွားပို့ရတာကိုး။ သူတို့ခံလို့မရဘူးလေ။ ဒီတော့ လျှော့လုပ်ကုန်ကြတာမျိုးဖြစ်ကုန်တယ်။ ကျွန်တော် High Light လုပ်ချင်တာက ဘာလဲဆို ဒီ . . . လုပ်ပါ့မယ်။ လုပ်ချင်ကိုင်ချင်စိတ်ရှိပါတယ်။ Commitment ရှိပါတယ်။ INGO တွေ၊ NGO တွေက ဒီ Resources အပေါ်မှာ ရပ်တည်ရတာ။ အဲဒီ Resources က Short Term မှာ ပြဿနာရှိတယ်။

ကျွန်တော် တစ်ခုပဲပြောရမယ်ဆို ကျွန်တော်တို့လုပ်နေတဲ့ အလုပ်အားလုံးသည် တကယ့်ကို အကန့်အသတ်နဲ့လုပ်နေရတယ်။ ဒါ Financial Resource အနေနဲ့ပဲတွက်ပြောတယ်။ ဒီမှာဝိုင်းလုပ်ကြတဲ့ Stake Holder တွေ၊ Player တွေအကုန်လုံးရဲ့ Coordination ပိုပြီးထိရောက်ဖို့လိုမယ်လို့ ကျွန်တော်မြင်တယ်။ ပြောစရာတွေက အများကြီးပါ။ High Light အနေနဲ့ပြောရလို့ရှိရင် ခုနက Long Term အတွက်ဆိုရင် ပျက်သွားတဲ့ Supply Chain တွေ၊ Social Network တွေကို ဘယ်လိုပြန်ပြီး ကျွန်တော်တို့ ဝိုင်းကူကြမလဲ။ နောက်နှစ် ၂၀ မှာ ပြန်ဖြစ်မယ့်ဟာမျိုးကို Assistance ထည့်လိုက်တော့ သုံးနှစ်လောက်နဲ့ Recovery ရသွားတာမျိုး လုပ်သင့်တယ်။ Over All Recovery ရဖို့ ဘယ်လိုလုပ်ကြမလဲဆိုတဲ့ Strategy ချဖို့က အရေးကြီးတယ်။ နောက်တစ်ခုက အားလုံးဝိုင်းလုပ်နေကြတဲ့သူတွေ (ဝင်လုပ်နေတဲ့ INGO တွေ၊ NGO တွေ မကဘဲ ကာယကံရှင်တွေကိုယ်တိုင် Stake Sector အပါအဝင်) အားလုံးရဲ့ Coordination ဒီထက်ပိုထိရောက်ဖို့လိုမယ်လို့ ကျွန်တော် မြင်တယ်။

**ဦးဇော်ဘိ ။ ။** Short Term အတွက် ကျွန်တော်မြင်တာက Resource ပေါ့နော်။ နာဂစ်မှာ မိသားစုတစ်ခုချင်းဆုံးရှုံးသွားတဲ့ ပမာဏနဲ့ နာဂစ်နောက်ပိုင်း Aid Provider တွေကပေးတဲ့ပမာဏက အင်မတန်ကွာခြားတယ်။ ဥပမာ-၁၀၀ ဖိုးလောက်ဆုံးရှုံးသွားတဲ့ သူတွေကို ကျွန်တော်တို့က တစ်ကျပ်ဖိုး၊ နှစ်ကျပ်ဖိုးပေးတာမျိုး ဖြစ်နေတယ်။ Input ဒါမှမဟုတ်ရင် Capital Injection ပေါ့။ အဲဒီလိုဟာမျိုး သိသိသာသာလိုအပ်နေတယ်။ Livelihood ကို ပြန်စနိုင်ဖို့ ဒီ Delta မှာရှိတဲ့လူတွေရဲ့ နဂိုရှိရင်းစွဲလုပ်ငန်းတွေကို ပြန်စနိုင်အောင်လို့ အဲဒါက အရေးကြီးပါတယ်။ မုန်တိုင်းဖြစ်ပြီးတဲ့အခါမှာ တချို့လယ်တွေက အကန့်အသတ်နဲ့ပဲပြန်စိုက်ရတယ်။ ငါးဖမ်းသမားတွေဆိုရင်လည်း ငါးဖမ်းပိုက်ဈေးကြီးကြီး၊ သုံးနေကျပစ္စည်းကို မသုံးနိုင်တော့ဘူး။ သုံးနေကျထက် တစ်ဆင့်နိမ့်တဲ့ ငါးဖမ်းကိရိယာတွေကိုသုံးရတယ်။ အဲဒီရဲ့အကျိုးဆက်က လယ်ဆိုလို့ရှိရင် လယ်မှာ အထွက်နှုန်းလျော့သွားတယ်။ ငါးဖမ်းတဲ့ မိသားစုဆိုရင်လည်း ငါးရတာ နည်းသွားတယ်။ တချို့ကျတော့လည်း ငါးဖမ်းကိရိယာကို One Set မပေးနိုင်ဘူး။ လှေရော၊ ပိုက်ရော၊ ဘာရောပေါ့။ မပေးနိုင်တဲ့အခါကျတော့ တချို့က ပေါင်းပြီးသုံးရတယ်။ ဒီငါးဖမ်းသမားနဲ့ သူ့အိမ်နီးနားချင်း နောက်တစ်ယောက်နဲ့ ဒီလိုပဲညှိပြီးသုံးရတယ်။ ညှိပြီးသုံးတယ်ဆိုတာက ရလာတာကို ခွဲဝေယူကြမယ်ကို ပြောတာပဲပေါ့။ တစ်ယောက်ရတဲ့ဟာကို နှစ်ပုံသုံးပုံထပ်ခွဲရတော့ မလုံလောက်မှုတွေဖြစ်ကုန်ရော။ တခြားကိစ္စတွေ အရေးကြီးတာတွေအများကြီးရှိတယ်။ ဥပမာ-Health တို့၊ Education တို့၊ Water တို့၊ Santitation တို့၊ Environment တို့ အရေးကြီးကြတယ်။ ဒါပေမဲ့ လောလောဆယ် သူတို့ဘဝ ချက်ချင်း ပြန်ထနိုင်ဖို့ ပုံမှန်လမ်းကြောင်းပေါ်ရောက်ပြီးတော့ ဝင်ငွေရနိုင်အောင်လို့ စဉ်းစားဖို့လိုပါတယ်။ အဲဒါနဲ့ဆက်စပ်လို့ ကျွန်တော်တို့ နောက်ပိုင်းသုတေသနလုပ်ရာက တွေ့ရှိချက်တွေအရဆို အကြွေးသံသရာပဲ။ အဲဒါကလည်း အရေးပါပါတယ်။

Delta က မုန်တိုင်းမဖြစ်ခင်ကတည်းက တစ်နိုင်ငံလုံးနဲ့စာလို့ရှိရင် အကြွေးပိုများတယ်။ ဒါပေမဲ့ လည်ပတ်တယ်။ ပိုက်ဆံယူတယ်။ စပါးပေါ်ရင်ပြန်ပေးတယ်။ ငါးဖမ်းပြီးပြန်ဆပ်ရင်ဆပ်တယ်။ အဲဒီလို လည်ပတ်ခဲ့တယ်။ မုန်တိုင်းဖြစ်ပြီးနောက်ပိုင်းမှာကျတော့ လူတွေက နဂိုထဲက အကြွေးတင်ပြီးသားတွေ၊ မုန်တိုင်းဖြစ်ပြီးတော့ အဲဒီကြွေးတွေပြန်မဆပ်နိုင်တော့ဘူး။ ဘာလို့လဲဆို အလုပ်မှမရှိကြတော့ပဲ။ အဲဒီလို ကြွေးမဆပ်နိုင်တဲ့အတွက် နောက်ထပ် ကြွေးယူလို့မရတော့ဘူး။ သူတို့မှာလိုနေတာချည်းပဲ။ အားလုံး

www.foreverspace.com.mm



က Aid Provider တွေကိုပဲ မှီခိုနေလို့မရဘူး။ ကိုယ့်ဟာကို ရုန်းကန်ရဦးမယ်။ ကိုယ့်ဟာကိုယ် စားစရာဝယ်ရမယ်။ ပစ္စည်းဝယ်ရမယ်။ အဲဒါတွေရှိသေးတယ်။ အဲဒီတော့ အဲဒါတွေဝယ်ဖို့ ငွေလိုတယ်။ အဲဒီပိုက်ဆံက နောက်ထပ် အကြွေးသစ်ထပ်မရတော့ဘူး။ ကြွေးဟောင်း ပြန်မဆပ်ရသေးလို့ပဲ။ အကြွေးသစ်မရတော့ လိုတဲ့ ပစ္စည်းတွေ မဝယ်နိုင်ဘူး။ Livelihood ပြန်မတည်ထောင်နိုင်ဘူး။ တစ်ခါ ဝင်ငွေကလည်း ပြန်မရနိုင်တော့ဘူး။ အဲဒီလိုနဲ့ ပိုပိုပြီး အကြွေးနွံ ပိုနစ်လာတယ်။ ကြွေးပူနေတော့ ငါးကျပ်တိုးသမားကို ရှစ်ကျပ်တိုးနဲ့ဆွဲယူပြီး ဆပ်ရတဲ့ဟာမျိုးတွေလည်းဖြစ်လာတယ်။ မြေငါးဧကရှိရင် သုံးဧကအပေါင်ထားပြီး နှစ်ဧကပဲလုပ်ရတော့မယ့်ပုံစံ ဖြစ်လာတယ်။ တဖြည်းဖြည်းနဲ့ ဒီ Livelihood က ခက်ခဲသွားနိုင်တယ်။

ပိုက်ဆံပေးတဲ့ငွေရှင်တွေဘက်ကလည်း ပြဿနာက သူတို့ ပိုက်ဆံတွေက သူများတွေကိုချေးထားလို့ ပြန်မရဘူး။ သူတို့က လည်း သူများတွေကို ပြန်မပေးနိုင်တော့ဘူး။ သူ့မှာလည်း ပြဿနာရှိတယ်။ ပုံမှန်ဆိုရင်တော့ ဒါဟာ Circulate (လည်ပတ်) နေတယ်ပေါ့။ ကြွေးတွေချေးလိုက်တယ်။ ပြန်ဆပ်လို့ပြန်ရတယ်။ ပြန်ရလို့ သူများတွေကို ပြန်ချေးတယ်။ ဒါလည်နေတယ်။ အခုတော့ အဲဒီ Cycle က မလည်တော့ဘူး။ အဲဒီငွေရှင်တွေကိုယ်တိုင်လည်း ဒုက္ခရောက်နေတယ်။ Delta ရဲ့ System မှာ Capital Injection က သိသိသာသာလိုနေပြီ။ အင်မတန်မှ အရေးကြီးပါတယ်။ အဲဒီမှာ ကျွန်တော်တို့အမြင်အရ Cash Grant က အရေးကြီးတယ်။ တစ်စိတ်တစ်ပိုင်းအဖြေပေးနိုင်တယ်။ ပစ္စည်းတွေပေးတာက သိပ်ပြီးထိရောက်မှုမရှိနိုင်ဘူး။ Aid Provider ကိုယ်၌က ပစ္စည်းတွေပေးတဲ့အခါမှာ ဒီ Livelihood System ကို သေချာနားလည်အောင် မလုပ်ထားဘဲနဲ့ ဘာပစ္စည်းဆိုလို့ရှိရင် အမြှောက် X ဆိုပြီး တွက်ပေးတာမျိုးက ထိရောက်မှုသိပ်မရှိဘူး။ အဲဒီလို ပစ္စည်းတွေပေးခြင်းက Local Market ကိုဖျက်ရာလည်းရောက်တယ်။ ပစ္စည်းတွေအားလုံးက နိုင်ငံခြားကမှာတယ်။ ရန်ကုန်ကမှာတယ်။ အဲဒီပစ္စည်းတွေက အသုံးဝင်တယ်ပဲထားဦး။ Local Market မှာ ဈေးရောင်းတဲ့သူတွေက ပုံမှန်ဆို သူတို့ရောင်းရမှာလေ။ အခုတော့ ရောင်းရစရာအကြောင်းမရှိဘူး။ အခုဟာက သူတို့က အရောင်းသမားမဟုတ်တော့ဘဲနဲ့ အဝယ်သမားဖြစ်နေကြတယ်။ ပစ္စည်းတွေက Flood ဖြစ်သွားတာကိုး။ ပစ္စည်းတွေများနေ၊ ပိုနေတာမဟုတ်ဘူး။ သူတို့နဲ့မကိုက်တဲ့၊ Comfortable မဖြစ်တဲ့ပစ္စည်းတွေကို ပြန်ရောင်းကြတယ်။ ဈေးကွက် Pattern တွေလည်း ပြောင်းသွားတယ်။ သေချာတာက Capital Injection က အရမ်းကို အရေးကြီးတယ်။ လူတိုင်းက လိုအပ်နေတော့ ဒီ Supply နဲ့ Demand ကလည်း မမျှဘူး။

Livelihood ကို နည်းနည်းချင်းပြန်စနိုင်အောင်လို့ Capital Injection ဒါမှမဟုတ် သူတို့အတွက် တိုက်ရိုက်အသုံးချမယ့် Input ပေးတာမျိုး လုပ်ရမှာပေါ့။ နောက်တစ်ခုက Credit System ကြီးကို သေချာနားလည်အောင်လုပ်ပြီး ပုံမှန် Credit ကို လက်လှမ်းမီလာအောင်လုပ်ပေးရမယ်။ ကျွန်တော်ငွေတိုးချေးတဲ့သူတွေကို မကောင်းဘူးလို့ပြောတာမဟုတ်ဘူး။ သူတို့က ဒီစီးပွားရေးမှာ အရေးပါတယ်။ တော်တော်များများကို Facilitate လုပ်ပေးတယ်။ အတိုးနှုန်းမြင့်တက်တာက ထားလိုက်။ ဒါကလည်း Inflation နဲ့ဆိုင်တယ်။ ဒီပြည်သူတွေတော်တော်များများကို Formal Credit System နဲ့ ပြန်ချိတ်ဆက်ဖို့ တော်တော်လေးအရေးကြီးတယ်။ Delta မှာ တချို့ဖွံ့ဖြိုးရေးအဖွဲ့အစည်းတွေကလုပ်တဲ့ Microcredit လုပ်ငန်းတွေရှိပေမယ့် တကယ်တမ်းကျ မပြေပလောက်ဘူး။

အခု အကြွေးစက်ဝန်းက ပုံမှန်သွားနေတဲ့ပုံစံနဲ့မသွားနိုင်တော့ဘဲနဲ့ Jump ဖြစ်နေတယ်။ ရေရှည်ရပ်တည်နိုင်မယ့်ဖြေရှင်းဖို့ နည်းလမ်း အင်မတန်နည်းသွားမယ်။

**ဒေါက်တာစစ်နိုင်** ။ ။ အရေးတကြီး Issue ကို ကျွန်တော်တွေ့တာကတော့ ကျွန်တော်တို့လုပ်ကိုင်ပေးနိုင်တာရဲ့ပြင်ပက နှစ်ခုဖြစ်နေတယ်။ လတ်တလော ဘာအရေးကြီးသလဲဆို ဆရာမ စောစောကပြောသွားတဲ့ရေ။ နေရာတချို့မှာ ရေအခက်အခဲပိုပြီးကြုံတော့မယ်ဆိုတာမြင်နေရတယ်။ ကြိုးစားစီစဉ်နေကြတာတွေ လည်းရှိတယ်။ မိုးပါ့မလားပေါ့။ နောက်တစ်ခုက ကျယ်ကျယ်ပြန့်ပြန့်လိုအပ်တဲ့နေရာတွေတိုင်းမှာ တကယ်ရအောင်လုပ်ပေးနိုင်ပါ့မလားဆိုတာ စိုးရိမ်စရာပဲ။ ဒါက ငွေကြေးပိုင်းဆိုင်ရာအရင်းအမြစ်လည်းလိုသလို ပညာပိုင်းလည်းလိုတယ်။ ရေလိုတာကို သောက်ရေသယ်သွားပေးနေလို့လည်းမဖြစ်ပြန်ဘူး။ နောက်တစ်ခုက ဆရာတို့ ဆရာမတို့ဆွေးနွေးခဲ့တဲ့ စားဝတ်နေရေး။ အခု Livelihood လို့ အသိများလာတာပေါ့။ အဲဒါက တကယ်ကို လိုက်တဲ့ဟာပါ။ ဒါနဲ့ပတ်သက်လို့ လိုအပ်ချက်တွေကလည်း အမျိုးမျိုးနဲ့ အများကြီးရှိတယ်။ စိုက်ဖို့ပျိုးဖို့ဆိုရင် ပုဂ္ဂလိကအလှူရှင်တွေက လှူချင်တယ်။ ရေလုပ်ငန်းအတွက်လှူပါဆိုဟာ . . . အဲဒါကြီးက ပါဏာတိပါတ၊ မဖြစ်ဘူးထင်တယ်ဆိုပြီး မရတော့ဘူး။ ဒါတွေနဲ့ဆက်နွှယ်နေတဲ့ Issue တွေပြောရရင်တော့ လူတွေ ပြန်ထူထောင်နိုင်တဲ့ ပြန်ရပ်တည်နိုင်တဲ့နှုန်းကို အကြမ်းဖျင်းကြည့်လိုက်လို့ရှိရင် ဘယ်အပေါ်မူတည်သလဲဆိုတော့ ပံ့ပိုးမှု/အထောက်အပံ့ရရှိတဲ့အပေါ်မှာ မဟုတ်ဘူး။ ဘယ်လောက်ပျက်စီးသလဲအပေါ် မူတည်တယ်။ အများကြီးပျက်စီးတဲ့သူက နာလန်မထူတော့ဘူး။ နည်းနည်းပဲပျက်တဲ့သူက မြန်မြန်နာလန်ပြန်ထူတယ်။ ပံ့ပိုးမှုပေးတာတွေကလည်း မလောက်ဘူး။ တချို့က ခုနက ဆရာပြောတဲ့ Cash Grant ထောက်ပံ့ပေးတာမျိုးကို မကြိုက်ကြဘူး။ တိုက်ရိုက်ငွေထုတ်ပေးလိုက်တာမျိုး၊ အပြီးကိုပေးလိုက်တာမျိုး။ ဘယ်လိုစိတ်ဓာတ်တွေဝင်သွားမယ်၊ ရေရှည်မှာ ဘယ်လောက်ထိခိုက်နိုင်တယ်ဆိုပြီး မကြိုက်ကြတာရှိသလို သုတေသနအရက အဲဒါက တိုက်ရိုက်အသုံးအကျဆုံး တန်ဖိုးအရှိဆုံး ဖြစ်နေတယ်။ ဘာဖြစ်လို့လဲဆို ကာယကံရှင်တွေရဲ့လိုအပ်ချက်ကို သိမှမသိတာ။ အခုထက်ထိပေးနေကြတဲ့ပုံစံ၊ လုပ်နေကြတဲ့ပုံစံက ကျွန်တော်တို့ ဆေးကုတဲ့အဖွဲ့

www.foreverspace.com.mm



ဒေါက်တာစစ်နိုင်

ရော၊ ပစ္စည်းပေးတဲ့အဖွဲ့တွေရောက ကိုယ့်စိတ်ထဲလိုမယ်ထင်တာ သွားပေးကြတာ။ အရေးပေါ်သဘာဝဘေးအန္တရာယ်ကြောင့် လူသားချင်းစာနာထောက်ထားမှု (Humanitarian) လုပ်ငန်းတွေ ပေါ်လာတယ်။ စာလုံးကြီးတွေနဲ့ လိုမ့်ဝင်လာကြတယ်။ သူတို့နားလည်လားနားမလည်လားတော့ မသိဘူး။ ဟိုးကတည်းက ဖွံ့ဖြိုးတိုးတက်ရေး (Development) လုပ်ငန်းတွေကပါ၊ ဟိုအလှူရှင်က ကျွေးသလိုပေါ့။ တည့်လား မတည့်ဘူးလား၊ စားချင်လား၊ မစားချင်ဘူး လား မသိဘူး။ ကိုယ်ကျွေးချင်တာ လျှောက်ကျွေးတဲ့သဘော ဖြစ် နေတယ်။

ကျွန်တော်တို့ကျန်းမာရေးအဖွဲ့လည်း ဒီအတိုင်းပဲ။ ကိုယ်လုပ်တတ်တဲ့ဟာ၊ ကိုယ်သန်တဲ့အပိုင်း သွားတွယ်နေကြတာ။ ဟိုကျတော့ တွေ့တွေ့ဆိုင်ဆိုင်ဖြစ်ချင်မှဖြစ်မှာ။ ဒါကြောင့် ငွေကြေးထောက်ပံ့မှုက အသုံးတည့်သွားတာပေါ့။ သူတို့လိုအပ်ချက်ကို တိုက်ရိုက်ဖြည့်ဆည်းပေးနိုင်တယ်။ ကျွန်တော်တို့ လုပ်ငန်းစခါစက တာဝန်ရှိတဲ့လူကြီးတစ်ယောက်က ကျွန်တော်တို့ကို တစ်ခွန်းပြောသွားတာရှိတယ်။ အဲဒီတုန်းက သေချာနားမလည်ခဲ့ဘူး။ ခင်ဗျားတို့ဘာမှသိပ်လုပ်နေစရာမလိုဘူး။ ပစ္စည်းတွေလည်း သိပ်ပြီးလာပေးစရာမလိုဘူး။ ကျုပ်တို့မှာ များနေပြီ။ ခင်ဗျားတို့နိုင်ငံခြားအဖွဲ့အစည်းတွေ လာပြီးပူးပေါင်းဆောင်ရွက်တာ ဝမ်းသာတယ်။ တစ်ခုတော့သိသွားမယ်။ လူထုထဲကို ပျံ့ပျံ့နှံ့နှံ့ဝင် တစ်ယောက်ချင်းလိုက်ပြီး တကယ်ဘာတွေလိုသလဲ မေးပေးပါတဲ့။ ပေးစရာလည်းရှိတယ်။ တကယ်လိုတာမသိတဲ့အတွက် လွဲနေတော့ အဆင်မပြေဘူးပေါ့။ အဲဒါကြောင့် လူထုထဲလိုက်မေးပေးပါတဲ့။ ကျွန်တော်က ရုတ်တရက် ဘာပြောတာလဲပေါ့။ ကိုယ်ကလုပ်ချင်တာတစ်မျိုး၊ သူကဘာပြောတာလဲစဉ်းစားရတာတစ်မျိုး ဖြစ်သွားခဲ့တယ်။ ဟုတ်တာပဲ။ လူထုဘာလိုအပ်သလဲသိဖို့က အရေးကြီးတယ်။

ခုနက Vulnerable ပုဂ္ဂိုလ်တွေ ပိုပြီးလိုအပ်တဲ့ပိုပြီးနိမ့်ပါးတဲ့သူတွေရဲ့လိုအပ်ချက်က တအားအရေးကြီးတယ်။ လယ်သမားကို ပေးမယ်။ မြေရှင်ကို ငွေထုတ်ချေးမယ်။ ဒီလိုမှ တိုးတက်မယ်ဆိုတဲ့ဟာကလည်းရှိနေတယ်။ ဒီကြားထဲမှာ နဂိုကတည်းကလည်း သိပ်မဟန်၊ အခုပိုပြီးတော့ မဟန်တော့တဲ့သူတွေက သူရင်းငှားတို့၊ ဘောက်တို့ ကျပန်းသမားတွေဘဝနဲ့အဆိုးဆုံးဖြစ်နေတယ်။ ခုနက ကြွေးတောင်မှ တင်ခွင့်မရှိတဲ့ဘဝကို ရောက်သွားကြတယ်။ သူတို့လိုအပ်ချက်ကို ဘယ်သူ့ကိုမှမတင်ပြနိုင်ဘူး။ တင်ပြခွင့်လည်းမကြုံဘူး။ ကျွန်တော်တို့ကသွားပြီးတော့ Assessment လို့ခေါ်တဲ့ သူတို့ရဲ့လိုအပ်ချက်ကို သွားပြီးမေးမြန်းကြည့်တဲ့အခါမှာ သိရတာပေါ့နော်။ အဲဒါတွေလိုပါလိမ့်မယ်။ Gap တို့၊ Overlap တို့ကလည်း ဟာတဲ့နေရာကဟာ၊ ထပ်တဲ့နေရာကထပ်၊ အလျှံပယ်ဖြစ်နေတာလည်း ရှိနေပါတယ်။ နေရာတိုင်းမှာပါ။ ဒါဟာ သဘာဝဘေးအန္တရာယ်ကြောင့် ဝရန်းသုန်းကားမြန်မြန်လုပ်လိုက်ရ လို့ဖြစ်တာလားဆိုတော့ မဟုတ်ဘူး။ အေးအေးဆေးဆေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေလုပ်ကတည်းက ရှိခဲ့တဲ့အစဉ်အလာပါ။ ဘေးကစောင့်ကြည့်နေသူတွေကတော့ ထောက်ပြကြတယ်။ ဒါကို နည်းအောင်ကြိုးစားနေရတယ်။ ခုနကလို စားဝတ်နေရေးအဆင်ပြေအောင် ကိုယ့်ဟာကိုယ်လည်း မရပ်တည်နိုင်ဘူး။ ဘေးကလည်း မပံ့ပိုးနိုင်ဘူး၊ နဂိုကပိုင်ဆိုင်မှုတွေလည်း လုံးဝပျောက်ပျက်ပြုန်းတီးသွားတဲ့လူတချို့၊ အလုပ်လုပ်ကိုင်နိုင်တဲ့လူတချို့ဟာ အဲဒီဒေသကိုစွန့်ခွာပြီးတော့ တခြားဒေသကို သွားကြရလိမ့်မယ်။ အခုလည်း သွားနေပါတယ်။ ဒါနဲ့ဆက်နွှယ်ပြီး လူမှုရေး ကျန်းမာရေးအထိ ဆက်စပ်တဲ့ဟာတွေ ဘာတွေများပေါ်ပေါက်လာနိုင်သလဲဆိုတာ ကျွန်တော်တို့ စဉ်းစားကြဖို့လိုတယ်။

**ဂျူး ။ ။** ဆရာတို့ပြောသွားတာတွေ တော်တော်ပြည့်စုံပါတယ်။ Long Term နဲ့ Short Term မှာ Short Term အနေနဲ့က အဓိကရေပြဿနာပါ။ ကျွန်မတို့အမြဲတမ်းတွေ့နေတာထက် အခု ဟိုမှာပိုပြီးတော့ ဆိုးရွားနေပါတယ်။ သန့်ရှင်းတဲ့ရေကို မရတော့တဲ့ပြဿနာပေါ့။ ကျွန်မတို့အညာမှာ ရေရှားပေမယ့် သန့်ရှင်းတဲ့ရေရှိတယ်။ ဒါပေမဲ့ သွားရတဲ့ခရီးဝေးတာ။ ဒီမှာက ဆားငန်ရေဝင်ကုန်တော့ သန့်ရှင်းတဲ့ရေဘယ်မှာရှိမှန်းကိုမသိတော့တာ။ ရတဲ့ မသန့်ရှင်းတဲ့ရေလေးကိုပဲ တစ်မျှော်တစ်ခေါ် သွားပြီးခပ်နေရတဲ့ဘဝရောက်နေတယ်။ ဒီရေ Issue က ကျွန်မတို့အတွက် Short Term စဉ်းစားရမယ့်ကိစ္စပါ။ နောက် ဆရာတို့ဆွေးနွေးတဲ့ စားဝတ်နေရေးပြဿနာပါ။ အကြွေးသံသရာနဲ့ နောက် ပေးကားပေး၏မရတာ။ ခြင်ထောင် ၁၀ လုံးရသွားတာနဲ့ Gap ဖြစ်သွားတာတွေ တကယ်ပါ။ ထဲထဲဝင်ဝင် သွားပြီး တစ်ယောက်ချင်းစီရဲ့ Voice ကိုရယူနိုင်ရင်တော့ သူတို့ဘာလိုသလဲဆိုတာ ကိုယ်ကသိမှာ။ အရမ်းကို မှန်ပါတယ်။

Long Term အနေနဲ့ဆိုရင်တော့ ကိုယ်က သဘာဝဝန်းကျင်ကိုထည့်ပြောချင်တဲ့သူမို့လို့ အဓိက,က သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်တဲ့ ကမ်းရိုးတန်းအကာကွယ်ပေါ့။ မှန်တိုင်းအကာအ

www.foreverspace.com.mm

ကျယ်ပေါ့။ မုန်တိုင်းတွေက ဘင်္ဂလားပင်လယ်အော်ကလာတာများတယ်။ မုန်တိုင်းဖြစ်နေကျနေရာပဲ။ အခု Climate Change ကြောင့်လား မပြောတတ်ဘူး။ တော်တော်ကလေး များလာတယ်။ ပိုပြီးများလာလို့ ဘင်္ဂလားပင်လယ်အော်က ကြောက်စရာကောင်းလာပြီ။ နောက်တစ်နှစ်လည်း လာနိုင်တယ်။ မုန်တိုင်းလမ်းကြောင်းတွေလည်း ပြောင်းနေပြီ။ အရင်တုန်းက အပေါ်ကိုတက်တာ၊ အခု အောက်ဆင်းလာပြီ။ ဧရာဝတီတိုင်းမှာ နောက်ထပ်လာနိုင်တယ်ဆိုတာ သိသိကြီးနဲ့ထိုင်နေမယ့်အစား Long Term အတွက်လုပ်ရမှာက မုန်တိုင်းရန်ကအကာအကွယ်ပေါ့။ Short Term အကာအကွယ်ဆိုရင် မုန်တိုင်း Shelter တွေ၊ မုန်တိုင်းဖြစ်စဉ်မှာ ခိုလှုံရမယ့်အဆောက်အအုံတွေဆောက်ဖို့။ အခုလည်း လုပ်တော့လုပ်နေကြပါပြီ။ အရေးအတွက်အနေနဲ့ လိုသေးတာပေါ့။ အဲဒါမရှိခင်က ကျွန်မတို့ အေးအေးဆေးဆေးလုပ်နိုင်တာတစ်ခုက ဘာလဲဆိုတကယ်တော့ ဒီ Delta ဧရိယာတစ်ခုလုံးက Vulnerable ဖြစ်တဲ့သူတွေချည်းပါ။ ကျွန်မတို့ မြန်မာနိုင်ငံမှာမှမဟုတ်ပါဘူး။ ဟိုး ဘင်္ဂလားဒေ့ရှ်ရော၊ အိန္ဒိယရော နိုင်ငံတော်တော်များများမှာလည်း ဒီလိုပါပဲ။ အဲဒီဒေသတစ်ခုလုံး စောင့်ရှောက်ဖို့ဆိုတာက အစိုးရအနေနဲ့ မဖြစ်နိုင်ဘူး။ NGO တွေအနေနဲ့လည်း မဖြစ်နိုင်ဘူး။ ဒီဟာကို Adaptation ဖြစ်အောင် ဘယ်လိုလုပ်မလဲဆိုတဲ့နေရာမှာ စဉ်းစားမိတာ ကျွန်မတို့ Flood နေရာရဲ့ အမြင့်ဆုံးနေရာကို ရွေးထားရမယ်။ အဲဒီကို မိဘအိုးဘွားတွေ၊ သားသမီးလေးတွေကိုချီပိုးပြီးတော့ အမြန်ဆုံးရောက်နိုင်အောင်။ ဘုရားကျောင်းကန်ဆိုလည်း ဘုရားကျောင်းကန်နေရာပေါ့။ ပြင်ဆင်ထားရမယ်။ လာတော့လာဦးမှာ သေချာတယ်။ ဘယ်အချိန်ဆိုတာပဲ မသိတာ။ အဲဒီလိုမျိုး ပြင်ဆင်ထားဖို့လိုတယ်။ အဲဒါက Short Term အနေနဲ့ အရေးကြီးတယ်လို့ထင်ပါတယ်။ ကြိုတင်ပြင်ဆင်ဖို့ပေါ့နော်။ Long Term အနေနဲ့က စောစောကပြောတဲ့ ဒီရေတောပါပဲ။ ဒီရေတောက တကယ့်သဘာဝအကာအကွယ်ပါ။ ဒါကို ပြန်စိုက်ဖို့ဆိုတာ နှစ်ပေါင်းများစွာကြာဦးမှာ၊ အရင်တုန်းက ပြန်စိုက်ထားတာတွေတောင်မှ မုန်တိုင်းကြောင့် ကုန်သွားပြီ။ အခုထပ်ပြန်စိုက်ဖို့က သူတို့ကို Livelihood မပေးခင်မှာ လုပ်လို့မရဘူး။ သူတို့ကို ဆရာတို့ပြောတဲ့ Cash for Food၊ Cash Grant ဆိုသလိုပဲ Cash for Plantation ပေါ့။ အဲဒီလိုပေးပြီး သူတို့ဘာလုပ်ပေးနိုင်သလဲ၊ ကိုယ့်အနီးပတ်ဝန်းကျင်မှာ အပင်ငါးပင်စိုက်ပါ။ တစ်နိုင်တစ်ပိုင်ပေါ့။ အဲဒါကို တချို့ Initiative လေးတွေ လုပ်နေကြပါပြီ။ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ဖို့ဆိုတာ Network လို သေးတယ်။ အကြံဉာဏ်တွေလိုသေးတယ်။ Long Term အနေနဲ့က ဒါကြီးတစ်ခုလုံး အကာအကွယ်ရဖို့။ Short Term အနေနဲ့က လောလောဆယ် စားဝတ်နေရေးနဲ့ရေပါ။ ရေအသက်တစ်မနက် ထမင်းအသက်ခုနစ်ရက်ပါ။ ရေက မသောက်ဘဲနေလို့မရပါဘူး။ ကိုယ်လည်းဘာမှမလုပ်နိုင်ပေမယ့် ကိုယ်တတ်နိုင်သလောက်တော့ ကူညီပေးချင်ပါတယ်။

**ဦးဇော်ထူးဦး ။** ။ ကျွန်တော်တို့က Short Term နဲ့ပတ်သက်လို့ စားဝတ်နေရေးက အရေးအကြီးဆုံးလို့ ပြောနေကြတယ်။ ပြီးခဲ့တဲ့တစ်ပတ်က ကျွန်တော်တာဝန်နဲ့ရောက်သွားတော့ နေရေးနဲ့ပတ်သက်ပြီး ပြန်ကြည့်မိတဲ့အချိန်မှာ တချို့က တာပေါ်လင်လေးတွေနဲ့ အိမ်အပျက်ကလေးတွေမှာ နေနေရတယ်။ အဲဒါ တစ်နှစ်ပြည့်နေပြီ။ အလုပ်အကိုင်ကျတော့လည်း သူတို့ရဲ့စီးပွားရေးလုပ်ငန်းတွေပျက်သွားတာအများကြီးတွေ့ရတယ်။ နောက်တစ်ခါကျတော့ မိသားစုနဲ့ပတ်သက်ပြီး Social နဲ့ပတ်သက်ပြီး ကလေးတွေကျောင်းထားဖို့ကိစ္စတွေလည်း ရှိတယ်။ တစ်နှစ်ပြည့်သွားပေမယ့် သူတို့က ဘာကိုမျှော်လင့်နေသလဲဆို သူတို့ကို ဘယ်သူအကူအညီပေးမလဲဆိုတာကို မျှော်လင့်နေတာ။ Short Term ကတော့ သူတို့ရဲ့ Shelter ပေါ့နော်။ မိုးတွင်းရောက်တော့မယ်။ တာပေါ်လင်တွေ မိုးထားကြတုန်း။ ဒီနေရေးနဲ့ပတ်သက်ပြီး လုပ်ပေးဖို့လိုတယ်ပေါ့နော်။ နောက်တစ်ခုက အလုပ်အကိုင် စားဝတ်နေရေးနဲ့ပတ်သက်လို့ ကျွန်တော်ခုနကပြောခဲ့သလို Cash Grant ပေါ့။ အရင်းအနှီးထုတ်ပေးတယ်။ ပိုက်ဆံတစ်သိန်းထုတ်ပေးလိုက်ရင် အများစုက အဲဒီပိုက်ဆံနဲ့အလုပ်လုပ်ဖို့ထက် အကြွေးဆပ်တာနဲ့ အိမ်အတွက်လိုတာဝယ်လိုက်တာနဲ့ ငွေတစ်သိန်းက ငါးသောင်းလောက်ပဲကျန်တယ်။ အဲဒီလိုမျိုးဟာတွေ တွေ့ရတယ်။ အဲဒီနည်းကို ဘယ်လိုဖြေရှင်းမလဲ။ ငါးဖမ်းပိုက်ပေးတယ်။ အားလုံးကိုပေးနိုင်သလား။ သူတို့လိုအပ်ချက်နဲ့ကိုက်ညီသလား။ ထွန်စက်ပေးလိုက်တယ်။ မောင်း ဖို့ဆီ မရှိဘူး။ အဲဒီပြဿနာတွေ ရှိတယ်။

နောက်တစ်ခုက ရေနဲ့ပတ်သက်လို့။ ကျွန်တော် ဟိုင်းကြီးကိုရောက်တယ်။ ကျွန်တော်တို့ဆီက WATSAN အဖွဲ့က ရေတွင်းတွေတူးပေးတယ်။ အဲဒီရေတွင်းမှာ ရေက တစ်ထွာလောက်ပဲ ထွက်တယ်။ အဲဒီတစ်ထွာလောက်ကိုပဲ ရွာသားတွေအားလုံးက စောင့်ပြီးခပ်နေရတယ်။ ကျွန်တော်တို့တောင် သောက်စရာ ရေမရှိဘူး။ ရေသောက်ချင်တယ်ဆိုတာတောင် မပြောရက်ဘူး။ သူတို့မှာ ကျွန်တော်တို့ကိုတိုက်ဖို့ ရေအပိုမရှိဘူး။ ရေတွင်းတစ်တွင်းထဲကိုက ပြုခပ်နေရတာ။ ခုနက ဆရာမပြောသလို ရေပြဿနာကြုံနေရတာရှိပါတယ်။ ဒါကို ဖြေရှင်းရမယ်။ နောက်တစ်ချက်ကတော့ လူတွေက မုန်တိုင်းကို လန့်နေကြတယ်။ မိုးလေး နည်းနည်းရွာလိုက်ရင် သတင်းကထွက်လာတယ်။ လျှောင်လှုပ်မယ်။ မုန်တိုင်းတိုက်မယ်ဆိုပြီး သူတို့လန့်နေတယ်။ လန့်တာထား အုံး။ Disaster ဖြစ်လာရင် ရှောင်ဖို့နေရာပေါ့။ ဘယ်နေရာအကာ အကွယ်ရနိုင်မလဲဆိုတဲ့နေရာမျိုးတွေ ဆောင်ရွက်ထားဖို့လိုတယ်။ ကျွန်တော်တို့ရောက်တဲ့ရွာတွေမှာဆို တစ်ခုခုဖြစ်လာရင် ဘယ်ပြေးရမှန်းမသိဘူး။ အဲဒီ Knowledge ကလည်းမရှိဘူး။ အခုတော့ Cyclone Shelter တွေလုပ်နေတာတွေရှိတယ်။ ရှိပေမယ့် ရွာသားတွေရဲ့စိတ်ထဲမှာ သိပ် Knowledge မရှိဘူး။ ဖြစ်ပြီဆိုတာနဲ့ ဘယ်ကိုရွှေ့မလဲဆိုတာ Disaster နဲ့ပတ်သက်ပြီး သူတို့ကို Knowledge ရအောင်ပေးဖို့လိုတယ်။ အဲဒီနေရာမှာလည်း Training (သင်တန်း) လို သွားပေးလို့မရဘူး။ ဘေးဒုက္ခဖြစ်နေတဲ့ Affected ဧရိယာမှာသွားပြီးတော့

ဟာ ငါတို့လိုတာက အကူအညီတွေ၊ လာပြီးတော့ သင်တန်းပေးနေတယ်ဆိုပြီး လက်ခံမှာမဟုတ်ဘူး။ အဲဒီတော့ သူတို့ကို ဥပမာ–ဆိုင်ကလုန်းဆိုတာ ဘယ်လိုဟာမျိုး၊ ဖြစ်ပြီဆိုရင် ဘယ်လိုရွှေ့ပြောင်းရမလဲ အဲဒီလိုရှင်းပြဖို့လိုတယ်။ ပြီးခဲ့တဲ့အတွေ့အကြုံအရဆို ဘယ်လိုရွှေ့ရမလဲ။ ဘယ်နေရာသွားရမှန်းမသိလို့ ပြဿနာတွေဖြစ်ခဲ့တာ။

ရေရှည်အပိုင်းက အခုခေတ်စားလာတာ Disaster Risk Reduction ဆိုပြီး လုပ်လာကြတယ်။ ကျေးရွာတွေမှာ VTA လို့ခေါ်တဲ့ Village Tract Assessment ပေါ့၊ ဒေသရဲ့ Resources တွေကို ကျေးရွာလူထုကပဲ Assessment လုပ်ပြီးတော့ ဒေသခံတွေပါတဲ့ CBO (Community Based Organization) တွေက Disaster နဲ့ပတ်သက်ပြီး ကြိုတင်ပြင်ဆင်တာမျိုး Long Term အနေနဲ့ ကြိုလုပ်ထားရမယ့်ဟာပေါ့။

**ဒေါက်တာအောင်ထွန်းသက်** ॥ ॥ ကျွန်တော်တို့ UN ရယ်၊ အာဆီယံရယ်၊ အစိုးရရယ်ပေါင်းပြီး Assessment လုပ်ကြတယ်။ အဲဒါကို PONJA လို့ခေါ်တယ်။ PONJA Report ထွက်လာတယ်။ လူတွေ ဘယ်လောက်သေတယ်၊ ဘယ်လောက် ပမာဏဆုံးရှုံးတယ်၊ အဲဒီထွက်ထားတဲ့အပေါ် အခြေခံမှုတည်ပြီးတော့ PONREPP ဆိုပြီး Report တစ်ခုထပ်ထွက်လာတယ်။ အဲဒီမှာ Recovery အတွက် ဒေါ်လာသန်း ၇၀၀ လောက်လိုမယ်လို့ တွက်တယ်။ တစ်ကမ္ဘာလုံးမှာ Disaster ဖြစ်တိုင်း ဖြစ်တဲ့ပမာဏကို တစ်နိုင်ငံထဲက ခါးစည်းဝန်ထမ်းဖို့ မလွယ်ကူဘူး။ ဘယ်လောက်ကြီးနိုင်ငံရဲ့အင်အားရှိရှိ ပြင်ပအကူအညီယူရတယ်။

ဒီမှာလည်း ခုနပြောသလို Lesson Learn တစ်ခုရလိုက်တာက အရင်တုန်းက တစ်ခါမှ မရှိခဲ့တဲ့ဟာ။ အာဖရိကမှာ ကျွန်တော်တို့တွေ့ရတယ်။ အာဖရိကမှာ ဆင်းရဲမွဲတေမှုပြဿနာတွေ၊ စစ်အေးပြဿနာတွေ၊ AIDS ပြဿနာတွေ၊ ငတ်မွတ်ခေါင်းပါးမှုပြဿနာတွေ Regional Poverty ပေါ့။ အဲဒါတွေကို ဒေသဆိုင်ရာအဖွဲ့အစည်းတွေက ဝင်ရှင်းတာရှိတယ်။ ကျွန်တော်တို့အာရှတိုက်မှာ အခု ပထမဦးဆုံးအကြိမ် အာဆီယံဝင်ရှင်းတယ်။ အာဆီယံပါလာတယ်။ ဒီ Report က အာဆီယံရော၊ အစိုးရရော၊ UN ရောပါတယ်။

PONJA Assessment လုပ်တုန်းက နာဂစ်ကြောင့် လတ်တလောဖြစ်တဲ့ပြဿနာတွေထဲက ချက်ချင်းမပေါ်ဘဲ နောက်မှတွေ့ရမယ့်ပြဿနာတွေ အများကြီး။ PONJA Report ကို သေချာဖတ်ရင် အဲဒီမှာရေးထားတယ်။ PONREPP က အဲဒါကို အခြေခံပြီးတော့ရေးထားတယ်။ အဲဒီမှာ ကျွန်တော်သွားတွေ့တာ ဘဝသုံးခု။ တစ်ခုက Livelihood သူတို့ဘဝပြန်ထောင်ဖို့ အသက်မွေးဝမ်းကျောင်းမရှိလို့မရဘူး။ နောက်တစ်ခုက Protective Live လုံခြုံဖို့လိုတယ်။ နောက်တော့ Healthy Life ကျန်းမာဖို့လိုတယ်။ ဒီသုံးခုက တကယ်တော့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးပေါ့လေ။ ဒါကိုပြန်လုပ်ဖို့လိုတယ်။ တစ်ခါတလေ ပန်းတိုင်မရောက်ခင်တက်မမထောင်မိဖို့လိုတယ်လို့ထင်တယ်။ ဖွံ့ရှိဖို့လိုတယ်။ ချက်ချင်းပြန်ထောင်ဖို့ဆိုတာ ပျက်စီးသွားတဲ့အတိုင်းအတာပမာဏက သိပ်ကြီးမားတော့ တော်တော်ကြီးဝိုင်းလုပ်မှရမယ်။

**LC ॥ ॥ အခု နာဂစ်မုန်တိုင်းသင့်ဒေသတွေမှာ NGO တွေ၊ INGO တွေရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို ဘယ်လိုသဘောရပါသလဲ။ တစ်ဦးချင်းက ကောင်းမယ်ထင်တာတွေကို သီးခြားစီလုပ်နေကြတယ်လို့ မထင်ဘူးလား။ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ချိတ်ဆက်ဆောင်ရွက်မှုတွေထဲမှာ အားနည်းမှုတွေရှိတယ်လို့ မြင်မိပါသလား။ နောင် ဒီလိုကိစ္စမျိုးပေါ်ပေါက်လာရင်ရော NGO တွေ၊ INGO တွေအချင်းချင်း စနစ်တကျ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်နိုင်မယ့် Strategy တစ်ခုချမှတ်သင့်ပြီလို့ မထင်မိဘူးလား။ ဆရာတို့ရဲ့အမြင်ကို သိပါရစေ။**

**ဦးတင်မောင်သန်း** ॥ ॥ NGO ဆိုတာ ကိုယ်စိတ်ဝင်စားတာကိုလုပ်ဖို့ ဖွင့်ထားတာဖြစ်တယ်။ တစ်နည်းနည်းနဲ့ ကိုယ်စိတ်ဝင်စားတာကို ထိထိရောက်ရောက်လုပ်မယ်။ Overhead အနည်းဆုံးနဲ့ အထိရောက်ဆုံးလုပ်မယ်ပေါ့။ ဒါကိုဖွဲ့စည်းပုံထည့်ချင်တယ်ဆိုရင် Wrong Concept ပါပဲ။



ဟုတ်တယ်။ Coordination ကတော့ လိုတာပေါ့။ Coordination Mechanism ကတော့ လိုတယ်။ Coordination Mechanism ဆိုရာမှာလည်း NGO တိုင်းရဲ့ Political Will လိုတာပေါ့။

**ဦးဘော်ဘီ** ॥ ॥ နာဂစ်ဖြစ်ပြီးပြီးချင်း အချိန်တွေမှာ စဝင်တဲ့အဖွဲ့အစည်းကတော့ နည်းသေးတယ်။ နောက်ပိုင်းမှာပဲ NGO တွေက ထပ်ထပ်ပြီးဝင်လာတယ်။ ကျေးရွာတစ်ခုမှာ အဖွဲ့အစည်းတစ်ဖွဲ့က တူညီတဲ့

www.foreverspace.com.mm



လုပ်ငန်းမျိုးတွေ လုပ်နေတာမျိုးလည်း တွေ့လာရတယ်။ ဒါပေမဲ့ ကြာလာတဲ့အခါကျတော့ Coordination Mechanism က ပေါ်လာတယ်။ ရန်ကုန်နယ်ပယ်မှာပေါ်လာတယ်။ Local Level မှာပေါ်လာတယ်။ အဓိက ကတော့ OCHA (Office for Coordination of Humanitarian Affair) ဆိုတဲ့အဖွဲ့က ဦးဆောင်တယ်။ အဲဒီနောက်ပိုင်းမှာတော့ တဖြည်းဖြည်း Overlap ဖြစ်တဲ့ဟာတွေ နည်းလာတယ်။ အဲဒါက ကောင်းသလားလို့မေးလို့ရှိရင် အဲဒီအချိန်တုန်းကတော့ ကောင်းတယ်လို့ ဖြေလို့ရပါတယ်။ ဒါပေမဲ့ OCHA က ဒီမှာအမြဲတမ်းမနေနိုင်ဘူး။ အဲဒီတော့ Emergency ကာလမှာပဲဝင်ပြီး Coordination လုပ်ပေးတဲ့သဘောပေါ့။ အခုဆို မကြာခင် တစ်လနှစ်လလောက်မှာ OCHA က ဆက်ရှိဖို့ မသေချာဘူး။ ဒါပေမဲ့ အခုထက်ထိ ဒီတာဝန်တွေကို ဘယ်သူယူမလဲဆိုတာကို ပြင်ဆင်ထားမှုမှာကျတော့ ရှင်းရှင်းလင်းလင်းမရှိသေးဘူး။ OHCA ထွက်သွားလို့ရှိရင် ဒီလို Local Level Coordination Mechanism က ရှိဦးမှာလည်းဆိုတာက အခုထက်ထိ သံသယဖြစ်နေကြတယ်။

နောက်ပြီးတော့ NGO တွေရဲ့ အပိုင်းကလည်း Coordination ဆိုတာကို ကျယ်ကျယ်ပြန့်ပြန့်ပြောနေပေမယ့် ပိုက်ဆံရမှ လုပ်မယ်ဆိုတဲ့ Attitude ရှိနေသလိုခံစားရတယ်။ Coordination ဆိုတာက သူ့ဘာသာသူလိုအပ်ချက်အရ ပေါ်ပေါက်လာပြီးတော့ ဝိုင်းဝန်းပြီးတော့ လုပ်ကြမယ်ဆိုတဲ့ သဘောမဟုတ်ဘဲနဲ့ ဒီအတွက် Budget သတ်သတ်မရှိလို့ တာဝန်မယူနိုင်ပါဘူးဆိုတဲ့ Organization တွေက ပိုများတယ်။ အထူးသဖြင့် Organization အကြီးကြီးတွေကိုယ်တိုင်ကပဲ ဒါကြီးက အပိုတာဝန်တစ်ခုလိုဖြစ်နေတာပေါ့။ ဘတ်ဂျက်မရှိဘူးဆိုပြီး ဒီလိုပဲအကြောင်းပြပြီး OHCA မရှိဘူးဆိုရင်ပဲ Coordination Mechanism က ပျက်သွားမယ့်သဘော ဖြစ်နေတယ်။

နောက်တစ်ခုက Coordination Mechanism က Local Level မှာရှိတယ်ဆိုပေမယ့် မြို့နယ်တချို့မှာပဲရှိတယ် ပြောလို့ရတယ်။ မှန်တိုင်းဒဏ်ခံရတဲ့ မြို့နယ်တိုင်းမှာရှိနေတာမျိုး မဟုတ်ဘူး။ နောက် သူ့ထက်အရေးကြီးတဲ့ Field Level Coordination ပေါ့။ ဆိုလိုတာက ကျေးရွာအဆင့်တွေမှာကျတော့ Coordination Mechanism က မရှိပြန်ဘူး။ အဲဒီအခါကျ ကျေးရွာသားအချင်းချင်းပူးပေါင်းဆောင်ရွက်ဖို့ အုတ်မြစ်တွေကို ဖော်ဆောင်ပေးထားတာမျိုးမရှိသေးဘူး။ အဲဒီတော့ တချို့မြို့နယ်မှာပဲ Coordination Mechanism ရှိတယ်။ NGO တွေ ပူးပေါင်းပြီး ဆောင်ရွက်ကြတယ်ဆိုတဲ့အဆင့်ပဲရှိတယ်။ NGO တွေအတွက် Coordination လုပ်ဖို့ Platform တစ်ခုအနေနဲ့ပဲရှိသေးတယ်။ တကယ့်မုန်တိုင်းဒဏ်ခံရတဲ့သူတွေ ဘာတွေလိုအပ်တယ်ဆိုတဲ့သတင်းအချက်အလက်တွေ ကိုယ်တိုင်လက်လှမ်းမီဖို့ကျတော့ သူ့ Level၊ ဆိုလိုတာက ကျေးရွာအုပ်စုအဆင့် ကျေးရွာအဆင့် မြို့နယ်အဆင့်မှာဆိုလို့ရှိရင် အဲဒီလူတွေ ပါလာတာမျိုးမရှိဘူး။ ဒီ Coordination



ဦးဇော်ထူးဦး

Mechanism တည်ဆောက်ထားတဲ့ပုံစံကလည်း ရေရှည် ဘယ်လိုမှတည်မြဲမယ့်ပုံစံမဟုတ်ဘူး။ အဲဒါက Issue တစ်ခုဖြစ်လာတယ်။ သူတို့အဖွဲ့ ဒီမှာမရှိတော့ဘူးဆိုလို့ရှိရင် ဒီကိစ္စကို ဘယ်သူကတာဝန်ယူမလဲပေါ့။ နောက်ပြီးတော့ ဒီဟာကို ဘယ်လိုဆက်ပြီးသွားမလဲဆိုတာက ရေရှည်မှာ ပြဿနာတစ်ခုဖြစ်လာတယ်။

**ဦးဇော်ထူးဦး ။ ။** NGO ကတော့ သူ့ NGO မှာ သူ့ Mandate နဲ့သွားတယ်။ ကိုယ်စီကိုယ်စီရှိကြတဲ့ သဘောရှိတာပေါ့။ ဒါပေမဲ့ သူက အခုနာဂစ်လိုမျိုး ကူညီကယ်ဆယ်ရေးလုပ်ငန်းလုပ်တော့မယ်ဆိုရင် ပူးပေါင်းဆောင်ရွက်မှုကတော့ အရေးကြီးတယ်။ လုပ်ငန်းတွေမှာကတော့ သူ့မူလရည်မှန်းချက်တော့ ရှိတာပေါ့။ ဒါပေမဲ့ ဒီလိုမျိုး Operation လုပ်တော့မယ်ဆိုရင် ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ လိုအပ်တဲ့အခါကျတော့ အဖွဲ့အစည်းတစ်ခုက ဦးဆောင်ပြီးတော့ ဘယ်အဖွဲ့အစည်းကလုပ်မလဲ။ ပြဿနာကတော့ ရှိမှာပဲ။ ဒါပေမဲ့လို့လည်း နာဂစ်အတွေ့အကြုံအရတော့ ဒီအဖွဲ့အစည်းတွေနဲ့ပတ်သက်ပြီး ညှိနှိုင်းဆောင်ရွက်တဲ့အခါမှာ ခုနကပြောတဲ့ OHCA ဆိုတာရှိသလို Government Side ကလည်း ညှိနှိုင်းပေးတာရှိတယ်။ စလုပ်ခါစ တစ်လနှစ်လအတွင်းတော့ သူကအရင်ရောက်၊ ကိုယ်ကအရင်ရောက် အဲလိုမျိုးတွေဖြစ်တယ်။ အခုလည်းဖြစ်သေးတယ်။ ဒီမှာက ကျောင်းကဆောက်နေတယ်။ တခြားအဖွဲ့ကလည်း ကျောင်းဆောက်ဖို့ဖြစ်လာတယ်။ ဖြစ်လာတော့ ဒီအဖွဲ့ကထွက်ပေးရမလား။ ဟိုအဖွဲ့ကထွက်ပေးရမလား။ အဲလိုမျိုးဟာတွေကလည်း ရှိတယ်။ ဒါပေမဲ့ အစပိုင်းမှာတော့ သိပ်တော့ပြဿနာမရှိဘူး။ Long Term မှာတော့ ပြန်လည်ထူထောင်ရေးမှာတော့ NGO တစ်ခုက ဒီဒေသမှာ Funding အနေနဲ့ ရထားတယ်။ တခြား NGO အဖွဲ့ကလည်း ဒီဟာပဲလုပ်တဲ့အခါမျိုးမှာ ညှိနှိုင်းပေးမယ့် အဖွဲ့အစည်းကတော့လိုတယ်။ ဒါပေမဲ့ အဲဒီအဖွဲ့အစည်းကလည်း ပြန်လည်ထူထောင်ရေးကာလမှာ အစိုးရပိုင်းနဲ့

www.foreverspace.com.mm

အခါကသက်ဆိုင်တယ်။ အဖွဲ့အစည်းအနေနဲ့ရှိထားရင်တော့ ကောင်းတယ်။ ဒါပေမဲ့ NGO ကတော့ သူ့ Mandate နဲ့သူ သွားနေတာဖြစ်တဲ့အတွက် Influence သွားလုပ်ဖို့တော့ မဖြစ်နိုင်ဘူး။ ဒါပေမဲ့ လုပ်ငန်းတစ်ခုအတွက်က ဒီလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်တဲ့အခါ ဘယ် NGO ကတော့ ဘယ်ဟာလုပ်မယ်။ ဘယ် NGO ကတော့ ဘယ်ဟာလုပ်မယ်ဆိုတာမျိုးတော့ ရှိတယ်။

**ဒေါက်တာစစ်နိုင် ။ ။** နိုင်ငံတကာက ပစ္စည်းပံ့ပိုးမှုရော၊ နည်းပညာပိုင်းပံ့ပိုးမှုပါလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တချို့သော အဖွဲ့အစည်းက ပညာရပ်ပိုင်းမှာ အများကြီးရှေ့ရောက်နေတာတွေ့ပါတယ်။ သူတို့က နည်းပညာတွေ၊ သင်ခန်းစာတွေ၊ အလုပ်လုပ်ပုံနည်းစနစ်တွေရထားပြီးသားရှိတော့ အဲဒါလေးတွေကို ယူသုံးလိုက်လို့ရှိရင် မြန်မြန်နာလန်ပြန်ထူမှာပေါ့။ ခုနက ဆရာပြော သလို မြန်မြန်နဲ့ အထိမနာဘဲဖြစ်ဖို့ကျတော့ အပြည့်ပြည့်ဆိုင်ရာက အတွေ့အကြုံ၊ နည်းပညာ၊ ရုပ်ဝတ္ထုပစ္စည်းအဲဒါတွေ လိုပါတယ်။

NGO တွေနဲ့ပတ်သက်လို့ ပြန်ပြီးပြောရရင်တော့ ခုနကလို NGO သဘောသဘာဝအရ Mandate ရှိတာပေါ့။ ဖွဲ့ကတည်းကိုက ဘာရည်ရွယ်ချက်နဲ့ဖွဲ့ထားတယ်။ ဘာလုပ်ရမယ်ပေါ့။ ဘာကိုကျွမ်းကျွမ်းကျင်ကျင်လုပ်နိုင်တယ်။ ဒါကြောင့် ဘာလုပ်မယ်ဆိုတဲ့ဟာရှိတယ်။ ရှိတော့ ခေါင်းဆောင်တစ်ဦးက လွန်ခဲ့တဲ့ ၁၀ နှစ်တစ်ဝိုက်လောက်က အမိန့်ရှိဖူးတယ်။ ဒီ NGO တွေ အဲလိုမျိုး Mandate တွေနဲ့ အလုပ်လုပ်ဖို့လာရင်တော့ တော်တော်လေးအခက်အခဲရှိလိမ့်မယ်။ စောနက Mandate ဆိုတဲ့ ပုံသေကားချပ်ကြီးကို ဒီအခန်းထဲမဝင်ခင် ဒါမှမဟုတ်လည်း နိုင်ငံထဲမဝင်ခင် အပြင်မှာချိတ်ခဲ့ရင် ပိုကောင်းမယ်။ အဲလိုမျိုးကို ဒဲ့တွယ်ပစ်လိုက်တာ ရှေးရိုးစွဲခေါင်းဆောင်မဟုတ်ဘူး။ ဒါပေမဲ့ အဲလိုပြောလိုက်တဲ့အခါကျတော့ အကုန်လုံး လန့်ဖျပ်သွားတယ်။

ကိုယ့် Mandate တွေ တစ်အားဆုပ်ကိုင်ပြီး အလုပ်လုပ်နေလို့မရဘူး။ ဥပမာဆိုလို့ရှိရင် ကျွန်တော်တို့အဖွဲ့ရဲ့ Mandate မှာ ကယ်ဆယ်ရေးလုပ်ရမယ်ဆိုပြီး တစ်ခုမှမပါဘူး။ လုပ်တတ်တယ်လို့လည်း မခံယူဘူး။ ဒါပေမဲ့ လိုတဲ့အတွက် Mandate ကို ပြောင်းဖို့ ခွင့်ပြုချက်တောင် ရတ်တရက်မတင်လိုက်ဘူး။ ငါတို့လုပ်နေပြီပေါ့။ အိုကေရဲ့လား။ အေးပါလုပ်။ တို့လည်း ပံ့ပိုးပေးမယ်ဆိုတာမျိုးဖြစ်သွားတာပဲ။ ဒါပေမဲ့ NGO တွေမှာ Mandate ဆိုတာရှိတယ်။ လုပ်ရမယ်ဆိုတာရှိပေမယ့် တစ်ဖက်က လူထုလိုအပ်ချက်အရလုပ်ရတာတွေလည်း ရှိတာပဲ။ ပေါင်းစပ်ညှိနှိုင်းပြီး ထိထိရောက်ရောက်လုပ်ဖို့တော့လိုတယ်။

ဒါပေမဲ့ အပြည့်စည်းစည်းလုံးလုံးပေါင်းစပ်ညှိနှိုင်းဖို့တော့ ခက်မှာပါပဲ။ OHCA ကတော့ UN အဖွဲ့အစည်းထဲက တစ်ခုပေါ့။ အရင်ကတည်းက လာဖို့လုပ်ထားတာရှိတယ်။ အဆင်မပြေဘူး။ အခု ဒီကိစ္စကြီးပေါ်လာတော့ အိုကေလိုပြီလား။ ဒါပေမဲ့ အရှည်ထားမလားဆိုတာကိုတော့ . . .။ OHCA ရှိတဲ့အတွက် ရန်ပုံငွေတွေထက် လုပ်ငန်းလုပ်ပုံကိုင်ပုံလေးတွေတော့တော်တော်



ဒေါက်တာအောင်ထွန်းသက်

လေး ပံ့ပိုးကူညီခဲ့ပါတယ်။ တော်တော်လေးလည်း ကောင်းခဲ့တာပေါ့။ ဒါပေမဲ့ သူမရှိရင် ဘယ်သူလုပ်မလဲ။ လူတွေတောင်မှ ဒီလိုပဲ အသက်ရှင်အောင် လုပ်ရရင် သူလည်း ကြည့်ကြက်လုပ်ရမှာပေါ့။

NGO တွေအနေနဲ့ ကြည့်ရင်တော့ လုပ်နိုင်ကိုင်နိုင်မှု တော်တော်လေးတိုးလာပါပြီ။ ရန်ပုံငွေအခုများတယ်။ အခုနေ ပြန်နည်းသွားမယ်။ သို့သော် ဘာပြောပြော ကိုယ့်ထဲမှာ ဘာကျန်ခဲ့လဲဆိုတော့ အမြင်တွေနည်းစနစ်တွေ ကျန်ခဲ့တာတွေ တော်တော်လေးရှိပါတယ်။

**ဒေါက်တာအောင်ထွန်းသက် ။ ။** ပထမဆုံးပေါ်ပေါ်လာတဲ့ Organization တွေကို ကြိုဆိုရမယ်။ တစ်ခါမှ မကြားဖူးတဲ့ INGO တွေ ရောက်လာကြတယ်။ အဲဒါကိုကြိုဆိုရမယ်။ ပညာတွေရတယ်။ အတုခိုးစရာတွေ အများကြီးပဲ။ မကောင်းတာလည်းရှိတယ်။ ကောင်းတာလည်းရှိတယ်။ သူတို့ထဲမှာ ရိုးရိုးသားသား စေတနာမှန်မှန်လုပ်တဲ့သူတွေရှိသလို ပုံစံအမျိုးမျိုးနဲ့လုပ်တဲ့လူတွေလည်း ရှိတယ်။ ဒါကတော့ နားလည်ရမယ်။ အဲတော့ မီဒီယာသမားက တာဝန်ရှိတယ်။ အဲဒီနေရာမှာ မြန်မာစကားပုံရှိတယ်။ ငါးခုံမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ပေါ့။ အဲဒီမှာ (ပုပ်နေတဲ့ငါးခုံမကြောင့်) အားလုံးကိုလက်မခံရင် နစ်နာတယ်။ စဉ်းစားကြည့်။ အားလုံးသည် ခြောက်ပြစ်ကင်းသဲလဲစင်မရနိုင်ဘူး။ သတိထားရမှာနောက်တစ်ခုက အခု Egress သည် NGO တစ်ခု။ Board of Director တွေရှိတယ်။ ဝန်ထမ်းတွေရှိတယ်။ အားလုံးသည် နိုင်ငံတော်အဖွဲ့အစည်းမှာလုပ်တဲ့ဝန်ထမ်းတွေမဟုတ်ဘူး။ Director တစ်ယောက်ကပြောလိုက်တာနဲ့ မှန်ပါ့ဘုရားလို့ပြော စရာဘာမှမရှိဘူး။ သူတို့မှာ ဝါသနာပါလို့ ဝင်လုပ်နေတာ။ ဒါပေ မဲ့ သူတို့ရဲ့အတွင်းစိတ်၊ သူတို့ရဲ့ခံယူချက်က ကိုယ်ပိုင်လွတ်လပ်ခွင့်

www.foreverspace.com.mm

ရှိတယ်။ NGO ထဲမှာ INGO ထဲမှာ အဲဒါကို နားလည်ရင်၊ အဲဒါကို လိမ်လိမ်မာမာပါးပါးနပ်နပ်ကိုင်တွယ်နိုင်ရင် ဆိုးတာတွေပယ်ပြီး ကောင်းတာတွေ ယူသုံးရမယ်။ ကျွန်တော် စိတ်ပူတာက ဆိုးတာကို ကြောက်လို့ ကောင်းတာကိုပယ်မှာကို ကြောက်တယ်။

အဲဒီတော့ NGO တွေ၊ INGO တွေ များလေလေ ကောင်းလေလေပဲ။ ဒါပေမဲ့ တစ်ခုရှိတာက Coordination ။ အဲဒါနဲ့ပတ်သက်ပြီး စဉ်းစားရာမှာ Organization Management ဘက်က ကြည့်ရင် စိတ်တူသဘောတူ Coordinate လုပ်တာ အဓိကပဲ။ ဘောင်ချပြီး Coordinate လုပ်ရင် ဘာပြဿနာတက်လာလဲဆိုတော့ ဘယ် NGO က ဘယ်နောက် NGO ကို သူ့မှာ ဘယ်အခွင့်အာဏာနဲ့ Coordinate လုပ်ရတယ်ဆိုတာ ပြဿနာရှိတယ်။ သူတို့က Independent ပေါ့။ ကျွန်တော်တို့အနေနဲ့လိုတာက Coordination ထက်ကို Collaboration ပေါ့။ စကားလုံးပြောင်းမယ်။ Coordinate လုပ်တယ်ဆိုတာက ကိုယ်ကသူများကိုသွားညှိတာ။ ဗဟိုကနေညှိရင် အားလုံးက ဗဟိုညှိတာကိုခံတဲ့သူတွေဖြစ်ရမယ်။ အဲဒါ Coordination ။ Collaboration က ဥပမာ–ဖျာပုံမှာလုပ်နေပါတယ်။ ထိုင်ရအောင်။ ပြီးရင် Egress က ဘယ်သွားမယ်။ FAO က ဟိုသွားမယ်။ WFP က ဒီသွားမယ်။ (ထပ်နေရင်) မင်းတို့နဲ့ အတူတူ ပစ္စည်းလေးထည့်ပေးလိုက်လို့ မရဘူးလား။ အဲတော့ အဲ လိုပုံစံမျိုးပေါ့။ Collaboration တစ်ယောက်နဲ့တစ်ယောက် ပူးပေါင်းဆောင်ရွက်မှုကို ဖော်ပေးစေချင်တယ်။ မဟုတ်ဘဲနဲ့ Plan ချပြီးတော့လုပ်ရင် တစ်ဦးချင်းတစ်ယောက်ချင်းရဲ့ တီထွင်မှုအပေါ် လွတ်လပ်မှုမရှိတော့ဘူး။ NGO ဆိုတဲ့သဘာဝကိုက လွတ်လွတ်လပ်လပ်လုပ်ချင်တဲ့သူ။ အဲဒါကိုသွားပြီး ဘောင်ခတ်တဲ့ပုံစံမျိုးဆိုတာထက် နေရာထပ်နေရင် တခြား NGO က သယ်သွားလိုက် Collaboration ပေါ့။ အဲဒါမျိုးလေးတွေကို တွေ့ရတယ်။ အဲဒါမျိုးတွေကို သတိထားပြီးဆောင်ရွက်ပေးရင် ပိုပြီးထိရောက်တယ်။

နာဂစ်ကို Response လုပ်တဲ့အခါမှာ တွေ့ရတာက ဒီနှစ်ခုပဲ။ Coordination နဲ့ Collaboration ပဲ။ Collaborate လုပ်တာများဖို့လိုတယ်။ ဖြစ်နိုင်ရင်တော့ Coordinate ပေါ့။ ဒါပေမဲ့ Coordinate က Independent ပေါ့။ တစ်ယောက်ကနေ ဦးစီးပြီး ညှိတာမျိုးမဟုတ်ဘဲနဲ့ ပေါင်းပြီး သဘောတူတဲ့ဟာမျိုးပေါ့။ သိသာတာကတော့ မြို့နယ်တွေမှာ ကော်မတီဖွဲ့တာပေါ့။ အဲဒီကော်မတီဖွဲ့တာရဲ့အောက်မှာ NGO တွေလာပြီးတော့ တိုင်ပင်တယ်။ ဆွေးနွေးတယ်ဆိုတော့။ Coordination ယောင်ယောင်လေးလုပ်နေတာတွေ့တယ်။ ဒါလည်း အောင်မြင်တာပဲ။ အရေးကြီးတာက လိုတဲ့ပစ္စည်းတွေ၊ လိုတဲ့နေရာမှာ လိုတဲ့အချိန်ရဖို့ပဲ။

အခု နာဂစ်နဲ့ပတ်သက်လို့ ပြည်တွင်းမှာ စိတ်ဝင်စားမှုရှိတယ်။ ပြည်ပမှာ စိတ်ဝင်စားမှုရှိတယ်။ ရှိတော့ နာဂစ်နဲ့ပတ်သက်လို့ စာတမ်းတွေဖတ်တယ်။ ကိုယ်တိုင်လည်းပါတယ်။ MRTV-4 ကလည်း ပြောတယ်။ ဝိဇ္ဇာ သိပ္ပံပညာရှင်အဖွဲ့မှာလည်း ပြောတယ်။ သတိမထားရင် တစ်ခါတလေဖြစ်တတ်တာက Disaster ကို မှီခိုပြီးတော့ Industry ဖြစ်လာတယ်။ ရေးတောင်ရေးချင်သေးတယ်။ Nargis Industry ဆိုပြီးတော့ ရေးကြတဲ့သူတွေ၊ ပြောကြတဲ့သူတွေ၊ သွားကြတဲ့သူတွေ။ NGO ထောင်လိုက်တာပဲ။ လတ်တလောအတွက် အခွင့်အရေးရမလား။ ဒါက ဖြစ်တတ်တယ်။ နာဂစ် Industry ဖြစ်သလို ဆူနာမီတုန်းကလည်း Industry ဖြစ်တာပဲ။ အင်ဒိုနီးရှား၊ ဘန်ကောက်၊ ယိုးဒယား ဖြစ်တာပဲ။ အဲဒီတော့ ဒီ Disaster အပေါ်မှာ မှီတည်ပြီးတော့ ပေါ်လာတဲ့ Industry ကို သတိထားရမယ်။ ဒီ Phenomenon ဖြစ်တတ်တာကို နားလည်ရမယ်။ ရှိတယ်ဆိုတာကို မီဒီယာအနေနဲ့ ပြောနိုင်ရင်နည်းနည်းဆင်ခြင်လို့ရပြီ။ သွေးတွေဆူနေတုန်းကတော့ ဘာမှကိုလှည့်မကြည့်နိုင်ဘူး။ ရေရှည်မှာ အဲဒါကို သတိထားရမယ်။ သူများကိုကူရင်းနဲ့ ကိုယ့်အကျိုး ဘာရှိလာမယ်ဆိုတာ ပေါ်လာကြတယ်။

**L.C ။ ။ အခု ဆရာတို့ ဆရာမတို့ ဆောင်ရွက်နေတဲ့ လုပ်ငန်းနယ်ပယ်တစ်ခုချင်းစီအလိုက်ပေါ့။ ဒီနာဂစ်မုန်တိုင်း တိုက်ခတ်ပြီးနောက်ပိုင်းမှာဖြစ်ပေါ်လာတဲ့ Impact တစ်ခုချင်းစီအလိုက် သုံးသပ်ဆွေးနွေးပေးပါလား။ ဆရာ ဦးတင်မောင်သန်းက ဧရာဝတီမြစ်ဝကျွန်းပေါ်ရဲ့ ရေလုပ်ငန်းကဏ္ဍနဲ့ ဆန်စပါးစိုက်ပျိုးရေးအခြေအနေကို စပြီး သုံးသပ်တင်ပြပေးစေချင်ပါတယ်။ အထူးသဖြင့် ကြွေးတင်နေတဲ့ တောင်သူလယ်သမားတွေကို ဘယ်လိုနည်းလမ်းနဲ့ ဝိုင်းဝန်းကူညီရင် ကောင်းမလဲပေါ့။**

**ဦးတင်မောင်သန်း ။ ။** နှစ်ပိုင်းရှိတာပေါ့။ တစ်ခုက ဘာလဲဆိုတော့ ရေလုပ်ငန်း Sector အနေနဲ့ ပြောရမယ်ဆိုလို့ရှိရင် ခုနက ပြောတဲ့ Social Capital ပေါ့။ ရေလုပ်ငန်းမှာကျတော့ State Sector ရယ်၊ Private Sector ရယ်၊ နောက်ပြီး Civil Society ရယ် အားပြည့်တယ်ပြောရမယ်။ တုံ့ပြန်အနေနဲ့ကြည့်ရင်တော့ အားရဖို့ကောင်းတယ်။ ချက်ချင်းလုပ်ပေးနိုင်တယ်။ လုပ်နိုင်သလောက်လုပ်ပေးတယ်ဆိုတဲ့ဟာပေါ့။ တုံ့ပြန်မှုအနေနဲ့ကြည့်ရင်တော့ အားရဖို့ကောင်းတယ်။ ဒါပေမဲ့ တခြားတစ်ဖက်ကကြည့်ရင်တော့ လိုအပ်ချက်ရဲ့ သေးငယ်တဲ့အစိတ်အပိုင်းတစ်ခုပဲ အဖြေထုတ်ပေးနိုင်တယ်။ ဒါက Medium to Long Term အဖြေထုတ်ရမယ့်ကိစ္စ။

နောက်တစ်ချက်က ပစ္စည်းတွေထုတ်ပေးရုံနဲ့ပဲ အဖြေမဟုတ်ဘူး။ ကျွမ်းကျင်တဲ့လူတွေပျောက်သွားတယ်။ ငါးသည် Factor တစ်ခု။ အဲဒါအရေးကြီးတယ်။ ဒါကြောင့် အဲဒီဟာကို ပြန်လည်ထူထောင်ပေးဖို့၊ ပြန်လည်ဖြည့်ဆည်းပေးဖို့ဆိုတာက နေ့ချင်းညချင်းလုပ်လို့မရဘူး။ ရေရှည်လုပ်ရမယ်။ Technical Know-How ပေါ့။ Knowledge ငါးနဲ့ပတ်သက်တဲ့အသိပညာတွေ။ ရေလုပ်သားအဆင့်ကနေ ကျွမ်းကျင်သူအဆင့်အထိ ပြန်လည်ထူထောင်ဖို့က ရေရှည်လုပ်ရမယ်။ ဆိုလိုတာက ဘာလဲဆိုတော့ အချိန်တိုတိုအတွင်းမှာ ငါးဖမ်းကိရိယာတွေဖြည့်ပေးရုံနဲ့တင် အဖြေမထွက်ဘူးဆိုတာကတော့ သေချာတယ်။ ရေရှည်တည်ဆောက်ရမယ့်အလုပ်။

www.foreverspace.com.mm

ပေါ်ဖက်က ဘာလဲဆိုတော့ အဲဒီထက်ပိုပြီး အရေးကြီးတာ က ပြတ်သွားတဲ့ Supply Chain ။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံမှာရှိတဲ့ Supply Chain ဆိုတာက လူပုဂ္ဂိုလ်တစ်ယောက်ချင်းရဲ့ယုံကြည်မှုနဲ့ တည်ဆောက်ထားတယ်။ Inter -Personal Trust နဲ့ တည်ဆောက်ထားတာ။ Institutional Trust နဲ့ တည်ဆောက်ထားတာမဟုတ်တဲ့အတွက်ကြောင့်မို့လို့ အဲဒီမှာရှိတဲ့ ကာယကံရှင်တွေပျောက်သွားတဲ့အခါကျတော့ အဲဒီ Supply Chain က အကုန်လုံးပျက်သွားတယ်။ အဲဒီဟာတွေကို ဘယ်လိုပြန်ပြီးတော့ တည်ဆောက်မလဲ။ လူ့အဖွဲ့အစည်းဆိုတာကတော့ သူ့သဘောသူဆောင် ပြီးတော့ တဖြည်းဖြည်းပြန်ပြီး ထူထောင်လာမှာပဲ။ သေချာတာကတော့ အချိန်ယူရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ခုနကပြောတဲ့ Institutional Trust မရှိဘူး။ နည်းခဲ့တာပေါ့။ ဒါကတော့ ငါးလုပ်ငန်းကဏ္ဍတင်မဟုတ်ပါဘူး။ တစ်တိုင်းပြည်လုံးမှာရှိတဲ့ဟာသည် Inter-Personal Trust နဲ့ သွားကြတာကိုး။ အဲဒါတွေ ပြန်လည်ထူထောင်ဖို့ လိုတယ်။ ဒါက ငါးလုပ်ငန်းအတွက်ပေါ့။ ကောင်းကွက်ကလေးကတော့ ဘာရှိလဲဆိုတော့ အိုကေ ဖြည့်ဆည်းရမယ့်လိုအပ်ချက်ကို သေးငယ်တဲ့အစိတ်အပိုင်းနဲ့ ပြန်ဖြည့်ပေးတဲ့အတွက် သဘာဝသယံဇာတပြန်းလာဖို့က . . . ။ (ငါးထုတ်လုပ်တာမှာ) အနားရသလိုဖြစ်သွားတယ်။ ဖမ်းဆီးတဲ့ဟာလျော့သွားတဲ့အတွက် ငါးပို ရှိလာမယ်။ ဒီဟာကလည်း အဓိကစီးပွားရေး Sector ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဲဒီထဲကို Capital ထည့်နိုင်ဖို့တော့လိုတယ်။ နို့မို့လို့ရှိရင်တော့ Supply Chain ပြတ်တောက်သွားခဲ့ရင် အသစ်က ပြန်စရမယ်။ ဒီတော့ Fresh Capital Injection ကတော့ လုပ်ပေးရမယ်။ ဘယ်လိုလုပ်မလဲဆိုတာတော့ Big Question ဖြစ်သွားတာပေါ့။ ပုဂ္ဂလိကကဏ္ဍက ဘယ်လိုလုပ်ကြမလဲ။ Civil Society ကဏ္ဍက ဘယ်လိုလုပ်ကြမလဲ။ နိုင်ငံတော်ကဏ္ဍက ဘယ်လိုလုပ်ကြမလဲ။ NGO က ဘယ်လိုလုပ်ကြမလဲဆိုတာကတော့ Coordination ပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူများရတာထက် နည်းပြီးရတယ်။ အဲဒီဟာအပေါ်မှာ Coordination ပိုလိုတယ်။ လုပ်နေတဲ့သူတွေအားလုံးက ပူးပေါင်းညှိနှိုင်းပြီးလုပ်ရမယ်။

လယ်သမားလက်ထဲ ငွေရအောင် ဘယ်လိုလုပ်မလဲဆိုတာကတော့ အဖြေတစ်ခုတည်းမရှိဘူး။ ဒီကိစ္စမှာက နာဂစ်ပါရင်သော်လည်းကောင်း၊ မပါရင်သော်လည်းကောင်း နိုင်ငံမှာက Poverty ဆိုတဲ့ဟာရှိနေတယ်။ ဒီ Poverty ဆိုတဲ့ဟာကို အဖြေမထုတ်ဘဲနဲ့ မရပါဘူး။ ဒီကိစ္စအဖြေထုတ်ဖို့ ဘယ်မှာဖြစ်ဖြစ် စဉ်းစားရပါမယ်။ Capital Injection လုပ်မယ်ဆိုရင်လည်း နည်းပေါင်းစုံနဲ့လုပ်လို့ရတယ်။ နိုင်ငံတော်အပိုင်းက လုပ်လို့ရတယ်။ ပုဂ္ဂလိကကဏ္ဍက လုပ်လို့ရတယ်။ အဓိကကတော့ Beneficiary တွေ လက်ထဲရောက်သွားဖို့ပဲ။ ဘယ်နည်းနဲ့လုပ်လုပ် နိုင်ငံတော်က လုပ်မယ်ဆိုရင် ငွေထည့်ပေးဖို့ဆိုတာကလည်း နည်းလမ်းတစ်ခု။ ချေးငွေတွေထုတ်ပေးမယ်။ ဒါမှမဟုတ်ရင် One Time grant ပေးတာမျိုးရှိတယ်။ အဲဒီဟာမဟုတ်တဲ့ Capital Injection က ဘာလဲဆိုတော့ အခွန်အတုတ်တွေလျှော့ပေးတာလည်း နည်းလမ်းပဲ။ သွယ်ဝိုက်သောနည်းနဲ့ လုပ်ပေးတာပေါ့။ လိုအပ်တဲ့ပေါ်လစီတွေ ဖြေလျှော့ပေးလိုက်တာပေါ့။ အဖြေတစ်ခုတည်းကတော့ မရှိပါဘူး။

**L.C ။ ။ Field ထဲမှာ Project တွေချပြီး စီမံဆောင်ရွက်ကြတဲ့အပိုင်းတွေနဲ့ပတ်သက်လို့ ဆရာဦးဘော်ဘီရဲ့အမြင်က...။**

**ဦးဘော်ဘီ ။ ။** ဒီ Emergency နဲ့ပတ်သက်ပြီး တော်တော်များများက အတွေ့အကြုံနည်းတယ်လို့ ပြောလို့ရတယ်။ NGO ထဲမှာ တောင်မှ Emergency နဲ့ ပတ်သက်ပြီး တချို့ပဲ အတွေ့အကြုံရှိတယ်။ မြန်မာပြည်မှာက အရေးပေါ်အခြေအနေတွေနည်းတာလည်း တစ်ပိုင်းပါပါတယ်။ လူတွေကို ကြိုတင်ပြင်ဆင်ပေးထားနိုင်တာကတော့ သိပ်များများစားစားမရှိပါဘူး။ ချက်ချင်းဖြစ်လာတဲ့အခါကျတော့ အဲဒါက သူတို့အတွက် Limitation တစ်ခုလို ဖြစ်နေတယ်။

ကျွန်တော်ကတော့ ဒီအရေးပေါ် Field ထဲမှာ ခြောက်နှစ်လောက်ရှိခဲ့တယ်ဆိုတဲ့အခါကျတော့ နည်းနည်းသိတာပေါ့။ ဒီတော့ ကွင်းထဲသွားခါနီးမှာ အရေးပေါ် ဘာတွေပြင်ဆင်ရမယ်။ ဘာတွေလိုက်နာရမယ်။ အဲဒါတွေ သူတို့ကို Training ပေးတယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ဘာမြင်လဲဆိုတော့ တော်တော်များများ Volunteer တွေက အဲဒီအချိန်မှာ ကွင်းထဲကိုသွားဖို့ပဲ စိတ်သန်နေတယ်။ သွားချင်လှပြီ။ ဘာတွေပြောနေမှန်းမသိဘူးဆိုပြီး။ သူတို့အဲဒါတွေကို လုံးဝစိတ်မဝင်စားဘူး။ အရေးကြီးတယ်လို့ မခံယူဘူး။ ဘာလို့ နှစ်ရက်သုံးရက် အချိန်ကုန်ခံပြီးနေလဲ။ ဟိုမှာက လူတွေက သေလှပြီ။ သူတို့နားလည်တာက အဲဒီလိုတစ်မျိုး။ ကျွန်



တော်တို့ကျတော့ သူတို့ရဲ့ Personal Safety တွေလုပ်ရမယ့် Procedure တွေ၊ ဆုံးဖြတ်ချက်ချတဲ့နေရာမှာ ဘာတွေကို အခြေခံစဉ်းစားရမယ်တွေ၊ နောက်ပြီးတော့ ဒီပစ္စည်းတွေကိုဝေတဲ့နည်းလမ်းတွေ၊ ဘယ်လို Targeting လုပ်ရတယ်၊ ဘယ်လို Beneficiary တွေ ရွေးရတယ်။ ဘယ်လို Documentation တွေကိုထားရမလဲပေါ့။ အဲဒါတွေကို ကျွန်တော်တို့က ပြောပြတယ်။ လက်တွေ့လည်း Role Play အနေနဲ့လုပ်ရတယ်။ ဒါပေမဲ့ သူတို့က သိပ်ပြီးတော့ အဲဒါကို စိတ်မဝင်စားဘူး။ ကွင်းထဲရောက်သွားတဲ့အခါကျတော့လည်း သူတို့က ချက်ချင်း Shock ရတယ်။ သူတို့မထင်မှတ်လောက်တဲ့အတိုင်းအတာတွေ တွေ့ရတယ်။ ပျက်စီးမှုအတိုင်းအတာတွေ၊ လိုအပ်မှုအတိုင်းအတာတွေ အဲဒါတွေမြင်တဲ့အခါမှာ သူတို့က Stable မရှိတော့ဘူး။ တချို့ဆိုလို့ရှိရင် ဘယ်လိုဆုံးဖြတ်ချက်ချရမယ်ဆိုတာကို သေချာမသိတော့ဘူး။ ဘယ်သူ့ကို ဝေရမလဲဆိုတာက သေချာမဆုံးဖြတ်နိုင်တော့ဘူး။

ပထမပိုင်းမှာတော့ Volunteer တွေက Targeting လုပ်တာလွဲသွားတယ်တို့၊ နှလုံးသားက သိပ်များသွားတယ်တို့၊ ကြင်နာတာတွေ သိပ်များသွားပြီးတော့ ပေးခဲ့မိတယ်ပေါ့။ ဒါပေမဲ့ သူတို့အဲဒီဟာကိုပေးခဲ့ပြီး နောက်တစ်နေရာကိုသွားတော့ ဒီ့ထက် ဆိုးနေတာတွေ့တယ်။ ပေးစရာလက်ထဲမှာမရှိတော့ဘူး။ အဲ လိုမျိုးတွေခံစားရတယ်။ အဲဒါတွေကို ဘယ်အချိန်မှ နားလည်လာလဲဆိုတော့ လေးငါးလလောက်နေတဲ့အခါကျမှ သူတို့က အဲဒီ သဘောတရားတွေကို သိလာတယ်။ ဆိုလိုတာကတော့ Project တစ်ခုက လည်ပတ်လာပြီလို့ ပြောလို့ရတယ်ပေါ့။ အဲဒီကာလက လေးငါးခြောက်လဆိုတာ Project တွေရဲ့သက်တမ်းတစ်ခုလို့ ပြောလို့ရတယ်။ Emergency မှာက ခြောက်လလောက်ပဲရှိတာကိုး။ အဲဒီကျမှ ငွေစာရင်းစစ်မယ်တို့၊ Procedure တွေအတွက် Documentation တွေစစ်မယ်တို့၊ အဲဒီအချိန်ကျမှ သူတို့က "သြော် ဒါတွေလိုလာပါလား" ဆိုတာကို သိတယ်။

ဒီလိုအတွေ့အကြုံမျိုးက တခြား Organization တွေမှာလည်း ရှိကောင်းရှိနိုင်ပါတယ်။ သေချာတာတစ်ခုက မြန်မာပြည်ကလူငယ်တွေအတွက်က ဘာမှ ကြိုတင်ပြင်ဆင်မှုမလုပ်ခဲ့ဘူးလို့ပြောလို့ရတယ်။ နောက်ပြီးတော့ ကြိုတင်ပြင်ဆင်မှု လုပ်ပေးလိုက်တဲ့ဟာတွေကလည်း မလုံလောက်ခဲ့ဘူးလို့ပြောလို့ရတယ်။ ဟိုဘက်မှာလည်း အရေးကြီးနေတယ်။ အဲဒီဟာလည်း ပါမှာပေါ့။

နောက်တစ်ခုက ကွင်းဝန်ထမ်းတွေရဲ့ Capacity နဲ့လည်းဆိုင်တာပေါ့။ ကွင်းထဲမှာ သတင်းအချက်အလက်အမှန်မရတာလည်းပါတယ်။ Emergency ကာလမှာ သင်ပေးနေရတာနဲ့။ ဒီကာလက မြန်ဖို့လည်းအရေးကြီးတော့ အပေါ်ကနေ Formula နဲ့ပစ္စည်းချပေးရတာမျိုးရှိတယ်။ NGO တို့ ဘာတို့ကို အပြစ်တင်ဖို့ထက် ကိုယ့်လူသားအရင်းအမြစ်က အဆင်သင့်ဖြစ်မနေဘူးပေါ့။

**L.C ။ ။ ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းတွေကရော ဆရာ။**

**ဒေါက်တာစစ်နိုင် ။ ။** ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ပတ်သက်လို့ကတော့ အများကြီးပေါ့။ ကောင်းအောင်ကုရတာလည်းရှိတယ်။ ကောင်းနေတဲ့အတွက် ကြိုတင်ပြင်ဆင်ရတာလည်းရှိတယ်။ ပိုကောင်းအောင်ကုပေးရတာတွေလည်းရှိတယ်။

ဥပမာ–သားဆက်ခြားနဲ့ ပတ်သက်လို့ (ပစ္စည်းထည့်တာ) လူထုတွေအတွက် နည်းနည်းအထူးအဆန်းဖြစ်တယ်။ ပေါ်တာကတော့ကြာပါပြီ။ အထူးအဆန်းဖြစ်နေတော့ ဒါဟာ ဘယ်သူ့အတွက် သင့်တော်သလဲ။ ကလေးတွေကော သိထားရမယ်ဆိုတာ လူထုက လုံးလုံးမသိဘူး။ ပညာရှင်တွေဘက်က သိတော့လည်းသိပါတယ်။ သတိထားမိတာလည်းရှိမယ်။ ပစ္စည်းရဲ့သဘောသဘာဝအရ ဘေးထွက်ဆိုးကျိုးကတော့ ရှိတယ်။ ဘယ်အဆင့်မှာပဲဖြစ်ဖြစ် အခက်အခဲရှိတယ်ဆိုရင် အဆင်မပြေတာရှိတယ်ဆိုရင် မြန်မြန်ကျန်းမာရေးစောင့်ရှောက်သူတစ်ယောက်ယောက်နဲ့တော့ ကုရမှာပဲ။ အချင်းချင်းပေါင်းစပ်ညှိနှိုင်းမှုအားနည်းရင်တော့ သူလုပ်တာ ငါလုပ်တာ ဖြစ်ကောင်းဖြစ်နိုင်တယ်။

ကျွန်တော်တို့ လူထုရဲ့နည်းနည်းလေး အန္တရာယ်ရှိတဲ့အချက်ကတော့ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ပတ်သက်ရင် မြန်မြန်မလုပ်ဘူး။ မြန်မြန်မပြဘူး။ မြန်မြန်မကုဘူး။ လက်လှမ်းမီ မမီဘူးဆိုတာလည်းဖြစ်နိုင်တယ်။ ငွေကြေးအရ လက်လှမ်းမမီတာ။ ခရီးအကွာအဝေးအရ လက်လှမ်းမမီဘူးဆိုတာတွေ နောက်တစ်ခါ လက်လှမ်းမီစရာကိုက မရှိတာ။ ရှိရဲ့သားနဲ့ ကြောက်လို့၊ အားနာလို့၊ မလိုဘူးထင်လို့ ကျန်းမာရေးစောင့်ရှောက်မှုကို အချိန်မီရယူတာ အားကိုနည်းတယ်။ နည်းတော့ ကျန်းမာရေးစောင့်ရှောက်သူတွေဘက်က ပိုပြီးတော့ အားထုတ်ပြီး ထည့်နေရတယ်။ လိုအပ်တဲ့အချိန်မှာလာမှာမဟုတ်ဘူး။ ဒီအတွက် ကိုယ်က သွားရတယ်။ လိုက်ရတယ်။ ရွာတွေဆို တောက်လျှောက် လှည့်သွားနေတယ်။ လှည့်သွားရင်းနဲ့ လိုအပ်ချက်က ရှိနေနိုင်ပါတယ်။ ရှိတာကို အချိန်မီရအောင် လုပ်ပေးဖို့။ လိုတာက ဆက်သွယ်ရေးအရကော၊ ပေါင်းစပ်ညှိနှိုင်းမှုအရရော၊ ဒါနဲ့ပတ်သက်ပြီး လိုအပ်ချက်ရှိနေဆဲဆိုတာ ဝန်ခံပါတယ်။

ခြုံပြီးပြောရရင်တော့ ထူးထူးခြားခြားမဟုတ်ပါဘူး။ ဖွံ့ဖြိုးဆဲနိုင်ငံမှာရှိတဲ့ လူထုရဲ့ကျန်းမာရေးအသိ တော်တော်ကိုနည်းတယ်။ ကမ္ဘာပေါ်မှာ သုတေသနတွေလုပ်ကြည့်တော့ ဖွံ့ဖြိုးပြီးလူ့အဖွဲ့အစည်းနဲ့ ဖွံ့ဖြိုးဆဲလူ့အဖွဲ့အစည်းယှဉ်ကြည့်ရင် ဘွဲ့ချင်းတူရင်၊ အဆင့်ချင်းတူရင်၊ စာသင်ခဲ့တဲ့နှစ်ချင်းတူရင် ဖွံ့ဖြိုးဆဲလူ့အဖွဲ့အစည်းတွေက ကျန်းမာရေးပညာအသိ တော်တော်လေးနိမ့်တယ်။ ဒီမှာတင်မဟုတ်ဘူး။ တခြားနိုင်ငံမှာလည်း ဒီအတိုင်းပါပဲ။ အထဲမှာ ဘာတွေပါလဲဆိုတော့ ရှေးရိုးစွဲနဲ့ ကျန်းမာရေးအတွက်အန္တရာယ်ဖြစ်စေတဲ့အယူအဆတွေ။ သွားပြရမယ်၊ တတ်ကျွမ်းတဲ့သူနဲ့ဆက်သွယ်ရမယ်ဆိုတာကို တော်တော်ကိုမသိဘူး။ အားနည်းနေသေးတယ်။ ကျွန်တော်ပြောသလို နည်းနည်းတော့ ကြားဖူးနားဝတော့ရှိလာပြီ။ ဆေးကုရင် ဆရာလို့ထင်တယ်။ တချို့လူတွေက

www.foreverspace.com.mm

ဆရာဝန်ဟုတ်လား မဟုတ်လားမသိတော့ဘူး။ တချို့နေရာတွေမှာ အတ်ပုန်းလို့ခေါ်တဲ့ ရမ်းကုတွေ လုပ်စားနေတာတော့ရှိတယ်။ လုပ်စားနေတယ်ဆိုတဲ့အတွက် မင်းတို့ကော လာနိုင်လို့လားဆိုရင် အဲလိုနေရာမျိုးကို ကိုယ်ကလည်းမသွားနိုင်ဘူး။ အန္တရာယ်ရှိတာတွေလည်းရှိတယ်။

ဒီနေရာမှာတော့ လက်လှမ်းမီတယ်ဆိုတဲ့စကားလုံး ဖွံ့ဖြိုးတိုးတက်ရေးနဲ့ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးကနေ လူသိများလာတယ်။ လက်လှမ်းမီမလားပေါ့။ မီအောင်အဖွဲ့အစည်းတွေဘက်က လုပ်မလား၊ ဌာနဆိုင်ရာကပဲလုပ်မလားပေါ့။ အသင်းအဖွဲ့တွေ လှည့်ပြီးသွားနေရုံနဲ့၊ မြို့ပေါ်မှာ ဆေးခန်းတစ်ခုဖွင့်ထားရုံနဲ့ လက်လှမ်းမမီဘူး။ အဖွဲ့တွေအနေနဲ့လည်း ကျွန်တော်တို့ ဒီမြို့နယ်တစ်ခုလုံးအတွက် တာဝန်ယူထားတယ်ဆိုတာ မပြောရဲလောက်အောင်ကိုပါပဲ။ တော်တော်ကြီးကိုလုပ်ရမယ်။ အခက်အခဲတွေရှိတယ်။ ဒီကြားထဲဖြစ်အောင်လုပ်ရမယ်။

**L.C ။ ။ ဦးဇော်ထူးဦးတို့ရဲ့ မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဘေးဒုက္ခ၊ Response မှာ ထိပ်ဆုံးက တာဝန်ယူနေတဲ့အဖွဲ့အစည်းဖြစ်လို့ အခု နာဂစ်ဖြစ်တဲ့အခါ ဘယ်လိုတာဝန်တွေယူခဲ့ရပါသလဲခင်ဗျ။**

**ဦးဇော်ထူးဦး** ။ ။ Emergency ကတော့ ကြက်ခြေနီက အဓိကလုပ်တာက ကယ်ဆယ်ရေးပေါ့။ မီးတွေလောင်တယ်။ ရေတွေကြီးတယ်။ ဒါမျိုးကို နှစ်ပေါင်းများစွာလုပ်လာတာကိုး။ ဒီဟာကျတော့ အရေးပေါ်ကိစ္စဖြစ်သွားပြီ။ ဖြစ်သွားတော့ ကျွန်တော်တို့ ကြက်ခြေနီမှာကတော့ Volunteer တွေကို Capacity ရှိအောင် Train လုပ်ထားတာတွေရှိတယ်။ Disaster Assessment and Response Team ပေါ့။ Assessment ဘယ်လိုလုပ်ရတယ်။ Respose ဘယ်လိုလုပ်ရတယ်။ အဲလိုဟာမျိုးတွေကို Training ပေးထားတာရှိတယ်။ ရှိတဲ့အခါကျတော့ အခုဖြစ်တဲ့ကိစ္စကျတော့ တစ်နေရာမှာသွားပြီးဖြစ်တာ။ ဧရာဝတီတိုင်းမှာဖြစ်တဲ့အခါကျတော့ ကျွန်တော်တို့ဆီမှာ Train လုပ်ထားတဲ့ Volunteer တွေ မြို့နယ်တွေမှာရှိတယ်။ Disaster ဖြစ်လာတဲ့အခါမျိုးကြရင်သုံးဖို့။ ဒါပေမဲ့ အခုလိုမျိုး အကြီးကြီးဖြစ်လာတဲ့အခါကျတော့ ဒီလူတွေနဲ့မလုံလောက်ဘူး။ Volunteer တွေ ထပ်ပြီးတော့ အကူအညီယူရတာရှိတယ်။ Orientation လုပ်ရတယ်။ ဘယ်လိုသွားရမယ်၊ မှတ်တမ်းဘယ်လိုထားရမယ်ပေါ့။

ကျွန်တော့်အတွေ့အကြုံအရ မြန်မာလူမျိုးက မှတ်တမ်းမှတ်ရာအားနည်းတာ တွေ့ရတယ်။ ပစ္စည်းတစ်ခုကို ဝေလိုက်ပြီ။ ဝေလိုက်ပြီးရင် အဲဒီ Report တက်လာဖို့ တော်တော်ကို Remind လုပ်နေရတယ်။ အထူးသဖြင့် Disaster လိုကိစ္စမျိုးမှာ အင်မတန်ကိုမှ Problem ရှိတယ်။ Beneficiary ရွေးချယ်နည်း။ ပစ္စည်းပေးတာ ပစ္စည်းမှန်မှန်ပေးတတ်ရဲ့လား။ အဲလိုဟာမျိုးတွေ Disaster မှာ ပြဿနာရှိပြီ။

နောက်တစ်ခါကျတော့ Data ။ မီးလောင်တယ်ဆိုလို့ရှိရင်



ဂျူး

ဒီနေ့ရတဲ့ Data က တစ်မျိုး။ မနက်ဖြန် Report တက်လာရင် တစ်မျိုး။ အဲလိုဟာမျိုးတွေရှိတယ်။ ကျွန်တော်တို့ Red Cross မှာတော့ Plan of Action တို့၊ Assessment ဘယ်လိုလုပ်ရတယ်၊ Report ဘယ်လိုလုပ်ရတယ်။ အဲဒါတွေက အသင်းအနေနဲ့ သီးသန့် Format တွေ ရှိတယ်။

ရှိပေမယ့်လို့ ဒီလိုမျိုး ငယ်ငယ်လေးတွေတောင်မှ ဒါလောက်ပြဿနာတက်ရင် ကြီးကြီးမားမားကြီးက အခက်အခဲဖြစ်တယ်။ ဒီတော့ Volunteer တွေကို Training ပေးရတယ်။ တစ်ရက်နှစ်ရက်ပေါ့။ လုပ်ပြီးတဲ့အခါကျတော့ ကျွန်တော်တို့ ခုနက ဆရာပြောသလို လူငယ်တွေထဲမှာ သွားချင်တဲ့စိတ်ပဲ။ သွားကူညီမယ်။ ကူညီတဲ့အခါမှာ ဘယ်လိုလူမျိုးကို ကူညီမလဲ။ ဘယ်လိုကန့်သတ်ချက်တွေရှိမလဲ။ အဲဒါတွေကို သူက မသိဘူး။ ပေးခဲ့တာပဲ။ ပေးခဲ့ပြီးတော့ ဘယ်သူ့ကိုပေးခဲ့တာလဲ Record မရှိဘူး။ ကျွန်တော်တို့က အလုပ်လုပ်နေရတာက Donor နဲ့ အလုပ်လုပ်နေရတာ။ ဒီတော့ Donar တွေကို Report ပြန်ပေးရတယ်။ Feedback ပြန်ပေးရတယ်။ ပေးရတဲ့အခါမှာ ကျွန်တော်တို့ ဘယ်နေရာတွေကို ပေးခဲ့ပါတယ်။ အဲလိုမျိုး စနစ်တကျရှိရတယ်။ ဒီနာဂစ်မှာတော့ ဘယ်လို Systematically သုံးတာစွဲတာ အတွေ့အကြုံကတော့ အများကြီးရလာတာပါပဲ။ နောက်လာမယ့်အချိန်ကျရင် ဖြစ်လာခဲ့သည်ဆိုလို့ရှိရင် ဘာလုပ်ရမယ်ဆိုတဲ့ Lesson Learn အတွေ့အကြုံကတော့ အများကြီးရခဲ့ပါတယ်။ ဆိုလိုတာကတော့ ကျွန်တော်တို့ NGO လုပ်တယ်။ လူမှုရေးဆွမ်းလောင်းအသင်းပဲဖြစ်ဖြစ်၊ လူမှုရေးအဖွဲ့အစည်းပဲဖြစ်ဖြစ် သူများရဲ့အလှူနဲ့သွားပြီး ကူညီရတာဖြစ်တဲ့အတွက် စနစ်တကျမှတ်တမ်းမှတ်ရာ ငွေကြေးသုံးစွဲမှု အဲဒါတွေရှိဖို့လိုတယ်။ မြန်မာလူမျိုးတွေမှာတော့ ပေးကမ်းတယ်။ ပေးလိုက်ရင်ပြီးပြီဆိုပြီး ဒီလိုထင်တယ်။ ဒီနှစ် Disaster မှာတော့ အဖွဲ့အစည်းတော်တော်များများက အတွေ့အကြုံတွေ တော်တော်ရသွားမှာပါ။

www.foreverspace.com.mm



**L.C ။ ။ အခုနာဂစ်ရဲ့ Disaster Management ဆောင်ရွက်နေမှုတွေနဲ့ပတ်သက်လို့ရော ဆရာဒေါက်တာအောင်ထွန်းသက်ရဲ့အမြင်ကို သိပါရစေ။**

**ဒေါက်တာအောင်ထွန်းသက် ။ ။** အခုဖြစ်တာသည် Disaster Management Disaster လို့ပြောတယ်။ တချို့က Crisis လို့ပြောတယ်။ Humanitarian Crisis ဖြစ်တဲ့အချိန်မှာ Early Recovery ကို စဉ်းစားရမယ်။ Development အထိပေါ့။ နဂိုကိုမပြောနဲ့၊ နဂိုထက် ကောင်းစေရမယ်။ အဲလို စဉ်းစားရမယ်။

အခုကျတော့ Disaster Response တင်မကဘူး။ Prepareness ပေါ့။ မုန်တိုင်း Shelter တွေလုပ်တယ်။ ရာဝင်အိုးနဲ့ဆန်တွေသိုတာတို့၊ ဒီ Prepareness တွေ လုပ်ထားတယ်။ ဒီ Prepareness သည် ကျောင်းတွေမှာ ကလေးတွေကို ဘယ်လိုလုပ်မလဲ။ နောက်တစ်ခုက ဖြစ်လာလို့ရှိရင် လျော့အောင်ဘာလုပ်မလဲဆို တော့ အခု မိုးလေဝသဌာနတို့မှာလည်း ပြောလာတယ်။ Early Warning ကြိုပြီး ဘယ်လောက်ပေးနိုင်မလဲ။ ကြိုပြီးပေးနိုင်လေ လေသူ့ရဲ့ဒဏ်ကိုခံနိုင်တာ ပိုကောင်းလေလေပေါ့။ ပြီးတော့မှ Recovery ။

ဆရာကတော့ ထင်တယ်။ ရေရှည်မှာ ဒါကို သင်ရိုးညွှန်းတမ်းအနေနဲ့ လုပ်သင့်တယ်လို့ထင်တယ်။ Disaster ပုံစံက အမျိုးမျိုး ဖြစ်နိုင်တယ်။ ဒါတွေကို ကျေးရွာအဆင့်၊ မြို့နယ်အဆင့်၊ တိုင်း အဆင့်တောက်လျှောက်ပေးဖို့လိုတယ်။ လူရယ်လို့ဖြစ်လာရင် Risk ဆိုတာရှိတာကိုး။ Risk ကို လုံးဝရှောင်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ မုန်တိုင်းတိုက်တာ၊ ရေကြီးတာ၊ မြေပြိုတာ၊ မီးလောင်တာအမျိုးမျိုးဖြစ်နိုင်တယ်။ နောက်တစ်ခုက အမေရိကန်မှာ ဟာရီကိန်းရာသီရှိတယ်။ စပြီ။ ဆောင်းတွင်းကနေပြီး နွေအကူးမှာ။ သူတို့မှာ Prepareness ပေါ့။ Drill (လေ့ကျင့်မှု) လုပ်နေပြီ။ လေ့ကျင့်တယ်ဆိုတာက မဖြစ်ခင်လုပ်နေရတာကိုး။ အကောင်းဆုံးဥပမာပေးလို့ရှိရင် မြန်မာပြည်မှာ ရန်ကုန်မြို့မှာ ကြယ်ငါးပွင့်အဆင့်ဟိုတယ်တွေမှာ မီးလောင်ရင် ဘာဖြစ်မလဲဆိုတာကို တစ်လတစ်ခါ Drill လုပ်ရတယ်။ UN ရုံးတွေမှာလည်း အမြဲတမ်း Drill လုပ်ရတယ်။ အချက်ပေးခေါင်းလောင်းကြားရင် ဘယ်နေရာမှာ ဘယ်လိုစုဆိုတာ။ သူ့အထပ်နဲ့သူ လူစုရတယ်။ Instruction ပေးထားတယ်။ အဲဒါကို ကျင့်တဲ့အခါကျတော့ သာမန်အားဖြင့်ကြည့်ရင် ရယ်စရာမောစရာ။ ဒါပေမဲ့ ဖြစ်လာရင် ဒါကို မလိုက်နာရင် ခံရမယ်။ သာမန်ရုံးတွေမှာတင် အမြဲတမ်း Drill လုပ်နေတယ်။ အဲဒီတော့ Disaster တွေမှာလည်း အဲလို အကျင့်ရအောင်လိုတယ်။ တစ်လတစ်ခါ အမြဲတမ်းလိုတယ်။ သင်တန်းတုန်းက ဝန်ကြီးရော၊ ဒုဝန်ကြီးရော လမ်းညွှန်တယ်။ သူတို့ရဲ့လမ်းညွှန်မှာ တော်တော်ကောင်းတယ်။ သင်တန်းတက်တဲ့သူတွေကို ကိုယ့်ဒေသ၊ ကိုယ့်မြို့နယ်၊ ကိုယ့်ရွာမှာ နာဂစ်ကိုခံရတဲ့သူ အနည်းဆုံး လေးယောက် ငါးယောက်ကို အင်တာဗျူးလုပ်ရမယ်။ အင်တာဗျူးလုပ်ပြီးတော့ မင်းတို့ ဘာကြောင့် ကျန်ခဲ့တယ်ဆိုတာကို အကုန်ရေးခိုင်းတယ်။ အဲဒါက ဖြစ်ဖို့လိုတယ်။ အဲဒီကနေ Lesson Learn ပေါ့။ ဘယ်နေရာမှာ အသက်ရှင်နိုင်မလဲ။ တချို့က ဘယ်ပြေးရမှန်းမသိဘူး။ ဘယ်ပြေးရမှန်းမသိတာသည် Prepareness မရှိတာပဲ။ တချို့ကလည်း သူတို့နည်းနဲ့ သူတို့ Mapping ဆွဲတယ်။ သင်တန်းတွေမှာဆွဲပြီးတော့ ဒီရွာမှာ အန္တရာယ်လမ်းကြောင်းတွေက ဘယ်ကလဲ။ ရေကြီးရင် ဘယ်ကကြီးမှာလဲ၊ လှိုင်းတွေလာရင် ဘယ်ကလာမလဲဆိုတာသိဖို့လိုတယ်။ တို့ထွက်ပေါက်က ဘာလဲ။ ဘယ်လိုပြေးလို့ရလဲ။ အဲလောက်ထိ သင်တန်းတွေရှိတယ်။ ကျောင်းဆရာတွေ၊ ရဲအရာရှိတွေ၊ ကြက်ခြေနီတွေ၊ ထွေ/အုပ်က ဝန်ထမ်းတွေရှိတယ်။ အဲဒါတွေကို တစိုက်မတ်မတ်လုပ်ဖို့လိုတယ်။ မဟုတ်ရင် Drill မလုပ်ရင် မရဘူး။ မေ့သွားမယ်။ ဖြစ်မှပြန်လုပ်လို့မရဘူး။ နောက်တစ်ခု ကောင်းတာကတော့ အခု ကာတွန်းအော်ပီကျယ်ကို အကြောင်းအရာလေးပေးပြီး ပုံဆွဲစေတယ်။ ကလေးတွေ နားလည်အောင်လုပ်တယ်။ ပြက္ခဒိန်တွေမှာ Disaster နဲ့ ပတ်သက်လို့ ဘယ်လိုလုပ်ရမလဲဆိုတာ ပြောတယ်။ မီဒီယာက အဲဒါလိုတယ်။ တစ်နှစ်ပြည့်သွားလို့ အဲဒါကို စိတ်ဝင်စားလို့ ရေးကြပြန်ရော။ ပြီးတော့မေ့သွားရော။ အဲလို မမေ့အောင် ဇောက်ချလုပ်နေဖို့လိုတယ်။ အခုလည်း လုပ်နေပါတယ်။ UN မှာက Disaster Management ကို သေသေချာချာ သပ်သပ်ရပ်ရပ်လုပ်တဲ့အဖွဲ့အစည်းရှိတယ်။ အဲဒီအဖွဲ့အစည်းနဲ့ UN နဲ့ အခုဆိုရင် ပိုပြီး အချိတ်အဆက်မိလာပြီ။ လိုအပ်တဲ့သင်ရိုးညွှန်းတမ်းတွေ ကိုယ့်ဟာကိုယ်ထွင်ဖို့မလိုဘူး ရှိနေပြီးသား။ မြန်မာမှုပြုလုပ်ရင်ဖြစ်တယ်။ မီဒီယာတွေ၊ NGO က ဒါတွေကို စုစည်းပေးနိုင်ရင်ကောင်းတာပေါ့။

**L.C ။ ။ ဆရာမဂျူးကရော စာရေးဆရာမတစ်ယောက်အနေနဲ့ အထူးသဖြင့် Environmental Journalist တစ်ယောက်အနေနဲ့နာဂစ်နောက်ပိုင်း Delta ဒေသရဲ့ စိုးရိမ်ရတဲ့ Environmental အနေအထားကို ဆွေးနွေးပေးပါလား။**

**ဂျူး ။ ။** ဒီရေတောတွေပျက်တဲ့အခါမှာ Bio Diversity ဟာလည်း ပျက်တာပေါ့။ နဂိုကတည်းက ဒီရေတောက ဘာကြောင့်ပျက်သလဲဆိုတော့ အကြောင်းအမျိုးမျိုးကြောင့်ပေါ့။ မီးသွေးဖုတ်လို့၊ နောက် Fish Farm တွေပါမယ်။ Shrimp Firm တွေပါမယ်။ ဒါပေမဲ့ ပြန်စိုက်တဲ့ဟာလည်းစိုက်ပေါ့။ နဂိုကလည်း ဘင်္ဂလားဒေ့ရှ်နဲ့စာရင် ကောင်းကင်ဓာတ်ပုံကကြည့်ရင် တော်တော်သိသာတယ်။ ကျွန်မတို့ဆီမှာက ကျွန်းသေးသေးလေးတစ်ခုလောက်ပဲ။ ဒီဧရာဝတီတိုင်းတစ်ခုလုံး ဒီရေတော လုံးဝမရှိတော့ဘူး။ လူနေအိမ်တွေပဲရှိတော့တယ်။ မိန်းမလှကျွန်း၊ ဟိုင်းကြီးကျွန်းလောက်ပဲ သေးသေးလေးတွေ စိမ်းစိမ်းလေးရှိတာပေါ့။ ရခိုင်ကတော့နည်းနည်းရှိတယ်။ ဒီအောက်ပိုင်းမှာ ဘာမှကိုမရှိတော့ဘူး။ ဘင်္ဂလားဒေ့ရှ်နဲ့ယှဉ်လိုက်ရင် ကျွန်မတို့က နောက်ထပ်မုန်တိုင်းတစ်ခါလာရင် . . . ။ အရင်ကမှ မရှိတော့တဲ့ ၂၀၀၄ တုန်းကမှ ရိုက်ထားတဲ့ဓာတ်ပုံမှာ တော်တော်နည်းနေတာ။ အခုတစ်ခါထပ်ပြီး နာဂစ်ကဖြစ်လိုက်တော့ . . . ။ အခုဓာတ်ပုံကမသိသေးဘူး။ ဒီတော့ သာမန်ပြည်သူတွေ Vul

www.foreverspace.com.mm



ဦးတင်မောင်သန်း

nerable ဖြစ်တာထက် ဒီ ဇရာဝတီမြစ်ဝကျွန်းပေါ်က ပြည်သူတွေက Vulnerable ပိုဖြစ်တယ်။ ဒီတော့ အဲဒီအတွက်ကို လူတိုင်းလူတိုင်းကို အသိပေးစေချင်တယ်။ သူတို့ကိုယ်တိုင်လည်း သိပါတယ်။ ကြောက်လည်းကြောက်နေကြတယ်။ မိုးသံကြားရင်တို့၊ လေလေးနည်းနည်း ညို့လာရင်ကို ကြောက်ကြတယ်။ စိုက်တာကလည်းစိုက်ပေါ့။ စိုက်ရင်းကနေ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့လည်း အရေးကြီးလာတယ်။ အသက်ထပ်ပြီးတော့ ဆုံးရှုံးမှုမဖြစ်စေချင်ဘူးလေ။ အဲဒီအတွက်ကို ထပ်ပြီးတော့ ပြင်ဆင်ဖို့လိုတယ်။ ဆိုတော့ သုံးသပ်ချက်အနေနဲ့ကတော့ ကျွန်မတို့လုပ်နေတာတွေ ကောင်းပါတယ်။ သူ့ Sector အလိုက်ပေါ့။ ဒါပေမဲ့လည်း ကျွန်မတို့က ပင်ပန်းနေကြတယ်။ ကျွန်မတို့က နည်းနည်းလေးများထပ်ပြီး လျှော့လိုက်ရင် ဟိုဘက်မှာက Impact အများကြီးပဲဖြစ်မယ်။ အင်အားပြန်လည်ဖြည့်ဆည်းရမယ်။ ကိုယ့်ကိုယ်ကိုယ်ပြန်ပြီး Recreate ပြန်လုပ်ရမှာပေါ့နော်။ အားသစ်တစ်ခါပြန်လောင်းရင်း လုပ်ကြရမယ်။

သုံးသပ်ချက်အနေနဲ့ကတော့ ကျွန်မ မပြောတတ်ဘူး။ ရှေ့အန္တရာယ်အတွက်ကို ကြိုတင်ကာကွယ်ရမယ်။ နောက်တစ်ကြိမ်နာဂစ်ဝင်လာရင် ဒီထက်ပိုပြီးဆိုးသွားမှာကို စိုးတယ်။ Prepareness လိုပါတယ်။ လိုလို့လည်း Sector ပေါင်းစုံကနေပြီးတော့ ဒါကို ကျွန်မထင်တယ်။ Communication ပိုင်းပေါ့။ ကျွန်မတို့က စာတွေရေးတယ်။ သို့ပေမယ့် ဂျာနယ်တွေက ဟိုးရွာတွေဘက်အထိ ရောက်ဖို့ကမလွယ်ဘူး။ မလွယ်တော့ ကျွန်မတို့ရဲ့ မီဒီယာက အကန့်အသတ်ရှိတယ်။ ရေဒီယိုက အကန့်အသတ်မရှိဘူး။ ကျွန်မတို့ဆို ရေဒီယိုတွေလှူကြတယ်။ အဓိကကတော့ မုန်တိုင်းသတင်းနားထောင်ဖို့။ ဒုတိယအနေနဲ့ကတော့ ဒီဟာတွေအတွက် ကြိုတင်ပြင်ဆင်မှုတွေသိသင့်တယ်။ အဲဒီဟာတွေကနေရောက်အောင်

ဆရာတို့ ကျွန်မတို့နဲ့ မလောက်ဘူး။ အဲဒါလေးတစ်ခုပါ။

**L.C ။ ။ ဘယ်အရာမှာမဆို ကောင်းကျိုးနဲ့ ဆိုးကျိုးကဒွန်တွဲနေတတ်စမြဲပါပဲ။ နောက်ဆုံးတစ်ခုအနေနဲ့ ဒီနာဂစ်က ပေးခဲ့တဲ့ ကောင်းကျိုးတစ်ခုစီကို ဆရာတို့တစ်ဦးချင်းစီ ထုတ်နုတ်ဖော်ပြပေးပါလား။**

**ဦးတင်မောင်သန်း။** ။ ဒါက ကျွန်တော်တို့အတွက် Wake-up Call ပါပဲ။ မြန်မာ Society အတွက်ကို ရှေ့မှာ ရင်ဆိုင်ရမယ့် နောက်ထပ်စိန်ခေါ်မှုတစ်ခုရပြီဆိုပြီး Wake-up Call တစ်ခုအနေနဲ့ ကျွန်တော်ကတော့မြင်တယ်။ ဒီ Wake-up Call အတွက်ကို Society မှာရှိတဲ့ Civil Society Sector, State Sector, Private Sector, Market Sector အားလုံးကို ကြိုပြင်ထားဖို့ပေါ့။ အကောင်းအနေနဲ့ကြည့်ရင် ကြိုပြင်ထားဖို့အချိန်ရောက်ပြီဆိုတဲ့ Wake-up အနေနဲ့ ကျွန်တော်ကတော့မြင်တယ်။

**ဦးဘော်ဘီ** ။ ။ အဲဒါကတော့ ကျွန်တော်ထင်တယ်။ ခုနက ကိစ္စနဲ့ဆက်စပ်နေတယ်။ နာဂစ်ကြောင့် လူတွေရဲ့အသက်တွေ ဆုံးရှုံးသွားတယ်။ ပစ္စည်းတွေဆုံးရှုံးသွားတယ်။ အဲဒါတွေက ခံစားရတဲ့အပိုင်းပေါ့နော်။

အကောင်းဆုံးတစ်ပိုင်းကတော့ လူငယ်တွေအတွက် အင်မတန်အဖိုးတန်လှတဲ့ အတွေ့အကြုံ။ အဲဒါကိုပေးလိုက်နိုင်တယ်လို့ ကျွန်တော်ထင်တယ်။ အဲတော့ ဒီလိုအခြေအနေမဟုတ်လို့ရှိရင် လူငယ်တွေကို ကွင်းထဲကိုပို့ပေးဖို့ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး။ အဲဒါကတော့ အဖိုးမဖြတ်နိုင်တဲ့အတွေ့အကြုံ ဖြစ်နိုင်တယ်။ နောက်ဒီလိုအရေးပေါ်ဆိုတဲ့ဟာတွေက နယ်ခြားမျဉ်းတွေမရှိဘူး။ ကာလအပိုင်းအခြားလည်းမရှိဘူး။ သူက အချိန်မရွေး နေရာမရွေးမှာ ထပ်ပြီးတော့ဖြစ်နိုင်တယ်။ အဲဒီအတွက် ဒါက လေ့ကျင့်ထားတဲ့ Ground တစ်ခုဖြစ်လာတယ်လို့တော့ ကျွန်တော်မြင်တယ်။ ဒီအပေါ်က အတွေ့အကြုံတွေ၊ သင်ခန်းစာတွေအပေါ် မှာမူတည်ပြီးတော့ ရှေ့တကယ်လို့များ တစ်ခုခုတွေ့ကြုံမယ်ဆိုလို့ရှိရင် ဒီထက်ကောင်းအောင် စီမံခန့်ခွဲနိုင်မယ်။ ကျော်လွှားနိုင်မယ်လို့ ထင်တယ်။

**ဦးဇော်ထူးဦး။** ။ နာဂစ်ကအခွင့်အလမ်းလည်းဖြစ်သလို ဆုံးရှုံးမှုလည်းဖြစ်တာပေါ့။ ပြန်တွက်တဲ့အခါကျတော့ Emergency နဲ့ပတ်သက်ပြီး ကြီးကြီးမားမားကြုံတွေ့မှုတွေဖြစ်တဲ့အခါမှာ ဘယ်လို Management လုပ်ရမလဲဆိုတဲ့ Skill တွေ၊ ဘယ်လိုကိုင်တွယ်ဖြေရှင်းရမလဲဆိုတဲ့ ကျွမ်းကျင်မှုဆိုင်ရာတွေကို ကျွန်တော်တို့ NGO တွေ၊ အဖွဲ့အစည်းတွေကနေပြီးတော့ အကောင်အထည်ဖော်တဲ့ပုဂ္ဂိုလ်တွေ ဒီ Skill တွေ ရလိုက်တယ်။ အတတ်ပညာတွေ ရလိုက်တယ်။

**ဒေါက်တာစစ်နိုင်** ။ ။ နာဂစ်ကြောင့် လူတစ်သိန်းလောက်ရဲ့ အသက်တွေ၊ လူနှစ်သန်းခွဲလောက်ရဲ့ဒုက္ခတွေရင်းခဲ့ရတယ်။ ပညာရပ်တွေ၊ လုပ်ငန်းလုပ်တတ်တာတွေ၊ လူထုအနေနဲ့ ပြည့်စုံမှုမရှိပေမယ့် သူတို့လည်းဒီအတွေ့အကြုံကို ရင်ဆိုင်ခဲ့ရတာ။ သူတို့အနေနဲ့ ဒါကို ရင်ဆိုင်ရတဲ့အခါမှာ ရပ်တည်ဖို့အတွက် နေနည်း၊ ထိုင်နည်း၊

www.foreverspace.com.mm



ရှင်သန်ထူထောင်ဖို့အတွက်ကို ပတ်ဝန်းကျင်အနေနဲ့ရော ကိုယ့်အတွေ့အကြုံအနေနဲ့ရော နည်းနည်းတော့ပိုပြီးတော့ ရင်ဆိုင် လုပ်ကိုင်လာနိုင်တယ်လို့ ယူဆတယ်။ အခက်အခဲကတော့ရှိမှာပါပဲ။ ပိုပြီးတော့ ဒီဟာနဲ့ပတ်သက်လို့ ပညာကျန်ခဲ့ရခဲ့တာတွေကတော့ ကယ်ဆယ်ရေးနဲ့ ထူထောင်ရေးမှာ အဖွဲ့အစည်းတွေအနေနဲ့ပေါ့။ သူတို့ရဲ့စွမ်းရည်ပညာရပ်တွေ နောက်ကို ပိုပြီးတော့ ကြီးထွားလာမယ်လို့ယူဆတယ်။

ဒီထဲမှာမပြောဖြစ်ဘဲ ကျန်ကျန်နေခဲ့တာက ဒီသဘာဝဘေးအန္တရာယ်ကြောင့် တွက်မထားမိဘဲထွက်လာတဲ့ကောင်းကျိုးတစ်ခုက ပေါင်းစပ်ညှိနှိုင်းရေးဘက်က တိုးတက်ဖို့ တော်တော်လေးရှိလာတယ်။ အဲဒါကမျှော်လင့်မထားဘူး။ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာနဲ့ ပူးပေါင်းဆောင်ရွက်တဲ့အခါမှာ အကြောင်းကြောင်းတွေကြောင့် ကျွန်တော်တို့ဆီမှာ အခက်အခဲတွေ၊ အဟန့်အတားတွေရှိတယ်။ ဖြစ်သင့်သလောက်မဖြစ်ရတာ၊ လုပ်သင့်သလောက်မလုပ်နိုင်တာတွေရှိတယ်။ အခုနာဂစ်မှာကျတော့ နိုင်ငံတော်အပိုင်းနဲ့ အာဆီယံပါ ပါလာပြီးတော့ ကုလသမဂ္ဂနဲ့ ကူညီလက်တွဲတာ။ ပိုပြီးတော့ ခိုင်ခိုင်မာမာလေးတွဲပြီးတော့ တော်တော်လေးပြောနိုင်ဆိုနိုင် ကောင်းကောင်းလုပ်နိုင်တာကိုတွေ့ရတယ်။ ဘယ်လောက်တောင်ဖြစ်ခဲ့သလဲဆိုတော့ ဒီပေါင်းစပ်ညှိနှိုင်းမှုပုံစံမျိုး ဒီဒေသမှာတင်မကဘဲ တစ်ပြည်လုံးမှာလုပ်လို့ရရင် ပိုမကောင်းဘူးလား။ ဒီထက်ပိုပြီးတော့ ကျော်ပြီးတော့ ဒီနိုင်ငံမှာ ဒီပေါင်းစပ်ညှိနှိုင်းမှုတွေလုပ်သွားနိုင်ရင် ဒါမျိုးတခြားတခြားသောအဟန့်အတားတွေရှိတဲ့နိုင်ငံတွေရှိနေသေးရင် အဲဒီနိုင်ငံတွေမှာရော ဒီလိုညှိနှိုင်းတဲ့ပုံစံမျိုးလုပ်လို့မရနိုင်ဘူးလား။ ကုလသမဂ္ဂပါတဲ့၊ နိုင်ငံတော်ကလည်းပါတဲ့ အိမ်နီးချင်းနိုင်ငံတွေပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပြီး ကမ္ဘာ့မိသားစုတွေအနေနဲ့ ဒီဒေသမှာရှိတဲ့နိုင်ငံတွေနဲ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်တာဟာ ထိရောက်မှုရှိတယ်ဆိုတဲ့အတွေ့အကြုံလေး တစ်ခုတော့ ထွက်လာတာ ရှိပါတယ်။ အဲဒါကတော့ အများကထင်မထားခဲ့ကြတဲ့ ထွက်လာတာလေးတစ်ခုပေါ့။

**ဒေါက်တာအောင်ထွန်းသက်** ။ ။ ကောင်းကျိုးတွေက အများကြီးပဲ။ ရွေးရတာတော့ တော်တော်ခက်တယ်။ တစ်ခုက ခုနကပြောတဲ့ Social Capital မပြုန်းတီးသေးဘူး။ Social Capital Deposit ကျန်တယ်။ အဲဒီဟာကို ဘဏ်ထဲမှာအပ်ရမယ်။ Deposit လုပ်ရမယ်။ အောက်မေ့တာကတော့ နာဂစ်ရဲ့အတွေ့အကြုံအခြေခံပြီးတော့ လူငယ်တွေ၊ လူကြီးတွေ၊ လူလတ်တွေရော ဒီ Deposit ငွေအပ်တဲ့ပုံစံလို Social Capital ဘယ်လိုအပ်လို့ရလဲ ဝိုင်းစဉ်းစားဖို့လိုတယ်။ အပ်တာမရှိရင် ကုန်သွားမယ်။ Social Capital ကုန်သွားရင် Society Breakdown ဖြစ်မယ်။ ဒါကို ထပ်ထပ်ပြီး Stimulate ပေါ့ လုပ်ဖို့လိုတယ်။ ပိုပြီးတက်လာအောင် အမြဲတမ်းလုပ်ပေးနိုင်ရင် Social Capital က ခိုင်နေတယ်၊ တောင့်နေတယ်။ အရင်းအနှီးအများကြီးရှိတယ်ဆိုရင် ဘာပဲဖြစ်ဖြစ်ခံသာတယ်။ ကျွန်တော်မြင်တာကတော့ Thinking အရေးကြီးတယ်။ နိုင်ငံမှာ အတွေးစဉ်းစားချက်၊ များများစဉ်းစားဖို့လိုတယ်။ စဉ်းစားနိုင်တဲ့ဟာတွေလုပ်ပေးစေချင်တယ်။ ဒါတွေက Social Capital Formation ဖြစ်တယ်။ သူတို့ကတော့ Human Resource Development လို့ခေါ်တယ်။ ကျွန်တော်က တော့ HRD မဟုတ်ဘူး။ Social Capital Formation ပဲ။ ပေါင်းပြီးလုပ်နိုင်တဲ့အသိက Social Capital Formation ပဲ။

**ဂျူး။** ။ နာဂစ်ကပေးတဲ့ကောင်းကျိုး လက်ဆောင်ကတော့ လူအချင်းချင်းထားတဲ့မေတ္တာပေါ့။ နဂိုတုန်းက ကိုယ့်ကိုယ်ကိုယ် Humanitarian နဲ့ပတ် သက်ပြီး စိတ်ရှိသလား၊ မရှိသလားမသိဘူး။ အခုလူငယ်လေးတွေတောင်မှ နာဂစ်ဖြစ်သွားချိန်မှာ အံ့ဩရလောက်အောင်ပါပဲ။ ဝတ်စားဆင်ယင်မှုကိုကြည့်လိုက်ရင်တော့ တစ်မျိုးဖြစ်ရင်ဖြစ်မယ်၊ ပန့်ခ်တွေဖြစ်ရင် ဖြစ်မယ်၊ ထောင့်မကျိုးဘူးပေါ့။ သူတို့မှာရှိတဲ့မေတ္တာကို ရှာဖွေတွေ့ရှိသွားတယ်။ သူတို့နှလုံးသားလေးတွေနဲ့ အုပ်စုလိုက်သွားပြီးတော့ ကူညီကြတယ်။ အဲဒီတစ်ခုကတော့ တော်တော်သိသာထင်ရှားတဲ့ဟာပေါ့။ လူတိုင်းလည်း မြင်သာတယ်။ စိတ်ထဲမှာ ကြည်နူးမိပါတယ်။ လူတွေသေလို့ ကျွန်မတို့ ဝမ်းနည်းတာက တစ်ပိုင်း။ ဒါပေမဲ့ မထင်မှတ်တဲ့ Group တွေဆီကနေပြီး မထင်မှတ်တဲ့အမူအရာတွေ ရလိုက်တယ်။



**L.C** ။ ။ **ကျွန်တော် မေးမြန်းဆွေးနွေးချင်တဲ့အပိုင်းကတော့ ပြီးပါပြီ။ ဒါပေမဲ့ ဆရာတို့ခေါင်းထဲမှာ ထပ်ဖြည့်ပြောဖို့ ကျန်နေသေးရင် ထပ်ပြီး**

**ဆွေးနွေးပေးပါဦး။**

**ဦးဘော်ဘီ ။ ။** ထပ်ပြီးတော့ပြောပြီးသားစကားပါပဲ။ ဦးတင်မောင်သန်းပြောတဲ့ Social Capital ပေါ့။ အဲဒီ Social Capital နဲ့ ပတ်သက်ပြီးတော့ တော်တော်လေးပုံစံပြောင်းလာတာကို တွေ့ရတယ်။ Social Capital က ကောင်းလာတယ်လို့ တွေ့ရတယ်။ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပြန်လည်ထူထောင်ရေးမှာ လူတွေအားလုံးက ဝိုင်းဝန်းဆောင်ရွက်ပြီး ကောင်းလာတာတွေ့ရတယ်။

အဲဒီမှာ နောက်ထပ်အရေးကြီးတဲ့တစ်ခုကတော့ ကျေးလက်တွေမှာ လူတွေနေထိုင်တဲ့ပုံစံပြောင်းလဲလာတယ်။ လူငယ်တွေက ပိုပြီးတော့ အရေးပါတဲ့နေရာတွေမှာဆောင်ရွက်လာတယ်။ အဲဒါကလည်းပြောင်းလဲလာတဲ့အခန်းကဏ္ဍတစ်ခု။ တချို့ကိစ္စတွေမှာ နားလည်မှုလွဲတဲ့ကိစ္စတွေရှိခဲ့ပေမယ့် ပုံမှန်အားဖြင့်တော့ လူမျိုးခြား၊ ဘာသာခြားတွေကြားထဲမှာလည်း အောင်အောင်မြင်မြင်နဲ့ ကောင်းကောင်းမွန်မွန်လုပ်ဆောင်နိုင်တာတွေကိုတွေ့ရတယ်။

Social Capital က သေသေချာချာကောင်းနေသေးတယ်ဆိုတာ။ Social Capital က ပိုင်ဆိုင်မှုပစ္စည်းတစ်ခုဖြစ်တော့ ဒီအပေါ်မှာအခြေခံပြီး တခြားဖွံ့ဖြိုးရေးတွေ လုပ်ဆောင်နိုင်ဖို့အခွင့်အလမ်းအများကြီးရှိတယ်။

**ဦးဇော်ထူးဦး ။ ။** ကျွန်တော်ခုနကပြောတဲ့အတတ်ပညာတွေ၊ Skill တွေရလာတယ်။ လူငယ်တွေအနေနဲ့ကလည်း အလုပ်အကိုင်အခွင့်အလမ်းပေါ်လာတယ်။ ပထမပိုင်းကတော့ Volunteer သီးသန့်အနေနဲ့လုပ်ခဲ့ကြတယ်။ Volunteer အနေနဲ့ Short Term ပေါ့။ အခုပြန်လည်ထူထောင်ရေးကာလကျတော့ Volunteer ကနေပြီးတော့ ကျန်တဲ့ Professional လိုင်းဘက်ကို ပြောင်းတာတွေဖြစ်လာတယ်။ အခုမြန်မာနိုင်ငံမှာဆိုလို့ရှိရင် NGO တွေမှာ လူငယ်တွေတော်တော်များများက အလုပ်အကိုင်အခွင့်အလမ်းတွေ ရလာတယ်။ ပထမပိုင်းမှာတော့ စမ်းတဝါးဝါးနဲ့ ဖြစ်မှဖြစ်ပါ့မလားဆိုပြီး အခုတစ်နှစ်တာကာလဖြစ်ပြီးတဲ့အချိန်မှာ အလုပ်ဝင်နေကြတဲ့လူတွေ Field ထဲမှာရောက်လာတဲ့အခါ Community ရဲ့ခံစားချက်တွေ၊ Culture တွေအားလုံးကိုသိလာတယ်။ တချို့ဆို တော်တော်ကိုသနားသွားတယ်။ ဆရာဝန်မလေးတွေပေါ့လေ။ အသားလေးတွေမည်းပြီးတော့။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ကတော့ ရုံးချုပ်က မြို့ပေါ်မှာနေတဲ့သူ။ ဟိုမှာကြည့်လိုက်တဲ့အခါကျတော့ ခြောက်လလောက်ရှိရင် အသားတွေက မည်းသွားပြီ။ နဂိုတုန်းကတွေ့တယ်။ ဘောင်းဘီတိုလေးတွေနဲ့ နုနုရွရွလေးတွေ။ ဖြစ်ပါ့မလားဆိုပြီး စိတ်ထဲမှာ သံသယဖြစ်တယ်။ Field ထဲဆင်းသွားတဲ့အခါကျတော့ သူတို့မည်းသည်းပြီး လုပ်နေရတဲ့အခါ၊ တွေ့တဲ့အခါကျတော့ ဘာပဲဖြစ်ဖြစ် လူငယ်တွေက ဘီယာသောက်နေတာပဲ။ နိုက်ကလပ်သွားနေတာပါပဲ။ အဲလိုမျိုးဟာတွေရှိသလို ဒီဘက်ထဲမှာလည်း ဒီလူငယ်တွေလောကမှာရှိတယ်။ ဖြစ်လာတယ်။



ဒေါက်တာအောင်ထွန်းသက်

ဒီတော့ ရတဲ့အထဲမှာ လူငယ်ပညာတတ်အပိုင်းအနေနဲ့ကတော့ အလုပ်အကိုင်အခွင့်အလမ်းတွေ Professional အတွက် အသက်မွေးဝမ်းကျောင်းအတွက် လမ်းကြောင်းတစ်ခုပေါ်ရောက်သွားတယ်။

**ဒေါက်တာစစ်နိုင် ။ ။** ဒီသဘာဝဘေးအန္တရာယ်နဲ့ကြုံရတဲ့ အတွေ့အကြုံကြီးမှာ Lesson Learn လို့ခေါ်တဲ့ သင်ခန်းစာယူစရာတွေ အများကြီးရှိတယ်။ ဒီထဲမှာတစ်ခုပေါ့နော်။ တော်တော်များများလည်းပြောကြပြီးဖြစ်ပါတယ်။ ဒီကနေ ပြန်လည်ထူထောင်ဖို့ဆိုရာမှာ နဂိုပုံစံပြန်ဖြစ်ဖို့ ဒီအတွေ့အကြုံကရတဲ့ ပညာတွေ၊ သင်ခန်းစာတွေလုပ်တတ်လာတဲ့ ကျွမ်းကျင်မှု၊ ပြည်ပကလာတဲ့ ကျွမ်းကျင်မှုတွေကို နာဂစ်ဒဏ်သင့်ဒေသတစ်ခုတည်းသာမက တစ်ပြည်လုံးအနေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်က ရုန်းထွက်တဲ့နေရာမှာ အင်အားတစ်ခုဖြစ်သင့်တယ်လို့ယူဆတယ်။ ဘာပြောပြောအင်အားတစ်ခုအနေနဲ့တော့ရလိုက်တယ်။ အဲဒါကိုအသုံးချပြီး ရုန်းထွက်တဲ့နေရာမှာ သုံးသင့်တယ်လို့ယူဆတယ်။ ဘာပဲဖြစ်ဖြစ် ဆရာဦးတင်မောင်သန်းပြောသလို Wake-up Call ပေါ့။ နောက် Disaster တွေအတွက်ပြင်ထားပါဆိုတာမျိုး။ ဟုတ်ပြီ ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်သွားနေတဲ့ပုံစံအဖြစ်ကနေ တကယ့်ကိုဖွံ့ဖြိုးတဲ့ လူ့ဘောင်အဖွဲ့အစည်းဖြစ်လာအောင်လည်း ရသလောက်မီသလောက် လိုက်ဖို့အတွက် ကိုယ့်ဘက်က နည်းပညာအင်အား၊ အတွေ့အကြုံအင်အားတွေရပြီး လုပ်နိုင်တယ်လို့ယူဆတယ်။

**ကျော်နိုင် ၊ ခွန်းသု**

www.foreverspace.com.mm

ဤကဏ္ဍတွင် . . . . .


၃၈ နိုးထမှာလားဧရာ

၄၂ လာမည့်ဘေးပြေးတွေ့ရန်

၅၀ ရေ . . . ရေ . . . ရေ

၅၆ ရန်ကုန် ကုန်စည်ဈေးကွက်




# နိုးထမှာလား ဧရာ

ကျော်ဇေယျာထွန်း

မြန်မာနိုင်ငံ၌ ၂၀၀၈ ခုနှစ် မေလ ၂ ရက်နှင့် ၃ ရက်နေ့တို့တွင် တိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းဒေသများတွင် လူဦးရေစုစုပေါင်းတစ်သိန်းသုံးသောင်းကျော် သေဆုံးပျောက်ဆုံးခဲ့ရပြီး စီးပွားရေးလုပ်ငန်းနှင့် အိုးအိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထိုဆုံးရှုံးမှုများက မည်သည့်အရာနှင့်မျှ အစားထိုးနိုင်မည်မဟုတ်။ သို့သော် ဆုံးရှုံးမှုများ၏တစ်ဖက်တွင် ပြန်လည်ရရှိလာသော ပြန်လည်ထူထောင်ရေးအကူအညီများနှင့်အတူ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများသည် အဆိုးများထဲက အကောင်းတစ်ခုပင်ဖြစ်သည်။

www.foreverspace.com.mm



နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ပြီးသည့်နောက်ပိုင်း ဒုက္ခရောက်ခဲ့သော လေဘေးသင့်သူများကို အစိုးရအပါအဝင် မြန်မာပြည်သူများ၊ NGO၊ INGO ကုလသမဂ္ဂနှင့် နိုင်ငံတကာအလှူရှင်များက ဝိုင်းဝန်းကူညီခဲ့ကြသည်။ မုန်တိုင်းတိုက်ခတ်ပြီးသည့် လတ်တလောအချိန်၌ ကူညီကယ်ဆယ်ရေးများကို ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့သလို လေဘေးသင့်ဒဏ်ခံခဲ့သူများ ရေရှည်ရပ်တည်နိုင်ရန်အတွက် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သူများကို အိမ်ရာတည်ဆောက်ပေးခြင်း၊ အလုပ်လက်မဲ့ဖြစ်ခဲ့သူများကို စီးပွားရေးလုပ်ငန်းပြန်လည်ထူထောင်ပေးခြင်းတို့ကိုပါ ဆောင်ရွက်ပေးခဲ့ကြသည်။ ထို့ပြင် နောင်ထပ်မံကြုံတွေ့နိုင်သည့် သဘာဝဘေးအန္တရာယ်ကို ကာကွယ်နိုင်ရန်အတွက်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မုန်တိုင်းဒဏ်ခံအဆောက်အအုံ (Cyclone Shelter) များ၊ အသက်ကယ်ကုန်းမြင့်များ၊ ကားလမ်းကွန်ရက်များ တည်ဆောက်လျက်ရှိသည်။

“နာဂစ်မုန်တိုင်းပြီးတော့ မော်ကျွန်းမြို့ (မော်လမြိုင်ကျွန်း) ကို ကားလမ်းဖောက်ပေးဖို့ လုပ်နေကြတယ်။ အခုမြစ်ကိုဖြတ်ပြီး တံတားနှစ်စင်းဆောက်နေတယ်။ မော်ကျွန်းမြို့က ရေလမ်းနဲ့ပဲလာလို့ရတာ။ ကားလမ်းဖောက်နေပြီဆိုတော့ နောက်ပိုင်းကားနဲ့ပါလာလို့ရပြီ” ဟု မော်ကျွန်းမြို့ ဒေသခံများက ပြောကြားသည်။

မော်လမြိုင်ကျွန်းမြို့သည် မြစ်ချောင်းများ ဝိုင်းရံထားခြင်းကြောင့် ကားလမ်းမပေါက်ခဲ့ရာမှ နာဂစ်နောက်ပိုင်း တံတားနှင့်ကားလမ်းများတည်ဆောက်ပေးမည်ဖြစ်ရာ ရန်ကုန်မှ မော်လမြိုင်ကျွန်းမြို့သို့ မော်တော်ကားဖြင့်သွားနိုင်တော့မည်ဖြစ်သည်။ ထို့ပြင် မော်လမြိုင်ကျွန်းမြို့ မြစ်ကမ်းနားရှိ ဒီရေတောကိုရှင်းကာ မြို့ကွက်သစ်ဖော်ရန်အတွက်လည်း ဆောင်ရွက်လျက်ရှိသည်။ မြို့၏ဧရိယာကျယ်လာခြင်းကြောင့် တိုးချဲ့ရပ်ကွက်များအလယ်တွင်ရောက်နေသည့်သင်္ချိုင်းနှင့် ဆေးရုံတို့ကိုလည်း မြို့ပြင်သို့ပြောင်းရွှေ့အသစ်တည်မည်ဖြစ်သည်။ သင်္ချိုင်းအဟောင်းနေရာ၌ ပန်းခြံနှင့် ကလေးအားကစားကွင်းများတည်ဆောက်သွားရန် လျာထားလျက်ရှိသည်။ ယခင်က မော်လမြိုင်ကျွန်းမြို့သည် သောက်သုံးရေအတွက် မိုးရေနှင့် မြစ်ရေကိုသာ ကျိုချက်သောက်သုံးနေခဲ့ရာမှ ယခုအခါ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အဝီစိတွင်းရေကို အခမဲ့ဖြန့်ဝေလျက်ရှိသည်။

“နာဂစ်ပြီးတော့ မော်ကျွန်းမြို့ပေါ်မှာ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ပြောင်းလာတာရှိတယ်။ မြို့မှာ လူမသေပေမယ့် ပျက်စီးမှုတော့ရှိတယ်။ လူသေတာတွေ၊ ပျက်စီးဆုံးရှုံးတာတွေကြားသိရတော့ သနားရသဘောကို ပိုသိသွားကြတယ်။ အဲဒီတော့ နာဂစ်နောက်ပိုင်း မြို့ပေါ်မှာ ကိစ္စတစ်ခုရှိရင် အားလုံးဝိုင်းဝန်း လှူကြတန်းကြလုပ်လိုက်တာပဲ။ ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုကတော့ မြို့ကိုချဲ့ပေးတယ်။ ကားလမ်းတွေ ဖောက်ပေးနေတာပေါ့” ဟု မော်လမြိုင်ကျွန်းမြို့ရှိ အသက် ၇၀ ကျော်အရွယ်အမျိုးသမီးကြီးတစ်ဦးက ပြောကြားသည်။

နာဂစ်မုန်တိုင်းနောက်ပိုင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းနှင့် ဖွံ့ဖြိုးရေးအစီအစဉ်များတွင် လက်တွေ့ဖွံ့ဖြိုးမှုကို ခံစားရသောမြို့၊ ရွာများရှိသလို ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်ရောက်ရန် အားယူဆဲမြို့၊ ရွာများလည်း ရှိကြသည်။

“လပွတ္တာမြို့က အရင်က မြို့နယ်အဆင့်ပဲရှိတာ။ နာဂစ်ပြီးတော့ ခရိုင်အဆင့်ကို တိုးပေးထားတယ်။ အခုသုံးမိုင်မှာ ကွက်သစ်တွေချပေးနေတာတော့ရှိတယ်။ နောက်ပြီး မြို့ပေါ်မှ NGO အဖွဲ့တွေ ရောက်လာတော့ ဒေသခံတွေ အလုပ်အကိုင်ရလာတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ အလုပ်လုပ်ရတော့ အမြင်ကျယ်လာတယ်။ အတွေ့အကြုံတွေရသွားတယ်။ ဒါတွေတော့ရှိပါတယ်” ဟု လပွတ္တာမြို့ရှိ အစိုးရအမှုထမ်းဟောင်းတစ်ဦးက ပြောကြားသည်။



ကျုံမငေးမြို့သည် နာဂစ်မုန်တိုင်းတိုက်ခတ်သည့်ဒဏ်ကြောင့် လူသေဆုံးခြင်းမရှိသော်လည်း ပျက်စီးဆုံးရှုံးမှုများတော့ရှိခဲ့သည်။ ကျုံမငေးမြို့မှ အခြားသောအောက်ဘက်ဒေသများတွင် သွားရောက်အလုပ်လုပ်ကြသူများနှင့် မြို့၏အနီးအနားပတ်ဝန်းကျင်တွင်နေထိုင်ကြသည့် ကျေးရွာများ၌သာ အသေအပျောက်ရှိခဲ့သည်။ ကျုံမငေးမြို့သည် ပထမ၌ ပျက်စီးဆုံးရှုံးမှုမရှိဟု စာရင်းပေါက်ခဲ့ခြင်းကြောင့် အကူအညီများမရရှိခဲ့။ နောက်ပိုင်း၌ ဒေသခံများ

www.foreverspace.com.mm

အကူအညီလိုအပ်သည်ကို သက်ဆိုင်ရာက သိရှိသွားခြင်းကြောင့် ပြန်လည်ထူထောင်ရေးအတွက် အကူအညီများရရှိခဲ့ခြင်းဖြစ်သည်။

“မြို့ပေါ်မှာ သေတာတော့မရှိဘူး။ အိမ်ပြိုတာ၊ အမိုးလန်တာ၊ စာသင်ကျောင်းပျက်စီးတာတွေတော့ရှိတယ်။ အခုကျောင်းတွေပြန်ဆောက်နေရတာရှိသလို တချို့မဆောက်ရသေးတာလည်းရှိတယ်။ မြို့ပေါ်မှာ ပြောင်းလဲလာတာကတော့ နှစ်ထပ်ဈေးတစ်ခုဆောက်မယ်လို့တော့ ကြားတယ်” ဟု ကျုံမငေးမြို့ရှိ ကျောင်းဆရာတစ်ဦးက ပြောကြားသည်။

ဧရာဝတီတိုင်း ပြင်ခရိုင်မြို့နယ်ခွဲသည်လည်း ရေလမ်းခရီးဖြင့်သာ သွားလာနိုင်သောဒေသတစ်ခုဖြစ်သည်။ အဆိုပါဒေသထွက်ကုန်ပစ္စည်းများသည်လည်း ရေကြောင်းလမ်းကို အဓိကထား၍ သယ်ယူပို့ဆောင်နေခဲ့ရသည်။ နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့ပြီးသည့်နောက်ပိုင်းတွင် အစိုးရကတည်ဆောက်ပေးမည့် ကားလမ်းကွန်ရက်စီမံကိန်းကြီး၌ ပြင်ခရိုင်ဒေသလည်းပါဝင်ခဲ့သည်။ သို့ဖြစ်၍ အဆိုပါကားလမ်းသည် အမှန်တကယ်ဖြစ်ပေါ်လာပြီဆိုပါက ပြင်ခရိုင်ဒေသသို့ ရေလမ်းခရီးအပြင် ကုန်းလမ်းခရီးဖြင့်လည်းသွားလာနိုင်တော့မည်ဖြစ်သည်။ ဒေသထွက်ကုန်ပစ္စည်းများကိုလည်း အချိန်တိုအတွင်း အနယ်နယ်အရပ်ရပ်သို့ သယ်ယူပို့ဆောင်နိုင်တော့မည် ဖြစ်သည်။

“ကျွန်တော်တို့က ဒေသထွက်ကုန်ပစ္စည်းတွေကို ရန်ကုန်ကဒိုင်တွေဆီပို့မယ်ဆိုရင် ပုသိမ်ကိုစက်လှေနဲ့အရင်ပို့ရတယ်။ ပုသိမ်ကမှ ရန်ကုန်ကိုတစ်ဆင့်ထပ်ပို့ရတာ အချိန်ကုန်တယ်။ ဝန်ဆောင်မှုစရိတ်ပိုကုန်တယ်။ အကယ်၍ ကားလမ်းတွေသာပေါက်လာမယ်ဆိုရင်တော့ ဒီဒေသက လုပ်ငန်းရှင်တွေအတွက်တော့ အများကြီးအဆင်ပြေသွားမှာပါ” ဟု ပြင်ခရိုင်မြို့နယ်ရှိ ရေလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။ အဆိုပါကားလမ်းသည် လပွတ္တာ–သုံးခွ–အုတ်တွင်း–ထိပ်စွန်း စသည့် ဒေသများကို ဆက်သွယ်ဖောက်လုပ်မည့်ကားလမ်းဖြစ်ပြီး ယခင် ဖောက်လုပ်ထားသည့်ကားလမ်းကျောရိုးရှိပြီးသားလမ်းတစ်ခုလည်း ဖြစ်သည်။

“အခုလပွတ္တာကနေ ပြင်စလူကို ကားလမ်းဖောက်နေတာရှိတယ်။ သဃ်န်းကြီးအထိတော့ မြေသားလမ်းဖောက်ပြီးသွားပြီ။ အဲဒါက အရင်ရှိပြီးသားလမ်းဟောင်းကိုပြန်ပြီးမွမ်းမံလိုက်တာ။ ပြင်စလူကို ကားလမ်းပေါက်ဖို့ကတော့ တံတားတွေဆက်ဖို့က လိုသေးတယ်။ ရွှေးမြစ်နဲ့ ပြန်မလော့မြစ်ကိုဖြတ်ပြီး တံတားဆောက်ဖို့ကမလွယ်ဘူး။ အခုတော့ နလင်ကျော်ချောင်းကိုဖြတ်ပြီး တံတားတစ်ခုတော့ဆောက်နေတယ်” ဟု လပွတ္တာခရိုင် ပြင်စလူမြို့နယ်ခွဲရှိ ဖိုးသက်ရှည်ကျေးရွာမှ ဆားလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

မြစ်ဝကျွန်းပေါ်ဒေသသည် မြစ်၊ ချောင်းများပေါများခြင်းကြောင့် ကားလမ်းဖောက်လုပ်ရန်အတွက်မှာ ခဲယဉ်းလှသည်။ လက်ရှိအသုံးပြုနေသောကားများသည်ပင် မိုးတွင်းကာလ၌သွားလာရန်အတွက် ခက်ခဲလှသည်။ မိုးရာသီအချိန်၌ ကားလမ်းများ ရေကျော်သဖြင့် လမ်းပျက်စီးခြင်းများ မကြာခဏဖြစ်တတ်သည်။

“လက်ရှိဖောက်ပြီးသားလမ်းတွေတောင် မိုးတွင်းဆို သွားဖို့ကမလွယ်ဘူး။ တချို့လမ်းတွေက ဆိုင်ကယ်နဲ့ပဲသွားလို့ရတာ။ ရန်ကုန်–ပုသိမ်လမ်းက တော်သေးတယ်။ ရန်ကုန်–မအူပင်လမ်း၊ ရန်ကုန်–ကျုံမငေးလမ်း၊ ရန်ကုန်–လပွတ္တာလမ်းတွေဆိုရင် လမ်းကြမ်းတယ်။ အခုထပ်ပြီးဖောက်မယ့်လမ်းတွေဆိုရင် လမ်းပေါက်ဖို့က လွယ်မယ်မထင်ဘူး” ဟု လပွတ္တာမြို့နယ်အခြေစိုက် NGO အဖွဲ့မှ ဝန်ထမ်းတစ်ဦးက ပြောကြားသည်။

လပွတ္တာခရိုင်အတွင်းရှိ ကျေးရွာများသည် နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့ခြင်းကြောင့် အသက်ဆုံးရှုံးရမှုပမာဏအများဆုံးဒေသ ဖြစ်သည်။ စီးပွားရေးလုပ်ငန်းနှင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကြောင့် ဒေသခံများတွင် အချို့မှာစီးပွားရေးလုပ်ငန်း ပြန်လည်လုပ်ကိုင်နိုင်ကြသလို ကြုံရာကျပန်းအလုပ်ကိုသာ လုပ်ကိုင်နေရသူများလည်းရှိသည်။ ဒေသခံအချို့မှာ နေအိမ်များ အစားထိုးပြန်ရကြသလို ယာယီအိမ်



www.foreverspace.com.mm



များဖြင့်သာ နေရသူများလည်း ရှိနေဆဲဖြစ်သည်။ နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့သည်မှာ တစ်နှစ်ကာလကြာခဲ့ပြီဖြစ်ရာ အချို့သော ကျေးရွာများ၌ NGO အကူအညီများ ပြန်လည်ရုပ်သိမ်းသွားကြပြီဖြစ်သည်။

"ကျွန်တော်တို့ဆီမှာ အိမ်ရတဲ့သူရှိသလို မရတဲ့သူလည်းရှိတယ်။ ကျွန်တော်ဆို အိမ်မရလို့ ဆွေမျိုးအိမ်မှာကပ်နေရတယ်။ နာဂစ်ဖြစ်ပြီးတော့ ရွာထဲမှာလည်း ရွာခံတွေမရှိတော့ဘူး။ တခြားရွာတွေက ရောက်လာတဲ့သူကများလာတယ်။ အခုတိုးတက်လာတာတစ်ခုကတော့ ကျေးရွာအုပ်စုကနေ မြို့နယ်ခွဲသတ်မှတ်ပေးတာရယ်၊ Cyclone Shelter နဲ့ အသက်ကယ်ကုန်းမြင့်တွေ ဆောက်ပေးနေတာပဲ။ နောက်တစ်ခုက လပွတ္တာကနေ ပြင်စလူအထိ ကားလမ်းဖောက်ပေးမယ်ဆိုတာပဲ" ဟု ကျေးရွာအုပ်စုမှ မြို့နယ်ခွဲအဆင့်အထိ တိုးမြှင့်ခြင်းခံရသည့် ပြင်စလူမြို့နယ်ခွဲမှ လယ်ယာလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

ပြင်စလူမြို့နယ်ခွဲလက်အောက်ရှိ လေယာဉ်ကွင်းကျေးရွာသည်လည်း နာဂစ်မုန်တိုင်းပြီးသည့်နောက်ပိုင်း ကျေးရွာရှိ စီးပွားရေးလုပ်ငန်းများ ပျက်စီးခဲ့ရသည်။ မုန်တိုင်းအပြီး တစ်နှစ်ကြာသောအချိန်ကာလအတွင်း ကျေးရွာ၌ ယခင်ကကဲ့သို့ ငါးဖမ်းလုပ်ငန်းများ ပြန်လည်မလည်ပတ်နိုင်သေး။ တစ်ပိုင်တစ်နိုင်လုပ်ငန်းအချို့ဖြင့်သာ ရပ်တည်နေရဆဲဖြစ်သည်။

"အရင်ကရွာထဲမှာ ကျားလုံးပိုက်ထောင်တဲ့လူ ၄၅ ယောက်လောက်ရှိတယ်။ နာဂစ်ပြီးတော့ တစ်ယောက်မှလုပ်ငန်းမရှိတော့ဘူး။ အဲဒီလုပ်ငန်းပြန်စဖို့ဆိုရင် တစ်ဦးကိုအရင်းအနှီးက သိန်း ၁၀၀ လောက်ရှိတယ်။ ထောက်ပံ့ရေးပစ္စည်းတွေရတော့ အရင်ဘောက် (ကျပန်း) လုပ်တဲ့သူတွေက လှေနဲ့ ပိုက်နဲ့ရပြီး စီးပွားပျက်သွားခဲ့သူကျတော့ ဘာမှမရဘူး။ အဲတော့ သူတို့က အခုဘောက်လုပ်နေရတယ်။ စီးပွားရေးလုပ်ငန်းတွေ ပုံမှန်ဖြစ်လာဖို့အတွက်တော့ ငါးနှစ်၊ ခြောက်နှစ်လောက်ပြန်လုပ်ကြရဦးမယ်" ဟု လေယာဉ်ကွင်းကျေးရွာမှ လယ်ယာလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။



"အနှစ် ၂၀ လောက် ရှာဖွေစုဆောင်းထားတဲ့အရာတွေအားလုံး နာရီပိုင်းအတွင်းမှာကုန်တာပဲ။ ဇနီးရော၊ သားသမီးတွေပါ သေကုန်တာ။ အခုအစိုးရကချေးပေးတဲ့ငွေနဲ့ ဆားလုပ်ငန်းပြန်လုပ်နိုင်တာ။ ဒီနှစ်ဆားက အထွက်နည်းတယ်။ ဆားကွင်းအားလုံးက အသစ်လိုပြန်ဖြစ်သွားတာ။ အလုပ်အကိုင်သိပ်မကောင်းတော့ ဒီနှစ်မိုးလယ် ချေးထားတဲ့ငွေ ဘယ်လိုပြန်ဆပ်ရမှန်းတောင် မသိတော့ဘူး" ဟု လပွတ္တာခရိုင် ပြင်စလူမြို့နယ်ခွဲ ဖိုးသက်ရှည်ကျေးရွာမှ ဆားလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

"နာဂစ်ဖြစ်ပြီးတော့ ဒေသတွင်းမှာ ကားလမ်းတွေဖောက်ပေးနေတာတော့တွေ့တယ်။ ဒါတွေတကယ်ဖြစ်လာရင်တော့ ကောင်းတာပေါ့။ ဒီဒေသကမြစ်၊ ချောင်းတွေပေါတော့ ကားလမ်းဖောက်ဖို့က မလွယ်ဘူး။ စက်လှေတွေကိုပဲအားကိုးနေရတာ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လေဘေးသင့်ဒေသဖွံ့ဖြိုးရေးအတွက် လမ်း၊ တံတားများတည်ဆောက်ခြင်း၊ Cyclone Shelter များ၊ အသက်ကယ်ကုန်းမြင့်များတည်ဆောက်ခြင်း စသည့် ထင်သာမြင်သာရှိသော စီမံကိန်းများဆောင်ရွက်လျက်ရှိသလို လေဘေးသင့်သူတို့၏ ဆုံးရှုံးသွားခဲ့သော စီးပွားရေးလုပ်ငန်းများ ပြန်လည်ရုန်းထနေသည့် အခြေအနေကိုလည်း ကူညီမှုများဆက်လက်ပေးရန်လိုအပ်နေဆဲ ဖြစ်သည်။

နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့သည်မှာ တစ်နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ လေဘေးသင့်ဒေသ၌ ပြန်လည်ထူထောင်ရေးများ ဆောင်ရွက်ပေးခဲ့ရာ အချို့သော ဒေသခံပြည်သူများ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းဖြင့် စတင်လုပ်ကိုင်နေကြသလို ကြုံရာကျပန်းအလုပ်လုပ်ကိုင်နေကြသူများလည်း ရှိဆဲဖြစ်သည်။ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများသည်လည်း တစ်နှစ်ဆိုသောကာလအတွင်း၌ အကောင်အထည်ဖော်လျက်ရှိသောလုပ်ငန်းများရှိသလို လုပ်ငန်းစတင်ရန်အားယူနေဆဲအခြေအနေများလည်းရှိသည်။ ဆုံးရှုံးမှုနှင့် ဆိုးကျိုးများက ပြီးဆုံးခဲ့ပြီဖြစ်သည်။ တစ်ဖက်က ပြန်လည်ရရှိလာမည့် ကောင်းကျိုးရလဒ်များ ပီပီပြင်ပြင်ဖြစ်ပေါ်လာရန်မှာ အချိန်ကာလတစ်ခုအထိစောင့်ရမည် ဖြစ်သည်။ အားလုံးသော လေဘေးသင့်ခဲ့သူများကတော့ အကောင်းဆုံးဖြစ်လာစေရန်အတွက်ကို မျှော်လင့်နေဆဲဖြစ်သည်။

**ကျော်ဇေယျာထွန်း**

www.foreverspace.com.mm



www.foreverspace.com.mm



# လာမည့်ဘေး ပြေးတွေ့ရန်

ကျော်ကျော်မင်း ၊ ဇာဏီထွဏ်း ၊ မြသဲခိုင်

**ကမ္ဘာ့ရာသီဥတုများ ပြောင်းလဲမှု၏အကျိုးဆက်က တစ်နေ့ထက်တစ်နေ့ သိသာဆိုးဝါးလာနေသည်ဖြစ်ရာ နာဂစ်မုန်တိုင်းကဲ့သို့ သဘာဝဘေးဆိုးကြီးများကို မေ့ပျောက်ထား၍ မဖြစ်နိုင်တော့ချေ။ သဘာဝဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်မည့်အစီအမံများ၊ သဘာဝဘေးအန္တရာယ်ဖြစ်လာပါက ရင်ဆိုင်ဖြေရှင်းရမည့်ပြဿနာရပ်များကို ကြိုတင်အဖြေရှာထားရပေတော့မည်။**

နာဂစ်ဒဏ်ကြောင့် ထိပ်ပိုင်းကျိုးပြတ်နေသော ဖိုခနောက်ဆိုင် အုန်းပင်သုံးပင်ကြားရှိ အကျယ် ၁၀ ပေပတ်လည်ခန့်နှင့်အမြင့် လူနှစ်ရပ်ရှိသော ကောက်ရိုးပုံကြီးကို ညွှန်ပြနေသူ၏အသွင်မှာ ဒေါနှင့်မာန်နှင့် ဖြစ်နေသည်။ အထက်ပိုင်း ဗလာကျင်း၍ ပုဆိုးခပ်တိုတိုဝတ်ထားသူ လေးအိမ်တန်းရွာသား ဦးမြင့်သန်းမှာ နာဂစ်မုန်တိုင်းဒဏ်ကြောင့် သမီးနှစ်ယောက် ဆုံးပါးခဲ့ရသူဖြစ်သည်။

"ကိုယ့်အသက်ကို ကြံဖန်မွေးဖို့လုပ်ထားတာဗျ" ဟု အသက် ၃၅ နှစ်ရှိ ဦးမြင့်သန်းက ဆိုသည်။

ရေနှင့်အလွယ်တကူပါမသွားရန် ကောက်ရိုးပုံဘေးပတ်ပတ်လည်တွင်လည်း တိုင်ငုတ်များစိုက်ထားမည်ဖြစ်ကြောင်း၊ နာဂစ်မုန်တိုင်းအတွင်း ကောက်ရိုးပုံများက လူ့အသက်ပေါင်းများစွာ ကယ်တင်နိုင်ခဲ့သည်ကို လက်တွေ့မြင်တွေ့ရသဖြင့် ပြင်ဆင်ထားခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

ဦးမြင့်သန်း၏ကျေးရွာမှာ အထက်ပိုင်းကျ၍ မုန်တိုင်းခိုအဆောက်အအုံ (Cyclone Shelter) တည်ဆောက်ထားရှိမည့်စာရင်းတွင်မပါဝင်သဖြင့် မိမိဘာသာ ပြင်ဆင်ထားရခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

ဦးမြင့်သန်းကဲ့သို့ ကျေးရွာသားအချို့သာမက အစိုးရအပါအဝင် ပြည်တွင်း၊ ပြည်ပ လူမှုရေးအဖွဲ့အစည်းများကလည်း ထပ်မံကြုံတွေ့လာနိုင်သည့် သဘာဝဘေးဆိုးကြီးများကို ဒေသခံများ ကြိုတင်ကာကွယ်နိုင်ရန် ပြင်ဆင်လျက်ရှိသော်လည်း အများစုကတော့ ယခုအချိန်ထိ စမ်းတဝါးဝါးဖြစ်နေဆဲပင်။

## မပြီးသေးသော ပန်းချီကားများ သို့မဟုတ် Cyclone Shelter

နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသော ဧရာဝတီမြစ်ဝကျွန်းပေါ်အောက်ပိုင်းဒေသများတွင် Cyclone Shelter များ တည်ဆောက်လျက်ရှိရာ သဃ်န်းကြီးကျေးရွာအုပ်စုနလင်ကျော်ချောင်းအနီးတွင် တစ်လုံး၊ ဇင်ရွဲလေးကျေးရွာအနီးတွင် တစ်လုံး၊ စလူထိပ်ကျေးရွာတွင် တစ်လုံးအပါအဝင် ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများက လပွတ္တာခရိုင်နှင့် ဖျာပုံခရိုင်အတွင်း စုစုပေါင်း Cyclone Shelter ၁၉ လုံး တည်ဆောက်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ဆောက်လုပ်နေသောဆောက်လုပ်ရေးကုမ္ပဏီကြီးများက သတင်းထုတ်ပြန်ခဲ့သည်။

Cyclone Shelter များနှင့် အတူ Hill Lock ခေါ် အသက်ကယ်တောင်ကုန်းတုများကို တွဲဖက်တည်ဆောက်နေရာ အချို့ကျေးရွာများတွင် ပြီးစီးနေပြီဖြစ်ပြီး အချို့ဒေသများတွင်မူ ၉၀ ရာခိုင်နှုန်းခန့်အထိ လက်စသတ်ပြီးဖြစ်ကာ လာမည့်ဧပြီလအတွင်း ပြီးစီးရန်မျှော်မှန်းထားကြောင်း တည်ဆောက်နေသော ဆောက်လုပ်ရေးကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များထံမှ စုံစမ်းသိရှိရသည်။



www.foreverspace.com.mm

အသက်ကယ်တောင်ကုန်းတုများကို တည်နေရာပေါ်မူတည်၍ အမြင့်ပေ ၁၅ ပေမှ ပေ ၂၀ ကြားနှင့် အကျယ်အဝန်း အလျား ၆၀၀ ပေ အနံ ၃၆၀ ပေတို့ဖြင့် တည်ဆောက်လျက်ရှိကြောင်းနှင့် အတွင်းတွင် အလျားပေ ၃၀၀ အနံ ပေ ၁၂၀ အကျယ်ရှိ သောက်ရေ (မိုးရေ) သိုလှောင်ကန် တစ်ခုပါ ထည့်သွင်းတည်ဆောက်သွားမည် ဖြစ်ကြောင်း နလင်ကျော်ချောင်းအနီး တည်ဆောက်နေသည့်ကုမ္ပဏီမှ TZTM ဆောက်လုပ်ရေးတာဝန်ခံက ဆိုသည်။

အလားတူပင် ဇင်ရွဲလေးကျေးရွာတွင်လည်း ပုံစံတူတည်ဆောက်လျက်ရှိကြောင်း Cyclone Shelter များကို (Bored Pile) စနစ်ဖြင့် တည်ဆောက်ပြီး ၇၅ ပေအရှည် (Bored Pile)များရိုက်သွင်း၍ အခိုင်အမာတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ Cyclone Shelter များကို ရှစ်မျက်နှာထောင့်ချိုးပုံစံဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး လူဦးရေ ၅၀၀ မှ ၁၀၀၀ ဆံ့ကြား Cyclone Shelter များကို မေလအတွင်း အပြီးတည်ဆောက်ရမည်ဟု ညွှန်ကြားချက်ရရှိထားကြောင်း ဇင်ရွဲလေးကျေးရွာအနီးတည်ဆောက်နေသည့် ဧရာရွှေဝါ ကုမ္ပဏီမှဒါရိုက်တာတစ်ဦးက ဆိုသည်။

Cyclone Shelter များတွင် စက်ဝိုင်းပုံစံ ဂါလန် ၅၀၀၀ ဆံ့ ရေချိုကန်နှစ်လုံးကိုပါ ထည့်သွင်းတည်ဆောက်ရမည်ဖြစ်ကြောင်း Cyclone Shelter များ၏ ရေလွှတ်အမြင့်ပေမှာ ဒေသတစ်ခုနှင့်တစ်ခု ကွာခြားကြောင်း ဝါဝါဝင်းဆောက်လုပ်ရေး လေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးစီမံကိန်းများ၏ တာဝန်ခံ ဦးရွှေမြင့်က ဆိုသည်။

ဆောက်လုပ်ရေးလုပ်ငန်းအသီးသီးမှ တည်ဆောက်နေဆဲ Cyclone Shelter များသည် အောက်ခြေ Foundation အဆင့်သာရှိပြီး လမ်းပန်းဆက်သွယ်ရေး၊ မြေအနေအထားနှင့် လုပ်ငန်းပမာဏကြီးမားခြင်းတို့ကြောင့် မေလအပြီးသတ်ရန် မလွယ်ကူကြောင်း ဆောက်လုပ်ရေးလုပ်ငန်းခွင်အချို့ထံမှ စုံစမ်းသိရှိရသည်။

မည်သို့ပင်ဆိုစေကာမူ အသက်ကယ်တောင်ကုန်းတုများ ပြီးစီးလုနီးပါးရှိနေသည့်အနေအထားက ဒေသခံများအတွက် အသက်ဘေးလုံခြုံမှုရစေနိုင်ကြောင်း အဆိုပါ ဆောက်လုပ်ရေးလုပ်ငန်းများမှ တာဝန်ခံများက ဆိုသည်။

သို့သော် တောင်ကုန်းတုနှင့် Cyclone Shelter အများစုမှာ လွင်ပြင်များတွင်တည်ဆောက်ထားခြင်းဖြစ်ရာ ဒေသခံများအနေဖြင့် သဘာဝဘေးအန္တရာယ် သတိပေးချက်နှင့် မုန်တိုင်းသတင်း သတိပေးချက်တို့ရသည်နှင့် တောင်ကုန်းတုသို့မဟုတ် Cyclone Shelter များရှိရာသို့ အချိန်မီရောက်ရှိနေရန်လိုအပ်ကြောင်း ကျေးရွာအသီးသီးမှ တာဝန်ရှိသူတို့က



www.foreverspace.com.mm





ဆိုသည်။

"မုန်တိုင်းတိုက်မှဆို လွင်ပြင်ထဲဖြတ်ပြေးနေတာနဲ့တင် သေသွားနိုင်တယ်"ဟု စလူထိပ်ကျေးရွာတွင် နေထိုင်သူတစ်ဦးက ဆိုသည်။

Cyclone Shelter များ ကျေးရွာများနှင့် အနည်းငယ်ကွာဝေးခြင်းသည် မြေအနေအထားပေါ်တွင်မူတည်၍ တည်ဆောက်ရခြင်းကြောင့်ဖြစ်ကြောင်း သို့ဖြစ်၍ ကျေးရွာသားများ ပေါ့ပေါ့မနေဘဲ သတိရှိရန်လိုအပ်ကြောင်း TZTM ကုမ္ပဏီမှ တာဝန်ခံက သတိပေးပြောကြားသည်။

## ပျော်ရာမှာမနေရ၊ တော်ရာမှာနေရသူများ

နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်း မြစ်ဖျားချောင်းဖျား၊ မြေနိမ့်ပိုင်းနေသူများကို ကုန်းမြေမြင့်များတွင် တည်ဆောက်ထားသော ကျေးရွာများသို့ ပြောင်းရွှေ့နေထိုင်ရန် ဒေသဆိုင်ရာအာဏာပိုင်များက ညွှန်ကြားထားသည်။ စုပေါင်းကျေးရွာသစ်များကိုလည်း ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၏ ပံ့ပိုးမှုများ၊ အစိုးရ၏ပံ့ပိုးငွေများဖြင့် အမြန်ဆုံးတည်ဆောက်နေရာ ကျေးရွာအားလုံးလိုလို ၉၀ ရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးနေသည့်အခြေအနေရှိကြောင်း တာဝန်ယူဆောက်လုပ်နေသည့် ဆောက်လုပ်ရေးကုမ္ပဏီများထံမှ စုံစမ်းသိရှိရသည်။

လပွတ္တာခရိုင်နှင့် ပြင်ခရိုင်ဒေသမှ ရွာလုံးကျွတ်နီးပါးပျက်စီးခဲ့ရသော ဘုန်းတော်ပြည့်ကျေးရွာ၊ ခုံကြီးကျေးရွာနှင့် ပင်လယ်ကမ်းခြေရွာများဖြစ်သည့် ကျောက်ကလပ်ကျေးရွာ၊ သဲချောင်းကျေးရွာတို့ကို အနီးစပ်ဆုံးကျောက်တောင်ကုန်းမြင့်တန်းဖြစ်သည့် တောင်ညိုဒေသ တောင်ကုန်းတန်းများသို့ပြောင်းရွှေ့၍ ကုန်းသာယာအမည်ဖြင့် ကျေးရွာသစ်တည်ဆောက်ပေးလျက်ရှိကြောင်း အရဏ်ဦးဆောက်လုပ်ရေးနှင့် မေတ္တာဖောင်ဒေးရှင်းတို့မှ ဆောက်လုပ်ရေးတာဝန်ခံများက ဆိုသည်။

ကုန်းသာယာရွာသစ်တွင် အိမ်ခြေစုစုပေါင်း ၄၉၁ လုံးအနက် ဘုန်းတော်ပြည့်ရွာမှ ကျန်ရစ်သူများနေထိုင်ရန် အိမ်ခြေ ၄၂၈ လုံးနှင့် ခုံကြီးကျေးရွာအတွက် အိမ်ခြေ ၆၃ လုံးပါဝင်မည်ဖြစ်ကြောင်း၊ အိမ်များကို ပေ ၄၀၊ ပေ ၆၀ မြေပေါ်တွင် ပေ ၂၀× ၁၆ ပေ အကျယ် သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းအိမ်များကို ရွှေသံလွင်ကုမ္ပဏီနှင့် တွဲဖက်၍ ဆောက်ပေးမည်ဖြစ်ကြောင်း အရဏ်ဦးဆောက်လုပ်ရေးမှ တာဝန်ခံ မန်နေဂျာ ဦးမြင့်သိန်းက ဆိုသည်။

ထို့ပြင် မေတ္တာဖောင်ဒေးရှင်းကလည်း အလားတူလူနေအိမ်ခြေ ၂၀၀ ဝန်းကျင်တည်ဆောက်ပေးလျက်ရှိရာ ကျောက်ကလပ်နှင့် အုတ်တွင်းအုပ်စုဝင် ကျေးရွာသားအချို့ကို စိစစ်ရွေးချယ်ချထားပေးမည်ဖြစ်ကြောင်း၊ သဲချောင်းကျေးရွာမှ အိမ်ထောင်စုများမှာမူ စာရင်းကောက်ခံထားပြီး ယာယီအိမ်များဖြင့် နေထိုင်လျက်ရှိဆဲ ဖြစ်ကြောင်း၊ မေတ္တာဖွံ့ဖြိုးမှု ဖောင်ဒေးရှင်းကပင် ဆက်လက်လှူဒါန်းတည်ဆောက်ပေးဖွယ်အခြေအနေရှိကြောင်း ဒေသခံများထံမှ စုံစမ်းသိရှိရသည်။

အလားတူပင် ပြင်စလူမြို့နယ်ခွဲ နလင်ကျော်ချောင်းဘေးတွင်လည်း ဝါဝါဝင်းဆောက်လုပ်ရေးနှင့် အခြားဆောက်လုပ်ရေးလုပ်ငန်းနှစ်ခုကလည်းကောင်း၊ စလူထိပ်၊ ပိတောက်ကုန်း၊ ပဒဲကော၊ ကံစိပ်၊ ကွင်းသုံးဆင့်ကျေးရွာများ စုစည်း၍ စလူထိပ်ကျေးရွာအနီးတွင် ဇရာရွှေဝါ



www.foreverspace.com.mm

[illegible]မှလည်းကောင်း၊ ပိုးလောင်းစုပေါင်းရွာ၊ သစ်ပုတ်၊ အောင်လှိုင်၊ သာယာကုန်း၊ ရေချိုကန်၊ သောင်လေး၊ အိုးဖို၊ ဆင်ခြေ၊ ဥယျာဉ်ကုန်းကျေးရွာများတွင် ဝါဝါဝင်းဆောက်လုပ်ရေးမှလည်းကောင်း မြေနိမ့်ပိုင်းကျေးရွာများကို ရေဘေးဒဏ် အလွယ်တကူမခံရနိုင်သည့်ဒေသများသို့ ပြောင်းရွှေ့နေရာချထားခဲ့ကြောင်း အဆိုပါလုပ်ငန်းများမှ စုံစမ်းသိရှိရသည်။

လက်ရှိနေထိုင်သူအများအပြားမှာလည်း မူလရွာဟောင်း (လုံးဝပျက်စီးသွားသောရွာများမပါဝင်) ရှိ ယာယီအိမ်နှင့် ယခုနေအိမ်ကို ကူးချည်သန်းချည် နေထိုင်သူများဖြစ်နေရာ ရေလွတ်ဒေသသို့ ပြောင်းရွှေ့နေထိုင်စေသည့်လုပ်ငန်းစဉ်တွင် ၎င်းတို့၏ အလုပ်အကိုင်မခက်ခဲစေရေးကိုပါ ထည့်သွင်းစဉ်းစားရမည့်အနေအထားတစ်ခုရှိနေသည်ကိုပါ တွေ့ရသည်။

## ပညာပေးမှာလား

ဒေသခံများ မုန်တိုင်းအန္တရာယ်ကို ထပ်မံကြုံတွေ့လာပါက ပြင်ဆင်နိုင်ရန်နှင့် အသက်ဘေးလွတ်ရန်အတွက်အဖွဲ့အစည်းများကပညာပေးလုပ်ငန်းများဖြင့်ဆောင်ရွက်လျက်ရှိနေသည်ကို အဆိုပါအဖွဲ့အစည်းများထံမှ စုံစမ်းသိရှိရသည်။

Action Aid မှ ၎င်းတို့တာဝန်ယူသော ကျေးရွာပေါင်း ၁၀၃ ရွာတွင် Disaster Risk Reducation (DRR) သဘာဝဘေးအန္တရာယ် ထိခိုက်မှုလျှော့ချရေး လုပ်ငန်းစဉ်ကို ပညာပေးဆောင်ရွက်လျက်ရှိပြီး DRR နှင့် ပတ်သက်သော စာအုပ်များကို ကျေးရွာများတွင်ထားရှိထားကြောင်း၊ အသိပညာပေးရာတွင် စာအပြင် ပုံများနှင့် ပါပြသထားသဖြင့် အလွယ်တကူ နားလည်သဘောပေါက်စေနိုင်ကြောင်း Action Aid မှ Country Manager Mr.,Shihab Uddin Ahamad က ပြောကြားသည်။

အလားတူပင် Lutheran World Fedration ကလည်း ဘိုကလေးမြို့နယ်၊ ဖျာပုံခရိုင် ကံစုရှေ့အုပ်စု၊ ကံစု အနောက်အုပ်စု၊ ကုလားကုန်းအုပ်စုတို့ရှိ ကျေးရွာပေါင်း ၁၈ ရွာတွင် DRR အစီအစဉ်များ ပြုလုပ်လျက်ရှိကြောင်း ကျေးရွာအတွင်းရှိ မုန်တိုင်းဒဏ်ခံနိုင်လောက်သော အဆောက်အအုံ (ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း) စသည့် အဆောက်အအုံများကို ကြိုတင်သိရှိနိုင်ရန်၊ ရွာ၏လမ်းများအခြေအနေကို သိထားပြီး ဘေးလွတ်ရာသို့ ပြေးနိုင်ရန် မြေပုံများထုတ်ပေးခြင်း စသည့်အစီအစဉ်များ ပါဝင်ကြောင်း အဆိုပါအဖွဲ့မှ Community Facilitator ဦးရန်လင်းအောင်က ဆိုသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းကလည်း အရေးပေါ် ကြက်ခြေနီသင်တန်းများအပါအဝင် မုန်တိုင်းကြောင့် ထိခိုက်မှုလျှော့ချရေးဆိုင်ရာသင်တန်းများ၊ မုန်တိုင်းကြောင့်ထိခိုက်မှု DRR ဆိုင်ရာသင်တန်းများ စသည်တို့ကို လပွတ္တာခရိုင်နှင့် ဖျာပုံခရိုင်အတွင်းရှိကျေးရွာများတွင် ဖွင့်လှစ်၍ ဒေသခံများကို အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း လပွတ္တာမြို့နယ်အခြေစိုက် MRCS ရုံးခွဲမှ မန်နေဂျာ ဒေါ်စန်းစန်းမော်က ပြောကြားသည်။

မင်္ဂလာမြန်မာအဖွဲ့ကလည်း အလားတူလုပ်ငန်းများကို ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်တွင် ကျေးရွာ ၂၁ ရွာ၊ ဖျာပုံမြို့နယ်တွင် ကျေးရွာ ၂၉ ရွာ၊ ဘိုကလေးမြို့နယ်တွင် ၃၉ ရွာအထိ ဆောင်ရွက်ထားသည့်အပြင် ကျေးရွာအတွင်း သက်ကြီးပိုင်း၊ လူမမာနှင့် ကလေးငယ်များရှိသည့် နေအိမ်များကို ကြိုတင်သိရှိရန်၊ ရေတက် ရေကျ



www.foreverspace.com.mm

ခိုဖို မြေအနေအထား စသည်တို့သိရှိရန် တို့ကိုပါ ထည့်သွင်းဆောင်ရွက်နေကြောင်း မင်္ဂလာမြန်မာမှ ဒါရိုက်တာ ဒေါက်တာရွှေသွင် ကဆိုသည်။ မိမိတို့ အဖွဲ့အစည်းအသီးသီး က ဒေသများတွင် အသိပညာပေးလုပ်ငန်း များ လုပ်ကိုင်နေခြင်းကြောင့် အနာဂတ် ဘေးအန္တရာယ်ကြောင့် ထိခိုက်မှုကို လျှော့ချ နိုင်မည့် အလားအလာများရှိနေကြောင်း ပြည်တွင်းအခြေစိုက် အဖွဲ့အစည်းတစ်ခု ၏ တာဝန်ခံက သုံးသပ်သည်။

## မုန်တိုင်းဒဏ်ခံ အဆောက်အအုံများ

လက်ရှိအခြေအနေတွင် မုန်တိုင်း ဒဏ်ခံနိုင်လောက်သော အဆောက်အအုံ အချို့ တိုးပွားလာခြင်းကလည်း ဒေသခံ တို့အတွက် အားတက်စရာတစ်ခုပင် ဖြစ် သည်ကိုတွေ့ရသည်။

သာသနိက အဆောက်အအုံများ၊ ကျောင်းအဆောက်အအုံများ စသည်တို့ကို အဖွဲ့အစည်းအသီးသီးက ပြန်လည် ဆောက်လုပ်ပေးရာတွင် သာမန်အုတ်ညှပ် အဆင့်သာမက သံကူကွန်ကရစ်စနစ်များ ဖြင့် တည်ဆောက်ပေးထားသည့် အပြင် အချို့စာသင်ကျောင်းများဆိုလျှင် (Cyclone Shelter) အဆင့်ထိ ရည်ရွယ်တည် ဆောက်ထားသည် ကိုတွေ့ရသည်။



သာယာချောင်း၊ ဖိုးကုလားကုန်း၊ သပြေငူ၊ ကုန်းကြီး၊ မန်ကျည်းချိုင်၊ ဒီဒူးကုန်း၊ ဝါးကုန်း စသည့်ကျေးရွာများတွင် (Cyclone Shelter) အဖြစ် အသုံးပြုနိုင်သည့် အလျား ပေ ၁၂၀ × ပေ ၃၀ တစ်ထပ် အဆောက်အအုံများကို တည်ဆောက်လျက် ရှိကြောင်း၊ ရေတက်ကင်းလွတ်အမြင့် ၂၂ ပေအထိရှိပြီး စာသင်ခန်းသုံးခန်းအထိ ပိုင်း၍ အသုံးပြုနိုင်မည်ဖြစ်ကြောင်း မေတ္တာ ဖောင်ဒေးရှင်းမှလှူဒါန်းသည့် အဆိုပါ အဆောက်အအုံအချို့ကို တာဝန်ယူ ဆောက် လုပ်နေသည့် တာဝန်ခံ ဦးစိုးညွန့်က ဆို သည်။

“ကျွန်တော်တို့ချည်းပဲတော့ မဟုတ် ဘူး၊ အဆောက်အအုံဆောက်တဲ့သူ တော် တော်များများ ဒီခံနိုင်ရည်ပါထည့်တွက်ကြ တယ်။ UN ကဆောက်တဲ့ အဆောက် အအုံတချို့ဆို နှစ်ပတ်တစ်ကြိမ်လောက် တောင် အရည်အသွေးလာစစ်တာမျိုးတွေ့ ရတယ်” ဟု ၎င်းက ဆက်လက်ပြောကြား သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက လည်း Cyclone Shelter များ ဆောက် လုပ်ခြင်းမရှိသည့် ဒေသများတွင် လေ ဘေးဒဏ်ခံဆက်သွယ်ရေးစင်တာ (Communication Center) များ ဧရာဝတီတိုင်း အတွင်းရှိ ကျေးရွာ ၉ ရွာတွင် ဆောက်လုပ် သွားမည်ဖြစ်ကြောင်း ဧရာဝတီတိုင်း မြန် မာ့ဆက်သွယ်ရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးသန်းထွန်းက ဆိုသည်။

ယင်းကဲ့သို့မုန်တိုင်းဒဏ်ခံအဆောက် အအုံများတိုးပွားလာသော်လည်း ကျေးရွာ တစ်ခုလုံးရှိလူဦးရေအတွက်လုံလောက်သည့် အရွယ်အစားများမရှိခြင်းက လိုအပ်ချက် တစ်ရပ်ဟုဆိုနိုင်ပြီး ဘီတွတ်အုပ်စု လေး အိမ်တန်းကျေးရွာ၊ စစ်ကွဲကျေးရွာ၊ ဆား ကျင်းအုပ်စု ထင်းစုရွာတို့ကဲ့သို့ ပြန့်ကျဲနေ သော လူနေမှုပုံစံရှိသောကျေးရွာများအ တွက်မူ မုန်တိုင်းတိုက်စဉ် အားကိုးအား ထားပြုနိုင်ရန် နေရာခက်ခဲဖွယ်ရှိသည်ကို တွေ့ရသည်။

## လိုနေသောအရာ

လုံခြုံမှုရစေသည့် အဆောက်အအုံ များ အတော်အသင့်ဆောက်လုပ်နေပြီး အသိပညာပေးလုပ်ငန်းများ အချို့ကျေးရွာ များတွင် ထိထိရောက်ရောက် လုပ်ကိုင်နိုင် သည့် အခြေအနေများကို တွေ့မြင်နေရ သော်လည်း မုန်တိုင်းဒဏ်ခံဒေသတစ်ခုလုံး တွင် မပြုလုပ်နိုင်သေးခြင်းက အဓိကလို အပ်ချက်တစ်ရပ်ဖြစ်နေသည်ကို လက်ရှိ အခြေအနေများက ဖော်ပြနေသည်။

ထို့ပြင် အရေးအကြီးဆုံးမှာ မုန်တိုင်း နှင့် ပတ်သက်သော သတင်းအချက်အ လက်များကို ဒေသခံများဆီသို့ အချိန်မီ တိတိကျကျရောက်ရှိနိုင်ရန်ပင် ဖြစ်သည်။



www.foreverspace.com.mm

"ရေဒီယိုက မုန်တိုင်းဆိုတာနဲ့ တောင်ကုန်းပေါ်ပြေးတက်ရမှာပဲ။ အခုဆို မိုးရိပ်မြင်တာနဲ့ လူတွေက ရေထဲမဆင်းတော့ဘူး" ဟု ဒီဒူးကုန်းကျေးရွာအုပ်စုရှိ ဆားကွင်းများတွင်လုပ်ကိုင်သည့် ဆား ရေကိုင် (ဆားထုတ်လုပ်သည့် ကျွမ်းကျင်ပညာရှင်) တစ်ဦးဖြစ်သူ ဦးခေတ်ရီက ဆိုသည်။

ဒေသခံများသည် မုန်တိုင်း၏ပြင်းအားကိုမသိရှိခြင်း၊ မုန်တိုင်းဝင်ချိန်တွင် မည်သို့လုပ်ကိုင်ရမည်ကိုမသိခြင်း၊ ဆူနာမီဖြစ်စဉ်တွင် ရေတက်လာသည်ကို ကိုယ်တိုင်ကိုယ်ကျ မကြုံဖူးသဖြင့် ရေတက်မည်ဟု မယုံကြည်ခြင်း၊ အသိဉာဏ်ဗဟုသုတနည်းပါးခြင်းတို့ကြောင့် ပျက်စီးဆုံးရှုံးသေပျောက်မှုဖြစ်ခဲ့ရခြင်းဖြစ်ကြောင်း ဧရာဝတီတိုင်းအတွင်း ကျေးရွာ ၁၅၀ မှ ဒေသခံများကိုတွေ့ဆုံမေးမြန်းထားသူ မင်္ဂလာမြန်မာမှ ဒါရိုက်တာ ဒေါက်တာရွှေသွင်က ပြောကြားသည်။

အစိုးရအနေဖြင့်လည်း NGO များနှင့်ထိတွေ့ဆုံစည်းက DRR ကို တစ်နိုင်ငံလုံးအနေဖြင့် သိသင့်သည်ဟု ထင်မြင်ဆောင်ရွက်လာရန်လိုအပ်ကြောင်း Action Aid မှ Country Manger Mr. Shihals Uddin Ahanad က အကြံပြုသည်။

## သတိပေးခြင်းဟူသည်

မုန်တိုင်းအမှန်တကယ်ဝင်ရောက်လာချိန်တွင် ဝင်ရောက်ကြောင်းကိုဖော်ပြခြင်း၊ အမြန်ဆုံးပြောင်းရွှေ့ရန် တိုက်တွန်းခြင်းကိုဖော်ပြခြင်း စသည့် နိုင်ငံတကာဖြစ်စဉ်အချို့ကိုကြည့်လျှင် သတိပေးခြင်းသဘောကို ထင်ရှားစွာတွေ့မြင်နိုင်ကြောင်း ပြည်ပ NGO အဖွဲ့အစည်းတစ်ခု၏ Coordinator တစ်ဦးက ဆိုသည်။

သို့ဖြစ်ရာ ပြီးပြည့်စုံသောပြင်ဆင်မှုများမပြုလုပ်ရသေးသည့်တိုင် အထိုက်အလျောက်စီစဉ်ပြီးဖြစ်ရာ မုန်တိုင်းသတင်းတို့ကို ဒေသခံများသို့ အချိန်မီ ထိထိရောက်ရောက်သတိပေးနိုင်ရန်သာ အဓိကလိုအပ်ချက်တစ်ရပ် ဖြစ်ပေသည်။

## နိဂုံး

ဦးမြင့်သန်းကဲ့သို့ တက်ကြွသောဒေသခံများ၊ လက်တွေ့ဆောင်ရွက်နေသောအဖွဲ့အစည်းများနှင့် အစိုးရတို့ ဟန်ချက်ညီညီလက်တွဲ၍ ရေရှည်တွင် ဧရာဝတီတိုင်းတစ်ခုလုံးသာမက မြန်မာတစ်နိုင်ငံလုံးအတွက် ဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေး အသိပညာနှင့် အစီအမံများ ဆောင်ရွက်ထားပါက မလိုလားအပ်သော ဆုံးရှုံးနစ်နာမှုများ လျော့ပါးသွားမည်မှာ သေချာပါသည်။

နာဂစ်မုန်တိုင်းက ရာသီဥတုယိုယွင်းမှုကို ထောက်ပြလာပေရာ အနာဂတ်နိုင်ငံသားတို့ သဘာဝဘေးဆိုးများ ရင်ဆိုင်ကျော်လွှားနိုင်ရေးအစီအမံများသည် ဧရာဝတီတစ်ခုနှင့်သာ ပြီးဆုံးမသွားရန်လည်း တွေးဆထားကြရပေဦးမည်။

**ကျော်ကျော်မင်း ၊ ဇာဏီထွဏ်း၊ မြသဲခိုင်**

**Living Color Media အနေဖြင့် နာဂစ်မုန်တိုင်းဒဏ်ခံရသောဒေသများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာဆောင်းပါးများကို ရေးသားရာတွင် ဒေသများ၏ ဖြစ်စဉ်သရုပ်မှန်ကို အနီးစပ်ဆုံးဖော်ပြရန် အောက်ပါကျေးရွာများမှ အိမ်ခြေစုစုပေါင်း ၂၀၀ ဝန်းကျင်ကို စစ်တမ်းအသေးစားတစ်ခု ကောက်ယူခဲ့ပါသည်။**

| စဉ် | ကျေးရွာအုပ်စု | ကျေးရွာ | မိသားစု(အိမ်ခြေ) |
|---|---|---|---|
| ၁။ | ဒီဒူးကုန်း | ဒီဒူးကုန်း | ၁၈ |
| | | သာယာချောင်း | ၅ |
| | | ကျောက်ကလပ် | ၅ |
| ၂။ | အုတ်တွင်း | ဘုန်းတော်ပြည့် | ၇ |
| | | သဲချောင်း | ၁၀ |
| | | ခုံကြီး | ၈ |
| ၃။ | ချောင်းဝ | ချောင်းဝ | ၃ |
| ၄။ | သဃ်န်းကြီး | သဃ်န်းကြီး | ၆ |
| | | သဃ်န်းလေး | ၈ |
| | | ဒုကုဋ္ဌ | ၅ |
| | | ကုန်းကြီး | ၁၀ |
| | | ဂုန်ညင်းတန်း | ၃ |
| ၅။ | ဘီတွတ် | လေးအိမ်တန်း | ၁၅ |
| | | ဘီတွတ် | ၅ |
| | | စစ်ကွဲ | ၂ |
| | | ထုံးဖူးကျပိုင်း | ၁၀ |
| ၆။ | ဆားကျင်း | ကမ္ဘလာငူ | ၅ |
| | | ထင်းစု | ၈ |
| ၇။ | ဘုန်းကြီးကုန်း | ဘင်္ဂလားကြီး | ၅ |
| ၈။ | – | ပိန္နဲကုန်း | ၂ |
| ၉။ | ဇင်ရွဲကြီး | ဇင်ရွဲလေး | ၈ |
| ၁၀။ | ပြင်ခရိုင် | ပြင်ခရိုင် | ၅ |
| ၁၁။ | လပွတ္တာ | မြို့ပေါ် | |
| | | ၁ ရပ်ကွက် | ၈ |
| | | ၈ ရပ်ကွက် | ၅ |
| ၁၂။ | ဟိုင်းကြီး | မြို့ပေါ် | ၁၀ |
| ၁၃။ | – | စလူထိပ် | ၃ |
| | စုစုပေါင်း | – | ၁၈၉ |

**မှတ်ချက် ။ ။ မိသားစုဝင် ၁ ဦးမှ ၉ ဦးအထိရှိသော အိမ်ထောင်စုများဖြစ်ပြီး နာဂစ်နောက်ပိုင်းအိမ်ထောင်ခွဲထားသည့်မိသားစုများရှိရာ အိမ်ထောင်စု ၁ စုအဖြစ်သာသတ်မှတ်ရေတွက်ထားပါသည်။**

www.foreverspace.com.mm



www.foreverspace.com.mm



# ရေ…ရေ…ရေ

ဇာဏီထွဏ်း

မတ်လလယ်ရက်တစ်ရက်၏ မွန်းလွဲ ၂း၀၀ နာရီခန့်။ မုန်တိုင်းသင့် ဒီဒူးကုန်းကျေးရွာရှိ တစ်ခုသော ဝါးထရံကာ၊ ဓနိမိုး အိမ်တစ်အိမ်တွင် ဖြစ်သည်။ အသက်ဆယ့်သုံးနှစ်အရွယ်ရှိ မိန်းကလေးငယ်တစ်ဦး ဝါးအိမ်တိုင်လေးတွင် ချိတ်ထားသောဦးထုပ်ကလေးကိုယူကာ ခေါင်းဆောင်းလိုက်သည်။ အိမ်ရှေ့တွင်ထောင်ထားသော ထမ်းပိုးဘေးနားတွင် အသင့်ချထားသော ငါးဂါလန်ဝင်ရေပုံးနှစ်ပုံးကို ထမ်းပိုးအစွန်းနှစ်ဖက်ရှိကြိုးတွင်ချည်ပြီး ရေခပ်ရန်ထွက်ခဲ့သည်။ သူမနှင့်အတူ ဘေးအိမ်ရှိကျောင်းနေဘက်သူငယ်ချင်းကလည်း ရေထမ်းပိုးဖြင့် အိမ်ရှေ့တွင်စောင့်နေသည်။ ရေခပ်ရန်သွားမည်ဖြစ်ခြင်းကြောင့်တစ်ကြောင်း၊ ဘုန်းကြီးကျောင်းဝင်းရှိ ရေတွင်းတွင် ခပ်ရမည်ဖြစ်သောကြောင့်တစ်ကြောင်း ဖိနပ်မစီးတော့ဘဲ ထွက်လာခဲ့သည်။

"ချာကာလီလှည်းနဲ့ ရေတွန်းရောင်းတဲ့သူတွေက ရွာမှာအများကြီးရှိတယ်။ သူတို့နဲ့အပြိုင်ရေခပ်ရတယ်။ မဟုတ်လို့ကတော့ ရေရှိတဲ့တွင်းကို ရှာခပ်ရင်း အိမ်နဲ့တဖြည်းဖြည်းဝေးသွားတဲ့ရေတွင်းကနေ ခပ်ရမှာ" ဟု ခြေလှမ်းမြန်မြန်ဖြင့် ရေတွင်းရှိရာသို့သွားလေသည်။

ထိုမိန်းကလေးငယ်၏အမည်မှာ မဆွေဆွေဝင်းဖြစ်သည်။ သူမနေထိုင်ရာ ရွာလေးသည် ဧရာဝတီတိုင်း ငပုတောမြို့နယ် ဒီဒူးကုန်းကျေးရွာအုပ်စုအတွင်းရှိ ဒီဒူးကုန်းကျေးရွာဖြစ်ပြီး ၂၀၀၈ ခုနှစ် မေလတွင်တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းသင့်မြို့နယ်ရှစ်ခုတွင် တစ်ခုပါဝင်သော ဒေသဖြစ်သည်။

အဆိုပါဒီဒူးကုန်းကျေးရွာ အုပ်စုတွင် ပါဝင်သောကျေးရွာ ၁၃ ရွာရှိ ရေတွင်း ရေကန်အားလုံးသည် ပင်လယ်ရေများဖုံးလွှမ်းခြင်းခံရပြီး ဆားငန်ရေများဝင်ရောက်ခဲ့သောကြောင့် မိုးရေခံကန် ၂၁ ကန်အနက် ရှစ်ကန်၌သာလည်းကောင်း၊ ရေတွင်း ၁၀၅ တွင်းအနက် ၂၁ တွင်းသာလည်းကောင်း၊ လက်နှိပ်တုံကင် ၂၁ ခုအနက် တစ်ခုသာလည်းကောင်း အသုံးပြုနိုင်တော့သည်။ ကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စုပေါင်း ၂၅၅ စု၊ လူဦးရေစုစုပေါင်း ၉၆၃၇ ဦးအတွက် သုံးရေရရှိပြီး သောက်ရေရရှိနိုင်မှုသည် ၂၀ ရာခိုင်နှုန်းခန့်သာရှိကြောင်း ကျေးရွာရေရရှိရေးကော်မတီမှ ဦးဝင်းကြည်က ပြောကြားသည်။

အဆိုပါကျေးရွာအုပ်စု ၁၃ ရွာတွင် ရေရှိနိုင်မှုအနေအထားများကို လေ့လာဆန်းစစ်ခဲ့ရာ (၁) မိမိတို့တွင် အိုး၊ ရေတွင်းရှိ၊ ကိုယ်တိုင်လည်းဖန်တီးနိုင်သည်၊ (၂) ရေရောင်းသူရှိ (ဝယ်လည်းဝယ်သုံးနိုင်)၊ ကိုယ်တိုင်ဖန်တီးနိုင်သည်၊ (၃) အလှူခံ၍



www.foreverspace.com.mm

ရရှိနိုင်သည်၊ အလှူရှင်ကပေးနိုင်သည်၊ (၄) ငွေမရှိ၊ မဝယ်နိုင်၊ ခရီးဝေး အလှူခံမရနိုင်၊ ကိုယ်တိုင်မဖန်တီးနိုင် စသည့်အဆင့်များဖြင့် သတ်မှတ်ထားရာ အဆင့် (၁) အတွက် ခုနစ်ရွာ၊ အဆင့် (၂) အတွက် နှစ်ရွာ၊ အဆင့် (၃) အတွက် အလှူခံလာနိုင်သည့် အလှူခံပေးနိုင်သည့်ရွာမရှိကြောင်း၊ အဆင့် (၄) အတွက် ရွာလေးရွာရှိပြီး မတ်လအတွင်း ရေပြတ်ခဲ့ရာ အဆိုပါလေးရွာအနက် ပြည်သာယာရွာသည် အဓိကလိုအပ်နေကြောင်း၊ Save the Children အဖွဲ့အစည်းက ဒီဒူးကုန်းကျေးရွာအုပ်စုသို့ မကြာမီ ရေဖြန့်ဝေမည်ဟုကြားသိရပြီး ပြည်သာယာကျေးရွာသို့ ရောက်နိုင် မရောက်နိုင်မှာ မသေချာကြောင်း ၎င်းကပြောကြားသည်။

“နာဂစ်မဖြစ်ခင် ရေလောက်တယ်။ ရေ့မိုးကရွာထားတဲ့ရေကို နောက်မိုးမီအောင်သုံးလို့ရတယ်။ နာဂစ်မုန်တိုင်းမှာ ရေငန်တွေဝင်တယ်။ ရေစုပ်ပြီး မိုးရေခံလိုက်ပေမယ့် ကန်မပြည့်ဘူး။ Save the Children ကတော့ ရေလှူမယ်ပြောတာပဲ။ မျှော်ရတော့မယ်။ ဝယ်မှမသောက်နိုင်တာ” ဟု ပြည်သာယာကျေးရွာမှ ဒေသခံ ဒေါ်သန်းမြင့်က ပြောကြားသည်။

ကျေးရွာရေလိုအပ်ချက်ကြောင့် ကရုဏာလူမှုကူညီရေးအသင်းနှင့် International HIV/ AIDS Alliance တို့ပူးပေါင်းကာ တွင်းအကျယ် ခုနစ်ပေခွဲ အနက် ၁၂ ပေရှိသော ရေတွင်းတစ်တွင်းစီကို ဒီဒူးကုန်း၊ စောင်းလျားကုန်း၊ မေဓာအိုင်၊ ကြက်လျှာ၊ ကျောက်ကလပ်ရွာတို့တွင် တူးဖော်ပေးခဲ့ပြီး လက်ရှိကျောက်ကလပ်ကျေးရွာတွင် တစ်တွင်း ထပ်မံတူးဖော်လျက်ရှိကြောင်း မန်ကျည်းချိုင်၊ ဒီဒူးကုန်း၊ ဘုန်းဆိုးကြီးတို့တွင် တစ်တွင်းစီနှင့် အဆင်းချိုင်တွင် နှစ်တွင်း ထပ်မံတူးရန်စီစဉ်ထားကြောင်း၊ ရေတွင်းတူးလိုသောရွာများကို လျှောက်လွှာတင်ရန် ဖိတ်ခေါ်ထားပြီး ယင်းလျှောက်လွှာများအနက်မှ လူဦးရေများကာ ရေတွင်းမှရေကိုသာ အားထားသုံးရမည့်ရွာများကို ရွေးချယ်တူးပေးမည်ဖြစ်ကြောင်း ကရုဏာလူမှုကူညီရေးအသင်းမှ အတွင်းရေးမှူး ဦးဇော်ဝင်းက ရှင်းပြသည်။



“ရေတွင်းတူးဖို့ အစတုန်းက လွယ်မယ်ထင်တာ၊ တကယ်တမ်း တူးကြည့်တော့ မြေကြီးမရှိဘူး၊ ကျောက်သားချည်းပဲ” ဟု ၎င်းက ပြောကြားသည်။

ယခုအခါ လေဘေးသင့်ဧရိယာတစ်ခုလုံး သောက်ရေအခက်အခဲကြုံနေရပြီး သုံးရေခပ်၍သုံးနိုင်သော်လည်း သောက်ရေကို ဝယ်ယူနေရကြောင်း၊ ယခင်က ဤပြဿနာသည် ကြီးမားချင်မှကြီးမားမည်ဖြစ်သော်လည်း ယခုအခါ၌ အကြီးမားဆုံးပြဿနာပင်ဖြစ်ကြောင်း၊ နာဂစ်မုန်တိုင်းကြောင့် သောက်ရေကန်များ ဆားငန်ရေဝင်ကာ ပျက်စီးသွားသောကြောင့် ဆားငန်ရေများကို ပြန်လည်စုပ်ထုတ်သော်လည်း ပြန်လည်ရရှိလာသည့်ရေတွင် အငန်ဓာတ်ပါနေခြင်းမှာ ဆားငန်ရေများ ပြန်လည်စိမ့်ထွက်နေသောကြောင့်ဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် မိုးရေခံကန်များကို မိုးမကျမီအချိန်တွင် အချိန်မီပြင်ဆင်ရန်လိုအပ်ကြောင်း၊ ရေတွင်းတူးရန်အတွက်လည်း ပင်လယ်ပတ်လည်ဝိုင်းနေသောကြောင့် ရေချိုရရန်မှာ မသေချာဖြစ်ကာ မော်လမြိုင်ကျွန်းအချို့နေရာများတွင် အာဆင်းနစ်များ ပါဝင်သည်ကိုတွေ့ရကြောင်း မင်္ဂလာမြန်မာအဖွဲ့မှ ဒါရိုက်တာ ဒေါက်တာရွှေသွင်က ပြောကြားသည်။

“ရေတွင်းတူးရင် မိုးရေခံကန်က ရေကိုစမ်းသပ်ပါ။ ရေချိုရတိုင်း ရေကောင်းမဟုတ်ဘူး။ သက်ဆိုင်ရာကို စစ်ဆေးဖို့ပေးသင့်တယ်။ ရေတွင်းတူးတဲ့အခါ ဒေသအနေအထားသိဖို့လည်းလိုတယ်။ အာဆင်းနစ် ရှိနိုင်၊ မရှိနိုင် မြေအလွှာ၊ ရေစစ်ဖို့လိုတယ်။ ဒါမှ သောက်သင့်၊ မသောက်သင့် သိမှာ” ဟု ၎င်းက ဆိုသည်။

“ရေတွင်းကရေကိုတော့ တစ်ခါမှ မစစ်ဖူးဘူး။ ရေတွင်းတူးတာကလည်း အဓိကသုံးဖို့အတွက်တူးတာ။ စီစဉ်နေတာကတော့ မိုးရေခံကန်ထဲကရေကိုမသုံးဘဲ တွင်းရေကိုသာ အဓိကသုံးဖို့ တိုက်တွန်းထားတယ်” ဟု ဦးဇော်ဝင်းက ပြောကြားသည်။

လူ၏ခန္ဓာကိုယ်၏ ၆၀ ရာခိုင်နှုန်း၊

www.foreverspace.com.mm





ဦးနှောက်၏ ၇၀ ရာခိုင်နှုန်း၊ သွေး၏ ၈၀ ရာခိုင်နှုန်းတို့သည် ရေသာလျှင်ဖြစ်ပြီး ထမင်းမစားဘဲ တစ်ပတ်နေနိုင်သော်လည်း ရေမသောက်ဘဲနေ၍ မရပေ။ ကမ္ဘာကိုရေထုက လွှမ်းမိုးထားသော်လည်း ထိုရေအားလုံး၏ ၃ ရာခိုင်နှုန်းကိုသာ သောက်၍ရပြီး ၂ ရာခိုင်နှုန်းမှာ ရေခဲပုံစံရှိကာ ၁ ရာခိုင်နှုန်းသာ လူအများလက်လှမ်းမီသည်။ ရေပန်းဖြင့်ရေချိုးခြင်းသည် ဖလားဖြင့်ရေချိုးခြင်းထက် သုံးချိုးတစ်ချိုးသက်သာသည်။ ကမ္ဘာ့ရေ၏ပမာဏသည် ယခင်အတိုင်းရှိသော်လည်း ၂၁ ရာစုတွင် လူဦးရေသုံးဆမြင့်တက်လာကာ ရေသုံးစွဲမှုမှာလည်း ခြောက်ဆမြင့်တက်လာကြောင်း www. apolloideas.com တွင် ဖော်ပြထားသည်။

၂၀၀၇ ခုနှစ်အတွင်းတွင် သောက်သုံးရန် ရေမရှိသည့်အတွက် လူ ၂၅ သန်းခန့် နေရာရွှေ့ပြောင်းနေကြရရာ ယင်းပမာဏသည် စစ်ဘေးကြောင့်ပြေးရသူထက် ပိုများနေပေသည်။ ကမ္ဘာပေါ်တွင် လူသုံးဦးတွင် တစ်ဦးသည် လုံလောက်သောရေမရရှိခြင်းနှင့် လူငါးဦးတွင် တစ်ဦးသည် မသန့်ရှင်းသောရေ သောက်နေရခြင်းတို့ကို ကြုံနေရသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာအရ ၁၅ စက္ကန့်တိုင်းတွင် ရေပြတ်လပ်မှုကြောင့် ကလေးတစ်ဦး သေဆုံးနေရကြောင်း ကုလသမဂ္ဂက ထုတ်ပြန်ထားသောစာရင်းများအရသိရသည်။ လူအများစုသည် ကမ္ဘာတွင် ရေနံပြတ်လပ်သွားပါက ဘာလုပ်ကြမည်နည်းဟုသာ တွေးလျက်ရှိသော်လည်း ရေသည် ရေနံထက်ပင် စော၍ပြတ်လပ်သွားနိုင်ကြောင်း၊ ရေမရှိပါက စားသောက်မှုပြဿနာများလည်း ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ အဆိုပါ Website တွင် ပါဝင်သောအချက်များကို ကိုးကား၍ International HIV/AIDS မှ တာဝန်ရှိသူ ဦးမြင့်ဇော်ကပြောကြားသည်။

မုန်တိုင်းသင့်ဒေသရှိ အိမ်ရှင်မများသည် ရေပြဿနာ၏ဖိအားကို တိုက်ရိုက်ရင်ဆိုင်နေကြရပြီး အစားအသောက်ချက်ပြုတ်ရန်၊ ကလေးများသန့်ရှင်းရေးပြုလုပ်ရန်၊ မျက်နှာသစ်ရန်အတွက်ပါ အခက်အခဲတွေ့လာရသည်။ အိမ်ရှိကလေးများကို ရေခွဲတာသုံးစွဲစေပြီး လူကြီးများသည် တစ်နေ့တစ်ကြိမ်သာ ရေချိုးကြောင်း၊ ခင်ပွန်းဖြစ်သူက အခြားအိမ်များတွင် လယ်ကူလီရိတ်ရပြီး မိမိမှာ အခြားအိမ်များတွင် ငါးဆေးခြင်း၊ ပန်းရန်ရွက်ခြင်း၊ အဝတ်လျှော်ခြင်းများပြုလုပ်နေရသည့်အပြင် ရေခပ်ရန်အတွက်လည်း အချိန်ပေးရကြောင်း ဒီဒူးကုန်းကျေးရွာမှ ဒေါ်ပေါက်စက ပြောကြားသည်။

"ချာကာလီဆွဲတဲ့ ယောက်ျားတွေနဲ့ အပြိုင်ခပ်ရတာ။ ရေခပ်ဖို့အတွက် ကျန်တဲ့အလုပ်လည်းပျက်တယ်" ဟု ၎င်းကပြောကြားသည်။

ရေရရှိမှု မျှတစေရန်အတွက် မိသားစုလူဦးရေအကန့်အသတ်ဖြင့် ခွဲခြားကာ ရေပေးဝေရန်အတွက် Save the Children ကစီစဉ်နေကြောင်း၊ ရွာမှလည်း ရေရှိရေးအတွက် ကော်မတီအဖွဲ့က မည်သည့်ယာဉ်နှင့်မျှ ရေမခပ်ရန် တားမြစ်ထားကြောင်း ကျောက်ကလပ်ကျေးရွာသားတစ်ဦးလည်းဖြစ် ကရုဏာလူမှုကူညီရေး အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သူ ဦးအောင်ဝင်းက ပြောကြားသည်။



www.foreverspace.com.mm

ပေါက်ရှိခပ်နေသောရေတွင်းမှ ရေ များခန်းသွားပါက အဆင်းချိုင်ရွာတွင်သွားခပ်ရမည်ဖြစ်ပြီး ယင်းရွာများတွင်လည်း ရေရှားပါးမှုကြောင့် အခြားရွာများမှ လာရောက်ခပ်ယူခြင်းကို လက်ခံခြင်းမပြုမည်ကို စိုးရိမ်ရကြောင်း ပြည်သာယာကျေးရွာမှ ဒေါ်နုနုဝင်းက ဆိုသည်။

"ရေရှားတော့ တခြားရွာကလူတွေခပ်တာကို တားကြတော့မယ်။ ရေမရှိတဲ့ရွာကလည်း ရေရှိတဲ့ရွာကို လာခပ်တော့ လက်မခံရင် ရေကနေ ရပ်ရွာပြဿနာထိ ဖြစ်လာနိုင်တယ်" ဟု ဒေသခံတစ်ဦးက မှတ်ချက်ပြုသည်။

ကုလသမဂ္ဂက မတ်လ ၂၂ ရက်နေ့ကို ကမ္ဘာ့ရေအရင်းအမြစ်နေ့အဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၀၅ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ဘဝအတွက်တာရေ ခေါင်းစဉ်သတ်မှတ်ထားချက်တွင် ကလေးသူငယ်နှင့်ရေဆိုသော ခေါင်းစဉ်ခွဲတစ်ခု ပါရှိသည်။ ရေရှား



ပါးသောဒေသများတွင် ကလေးသဘာဝ ကစားချိန်၌ မကစားရဘဲ ရေအတွက် လုံးပန်းနေကြရသည်။ ထို့ကြောင့် ကလေးများ၏ အရိုးအကြော သန်မာဖွံ့ဖြိုးမှုကို ထိခိုက်စေနိုင်ကြောင်း၊ ထို့အပြင် စိတ်ပိုင်းဆိုင်ရာ အနေဖြင့်လည်း ထိခိုက်စေနိုင်ကြောင်း ရေရရှိရန်စီမံဆောင်ရွက်နေသော NGO အဖွဲ့အစည်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

"သား ရန်ကုန်ကိုမလာခင် အိမ်မှာ ရေပြည့်အောင် ခပ်ပေးခဲ့တယ်။ အမျိုးတွေကို ရေခပ်ပေးလို့ရတဲ့ မုန့်ဖိုးစုတာလေးထောင်ရပြီ။ ရန်ကုန်လာခါနီး အမေ့မှာ ဈေးသုံးမရှိလို့ နှစ်ထောင်ပေးခဲ့တယ်။ ကျန်တာ သားယူလာတယ်" ဟု ပြည်သာယာရွာမှ အသက် ၁၃ နှစ်အရွယ် ကလေးတစ်ဦးက ရန်ကုန်သို့ရောက်စဉ် ပြောကြားခဲ့သည်။

"မိုးခေါင်ရေရှားတဲ့ဒေသ ကလေးတွေအပါအဝင် နောင်မျိုးဆက်တွေအတွက် ကျွန်မတို့အနေနဲ့ တတ်နိုင်သလောက် ကြိုးစားရအောင်" ဟု ဆရာဝန် စာရေးဆရာမဂျူးက တိုက်တွန်းပြောကြားသည်။




ဒီဒူးကုန်းကျေးရွာတွင်ရှိသော ရေတွင်းရှစ်တွင်းအနက် ထူပါရုံဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ရေတွင်းများသည် ရေထွက်များသည့်အပြင် နေအိမ်များနှင့်လည်းနီးသော်လည်း ကျန်ရေတွင်းများမှာမူ ရေခပ်များပါက ရေနောက်လာကြောင်း၊ တစ်ခါတစ်ရံ အိမ်အတွက်သာမက ဆွေမျိုးများက မုန့်ဖိုးပေးပြီးရေခပ်ခိုင်းသောကြောင့် ရသည့်မုန့်ဖိုးကို စုဆောင်းပြီး ကျောင်းသုံးပစ္စည်းများဝယ်ယူမည်ဖြစ်ကြောင်း၊ ရေခပ်လမ်းအပြန်တွင် မန်ကျည်းစေ့တောက်ကစားနေသော အခြားကလေးများနှင့် ဝင်ရောက်ကစားရင်း ဆွေဆွေဝင်းကဆိုသည်။

"ဒီနှစ်မှာက ကျောင်းစရိတ်မပူခဲ့ရဘူးလေ။ အစိုးရကအခမဲ့သင်ပေးပြီး ကျောင်းသုံးပစ္စည်းတွေလည်း ထောက်ပံ့တော့ အဆင်ပြေတယ်။ နောင်နှစ်အတွက် ဘယ်လိုလာမလဲမသိတော့ အခုကတည်းက ပိုက်ဆံစုနေတာ" ဟု ဖြေရင်းပင် ဆွေဆွေဝင်းတစ်ယောက် ရေထမ်းပိုးကိုလွယ်ကာ ထူပါရုံဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှ ထွက်ခွာခဲ့သည်။ အပြင်၌ နွေကပူပြင်းနေဆဲ။ သူမ၏စိတ်ထဲတွင်ကား ရေ . . . ရေ . . . ရေ။

**ဓာကီထွဏ်း**

www.foreverspace.com.mm



www.foreverspace.com.mm



# ရန်ကုန် ကုန်စည်ဈေးကွက်

နိုင်မင်းဝေ ၊ ဇာလီကျော်

## မတ်လ ဘုရင့်နောင်ကုန်စည်ဈေးကွက်

မြန်မာ့ရိုးရာနှစ်သစ်ကူး သင်္ကြန်ပွဲတော် နီးကပ်လာချိန်တွင် ကုန်စည်အချို့ ဈေးနှုန်းလှုပ်ခတ်ခြင်းနှင့် ကုန်သယ်မည့် ယာဉ်များရှားပါးနေခြင်းတို့ကြောင့် ဆန်သစ်ပေါ်ချိန်မှစ၍ ငါးလခန့် ဈေးအနိမ့်တွင်သာ ရှိနေခဲ့သော ဆန်မျိုးစုံသည် တစ်အိတ်လျှင် ကျပ် ၂,၀၀၀ ခန့် ဈေးမြင့် တက်လာကြောင်း ဆန်ကုန်သည်များထံမှ သိရှိရသည်။


ယင်းအပြင် ပဲပါမစ်များ ရပ်ဆိုင်းမည်ဆိုသည့် သတင်းများနှင့်အတူ ပဲအရောင်းအဝယ်သည် လှုပ်လှုပ်ခတ်ခတ်ဖြစ်ခဲ့ရပြီး ကုန်စည်ဒိုင်အောက်ဆုံးထပ်တွင် ပဲလုပ်ငန်းရှင်များမှာ မိုဘိုင်းလ်ဖုန်းများဖြင့် ရောင်းဝယ်ဖောက်ကားရန် လှုပ်လှုပ်ရှားရှားပြန်ဖြစ်လာခဲ့သည်ကိုလည်း တွေ့မြင်ရသည်။

ကုန်စည်ဈေးကွက်အတွင်း ထူးခြားသည့်မြင်ကွင်းတစ်ခုအဖြစ် ငွေမအပ်ဘဲ တိမ်းရှောင်သွားသည့် ငွေသိမ်းစာရေးကို တွေ့ရှိပါက သတင်းပေးနိုင်ရန် ၎င်းဓာတ်ပုံများကို ဘုရင့်နောင်ပွဲရုံအနှံ့ လူသွားလူလာများသည့်နေရာများတွင် ကပ်ထားသည်ကိုလည်းတွေ့မြင်ရသည်။ ယခင်ကလည်း တစ်နှစ်လျှင် ငွေသိမ်းစာရေးများ နှစ်ကြိမ်သုံးကြိမ်ခန့် တိမ်းရှောင်မှုများဖြစ်လေ့ရှိသော်လည်း ယခုကဲ့သို့ ကြေညာခြင်းမျိုး မတွေ့ကြုံဖူးကြောင်း ပွဲရုံဝင်းအတွင်းနေထိုင်သူများက ဆိုသည်။ ငွေကြေးဆုံးရှုံးသူများအနေဖြင့် ငွေပြန်ရရေးထက် ငွေကြေးအကျပ်အတည်းဖြစ်နေချိန်တွင် အခြားသူများ ထိုကဲ့သို့ မကြုံတွေ့စေရန် သတိပေးလိုခြင်းဖြစ်ပုံရသည်ဟု လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

## ဆန်စမျိုးစုံ ဈေးတက်

ယခုနှစ် ကောက်သစ်ပေါ်ချိန်ကတည်းက ဈေးအနိမ့်တွင် အပြောင်းအလဲနည်းပါးစွာဖြင့် ငြိမ်သက်နေသော ဆန်ဈေးကွက်သည် ယခုလ သုံးလေးရက်ခန့်အတွင်း ရုတ်တရက် ဆန်စမျိုးစုံတစ်အိတ် ၂,၀၀၀ ကျပ်ခန့် မြင့်တက်ခဲ့ကြောင်း ဆန်ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြည်ပသို့ဆန်တင်ပို့နေသော ကုမ္ပဏီကြီးတစ်ခုသည် ပြည်ပတင်ပို့မည့်သင်္ဘောပေါ်သို့ ဆန်တင်ပြီးချိန်မှ ဆန်ဝယ်သူက ဆန်အရည်အသွေးကိုမကြိုက်၍ ငြင်းပယ်ခြင်းခံရကြောင်း၊ အဆိုပါကုမ္ပဏီအနေဖြင့် အချိန်မီတင်ပို့နိုင်ရန်အတွက် ဆန်များ လိုက်လံဝယ်ယူရာမှ ဆန်ကြမ်းများနှင့် ဆန်ကွဲဈေးနှုန်းများ စတင်မြင့်တက်ခဲ့ကြောင်း၊ ယင်းမှတစ်လျှောက်လုံး သိသိသာသာဈေးငြိမ်နေသည့် ဆန်ချောဈေးနှုန်းများပါ လိုက်ပါမြင့်တက်လာကြောင်း ဘုရင့်နောင်ပွဲရုံ ပိတောက်လမ်းမှ ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြော





www.foreverspace.com.mm


ကြားသည်။

နွေစပါးများ ဒေသစုံမှ ဝင်လာလျှင် ဆန်ဈေးနှုန်းများ ပြန်လည်ကျဆင်းနိုင်သည်ဟု ခန့်မှန်းထားကြရာ ဧပြီလအစပိုင်းတွင် နွေစပါးများ ပေါပေါများများဝင်လာသော်လည်း ဆန်ဈေးနှုန်းမှာ ပြန်မကျဘဲ ဈေးအမြင့်မှာပင် ငြိမ်နေသည်ဟု ၎င်းကဆိုသည်။

ဆန်ကြမ်းအုပ်စု နံ့ကား ၁၀၈ ပေါင်တစ်အိတ် ၁၅,၀၀၀ ကျပ်၊ မနောသုခ၊ မြီးကောက် ၁၀၈ ပေါင်တစ်အိတ် ၁၅,၂၀၀၊ ၁၅,၁၀၀ ကျပ်၊ နွေအကြမ်းရှယ် ၁၀၈ ပေါင်တစ်အိတ် ၁၄,၀၀၀ ကျပ်၊ ငစိန် ၁၃,၀၀၀ ကျပ်၊ မိုးအကြမ်းရှယ် ၁၄,၅၀၀ ကျပ်၊ ပေါ်ဆန်းအလတ် ၂၀,၀၀၀၊ ၂၂,၀၀၀ ကျပ်ခန့်၊ ပေါ်ဆန်း မြောင်းမြရှယ် ၂၃,၀၀၀ ကျပ်၊ ပေါ်ကျွဲတစ်အိတ် ၁၅,၀၀၀ ကျပ်၊ တောင်ပျံ ၁၈,၀၀၀၊ ၁၉,၀၀၀၊ ၂၁,၀၀၀ ကျပ်၊ ပြည်ပတင်ပို့နေသည့် ၂၅ မှတ် ၁၁၀ ဒသမ ၅ ပေါင် တစ်အိတ် ၁၁,၃၀၀၊ ၁၁,၅၀၀၊ ၁၁,၈၀၀၊ ၁၂,၀၀၀ ကျပ် ပေးဝယ်မှုများရှိကြောင်း ဆန်ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

## မှန်းရခက် စားအုန်းဆီ

နှစ်စဉ်မြန်မာ့ရိုးရာသင်္ကြန်နှစ်သစ်ကူးနီးကပ်လာချိန်တွင် ဈေးတက်လေ့ရှိသော စားအုန်းဆီဈေးနှုန်းသည် ယခုနှစ်တွင် တက်မည်ကျမည်ကို ခန့်မှန်းရန်ခက်ခဲနေကြောင်း၊ ယခုရက်ပိုင်း စားအုန်းဆီဈေး အနည်းငယ်တက်လာကြောင်း၊ ဆက်တက်မည်ဟု ယတိပြတ်မပြောနိုင်ကြောင်း၊ ကန်ဆီထုတ်ပေးမှုပေါ်တွင်မူတည်ပြီး ဈေးနှုန်း အပြောင်းအလဲဖြစ်နေကြောင်း၊ ဆီကန်မှ ကိုယ်စားလှယ်များကို တစ်ပတ်အတွင်း အပြီးထုတ်ပေးသောဆီကို ကိုယ်စားလှယ်များအနေဖြင့် အပတ်စဉ် ပြီးပြတ်အောင် ထုတ်ယူရကြောင်း၊ ယခု မတ်လနောက်ဆုံးအပတ်တွင် ဆီပြတ်အောင် ထုတ်မပေးနိုင်သဖြင့် ဆီဈေးအနည်းငယ်တက်လာကြောင်း၊ သို့ရာတွင် လက်ကျန်ဆီများ ပြန်ထွက်လာလျှင် ကျရိပ်ရှိကြောင်း ဆီလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။



ကိုယ်စားလှယ်များ၏ ဘဏ်သွင်းဈေးမှာ တစ်ပိဿာ ၁,၄၁၁ ကျပ်တွင် အပြောင်းအလဲမရှိသော်လည်း အပြင်ဈေးမှာမူ တစ်ပိဿာလျှင် ၁,၆၄၅ ကျပ်မှ ၁,၆၆၀ ကျပ်သို့လည်းကောင်း၊ ၁,၆၆၀ ကျပ်မှ ၁,၇၀၀ ကျပ်သို့လည်းကောင်း ပြောင်းလဲခဲ့ကြောင်း ပဲဆီမှာမူ တစ်ပိဿာ ၂,၇၀၀ ကျပ်၊ နှမ်းဆီမှာ ၂,၆၀၀ ကျပ်ခန့် ရှိကြောင်း ဆီဈေးကွက်အတွင်းမှ သိရှိရသည်။

## ကြက်သွန်ဖြူ အသစ်ဝင်

ရှမ်းပြည်နယ်မှ ကြက်သွန်ဖြူအသစ်များစတင်ဝင်ရောက်လာပြီး အစိုဓာတ်နည်းသဖြင့် ဝယ်သိမ်းကြသူများကြောင့် နယ်အဝယ်တော်များအနေဖြင့် ကြက်သွန်ဖြူအသစ်ဝယ်လိုလျှင် ကြိုတင်စာရင်းပေးမှ ရောင်းပေးနိုင်ကြောင်း၊ ပုံမှန်အားဖြင့် ကြက်သွန်ဖြူအသစ်သည် ပေါ်ဦးပေါ်ဖျားတွင် အစိုဓာတ်များသော်လည်း ယခုနှစ်တွင် ကြက်သွန်ဖြူဈေးကျနေသဖြင့် တောင်သူများ စောစောမနုတ်ဘဲ အခြောက်ခံပြီးမှ နုတ်ပုံရကြောင်း အောင်သပြေလမ်းမှ စားဖိုဆောင်သီးနှံရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ခန့်မှန်းသည်။

ရှမ်းကြက်သွန်ဖြူ အသစ် ထူး (၃) အပေါ်စများဝင်ရောက်မှုမရှိသေးဘဲ ထူး (၂) နှင့် ထူး (၁) သာ ဝင်ရောက်လျက်ရှိ

www.foreverspace.com.mm

ပြီး ထူး (၂) တစ်ပိဿာ ၄၅၀ ကျပ်၊ ထူး (၁) တစ်ပိဿာ ၃၅၀ ကျပ်ခန့်၊ ကြက်သွန်ဖြူအဟောင်းစမှာ ထူး (၃) ၃၅၀ ကျပ်၊ ထူး (၂) ၂၅၀ ကျပ်၊ ထူး (၁) ၁၃၀ ကျပ်သာရှိပြီး ကြူကုတ်ကြက်သွန်ဖြူမှာ တစ်ပိဿာ ၆၀၀ မှ ၆၄၀ ကျပ်ခန့်ရှိနေသည်ကို တွေ့ရသည်။




## နွေကြက်သွန်နီ အဝင်များ

နွေကြက်သွန်နီများ ပိုမိုဝင်ရောက်လာခြင်း၊ မြစ်ဝကျွန်းပေါ်ဒေသ၊ ရန်ကုန်မြို့တော်နှင့် တနင်္သာရီတိုင်းမှ အဝယ်တော်များ၏ ဝယ်လိုအားမှာ ပုံမှန်လောက်သာရှိခြင်း၊ ပြည်ပသို့ သင်္ဘောဖြင့် တင်ပို့မှုလည်း နည်းပါးခြင်း၊ မြဝတီ၊ ကော့သောင်း နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်သာဝယ်ယူလျက်ရှိခြင်းတို့ကြောင့် ကြက်သွန်နီဈေးနှုန်းမှာ အပြောင်းအလဲနည်းကြောင်း၊ အပေါ်စ နှစ်စခန့်သာ တစ်ပိဿာလျှင် ငါးကျပ်မှ ၂၅ ကျပ်အထိမြင့်တက်လာကြောင်း၊ အချို့ရက်များတွင် ကြက်သွန်နီတင်ယာဉ် အစီး ၄၀ ခန့်အထိ ဝင်ရောက်မှုရှိကြောင်း၊ မြစ်သားကြက်သွန်နီတစ်ပိဿာ ၃၂၀၊ ၄၄၀၊ ၄၇၅၊ ၅၁၅ ကျပ်ခန့်၊ ဆိပ်ဖြူတစ်ပိဿာ ၂၂၅၊ ၃၁၅၊ ၃၆၅၊ ၃၈၅ ကျပ်ခန့်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း စားဖို့ဆောင်သီးနှံဈေးကွက်အတွင်းမှ သိရှိရသည်။

## ငရုတ်ပု အရှိန်သေ

ဆင်ဖြူကျွန်း ငရုတ်ပုဈေးနှုန်းများ တစ်ပိဿာလျှင် ၆,၅၀၀၊ ၇,၀၀၀ ကျပ် အထိ ဈေးမြင့်တက်ခဲ့သော်လည်း ဆက်လက်တက်ရန် အင်အားမရှိတော့၍ တဖြည်းဖြည်း အရှိန်သေပြီးပြန်ကျနိုင်ကြောင်း ငရုတ်သီးရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ခန့်မှန်းပြောကြားသည်။

စိမ်းစားငရုတ်မှာ တစ်ပိဿာ ၃,၃၅၀၊ ၃,၈၅၀ ကျပ်၊ ဆင်ဖြူကျွန်းငရုတ်ပုမှာ မတ်လနောက်ဆုံးပတ်၌ ၆,၀၀၀၊ ၆,၃၀၀ ကျပ်ခန့်အထိ ပြန်ဆင်းလာကြောင်း၊ ဧရာဝတီတိုင်း ပန်းတနော်ဘက်မှ ငရုတ်ပုများဝင်ရောက်လျက်ရှိပြီး တစ်ပိဿာ ၃,၅၀၀၊ ၄,၀၀၀ ကျပ်ခန့်ဖြင့် အရောင်းအဝယ်ဖြစ် ကြောင်း ၄ ဝါလမ်းမှ ငရုတ်သီးရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

တစ်ပိဿာလျှင် ၂,၅၀၀ ကျပ်အထိ မြင့်တက်ခဲ့သော ကျောက်ရဲငရုတ်ရှည်သည် မတ်လ ၂၄ ရက်တွင် တစ်ပိဿာ ၂,၄၀၀ ကျပ်သို့ ပြန်ဆင်းလာကြောင်း၊ ထို့အတူ ဝါးခယ်မ၊ ရွှေလောင်း၊ အိမ်မဲ၊ ကုလားကျွန်းငရုတ်ရှည်များသည်လည်း မတ်လ ၁၉ ရက်တွင် တစ်ပိဿာ ၂,၂၀၀၊ ၂,၃၀၀ ကျပ်ရှိရာမှ ၂၄ ရက်တွင် ၂,၀၀၀ ကျပ်ဝန်းကျင်ခန့်သာရှိတော့ကြောင်း၊ မိုးထောင်ငရုတ်အနေဖြင့် အဟောင်းလက်ကျန်သည် လှောင်လက်များလက်တွင်သာကျန်တော့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

## တစ်အိတ်လက်ဆောင်ပေးတဲ့ ဂျုံ

ဂျုံဈေးနှုန်းများ ကျဆင်းနေသော်လည်း အဝယ်မလိုက်သဖြင့် အရောင်းမြှင့်တင်နေသည့်အနေဖြင့် အိတ် ၂၀ ဝယ်သူကို တစ်အိတ်လက်ဆောင်ပေး၍ အရောင်းမြှင့်တင်နေကြောင်း၊ ဂျုံဈေးကျသဖြင့် နာမည်ကျော် ဈေးကွက်ရှိပြီးဖြစ်သည့် ခေါက်ဆွဲခြောက်တံဆိပ်များသည်လည်း ဈေးကျလာကြောင်း ဂျုံရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

၂၄ ပိဿာဝင် ဂျုံတစ်အိတ်လျှင် ၃၁,၀၀၀ ကျပ်မှ ၂၈,၀၀၀ ကျပ်သို့ ဆက်လက်၍ ၂၈,၀၀၀ မှ ၂၇,၀၀၀ ကျပ်အထိ ချရောင်းသော်လည်း အဝယ်မလိုက်ကြောင်း၊ ယင်းကြောင့် အိတ် ၂၀ ဝယ်လျှင် တစ်အိတ် လက်ဆောင်ပေးကြောင်း၊ ယင်းသည် တစ်အိတ်လျှင် ပျမ်းမျှ ၂၆,၀၀၀ ကျပ်အောက်သို့ ဆက်လက်၍ ရောင်းချခြင်းပင်ဖြစ်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

ယခင်က ဂျုံခေါက်ဆွဲခြောက်တစ်ဖာလျှင် ၁၅,၄၀၀ မှ ၁၄,၀၀၀ ကျပ်သို့၊ မတ်လ ၂၄ ရက်နေ့တွင် ၁၂,၅၀၀ ကျပ်ရှိပြီး နာမည်ရခေါက်ဆွဲခြောက်များ ဈေးကျဆင်းလာသကဲ့သို့ အခြားခေါက်ဆွဲခြောက်များမှာလည်း တစ်သေတ္တာလျှင် ၁၁,၀၀၀ မှ ၁၀,၀၀၀ ကျပ်နှင့် ၉,၅၀၀ ကျပ်သို့ ကျဆင်းလာသည်ဟု ဂျုံဈေးကွက်မှ သိရှိရသည်။

## လေပူဖောင်း ထန်းလျက်

သကြားနှင့် ထန်းလျက်သည် ကုန်တစ်မျိုးနှင့်တစ်မျိုး ဆက်စပ်မှီခိုပြီး ဈေးနှုန်းအပြောင်းအလဲရှိကြောင်း၊ ယေဘုယျအားဖြင့် သကြားဈေးတက်လျှင် ထန်း

www.foreverspace.com.mm

လျက်ဈေးတက်၍ သကြားဈေးကျလျှင် ထန်းလျက်ဈေးချပေးရသည့် ဈေးကွက်သဘောတရားရှိကြောင်း၊ သို့ရာတွင် ထန်းလျက်ကုန်သည်အချို့သည် သကြားဈေးကျနေချိန်၌ မပေါက်သည့်ထန်းလျက်ဈေးနှုန်းများဖွင့်၍ ဈေးမြှင့်တင်ရန် ကြိုးစားခဲ့ကြောင်း၊ ယခုနှစ်တွင် ထန်းလျက်ကိုပြည်ပအဝယ်မရှိသကဲ့သို့ ငွေလည်းရှားကြကြောင်း၊ ထို့ပြင် သကြားဈေးနှုန်းမှာလည်း သိသိသာသာကျဆင်းနေကြောင်း၊ ဈေးအမြင့်သို့ဆွဲတင်သူများ ဈေးမရဘဲ လေပူဖောင်းဈေးနှုန်းဖြစ်သွားကြောင်း ခရေလမ်းမှထန်းလျက်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

သကြားဈေးနှုန်းသည် သင်္ကြန်မကျမီတစ်ပတ်ခန့်အလို၌ ပြန်တက်မည်ဟု ခန့်မှန်းထားကြကြောင်း၊ ယခု တစ်ပိဿာ ၅၆၀၊ ၆၀၀ ကျပ်ခန့်ရှိကြောင်း၊ ညောင်ဦးဆေးခတ်ထန်းလျက်အဖြူ တစ်ပိဿာ ၆၃၀ ကျပ်၊ မလိုင်ထန်းလျက် ၃၈၅၊ ၄၃၀ ကျပ်ခန့်ရှိပြီး ယခင် ၄၈၀ ကျပ်မှ တစ်ပိဿာ



၅၀ ကျပ်ခန့် ပြန်ကျလာခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

## အထွက်ကောင်းတဲ့ မန်ကျည်း

ယခုနှစ်တွင် ယခင်နှစ်ကထက်ရာသီဥတုကောင်းသဖြင့် မန်ကျည်းသီးအထွက်ကောင်းနိုင်သည်ဟု ကုန်သည်ပွဲစားများက ခန့်မှန်းထားကြသည်။ လောလောဆယ် လက်ကျန်မန်ကျည်းအဟောင်းများကို ကုန်အောင်မရောင်းနိုင်သည့်ကုန်သည်များ အရှုံးပြနေရကြောင်း၊ မန်ကျည်းသီးဈေးကွက်သည် တစ်နှစ်လျှင် နှစ်လ၊ သုံးလခန့်သာ အရောင်းအဝယ်ကောင်းပြီး ကျန်လများတွင် အရောင်းထိုင်းလေ့ရှိကြောင်း၊ အထူးသဖြင့် ပြည်ပအဝယ်မရှိလျှင် မန်ကျည်းသီးဈေးနှုန်းများ ထပ်မံကျဆင်းလာကြောင်း ခရေလမ်းမှ မန်ကျည်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။


ပြီးခဲ့သည့် ၂၀၀၈ ခုနှစ် တစ်ပိဿာလျှင် ၁,၀၀၀ ကျပ်ကျော်အထိ ဈေးမြင့်တက်ခဲ့သော မန်ကျည်းသီးသည် နောက်ပိုင်းတွင် အဝယ်မလိုက်သဖြင့် ၅၀၀ ကျပ်အထိ ကျဆင်းခဲ့ကြောင်း၊ ယခု မတ်လတွင် တစ်ပိဿာ ၂၇၅ ကျပ်၊ ပွင့်ကပ် ၃၅၀ ကျပ်၊ အသားထုပတ် ၄၀၀ မှ ၅၀၀ ကျပ်ခန့်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

## လှုပ်လှုပ်ရှားရှား 'ပဲ'

ပြည်ပပို့ကုန်ပဲမျိုးစုံကို သင်္ဘောတင်ခွင့်မပြုတော့ဘဲ လိုင်စင်များ ပိတ်မည်ဆိုသည့်သတင်းများကြောင့် ယခုလ ပဲဈေးကွက်တွင် လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ကြောင်း ပြည်ပသို့ ပဲတင်ပို့နေသူတစ်ဦးက ပြောကြားသည်။

ပြီးခဲ့သည့်နှစ်က အထိနာခဲ့သော ပဲလောကသည် ပဲသစ်များ ပေါပေါများများ ပြန်လည်အသစ်ဝင်၍ နာလန်ပြန်ထလာကြောင်း၊ တစ်ရက်တည်း ကွန်တိန်နာအလုံး ၁၀၀ ကျော်အထိ အရောင်းအဝယ်ဖြစ်သည့်နေ့များရှိကြောင်း၊ အထူးသဖြင့် မတ်ပဲနှင့် ပဲစင်းငုံသည် အခြေအနေကောင်းနိုင်ကြောင်း ၎င်းက သုံးသပ်ပြောကြားသည်။

ယခုနှစ်၏ ထူးခြားချက်မှာ ပဲလက်ကျန်မရှိသလောက်ဖြစ်နေ၍ ပဲသစ်ကိုငွေရင်းနည်းသော်လည်း နိုင်နိုင်နင်းနင်းရောင်းဝယ်နိုင်ကြောင်း၊ ယခုလ လှောင်လက်ကြီးတချို့ ဈေးဆွဲတင်သဖြင့် မတ်ပဲဈေး



www.foreverspace.com.mm

အသောက်ကြမ်းခဲ့ကြောင်း ကုန်စည်ဒိုင်သို့ နေ့စဉ်လာရောက်လေ့ရှိသူတစ်ဦးက ပြောကြားသည်။

မတ်လ ၂၈ ရက်နေ့တွင် ကုန်သည်တစ်ဦးတည်းမှ မတ်ပဲ RC ကွန်တိန်နာ အလုံး ၅၀ ခန့်ဝယ်ယူခဲ့ပြီး အခြားသူများကလည်း မတ်ပဲ RC နှင့် SQRC များ ဝယ် ယူကြသဖြင့် ကွန်တိန်နာ ၁၀၂ လုံး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ မတ်လ ၃၁ ရက်နေ့တွင် မတ်ပဲ ပိဿာ ၆၀ ဝင်တစ်အိတ် ၄၆,၅၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့၍ တစ်ပိဿာကို ၇၇၅ ကျပ်အထိ ရလာကြောင်း၊ မတ်လ ၄ ရက်နေ့တွင် အနိမ့်ဆုံး ပိဿာ ၆၀ ဝင်တစ်အိတ် ၃၂,၇၀၀ ကျပ်ဖြစ်၍ တစ်ပိဿာ ၅၄၅ ကျပ်ဖြစ်သဖြင့် တစ်အိတ်လျှင် ၁၃,၈၀၀ ကျပ်မြင့်လာသကဲ့သို့ တစ်ပိဿာလျှင် ၂၃၀ ကျပ်ခန့်မြင့် လာသည့်သဘောဖြစ်ကြောင်း၊ မတ်လ ၉ ရက်နေ့တွင် ပဲတီစိမ်း အနိမ့်ဆုံးဈေးနှုန်းတစ် အိတ် ၄၇,၅၀၀ ကျပ်ဖြစ်ပြီး မတ်လ ၃၁ ရက်နေ့တွင် အမြင့်ဆုံးဈေးနှုန်းမှာ ၅၇,၀၀၀ ကျပ်ဖြစ်၍ တစ်အိတ် ၉,၅၀၀ ကျပ်ခန့် ဈေးမြင့်တက်လာကြောင်း၊ ပဲစင်းငုံနီ (RC) အရောင်းအဝယ်မဖြစ်သော်လည်း နေ့စဉ် ခေါ်ဈေးများ မြင့်တက်လာပြီး တစ်တန်လျှင် ကျပ်ခြောက်သိန်းအထိဖြစ်လာကြောင်း၊ မတ်လ ၉ ရက်နေ့၌ တစ်တန်လျှင် ကျပ်လေးသိန်းခြောက်သောင်းကိုးထောင်ဖြစ်ခဲ့ကြောင်း ကုန်စည်ဒိုင်၏ ပဲအရောင်းအဝယ်စာရင်းများအရ သိရသည်။

## ကုန်ကားတွေ့ရင် ပြောကြပါ

နယ်မှ ရန်ကုန်သို့တင်သည့် တန်ဆာခများကျဆင်းနေသဖြင့် ရန်ကုန်အဝင်ကုန်တင်ယာဉ်များ လျော့နည်းပြီး ကုန်ကားရှာဖွေရခက်ခဲနေကြောင်း၊ နယ်တန်ဆာခများ ကျနေချိန်တွင် သင်္ကြန်ပိတ်ရက်ရှည်များနှင့် တိုက်ဆိုင်၍ ကုန်ကားများ ရန်ကုန်မလာဘဲ ကြံ့ခိုင်မှုအတွက် ပြင်ဆင်မှုသာပြုလုပ်နေ၍ ကုန်ကားများရှားပါးနေကြောင်း၊ ကုန်ကားရှားသဖြင့် ရန်ကုန်မှ နယ်သို့ တင်ပို့သည့် တန်ဆာခ တစ်ပိဿာ



လျှင် ၅ ကျပ် ၁၀ ကျပ်ခန့်တက်လာကြောင်း၊ ရန်ကုန်မှ မန္တလေးဆိုလျှင် တစ်ပိဿာ ၄၀ ကျပ်ထိ ပြန်ဖြစ်လာကြောင်း၊ ဒီဇယ်ဈေးမှာလည်း တစ်ပီပါ လက်လီ ၁၁၂,၀၀၀ ကျပ်၊ ဓာတ်ဆီ ၁၃၅,၀၀၀ ကျပ်ခန့်ရှိကြောင်း၊ ကုန်ကားဝင်ရောက်မှု ထက်ဝက်ကျဆင်းနေသော်လည်း ပြီးခဲ့သည့် မတ်လ ၂၈ ရက်နေ့က ၁၂ နာရီထိ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ခဲ့ကြောင်း၊ ကုန်ကားအဝင်နည်းသော်လည်း ယာဉ်ကြောပိတ်ခြင်းမှာ ယာဉ်များစည်းကမ်းမဲ့၍ဖြစ်သကဲ့သို့ လူများ၊ အနေးယာဉ်များ၊ တွန်းလှည်းများစည်းကမ်းမဲ့၍ဖြစ်ကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

မြန်မာနိုင်ငံ၏အရောင်းအဝယ်ကာလတွင် တစ်နိုင်ငံလုံး ဈေးကွက်ကို လွှမ်းခြုံဆက်စပ်မှုမပြုဘဲ မိမိကုန်တစ်မျိုးတည်းကို ဈေးတင်ကစားလိုသည့်ပုံစံမျိုး ထန်းလျက်လောကတွင် တွေ့မြင်ရသည်မှာ စိတ်မကောင်းကြောင်း၊ အမှန်တကယ် ထန်းလျက်တစ်မျိုးတည်းသာ ဝယ်လိုအားကျဆင်းခြင်းမဟုတ်ဘဲ ကုန်သည်အများစုဝယ်လိုအားကျဆင်းခြင်းနှင့် ကြုံတွေ့နေရကြောင်း ရွှေ့မီနောက်မီပွဲစားကြီးတစ်ဦးက ပြောကြားသည်။

ပြည်ပပို့ကုန်ပဲမျိုးစုံဈေးကွက်စီးပွားရေး၏ မောင်းနှင်အားအသစ်ဟုပြောဆိုနေကြသည့် ယုံကြည်စိတ်ချရမှုပြန်လည်တည်ဆောက်ချိန်တွင် ကောလာဟလသတင်းများကြောင့် ဈေးနှုန်းမတည်မငြိမ်ဖြစ်ပြီး စိုးရိမ်စိတ်များဝင်ခဲ့ရကြောင်း၊ ကောလာဟလကိုချေဖျက်ရန် အကောင်းဆုံးနည်းမှာ သတင်းမှန်များ အလျင်အမြန်သိရှိရေးနှင့် ပွင့်လင်းထင်သာမြင်သာမှုဖြစ်ကြောင်း ယခုစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးခဲ့သည်ကို ကျေနပ်ကြောင်း ပဲလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

## ညောင်ပင်လေးပလာဇာဈေးကွက်

ရန်ကုန်နှင့် နယ်ဒေသစုံတို့မှ ဝယ်လက်များစွာတို့လာရောက်ကြသည့် ညောင်ပင်လေးပလာဇာဈေးကွက်မှာ ယခုမတ်လဆန်းစသည်နှင့် တပေါင်းလပြည့်နေ့ပွဲတော်နှင့် နီးကပ်နေသည့်အတွက် စားကုန်များအပါအဝင် ကာလအတန်ကြာအေးခဲနေသည့် အချိုရည်ဈေးကွက်တို့ပါ လှုပ်ရှားသက်ဝင်သွားခဲ့ပေသည်။ ယင်းအပြင် အလှူအတန်းပြုသူများ၊ ရေကစားမှုများဖြင့် ပါဝင်ဆင်နွှဲကြသည့် သင်္ကြန်ပွဲတော်ကာလရှိရာ ဧပြီလသို့ရောက်ရှိတော့မည်ဖြစ်ခြင်းကြောင့် ဈေးကွက်လှုပ်ရှားနေခဲ့ပြီး ကုန်စည်အချို့တို့လည်း ဈေးခုန်တက်သွားမှုရှိခဲ့သည်ကို

www.foreverspace.com.mm

တွေ့ရသည်။

ထို့အပြင် လူမျိုးခြားအချို့တို့ပါ ကြိုက်နှစ်သက်မှုရှိနေသည့် မြန်မာ့ရိုးရာ အစားအစာတစ်ခုဖြစ်ပြီး ယင်းကို ဧည့်ခန်းဆောင်စားဖွယ်ရာအဖြစ်သာမက သင့်သလိုသုံး၍ စားသုံးကြသည့် လက်ဖက်တွင် စားသုံးရန်မသင့်သည့် ဆိုးဆေး (Auramine O) ပါဝင်နေကြောင်း မတ်လ ဒုတိယပတ်အတွင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာခဲ့ရာ ညောင်ပင်လေးပလာဇာအတွင်းရှိ လက်ဖက်အစိုရောင်းချသည့်ဆိုင်များမှာလည်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့ (FDA) ၏ ခွင့်ပြုချက်ရရှိပြီးမှသာ ရောင်းချကြရမည်ဖြစ်ခြင်းကြောင့် အဆိုပါဌာနတွင် သွားရောက်စစ်ဆေးကြသည့်အတွက် ဈေးကြီးအတွင်း ယင်းရက်များတွင် အရောင်းများခေတ္တရပ်ဆိုင်းထားကာ အဆိုပါဂယက်ကြောင့် ယင်းရက်များအတွင်း ဝယ်ယူမှုများလည်း နည်းပါးသွားခဲ့သည်။

## ဆပ်ပြာတောင့်အချို့တက်၊ အမှုန့်ငြိမ်

နှစ်ပေါင်းများစွာမှ ယနေ့အချိန်တိုင်အောင် ဈေးကွက်ဝေစုမပျောက်သေးသည့် ရွှေဝါဆပ်ပြာတောင့်နှင့် လွန်ခဲ့သည့်လအနည်းငယ်ခန့်ကစ၍ ပြည်တွင်းကုမ္ပဏီတစ်ခုက ထုတ်လုပ်ပြီး ဈေးကွက်တွင်းဝင်ရောက်လာသည့် ဂေါ်ဇီလာဆပ်ပြာတောင့်တို့မှာ ယခုမတ်လ တတိယပတ်အတွင်းမှစ၍ ရက်ပိုင်းအနည်းငယ်သာကွာခြား၍ ဈေးနှုန်းများ ရုတ်တရက် ခုန်တက်သွားခဲ့သည်။

မတ်လဆန်းက ယခင် ၁၆,၀၀၀ မှ ၁၀,၀၀၀ ကျပ်အထိ ပြုတ်ကျနေခဲ့သော ရွှေဝါဆပ်ပြာတောင့်ဈေးနှုန်းမှာ ယင်းလတတိယပတ် မတ်လ ၁၆ ရက်နေ့အထိ အတောင့် ၈၀ ပါ တစ်ဖာလျှင် ၉,၈၀၀ ကျပ်သာရှိတော့ရာမှ မတ်လ ၁၈ ရက်တွင် ၁၃,၀၀၀ကျပ်သို့ မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ဈေးကွက်စိမ်းနေသေးသည့် ဂေါ်ဇီလာဆပ်ပြာတောင့်မှာ ယင်းနှင့်ရက်အနည်းငယ်ခြားသည့်အချိန်တွင် အတောင့် ၈၀ ပါ တစ်ဖာလျှင် ယခင် ၁၁,၀၀၀ ကျပ်မှ ၁၇,၉၀၀ ကျပ်သို့ မြင့်တက်သွားခဲ့ကြောင်း အဆိုပါဈေးကွက်အတွင်းရှိ ပေါက်ဈေးများအရ သိရှိရသည်။



အခြားပုဂ္ဂလိကပိုင်ထုတ် ရွှေမင်းသားဆပ်ပြာတောင့်ဈေးနှုန်းမှာ ယခင်ပေါက်ဈေးတစ်ဖာလျှင် ၁၈,၅၀၀ ကျပ်ဝန်းကျင်ခန့်အတွင်းမှာပင် ငြိမ်သက်နေပြီး ကျန်ဆပ်ပြာတောင့်တို့မှာလည်း ဈေးနှုန်းငြိမ်လျက်ပင်ရှိနေသေးကြောင်း အဆိုပါညောင်ပင်လေးဈေးကြီးအတွင်းမှ စုံစမ်းသိရှိရသည်။

ယင်းကဲ့သို့ ဆပ်ပြာတောင့်များဈေးနှုန်းမြင့်တက်သွားခဲ့မှုအချို့ရှိနေသော်လည်း ဆပ်ပြာမှုန့်တို့မှာမူ ဈေးကစားမှုမရှိကြောင်း ညောင်ပင်လေးပလာဇာအတွင်းရှိ လက်လီလက်ကားဖြန့်ဖြူးသူအချို့တို့က ပြောကြားပြီး ယခုမတ်လ ၂၅ ရက်နေ့အထိ ဈေးကွက်အတွင်း ဝေစုများစွာရှိဆဲဖြစ်သော ဆပ်ပြာမှုန့်ဖြစ်သည့် အီလန်မှာ ၁၃,၄၀၀ ကျပ်နှင့် သက်သာမှာ ၁၁,၈၀၀ ကျပ်တို့တွင်ရှိနေဆဲသာဖြစ်ကြောင်း ၎င်းတို့ထံမှ ဆက်လက်သိရှိရသည်။

ဆပ်ပြာဈေးကွက်တွင် မတ်လနှင့် ဧပြီလတို့မှာ ရောင်းအားသွက်ကာလတို့ဖြစ်သည့်အတွက် ယခုမတ်လအတွင်း၌ အေးစက်စက်ဈေးကွက်သည် အနည်းငယ်သွက်လက်စွာလှုပ်ရှားနေသည်ကိုလည်း တွေ့ရှိရသည်။

သို့ရာတွင် ရောင်းဝယ်မှုလုပ်ငန်းရှင်တို့၏ ပြောကြားချက်အရမူ ယခုအနေအထားသည် ယခင်နှစ်အရောင်းသွက်ကာလများ၏ စံချိန်ကိုမမီကြောင်း၊ အနည်းငယ်စောင့်ကြည့်ရဦးမည်ဖြစ်ကြောင်း ၎င်းတို့ထံမှ သိရသည်။

## အချိုရည် ဈေးကွက်ပြန်လှုပ်
## ပြည်ပအချိုရည် အနည်းငယ်တက်

ကာလအတန်ကြာငြိမ်သက်နေခဲ့သော အချိုရည်ဈေးကွက်မှာ ယခုမတ်လဆန်းရက်ပိုင်းများမှစတင်၍ သွက်သွက်လက်လက်ရှိလာခဲ့ပြီး ညောင်ပင်လေးဈေးအတွင်း အချိုရည်လက်လီလက်ကားဆိုင်အချို့တို့မှာ အထုတ်အသွင်း ခပ်စိတ်စိတ်ဖြင့် သက်ဝင်လှုပ်ရှားနေခဲ့ကြသည်။

ပွင့်လင်းရာသီဖြစ်ပြီး အလှူအတန်းပြုသူများပြားသည့် သင်္ကြန်ပွဲတော်ကျရောက်

www.foreverspace.com.mm

ပေါ့မည်ဖြစ်ခြင်းကြောင့် ယခုကဲ့သို့ အရောင်းသွက်နေခြင်းဖြစ်ကြောင်း၊ ရန်ကုန်သာမက နယ်ဝယ်လက်များပါ အလာစိတ်နေကြောင်းကိုလည်း ယင်းဈေးကွက်အတွင်းရှိ အချိုရည်အရောင်းလုပ်ငန်းရှင်များက ဆိုသည်။

သို့သော် ယခုရက်များအတွင်း ပစ္စည်းတင်သွင်းမှုအပိုင်းအခက်အခဲကြောင့် ပြည်ပမှဝင်ရောက်သည့်အချိုရည်တို့ ပစ္စည်းအဝင်နည်း၍ ဈေးအနည်းငယ်ပြန်တက်သွားခဲ့ကြောင်းနှင့် မတ်လ စတုတ္ထပတ် (မတ်လ ၂၅ ရက်နေ့) အထိ သိရှိရသည့် ဈေးကွက်ပေါက်ဈေးများအရ Coke နှင့် Sprite သံကတ်အမျိုးအစားများ၏ ဈေးနှုန်းတို့မှာ တစ်ကတ်လျှင် ၅၀၀ ကျပ်ခန့် မြင့်တက်သွားမှုရှိ၍ ၁၂ လုံးတစ်ကတ်နှင့် ၆ လုံးတစ်ကတ် ကော်ဘူးအမျိုးအစားတို့လည်း တစ်ကတ်လျှင် ၅၀၀ ကျပ်ခန့် မြင့်တက်သွားခဲ့မှုရှိကြောင်း၊ အချို့ပစ္စည်းများ ပြတ်လပ်နေကြောင်း ညောင်ပင်လေးပလာဇာအတွင်းရှိ အချိုရည်ဖြန့်ဖြူးရာဆိုင်ကြီးအချို့ထံမှ စုံစမ်းသိရှိရသည်။

ပြည်ပအချိုရည်များ၏ လတ်တလော ပေါက်ဈေးမှာ Sprite ၉,၇၀၀ ကျပ်၊ Coke ၉,၇၀၀ ကျပ်၊ ဆန်းကစ် ၁၀,၀၀၀ ကျပ်တို့ဖြစ်သွားသော်လည်း ယခုနှစ်ဆန်း ဈေးနှုန်း၏အောက်တွင်သာ ရှိနေသေးသည်။

၂၀၀၉ နှစ်ဆန်းခန့်မှစ၍ ယခုလများအထိ ပြည်ပအချိုရည်ဈေးတို့ အတက်အကျဖြင့် ကစားနေသော်လည်း ပြည်တွင်းထုတ်အချိုရည်အများစုမှာမူ ဈေးနှုန်းအတက်အကျမရှိဘဲ တစ်ရာသီလုံး (၂၀၀၈ ခုနှစ်မိုးကာလမှ ယခုမတ်လတတိယပတ်အထိ) ငြိမ်သက်နေခဲ့ကြောင်း အထက်ပါဈေးကြီးအတွင်းရှိ အချိုရည်လုပ်ငန်းရှင်တို့က ဆိုသည်။

ယခုမတ်လ စတုတ္ထပတ်အတွင်း ဈေးကွက်ထဲမှ စုံစမ်းသိရှိရသည့် ဈေးနှုန်းများအရ C Plus ၈,၁၀၀ ကျပ်၊ အာရှ ၂,၆၀၀ ကျပ်၊ Ve Ve မန်ကျည်း၊ စတော်ဘယ်ရီ၊ ဇီး၊ စပျစ် ၄,၅၀၀ ကျပ်၊ Ve Ve လိုင်ချီး၊ လိမ္မော် ၄,၇၀၀ ကျပ်၊ Ve Ve လစ်ပို ၄,၆၀၀ ကျပ်၊ Ve Ve ခွက်စုံ ၂,၆၀၀ ကျပ်၊ Happy အချိုရည် (အလုံး) ၈၅၀ ကျပ်၊ (ကိုင်းဘူး) ၉၅၀ ကျပ်နှင့် Juicy မှာ ဈေးကွက်အတွင်း စုံလင်ခြင်းမရှိဘဲ ဖျော်ရည်အချို့ပစ္စည်းပြတ်လျက်ရှိနေပြီး တစ်ဘူးလျှင် ၁,၀၀၀ ကျပ်နှုန်းရှိနေသည်ဟုသိရသည်။

## စောင့်ကြည့်ရဦးမည့် သင်္ကြား

ယခုအချိန်တိုင် ဈေးကွက်အတွင်း သုံးစွဲမှုအတွက် ဖူလုံနေသေးသည့်အတွက် ဈေးကစားခြင်းမပြုနိုင်သေးသော သင်္ကြားမှာ ကျပ်ဆယ်ဂဏန်းဝန်းကျင်ဖြင့်သာ အဆုတ်၊ အတက်ပြုနေသေးသည်ကိုတွေ့ရကြောင်းနှင့် ယခုရက်သတ္တပတ်အတွင်း ပွဲရုံအချို့တို့မှာ ပစ္စည်းများ ပြန်လည်ထည့်သွင်းဖြည့်စွက်လျက်ရှိကြောင်းလည်း ဈေးကွက်စောင့်ကြည့်သူအချို့ကဆိုသည်။

သင်္ကြားဈေးပြန်လျော့ကျသွားခဲ့သည့်အချိန်အတွင်း၌ ကြိုစိုက်တောင်သူများလျော့နည်းသွားခဲ့သော်လည်း ပြည်တွင်းသုံးစွဲမှု၊ ဈေးကွက်အတွက် ဖူလုံမှုရှိနေသေးသည့်အပြင် ဝယ်လိုအားကျဆင်းနေသည့် ဈေးကွက်ကြောင့် ပုံမှန်အားဖြင့် ဈေးနှုန်းတက်လေ့ရှိသည့်ယခုကာလမျိုးသို့ ရောက်ရှိနေသော်လည်း ရောင်းအားသိသာစွာ တက်လာခြင်းမရှိသေးသည့်အပြင် ဈေးနှုန်းများမှာလည်း တက်လာခြင်းမရှိသေးကြောင်း ဘုရင့်နောင်ပွဲရုံ အောင်သပြေလမ်းရှိ သင်္ကြားပွဲရုံလုပ်ငန်းရှင်အချို့၏အဆိုအရ သိရှိရသည်။

ပြည်ပတင်ပို့မှုအနေဖြင့်မူ မရှိသလောက်ဖြစ်ပြီး ရုံဖန်ရံခါ ပြည်ပမှ ဝင်ရောက်လာမှုများရှိတတ်ကြောင်းလည်း ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ပြောဆိုသည်။

သင်္ကြားဈေးကွက်အတွင်း မတ်လစတုတ္ထပတ်အတွင်း သိရှိရသည့် နှုန်းထားများမှာ ထိပ်စ ၅၈၀ ကျပ်မှ ၅၉၀ ကျပ်၊ အလတ်စများမှာ ၅၆၀ ကျပ်မှ ၅၇၀ ကျပ်အထိနှင့် အောက်စများမှာ ၅၄၀ ကျပ်မှ ၅၅၀ ကျပ်တို့ဖြင့် ပေါက်ဈေးအသီးသီးရှိနေကြောင်း ဘုရင့်နောင်သင်္ကြားဈေးကွက်အတွင်းမှ သိရှိရသည်။

## ငြိမ်နေတဲ့ ကော်ဖီမစ်

ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ဈေးကွက်ဝေစုရရှိရေးအတွက် အရောင်းမြှင့်တင်မှုနည်းလမ်းအသွယ်သွယ်ဖြင့် လှုပ်ရှားခဲ့ခြင်းကြောင့် ရောင်းဝယ်သူတို့အနေဖြင့် ဈေးကွက်အတွင်း ချိန်ဆရခက်ခဲမှုများ



www.foreverspace.com.mm

ဖြစ်ပေါ်ခဲ့သော်လည်း ယခု မတ်လအတွင်းတွင်မူ အရောင်းမြှင့်တင်သည့်ဆွဲဆောင်မှုများမရှိတော့ကြောင်းနှင့် ဈေးနှုန်းမှာလည်း ငြိမ်သက်နေကြောင်း မတ်လစတုတ္ထပတ်အတွင်းတွင် ညောင်ပင်လေးပလာဇာရှိ ကော်ဖီမစ်ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

အဆိုပါဈေးကွက်အတွင်း မတ်လ ၂၅ ရက်နေ့အထိ သိရှိရသည့် ပြည်တွင်းထုတ်ကော်ဖီမစ်အချို့၏ ဈေးနှုန်းများမှာ Super ၃,၈၅၀ ကျပ်၊ Premier ၂,၅၆၀ ကျပ်၊ Gold Roast ၄,၂၀၀ ကျပ်၊ Miko ၃,၉၀၀ ကျပ်၊ Super One ၃,၈၀၀ ကျပ်တို့ဖြစ်ပြီး ပြည်ပမှ ဝင်ရောက်ပြီး ဈေးကွက်ဝေစုအပြိုင်ရှိနေသော Birdy Coffee Mix မှာ ၂,၄၀၀ ကျပ်၊ Mister Cup ၂,၂၀၀ ကျပ်၊ Expresso ၂,၀၅၀ ကျပ်တို့ဖြင့် ပေါက်ဈေးအသီးသီးရှိနေသည်။

## ပြည်ပအသားဘူးအချို့ဈေးကျ

ညောင်ပင်လေးပလာဇာရှိ အသားဘူး၊ ငါးသေတ္တာဘူးဈေးကွက်သို့ ယခုလအတွင်း ပစ္စည်းများအဝင်အထွက် ပုံမှန်ရှိနေကြောင်း ယင်းစားသောက်ကုန်များကို လက်လီ၊ လက်ကားရောင်းချသူအချို့ထံမှ သိရသည်။

လတ်တလောတွင် ပြည်ပမှ ဝင်ရောက်သည့် ငါးသေတ္တာဘူးအများစု၏ ဈေးနှုန်းများ အနည်းငယ်ကျဆင်းနေခဲ့သည်။ မတ်လ စတုတ္ထပတ်အတွင်း သိရှိရသည့် ဈေးနှုန်းများအရ တြိဂံအကြီးအမှတ်တံဆိပ်မှာ ၁,၁၅၀ ကျပ်၊ တြိဂံအသေးအမှတ်တံဆိပ်မှာ ၆၁၀ ကျပ်၊ မျှော်စင်(cc) ငါးသေတ္တာမှာ ၆၈၀ ကျပ်တို့ အသီးသီးရှိနေသည်။

ပြည်တွင်းထုတ် ငါးသေတ္တာတို့မှာလည်း ယခု မတ်လ စတုတ္ထပတ်ထိ ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ အဆိုပါရက်များအထိ Ready အမှတ်တံဆိပ်များဖြစ်သော ဆာဒင်းမှာ ၄၅၀ ကျပ်၊ A1 ၃၆၀ ကျပ်၊ ဆိတ်သား ၇၇၅ ကျပ်၊ အမဲသား ၆၇၅ ကျပ်၊ ကြက်သား ၈၆၀ ကျပ်၊ ငါးသလောက် ၇၇၅ ကျပ်နှင့် A1 ရိုးရိုးအမှတ်



တံဆိပ်မှာ ၃၁၀ ကျပ်တို့တွင် ရှိနေသည်။

## နို့ဆီဈေးကွက်အေး၍ ဈေးကျ

လက်လီလက်ကားဖြန့်ဖြူးရာ ညောင်ပင်လေးပလာဇာအတွင်းရှိ နို့ဆီဈေးကွက်မှာ ယခုလအတွင်း နှုန်းထားများ လျော့ကျသွားသော်လည်း ရောင်းအားကျဆင်းလျက်ရှိနေကြောင်း ပြည်တွင်းပြည်ပထုတ် နို့ဆီနှင့် အခြားစားသောက်ကုန် ရောင်းချသော လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

နို့ဆီဈေးကွက်တွင် ဈေးကွက်ဝေစုရရှိမှုအများဆုံးဖြစ်ပြီး ဈေးကွက်အတွင်း ပေါက်ဈေးအနေဖြင့်လည်း ၈၀၀ ကျပ်ဝန်းကျင်နှင့် ယင်းအထက်တွင်သာ အများအားဖြင့်ရှိနေခဲ့သော မလေးရှားနိုင်ငံမှဝင်ရောက်သည့် Dawn နို့ဆီမှာ ယခုလအတွင်း ၆၇၀ ကျပ်ဝန်းကျင်တွင်သာရှိကြောင်းနှင့် One Tea နို့ဆီမှာလည်း ၆၁၀ ကျပ်နှင့် ဘိုမခြင်းဆွဲနို့ဆီမှာ ၅၇၀ ကျပ် အထိကျဆင်းလျက်ရှိနေကြောင်းနှင့် ယင်းသို့ကျဆင်းနေသော်လည်း အရောင်းပါးသွားကြောင်း ညောင်ပင်လေးပလာဇာဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ယင်းသို့ နို့ဆီဈေးနှုန်းများ ကျဆင်းသွားခြင်းသည် အရောင်းပါးခြင်းကြောင့်မဟုတ်ဘဲ လက်ရှိမြန်မာငွေဈေးကြောင့် ဖြစ်နိုင်ကြောင်း နို့ဆီရောင်းချသည့် လုပ်ငန်းရှင်အချို့က သုံးသပ်သည်။

## သတင်းအချက်အလက်နှင့် အမျိုးသားအကျိုးစီးပွား

စီးပွားရေးကဏ္ဍတစ်ခုလုံး ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ်နှင့် ချိတ်ဆက်နေရန်၊ ကမ္ဘာ့အခြေအနေကိုလိုက်၍ ဈေးကွက်သဘာဝအတိုင်း ရှင်သန်ဖွံ့ဖြိုးရန်မှာ သတင်းအချက်အလက်မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန်ရရှိရေးဖြစ်ပါသည်။ သက်ဆိုင်ရာ စီမံခန့်ခွဲမှုနယ်ပယ်နှင့် အသင်းအဖွဲ့အစည်းများအလိုက် ဈေးကွက်နှင့်ပတ်သက်သမျှ သတင်းအချက်အလက်တိုင်းကို အချိန်မဆိုင်းထုတ်ပြန်အသိပေးဖို့လိုပါသည်။ အမျိုးသားအကျိုးစီးပွားအလို့ငှာ ပွင့်လင်းမြင်သာမှုလည်းရှိ၊ မျှတမှုလည်းရှိသည့် သတင်းအချက်အလက်များ ပုံမှန်ရရှိနေပါက ဈေးကွက်အတွင်း သို့လောသို့လော စိုးရိမ်သောကပွားနေစရာအကြောင်းမရှိနိုင်ပေ။ မီဒီယာမျိုးစုံမှတစ်ဆင့် နိုင်ငံတကာဈေးကွက်မှ သတင်းအချက်အလက်များကို အချိန်မဆိုင်းသိရှိနေရသော်လည်း မိမိဈေးကွက်အခြေအနေနှင့် ဒေသတွင်း သတင်းအချက်အလက်တို့နှင့် ချိတ်ဆက်မရနိုင်သဖြင့် မလိုလားအပ်ပဲ စိုးရိမ်သောကပွားမှုနှင့် ဆုံးရှုံးမှုတို့ကြုံရခြင်းသည် ဈေးကွက်စီးပွားရေးစနစ်တစ်ခုနှင့် မဆီလျော်လှပေ။ အခြားတစ်ဖက်တွင်လည်း နီးစပ်သူအချို့သာရရှိသော သတင်းအချက်အလက်တစ်ခုသည်လည်း ဈေးကွက်အတွင်းရှိနေသူအားလုံး မဖြစ်မနေ ပါဝင်ပတ်သက်နေရမည့် ဈေးကွက်စီးပွားရေးစနစ်၏ သဘောသဘာဝနှင့် သွေဖည်နေပေသည်။

ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းတစ်ရပ်သို့ချီတက်ရန် အစပျိုးနေသောကာလတွင် ထိုစနစ်နှင့်လိုက်ဖက်အပ်စပ်မည့်၊ ထိုစနစ်ကို ဝိုင်းဝန်းတည်ဆောက် အကောင်အထည်ဖော်ကြမည့် မည်သည့်အဆင့်နေရာကမဆို ရှိနေကြသော နိုင်ငံသားအားလုံးတွင် တာဝန်ရှိပါသည်။

**နိုင်မင်းဝေ ၊ ဇာလီကျော်**

www.foreverspace.com.mm

# “မတူတဲ့အုပ်စုတွေကြားထဲမှာတူညီတဲ့ Commond Ground တစ်ခုရသွားဖို့က နံပါတ်တစ်လိုအပ်ချက်ဖြစ်မယ်”

## ဆရာကျော်ဝင်းနှင့် တွေ့ဆုံခြင်း

ကျော်မင်းဆွေ

ကမ္ဘာလုံးဆိုင်ရာအပြောင်းအလဲများ၊ လှိုင်းများက ကမ္ဘာ့နိုင်ငံအသီးသီးကို ရိုက်ခတ်လျက်ရှိပါသည်။ အထူးသဖြင့် ၂၁ ရာစုဝင်လာသည်နှင့် ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းနှင့် ဒီမိုကရေစီအသံက ယခင် ရာစုနှစ်ထက်ပို၍ အသံကျယ်လာသည်မှာ ဂလိုဘယ်လိုက်ဇေးရှင်း၏ အကြီးမားဆုံးလှိုင်းတစ်ခု ဖြစ်နေပါသည်။ စစ်အေးကာလအပြီး အကြောင်းကြောင်းကြောင့် အော်တိုကရေစီစနစ်ကျင့်သုံးလာခဲ့သော နိုင်ငံအများအပြားပင်လျှင် ဒီမိုကရက်တစ်နိုင်ငံရေးစနစ်သို့ ကူးပြောင်းလျက်ရှိကြပါသည်။ ဤတွင် သက်ဆိုင်ရာဒေသနိုင်ငံတို့၏ မူလကျင့်သုံးလာခဲ့သော အသားကျနေပြီးသား စနစ်တစ်ရပ်မှနေ၍ အသွင်ကူးပြောင်းရသည့်အတွက် ဒီမိုကရေစီသဘောတရားအပေါ် အဓိပ္ပာယ်ဖွင့်ဆိုမှုအမျိုးမျိုး ထွက်ပေါ်လာပါသည်။ အနောက်နိုင်ငံများထက် ထိုစနစ်ကျင့်သုံးမှုနောက်ကျခဲ့သော အာရှနိုင်ငံများ၏ လက်ရှိဒီမိုကရေစီစနစ် ကျင့်သုံးနေပါသည်ဆိုသောနိုင်ငံတို့တွင်ပင် စည်းချက်မမှန်သော အရိုင်ကကွက်ကနေသကဲ့သို့ ဖြစ်နေသည်ဟု လေ့လာသုံးသပ်သူများက ဆိုပါသည်။ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ချီတက်နေပါသည်ဟုဆိုသော မြန်မာနိုင်ငံသည်လည်း အဆိုပါနိုင်ငံများတွင် ယနေ့ကြုံတွေ့နေရသော အခြေအနေများမှ သင်ခန်းစာယူစရာများ ရှိနိုင်ပါသည်။ ထို့အတူ ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းတစ်ခုသို့ ကူးပြောင်းရာတွင်လည်း စိတ်ခံစားမှုနှင့် ဝုန်းဝုန်းဒိုင်းဒိုင်းသွား၍မရဘဲ အသွင်ကူးပြောင်းရေးကာလတစ်ခုကို ရင့်ကျက်မှုရှိရှိနှင့် Stakeholder အားလုံးလက်တွဲအကောင်အထည်ဖော်ဖို့လိုပါသည်။ ယနေ့ အာရှဒီမိုကရေစီနှင့် မြန်မာ့ဒီမိုကရေစီအရေးအပေါ် ရင့်ကျက်မှုရှိရှိ ကြည့်တတ်၊ မြင်တတ် အကောင်အထည်ဖော်တတ်သော နိုင်ငံသားများဖြစ်စေရန်အလို့ငှာ မျက်မှောက်ကမ္ဘာကြီး၏ တူရူချက်နှင့် လားရာအမြင်များကို ပုံမှန်ရေးသားတင်ပြပေးနေသူ ဆရာကျော်ဝင်းနှင့် Living Color တို့ တွေ့ဆုံမေးမြန်းထားပါသည်။

**L.C** : မတ်လထုတ် The Waves မဂ္ဂဇင်းမှာ ဆရာရေးထားတဲ့ အာရှဒီမိုကရေစီအရိုင်ကဆိုတဲ့ဆောင်းပါးဖတ်ပြီး မေးစရာလေးတွေပေါ်လာလို့ပါ။ ကျွန်တော်တို့ အခုတလော မီဒီယာတွေမှာ အာရှနဲ့ ဒီမိုကရေစီအကြောင်း ပြောကြဆိုကြတာတွေ ကြားနေရပါတယ်။ အဓိကကတော့ အာရှမှာ ဒီမိုကရေစီအထိုင်မကျသေးဘူးဆိုတဲ့အသံက ဒီဘက်ပိုင်းမှာ နည်းနည်းကျယ်လာသလားလို့။ ဆရာ ရေးထားတဲ့အထဲမှာလည်းပါတယ်။ အာရှနိုင်ငံအတော်များများရဲ့ ဒီမိုကရေစီက စည်းချက်မှန်မှန်မကနိုင်ဘဲ ဒယိမ်းဒယိုင်၊ အရိုင်ကကွက်မှာ ပတ်ချာလည်နေတယ်ဆိုပြီး တလောက ထိုင်းမှာဖြစ်ခဲ့တဲ့ မငြိမ်မသက်မှုကနေ တောင်ကိုရီးယား၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ မွန်ဂိုလီးယား၊ အိန္ဒိယ၊ ဂျပန်နဲ့ အရှေ့တီမောနိုင်ငံတွေမှာ ကြုံနေရတဲ့အဖြစ်အပျက်တွေနဲ့ ဥပမာပြပြီးပြောထားပါတယ်။ ကျွန်တော်တို့နိုင်ငံကလည်း အာရှနိုင်ငံတစ်ခု ဖြစ်နေတော့ အဲဒါနဲ့ပတ်သက်ပြီး ဆရာ့ကိုယ်ပိုင်အမြင်ကိုရော သိချင်ပါတယ်။

**K.W** : အဲဒါက ဒီလိုဗျ။ အယူအဆကတော့ နှစ်မျိုးပေါ့ဗျာ။ တချို့ကတော့ အာရှနဲ့ ဒီမိုကရေစီမဆိုင်ဘူးပေါ့ဗျာ။ အာရှက သီးခြားဒီမိုကရေစီနဲ့သွားတယ်ပေါ့။ အဲဒီပြဿနာနဲ့ပတ်သက်လို့ ကျွန်တော်စဉ်းစားတာကတစ်မျိုးဗျ။ Generally ပြောရင်ပေါ့လေ။ ဒီမိုကရေစီဆိုတဲ့ Concept က ယူနီဗာဆယ်။ လောကပါလတရားလို့ သုံးနေကြတာပေါ့ဗျာ။ ဒါက အနောက်ဖြစ်ဖြစ်၊ အရှေ့ဖြစ်ဖြစ်

www.foreverspace.com.mm

ဘာလူမျိုးပဲဖြစ်ဖြစ် အကုန်လုံးနဲ့ဆိုင်တဲ့ဟာပေါ့ဗျာ။ သို့သော် ဒါကတော့ ယေဘုယျအားဖြင့်ပြောတာပေါ့။ သို့သော် အဲဒီ ယေဘုယျသဘော လောကပါလတရားလောက်အထိမြင့်ဖို့ကတော့ သမိုင်းခေတ်တွေဖြတ်ဖို့လိုမယ်ဗျ။ ဘာလို့ဆိုတော့ အခု Western Democracy ကလည်း ပြောသာပြောနေရတာ သူလည်း စောစော ပိုင်းကာလက တော်တော့်ကို လောကပါလတရားမဆန်တာတွေ၊ တော်တော်ကြမ်းရှတာတွေရှိခဲ့တယ်။ ဘာလို့လဲဆိုတော့ ဒီလို ဒီမိုက ရေစီစနစ်ကြားထဲကပဲ နယ်ချဲ့စနစ်တွေ ဘာတွေ ပေါ်လာတဲ့သမိုင်း တော့ရှိတယ်။ ပြောချင်တာက ကာလတစ်ခုဖြတ်သန်းပြီးမှပဲ တကယ့် Real Democracy ဆိုတာ ရနိုင်လိမ့်မယ်ထင်တယ်။ အဲဒီတော့ ဥရောပဆိုရင် သက်တမ်းက နှစ်ရာပတ်ဝန်းကျင်ရှိနေပြီ။ အာရှနိုင်ငံ အများစုကတော့ စစ်ပြီးမှပဲ။ နိုင်ငံအများစုဟာ ဒုတိယကမ္ဘာစစ်ပြီး မှဆိုတော့ နှစ်တစ်ရာတောင်ရှိကြသေးတာမဟုတ်ဘူး။ အဲဒီတော့ လောလောဆယ်တော့ အခုလက်ရှိ Western Democracy အနေ အထားရောက်သေးမှာမဟုတ်ဘူး။ ဒါပေမဲ့ ပန်းတိုင်ကတော့ အတူ တူပဲ။ လောလောဆယ်ကတော့ ဖြတ်သန်းမှုနဲ့ မရင့်ကျက်သေးတာ တွေရှိဦးမှာပေါ့။ အဲဒီအခါကျတော့ လောလောဆယ်တော့ Problem တွေ ရှိလိမ့်ဦးမယ်ထင်တယ်။ စောစောကမေးခွန်းကို ချုပ် လိုက်ရင် ဒီမိုကရေစီဟာ Generally တော့ အရှေ့ရယ်၊ အနောက် ရယ် ပထဝီအကန့်အသတ်တွေ ရှိမယ်မထင်ဘူး။ လောကပါလ တရားလို့ မြင်တယ်ပေါ့။ သို့သော် တကယ်လက်တွေ့ ဖြတ်သန်းတဲ့ အခါမှာတော့ သက်တမ်းအရ ရင့်ကျက်မှုက စကားပြောတာရှိမယ်။ အဲဒီတော့ လောလောဆယ်အနေအထားမှာ အာရှနိုင်ငံတော်တော် များများရဲ့ ဒီမိုကရေစီက လစ်ဘရယ်ဒီမိုကရေစီ လောကပါလတရား တွေကို မရောက်တတ်သေးဘူးပေါ့။ နိုင်ငံတစ်ခုချင်းမှာတော့ ကွာချင်ကွာမှာပေါ့။ အဲဒီအတွက် ဖြတ်သန်းမှုတွေနဲ့ ရင့်ကျက်မှု တော့ လိုတော့လိုဦးမှာပဲ။ သို့သော် မတူဘူး။ ဘယ်တော့မှ Western လိုဖြစ်မှာမဟုတ်ဘူး။ အရှေ့က အရှေ့၊ အနောက်က အနောက်ဆို တဲ့ ကစ်ပလင် (Joseph Rudyard Kipling) ပြောတာလောက်အထိ တော့ မဟုတ်ပါဘူး။ တစ်ချိန်မဟုတ် တစ်ချိန်တော့ တူလာမှာပါ။ အဲဒီလိုစဉ်းစားမိတယ်။

**L.C : ဆရာအခုပြောသွားတဲ့အထဲမှာတော့ ပါသင့်သလောက် ပါသွားပါပြီ။ အခု အာရှက တချို့တချို့ ပြောနေကြတာရှိပါ တယ်။ အာရှစတိုင်ဒီမိုကရေစီ ဘာဒီမိုကရေစီ ညာဒီမိုကရေ စီပေါ့။ အဲတော့ ဒီမိုကရေစီဆိုတာ နှစ်မျိုးသုံးမျိုးရှိသလား ဆရာ။ ဆရာကောဘယ်လိုမြင်လဲ။**

**K.W** : အဲဒါကတော့ ခုနကပြောတဲ့စကားပဲ ပြန်ပြောရမှာပဲ။ Generally ကတော့ လောကပါလတရားပါပဲ။ ပထဝီအရလည်း ခွဲမရဘူး။ လူမျိုးအရလည်း ခွဲမရဘူး။ သို့သော် လက်တွေ့ကျင့် သုံးတဲ့သဘောအရတော့ မတူတာတွေရှိတယ်။ မတူတဲ့အတွက် နှစ်ခုတို့ သုံးခုတို့ဖြစ်နေတာမျိုးတွေလည်း ရှိကောင်းရှိမယ်။ ပုံသဏ္ဌာန်က ယေဘုယျပြောလို့ရှိရင် ဒါက ဇာကာရီးရားရဲ့အမြင်



ပေါ့။ အခုလောလောဆယ် ကမ္ဘာမှာ အကြမ်းအားဖြင့် သုံးမျိုး လောက် ကွဲနေတာရှိတယ်။ ပထမတစ်ခုကတော့ လစ်ဘရယ်ဒီမို ကရေစီပဲ။ ဒါကတော့ အခု Western တွေ ကျင့်သုံးနေတဲ့ဟာပဲ။ သူကတော့ ဖြတ်သန်းမှု အရင့်ကျက်ဆုံးဆိုတော့ ခုနကပြောတဲ့ လောကပါလတရားနဲ့ အနီးဆုံးလို့ပြောရမှာပေါ့။ ဒုတိယကတော့ အင်လစ်ဘရယ်ဒီမိုကရေစီ။ အခု ဖြတ်သန်းဆဲနိုင်ငံတွေပေ့ါ။ ရုရှား တော့ အာရှမှာလည်း အင်လစ်ဘရယ်ဘောင်ထဲ ပါလိမ့်မယ်ထင် တယ်။ ဘာလို့လဲဆိုတော့ သူက လစ်ဘရယ်အဆင့်အထိ မရောက် ဘူး။ လောကပါလအဆင့်နဲ့ မနီးသေးဘူး။ ရင့်ကျက်မှုလိုသေးတာ ပေါ့။ ဖြတ်သန်းမှုက လိုနေသေးတာ တွေရှိသေးတယ်။ နောက် တစ်ခုကတော့ အစ္စလာမ်မစ်ဒီမိုကရေစီပဲ။ သိပ်ရယ်ဒီကယ်မကျတဲ့ မွတ်ဆလင်နိုင်ငံတွေ ကျင့်သုံးနေတာပေါ့။ ဒါကလည်း တစ်ခုလုံး ခြုံပြောရင်တော့ ဒီမိုကရေစီစည်းဝိုင်းထဲမှာပဲ ဒီသုံးခုက။ သို့သော် သမိုင်းဖြတ်သန်းမှုနဲ့ ရင့်ကျက်မှုတွေကွဲမယ်။ အဲလိုပြောလို့ ဒီမို ကရေစီအမျိုးမျိုးရှိလားဆိုတော့ အဲလိုလည်းမဟုတ်ဘူး။ ယေဘုယျ တော့ တစ်ခုပဲရှိတယ်။ ဒါ လောကပါလတရား ဒီမိုကရေစီပဲ။ သို့သော် ခုနပြောတဲ့ဖြတ်သန်းမှုတွေ မတူကြတော့ မူကွဲတွေလည်းရှိတာပေါ့။

**L.C : ဆရာရေးထားတဲ့အထဲမှာ အနောက်က ဒီမိုကရေစီ**

www.foreverspace.com.mm

**စခဲ့တယ်။ လွန်ခဲ့တဲ့ နှစ်နှစ်ရာလောက်ကတည်းက စခဲ့တယ်လို့ပါတယ်။ သို့သော် ကျွန်တော်တို့ ဒီဘက်အာရှမှာက အနောက်ထက်အရင် ဟိုးအရင်ကတည်းက ဒီမိုကရေစီ သန္ဓေတည်ခဲ့တယ်လို့တော့ ပြောလို့မရဘူးလားဆရာ။**

**K.W :** ရတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်ခုနကပြောခဲ့သလို Democracy Concept တွေကို အနောက်က စခဲ့တယ်ဆိုပေမယ့် အရှေ့ကစတာတွေလည်းရှိတယ်။ အထူးသဖြင့် အိန္ဒိယဒဿနပေါ့။ အိန္ဒိယဆိုတာက ဒဿနသမိုင်းပြန်ပြောရင် သုံးခုပေါ့ဗျာ။ ရောမ၊ ခေါမရယ်၊ နောက်တစ်ခုက အိန္ဒိယရယ်၊ တရုတ်ရယ်။ ရောမ၊ ခေါမက သဘာဝသိပ္ပံဘက်ကို ပိုကဲတယ်။ သန္ဓေတည်ခါစက Science ဘက်ကိုပိုကဲတယ်။ တရုတ်ကျတော့ လူမှုရေးဘက်တွေကို ပိုနီးပြီးတော့ ဘာသာရေးနဲ့ ဖလော်ဆော်ဖီနဲ့ ဆက်စပ်တဲ့အယူအဆမျိုးတွေက အိန္ဒိယမှာပိုရှိတယ်။ ယေဘုယျပြောလို့ရှိရင် ဒီမိုကရေစီ Concept တွေက စခါစက အရှေ့ကတောင် ပိုထွန်းကားခဲ့တယ်လို့ ပြောလို့ရတယ်။ သို့သော် လက်တွေ့ နိုင်ငံရေးစနစ်အနေနဲ့ ကျင့်သုံးနိုင်မှုကတော့ အနောက်ကစတာ။ ဒါကလည်း မတူတဲ့သမိုင်းကြောင်းတွေလို့ ပြောရမှာပေါ့။ ဘာလို့လဲဆိုတော့ ဟိုမှာက စက်မှုတော်လှန်ရေးရဲ့ မွေးရပ်မြေလိုဖြစ်ထားတာဆိုတော့ ကျွန်တော်တို့ဆီမှာတော့ အကြောင်းကြောင်းကြောင့် မဖြစ်ခဲ့တာတွေရှိတယ်။ ဒါတွေလည်း ဆိုင်လိမ့်မယ်ထင်တယ်။ သို့သော် ဒီမိုကရေစီက အနောက်ကစတယ်ဆိုတဲ့ Concept ကြီးကတော့ သိပ်ဟုတ်မယ်မထင်ဘူး။ Concept အနေနဲ့ပြောရရင် အရှေ့ကတောင် စတယ်လို့ပြောလို့ရမယ်။ လက်တွေ့ကျင့်သုံးနဲ့ နိုင်ငံရေး Form တစ်ခု၊ နိုင်ငံရေးစနစ်တစ်ခုကိုတော့ အနောက်ကစတာ။ အဲဒီဟာကလည်း အချက်တစ်ချက်ပဲဗျ။ ဒီမိုကရေစီမှာ အရှေ့တွေ အနောက်တွေမရှိဘူးဆိုတာ လူသားအားလုံးနဲ့ဆိုင်တဲ့ တကယ့်လောကပါလတရားတစ်ခုပဲ။ ဘာလို့လဲဆိုတော့ ဒီစနစ်က အရှေ့မှာကျင့်သုံးသုံး၊ အနောက်မှာကျင့်သုံးသုံး ကာလတစ်ခု ရင့်ကျက်သွားလို့ရှိရင် အောင်မြင်မှုတွေ အများကြီးရမယ်။ ဥပမာ–တချို့ပြောကြတာပေါ့။ ဒီမိုကရေစီဟာ အာရှနဲ့ သိပ်မသက်ဆိုင်ဘူးပြောနေကြတယ်။ တကယ့်အာရှနိုင်ငံတွေမှာ ဖွံ့ဖြိုးမှုရှိတဲ့ ဒီမိုကရေစီစနစ်ရှိတယ်။ ဥပမာ–ဂျပန်ဆိုရင် အာရှမှာ ဒီမိုကရေစီကို တကယ်လက်တွေ့ ပထမဦးဆုံးကျင့်သုံးတဲ့နိုင်ငံ။ တစ်ခါ နောက်ဒုတိယကမ္ဘာစစ်ပြီးတော့ အာရှအကြောင်းပြောရာမှာ ခြင်းတောင်းသုံးခုနဲ့ ဥပမာပေးတယ်။ ပထမခြင်းတောင်းကတော့ ဂျပန်၊ ဒုတိယခြင်းတောင်းက နောက်ပိုင်းကျားဖြစ်မယ့်နိုင်ငံတွေ၊ တတိယခြင်းတောင်းကတော့ အခု ကျွန်တော်တို့ အပါအဝင်ပေါ့လေ။ လက်ဝဲနဲ့နီးတဲ့နိုင်ငံတွေ။ ဖွံ့ဖြိုးမှုပြန်ကြည့်တော့ ဂျပန်က အရင်ဆုံး ဒီမိုကရေစီဘောင်ထဲ ရောက်သွားတယ်။ နောက် စစ်ပြီးခါစမှာ နှစ်ခုရွေးလိုက်ကြတာ။ ဒုတိယခြင်းတောင်းထဲကနိုင်ငံတွေက ဒီမိုကရေစီလမ်းကြောင်း၊ အရင်းရှင်လမ်းကြောင်းကို ရွေးသွားကြတာရှိတယ်။ အဲဒီလိုပြောလို့ သူတို့လည်း Perfect Democracy လို့တော့ မဆိုလိုဘူးလေ။ တတိယအုပ်စုထဲက ကျွန်တော်တို့အပါအဝင် တရုတ်၊ ဗီယက်နမ် စသဖြင့်ပေါ့။ ကျွန်တော်တို့အားလုံးက စစ်ပြီးခေတ်နောက်ပိုင်းပေါ့လေ။ ကျွန်တော်တို့က ၁၉၆၂ မှာပေါ့။ သူတို့ကတော့ လွတ်လပ်ရေးရပြီးကတည်းက လက်ဝဲဘက်ရွေးခဲ့တာရှိတယ်။ Growth နဲ့ ဒီမိုကရေစီရင့်ကျက်မှုဘက်ကို ပြန်ကြည့်တော့ စောစောစီးစီး ဈေးကွက်နဲ့ ဒီမိုကရေစီလမ်းကြောင်းရွေးခဲ့တဲ့နိုင်ငံတွေက အရင်ဖြစ်သွားတယ်။ အခုမှ ကျွန်တော်တို့အလှည့်ရောက်တာ။ တတိယခြင်းတောင်းထဲကနိုင်ငံတွေအလှည့်ရောက်တာ။ အဲဒါတွေအားလုံးကိုခြုံပြီး Concept တစ်ခုထုတ်မယ်ဆိုရင် ဒီမိုကရေစီဟာ တိုးတက်မှုရဲ့အင်ဂျင်တစ်ခု ဖြစ်နိုင်တယ်ဆိုတာ အာရှအနေနဲ့ မှန်တယ်ထင်တယ်။ West မှ မဟုတ်ဘူးပေါ့လေ။ အာရှမှာလည်း ဒီသဘောရှိလာတယ်။ ဒီမှာလည်း မှန်တယ်။

**L.C : အဲတော့ ဆရာပြောသလို ဒီမိုကရေစီဆိုတာ အရှေ့ကစတယ်ပြောပြော အနောက်ကစတယ်ပြောပြော ဒီမိုကရေစီဆိုတာ ယူနီဗာဆယ်သဘောဆောင်တဲ့ လောကပါလတရားပေါ့နော်။ နောက်တစ်ခုက ဆရာခုနကပြောသလို အရှေ့က အတွေးအခေါ်သဘောလောက်ပဲရှိပြီး လက်တွေ့နိုင်ငံရေးကိုတော့ အနောက်ကစတယ်လို့ဆိုပေမယ့် လွန်ခဲ့တဲ့ နှစ်တစ်ထောင်ကျော်လောက်ကတည်းက အိန္ဒိယ ဝေသာလီမှာ ဒီမိုကရေစီသဘောဆန်ဆန်အုပ်ချုပ်ရေးမှာ ကျင့်သုံးခဲ့တယ်မဟုတ်လား။ ကဏ္ဍလွှတ်တော်တို့ ဘာတို့နဲ့ အုပ်ချုပ်ရေးကို အလှည့်ကျစနစ်ကျင့်သုံးခဲ့ဖူးတယ်မဟုတ်လားဆရာ။**

**K.W :** အမှန်က အဲဒါတွေက Method သဘောဗျ။ အုပ်ချုပ်ရေးအနေနဲ့ အုပ်ချုပ်တဲ့စနစ်တစ်ခုအနေနဲ့ တကယ်တော့ ရှိသင့်သလောက်ရှိခဲ့ပါတယ်။ သို့သော် ဒီမိုကရေစီ Concept အထိတော့ မရောက်ဘူးပေါ့လေ။ ဥပမာ–ကျွန်တွေ မဲပေးလို့မရတာတို့ပေါ့။ အိန္ဒိယမှာလည်း အမျိုး၊ ဇာတ်ခွဲခြားမှုက တော်တော်ရှိတာ။ ဒီသဘောတွေလည်းပါတာပေါ့။ သို့သော် ဘာပဲပြောပြော ဒီအစဉ်အလာတွေက ရှိခဲ့ဖူးတယ်ပေါ့ဗျာ။ အုပ်ချုပ်ရေးစနစ်တစ်ခုအနေနဲ့လည်း ရှိခဲ့ဖူးတာပဲ။ သို့သော် ဒီနေ့ခေတ်ဒီမိုကရေစီဘောင်လောက်အထိတော့လည်း ကျယ်တာလည်း မဟုတ်ဘူးပေါ့ဗျာ။

**L.C : ဆိုလိုတာက ဒီမိုကရေစီရဲ့အရိပ်အယောင်၊ ဒီမိုကရေစီရဲ့ သဘောသဘာဝက သန္ဓေတော့တည်ခဲ့ဖူးတယ်။ ပြည့်ပြည့်ဝဝမဟုတ်ခဲ့တာပဲ ရှိတယ်ဆိုတော့ အာရှမှာ ဒီမိုကရေစီဘာကြောင့် မဖြစ်နိုင်ရမှာလဲဆိုတာမျိုးပေါ့။ လူတော်တော်များများကတော့ ဒီမိုကရေစီဆိုတာ အနောက်ကစတယ်လို့ပဲ ယေဘုယျ ယူဆထားကြတာပေါ့ဆရာ။ နောက်တစ်ခုက ဒီမိုကရေစီစနစ်နဲ့ အရင်းရှင်စနစ် (ဈေးကွက်)ပေါ့ဆရာ။ အဲဒီနှစ်ခုက တစ်ပြိုင်တည်း တွဲနေမှရမှာလား သို့မဟုတ် တခြားပုံစံနဲ့ ဖြစ်နိုင်သလား။ ဥပမာ–တရုတ်ပုံစံ၊ စင်ကာပူပုံစံ စသဖြင့်ပေါ့ဆရာ။ ဆိုတော့ ဈေးကွက်တစ်ခု၊ အရင်းရှင်စနစ်တစ်ခုက**

www.foreverspace.com.mm

**ဒီမိုကရေစီစနစ်မှာပဲ ရှင်သန်နိုင်သလား ဒါမှမဟုတ် အခုပြော နေကြတာရှိတယ်။ အရင်းရှင်စနစ်ကျဆုံးခန်း ရောက်ပြီလား ဘာညာပေါ့ဆရာ။ ဒါပေမဲ့ ဆရာ့ရဲ့ အယ်ဒီတာ့အာဘော်မှာ တော့ အရင်းရှင်စနစ်က ဘယ်လိုပဲ အကျပ်အတည်း အခက် အခဲကြုံကြုံ နောက်ဆုံးတော့ အဲဒါတွေကိုကျော်ဖြတ်ပြီး ဖောက် ထွက်ရှင်သန်နေဦးမယ်လို့ ပြောထားပါတယ်။ အဲဒါလေး နည်းနည်းလောက်ရှင်းပါဦးဆရာ။ ဈေးကွက်သဘောနဲ့။**

**K.W** : အဲတော့ ခုနကပြောတဲ့ ဒီမိုကရေစီနဲ့ အရင်းရှင် အဆက် အစပ်ပေါ့ဗျာ။ အဲဒါကလည်း School က နှစ်ခုဗျ။ တစ်ခုကလည်း တွဲနေမှရမယ်ပေါ့ဗျာ။ တစ်ခုကလည်း ဈေးကွက်စီးပွားရေး ရင့် ကျက်ပြီးမှ ဒီမိုကရေစီက နောက်က လိုက်လာမယ်ဆိုတဲ့အယူအဆ ပေါ့။ ကျွန်တော်ကတော့ ဒီကိစ္စအပေါ် ယေဘုယျသီအိုရီထုတ်ဖို့ တော့ ခက်မယ်ထင်တယ်။ အဲတော့ တစ်ပြိုင်တည်းသွားမယ်၊ မသွား ဘူးကတော့ အမြင်အမျိုးမျိုးပေါ့။ ဒါကတော့ ကိုယ့်တိုင်းပြည်ရဲ့ ထူးခြားချက်နဲ့ဆိုင်လိမ့်မယ်ထင်တယ်။ ကျွန်တော်တို့ကျတော့ လွတ်လပ်ရေးရပြီးတော့ ဈေးကွက်နဲ့ ထိတွေ့မှုရှိခဲ့တယ်။ တစ်ပြိုင် တည်းသွားခဲ့ဖူးတယ်ပေါ့လေ။ သို့သော် အကြောင်းကြောင်းကြောင့် မအောင်မြင်ခဲ့ဘူးပေါ့။ မအောင်မြင်ဖြစ်ရတဲ့ဖက်တာတွေကတော့ အများကြီးရှိမှာပေါ့။ အဲဒီနောက်တော့ ၂၆ နှစ်ကျော်ကျော်လောက် က ဒီမိုကရေစီနဲ့မဆိုင်တော့ဘူး။ ဈေးကွက်နဲ့မဆိုင်တော့ဘူး။ ဆိုရှယ် လစ်စီးပွားရေးစနစ်အောက် ရောက်သွားတယ်။ အခုမှ ပြန်ပြီးတော့ ဈေးကွက်စီးပွားရေးကို အကောင်အထည်ဖော်ကြရတာ။ အဲလို အကောင်အထည်ဖော်ကြတော့ စစ်အေးခေတ်အလွန်ပေါ့ဗျာ။ အဲလို ဒီမိုကရေစီနဲ့ဈေးကွက်နဲ့အပြိုင် အကောင်အထည်ဖော်ဖို့ ကြိုးစားခဲ့ တာတွေလည်းရှိတယ်။ အဲလိုတစ်ပြိုင်တည်း အကောင်အထည်ဖော် တဲ့နိုင်ငံတွေ သူ့ဟာနဲ့သူ အောင်မြင်သွားတာတွေလည်း ရှိပါတယ်။ တချို့လည်း မအောင်မြင်ကြဘူးပေါ့။ အဲလိုမအောင်မြင်တဲ့ အခြေ အနေအောက်မှာ နောက်ထပ်အယူအဆတစ်ခုပေါ်လာတယ်။ အဲဒါက ဈေးကွက်ခိုင်အောင်လုပ်ရင်လည်း ဒီမိုကရေစီ အလားအလာဖြစ် ကောင်းဖြစ်လာနိုင်တယ်ဆိုတဲ့ အယူအဆ။ အဲဒီကောင်က စစ်အေး ပြီးတဲ့နောက်ပိုင်းမှာ ပိုပြီးရှင်သန်လာတယ်။

တချို့နိုင်ငံတွေမှာ Democratic Transformation က အကြောင်းကြောင်းကြောင့် တစ်နေတာတွေ၊ ထင်တိုင်းမပေါက်တာ တွေရှိတယ်။ အဲဒီတုန်းက အကြံပေးချက်တစ်ခုထွက်လာတယ်။ ဘာလဲဆိုတော့ ဒီမိုကရက်တစ်အိုင်ဒီယာတွေ ပျံ့နှံ့အောင်လုပ်တာ ထက် အွန်ထရာပရာနေယဉ်ကျေးမှုကို ပျံ့အောင်လုပ်တာ။ ဒါလည်း ဈေးကွက်လို့ ပြောလို့ရတယ်။ အဲဒါက ဒီမိုကရေစီကိုသွားရာလမ်း ကြောင်းကို ပိုပြီးထိရောက်မြန်ဆန်စေတယ်လို့ အယူအဆတစ်ခု။ ဒါလည်း ထည့်သွင်းစဉ်းစားရမယ့်ကိစ္စတစ်ခု။

အခု ကျွန်တော်တို့နိုင်ငံမှာကျတော့ သွားမယ့်လမ်းကြောင်းက ဈေးကွက်ရော ဒီမိုကရေစီရောနှစ်မျိုးစလုံး တစ်ပြိုင်နက်သွားမယ့် လမ်းကြောင်း။ အစပိုင်းကတော့ ဈေးကွက်ကိုကဲပြီး Reform လုပ်ခဲ့ တာ။ သို့သော် ဒီမိုကရေစီပြဿနာက အဖြေတစ်ခုရောက်အောင် မရှင်းနိုင်ဘူး။ အဲတော့ အဲဒီ Political မတည်ငြိမ်မှုက ဈေးကွက် ကိုပြောင်းဖို့ နည်းနည်းတော့ အဟန့်အတားဖြစ်တယ်။ ဒါကြောင့် အခုနောက်ပိုင်း အထူးသဖြင့် ရွေးကောက်ပွဲနောက်ပိုင်းတော့ ဒီမိုက ရေစီနဲ့ဈေးကွက်ကို တစ်ပြိုင်တည်းကျင့်သုံးသွားကြလိမ့်မယ်ထင်တယ်။ ဒါကတော့ ဘယ်လိုအဖြေထွက်လာမယ်ဆိုတာ စောင့်ကြည့်ရမှာ ပေါ့။ သို့သော် တရားသေကြီး ဒီမိုကရေစီက ထားလိုက်ဦး။ ဈေးကွက် ကို အရင်လုပ်ဦးဆိုတာက အခု ကျွန်တော်တို့ဖြစ်နေတာနဲ့မတူဘူး။ ဒီဟာကမှားတယ်လို့လည်း ယတိပြတ်ပြောလို့မရဘူး။ အခု တရုတ် ဘာဖြစ်မယ်ဆိုတာကတော့ အခုထိက ဒီဘိတ်ပဲလေ။ တရုတ်ကျ တော့လည်း တစ်ခုရှိတယ်ဗျ။ လုံးဝကို ဒီမိုကရေစီဘက်မပြောင်း ဘူးဆိုတဲ့သဘောလည်း မဟုတ်ဘူး။ သူလည်း သူ့နည်းသူ့ဟန်နဲ့ ပြောင်းနေတာ။ သို့သော် သူတို့အခုပြောနေတဲ့ ဒီမိုကရေစီက လစ် ဘရယ်ဒီမိုကရေစီမဟုတ်တာတော့သေချာတယ်။ အင်လစ်ဘရယ် ဒီမိုကရေစီတော့ ဖြစ်ချင်ဖြစ်လာနိုင်တယ်။ ဘာကြောင့်လဲဆိုတော့ သူ့မှာ ဈေးကွက်စီးပွားရေးရဲ့ အဓိကအကျဆုံး Concept ပုဂ္ဂလိက ပိုင်ဆိုင်ခွင့်ရှိနေလို့။ Economic Reform လုပ်နေတာကြာပြီ။

တမြန်နှစ်ကမှ Property Rights ကို တရုတ်ပါလီမန်က ချပေး တာ။ အဲလို တဖြည်းဖြည်းစဉ်းစားလုပ်တဲ့ဟာမျိုးလည်းရှိတယ်။ နောက် ဒီမိုကရေစီရဲ့ Concept က တကယ်တော့ လူလတ်တန်းစား ကို နိုင်ငံရေးလုပ်ရှားခွင့်ပေးတာပဲ။ အဲဒီ တကယ့်ရင့်ကျက်တဲ့ ဒီမို ကရေစီနိုင်ငံတွေမှာတော့ နိုင်ငံရေးပါတီတွေကို လှုပ်ရှားခွင့်ပေးတယ်။ တရုတ်ကတော့ အဲလောက်ထိ ခွင့်ပြုမယ်မထင်ဘူး။ လူလတ်တန်း စားအတွက် Space တစ်ခုတော့ ဖော်ပေးတယ်။ ကွန်မြူနစ်ပါတီက အဲဒါကို ပြင်ဆင်ဖွဲ့စည်းပေးလိုက်တာ။ ဟိုတုန်းက လူတန်းစား သတ်မှတ်ချက်နဲ့ထည့်ပြီးဖွင့်ပေးတာ။ အဲဒီမှာ လူလတ်တန်းစား တွေ နိုင်ငံရေးလှုပ်ရှားခွင့်ရသွားတယ်။ ဒါကြောင့်လည်း Western Bloc က တိန်အန်မင်ကိစ္စပေါ်ပြီးနောက်ပိုင်း နောက်ထပ် အဲလိုကိစ္စ မျိုး ပေါ်ဦးမယ်လို့ဆိုကြတယ်။ အခုထိတော့မပေါ်သေးဘူး။ တစ်စုံ တစ်ရာထိန်းထားတာရှိတယ်။ အဲတော့ ပြောချင်တာက လုံးဝကြီး ဒီမိုကရက်တစ်ကိစ္စကို Touch မလုပ်တာတော့ မဟုတ်ဘူး။ သူ့နည်း သူ့ဟန်နဲ့ပြောင်းဖို့ ကြိုးစားနေတာတော့ရှိတယ်။ သို့သော် ပြောင်း တယ်ဆိုတာနဲ့ ချက်ချင်းတန်းပြီး လောကပါလတရားဆီ တည်ချင်မှ တည်မှာပေါ့။ ဒါပေမဲ့ ဘယ်ဟာအမှန် ဘယ်ဟာအမှားဆိုတာ နည်း နည်းတော့ ပြောရခက်မယ်ထင်တယ်။ အခု ကျွန်တော်တို့တည်သွား မယ့်လမ်းကြောင်းကတော့ Economic Reform ဘက်ကနေ Political ဘက်ကို ဦးတည်သွားလိမ့်မယ်လို့ ထင်တယ်။

နောက်တစ်ပိုင်းက အခု Crisis မှာ အရင်းရှင်စနစ်တော့ အကျပ်အတည်းတွေ့နေပြီး ကမ္ဘာကြီးက ဆိုရှယ်လစ်စနစ်ဘက် ပြန်လည်လာလိမ့်မယ်ဆိုတဲ့ Concept ။ အဲဒီ Concept က ကမ္ဘာ

www.foreverspace.com.mm

မှာတော့ သိပ်မကျယ်ဘူးဗျ။ အဲဒီဟာကို လွှင့်နေတဲ့သူတွေက ဟူဂိုချားဗက်စ်တို့က ပြောနေတာတော့ရှိတယ်။ ဒါပေမဲ့ မြန်မာစာပေလောကမှာ ပိုကျယ်နေတယ်ဗျ။ ကျွန်တော် ဒီမှာ Cover Themes မှာ အညွှန်းအနေနဲ့ရေးထားတယ်။ တိုက်ရိုက်ဘာသာပြန်တာမဟုတ်ဘူး။ အဲဒါရေးထားတယ်။ အဲဒါက Times မဂ္ဂဇင်းထဲမှာ ပါပြီးသား။ မူရင်းအတိုင်းပေါ့လေ။ ဂျာမနီမှာ Capital စာအုပ်က သိပ်အရောင်းသွက်နေတယ်။ တကယ်ဖတ်ကြည့်တော့ အဲ Capital က ကားလ်မာ့ခ်စ်ရဲ့ Capital မဟုတ်ဘူး။ မာ့ခ်စ်တော့ မာ့ခ်စ်တဲ့။ ဒါပေမဲ့ ဘုန်ကြီးမာ့ခ်စ်။ အဲဒါ ကျွန်တော်တို့ဆီက လူတချို့က ကားလ်မာ့ခ်စ်ရဲ့စာအုပ်ထင်နေကြတာ။ အဲဒါမျိုးကနေနွှယ်ပြီး အဲဒါမျိုးကနေယူပြီးတော့ မာ့ခ်စ်ဆိုတာ တစ်ခေတ်ဆန်းတော့မယ်အထိ သုံးပုဒ်လောက်သွားတွေ့နေတယ်။ တကယ်ဖြစ်နေတာက တစ်မျိုးဗျ။ အရင်က စစ်အေးအသုံးက အီကောနောမစ်တွေက အယူအဆသုံးခု။ ပညာရှင်အမည့်က လွယ်လွယ်ပြောရင် အဒမ်စမစ်ရယ်၊ မာ့ခ်စ်ရယ် ကိန်းရယ်သုံးဦးဗျ။ အဒမ်စမစ်ကတော့ Free Market ပေါ့ဗျ။ Crisis မှာ ကျွန်တော်တို့ တစ်ကမ္ဘာလုံးနီးပါးလောက်သွားခဲ့တဲ့ Free Market ပေါ့ဗျာ။ Free Market လိုင်းရဲ့ အခြေခံသီအိုရီကတော့ လေဆေဖဲရားပေါ့။ စီးပွားရေးမှာ ဘယ်အင်အားစုမှ ဝင်မစွက်နဲ့ သူ့ဘာသာသူ ဈေးကွက်က ဖြေရှင်းသွားမယ်။ ကိုယ်ပျောက်လက်ပေါ့။ အဲဒါကို မာ့ခ်စ်ကတော့ လုံးဝချိုးဖျက်တယ်။ Free Market က Free Exploritation ပဲ။

ပြဿနာတွေအားလုံးက အရင်းရှင်စနစ်ကနေလာတာ။ အဲဒါကြောင့်မို့ ကုန်လုပ်အရင်းအနှီးတွေ ပြည်သူပိုင်သိမ်းရမယ်။ ထားပါတော့ဗျာ။ အဲဒီသီအိုရီတွေက အဲဒါမာ့ခ်စ်က Market ဖျက်သိမ်းရေးပေါ့။ နောက်တစ်ခုကတော့ ကိန်းပေါ်လာတယ်။ ကိန်းက ဖျက်သိမ်းရေးမဟုတ်ဘူးဗျ။ ထိန်းရေး။ ကိန်းပေါ်လာတော့ သီအိုရီအရ မှန်ပေမယ့် လက်တွေ့က မမှန်ဘူးဗျ။ ဘာလို့လဲဆိုတော့ လက်တွေ့က Market Information မရှိဘူး။ Information က ဒါကြောင့် အစိုးရက ပြန်ထိန်းရမယ်။ အဲတော့ ထိန်းရေးပဲ။ ကိန်းရဲ့သီအိုရီက regulator အခန်းပဲ။ မာ့ခ်စ်ကတော့ လုံးဝဖျက်သိမ်းရေး။ ဒီနှစ်ခုက မတူဘူး။ ထားပါတော့လေ။ စစ်အေးအထိက ဒီသုံးခုဟာမတူဘူး။ ကားလ်မာ့ခ်က စင်ပေါ်မှာမရှိတော့ဘူး။ ဟူဂိုချားဗက်စ်တောင်မှ မာ့ခ်စ်ဝါဒကအယူအဆတချို့နဲ့ ပေါ်ပြူလာဖြစ်မယ့်စကားလုံးတချို့ ယူသုံးတာပဲရှိတယ်။ နိုင်ငံရေးတက္ကနစ်အနေနဲ့ပဲရှိတာ။ စစ်အေးနောက်ပိုင်းမှာ အငြင်းပွားစရာ ဒီဘိတ်ကနှစ်ခု။ Free Market ရယ်၊ အဒမ်စမစ်ရယ်၊ ကိန်းရယ်၊ Manage market လို့ အခုနောက်ပိုင်း သုံးတယ်။ ဒီနောက်ပိုင်း ဒီနှစ်ခုပဲရှိတာ။ ဒီနှစ်ခုကလည်း အခြေအနေအရ ဒီလိုပဲသွားနေတာ။ ဥပမာ–သမိုင်းကိုပြန်ကြည့်ရင် အရင် Free market နဲ့သွားနေတာ၊ မဟာစီးပွားပျက်ကပ်ပေါ့။ ၁၉၂၉–၃၀ မှာ ဖြစ်လာတော့ မားကက်တစ်ခုတည်း မထိန်းနိုင်ဘဲဖြစ်တော့ အစိုးရ ဝင်လာရင်း ကိန်းခေတ်ရောက်လာတယ်။ အဲလို ကိန်းခေတ်ရောက်လာရင်းနဲ့ စွန်းသွားတယ်ဗျ။ ထိန်းရင်းထိန်းရင်းကနေ Big Government ကြီးဖြစ်လာတယ်။ Big Government ကြီးဖြစ်လာတော့ ဈေးကွက်ရဲ့ အာနိသင်တွေက အပြည့်အဝမသုံးနိုင်တော့ဘူးပေါ့။ အဲဒီမှာ ရေဂင်တို့ သက်ချာတို့ခေတ်။ အဲဒီမှာ Free Market ရောက်သွားတယ်။ Free Market ရောက်တော့ နောက်တစ်ခါ စွန်းသွားတယ်ဗျ။ စွန်းသွားတာက အကုန်လုံး Dergulation လုပ်ရမယ်ဆိုတဲ့ဘက်။ အကုန်လုပ်လို့တော့မရဘူး။ ဥပမာ–ဆီလွန်ကွန်ဗယ်လီလိုဟာမျိုး အိုင်တီကုမ္ပဏီမျိုးဆိုတော့ Innovation ကို တည်သွားရတာ။ အဲဒါမျိုးကို Deregulation လုပ်ရင် အကျိုးရှိတယ်။ သို့သော် Wall street က ကုမ္ပဏီတွေနဲ့ကျတော့ မတူဘူး။ ဘဏ္ဍာရေးကုမ္ပဏီရဲ့ သဘောသဘာဝကိုက Trust လိုတယ်။ ယုံကြည်မှုတည်ဆောက်ဖို့လိုတယ်။ အဲတော့ တစ်ဖက်က ယုံကြည်မှုကို လုပ်ရတာက သူများပိုက်ဆံတွေနဲ့ Stock Option နဲ့ သွားရတာ။ လူထုပိုက်ဆံတွေနဲ့ လုပ်ရတာ။ အဲဒီတော့ အလွန်အကျွံတွေမဖြစ်အောင် ထိန်းဖို့လိုတယ်။ အဲတော့ Deregulation က Wall street လိုမျိုးသုံးရမှာ။ ဒါပေမဲ့ Wall street တင်မကဘဲ အကုန်လုံးလျှောက်သုံးတော့ အလွန်အကျွံတွေဖြစ်ကုန်တယ်။ အဲလိုဖြစ်တော့ သဘာဝကျကျ ကိန်းဘက်ပြန်လှည့်လာကြတယ်။ မာ့ခ်စ်ကို တကယ့်ပညာရှင်အသိုင်းအဝိုင်းက သိပ်ပြီးစဉ်းစားကြတာ မရှိဘူး။ ဒါပေမဲ့ ကိန်းတောင် စွန်းဦးမယ့်သဘောရှိတယ်။

အခု bailout တွေ ဘာတွေဆို ပိုက်ဆံတွေနည်းတာမဟုတ်ဘူး။ ဘီလီယံနဲ့ချီသုံးနေတာ။ တချို့ ပိုင်ဆိုင်မှုပါ ယူလိုက်ရတာတွေရှိတယ်။ တချို့ဒေဝါလီခံရမှာတွေရှိတယ်။ ဒါဆိုတော့ အစိုးရဲ့လက်တံတွေ သိပ်ကြီးလာပြီလို့ ပြောရမယ်။ အဲတော့ ဟိုတုန်းက ရေဂင်တော်လှန်ရေးမတိုင်ခင် ကြုံခဲ့ဖူးတဲ့ Big Government အဆင့်ကို မရောက်ဘူးမပြောနိုင်ဘူး။ ရောက်သွား ပြန်လှည့်လာဦးမှာ။ အဲဒါ သဘာဝကျတယ်လို့ ပြောရမယ်။ အဲလိုပဲ အစွန်းတွေ တစ်ဖက်ရောက်လိုက်၊ ပြန်လည်လာလိုက်နဲ့ တစ်ခုပဲအရေးကြီးတာ။ အဲဒီအစွန်းကအလွန်အကျွံ အစွန်းရောက်မသွားဖို့ပဲ။ အလွန်အကျွံအစွန်းရောက်သွားရင် ဒါရယ်ဒီကယ်ပဲ။ ဒါဆိုကမ္ဘာကြီး အန္တရာယ်ရှိသွားပြီ။ အန္တရာယ်ရှိသွားပြီဆိုတာက တိုးတက်မှုတွေ အကုန်ရပ်ပြီး စစ်တွေဖြစ်သွားနိုင်တယ်။ သို့သော် တစ်စုံတစ်ရာ လွယ်လွယ်ပြောရင် ပြန်ပြန်ထိန်းလို့ရတယ်။

အရင်းရှင်စနစ်သမိုင်းကြောင်းပြောရရင် စမစ်နဲ့ ကိန်းနဲ့လည်နေရတာများတယ်။ သိပ်မဆန်းဘူးလို့ထင်တယ်။ ဒီ Crisis က ဘယ်လောက်ကြာမယ် မသိဘူးဗျာ။ သို့သော် ထွက်ပေါက်က တွေ့ဦးမှာပဲ။ ထွက်ပေါက်တွေ့ပြီးတော့ နောက်ထပ်လည်း သွေဖည်ရေးတစ်ခု မဖြစ်ဘူးလို့မပြောနိုင်ပြန်ဘူး။ ဒါကြောင့် Flexible ဆိုတာ သိပ်စကားပြောလာတယ်။ မှားနေလား၊ မှားရင်ပြင်ပေး။ အရင်းရှင်စနစ်ရဲ့ အားကောင်းချက်က အဲဒါပဲ။ ပျက်ရင်မြန်မြန်ဆန်ဆန်ပြင်တယ်။ ပြီးခဲ့တဲ့ လက်ဝဲရဲ့အားနည်းချက်လို ဖြစ်သွားတယ်။ သိပ်

www.foreverspace.com.mm

အယူအဆ စွဲမြဲပြင်းထန်လွန်းတာကိုး။ အားလုံးက မှားနေပြီး တစ်ယောက်ထဲက မမှားဘူးလို့ယူဆရင် အပြောင်းအလဲက မဖြစ်ဘူး။ သူက ကွန်မြူနစ်ပါတီ အတွင်းရေးမှူးက First Leader က မပြောင်းဘူးလို့ယူဆရင် ဘာမှ မထူးပါဘူးကွာလို့ပြောရင် အပြောင်းအလဲက မဖြစ်တော့ဘူး။ တစ်ပြည်လုံးပြောင်းချင်လည်း ပြောင်းလို့မရဘူး။ Flexible မဖြစ်တာပေါ့။ ဒီဟာတွေတော့ကွာတယ်။

**L.C : အခု အဲဒါနဲ့ဆက်စပ်လို့ ပေါ့ဆရာ။ အခုဆို ကမ္ဘာကြီးတစ်ခုလုံးက ဒီမိုကရေစီသံက တဖြည်းဖြည်းညံနေပြီ။ လူတိုင်းနီးပါး ဒီမိုကရေစီအကြောင်းပြောတယ်။ ဒီမိုကရေစီနဲ့ပတ်သက်တဲ့ Issue တွေ ဆွေးနွေးနေကြတယ်။ ပြောရရင် အခုဆို ဒီမိုကရေစီဟစ်ကြွေးသံက Popular Opinion ဆန်ဆန်တောင်ဖြစ်လာပြီ။ သူ့ရဲ့အနှစ်သာရက တစ်ပိုင်းပေါ့ဆရာ။ ဂလိုဘယ်လိုက်ဇေးရှင်းလှိုင်းမှာလည်း ဒီမိုကရေစီလှိုင်းက ပါလာတယ်။ အဲတော့ အော်တိုခရက်တွေအနေနဲ့လည်း ဒီ Popular Opinion တစ်ခုကို မပြောရင်မဖြစ်တော့တဲ့အခြေအနေ ရောက်လာလို့ ပြောလာတာလား။ ဒါမှမဟုတ် တကယ့်ခံယူချက်နဲ့ ပြောတာလားဆိုတာ မကွဲဘူးဖြစ်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ တချို့နေရာတွေမှာ လက်တွေ့နဲ့ အပြောက တော်တော်လေးကွဲနေတာတွေ တွေ့နေရလို့ ဆရာ့အနေနဲ့ရော ဘယ်လိုထင်သလဲ။**



K.W : သမိုင်းရေစီးလို့ပြောရမယ် ထင်တယ်။ ဟန်တင်တန်တို့ပြောနေကြတဲ့ ရေစီးကြောင်းပေါ့။ ဒုတိယကမ္ဘာစစ်နောက်ပိုင်း အော်တိုခရက်တွေပေါ်လာတယ်။ အဲဒီမှာ Legitimacy တစ်ခု ပေါ်လာတယ်။ Legitimacy ကတော့ တရားဝင်မှုလို့တော့ ဘာသာပြန်ရမယ်ထင်ပါတယ်။ ဒါပေမဲ့ Legal နဲ့ နည်းနည်းရောထွေးမလားမသိဘူး။ ဘာသာပြန်ကိစ္စက ကျွန်တော်တော့ နည်းနည်းပိုသဘောကျတာက တရားနည်းလမ်းကျမှုဆို ပိုကောင်းမလားလို့။ တရားနည်းလမ်းကျမှုပြဿနာက နောက်ပိုင်းတော်တော်အရေးကြီးတယ်။ အတော်များများက ဥပမာ–ဆူပါပါဝါတိုင်း ထင်တိုင်းလုပ်လို့မရဘူး။ ဥပမာ–အီရတ်ကို ဝင်တိုက်တယ်။ Legitimacy ဘက်က သူမအောင်မြင်ဘူး။ မအောင်မြင်လို့ဘဲ ကမ္ဘာ့နိုင်ငံအများစုက ကန့်ကွက်ကြတာပေါ့။ အဲတော့ နေရာတိုင်း တရားနည်းလမ်းကျမှုက တော်တော်စကားပြောတယ်။ အခုနောက်ပိုင်း တရားနည်းလမ်းကျမှုကို စဉ်းစားတာက ဒီမိုကရေစီ Concept အနေနဲ့ စဉ်းစားတာလည်းရှိတယ်။ ဒါကြောင့်လည်း အော်တိုခရက် တော်တော်များများက သူတို့ရဲ့ အော်တိုကရေစီကို မလွှဲသာမရှောင်သာ ဒီမိုကရေစီ အသွင်ပြောင်းရတာမျိုးလည်းရှိတယ်။ အဲဒါမှလည်း သူက Legitimacy ဖြစ်မှာ။ အဲဒါကြောင့် ရွေးကောက်ပွဲတွေနဲ့ ထွက်ပေါက်ရှာကြတာ။ ဒါက ဂုဏ်သိက္ခာရှိတဲ့ ထွက်ပေါက်ပဲဗျ။

ရွေးကောက်ပွဲတွေနဲ့ Democratic Way ကို ဂုဏ်သိက္ခာရှိတဲ့ ထွက်ပေါက်အနေနဲ့ စဉ်းစားလာကြတာရှိတယ်။ ဒီမိုကရေစီကလည်း နှစ်ပေါင်းများစွာ ကြာလာတဲ့အခါ ပြောင်းချင်သူများလာတယ်။ ပြီးတော့ ဒါကြီးက ရေစီးကြောင်းတစ်ခုလည်းဖြစ်လာတော့ အဲလိုလုပ်ကြတာတွေရှိတယ်။ ဒါက နိုင်ငံတော်တော်များများမှာ ဒီအတိုင်းပဲ။ သို့သော် အဲလိုပြောင်းတဲ့အခါ ချက်ချင်းလက်ငင်းပြောင်းလဲမယ်ဆိုရင်တော့ လစ်ဘရယ်ဒီမိုကရေစီကို ရောက်ချင်မှရောက်မှာပေါ့။ ပြောင်းလဲရတဲ့ခရီးစဉ်တွေလည်း ရှိချင်မှရှိမှာပေါ့။ ဘာလို့လဲဆိုတော့ အပြောင်းအလဲတစ်ခုဆိုတာ Interest တွေနဲ့လည်း ဆိုင်တာကိုး။ တချို့ဟာတွေကျတော့ ကိုယ့် Interest နဲ့ ဆန့်ကျင်လုပ်ရတာတွေရှိတယ်။ တချို့လည်း ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ ရှိကောင်းရှိနိုင်တာပဲ။ အဲတော့ Transitional Period တစ်ခုတော့ မဖြစ်မနေဖြတ်ကြရတာပဲ။ အဲဒီ Transitional Period တစ်ခုက ဘယ်လောက်ကြာမလဲ ဆိုတာကတော့ အဲဒီ Transitional Period မှာပါတဲ့ Player တွေရဲ့ ရင့်ကျက်မှုနဲ့ဆိုင်မယ်။ ရင့်ကျက်မယ်ဆိုရင် အေးအေးညောင်းညောင်းဖြစ်မယ်။ ပြီးတော့ Transitional Period ကလည်း အေးအေးညောင်းညောင်းနဲ့ ကာလတိုမယ်။ ရင့်ကျက်မှုအားနည်းရင်တော့ အဖုအထစ်နည်းနည်းရှိနိုင်တယ်။

**L.C : ခုနက ဆရာပြောခဲ့တဲ့အထဲမှာ Transitional Period ပေါ့။ အသွင်ကူးပြောင်းရေးကာလ အရေးသိပ်ကြီးတဲ့**

www.foreverspace.com.mm

**အကြောင်း။ ဆရာပြောတဲ့အထဲမှာလည်း အဲဒါနဲ့ ဆက်စပ်ပြီး တော့ ဒီမိုကရက်တစ်နိုင်ငံရေးတစ်ခုမှာလည်း အခြေခံလိုအပ် ချက်သုံးရပ်ပေါ့။ Transitional Period မှာ အဲဒီအချက် သုံး ချက်က အရေးကြီးဆုံးပေါ့။ အဲဒီထဲမှာ နံပါတ်တစ်က မဲဆန္ဒ ရှင်ပြည်သူလူထုရဲ့ ဒီမိုကရေစီအသိပညာရေချိန်၊ အောက်က နှစ်ခုက Check and balance နဲ့ အားကောင်းတဲ့ Civil Society အခြေအနေပေါ့။ အဲဒီသုံးခုစလုံးက တစ်ပြိုင်တည်း အရေးကြီးတာလား ဒါမှမဟုတ် အရေးအကြီးဆုံးအချက်လို့ ပြောရင် ဘယ်အချက်ကိုပြောမလဲဆရာ။**

**KW** : အမှန်ကတော့ တကယ့်အင်ဂျင်ကြီးတစ်ခုလုံး အပတ် ပြည့်လည်ဖို့ကတော့ သုံးခုစလုံးတော့ အရေးကြီးတယ်ဗျ။ သို့သော် တကယ့်အခြေခံအကျဆုံး စဉ်းစားမယ်ဆိုရင်တော့ လူထုရေချိန်ပေါ့ ဗျာ။ ပညာရေးရေချိန်က အရေးကြီးဆုံး ပြောရမှာပေါ့။ ဘာလို့လဲ ဆိုတော့ Check and balance ပါတဲ့ စနစ်လုပ်ဖို့ကလည်း ဒီလူတွေ နဲ့လုပ်ရမှာပဲ။ Civil Society လည်း ဒီလူတွေနဲ့လုပ်ရမှာပဲ။ အဲတော့ တစ်ခုလုံး ဆုံချက်အကျဆုံးကတော့ လူထုရေချိန်ပေါ့။ လူထုရေချိန် မြင့်ဖို့ဆိုတာက Education နဲ့ဆိုင်တယ်။ အဲတော့ လူထုရေချိန် မမြင့်ဘူးဆိုရင် ဥပမာ–Civil Society ကအစ။ Society သဘောနဲ့ အကောင်အထည်ဖော်နေတာတွေရှိတယ်။ ခင်ဗျားတို့လည်းကြား မှာပဲလေ။ Civil Society လုပ်ရင်းက Civil Society က ပြောရရင် nonprofit လုပ်ငန်းပဲဗျ။ Profit အတွက် တည်လုပ်တဲ့ဟာမျိုးတွေ လည်း ကြားမှာပဲ။ အဲဒါ ဘာလို့လဲဆိုတော့ ရေချိန်လိုတာ။ ဒီမိုကရက် တစ်ရေချိန်အားနည်းရင် အမျိုးမျိုးဖြစ်သွားနိုင်တယ်။ အဲဒါဆို ခုတ်ရာ တခြား ရှရာတခြား ဖြစ်သွားနိုင်တယ်။

**L.C** : **ဆရာပြောတာနဲ့ဆက်စပ်ပြီး အခု Third Countries လို့နာမည်ပေးထားတဲ့ ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံတွေပေါ့ ဆရာ။ ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းဖြစ်ဖို့ ရုန်းကန်နေတဲ့နိုင်ငံ တွေလို့ပဲ ပြောကြပါစို့။ အဲဒီမှာ ဘာတွေ့ရလဲဆိုတော့ Civil Society ကိုလုပ်ရင်း Civil Society ဖွံ့ဖြိုးရေးမှာ NGO, INGO တွေရဲ့ အခန်းကဏ္ဍကလည်း ပါလာတယ်။ အဲဒီမှာ NGO Business အသွင်ဆောင်လာတာလည်း တွေ့ရတယ်။ Civil Society ဖွံ့ဖြိုးရေးလို့ဆိုပြီး Volunteer လို့ဆိုပြီး လစာအများ ဆုံးယူတဲ့သူတွေက West ကလူတွေဖြစ်နေတယ်။ လူထုအကူ အညီပေးတယ်လို့တော့ဆိုတယ်။ လူထုအကျိုးကိုလုပ်ဖို့ထက် Business အသွင်၊ ကိုယ်ကျိုးစီးပွားအသွင်ဆောင်လာရင် ဒေသခံ လူထုရဲ့ယုံကြည်မှုလျော့ကျပြီး Civil Society အားကောင်း အောင်လုပ်ဖို့ အဟန့်အတားဖြစ်မသွားနိုင်ဘူးလားဆရာ။**

**K.W** : အဲဒါဂျက်ဖရီဆာ့ချ်တို့ပြောတဲ့အထဲမှာလည်း အဲဒါကို တော်တော်ဖောင်းပေးပြောသွားတယ်။ ဆင်းရဲမှုလျှော့ချရေး ဘာညာ ပြောပြီးလုပ်ကြတဲ့ West က ဝန်ထမ်းတွေနဲ့ပတ်သက်လို့ပေါ့။ သူတို့မိခင်နိုင်ငံ Western နိုင်ငံတွေရဲ့ Standard အတိုင်း Thrid World Country တွေမှာ လာနေကြတာ။ လခလည်း အဲဒီ Standard အတိုင်းယူထားကြတာ။ အဲတော့ Western လူဆိုးတွေလိုဖြစ် နေတော့။ အဲဒါကထားတော့။ ဒီဘက်က ဒေသခံတွေဘက်ကလည်း မိုးကျရွှေကိုယ်လောက်မဟုတ်တောင် မိုးကျရွှေကိုယ်နီးနီး တန်ခိုး ထွားလာတဲ့သူတွေရှိတယ်။ ခုနကပြောတဲ့လူထုရဲ့ Trust ရဖို့က တော့ တော်တော်ခဲယဉ်းလိမ့်မယ်ဆိုရင် ဒေသခံပြည်သူလူထုရဲ့ Democratic Knowledge နဲ့လည်းဆိုင်မယ်။ Regionalization အလေ့အထ အားနည်းတာနဲ့လည်းဆိုင်မယ်။ ဒါကြောင့် တစ်နှစ် သုံးတော့ အဲလိုစီပေးထားတာ။ နံပါတ်တစ်ကတော့ ပြည်သူလူထု ရဲ့ Knowledge Level ပေါ့။ နံပါတ်နှစ်က ခုနကပြောတဲ့ Institutionalization ပေါ့။ နောက် Civil Society ၊ တစ်ခုရှိတယ်ဗျ။ တကယ့်မူရင်း Conscept အရ Civil Society ထဲမှာ အခု ကျွန်တော် တို့သိထားတဲ့ NGO တွေ ဘာတွေတင်မဟုတ်ဘူး။ နိုင်ငံရေးပါတီ တွေလည်းပါသင့်တယ်။ အခုကတော့ ကျွန်တော်တို့ကတော့ လွယ် လွယ်ပဲ။ ဒီ Civil Society မှာ အဓိက ကျွန်တော်ညွှန်းချင်တာက NGO နဲ့ INGO တွေ ကိုပြောချင်တာ။

**L.C** : **နောက်တစ်ပိုင်းက Institutionalization လုပ် တဲ့အခါမျိုးမှာ အာရှမှာ ကိုလိုနီစနစ်အောက်နေခဲ့ရတော့ Revolution တွေများခဲ့တယ်။ သမိုင်းကိုပြန်ကြည့်တော့ လက် နက်ကိုင်အဖွဲ့အစည်းတွေရဲ့ အရေးပါမှုကလည်း ငြင်းဆန်လို့ မရတဲ့အခြေအနေဆိုတော့ စနစ်က အော်တိုခရက်ဘက်ကို သွား ခဲ့တယ်။ ဆိုတော့ Institutionalize ဖြစ်ဖို့ရာမှာ အဓိကပြဿနာ Crony က တော်တော်အမြစ်တွယ်နေပြီ။ Transitional Preiod မှာကော အဲဒါက ပြဿနာကြီးတစ်ခု ဖြစ်မလာနိုင်ဘူးလား ဆရာ။ တချို့နေရာတွေမှာ Crony က တော်တော်ကို အသား ကျနေတာ။**

**KW** : အဲဒီဟာကလည်း ကျွန်တော်တို့ရှေ့မှာ အတွေ့အကြုံ တွေရှိတယ်။ အာရှကျားတွေပေါ့ဗျာ။ ကျားတွေတော်တော်များများ က Crony နဲ့ သွားလာကြတာ။ တောက်လျှောက်ဆိုသလိုပဲ။ ဒီဟာ နဲ့လည်းအလုပ်ဖြစ်တယ်လို့ ပြောရမှာပေါ့ဗျာ။ သူ့ဟာနဲ့သူတော့။ အဲ ဘယ်မှာသွားတွေ့လာလဲဆိုတော့ ဂလိုဘယ်လိုက်ဇေးရှင်းအရှိန် ရလာတဲ့အခါကျတော့ Crony နဲ့ မဖြစ်တာတွေ တွေ့လာရတယ်။ အဲတော့ အာရှကျားတွေ စီးပွားရေးအကျပ်အတည်းဖြစ်တယ်။ ဘာလို့ လဲဆိုတော့ ဂလိုဘယ်လိုက်ဇေးရှင်းအရှိန်က သိပ်မြန်လာတဲ့အခါ Crony ပုံစံပြောင်းသွားတဲ့ အရင်းရှင်စနစ်က အထနေးတယ်။ ဒါ တစ်ချက်ပေါ့။

နောက်တစ်ချက်ကျတော့ အခုဟာက ကမ္ဘာလုံးကိုချိပြီးတော့ Trust ဝင်ရိုးကိုကျယ်ကျယ်ထားလုပ်ရတာ။ Crony ကျတော့ ဆွေ မျိုးစုအသိုင်းအဝိုင်းပဲ Trust ရှိတာ။ အဲဒါလည်း အလုပ်လုပ်လုပ် လို့မရဘူး။ ဒါကြောင့် အာရှစီးပွားရေးအကျပ်အတည်းကာလမှာ Restructure တွေ တော်တော်လုပ်လာကြတာရှိတယ်။ ဒါပေမဲ့ အဲဒါ အားကောင်းလာတာ ဘာလဲဆိုတော့ စောစောက Crony ရဲ့ ပထမ မျိုးဆက်က သူတို့က Crony သွားပေမယ့် အမြင်ကျယ်တာတစ်ခုရှိ

www.foreverspace.com.mm



တယ်။ သားသမီးတွေကိုတော့ ပညာအမွေကောင်းကောင်းပေးတယ်။ သူတို့ သားသမီးတွေအကုန်လုံး နိုင်ငံတကာ နာမည်ကြီးတက္ကသိုလ်တွေသွားထားတာ။ အာရှစီးပွားရေးအကျပ်အတည်းပြီးသွားတော့ အဲဒီသားသမီးတွေက စီးပွားရေးလောကထဲဝင်လာတယ်။ Westen Trained တွေပေါ့ဗျာ ဝင်လာတယ်။ အခြေနေရာကြီးကလည်း Crony နဲ့ သွားမရတော့ဘူးဆိုတာ သဘောပေါက်လာတယ်။ Restructure လုပ်လာတယ်။ Reform လုပ်လာတယ်။ ဒါကြောင့်လည်း အာရှစီးပွားရေးက ပြန်ပြီးအသက်ဆက်လာနိုင်တာ။

အဲဒီတော့ အဲဒီဖြစ်စနစ်တွေကိုပြန်ကြည့်ရင် သိပ်ပြီး အရှုံးတွေထွက်နိုင်တဲ့ Revolution ပုံစံ Crony ကနေ အွန်ထရာပရာနေ့ကို ပြောင်းသွားတာ။ ဒီဟာကတော့ မျှော်လင့်ချက်လေးတစ်ခု ဖြစ်မယ်ထင်တယ်။ အဲတော့ Crony တွေ ဘယ်လောက်ပဲအားကောင်းနေနေ ဒီဟာကိုမကြိုက်လို့ Revolution ပုံစံသွားလို့ရှိရင် တစ်ခါ Growth တစ်ခုလုံးကို ထိခိုက်သွားနိုင်တာလည်းရှိတယ်ပေါ့ဗျာ။ တိုင်းပြည်မှာ ချောင်ပိတ်မိနိုင်တာတွေလည်းရှိနိုင်တယ်ပေါ့ဗျာ။ ဒါ ကျွန်တော်တို့ ၄၈ လောက်တုန်းကကြုံခဲ့ပြီးပြီ။ အဲတော့ တကယ်ကို ကမ္ဘာနဲ့ချိပြီး လုပ်နိုင်မယ်ဆိုရင် အခြေအနေတစ်ခုက ခုနပြောတဲ့အာရှကျား အတွေ့အကြုံလည်းရှိနေတော့ ဒါလည်းဖြစ်နိုင်တာပဲ။

**L.C : Crony ကြီးစိုးလာခဲ့တဲ့ အခုကြီးစိုးဆဲ ကျွန်တော်တို့အခြေအနေမှာ စောစောကဆရာပြောသလို အွန်ထရာပရာနေ့ဘက်ကို အားပေးဖို့ Institutionalization ဖြစ်ဖို့ဆိုရင် လတ်တလောမှာ အင်ဒိုနီးရှားက အကောင်းဆုံးဥပမာဖြစ်မယ်ထင်တယ်။ သူလဲ Crony တော်တော်ကြီးထွားခဲ့တာပဲ။ အခုမြင်ရတဲ့အတိုင်းဆိုရင် ပြုပြင်ပြောင်းလဲရေးသမားတွေက တော်တော်လေးအလုပ်လုပ်လာနိုင်တာ တွေ့ရတယ်။**

**KW** : အဲဒါကလည်းဗျာ Tran-sitational ကာလမှာ ပလေယာတွေနှစ်ဖက်စလုံးရင့်ကျက်လာရင် အေးအေးဆေးဆေးဖြစ်နိုင်တဲ့အလားအလာတွေ အများကြီးရှိနိုင်ပါတယ်။ နောက်တစ်ခုကျတော့ Crony တွေ ဘယ်လောက်အမြစ်တွယ်တွယ် Generation က စကားပြောလာပြီ။ နောက်ပိုင်း Generation တွေကျတော့ အရင်ပုံစံနဲ့သွားလို့မရဘူးဆိုတာ သူတို့လည်းသိလာပြီ။ တစ်ခုတော့ရှိတယ်ပေါ့ဗျာ။ အဲဒီမှာ ပညာရေး ခံစားနိုင်ရင်တစ်မျိုးပေါ့ ဘာလို့လဲဆိုတော့ အာရှကျားတွေက အခု အွန်ထရာပရာနေ့ဘက်ပြောင်းလာတော့ ဒုတိယမျိုးဆက်၊ ဒီ Crony တွေရဲ့ သားသမီးတွေက ပညာတတ်တွေဖြစ်လာတယ်။ ပညာရေးကော ဘက်စုံဘက်ကဆိုရင်တော့ အခြေအနေကထင်သလောက် ဆိုးချင်မှဆိုးမှာပါ။

**L.C : ဆရာခုနကပြောတဲ့အထဲမှာ Transitional Period ထဲမှာ ပလေယာတွေအားကောင်းဖို့၊ ရင့်ကျက်ဖို့လိုတယ်လို့ပြောတယ်။ အဲတော့ ကျွန်တော်တို့အတွက်ဆိုရင်ကော ဘယ်လိုပလေယာတွေ အားကောင်းဖို့လိုမလဲဆရာ။ ဒီဘက်မှာလည်း ပလေယာအသစ်တွေပေါ်လာဖို့ ယူဆလာသူတွေလည်းရှိတယ်။ ဘာလို့လဲဆိုတော့ နှစ်ပေါင်းများစွာ ပလေယာအဟောင်းတွေနဲ့ပဲသွားခဲ့တော့ ဒီဘက်မှာ အထူးသဖြင့် Transitional Period တစ်ခုမှာ ဘယ်လိုပလေယာတွေ အားကောင်းလာဖို့လိုမလဲဆရာ။**

**KW** : အဲတော့ဗျာ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်တို့ Political Reform လုပ်တော့မယ်ဆိုရင် အခုပြောနေတဲ့ ပါတီစုံစနစ်နဲ့သွားမယ်လို့ဆိုရင် နိုင်ငံရေးပါတီတွေလိုမယ်။ အဲတော့ ပလေယာဆိုတဲ့အထဲမှာ အမျိုးသားနိုင်ငံရေးမှာ တပ်ကလည်းပါနေတယ်။ တပ်အပါအဝင် နိုင်ငံရေးပါတီတွေအားလုံး ပလေယာလို့ယူဆရင်ရတယ်။ အဲတော့ ဒီမှာက ကျွန်တော်တို့တိုင်းပြည်ရဲ့ ထူးခြားချက်က... နိုင်ငံတော်တော်များများမှာ ထူးခြားချက်ကရှိပါတယ်။ ကျွန်တော်တို့ကျတော့ ၆၂ မှာ ပိုပီပြင်လာတယ်။ Political Interest နောက်ကွယ်မှာ လက်နက်ကိုင်တပ်ဖွဲ့ကလည်းရှိနေတယ်။ ဒီအချက်ကထည့်စဉ်းစားရမယ်။ တစ်ခါ တပ်မဟုတ်တဲ့ အခြားနိုင်ငံရေးပါတီတော်တော်များများက ဒီနေရာမှာ ကျွန်တော်တို့ ဒီရယ်ဒီကယ်ရီဖော်လူးရှင်းရဲ့ Influence တွေ တော်တော်ကြီးတယ်။ တည့်တည့်ပြောရရင် ကွန်မြူနစ်ကို မကြိုက်ဘူးလို့ပြောနေတဲ့ Anti ကွန်မြူနစ်လို့ လျှောက်ပြောနေတဲ့လူကတောင် စဉ်းစားတော့ ရယ်ဒီကယ်စဉ်းစားပုံဖြစ်နေတယ်။ ဒီနေရာမှာ ကျွန်တော် ကွန်မြူနစ်ဝါဒကို တိုက်ခိုက်ပြောချင်တာမဟုတ်ပါဘူး။ ရယ်ဒီကယ်စဉ်းစားနည်းနဲ့ ဒီမိုကရက်စဉ်းစားနည်းက သိပ်မတူဘူး။ ရယ်ဒီကယ်စဉ်းစားနည်းဆိုတာ ဆန့်ကျင်ဘက်နှစ်ခု အပြန်အလှန်ဖယ်ထုတ်ကြဖို့စဉ်းစားတာ။

**L.C : ဒိုင်ယာလက်တစ်နည်းလို့ပြောရမှာပေါ့ဆရာ။**

**KW** : အေးပေါ့ဗျာ။ အခု တကယ်လိုအပ်နေတာက ဆန့်ကျင်ဘက်တွေ အပြန်အလှန်တည်ရှိခွင့် (ထွိုင်ယာလက်တစ်)။ ဒါပေမဲ့ ဟိုဘက်ကိုညွှတ်တယ်ဗျ။ ကျွန်တော်တို့က ဘာကြောင့်ညွှတ်လဲဆိုတော့ အဆက်ပြတ်တာလည်းပါတယ်။ ဥပမာ–ကျွန်တော်တို့ စာပေလောကဆိုရင် လက်ဝဲစာပေပဲ အားကောင်းခဲ့တာ။ အခုအချိန်အထိပဲ။ အခုတော့ ဟိုတုန်းကလောက် အားမကောင်းဘူးပေါ့ဗျာ။ တော်တော်ရှိတုန်းပဲ။ ဩဇာကြီးကြီးလွှမ်းတော့ ဘာလို့လဲဆိုတော့ ဒီမှာ ကျွန်တော်တို့ဆီမှာ ရေးခဲ့ပြောခဲ့ပြီးတဲ့ စာရေးဆရာကြီးတွေပေါ့ဗျာ။ ထားပါတော့။ အခုဆုံးသွားတဲ့ ဒေါ်ဒေါ်တို့ ဗန်းမော်တင်အောင်တို့ ဆိုတာတွေက တကယ်တော့ စာပေလောကမှာ အများကြီးလည်း အကျိုးပြုခဲ့တာကိုး။ သူတို့ရဲ့ကျေးဇူးတွေကလည်း အများကြီး ကြီးတာကိုး။ သူတို့ကိုယ်တိုင်လည်း သူတို့ဖြတ်သန်းမှုအရ ညွှတ်ခဲ့တာ လက်ဝဲဘက်ကိုညွှတ်ခဲ့တာ။ အဲဒါကြောင့် အခုအချိန်ထိ ဒါကရှိနေတယ်။

တစ်ဖက်က သူနဲ့အပြိုင် Alternative Way of Thinking ပေးနိုင်တာက ဘယ်သူရှိလဲဆိုတော့ ပွင့်ပွင့်လင်းလင်းပြောရရင် သိပ်ပြီး မြင့်မြင့်မားမားမရှိဘူးဗျ။ ရှိရင်လည်း ကျွန်တော်တို့မသိတာတွေပေါ့ဗျာ။ သိရသလောက်ကတော့ ဟိုခေတ်ကပေါ်တဲ့ သံရုံးဘာသာပြန် ခပ်ညံ့ညံ့တွေလောက်ပဲရှိတယ်။ အဲလို တစ်ဖက်စောင်းနင်းကြီး ဖြစ်လာခဲ့တာ။ Alternative Way of Thinking မရှိဘူး။ ဒီလက်ဝဲ

www.foreverspace.com.mm

စဉ်းစားနည်းဘောင်ကနေ မကျွတ်မလွတ်တာများနေတယ်။ မကျွတ်တော့ ဘယ်မှာမဆို အဲဒီအငွေ့အသက်တွေက များနေတယ်။ ဒါလည်း ထည့်စဉ်းစားရမယ့်ကိစ္စပေါ့။ အဲတော့ အခုခါတော့ ရင့်ကျက်ဖို့လိုတယ်။ ရင့်ကျက်ဖို့ဆိုတာက ဒီမိုကရက်တစ်ဘောင်ထဲမှာ မတူတဲ့ အယူအဆတွေကြားထဲမှာ ဒီလိုနိုင်ငံရေးလုပ်တတ်တဲ့ အကျင့်ကောင်းတွေပေါ့ဗျာ၊ ဒါပေမဲ့ သမိုင်းအရပြောရရင် အယူအဆမတူရင် ဒီမိုကရက်တစ်နဲ့မရှင်းဘူးဗျ။ ဘောင်ကျော်ကျော် ရှင်းခဲ့ကြတာ။ ဒါကြောင့် ၄၈ မှာ ဝမ်းနည်းစရာကြုံခဲ့ရတာ။ ထစ်ခနဲရှိရင် မတရားသင်းကြေညာတာမျိုးလည်း ကျွန်တော်တော့မကြိုက်ဘူး။ ထစ်ခနဲရှိ တောခိုတာမျိုးလည်းမကြိုက်ဘူး (ရယ်လျက်)။ ဒါတွေက ရယ်ဒီကယ်ထောင်ချောက်ထဲ တိုင်းပြည်ထိုးကျနိုင်တယ်။ အဲဒီထောင်ချောက်ထဲကျရင် ပြန်တက်ဖို့မလွယ်ဘူးဗျ။

အခု ၄၈ ကဖြစ်ခဲ့တဲ့ ပြည်တွင်းစစ်က အခုထိ အကင်းမှမသေသေးတာ။ အဲတော့ ဘာဖြစ်လဲဆိုတော့ တိုင်းပြည်ပဲ နာတာပဲ။ သိပ်နာတယ်ဗျ။ အဲတော့ နောက်ထပ် ရယ်ဒီကယ်ထောင်ချောက်တွေ မရှိစေချင်တော့ဘူး။ အကောင်းဆုံးမဟုတ်တောင် အဖြေတစ်ခုတော့ ရသွားစေချင်တယ်။ အဲဒီသဘောပါ။ တချို့ကလည်း အကောင်းဆုံးအဖြေတွေချည်းထုတ်နေတာ။ မဟုတ်သေးဘူးဗျ။ သို့သော် တစ်စုံတစ်ရာ ပြေလည်နိုင်စရာရှိတဲ့ အခြေအနေကလေးတွေတော့ ခင်းခင်းခင်းခင်းပြီး သွားကြရတာကများတယ်။ အခုတော့ အိုကေပြီလားဆိုတော့ ခုထိတော့ စင်းလုံးချောတော့ ဖြစ်မလာသေးဘူး။ အဲတော့ ဒါ တဖြည်းဖြည်းတော့ဖြစ်မှာပေါ့။ သက်တမ်းအရပြောရင် ဘာမှမကြာသေးတာ။ ဒါတွေက သူ့ဟာနဲ့သူလည်း သဘာဝကျမယ်ထင်ပါတယ်။ သိပ်ပြီးတော့ လောဘတွေမကြီးကြဖို့လိုမယ်ဗျ။

**L.C : ဆရာပြောတဲ့အထဲမှာ ပလေယာတွေ အရေးကြီးတယ်။ ပလေယာထဲမှာလည်း နိုင်ငံရေးနဲ့ပတ်သက်တဲ့ ပလေယာတွေပေါ့။ ပလေယာတွေရဲ့ အရည်အချင်းပေါ့။ ဟုတ်ပါပြီဆရာ။ နောက်တစ်ခုက အခု ကျွန်တော်တို့လည်း Transitional Period ကို မဖြစ်မနေဖြတ်ရမယ်။ အဲဒီမှာ Regulator တွေရဲ့ အခန်းကဏ္ဍကလည်း အရေးကြီးတယ်ပေါ့ဆရာ။ အဲတော့ အဲဒီမှာ Regulator တွေရဲ့အရည်အချင်း၊ တာဝန်နဲ့ဝတ္တရား ပလေယာတွေရဲ့ တာဝန်နဲ့ဝတ္တရား၊ ဒါတွေကို Watch လုပ်ရမယ့် မီဒီယာတွေရဲ့ တာဝန်ဝတ္တရားပေါ့ဆရာ အဲဒါတွေက Stakeholder တွေလို့ ပြောရင်ရမယ်ထင်တယ်။ သူတို့အားလုံးရဲ့ ရပ်တည်ချက်က ဘယ်လိုအနေအထားမျိုး ရှိသင့်တယ်လို့ထင်လဲဆရာ။ အထူးသဖြင့် Transitional Period မှာ။**

**KW** : အမုန်ကတော့ဗျာ မတူတဲ့အုပ်စုတွေကြားထဲမှာ တူညီတဲ့ Common Ground တစ်ခုရသွားဖို့က နံပါတ်တစ်လိုအပ်ချက်ဖြစ်မယ်။ Common ground ကလည်း အထူးရှာစရာမလိုဘူးထင်တယ်။ အားလုံးရဲ့ တူညီတဲ့ဆန္ဒတစ်ခုက ကိုယ့်တိုင်းပြည် ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ပဲ။ အဲဒါ Common ground ပဲ။ ကျွန်တော်တို့ရဲ့ Common ground က Economic growth ဆိုရင် ကျွန်တော်ထင်တယ်။ အင်အားစုအားလုံးက စိတ်ဝင်စားကြလိမ့်မယ်လို့။ တူညီတဲ့ဆန္ဒနဲ့ပေါင်းလုပ်နိုင်ကြမယ်ထင်တယ်။ ပြီးတော့ ကျွန်တော်တို့ဆီမှာ ပညာရှင်တွေ ရှားတယ်ဆိုပေမယ့် ရှိသလောက်တော့ ရှိနေသေးတယ်ဗျ။ အသက်အရွယ်တွေ ကြီးကုန်ကြပြီဆိုပေမယ့် အဲဒီပညာရှင်တွေအားလုံးကလည်း Political အရောင်အသွေးတွေဘေးချိတ်၊ သူတို့ ဒါတွေလည်း စိတ်ဝင်စားမယ်မထင်ပါဘူး။ ကိုယ့်တိုင်းပြည်ဖွံ့ဖြိုးဖို့အတွက် သူတို့ တတ်နိုင်တဲ့နည်းနဲ့ လုပ်ပေးချင်တဲ့ဆန္ဒတွေရှိမယ်လို့ထင်တယ်။ အဲဒါတွေပေါင်းစည်းလာလို့ရှိရင် အားတစ်အားပဲဗျ။ မီဒီယာလောကဆိုတာကလည်း ဒီအားထဲမှာ ဝင်ပါလို့ရတာပဲ။ ကျွန်တော်တို့ကတော့ ပညာရှင်တွေလောက် ထိထိရောက်ရောက်တိုက်ရိုက် ဝင်မကူညီနိုင်ဘူးပေါ့ဗျာ။ သို့သော် တခြားနိုင်ငံတွေက အခြေအနေတွေကို သင်ခန်းစာယူစရာတွေကို ဖော်ပြပေးနိုင်တာကတော့ ရှိတာပေါ့။ Common Ground တစ်ခု ပူးပေါင်းလုပ်တဲ့ အတွေ့အကြုံတစ်ခုရမယ်။ ဒါဆိုရင် အနာဂတ်အတွက် ပိုကောင်းမယ်ထင်တယ်။ ဒီဟာလေးကတော့ မျှော်လင့်ကြည့်ချင်တယ်ပေါ့ဗျာ။

**L.C : နောက်ဆုံးမေးချင်တာတစ်ခုကတော့ ကျွန်တော်တို့ဒီမှာ Challenge ကြုံလာနိုင်တဲ့ဟာပေါ့။ ဘာလို့ဆိုတော့ ကျွန်တော်တို့ဖြတ်သန်းခဲ့တဲ့သမိုင်းကြောင်းအရရော တခြားအခြေအနေတွေကြောင့်ရော ကျွန်တော်တို့မှာ Emotionally ပြောကြဆိုကြတာတွေ၊ Popular Opinion နောက်လိုက်တာတွေ၊ နောက်တစ်ခါ Blame လုပ်တာတွေပေါ့။ အခုဆို Regulator နေရာမှာရှိရမယ့်သူတွေတောင်မှ Regulating မလုပ်ဘဲ သမိုင်းကို Blame လုပ်နေတာတွေရှိတယ်။ ဆိုလိုတာက ကျွန်တော်တို့မှာ ၄၈ နဲ့ ၅၈ ဆိုတာ ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းကိုသွားဖို့ပြင်ဆင်တုန်း၊ မြေစမ်းခရမ်းပျိုးအခြေအနေပဲရှိခဲ့သေးတာ။ အဲလိုဖြစ်ခဲ့တဲ့အခါမျိုးက အခြေအနေတွေကို Blame လုပ်မလား သင်ခန်းစာယူမလားဆိုတာတော့ စဉ်းစားရမှာပေါ့။ ပါလီမန်ဒီမိုကရေစီစနစ်ဆိုတာ အကွဲအပြဲပဲ မကောင်းဘူးဆိုတဲ့ Blame လုပ်တာတွေကြောင့် ဒီမိုကရက်တစ်သဘောတရားတွေအပေါ် နားလည်မှုလွဲသွားနိုင်တဲ့ Challange တွေရှိနိုင်သလား။ ဒါမှမဟုတ် Transitional Period တစ်ခုမှာ ဘယ်လိုဟာမျိုးတွေက Challenge ဖြစ်လာနိုင်သလဲဆရာ။**

**KW** : အဲဒါကလည်း အယူအဆကိုက ပါလီမန်ဒီမိုကရေစီစနစ်က အပြစ်ရှိသလားလို့ဆိုရင် ဝန်ခံရရင်တော့ ရှိတယ်လို့ပြောရမှာပဲ။ ဒါက အကွဲအပြဲက ဒီမိုကရေစီရဲ့ Essence မဟုတ်ဘူး။ Diversity ကတော့ ဒီမိုကရေစီရဲ့ Essence ။ မတူခြားနားမှုတွေကို ခွင့်ပြုထားတာ ဒီမိုကရေစီ။ အဲတော့ ဒဂုန်တာရာရဲ့စကား ကိုးကားရရင် 'မတည့်အတူနေ'။ အဲတော့ အယူအဆမတူတာနဲ့ လက်နက်ကိုင်ပြီး တစ်ယောက်နဲ့တစ်ယောက် ထချကြရင် ဒါ ဒီမိုကရေစီမဟုတ်ဘူး။ ကွဲကြပြဲကြတယ်။ ဆော်ကြနှက်ကြတယ်ဆိုရင် ဒါ ဒီမိုကရေစီမဟုတ်ဘူး။ သို့သော် မတူတဲ့အယူအဆနှစ်ခု။ မတူသလို

www.foreverspace.com.mm



လှော်လွတ်လပ်လပ်ငြင်းခုံတာက ဒီမိုကရေစီ။ ဒါပေမဲ့ ကျွန်တော်တို့က ရောထွေးနေတယ်။ မတူလိုက်ရင် ပထမငြင်းမယ်။ ကာလတစ်ခုငြင်းတာကိုခွင့်ပြုတယ်။ ကာလကျော်လာရင် ဆော်ကြပြီ။ ငြင်းတာ ခွင့်မပြုတော့ဘူး။ ဒီမိုကရေစီစက်ဝိုင်း တဖြည်းဖြည်းကျဉ်းကျဉ်းလိုက်လာတယ်။

မတူတဲ့အယူအဆတွေများလေ ဒါတွေကို ခွင့်ပြုရင်းနဲ့ ဒီမိုကရေစီက ကျယ်လေဖြစ်ရမှာ။ အခုဟာက ပြောင်းပြန်။ မတူတဲ့အယူအဆတွေပေါ်လာရင် ကျပ်လေ၊ Regulation က တင်းလာလေ။ နောက်ဆုံးစည်းကလေးက တင်းလာကျပ်လာပြီး ဆော်ကြနက်ကြနောက်ဆုံး ပြည်တွင်းစစ်တွေဖြစ်။ အဲတော့ ဒါတွေ ဘာကြောင့်ဖြစ်လဲဆိုတော့ တစ်ခုလုံးက Knowledge နဲ့ဆိုင်တယ်။ ဒီမိုကရက်တစ် Principle နဲ့ Democratic way of thinking တွေကို နေရာအားလုံးက စိတ်ရှည်ရှည်နဲ့ စနစ်တကျကျင့်သုံးနိုင်ကြရင် ရင့်ရင့်ကျက်ကျက်ကျင့်သုံးနိုင်ကြရင် ဒီပြဿနာတွေကျော်နိုင်မယ်။ အဲတော့ Challenge တွေ အများကြီး ကြုံနိုင်တယ်။ အဓိက Challenge ကတော့ ရယ်ဒီကယ် Challenge ပဲ။ ရယ်ဒီကယ် Challange ဆိုတာ ခုနကပြောတဲ့ ရန်ဖြစ်ကြမယ့် Challenge ။ ပြန်ဆော်ကြမယ့် Challenge ပေါ့ဗျာ။ ရှိပြီးသားစီးပွားရေးလေး ပြန်ပျောက်သွားမယ်ထင်လို့ (ရယ်လျက်)။ အဲဒီဟာတွေရဲ့ Source ကတော့ Ignorance ပဲ။ Knowledge Level နိမ့်တာပေါ့။ ဒါကတော့ ဒီ Knowledge ဘက်ကလည်း အများကြီးလုပ်ရလိမ့်မယ်ထင်တယ်။ အဲဒါက ပညာရှင်တွေလည်း ဝိုင်းကူမှ မီဒီယာကလည်း ဝိုင်းကြဝန်းကြမှ။ အဲဒီဘက်ကတော့ မီဒီယာမှာ အထူးသဖြင့်ပေါ့လေ။ အသားကျပြီးသား လူကြီးတွေတော့မပါဘူးပေါ့။ နောက်တက်လာတဲ့ မီဒီယာလူငယ်မျိုးဆက်တစ်ခုရယ်၊ လက်ရှိပညာရှင်တွေရယ်။ စိတ်အားထက်သန်မှု တော်တော်ရှိဟန်တူတယ်။ ဒါလေးကတော့ အားတက်စရာလို့ထင်တယ်။ ကျွန်တော်တို့နဲ့ အလှမ်းဝေးပြီး ကျွန်တော်တို့ သိပ်အကဲမခတ်တတ်တာက ခုနပြောတဲ့ Political Organization တွေ။ အဲဒါတွေတော့ မပြောတတ်ဘူး။ ဘယ်လိုထွက်လာမလဲလို့ (ရယ်လျက်)။ အခုထိလည်း တရားဝင် ဘာမှမထွက်တော့ ကျွန်တော်တို့လည်း မမှန်းဆတတ်ဘူး။ အခု ကျွန်တော်တို့ ထိတွေ့နေရတဲ့ မီဒီယာအသိုင်းအဝိုင်း၊ ပညာရှင်အသိုင်းအဝိုင်းကတော့ ဒီသဘောတွေကို ကျွန်တော်တို့ထက်တောင် ပိုနားလည်မယ်။ နားလည်တော့ ဒီအတွက်လည်း တကယ့်ကို စိတ်ပါလက်ပါနဲ့ ကူညီချင်တဲ့လူတွေရှိမယ်ထင်တယ်။ ရှိလည်းရှိနေတာတွေ့နေရတယ်။ အဲဒါ အားတက်စရာကောင်းတယ်။

**L.C : ကျွန်တော်မေးချင်တာကတော့ ဒီလောက်ပါပဲဆရာ။ ဆရာ့အနေနဲ့ တခြားဖြည့်ပြောချင်တာရှိရင်၊ ချုပ်ပြောချင်တာရှိရင်။**

**K.W :** ပြောတာတွေ များသွားပြီဗျာ။ ဘာမှမပြောတော့ပါဘူး။ ကျွန်တော်ပြောတာတွေ လူကြိုက်နည်းမယ်ဆိုတာ သိပါတယ်။ လူတိုင်းမှာ ကြိုက်ခွင့်၊ မကြိုက်ခွင့်ရှိပါတယ်။ လက်ခံစဉ်းစားပေးတယ်ဆိုရင်ပဲ ကျေးဇူးတင်လှပါပြီ။

**ကျော်မင်းဆွေ**

## ကျော်ဝင်း၏ကိုယ်ရေးအကျဉ်း



- ၁၉၅၂ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် အဘ ဦးဘစိန်၊ အမိဒေါ်အုံးစိန်တို့က စစ်ကိုင်းတိုင်း မုံရွာမြို့၌ မွေးဖွားခဲ့။
- မွေးချင်းခုနစ်ယောက်တွင် အငယ်ဆုံးဖြစ်။
- မုံရွာမြို့ မြောက်ရပ်ကြီး မူလတန်းကျောင်း၊ မုံရွာမြို့ အမှတ်(၁) အစိုးရအထက်တန်းကျောင်း၊ မန္တလေးဆေးတက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ် စာပေးစာယူသင်တန်းတို့တွင် ပညာသင်ကြားခဲ့ပြီး ၁၉၈၇ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ ဓာတုဗေဒအထူးပြုဖြင့် သိပ္ပံဘွဲ့ ရရှိခဲ့။
- ကျောင်းသားဘဝ ၁၉၇၀ ခုနှစ်မှစတင်၍ ကျူရှင်ဆရာအဖြစ်လုပ်ကိုင်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် ရန်ကုန်မြို့သို့ ပြောင်းရွှေ့ကာ စာပေလုပ်ငန်းတစ်ခုတည်းကိုသာ လုပ်ကိုင်လျက်ရှိ။
- ၁၉၉၄ ခုနှစ် ဇူလိုင်လတွင် သင့်ဘဝမဂ္ဂဇင်း၌ 'စိန်ခေါ်နေသောဖွံ့ဖြိုးရေး' ဆောင်းပါးဖြင့် စာပေလောကသို့ စတင်ဝင်ရောက်ခဲ့။
- အမည်ရင်းဖြစ်သည့် ကျော်ဝင်းအပြင် ဝင်းနောင်၊ လင်းထက်ဇော်၊ စိုးရိမ်၊ မိုးကောင်း စသည့် ကလောင်ခွဲများဖြင့်လည်း မဂ္ဂဇင်း၊ ဂျာနယ်များတွင် လူမှုစီးပွားရေးဆိုင်ရာဆောင်းပါးများ၊ နိုင်ငံတကာရေးရာဆောင်းပါးများ၊ နည်းပညာနှင့် ဘာသာပြန်ဆောင်းပါးများကို ရေးသားလျက်ရှိ။
- မန္တလေးဆေးတက္ကသိုလ်နှစ်လည်မဂ္ဂဇင်း (၁၉၇၅–၇၆) တွင် အယ်ဒီတာအဖြစ်တာဝန်ယူခဲ့ပြီး စံပယ်ဖြူမဂ္ဂဇင်းနှင့် ခေတ်ဆန်းဂျာနယ်တို့၏ အယ်ဒီတာချုပ်၊ မိုးဂျာနယ်၏ တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့။
- ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၉ ခုနှစ်အထိ လုံးချင်းစာအုပ်စုစုပေါင်း ၆၉ အုပ် ရေးသားထုတ်ဝေခဲ့ပြီး 'ဦးနှောက်မှန်တိုင်းဆင်ခြင်း' စာအုပ်ဖြင့် ၂၀၀၄ ခုနှစ် ဆရာဝန်တင်ရွှေစာပေဆုကိုလည်းကောင်း၊ 'ကမ္ဘာပြားပြီ' (သုံးအုပ်တွဲ) စာအုပ်ဖြင့် ၂၀၀၆ ခုနှစ် အမျိုးသားစာပေဆုကို ဘာသာပြန် (သုတ) ဘာသာရပ်ဖြင့်လည်းကောင်း အသီးသီးရရှိခဲ့။
- ၁၉၈၆ ခုနှစ်တွင် ဇနီးဖြစ်သူ ဒေါ်ကြူကြူမြင့်နှင့် အိမ်ထောင်ပြုပြီး သားသမီးသုံးဦး ထွန်းကားခဲ့။
- လိပ်စာ–တိုက်–၂၀၊ အခန်း (၂၂)၊ ဒုတိယထပ်၊ ပြည်ရိပ်မွန်အိမ်ရာ၊ (၇) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

www.foreverspace.com.mm

ဤကဏ္ဍတွင် .....

၇၆ မြန်မာ့ဆန်နှင့် ကမ္ဘာ့ရိက္ခာ
၈၀ ပဲဈေးကွက်နှင့် ဈေးကစားမှုများထိန်းသိမ်းရေး
၈၄ ပုဂ္ဂလိကပြည်ပသစ်တင်ပို့မှုလုပ်ငန်း ပန်းခင်းသောလမ်းမဟုတ်တော့ပြီ

# မြန်မာ့ဆန်နှင့် ကမ္ဘာ့ရိက္ခာ

ကျော်စွာ

**မြန်မာနိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုကဏ္ဍသည် မြန်မာနိုင်ငံ၏ ခေတ်ပြောင်းစနစ်ပြောင်း၊ ကမ္ဘာကြီး၏ ဈေးကွက်အလှည့်အပြောင်းတို့နှင့် ကြုံကြိုက်၍ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်သို့ ပြောင်းလဲရောက်ရှိသွားရန် အခြေအနေများ ရှိနေသည်ဖြစ်ရာ မြန်မာနိုင်ငံကဲ့သို့နိုင်ငံများကို သွင်းအားစုများအလုံအလောက်ပေးသွင်း၍ အပြန်အလှန်အားဖြင့် ရိက္ခာများဝယ်ယူပေးခြင်းသည် ယနေ့ကမ္ဘာ့ရိက္ခာပြဿနာအတွက် အဖြေဖြစ်လာနိုင်ပါသည်။**




မြန်မာနိုင်ငံအစိုးရသည် ဆန်စပါးရောင်းဝယ်ဖောက်ကားမှုကို ၂၀၀၃ တွင် ပုဂ္ဂလိကလက်ဝယ်သို့ လုံးဝဥဿုံ လွှဲအပ်ခဲ့သည်ကို တွေ့ရသည်။ အဓိကကျသောအဆုံးအဖြတ်မှာ တောင်သူလယ်သမားများထံမှ တစ်ဧကလျှင် ၁၂ တင်းနှုန်း ဈေးကွက်ပေါက်ဈေးအောက်ဖြင့် ဝယ်ယူခြင်းကို ၂၀၀၃ ဆန်စပါးမူဝါဒသစ်မှ ရပ်ဆိုင်းပေးခဲ့ခြင်းဖြစ်သည်။ ဆန်စပါး Supply Chain တွင် တောင်သူလယ်သမားတို့၏ စိုက်ပျိုးထုတ်လုပ်မှု၊ ကြိတ်ခွဲမှု၊ ဈေးကွက်သို့ ပို့ဆောင်ဖြန့်ဖြူးမှု၊ ပြည်ပသို့ တင်ပို့ရောင်းချမှု စသည်ဖြင့် အဆင့်ကြီးလေးဆင့်ပါဝင်ရန်ဖြစ်သော်လည်း မြန်မာဆန်စပါးဈေးကွက်၏ Supply Chain တွင် ပြည်ပသို့ တင်ပို့ရောင်းချမှုနှင့်ပတ်သက်၍မူ အခြားအားလျော်စွာ ထိုက်သင့်သလိုခွင့်ပြုထားသည်ကိုတွေ့ရသည်။

ဆန်စပါးဈေးနှုန်းကိစ္စအား အစိုးရက အလွန်အကျွံစိတ်ပူသည်ကို သိရှိထားကြသည့်အားလျော်စွာ မြန်မာနိုင်ငံရှိ ဆန်စပါးကုန်သည်အားလုံးလိုလိုသည် ထိုနိုင်ငံရေးကို ကောင်းစွာသဘောပေါက်သည်ကို တွေ့ရသည်။ ထိုနိုင်ငံရေးကို ကောင်းစွာသဘောပေါက်သည်ဟုဆိုခြင်းသည် ဈေးနှုန်းများ အလွန်အကျွံဖြစ်ပေါ်ရန် ဈေးကစားခြင်းကို ယေဘုယျအားဖြင့် ရှောင်ရှားကြသည်ဆိုသည့်သဘောပင် ဖြစ်သည်။

ထိုသို့ဈေးကစားမှုများ မရှိသလောက်အခြေအနေတွင် ဆန်ဈေးနှုန်းများမြင့်တက်ခြင်းကို တစ်ခါတစ်ရံမြင်တွေ့ရတတ်ပါသည်။ သို့သော် ထိုသို့မြင့်တက်ခြင်းသည် နိုင်ငံတွင် ဆန်ရှားပါးသောကြောင့်မဟုတ်ဘဲ ကောလာဟလများကြောင့် ဈေးကွက်လန့်ခြင်းကြောင့်သာဖြစ်ကြောင်း ဆန်ကုန်သည်ကြီးများ တညီတညွတ်တည်း ထုတ်ဖော်ပြောကြားကြသည်။ ၁၉၈၉ မှ

www.foreverspace.com.mm



ယနေ့ကာလအထိ မြန်မာနိုင်ငံတွင် ဆန်စပါးထုတ်လုပ်မှု လျော့ကျခြင်းသက်သက်ကြောင့် ဈေးနှုန်းမြင့်တက်မှု တစ်ကြိမ်တစ်ခါမှ မဖြစ်ပေါ်သေးပါဟု နှစ်သက်ရှည်ကုန်သည်တစ်ဦးက ရှင်းပြသည်။ သို့သော် ယခုအခါ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး အကျပ်အတည်းကြောင့် နိုင်ငံတကာဈေးနှုန်းများ ကျဆင်းလျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းသည် အခြားကုန်ဈေးနှုန်းများနည်းတူ ကျဆင်းနေသည်ကို တွေ့နိုင်ပေသည်။ ဈေးနှုန်းများ ကျဆင်းခြင်းသည် ယေဘုယျအားဖြင့် လိုလားထိုက်သောအခြေအနေဖြစ်သော်လည်း Primary Producer တောင်သူလယ်သမားများ အမြတ်အစွန်းမရှိသည့်အဆင့်အထိ ကျဆင်းမသွားစေရန်မှုကား အားလုံး၏ တာဝန်ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ အဓိက ဆန်စိုက်နိုင်ငံများတွင် စိုက်ဧကရော၊ အထွက်နှုန်းပါ နှစ်မျိုးစလုံးမြှင့်တင်ရန် အလားအလာများရှိနေသောနိုင်ငံဖြစ်ပါသည်။ အဓိကအားဖြင့် တောင်သူလယ်သမားများအတွက် မက်လုံးများစီစဉ်ပေးခြင်း ထိုမက်လုံးများဖြင့် သွင်းအားစုအချို့ကို ပိုမိုပေးသွင်းစေလျက် ယခုထက်ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်သေးသည်ကို သိသာစွာ မြင်တွေ့ရပါသည်။ မြန်မာနိုင်ငံ၏ စပါးစိုက်ဧရိယာ ဧက ၁၇ သန်းရှိသည်ဟု ဆိုပါသည်။ လိုအပ်သော သွင်းအားစုများကို ပေးသွင်းနိုင်ခဲ့လျှင် မြန်မာနိုင်ငံသည် ကမ္ဘာကြီး၏ ရိက္ခာရှားပါးမှုအတွက် တစ်ထောင့်တစ်နေရာမှ အဖြေထုတ်ပေးနိုင်သောနိုင်ငံအနည်းငယ်တွင် ပါဝင်နိုင်ခြေ ရှိနေပါသည်။

လွန်ခဲ့သောနှစ်က မြန်မာနိုင်ငံအတွင်းသို့ ယူရီးယားဓာတ်မြေဩဇာ မက်ထရစ်တန် ၄၅၀,၀၀၀ တင်သွင်းခဲ့သည်ဟု ကိန်းဂဏန်းများပြသနေရာ တစ်ဧကအတွက် ဓာတ်မြေဩဇာသုံးစွဲမှုမှာ ဒေသတွင်း ပျမ်းမျှအောက်တွင် ရှိနေသည်ကိုတွေ့ရသည်။

***မက်လုံးလည်းရှိမယ်၊ သွင်းအားစုတွေလည်း အဆင်ပြေပြေပေးသွင်းမယ်ဆိုရင် အခုထက် တစ်ဧက ၁၀ တင်း ပိုထွက်ဖို့ အလွယ်လေးပါ*** ဟု သက်တမ်းရှည် ဆန်ကုန်သည်ကြီးတစ်ဦးက တောင်သူလယ်သမားများ၏ အတွေ့အကြုံကို ကိုးကား၍ ရှင်းပြသည်။ မြန်မာနိုင်ငံ၏ လက်ရှိ ဆန်အထွက်မှာ မိုးစပါး တစ်ဧကလျှင် ၄၅ တင်းဖြစ်ပြီး နွေစပါး တစ်ဧက ၇၀ တင်းနှုန်း ပျမ်းမျှဖြစ်သည်။

ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံကဲ့သို့ သွင်းအားစုများ ဝိုင်းဝန်းပေးသွင်း၍ ရိက္ခာတိုးထုတ်နိုင်သောနိုင်ငံများကို နိုင်ငံတကာက ဝိုင်းဝန်းကူညီ၍ ကမ္ဘာကြီး၏ ရိက္ခာရှားပါးမှုပြဿနာကို ဖြေရှင်းခြင်းသည် နှစ်ဖက် Win-Win နည်းလမ်း ဖြစ်ပါသည်။

သွင်းအားစုများ ဆိုသည်မှာ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအတွက် လိုအပ်သောစိုက်ပျိုးစရိတ်ချေးငွေ၊ ဒီဇယ်ဆီ၊ ဓာတ်မြေဩဇာများ စသည်တို့အားလုံး အဆင်ပြေပြေရရှိရေးကို ဆိုလိုပါသည်။ တောင်သူလယ်သမားများဘက်မှ မှားယွင်းစွာ မျှော်လင့်နေကြသော အစိုးရ၏ အရှုံးခံရောင်းချပေးရေးဆိုသည့် စနစ်မရှိတော့ကြောင်း တောင်သူလယ်သမားများကို ရှင်းပြရန် လိုသကဲ့သို့ အစိုးရ၏ မူဝါဒအပြောင်းအလဲ၊ ကြီးကြပ်ကွပ်ကဲရေးစရိတ်များကြောင့် သွင်းအားစုများ ဈေးကြီးမသွားစေရန်ကိုမူ ဆန်စပါးကဏ္ဍတွင်ပါဝင်ပတ်သက်သူအားလုံး တာဝန်ယူရပါလိမ့်မည်။

အဓိကအချက်မှာ တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်ချင်စိတ်ကို လှုံ့ဆော်အကူအညီပေး၍ မြန်မာနိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုကိုမြှင့်တင်ရေးဖြစ်သည်။ အထူးသဖြင့် ဈေးနှုန်းမက်လုံးမရှိသော ယခုကဲ့သို့ဈေးကွက်အခြေအနေတွင် တောင်သူလယ်သမားများကို တွန်းအားပေးရေးသည် ထင်သလောက်မလွယ်ပါ။ မက်လုံးနည်းပြီး သွင်းအားစုများပေးသွင်းရေးတွင်လည်း စွမ်းပကားမရှိလှသည့် တောင်သူလယ်သမားများကို မည်သို့ကူညီမည်ဆိုသောကိစ္စသည် လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှုမြှင့်တင်ရေးကိစ္စလည်း ဖြစ်နေပါသည်။



www.foreverspace.com.mm

| | | | | |
|---|---|---|---|---|
| ဒီဇယ်<br>ဓာတ်မြေသြဇာ<br>ချေးငွေ<br>အခြားသွင်းအားစုများ | ⇒ | Production Process | ⇒ | ဆန်စပါးအထွက် |

တောင်သူလယ်သမား အများစုက မြန်မာ့စိုက်ပျိုးရေးဘဏ်မှချေးသော တစ်ဧကေ ၈၀၀၀ ကျပ်နှုန်းမှအပ မည်သည့်အတိုးနှင့်မှ ငွေချေးယူ၍မရကြောင်း ရှင်းပြခဲ့ကြပါသည်။ ယခင်က ချေးယူရရှိသော အတိုးနှုန်းများမှာလည်း တစ်လလျှင် ၁၀ မှ ၁၅ ကျပ်ဖြစ်ရာ ဈေးကြီးလွန်းပါသည်။ ယခုအခါ အဆိုပါအတိုးဖြင့်ပင် ချေးယူရာ မလွယ်တော့ဟု ဆိုပါသည်။ စိုက်ဘဏ်မှ ချေးသော အတိုးနှုန်းမှာ တစ်လလျှင် တစ်ရာခိုင်နှုန်းသာဖြစ်သော်လည်း ရရှိသော ပမာဏမှာ မပို့မဆို့သာဖြစ်ပြီး ကာလမှာလည်း စပါးရာသီ အတိအကျဖြစ်ရာ တောင်သူလယ်သမားများမှာ ဝမ်းစာစပါးကိုပင် ရောင်း၍ စိုက်ဘဏ်ကြွေးကို ဆပ်ကြရသည်ဟု ဆိုပါသည်။ စပါးတစ်ဧကေ လိုအပ်သော စိုက်ပျိုးစရိတ်ချေးငွေမှာ ဒေသကိုလိုက်၍ ၅၀,၀၀၀ မှ ၁၀၀,၀၀၀ ကျပ် ဖြစ်သည်။

စိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်၍ မက်လုံးများဖန်တီးပေးသည့် မူဝါဒများ မရှိသည့်တိုင် ဒေသရိက္ခာဖူလုံရေးအတွက် တွန်းအားပေးခဲ့သည့်မူဝါဒများက ယခုအခါ မြန်မာနိုင်ငံတွင် ဆန်လိုဒေသများ လျော့နည်းလာနေပြီး အချို့သည် ဆန်ပိုဒေသများဖြစ်လာသည်ကို တွေ့ရသည်။ သို့ရာတွင်မက်လုံးမရှိဘဲ တွန်းအားပေးစိုက်ပျိုးစေခဲ့သည့်ကိစ္စသည် ဆန်စပါးဈေးနှုန်းများ ပုံမှန်ဖြစ်နေချိန်တွင် ပြဿနာမရှိသော်လည်း စပါးဈေးများ ကျဆင်းချိန်တွင် တောင်သူလယ်သမားများအား ဆုံးရှုံးမှုဖြစ်စေပါသည်။ အထူးသဖြင့် ၎င်းတို့ချေးယူထားသော အတိုးနှုန်းဒဏ်ကို ခံကြရခြင်းဖြစ်ပါသည်။

FAO/WFP လေ့လာချက်အရလည်း စပါးတစ်တင်း ၂,၂၀၀ ကျပ်ဆိုလျှင် လယ်သမားများ အရှုံးပေါ်မည်ဖြစ်ပါသည်။ လယ်သမားများ၏ အရင်းကျေရန်ဈေးမှာ ၃,၀၀၀ ကျပ်ဖြစ်ပါသည်။

များစွာသိသာသောနှိုင်းယှဉ်မှုတစ်ခုကို ဖော်ပြရမည်ဆိုလျှင် ကွဲပြားခြားနားမှုကို မြင်သာပါလိမ့်မည်။ မြန်မာနိုင်ငံ၏ ပဲမျိုးစုံဈေးကွက်နှင့်ပတ်သက်၍ ထားရှိသော အစိုးရ၏မူဝါဒသည် လုံးလုံးလျားလျား ဈေးကွက်သဘောတရား ဖြစ်နေပါသည်။ နိုင်ငံတကာဈေးကွက်နှင့် အပြည့်အဝချိတ်ဆက်ထားသည်ကို တွေ့ရသည်။ ထိုမူဝါဒသည် နှစ်ပေါင်းများစွာ တစ်သမတ်တည်းရှိခဲ့ရာ တောင်သူလယ်သမားများသည် ကမ္ဘာဈေးကွက်တွင် လွန်ခဲ့သောနှစ်က နှုန်းထားများပေါ်မူတည်၍ များနိုင်သမျှ အများဆုံး ထုတ်လုပ်မည် သို့မဟုတ် အများအပြား စိုက်ပျိုးထုတ်လုပ်မည်တို့ကို စဉ်းစားကြရလေ့ရှိပါသည်။ မည်သည့်အခါကမျှ အဖြစ်သဘောထုတ်လုပ်မည်ကို စဉ်းစားစရာမလိုအပ်ခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ၏ ဆန်ထုတ်လုပ်မှုကို နိုင်ငံတကာအကူအညီများဖြင့် မြှင့်တင်၍ အပြန်အလှန်အားဖြင့် မြန်မာ့ဆန်ကို ရိက္ခာပြဿနာရှိသောနိုင်ငံများသို့ ဖြန့်ဝေရန် ပြန်လည်ဝယ်ယူပေးခြင်းကို ဆောင်ရွက်မည်ဆိုလျှင် ပြည်တွင်းဈေးကွက်သည် ပဲဈေးကွက်နှင့် အလားတူအနေအထားမျိုးကို ရောက်ရှိနေရန်လိုအပ်ပြီး ထိုသို့ပြုလုပ်နိုင်သည်နှင့်အမျှ အလားအလာများလည်း များစွာရှိနေကြောင်း ဖော်ပြလိုပါသည်။

**ကျော်စွာ**

LIVING COLOR MEDIA
သမ္မတဟိုတယ် (Business Suite)
အမှတ် ( ၅ ) ၊ အလံပြဘုရားလမ်း ၊
ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။
ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၃၉၂

www.foreverspace.com.mm



# ပဲဈေးကွက်နှင့် ဈေးကစားမှုများ ထိန်းသိမ်းရေး

**အောင်ထွဋ်**

၁။ မြန်မာနိုင်ငံ၏ အဓိကပို့ကုန်တစ်မျိုးဖြစ်သော ပဲမျိုးစုံရောင်းဝယ်ဖောက်ကားရေးနယ်ပယ်တွင် ဈေးနှုန်းများ မြင့်တက်လာခဲ့ရာ စီးပွားရေးလုပ်ငန်းရှင်များ၊ ပဲတောင်သူများ အမြတ်အစွန်းရရှိရန် အခြေအနေ ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ ယခုကဲ့သို့ ဈေးနှုန်းမြင့်တက်လာခြင်းသည် မကြာသေးခင်က ကုန်သည်ကြီးများအသင်းနှင့် အိန္ဒိယအစိုးရပိုင်ကုမ္ပဏီကြီးတို့အကြား ရေးထိုးခဲ့သည့် နားလည်မှုစာချွန်တော်ပါ တန်ချိန် တစ်သန်းကို အကြောင်းပြု၍ ဈေးဆွဲတင်ခဲ့ကြခြင်းဖြစ်ပါသည်။ ဈေးနှုန်းများ ထိုက်သင့်အားလျော်စွာ မြင့်တက်၍ အမြတ်အစွန်းဖြစ်ပေါ်စေခြင်းသည် မြန်မာနိုင်ငံ၏ တစ်မျိုးသားလုံး ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကို မြင့်တက်စေခြင်းဖြစ်၍ ယခုကဲ့သို့ တစ်ကမ္ဘာလုံး စီးပွားပျက်နေချိန်တွင် ကြိုဆိုသင့်သောအချက် ဖြစ်ပေသည်။ သို့သော် တစ်ဖက်တွင် ပြည်တွင်းဈေးနှုန်းများ အလွန်အကျွံမြင့်မား၍ မကြာသေးခင်ကဖြစ်ခဲ့သော အလွဲသုံးစားမှုကဲ့သို့ ပြဿနာများ ထပ်မံမဖြစ်ပွားရန်ကိုလည်း ထိန်းသိမ်းရန် လိုအပ်လျက်ရှိပါသည်။ အထက်ပါအခြေအနေကို မျှခြေတစ်ခုတွင် ဖန်တီးထားနိုင်ရေးကို သက်ဆိုင်သူအားလုံး ဝိုင်းဝန်းဆောင်ရွက်ရမည့်အနေအထားတွင် ကုန်သည်ကြီးများအသင်းက လက်မှတ်ရေးထိုးခဲ့သော နားလည်မှုစာချွန်တော်ကိစ္စ အကောင်အထည်ဖော်ရေးအလို့ငှာ ရှိသမျှအာဏာစက်နည်းလမ်းအားလုံး အသုံးပြုပေးပါရန်ဆော်ဩသူများ ရှိလာခဲ့ပါသည်။ အမှန်တကယ် အရေးကြီးသောကိစ္စရပ်မှာ ပဲဈေးကွက်တွင် ဖြစ်သင့်ဖြစ်ထိုက်သော ဈေးကစားမှုထက်မပိုသည့် အခြေအနေ တစ်ရပ်ဖန်တီးပေးရေးသာလျှင် ဖြစ်ပါသည်။

၂။ ၂၀၀၉ မတ်လ တတိယပတ်က ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် အိန္ဒိယနိုင်ငံမှ STI အမည်ရှိ အစိုးရပိုင်ပဲတင်သွင်းသူကုမ္ပဏီကြီးတို့အကြား MoU ခေါ် နှစ်ဖက်နားလည်မှုစာချွန်တော်တစ်ခု လက်မှတ်ရေးထိုးခဲ့ပါသည်။

အဆိုပါ နှစ်ဖက်နားလည်မှုစာချွန်တော်မှာ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်



**ပဲဈေးကွက်အတွင်း ဈေးကစားမှုများသည် မြန်မာနိုင်ငံအတွင်းရှိ ပဲတောင်သူ၊ ပဲကုန်သည်၊ အကြီးအသေးအမျိုးမျိုးကို ဆုံးရှုံးနစ်နာမှုအတိုင်းအဆအမျိုးမျိုး ဖြစ်ပေါ်စေခဲ့ပါသည်။ ထိုသို့သော ဆုံးရှုံးနစ်နာမှုသည် နိုင်ငံအတွင်း ဘဏ္ဍာငွေလှည့်ပတ်စီးဆင်းမှုကို အကြီးအကျယ်ထိခိုက်စေသည်ဖြစ်ရာ အခန့်မသင့်လျှင် နိုင်ငံစီးပွားရေးတစ်ခုလုံး ရပ်ဆိုင်းသွားစေနိုင်ပါသည်။**

အသီးအပွင့်တစ်ခု ဖြစ်ပါသည်။ နိုင်ငံတော်အပိုင်းမှ အဆိုပါ G to G ညှိနှိုင်းစီစဉ်မှု၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ကမ္ဘာ့စီးပွားရေးပြဿနာကြောင့် ဈေးနှုန်းများကျဆင်းကာ ဈေးကွက်ပျောက်လုလုဖြစ်နေသော ပဲဈေးကွက်ကို ကယ်တင်ရန်။

(ခ) ပဲကုန်သည်များအား အထိုက်အလျောက် မြတ်စွန်းစေခြင်းဖြင့် နိုင်ငံ၏ ပို့ကုန်ကဏ္ဍ ကျဆင်းမသွားစေရန်။

(ဂ) အထူးသဖြင့် ပြည်ပပို့ကုန်ဝယ်လိုအားကြောင့် ထုတ်လုပ်မှုစရိတ် မကာမိအောင်ဖြစ်သွားခဲ့သော ပဲတောင်သူများကို ကယ်တင်ရန်။

သို့သော် အဆိုပါအသီးအပွင့်ကို Follow up အဖြစ် အကောင်အထည်ဖော်ရသော ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ အဓိကရည်ရွယ်ချက်မှာ အဆိုပါအခွင့်အရေးကို ကုန်သည်ကြီးများအသင်းပိုင် ရွှေနိုင်ငံကုမ္ပဏီအမည်ဖြင့် တင်ပို့စေ၍ အဆိုပါကုမ္ပဏီက ဂိတ်ကြေးသဖွယ် အခွန်ကောက်ယူရေးဖြစ်သည်ဟု ကောလာဟလများ ပေါ်ထွက်လာခဲ့ခြင်းကြောင့် ထိုသတင်းမဟုတ်မှန်ကြောင်း တာဝန်ရှိသူများက ရှင်းလင်းခဲ့ရသည်ကို တွေ့ရသည်။

ဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံးသောနိုင်ငံများတွင် နိုင်ငံတော်ဟုခေါ်သော STATE သည် ပုဂ္ဂလိကကဏ္ဍကို မျှတသောယှဉ်ပြိုင်မှုများပြုလုပ်စေပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စေရန် ကူညီကာ ထွက်ပေါ်လာသောအမြတ်အစွန်းကို အခွန်အဖြစ်ကောက်ယူပြီး နိုင်ငံတစ်ဝန်းသို့ စီမံကိန်းအမျိုးမျိုးဖြင့် ဖြန့်ဝေသုံးစွဲကာ Income distribution ကို ဖြစ်စေပါသည်။

မကြာသေးခင်ကဖြစ်ပေါ်ခဲ့သော နိုင်ငံတကာစီးပွားရေးပျက်ကပ်မျိုးတွင် STATE ခေါ် နိုင်ငံတော်များသည် ကောက်ခံရရှိသော အခွန်သာမက မိမိပိုင်ဘဏ္ဍာငွေများကိုချသုံး၍ နိုင်ငံစီးပွားရေးတိုးတက်ရန် ကူညီခြင်းများတိုင် ပြုလုပ်လာကြရပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ထိုသို့သော ချသုံးငွေများကို ပို့ကုန်မြှင့်တင်ရေးအလို့ငှာ လူသားလုပ်အားများစွာအသုံးပြုရသော အထည်ချုပ်လုပ်ငန်းကဲ့သို့ ပို့ကုန်လုပ်ငန်းများတွင် ထပ်ဆောင်းငွေအဖြစ်ပေးအပ်ကာ ပို့ကုန်လုပ်ငန်းများအမြတ်အစွန်းရှိအောင် စီမံပေးသည်ကို တွေ့ရပါသည်။

ယခုဖြစ်စဉ်တွင် မထင်မှတ်ဘဲ ဈေးနှုန်းမြင့်တက်မှုကို ဖြစ်ပေါ်ခဲ့သော အကြောင်းရင်းမှာ MoU ပါ တန်ချိန်တစ်သန်း ဖြစ်ပါသည်။ ဝယ်လိုအားတန်ချိန်တစ်သန်းကို အကြောင်းပြု၍ ဈေးနှုန်းကို ဈေးကွက်၏သဘာဝအားလျော်စွာ ဆွဲတင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ယခင်နှစ်ကဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုများလျော့နည်းသွားချိန်ဖြစ်ရာ ပြည်တွင်းဈေးကစားမှုများ အလွယ်တကူဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါသည်။ ယခုနှစ်ထုတ်လုပ်မှုသည် ယခင်နှစ်ကထက် ၅၀ ရာခိုင်နှုန်း လျော့နည်းသည်ဟု ဆိုပါသည်။ အိန္ဒိယနိုင်ငံဘက်တွင် ထုတ်လုပ်မှု ၄၀ ရာခိုင်နှုန်းကျဆင်းခြင်းသည်လည်း ဈေးနှုန်းမြင့်တက်စေရန် အကြောင်းတစ်ခုဖြစ်ခဲ့ပါသည်။



www.foreverspace.com.mm

၂၀၀၈ နှစ်ကုန်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော ပဲလောက၏ ပြဿနာအရပ်ရပ်အပြီးတွင်လည်း မြန်မာနိုင်ငံပဲဈေး၏ ထုံးစံဖြစ်သော ဈေးကစားမှုများကို ထိန်းသိမ်းရန် (ထိန်းချုပ်ခြင်းကို မဆိုလိုပါ) Regulatory Mechnism မပေါ်ပေါက်သေးရာ ဈေးကွက်ကိုကစား၍ ပြည်ပဈေးနှုန်းပါ လိုက်ပါမြင့်တက်အောင် စီမံနိုင်ခဲ့သည်ကိုတွေ့ရသည်။ အိန္ဒိယနိုင်ငံမှ ကုမ္ပဏီအချို့က စင်ကာပူကို ကြားခံထား၍ ပြည်တွင်းဈေးနှုန်းအမြင့်အတိုင်း လိုက်ပါပေးဝယ်နေခြင်းသည် ၎င်းတို့၏ အိန္ဒိယနိုင်ငံအစိုးရထံ ပေးသွင်းပါမည်ဟု ပြုထားသောကတိစကားကြောင့် ဖြစ်ပါသည်။ ၎င်းတို့ကတိပြုထားသောပမာဏ ဝယ်ယူပြီးလျှင် မြန်မာနိုင်ငံဘက်မှ ဈေးကစား၍ ဆွဲတင်ထားသော ဈေးနှုန်းကို လိုက်ပါပေးဝယ်ကြလိမ့်မည်မဟုတ်ပါ။ ဆိုလိုသည်မှာ ယခု နိုင်ငံတကာပဲဈေးနှုန်းသည် ယာယီသာဖြစ်သည်ဆိုသောအချက် ဖြစ်သည်။

ပဲဈေးကွက်အတွင်း ဈေးကစားမှုများသည် မြန်မာနိုင်ငံအတွင်းရှိ ပဲတောင်သူ၊ ပဲကုန်သည်၊ အကြီးအသေးအမျိုးမျိုးကို ဆုံးရှုံးနစ်နာမှုအတိုင်းအဆ အမျိုးမျိုး ဖြစ်ပေါ်စေခဲ့ပါသည်။ ထိုသို့သော ဆုံးရှုံးနစ်နာမှုသည် နိုင်ငံအတွင်း ဘဏ္ဍာငွေလှည့်ပတ်စီးဆင်းမှုကို အကြီးအကျယ် ထိခိုက်စေသည်ဖြစ်ရာ အခန့်မသင့်လျှင် နိုင်ငံစီးပွားရေးတစ်ခုလုံး ရပ်ဆိုင်းသွားစေနိုင်ပါသည်။ သို့ရာတွင် တစ်ဖက်တွင်လည်း ဈေးကစားခြင်းနှင့် ဈေးနှုန်းဆွဲတင်ခြင်းသည် စီးပွားရေးလုပ်ငန်းရှင်တို့၏ ပုံမှန်သဘောသဘာဝဖြစ်ရာ Regulatory Mechnism ခေါ် ထိန်းသိမ်းကြီးကြပ်မှု စနစ်တစ်ရပ် မပေါ်ပေါက်နိုင်ခြင်းသည် ယခုဈေးနှုန်းမြင့်တက်လာခြင်းကို ဖြစ်ပေါ်စေခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

ခြုံ၍ပြောရလျှင် နိုင်ငံတကာပဲဈေးနှုန်းအတက်၊ ပြည်တွင်းဈေးအတက်၊ MoU ပါဈေးနှုန်းများ အဓိပ္ပာယ်မရှိတော့ဖြစ်သွားခဲ့ရခြင်းတွင် အဓိကတာဝန်ယူရမည့် အကြောင်းတရားနှစ်ခု ပေါ်လွင်လာခဲ့သည်ဟု ဆိုရမည်ဖြစ်ပေသည်။ ၎င်းတို့မှာ နှစ်ဖက် MoU တွင် တက်ဈေးကိစ္စကို ထည့်သွင်းမစဉ်းစားခဲ့ခြင်း၊ တက်ဈေးကို ဖြစ်ပေါ်စေခဲ့သည့် အထိန်းအကွပ်မဲ့သည့် ပဲဈေးကွက် စသည်တို့ဖြစ်သည်ဟု သုံးသပ်နိုင်ပါသည်။ MoU ကို မမြင်တွေ့ရသောကြောင့် အတိအကျပြောရန် ခက်ပါသည်။

**ဈေးကွက်နည်းလမ်းဆိုသည်မှာ ဈေးကစားမှုပြန်လည်ဖြစ်ပေါ်လာသော ပဲဈေးကွက်ကို နိုင်ငံတည်ငြိမ်အေးချမ်းရေးအလို့ငှာ ဈေးကွက်နည်းလမ်းဖြင့် ငြိမ်သက်စေ၍ ပြည်တွင်းဈေးနှုန်းများ ကျဆင်းစေခြင်းဖြစ်သည်။ အာဏာစက်မဟုတ်သောနည်းလမ်းဖြင့် ပြည်တွင်းဈေးကွက်ငြိမ်သက်စေခြင်း ဖြစ်သည်။ အကောင်းဆုံးနှင့် တစ်ခုတည်းသောနည်းလမ်းမှာ အရောင်းအဝယ်အားလုံးကို ဥပဒေ၏အကာအကွယ်ပေးခြင်းကိုရယူလိုပါလျှင် စနစ်တကျမှတ်ပုံတင်ကြရန် နှိုးဆော်သည့်နည်းလမ်း ဖြစ်သည်။**

၃။ အထက်ပါအခြေအနေအရပ်ရပ်တွင် မြန်မာနိုင်ငံတွင်း ဈေးကစားမှုများနှင့် အလွဲသုံးစားမှုများ အလွန်အကျွံမဖြစ်စေရန် စည်းရုံးရေးနည်းလမ်းများဖြင့် စနစ်တကျအကောင်အထည်ဖော်ရန် လိုအပ်လျက်ရှိပါသည်။ ဖြစ်နိုင်ခြေရှိသောနည်းလမ်းနှစ်ခုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ဈေးကွက်နည်းလမ်း

ဈေးကွက်နည်းလမ်းဆိုသည်မှာ ဈေးကစားမှုပြန်လည်ဖြစ်ပေါ်လာသော ပဲဈေးကွက်ကို နိုင်ငံတည်ငြိမ်အေးချမ်းရေးအလို့ငှာ ဈေးကွက်နည်းလမ်းဖြင့် ငြိမ်သက်စေ၍ ပြည်တွင်းဈေးနှုန်းများ ကျဆင်းစေခြင်းဖြစ်သည်။ အာဏာစက်မဟုတ်သောနည်းလမ်းဖြင့် ပြည်တွင်းဈေးကွက်ငြိမ်သက်စေခြင်း ဖြစ်သည်။ အကောင်းဆုံးနှင့် တစ်ခုတည်းသောနည်းလမ်းမှာ အရောင်းအဝယ်အားလုံးကို ဥပဒေ၏ အကာအကွယ်ပေးခြင်းကိုရယူလိုပါလျှင် စနစ်တကျမှတ်ပုံတင်ကြရန်နှိုးဆော်သည့် နည်းလမ်းဖြစ်သည်။ စနစ်တကျ မှတ်ပုံတင်စေခြင်းသည် ဈေးကစားခြင်းသက်သက်လုပ်ကိုင်သူများကို ကန့်သတ်သည့်သဘောဖြစ်ရာ ပြည်တွင်းဈေးနှုန်းများ အလွန်အမင်း မငြိမ်မသက်ဖြစ်စေခြင်း၊ နိုင်ငံတကာဈေးထက်မြင့်မားသော ပြည်တွင်းဈေးနှုန်း ဖြစ်ပေါ်စေခြင်း၊ ထိုမှတစ်ဆင့် ဆုံးရှုံးမှုနှင့် အလွဲသုံးစားမှုအရပ်ရပ်ကိုဖြစ်ပေါ်စေခြင်း၊ မငြိမ်မသက်မှုများကိုဖြစ်ပေါ်စေခြင်း စသည်များကို ရှောင်လွှဲနိုင်ပါလိမ့်မည်။

## သုံးပွင့်ဆိုင်နည်းလမ်း

သုံးပွင့်ဆိုင်နည်းလမ်းဆိုသည်မှာ နိုင်ငံတော်၊ ကုန်သည်ကြီးများအသင်းနှင့် ပဲကုန်သည်အစစ်အမှန်များ သုံးပွင့်ဆိုင်တွေ့ဆုံ၍ အားလုံးလက်ခံနိုင်မည့်နည်းလမ်းကိုရှာဖွေခြင်းဖြစ်သည်။ စနစ်တကျပွင့်ပွင့်လင်းလင်းဆွေးနွေးနိုင်သော ဆွေးနွေးပွဲဖြစ်အောင်စီစဉ်ပေးခဲ့ပါလျှင် ပဲဈေးကွက်တွင် ကြုံတွေ့နေရသော ပြဿနာအရပ်ရပ်ကို အောက်ထစ်ဆုံး ဖော်ထုတ်နိုင်ပါလိမ့်မည်။

**အောင်ထွန်း**

■

www.foreverspace.com.mm



# ပုဂ္ဂလိကပြည်ပသစ်တင်ပို့မှုလုပ်ငန်း ပန်းခင်းသောလမ်းမဟုတ်တော့ပြီ

**သစ်ရိုင်း**

ဌာနဆိုင်ရာက ပြည်ပသစ်တင်ပို့မှု၌ လက်ရှိကျင့်သုံးလျက်ရှိသော F.O.B-Yangon စနစ်အစား Ex-Works စနစ်သို့ ၂၀၀၉ ခုနှစ် မတ်လ ၁ ရက်နေ့၌ စတင်ပြောင်းလဲကျင့်သုံးမည့်ကိစ္စနှင့် သက်ဆိုင်ကြောင်း တွေ့ရှိရသည်။

ထိုသို့ Ex-Works စနစ်သို့ ပြောင်းလဲကျင့်သုံးသည်ဆိုသော်လည်း ဌာနဆိုင်ရာက လစဉ်တင်ဒါ၊ ချိပ်ပိတ်တင်ဒါတို့ဖြင့် ရောင်းချလျက်ရှိသော ကျွန်း၊ သစ်မာသစ်လုံးများ၊ ကျွန်းသစ်ခွဲသားများကိုမူ F.O.B-Yangon စနစ်ဖြင့်သာ ဆက်လက်ဆောင်ရွက်မည်ဟုဆိုသည်။

သို့သော် တင်ဒါ၊ ချိပ်ပိတ်တင်ဒါတို့မှဝယ်ယူရရှိသောပစ္စည်းများကို ကုန်ကြမ်းအဖြစ် အသုံးပြုထုတ်လုပ်သော ကုန်ချောများကို ပြည်ပသို့တင်ပို့ပါက ဌာနဆိုင်ရာအနေဖြင့် စာချုပ်ချုပ်ဆို၍ ငွေပေးသွင်းပြီးသည်နှင့် လပ်ပိုလွှဲပြောင်းပေးခြင်း (Delivery Order)၊ ကုန်ရောင်းရှင်းတမ်း (Invoice) နှင့် သစ်ရောင်းချမှုထောက်ခံချက် (Sale Recommendation) တို့အား ထုတ်ပေးမည်ဖြစ်ကြောင်း၊ ထပ်ဆင့်ကုန်ချောထုတ်လုပ်ရောင်းချမှုသည် သက်ဆိုင်ရာကုမ္ပဏီ၏တာဝန်သာဖြစ်ပြီး လက်ရှိ ကုန်ချောတင်ပို့ခြင်းကို ဌာနဆိုင်ရာမှ တာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ကြောင်း ကြေညာချက်တစ်ခု၌ ဖော်ပြထားသည်ကို ဖတ်ရှုရသည်။

ဌာနဆိုင်ရာက ကျွန်းသစ်မာသစ်လုံးများနှင့် ကျွန်းခွဲသားတို့ကို တင်ဒါ၊ ချိပ်ပိတ်တင်ဒါတို့ဖြင့် ရောင်းချသကဲ့သို့ တိုက်ရိုက်ရောင်း (Direct Sale) နည်းလမ်းဖြင့်

www.foreverspace.com.mm



လည်း ရောင်းချလျက်ရှိသည်။

သို့သော်တင်ဒါ၊ ချိပ်ပိတ်တင်ဒါတို့ဖြင့် ရောင်းချသောပမာဏသည် တိုက်ရိုက်ရောင်းပမာဏနှင့် နှိုင်းယှဉ်သော် လွန်စွာနည်းပါးကြောင်း တွေ့ရှိရ၏။ တင်ဒါ၊ ချိပ်ပိတ်တင်ဒါတို့ဖြင့် နှစ်စဉ်ရောင်းချသော ကျွန်းသစ်လုံးပမာဏသည် စုစုပေါင်း ရောင်းချသောပမာဏ၏ ၁၄ ရာခိုင်နှုန်းဝန်းကျင်သာရှိပြီး Direct Sale နည်းလမ်းဖြင့် ရောင်းချသောပမာဏသည် ၈၆ ရာခိုင်နှုန်းဝန်းကျင်၌ရှိကြောင်း တွေ့ရှိရသည်။ သစ်မာသစ်လုံးနှင့် ကျွန်းခွဲသားများ၌လည်း Direct Sale ဖြင့် ရောင်းချသောပမာဏသည်သာ အများဆုံးဖြစ်ကြောင်း တွေ့ရသည်။

ပြည်တွင်းပြည်ပသစ်ကုမ္ပဏီများ အနေဖြင့် ဌာနဆိုင်ရာက လစဉ်ပြုလုပ်လေ့ရှိသော တင်ဒါ၊ ချိပ်ပိတ်တင်ဒါတို့၌ သတ်မှတ်ထားသော Earnest Money ပေးသွင်းပြီး လွတ်လပ်စွာပါဝင်ယှဉ်ပြိုင်ဝယ်ယူနိုင်သည်။ Direct Sale ဖြင့် ရောင်းချသောပစ္စည်းများကိုမူ တောတွင်းသစ်ထုတ်လုပ်ငန်း၊ သစ်ထုတ်ဒေသများ၌ ရန်ကုန်သို့ သစ်လုံးများသယ်ယူပို့ဆောင်သည့်လုပ်ငန်း၊ သစ်ခွဲသားနှင့် သစ်အချောထည်များကို Joint Production (JP) ထုတ်လုပ်သည့်လုပ်ငန်းများ၌ ဌာနဆိုင်ရာနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများသာ ဝယ်ယူခွင့်ရှိသည်။ ထို့ပြင် ကုန်ကြမ်းပေး၊ ကုန်ချောယူ (ကြမ်းချော) လုပ်ငန်းလုပ်ကိုင်လျက်ရှိသော ပြည်တွင်း သစ်အခြေခံစက်မှုလုပ်ငန်းရှင်များသို့လည်း Direct Sale နည်းလမ်းဖြင့် သစ်လုံးများ ရောင်းချပေးကြောင်း တွေ့ရှိရသည်။

ထိုသို့တင်ဒါ၊ ချိပ်ပိတ်တင်ဒါ၊ Direct Sale နည်းလမ်း (၃) မျိုးဖြင့် ရောင်းချရာ၌ ယခင်က F.O.B Yangon Basis ဖြင့်သာရောင်းချပေးခဲ့ကြောင်း တွေ့ရသည်။

ဤတွင် မျက်မှောက်ကာလ မြန်မာ့သစ်တောစီးပွားရေးလုပ်ငန်း ဖော်ဆောင်မှုပုံသဏ္ဌာန်ကို လေ့လာရန်လိုအပ်လာသည်။

တောတွင်းသစ်ခုတ်လှဲထုတ်လုပ်သောလုပ်ငန်းသည် ခက်ခဲကြမ်းတမ်းသည်။ တစ်တောဝင်တစ်တောင်တက် သစ်ခုတ်လှဲရသည်။ ခုတ်လှဲပိုင်းဖြတ်ပြီးသော သစ်လုံးများကို သယ်ယူရန် လမ်းများဖောက်လုပ်ရသည်။ သစ်ထုတ်ရာ၌ ဆင်၊ ကျွဲ အစရှိသော တိရစ္ဆာန်အင်အားသာမက စကဒ်ဒါ၊ လုဒ္ဒါ အစရှိသော သစ်ထုတ်စက်ယန္တရားများကို အသုံးပြုရ၏။ လမ်းဖောက်ရာ၌လည်း ဒိုဇာ၊ ဂရေဒါ အစရှိသော ယန္တရားများကို အသုံးပြုရသည်။ သစ်တိုက်ကား (Logging Trucks) များလည်း လိုအပ်၏။ ထိုယာဉ်ယန္တရားများ၊ သစ်တိုက်ကားများကို နိုင်ငံခြားမှ ဝယ်ယူတင်သွင်းရခြင်းတို့ကြောင့် သစ်ထုတ်/သစ်သယ်လုပ်ငန်းဆောင်ရွက်ရာတွင် ငွေကြေးအမြောက်အမြားရင်းနှီးမြှုပ်နှံရသည်။ ထို့ပြင် ယာဉ်များအသုံးပြုရန် စက်ဆီ၊ ချောဆီ၊ စက်မောင်းဆီများ လိုအပ်သကဲ့သို့ တောတွင်းသစ်ခုတ်လုပ်သားများ၊ ဝန်ထမ်းများအတွက် ဆန်အစရှိသော Inputs များကိုလည်း ဝယ်ယူပံ့ပိုးပေးရသည်။

ဌာနဆိုင်ရာအနေဖြင့် ထိုလုပ်ငန်းများကို မိမိရရှိသော ဘတ်ဂျက်ခွင့်ပြုငွေအတိုင်းအတာအရသာ ဆောင်ရွက်နိုင်သည်။ အင်အားရှိသလောက်သာ သစ်ထုတ်လုပ်နိုင်ခဲ့၏။ ထို့ကြောင့် အဓိကကျသော ကျွန်းသစ်လုံးထုတ်လုပ်မှုကိုသာ ယခင်ကဦးစားပေးဆောင်ရွက်ခဲ့ရသည်။ သစ်မာသစ်လုံးများကိုမူ ပြည်တွင်းလိုအပ်ချက်ဖြည့်ဆည်းနိုင်ရုံမျှသာ ထုတ်လုပ်ခဲ့ကြောင်းတွေ့ရ၏။

ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးသောကာလ ၁၉၉၅ ခုနှစ်ဝန်းကျင်တွင် ဓနအင်အားတောင့်တင်းခိုင်မာပြီး ပြည်ပကုန်သွယ်မှု အတွေ့အကြုံရှိသော၊ တောတွင်းသစ်ခုတ်လှဲထုတ်လုပ်သည့်လုပ်ငန်းနှင့်လည်းမစိမ်းသည့် ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီကြီးများနှင့် ဌာနဆိုင်ရာတို့ အကျိုးတူပူးပေါင်း၍ သစ်ထုတ်လုပ်ငန်းကို စတင်လုပ်ကိုင်ကြသည်ကို တွေ့ရှိရသည်။

ထိုသို့အကျိုးတူလုပ်ကိုင်ခြင်းကြောင့် ယခုနှစ်များအတွင်း သစ်ထုတ်ပမာဏ တိုးတက်မြင့်မားလာကြောင်း တွေ့ရှိရသည်။ အထူးသဖြင့် တစ်ချိန်က သစ်ထုတ်အင်အား Extraction Power မပြည့်စုံမှုကြောင့် ပြည်တွင်းလိုအပ်ချက်လောက်ကိုသာ ထုတ်လုပ်ဖြည့်ဆည်းခဲ့ရသော သစ်မာသစ်လုံးထုတ်လုပ်မှုတွင် ထူးခြားစွာတိုးတက်လာကြောင်း တွေ့ရ၏။ ၁၉၉၆–၉၇ ခု ဘဏ္ဍာနှစ်တွင် သစ်မာသစ်လုံး ကုဗတန်ထောင်ပေါင်း ၉၃၇ သာ ထုတ်လုပ်နိုင်ခဲ့ရာမှ ၂၀၀၅–၀၆ ခု ဘဏ္ဍာနှစ်တွင် ကုဗတန်ထောင်ပေါင်း ၁၅၄၆ ထိ ထုတ်လုပ်နိုင်ခဲ့ကြောင်းတွေ့ရသည်။ ၆၅ ရာခိုင်နှုန်း တိုးတက်လာခြင်း ဖြစ်၏။



www.foreverspace.com.mm

သစ်မာသစ်လုံးထုတ်လုပ်မှု မြင့်မားတိုးတက်လာသည်နှင့်အမျှ ပြည်ပသို့ရောင်းချတင်ပို့မှု၌လည်း ၁၉၉၆–၉၇ ခုနှစ်တွင် ကုဗတန်ထောင်ပေါင်း ၁၀၉ သာ တင်ပို့ခဲ့ရာမှ ၂၀၀၅–၀၆ ခု ဘဏ္ဍာနှစ်တွင် ကုဗတန်ထောင်ပေါင်း ၆၃၂ ထိ တင်ပို့နိုင်ခဲ့သည်။ ၄၈ ရာခိုင်နှုန်း တိုးတက်လာကြောင်း တွေ့ရ၏။

အကျိုးတူ တောတွင်းသစ်ထုတ်လုပ်ငန်းလုပ်ကိုင်နိုင်ရန်အတွက် သစ်ထုတ်ကုမ္ပဏီများအနေဖြင့် လမ်းဖောက်ယန္တရားများ (Road Construction Equipments)၊ သစ်ထုတ်ယန္တရားများ (Extraction Equipments)၊ သစ်တိုက်ယာဉ်များ (Logging Turcks)များ စသည်တို့ကို ပြည်ပမှ ဝယ်ယူတင်သွင်းကြရသည်။ ငွေကြေးအမြောက်အမြား မတည်ရင်းနှီးမြှုပ်နှံကြရ၏။ ထို့အပြင် လုပ်ငန်းသုံး စက်ဆီ၊ ချောဆီ၊ စက်မောင်းဆီများ၊ တောတွင်းသစ်ထုတ်လုပ်သားများအတွက် ဆန် အစရှိသော ရိက္ခာများ၊ ပံ့ပိုးမှု (Inputs) ပစ္စည်းများအတွက် ကာလပေါက်ဈေးဖြင့် ဝယ်ယူအသုံးပြုရသည်။ ထုတ်လုပ်မှုလုပ်ငန်း၊ စရိတ် (Operating Cost) များကို ကျခံခဲ့ကြရ၏။

ထို့ကြောင့် နှစ်စဉ်ထုတ်လုပ်ထွက်ရှိသော သစ်လုံးပမာဏပေါ်တွင် အချိုးသတ်မှတ် တွက်ချက်ကာ ဌာနဆိုင်ရာနှင့် သစ်ထုတ်ကုမ္ပဏီတို့ ခွဲဝေရယူကြသည်။ ကုမ္ပဏီခွဲဝေရရှိသောပမာဏကို သတ်မှတ်ဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်း (Direct Sale) ပေးသည်။ ထိုပမာဏအား ပြည်ပသို့သစ်လုံးလိုက် ရောင်းချတင်ပို့ခွင့်ကုမ္ပဏီကရရှိ၏။ ပြည်ပသို့ ရောင်းချတင်ပို့ရာတွင် ဌာနဆိုင်ရာက ပြည်ပသစ်ဝယ်ကုမ္ပဏီနှင့် သစ်ထုတ်ကုမ္ပဏီကိုယ်စား အရောင်းစာချုပ် Contract of Sale ချုပ်ဆိုပေးသည်။ F.O.B basis ဖြင့် စာချုပ်ခြင်းဖြစ်၏။

ထို့ပြင် သစ်တင်ပို့မှုနှင့် သက်ဆိုင်သောဘဏ်လုပ်ငန်းများ၊ သင်္ဘောတင်စာရွက်စာတမ်းပြုစုခြင်း၊ Documentation လုပ်ငန်းများ၊ သစ်လုံးများကို ဆိပ်ကမ်းအရောက်သယ်ယူပို့ဆောင်ခြင်း၊ Shipping Movement လုပ်ငန်းများ၊ ပို့ကုန်ရှင်းလင်းရေးလုပ်ငန်းများ အစရှိသော လုပ်ငန်းအဆင့်ဆင့်တွင် ကြီးကြပ်စီမံဆောင်ရွက်ပေးသည်။ တင်ပို့သူသစ်ထုတ်ကုမ္ပဏီကိုယ်စားလှယ် Shipper အဖြစ် ဆောင်ရွက်ပေးခြင်းဖြစ်၏။

ဌာနဆိုင်ရာက ထုတ်လုပ်သော သစ်လုံးများကို နယ်သစ်ထုတ်ဒေသများမှ ရန်ကုန်သို့သယ်ယူရာတွင်လည်း ပြည်တွင်းပြည်ပပုဂ္ဂလိကကုမ္ပဏီများနှင့် ဌာနဆိုင်ရာတို့ အကျိုးတူပူးပေါင်းဆောင်ရွက်ကြောင်း တွေ့ရှိရသည်။ ကုမ္ပဏီများက သယ်ယူပို့ဆောင်စရိတ်ကို ကာလပေါက်ဈေးဖြင့် ကျခံသယ်ယူခြင်းဖြစ်သည်။ ဌာနဆိုင်ရာက ဘတ်ဂျက်အတိုင်းအတာနှင့် သတ်မှတ်ထားသောနှုန်းထားဖြင့် သယ်ယူပို့ဆောင်စရိတ်ကို ကုမ္ပဏီအား ပြန်လည်ထုတ်ပေးသည်။ ကွာခြားငွေကို ကုမ္ပဏီက ကျခံရ၏။ သယ်ပို့ကုမ္ပဏီရရှိသော အခွင့်အရေးမှာ သစ်ထုတ်ကုမ္ပဏီကဲ့သို့ပင် ဖြစ်သည်။



၁၉၈၈–၈၉ ခု ဘဏ္ဍာနှစ်တွင် ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကကုမ္ပဏီတို့ ပူးတွဲထုတ်လုပ်သော Joint Production(JP) လုပ်ငန်းကို ဌာနဆိုင်ရာပိုင် သစ်အခြေခံစက်ရုံတို့၌ စတင်ဆောင်ရွက်ခဲ့ကြောင်းတွေ့ရှိရသည်။

သစ်အခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ အလေအလွင့်နည်းပါးရေး၊ ကုန်ချောပစ္စည်းပိုမိုထွက်ရှိရေး၊ အတန်းအစားမြင့်မားရေးနှင့် အရည်အသွေးကောင်းမွန်ရေး၊ ပြည်တွင်းပြည်ပဝင်ငွေတိုးတက်ရရှိရေးဟူသော ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဌာနဆိုင်ရာက သစ်လုံးကုန်ကြမ်းများ ဖြည့်ဆည်းပေးပြီး ဌာနဆိုင်ရာဝန်ထမ်း၊ အလုပ်သမားတို့ဖြင့် ကုန်ထုတ်လုပ်ခြင်းဖြစ်၏။ ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် ခေတ်မီစက်ကိရိယာများ ဖြည့်စွက်တပ်ဆင်ခြင်း၊ စက်အရန်ပစ္စည်းများ၊ အထွေထွေသုံးပစ္စည်းများ ဖြည့်ဆည်းခြင်း အစရှိသော ကုန်ထုတ်လုပ်မှုအတွက် လိုအပ်သည့်ပံ့ပိုးပစ္စည်းများကို ပြည်တွင်းပြည်ပမှ ဝယ်ယူအသုံးပြုကြသည်။ ထွက်ရှိသော ကုန်ချောပစ္စည်းများကို JP ကုမ္ပဏီသို့ သတ်မှတ်ဈေးဖြင့်ရောင်းပေးပြီး JP ကုမ္ပဏီအနေဖြင့် ၎င်းပစ္စည်းများကို ပြည်ပသို့တင်ပို့နိုင်ခွင့်ရှိသည်။ ဌာနဆိုင်ရာက F.O.B Yangon Basis ဖြင့် ရောင်းချပေးပြီး Shippper အဖြစ် တာဝန်ခံဆောင်ရွက်ပေးသည်။

ထို့အတူ ၂၀၀၀–၀၁ ခု ဘဏ္ဍာနှစ်တွင် ကျွန်းသစ်ခွဲသားထုတ်လုပ်မှုလုပ်ငန်း၌ ပြည်တွင်းပြည်ပပုဂ္ဂလိက ကုမ္ပဏီများနှင့် JP စနစ်ဖြင့် စတင်ဆောင်ရွက်ကြောင်း တွေ့ရှိရသည်။ နောက်ခံငွေကြေးအင်အား

နိုင်မာတောင့်တင်းမှုရှိပြီး ထွက်ရှိသည့် Rough Sawn သစ်ခွဲသားအားလုံးကို အပြည့်အဝဝယ်ယူနိုင်သောဈေးကွက်ရှာဖွေထိုးဖောက်နိုင်သော ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်သည်။

သစ်အခြေခံစက်ရုံများ၌ ဆောင်ရွက်လျက်ရှိသည့် JP လုပ်ငန်းကဲ့သို့ပင် ဌာနဆိုင်ရာက သစ်လုံးကုန်ကြမ်းများ ဖြည့်ဆည်းပေးခြင်း၊ ဌာနဆိုင်ရာပိုင်သစ်စက်၊ ဌာနဆိုင်ရာဝန်ထမ်း၊ အလုပ်သမားများကို အသုံးပြု၍ ကုန်ထုတ်လုပ်ခြင်းဖြစ်၏။ JP ကုမ္ပဏီများ ခံစားခွင့်သည်လည်း သစ်အခြေခံ JP ကုမ္ပဏီများနည်းတူပင် ဖြစ်သည်။

သစ်ခွဲသား၊ သစ်အချောထည်ထုတ်လုပ်လျက်ရှိသော JP ကုမ္ပဏီများအနေဖြင့် ဌာနဆိုင်ရာက ဖြည့်ဆည်းပံ့ပိုးပေးသော သစ်လုံးတန်ဖိုးထက် မလျော့သောဝင်ငွေကို ရရှိအောင်ဆောင်ရွက်ပေးရသည်။ ထို့ပြင် ဝန်ထမ်းအလုပ်သမားများအား နေ့လယ်စာကျွေးခြင်း၊ ငွေကြေးပံ့ပိုးပေးခြင်း စသော မက်လုံး (Incentive) များဖြင့်လည်း ကုန်ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ကြရသည်။

ဖော်ပြပါ အကျိုးတူလုပ်ငန်းများအပြင် ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ် (ကြမ်း/ချော) ဖြင့် ပြည်တွင်းသစ်အခြေခံစက်မှုလုပ်ငန်းရှင်များအား ဌာနဆိုင်ရာက ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း တွေ့ရသည်။ သစ်လုံးကုန်ကြမ်းများကို သတ်မှတ်ဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးခြင်းဖြစ်သည်။ ကြမ်း/ချော စက်ရုံများမှထွက်ရှိသော Rough Swan သစ်ခွဲသားများ၊ သစ်အချောထည်များကို ပြည်ပသို့ရောင်းချတင်ပို့ရာ၌လည်း ဌာနက Shipper အဖြစ်ဆောင်ရွက်ပေးကြောင်း တွေ့ရှိရသည်။

အချုပ်ဆိုသော် တောတွင်းသစ်ခုတ်လှဲထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သစ်ခွဲသားနှင့် သစ်အချောထည်များ ထုတ်လုပ်ခြင်း စသည့် ထုတ်လုပ်မှုလုပ်ငန်းအဆင့်တိုင်း၌ ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကကုမ္ပဏီတို့ ဘိဖနက်ပါတနာအဖြစ် ဆောင်ရွက်ခဲ့ကြကြောင်း တွေ့ရှိရသည်။ ပြည်ပသို့ရောင်းချတင်ပို့သည့် လုပ်ငန်းအဆင့်တိုင်း၌လည်း ဌာနဆိုင်ရာက Shipper အဖြစ် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် မြန်မာ့သစ်တောစီးပွားရေးသည် လွတ်လပ်သောဈေးကွက်စီးပွားရေး Free Market Economy မဟုတ်၊ အစိုးရနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Mix Economy သာဖြစ်ကြောင်း လေ့လာသူတို့က ဆိုကြသည်။ အချို့ကမူ Supervised Economy ဟူ၍ ပင်အမည်ပေး ကင်ပွန်းတပ်ချင်ကြ၏။

စင်စစ် ဌာနဆိုင်ရာက ဖော်ပြပါအတိုင်း အောက်ခြေသိမ်းဆောင်ရွက်ခြင်းသည် အတွေ့အကြုံနုနယ်သေးသော ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီများအား လက်တွဲခေါ်ယူခြင်းဖြစ်သည်။ ပြည်သူတို့က ပူးပေါင်းဆောင်ရွက်လာစေလိုခြင်း (People Participation) ဟူသော မြန်မာ့သစ်တောမူဝါဒနှင့်အညီ ဆောင်ရွက်ခြင်းလည်း ဖြစ်ပေမည်။

ပြည်ပသို့ သစ်နှင့်သစ်ထွက်ပစ္စည်းများတင်ပို့ရာတွင် ပုဂ္ဂလိကများအား တန်ဖိုးမြင့်ထုတ်ကုန် (Value-added Products)



www.foreverspace.com.mm

များကိုသာ တင်ပို့ခွင့်ပြုသော မူတစ်ရပ်ကို တစ်ချိန်က ကျင့်သုံးခဲ့သည်။ ထိုမူအရ အကျိုးတူ သစ်ထုတ်/သယ်ပို့ ကုမ္ပဏီများ၏သစ်လုံးများ JP/ကြမ်းချော ကုမ္ပဏီများ၏သစ်ခွဲသား Rough Sawn များကို ပြည်ပသို့တင်ပို့နိုင်ခွင့်ရှိမည်မဟုတ်ချေ။

ထို့ကြောင့် လုပ်ငန်းအဟန့်အတား Obstacles များကိုရှောင်ကွင်းသည့်အနေဖြင့် မိမိ၏စီးပွားဖက်၊ မိတ်ဖက်ဘိဇနက်ပါတနာများကိုယ်စား ထိုပစ္စည်းများကို သင်္ဘောပေါ်ရောက်သည်အထိ Shipper အဖြစ် ဌာနဆိုင်ရာက တာဝန်ခံဆောင်ရွက်ခြင်းဖြစ်ဟန်တူသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် မြန်မာ့သစ်တောစီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဌာနဆိုင်ရာက ဘိဇနက်ပါတနာများအား ၎င်း၏ Umbrella အောက်၌ထားရှိပြီး ကြက်သားအုပ်မကြီးသဖွယ်စောင့်ရှောက်ခြင်းဖြစ်သည်ဟု လေ့လာသူတို့က ကောက်ချက်ချကြသည်။

စင်စစ် F.O.B စနစ်သည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနယ်ပယ်၌ အသုံးပြုလျက်ရှိသော စနစ်တစ်ခုဖြစ်သည်။ မြန်မာ့သစ်တောစီးပွားရေးနယ်ပယ်၌လည်း လွတ်လပ်ရေးရစအချိန်ကတည်းက ကျင့်သုံးခဲ့ခြင်းဖြစ်သည်။ ယခုဆိုလျှင် နှစ်ပေါင်း ၆၀ ပင်ကျော်ပြီ ဖြစ်၏။

ဌာနဆိုင်ရာက F.O.B စနစ်ကို ကျင့်သုံးရာ၌ တင်ပို့သူနှင့် နိုင်ငံအတွက် နစ်နာဆုံးရှုံးမှုများမရှိလေအောင် အထူးဂရုပြုစီမံဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။ ကုန်ရောင်းစာချုပ် Payment Terms တွင် Payment Against Ready Acdepted Cargo (PAALcs), Reimbursement by Telegrapic/ Telex Transfer (TTR) နှင့် Red Cause Lc Term တို့ဖြင့် ပိုင်ပိုင်နိုင်နိုင် ထည့်သွင်းချုပ်ဆိုကြောင်းတွေ့ရှိရသည်။ ကုန်ဖိုးငွေရသေချာမှ ပစ္စည်းကိုတင်ပို့ခြင်းဖြစ်သည်။

Ex-works Basis သည်လည်း အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနယ်ပယ်၌ အသုံးပြုလျက်ရှိသော စနစ်တစ်ခုဖြစ်သည်။ ရောင်းသူသည် ယာဉ်ပေါ်သို့ အရောက်တင်ပေးရန်မလို၊ ပို့ကုန်ရှင်းလင်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန်မလို၊ မိမိစက်ရုံ၊ အလုပ်ရုံ၊ သစ်ကွင်းတို့၌ ဝယ်ယူသူသယ်ယူနိုင်အောင် ကုန်ပစ္စည်းများကို အဆင်သင့်ဖြစ်နေစေရန်သာ ချိန်ကိုက်ဆောင်ရွက်ထားရန်လိုသည်။ ရောင်းသူ၌ တာဝန်ယူရမှုအနည်းဆုံး Minimum Obligation ဖြစ်သည်။

ဝယ်သူအနေဖြင့်သာ ရောင်းသူ၏ ဥပစာအတွင်းမှ ကုန်စည်များကို စရိတ်စကအကုန်အကျခံကာ သယ်ယူရမည်ဖြစ်သည်။ ကုန်စည်နှင့်ပတ်သက်ပြီး ဖြစ်ပေါ်လာမည့် တာဝန်အရပ်ရပ်ကိုလည်း ဝယ်သူကပင် တာဝန်ယူရမည်ဖြစ်သည်။

ဝယ်သူက ကုန်စည်သယ်ဆောင်စရိတ်များကိုလည်း မကျခံနိုင်၊ ပို့ကုန်ရှင်းလင်းရေးလုပ်ငန်းများကိုလည်း မဆောင်ရွက်နိုင်သောကြောင့် ရောင်းသူအား ထိုတာဝန်များကို ယူစေလိုလျှင် ရောင်းသူကလည်း သဘောတူလျှင် ကုန်ရောင်းစာချုပ်



www.foreverspace.com.mm

(Contract of Sale) တွင် အတိအလင်း ဖော်ပြဆောင်ရွက်နိုင်သည်ဟုဆိုသည်။

သစ်လုံးများ (Rough Sawn) ခွဲသားများနှင့် သစ်အချောထည်များကို ဌာနဆိုင်ရာထံမှ Ex-works Basis ဖြင့် ဝယ်ယူပြီး ပြည်ပတင်ပို့မည့်ကုမ္ပဏီများအဖို့ ထိုသို့ရောင်းသူနှင့် ဝယ်သူညှိနှိုင်းဆောင်ရွက်ကြရမည့် အခြေအနေမျိုးဖြစ်ပေါ်နိုင်သည်ဟု လေ့လာသူတို့က ဆိုကြသည်။

ပြည်ပသို့တင်ပို့သူများအနေဖြင့် Ex-works စနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရလျှင် ယခင်ကထက် စရိတ်စက ပိုမိုကုန်ကျမှုများ၊ လုပ်ငန်းကန့်သတ်ချက်များ ဖြစ်ပေါ်မည်ကို စိုးရိမ်ပူပန်လျက်ရှိကြသည်။ ဌာနဆိုင်ရာက Ex-works Basis ဖြင့် ရောင်းချသောဈေးနှုန်းသည် F.O.B စနစ်ဖြင့် ရောင်းချသောဈေးနှုန်းနှင့် ကွဲလွဲကွာခြားမှုမရှိလျှင် တင်ပို့သူအတွက် Margin နည်းပါးသွားနိုင်မည်။ အထူးသဖြင့် လောလောဆယ်ကြုံတွေ့ရလျက်ရှိသော ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကာလ၌ ဈေးနှုန်းတိုးမြှင့်ရောင်းချရန်ကလည်း လွယ်ကူမည်မဟုတ်၊ သစ်တင်ပို့သူများ သောကများကြရပြီဖြစ်၏။

ယခုအချိန်သည် ပြည်ပသို့ သစ်ရောင်းချတင်ပို့သူများအတွက် အကျပ်အတည်းဆုံးသောကာလဖြစ်သည်။ စီးပွားရေးပိတ်ဆို့မှုများကို နည်းမျိုးစုံသုံး၍ ကျော်လွှားထိုးဖောက်ကာ ထွက်ပေါက်ရှာဆောင်ရွက်နေကြရ၏။ ထိုစဉ် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းက ဖြစ်ပေါ်လာပြန်သည်။

ကမ္ဘာ့စီးပွားရေးအကျပ်အတည်းသည် မြန်မာနိုင်ငံအပေါ် တိုက်ရိုက်သက်ရောက်မှုရှိလိမ့်မည်မဟုတ်။ သို့သော် Export ကဏ္ဍတွင်မူ သွယ်ဝိုက်သော သက်ရောက်မှုများရှိနိုင်သည်ဟု အချို့သော မြန်မာ့စီးပွားရေးပညာရှင်နှင့် လုပ်ငန်းရှင်ကြီးများက ဆိုကြသည်။

စင်စစ်စီးပွားရေးပိတ်ဆို့ထားသောနိုင်ငံများသည် မြန်မာ့သစ်၏ အဓိကဈေးကွက်များမဟုတ်၊ မိမိလက်တစ်ကမ်း၌သာရှိသော အိမ်နီးချင်းနိုင်ငံများသည်သာ အဓိကဈေးကွက်များဖြစ်ကြောင်း တွေ့ရှိရ၏။ အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ ပါကစ္စတန်၊ ဗီယက်နမ်နှင့် ဘင်္ဂလားဒေ့ရှ်တို့ဖြစ်သည်။

ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကာလတွင် Regional Demand အပေါ် အားထားနိုင်ကြောင်း စီးပွားရေးပညာရှင်တစ်ဦးကဆိုသည်။ မြန်မာ့သစ်များ၏ အဓိကဈေးကွက်များသည်လည်း ဒေသတွင်းနိုင်ငံများပင်ဖြစ်သည်။ ထို့ကြောင့် မြန်မာ့သစ်ပြည်ပတင်ပို့သူများအတွက် အားသာချက်ရှိသည်ဟုဆိုနိုင်သည်။

နေ့စဉ်ဖတ်ရှုရသော သတင်းများအရမူ မြန်မာ့အဓိက သစ်ဈေးကွက်နိုင်ငံများအပေါ် ကမ္ဘာ့စီးပွားရေးအကျပ်အတည်း၏ သက်ရောက်မှုအရှိန်အဟုန်သည် မသေးလှ။ သို့ဖြစ်၍ ၎င်းနိုင်ငံများ၏ ဝယ်လိုအားသည်လည်း ကျဆင်းနိုင်သည်။ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းက ဝယ်လိုအားလဲပြိုမှု (Collaspase of Demand) ဖြစ်ပေါ်နိုင်ကြောင်း မြန်မာ့စီးပွားရေးပညာရှင်တစ်ဦးက ဆိုသည်။

ဝယ်လိုအားလဲပြိုမှုကြောင့် သစ်ဈေးနှုန်းများ ထိုးစိုက်ကျဆင်း (Sharp Decline) သွားနိုင်သည်။ ထိုသို့မဖြစ်ပေါ်စေရန် ဌာနဆိုင်ရာတို့က စီမံဆောင်ရွက်လျက်ရှိကြောင်းတွေ့ရ၏။ လစဉ် ပုံမှန်ပြုလုပ်လျက်ရှိသောတင်ဒါ၊ ချိပ်ပိတ်တင်ဒါတို့၌ လတ်တလောဖြစ်နိုင်ခြေရှိသော ဝယ်လိုအား Potential Demand ကို တွက်ဆပြီး Supply ကို ထိန်းချုပ်ရောင်းချလျက်ရှိသည်။ ထို့ပြင် သစ်လုံးအရည်အသွေး ထိန်းညှိမှု၊ လပ်ပုံပြင်ဆင်မှု (Preparation of Lots) တို့၌လည်း နည်းဗျူဟာများ အသုံးပြုထားကြောင်း တွေ့ရသည်။

ယင်းသို့ ဆောင်ရွက်မှုများကြောင့် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းမဖြစ်ပေါ်မီက ဈေးနှုန်းများနှင့် လက်ရှိဈေးနှုန်းများသည် သိသာထူးခြားသောကွာဟမှု နည်းပါးကြောင်း ယေဘုယျအားဖြင့် သုံးသပ်တွေ့ရှိရသည်။

ယနေ့စီးပွားရေးအကျပ်အတည်းကြောင့် Panic မဖြစ်ကြဖို့ မြန်မာ့စီးပွားရေးပညာရှင်တစ်ဦးက သတိပေးပြောကြားခဲ့သည်။ မည်သည့်ကိစ္စတွင်မဆို Panic ဖြစ်လျှင် အတွေးအခေါ် အယူအဆမှားယွင်းတတ်သည်။ မှားယွင်းသောအတွေးအခေါ်အယူအဆဖြင့် ဆုံးဖြတ်ဆောင်ရွက်လျှင် ဆေးအတွက်လေးသည့်အဖြစ်မျိုးနှင့်ကြုံရတတ်သည်။ ထို့ကြောင့် ဖြစ်ပေါ်လျက်ရှိသော အခြေအနေများ၊ အကျပ်အတည်းများကြောင့် Panic မဖြစ်ကြဘဲ ချင့်ချင့်ချိန်ချိန် နှိုင်းနှိုင်းဆဆ ဆောင်ရွက်ကြရန်လိုအပ်သည်ဟု လေ့လာသူတို့က ဆိုကြသည်။

အထူးသဖြင့် ကမ္ဘာနှင့်အဝန်း ကြုံတွေ့နေကြရသော စီးပွားရေးအကျပ်အတည်းကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် ဘိဇနက်ပါတနာများဖြစ်ကြသည့် ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်တို့ ပူးပေါင်းညှိနှိုင်း အဖြေရှာကြရမည် ဖြစ်သည်။ မဟာဗျူဟာ၊ နည်းဗျူဟာများ ဖော်ထုတ်ခင်းကျင်းကြရတော့မည်ဖြစ်၏။ ထိုဗျူဟာများသည် အကျပ်အတည်းကာလအတွင်း၌သာမက အကျပ်အတည်းလွန်ကာလအတွက်ပါဖြစ်သင့်သည်။

စင်စစ်ပုဂ္ဂလိကပြည်ပသစ်တင်ပို့မှုလုပ်ငန်း၏ အနာဂတ်သည် ပန်းခင်းသောလမ်းမဟုတ်နိုင်တော့ကြောင်း လေ့လာသူတို့က သုံးသပ်ကြသည်။

**သစ်ရိုင်း**


**ကိုးကား**

- ၅-၂-၂၀၀၉ ရက်နေ့ထုတ် Myanmar Newsweek ဂျာနယ်
- ဖေဖော်ဝါရီလ ၆/၉/၁၁ ရက်နေ့များတွင်ထုတ်ပြန်သော ဌာနဆိုင်ရာကြော်ငြာချက်များ
- Incoterms (2000) and explanations ဘာသာပြန်၊ ဦးစန်းလွင်
- မြန်မာ့သစ်လုပ်ငန်း နှစ် (၆၀) ပြည့် စိန်ရတုမဂ္ဂဇင်း၊ ၂၀၀၈ ခုနှစ်
- Myanma Forestry Statistics (1996-97 to 2005-06) 2008, C.S.O
- Weekly Eleven ဂျာနယ်၊ ၄-၂-၂၀၀၉။

www.foreverspace.com.mm

# Capacity Building Initiative (CBI)

**မြန်မာနိုင်ငံရှိ ပြည်တွင်းပြည်ပ NGO များမှ ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရန်အတွက် အကြံဉာဏ်ပေးခြင်း၊ သင်တန်းများပို့ချခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ စီစဉ်ပြုလုပ်ပေးလျက်ရှိသည့် အဖွဲ့အစည်းဖြစ်သည်။**

- ၁၉၉၈ ခုနှစ်တွင် မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ INGO အဖွဲ့အစည်းများမှ ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရန် Myanmar Development Resource Programme (MDRP) အမည်ဖြင့် World Vision, Save the Children (UK), (US) နှင့် UNICEF တို့က စီစဉ်ဖွဲ့စည်းခဲ့ပြီး သင်တန်းများပို့ချခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခြင်းတို့ကို စတင်ဆောင်ရွက်ခဲ့။
- ၂၀၀၀ ပြည့်နှစ်တွင် Capacity Building Initiative (CBI) Project အဖြစ်ပြောင်းလဲဖွဲ့စည်းခဲ့ပြီး သီးခြားရုံးခန်းဖွင့်လှစ်ခဲ့။
- Project မန်နေဂျာမှာ ဦးငွေသိန်းဖြစ်ပြီး ကျွမ်းကျင်သင်တန်းနည်းပြများနှင့် ဝန်ထမ်းအင်အားစုစုပေါင်း ၁၇ ဦးရှိ။
- အပြည်ပြည်ဆိုင်ရာ INGO အဖွဲ့အစည်းအချင်းချင်း တစ်လတစ်ကြိမ်စုစည်းတွေ့ဆုံပြီး သတင်းအချက်အလက်နှင့် အတွေ့အကြုံဖလှယ်ခြင်း၊ လုပ်ငန်းများညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းတို့ကိုပါ ပြုလုပ်ခဲ့ကြ။ ၂၀၀၂ ခုနှစ်တွင် အဆိုပါ INGO များနှင့် ပူးပေါင်းဆောင်ရွက်နေသော ပြည်တွင်း NGO အဖွဲ့အစည်းများပါ ပူးပေါင်းပါဝင်လာခဲ့။
- ၂၀၀၃ ခုနှစ်တွင် တွေ့ဆုံဆွေးနွေးကြသည့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ NGO အဖွဲ့အစည်းအရေအတွက် တိုးပွားလာခဲ့ရာ တွေ့ဆုံဆွေးနွေးပွဲကို INGO နှင့် NGO နှစ်ပိုင်းခွဲခြားပြုလုပ်ခဲ့ကြ။
- နောက်ပိုင်းတွင်လုပ်ငန်းတူ INGO အချင်းချင်းပါ သီးခြားစုစည်းဆွေးနွေးလာခဲ့ကြပြီး ၂၀၀၈ ခုနှစ် ဩဂုတ်လတွင် မြန်မာ NGO ကွန်ရက်အဖွဲ့ကို ထူထောင်နိုင်ခဲ့။
- မြန်မာနိုင်ငံရှိ ပြည်တွင်း NGO နှင့် အပြည်ပြည်ဆိုင်ရာ NGO အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှု သတင်းအချက်အလက်များကို စုစည်းပြီး ၂၀၀၆ ခုနှစ်မှစတင်၍ INGO Directory နှင့် LNGO Directory တို့ကို နှစ်စဉ်ထုတ်ဝေဖြန့်ချိခဲ့။
- CBI အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုများ၊ သင်တန်းနှင့်အလုပ်ရုံဆွေးနွေးပွဲများ၊ ဆက်နွယ်နေသည့် NGO များ၏ သတင်းအချက်အလက်များကိုစုစည်းဖော်ပြထားသည့် CBI News Letter ကို နှစ်လတစ်ကြိမ်ထုတ်ဝေဖြန့်ချိခဲ့။
- INGO နှင့် NGO များ၏ အလုပ်ရုံဆွေးနွေးပွဲနှင့် Forum များကို ညှိနှိုင်းစီစဉ်ကျင်းပပေးလျက်ရှိပြီး ၎င်းတို့ဝန်ထမ်းများ၏ Capacity မြှင့်တင်နိုင်ရန်အတွက် ပုံမှန် Modular Training ငါးမျိုးနှင့် Short Course Training ၂၀ မျိုးခန့်ကို ပို့ချပေးလျက်ရှိ။
- ကုလသမဂ္ဂအဖွဲ့အစည်းများ INGO နှင့် NGO များနှင့် CBO များ၏ လိုအပ်ချက်အတိုင်း သီးသန့်သင်တန်း (Customized Training)များကိုပါ ညှိနှိုင်းစီစဉ်ပို့ချပေးခဲ့ရာ စတင်သည့် ၂၀၀၄ ခုနှစ်မှ ၂၀၀၉ ခုနှစ် မတ်လအထိ သင်တန်းစုစုပေါင်း ၅၁ ကြိမ်ပို့ချခဲ့ပြီးဟုဆို။
- ၂၀၀၆ ခုနှစ်မှစတင်ပြီး ပြည်တွင်း NGO များ မိမိတို့အဖွဲ့အစည်းနှင့် လုပ်ငန်းဆောင်ရွက်မှုများကို အကဲဖြတ်နိုင်ရန် Organization Capacity Assessment အစီအစဉ်ကို ဆောင်ရွက်ခဲ့ရာ ၂၀၀၈ ခုနှစ်အထိ NGO အဖွဲ့အစည်း ၂၁ ခုကို ပြုလုပ်ပေးနိုင်ခဲ့။
- NGO/ INGO များနှင့် စပ်လျဉ်းသော သတင်းအချက်အလက်များ၊ စာအုပ်စာတမ်းများ၊ အစီရင်ခံစာများ၊ ပညာသင်ဆုများနှင့် လစ်လပ်အလုပ်ကြော်ငြာ (Vacancy Annoucement)များကို တစ်စုတစ်စည်းတည်းလေ့လာနိုင်မည့် Resource Centre နှင့် စာကြည့်တိုက်ကို ဖွင့်လှစ်ထားရှိ။
- **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် လိပ်စာ**

ဦးငွေသိန်း (စီမံချက်မန်နေဂျာ)

Capacity Building Initiative (CBI) အမှတ်-၄၊ ကမ္ဘာ့ဇရိပ်သာလမ်း၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း-၅၃၇၈၈၈၊ ၅၃၈၄၇၃၊ ဖက်စ်-၅၃၇၈၈၈၊

E-mail:cbi@baganmail.net.mm,
cbiinfo@myanmar.com.mm

Website: www.cbimyanmar.org



# Myanmar NGO Network

**မြန်မာနိုင်ငံအစိုးရနှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပြီး လူမှုရေးနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်နေသည့် အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်း (INGO) များနှင့် ပြည်တွင်းရှိ အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO) များအချင်းချင်း ညှိနှိုင်းဆက်သွယ်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်သည်။**

- ❑ မြန်မာနိုင်ငံရှိ INGO များ အချင်းချင်းညှိနှိုင်းဆက်သွယ်ဆောင်ရွက်ရန်နှင့် သတင်းနှင့် အတွေ့အကြုံဖလှယ်ရန် ၂၀၀၂ ခုနှစ်နောက်ပိုင်းမှစတင်၍ လစဉ် ပုံမှန်တွေ့ဆုံပွဲများ ပြုလုပ်ခဲ့။ ၂၀၀၃ ခုနှစ်နောက်ပိုင်းတွင် ယင်း INGO များ၏ မိတ်ဖက်အဖွဲ့အစည်းများဖြစ်ကြသည့် ပြည်တွင်း NGO များပါ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြ။
- ❑ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ INGO များနှင့် ပြည်တွင်း NGO များ စုပေါင်းပြီး တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများကို နှစ်လတစ်ကြိမ် ပြုလုပ်ခဲ့။
- ❑ နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် သတင်းနှင့် အတွေ့အကြုံဖလှယ်ခြင်း၊ အပြန်အလှန်အကူအညီပေးခြင်း၊ မုန်တိုင်းသင့်ဒေသခံများကိုကူညီနိုင်မည့်အခွင့်အလမ်းများ ရှာဖွေအသိပေးပူးပေါင်းဆောင်ရွက်ရေးတို့အတွက် အပတ်စဉ် တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့။
- ❑ ယင်းမှတစ်ဆင့် မြန်မာ NGO အားလုံးပါဝင်နိုင်သည့် ကွန်ရက်တစ်ခုဖွဲ့စည်းရန် ၂၀၀၈ ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင်ကျင်းပသောအစည်းအဝေးတွင် သဘောတူဆုံးဖြတ်ခဲ့ကြ။
- ❑ ၂၀၀၈ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့တွင်ကျင်းပသော မြန်မာ NGO များ စုံညီအစည်းအဝေး၌ မြန်မာ NGO ကွန်ရက် (Myanmar NGO Network) အဖွဲ့ကို အလုပ်အမှုဆောင်ခြောက်ဦး၊ အမှုဆောင် ၁၉ ဦးဖြင့် ဖွဲ့စည်းထူထောင်ခဲ့။
- ❑ ဥက္ကဋ္ဌဒေါက်တာမျိုးသန့်တင်နှင့် အတွင်းရေးမှူးဦးငွေသိန်းတို့က တာဝန်ယူကြပြီးယခုအခါ အလုပ်အမှုဆောင်ခြောက်ဦး၊ အမှုဆောင် ၁၉ ဦးနှင့် အသင်းဝင်စုစုပေါင်း ၃၀ ဦးကျော်ရှိ။
- ❑ ၂၀၀၈ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင်ကျင်းပသော မြန်မာ NGO များအစည်းအဝေး၌ မြန်မာ NGO ကွန်ရက်၏ 'သင်းဖွဲ့စည်းမျဉ်း' ကို ရေးဆွဲတင်ပြပြီး စက်တင်ဘာလ ၃ ရက်တွင် အတည်ပြုခဲ့။
- ❑ ၂၀၀၈ ခုနှစ် အောက်တိုဘာလ ၈ ရက်မှစတင်၍ အစည်းအဝေးများကို နှစ်ပတ်တစ်ကြိမ် ဆက်လက်ကျင်းပပြုလုပ်ခဲ့။
- ❑ ပြည်နယ်နှင့်တိုင်းများရှိ လူမှုရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေကြသော အဖွဲ့အစည်းများနှင့် ဆက်သွယ်ကူညီပံ့ပိုးသွားမည်ဟုဆို။
- ❑ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် လိပ်စာ**

ဒေါက်တာမျိုးသန့်တင် (ဥက္ကဋ္ဌ)

အခန်း (၂၁)၊ တိုက် (၃)၊ ပန်းလှိုင်အိမ်ရာ၊ ပန်းလှိုင်ရပ်ကွက်၊

ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။

ဖုန်း-၂၂၄၀၅၂

www.foreverspace.com.mm



# မင်္ဂလာမြန်မာ

**နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသော ထင်ရှားသည့်ပြည်တွင်းလူမှုရေးအဖွဲ့အစည်း ဖြစ်သည်။**

- မင်္ဂလာဖောင်ဒေးရှင်း၊ Myanmar Development Foundation နှင့် Myanmar Coastal Conservation Society တို့ပူးပေါင်းပြီး ၂၀၀၈ ခုနှစ် မေလဆန်းတွင် တည်ထောင်ဖွဲ့စည်းခဲ့။
- အမှုဆောင်ဒါရိုက်တာသုံးဦးမှာ ဒေါက်တာဖုန်းဝင်း၊ ဒေါ်ယုဇမော်ထွန်းနှင့် ဒေါက်တာရွှေသွင်တို့ဖြစ်ပြီး ဒါရိုက်တာအဖွဲ့အပါအဝင် ဝန်ထမ်းအင်အားစုစုပေါင်း ၁၀၀ နီးပါးရှိ။
- နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့ပြီး ၁၀ ရက်အကြာတွင် မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်း ဘိုကလေး၊ ဖျာပုံ၊ ဒေးဒရဲ၊ မော်လမြိုင်ကျွန်း၊ လပွတ္တာနှင့် ရန်ကုန်တိုင်း ကွမ်းခြံကုန်းနှင့် တွံတေးမြို့နယ်တို့၌ အခြေခံစားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဖြန့်ဝေခြင်း၊ ဘိုကလေးမြို့နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်ကျေးရွာများသို့ သွားရောက်၍ ဆေးကုသမှုပေးခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပြီး ကျေးရွာပေါင်း ၁၃၇ ရွာသို့ အခြေခံစားသောက်ကုန် စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၀၄,၀၀၀ ဖိုးနှင့် ကယ်ဆယ်ရေးပစ္စည်း အမေရိကန်ဒေါ်လာ ၃၀၂,၀၀၀ ဖိုး ထောက်ပံ့ခဲ့ဟုဆို။
- လယ်သမားများအချိန်မီ ပြန်လည်ထွန်ယက်စိုက်ပျိုးနိုင်ရန် ဘိုကလေး၊ ဖျာပုံ၊ ဒေးဒရဲမြို့နယ်တို့ရှိ ကျေးရွာပေါင်း ၃၆ ရွာမှ အိမ်ထောင်စု ၁၄၆၃ စုကို လက်တွန်းထွန်စက် ၂၃ စီး၊ မျိုးစပါး၊ ဒီဇယ်၊ ဓာတ်မြေသြဇာနှင့် ခြွေလှေ့စက် ၂၀ လုံးတို့ ပံ့ပိုးပေးခဲ့။
- ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှတစ်ဆင့် စင်ကာပူနိုင်ငံအစိုးရက လှူဒါန်းသော ဓာတ်မြေသြဇာအိတ် ၂၀၀၀၀ ကို အထက်ပါသုံးမြို့နယ်ရှိကျေးရွာ ၄၆၄ ရွာမှ လယ်သမားမိသားစု ၂၀၀၀၀ အား သွားရောက်ပံ့ပိုးပေးခဲ့။
- လူမှုဘဝပြန်လည်ထူထောင်ရေးအစီအစဉ်အဖြစ် ကြက်၊ ဘဲ၊ ဝက် တစ်နိုင်မွေးမြူရန်၊ ဈေးဆိုင်တည်ထောင်ရန်နှင့် ဥယျာဉ်ခြံမြေစိုက်ပျိုးရန်အတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့ပြီး စင်ကာပူနိုင်ငံအစိုးရနှင့်ပူးပေါင်း၍ ငါးဖမ်းလှေနှင့် ငါးဖမ်းကိရိယာ ၁၅၀၀ စုံကို ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေးနှင့် လပွတ္တာမြို့နယ်တို့ရှိ ကျေးရွာ ၁၀၅ ရွာအား ပံ့ပိုးပေးခဲ့။
- ၂၀၀၈ ခုနှစ် ဇွန်လတွင် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) နှင့် ပူးပေါင်း၍ မုန်တိုင်းဒဏ်သင့်ကျေးရွာပေါင်း ၁၅၀ ရှိ ဒေသခံများနှင့် တွေ့ဆုံပြီး Assessment (စစ်တမ်း) ပြုစုခဲ့။
- ၂၀၀၈ ခုနှစ် သြဂုတ်လတွင် အမေရိကန်ပြည်ထောင်စု Georgra Technicial University မှ ပညာရှင်တစ်ဦး၏ အကူအညီဖြင့် မုန်တိုင်းဒဏ်အဆိုးရွားဆုံးခံစားခဲ့ရသော မြို့နယ်ကျေးရွာများနှင့် ကမ်းခြေတစ်လျှောက်တို့တွင် ဒီရေလှိုင်း၏ အကျိုးသက်ရောက်မှုကို ကြိုတင်ခန့်မှန်းနိုင်မည့် ကွန်ပျူတာ Program တစ်ခုကို ပြုစုလျက်ရှိ။
- International Medical Corp ၏ပံ့ပိုးမှုဖြင့် ဖျာပုံနှင့်ဒေးဒရဲမြို့နယ်တွင် ပေ ၆၀၀ အနက်ရှိ စက်ရေတွင်းနှစ်တွင်းစီ တူးဖော်ခဲ့။
- ပြည်တွင်း NGO များ၊ INGO များ၊ UN အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ လူမှုဝန်ထမ်းဦးစီးဌာနတို့နှင့် ပူးပေါင်းပြီး Diseaster Risk Management ဆင့်ပွားနည်းပြသင်တန်းကို ဖွင့်လှစ်ပို့ချခဲ့ရာ ရန်ကုန်တိုင်း၊ တနင်္သာရီတိုင်း၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ သင်တန်းသား ၁၅၀ ဦးကျော် တက်ရောက်ခဲ့ပြီး ၂၀၀၉ ခုနှစ် မတ်လအထိ ဘိုကလေး၊ ဖျာပုံ၊ လပွတ္တာ၊ ငပုတော၊ ဒေးဒရဲ၊ မော်လမြိုင်ကျွန်း၊ ကျောက်တန်း၊ ကွမ်းခြံကုန်း၊ မြောင်းမြ၊ ဟင်္သာတ၊ မအူပင်မြို့နယ်တို့တွင် ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချခဲ့ရာ သင်တန်းသားစုစုပေါင်း ၆၃၀ ဦးကျော် တက်ရောက်ခဲ့။
- ထို့ပြင် ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ၊ ငပုတော၊ ကွမ်းခြံကုန်း၊ ကျောက်တန်းမြို့နယ်တို့ရှိ ရွာပေါင်း ၂၀ တွင် Community Based Diseaster Risk Management သင်တန်းများ ထပ်မံဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၇၀၇ ဦး တက်ရောက်ခဲ့။ ၂၀၀၉ ခုနှစ်အတွင်း ကျေးရွာပေါင်း ၈၈ ရွာအထိ တိုးချဲ့ဖွင့်လှစ်သွားမည်ဟုဆို။
- ထို့ပြင် သဘာဝဘေးအသိပညာပေး နည်းပြလက်စွဲစာအုပ်၊ ပြက္ခဒိန်နှင့် ပို့စတာတို့ကို ပုံနှိပ်ထုတ်ဝေခဲ့။
- DFIT ၏ ထောက်ပံ့မှုဖြင့် ဖျာပုံ၊ ဒေးဒရဲ၊ ဘိုကလေးမြို့နယ်တို့ရှိ ပင်လယ်ကမ်းခြေ ၃၄ ရွာတွင် ဒီရေတောပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဟုဆို။
- **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် လိပ်စာ–**

ဒေါ်ယုဇမော်ထွန်း (ဒါရိုက်တာ)၊ မင်္ဂလာမြန်မာ၊ အခန်းအမှတ်–(၀၂)၊ ၁၀ ထပ်၊ ဒဂုံတာဝါ၊ ရွှေဂုံတိုင်လမ်းဆုံ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၄၄၈၂၊ ဖက်စ်–၅၅၈၆၇၀၊ E-mail: mingalarmyanmar@gmail.com

www.foreverspace.com.mm

# Which & Why
# ဘယ်ပစ္စည်း ဘာ့ကြောင့်

## Absonic Cordless Phone



Absonic အမှတ်တံဆိပ် TSC 100-15D2 CID (A) မော်ဒယ်လ် အမျိုးအစား Caller ID-System ပါ Phone ဖြစ်။ Intercom အဖြစ် ပါအသုံးပြုနိုင်။ အဝင်အထွက်ဖုန်းနံပါတ်များကို ပြန်ကြည့်ရှုရ။ Hand Set အဖြစ်လည်းအသုံးပြုနိုင်။ Phone Base မှ ပေ ၄၀၀ ပတ်လည်အတွင်း စကားပြောနိုင်။ မီးပျက်ပါကလည်း အသုံးပြုနိုင်ရန် AA Rechargeable ဓာတ်ခဲလေးလုံးပါရှိ။ တရုတ် (တိုင်ပေ) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၄၅,၀၀၀ ကျပ်ဖြစ်။



## LED Rechargeable မီးသီး

YT-102 မော်ဒယ်လ်အမျိုးအစား LED Rechargeable မီးသီးဖြစ်။ LED မီးလုံး ၁၉ လုံးပါရှိ။ လျှပ်စစ်မီးလာသည့်အခါတွင် အလိုအလျောက် အားသွင်းထားနိုင်။ ၁၀ နာရီခန့်အားသွင်းထားပါက ခြောက်နာရီကြာ အသုံးပြုနိုင်။ တရုတ် (တိုင်ပေ) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၆၀၀၀ ကျပ်ဖြစ်။



## ဘက်ထရီဓာတ်မီး

YG-758 မော်ဒယ်လ်အမျိုးအစား ဘက်ထရီLED ဓာတ်မီးဖြစ်။ LED မီးလုံးသုံးလုံး ပါရှိ။ ဘက်ထရီအားသွင်းပြီး ရေဒီယို၊ ကက်ဆက်၊ MP3၊ MP4 များကိုအသုံးပြုနိုင်။ USB ပေါက်ပါရှိ။ တရုတ် (တိုင်ပေ) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃,၅၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm



## AXON ကြိုးမဲ့နားကြားကိရိယာ

AXON အမှတ်တံဆိပ် K-83 မော်ဒယ်လ်အမျိုးအစား ကြိုးမဲ့နားကြားကိရိယာဖြစ်၊ အသံအတိုးအကျယ် ခုနစ်ဆင့်ပါရှိ။ AG-3 ဘက်ထရီဖြင့် အသုံးပြုရ။ နားစွပ်နှစ်ခုပါရှိ။ တရုတ် (တိုင်ဝမ်) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၅,၀၀၀ ကျပ်ဖြစ်။

## ဒစ်ဂျစ်တယ် အကြောနှိပ်ကိရိယာ

HS-2008 မော်ဒယ်လ်အမျိုးအစား ဒစ်ဂျစ်တယ် အကြောနှိပ်ကိရိယာဖြစ်။ ခန္ဓာကိုယ်လိုအပ်သည့် နေရာအနှံ့ Electrode ပြားလေးများကပ်ကာ အသုံးပြုရခြင်းဖြစ်။ Function ရှစ်မျိုးပါရှိပြီး Timper ပေး၍လည်းအသုံးပြု၍ရ။ အနေးအမြန် ၁၅ ဆင့်ပါရှိပြီး လိုသလို ချိန်ညှိနိုင်။ AAA ဓာတ်ခဲသုံးလုံးဖြင့်အသုံးပြုရ။ တရုတ် (တိုင်ဝမ်) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၀,၀၀၀ ကျပ်ဖြစ်။





## Panasonic Cordless မီးပူ

Panasonic အမှတ်တံဆိပ် NIL 45 N3 မော်ဒယ်လ်အမျိုးအစား Cordless မီးပူဖြစ်။ ရေထည့်ရန်ဖန်ခွက်ပါရှိပြီး ရေငွေ့ဖျန်း၍အသုံးပြုရခြင်းဖြစ်။ အပူချိန် အနည်းအများကို Digital ဖြင့် ဖော်ပြပေး။ Watt-1400 ဖြစ်။ တရုတ် (တိုင်ဝမ်) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၈၅,၀၀၀ ကျပ်ဖြစ်။



## Philips ခရီးဆောင်မီးပူ

Philips အမှတ်တံဆိပ် GS-500 မော်ဒယ်လ်အမျိုးအစား ခရီးဆောင်မီးပူဖြစ်။ လက်ကိုင်ကိုခေါက်သိမ်းထား၍ရ။ Watt-350 ဖြစ်။ တရုတ် (တိုင်ဝမ်) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၈,၅၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm



## LEBENSSTIL Coffee Maker

LEBENSSTIL အမှတ်တံဆိပ် PME 100 s's မော်ဒယ်လ်အမျိုးအစား Coffee Maker ဖြစ်။ Espresso Machine ဖြစ်၍ အမြှုပ်ထွက်အောင်ပြုလုပ်ပေးနိုင်။ ALL Steel ဖြစ်။ ခွက်သေးနှစ်ခွက်နှင့် ခွက်ကြီးတစ်ခွက်ပါရှိ။ AC ဖြင့် တိုက်ရိုက်အသုံးပြုရ။ အာမခံတစ်နှစ်ဖြစ်။ အီတလီနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၅၀,၀၀၀ ကျပ်ဖြစ်။



## LEBENSSTIL Milk Shake Maker

LEBENSSTIL အမှတ်တံဆိပ် PMS-400 SS မော်ဒယ်လ်အမျိုးအစား Milk Shake Maker ဖြစ်။ ၄၀၀ မီလီမီတာ ဖျော်ပေးနိုင်။ အနှေးအမြန်နှစ်ဆင့်ပါရှိ။ အခြားသောခွက်များဖြင့်လည်း အသုံးပြုနိုင်။ All Steel ဖြစ်။ AC ဖြင့် တိုက်ရိုက်အသုံးပြုရ။ အီတလီလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ကျပ်တစ်သိန်းဖြစ်။



## Sonic ခြင်ပြေးစက်

Sonic အမှတ်တံဆိပ် AR-115B မော်ဒယ်အမျိုးအစား ခြင်ပြေးစက်ဖြစ်။ AC ဖြင့် တိုက်ရိုက်အသုံးပြုရ။ အသံဖြင့်ခြင်ပြေးစေခြင်းဖြစ်ပြီး ပေ ၃၀ အကွာခြင်များကို ပြေးစေနိုင်။ တရုတ် (တိုင်ပေ) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၁,၀၀၀ ကျပ်ဖြစ်။



## Idao Wireless Doorbell

Idao အမှတ်တံဆိပ် BT-C1 မော်ဒယ်အမျိုးအစား Wireless Doorbell ဖြစ်။ အသံ ၁၆ မျိုးပါရှိ။ AA ဓာတ်ခဲနှစ်လုံးဖြင့်အသုံးပြုရပြီး Remote အတွက် 23-A ဓာတ်ခဲတစ်လုံး အသုံးပြုရ။ Doorbell ကို ပေ ၁၀၀ အကွာတွင် တပ်ဆင်ထားနိုင်။ တရုတ် (တိုင်ပေ) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၆,၀၀၀ ကျပ်ဖြစ်။

ယခုလ Which & Why ကဏ္ဍတွင်ပါဝင်သော ပစ္စည်းများနှင့်ပတ်သက်သည့်အချက်အလက်များကို ရန်ကုန်မြို့ ဗညားဒလလမ်း ဒေါ်အေး အဆင့်မြင့်လျှပ်စစ်ပစ္စည်း၊ ဦးဘစိန် အဆင့်မြင့်လျှပ်စစ်ပစ္စည်းစတိုး၊ ပြည်လမ်း စိန်ဂေဟာ Super Centre တို့မှ ရယူထားပါသည်။

အယ်ဒီတာ

www.foreverspace.com.mm

# တွေ့ဆုံဆွေးနွေးမှုများ

## ၂၈-၂-၂၀၀၉

* နိုင်ငံတော်ဝန်ကြီးချုပ်သည် ထိုင်းနိုင်ငံပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr.Chavarat Charnvirakul နှင့် ထိုင်းနိုင်ငံ ဟွာဟင်းမြို့တွင် တွေ့ဆုံဆွေးနွေး။

## ၃-၃-၂၀၀၉

* ရန်ကုန်တွင်ရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယ တပ်မတော်ဘောလုံးအသင်းနှင့် ဘော်လီဘောအသင်းတို့မှ မန်နေဂျာများဖြစ်သည့် Lt. Col. A K Dey၊ Lt.Co Gurubaksh Singh နှင့်အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းအေး ချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်နှင့်တွေ့ဆုံ ဆွေးနွေး။

## ၆-၃-၂၀၀၉

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangdong Foreign Construction Co., Ltd. ဥက္ကဋ္ဌ Zhou You နှင့်အဖွဲ့သည် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် တွေ့ဆုံ ဆွေးနွေး။

## ၉-၃-၂၀၀၉

* Food and Agriculture Organization (FAO) Regional Office for Asia and the Pacific မှ Vulnerable Analysis Coordinator, Mr. Naoki Minamiguchi သည် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။

## ၁၀-၃-၂၀၀၉

* မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာဖိုသည် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၃-၃-၂၀၀၉

* မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Chhong Toeun သည် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တွေ့ဆုံဆွေးနွေး။

## ၁၆-၃-၂၀၀၉

* မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Ms. Michelle Su-Wen Chan သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ထွေးဦးနှင့် တွေ့ ဆုံဆွေးနွေး။
* နိုင်ငံတော်ဝန်ကြီးချုပ်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့်လည်းကောင်း၊ ဒုတိယ သမ္မတ မစ္စတာ ယူစွပ်ကာလာနှင့်လည်းကောင်း အင်ဒိုနီးရှား သမ္မတနိုင်ငံ ဂျာကာတာမြို့တွင် အသီးသီးတွေ့ဆုံဆွေးနွေး။

## ၁၇-၃-၂၀၀၉

* China New Era Co., Ltd. မှ General Manager, Mr. Shou Jinsong နှင့် Chief Engineer, Mr. Xue Jiangi တို့သည် အမှတ် (၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် တွေ့ဆုံဆွေးနွေး။
* တရုတ်ပြည်သူ့သမ္မတနိုင်ငံ China EXIM Bank, Chengdu Branch မှ ဥက္ကဋ္ဌ Mr.Zhan Qiang နှင့် အဖွဲ့သည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။
* နိုင်ငံတော်ဝန်ကြီးချုပ်သည် စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းနှင့် စင်ကာပူမြို့တွင် တွေ့ဆုံဆွေးနွေး။

## ၁၈-၃-၂၀၀၉

* ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingde ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေ မန်းနှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။
* နိုင်ငံတော်ဝန်ကြီးချုပ်သည် စင်ကာပူသမ္မတနိုင်ငံ ခေတ္တသမ္မတ H.E.Mr.J.Y.Pillay နှင့် စင်ကာပူမြို့တွင် တွေ့ဆုံဆွေးနွေး။

www.foreverspace.com.mm



## ၁၉-၃-၂၀၀၉

* လေ့လာရေးခရီးရောက်ရှိနေသော မလေးရှားတပ်မတော် Chief of Staff, Lieutenant General Dato' Haji Shahrom bin Haji Ibrahim နှင့်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) နှင့် တွေ့ဆုံဆွေးနွေး။

## ၂၃-၃-၂၀၀၉

* ချစ်ကြည်ရေးခရီးရောက်ရှိနေသော ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Kasit Piromya ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး။

## ၂၄-၃-၂၀၀၉

* မြန်မာနိုင်ငံတွင် ခေတ္တရောက်ရှိနေသော အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှရေးရာ ညွှန်ကြားရေးမှူး မစ္စတာစတီဗင်ဘလိတ်သည် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်းနှင့် တွေ့ဆုံဆွေးနွေး။

## ၂၆-၃-၂၀၀၉

* မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) နှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။
* TATA MOTORS LIMITED မှ Mr. Manas Kumar Mishra ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အမှတ် (၂) စက်မှုဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။
* Exim Bank ဥက္ကဋ္ဌ Mr.Li Ruo Gu နှင့်အဖွဲ့သည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၂၈-၃-၂၀၀၉

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Petroleum Corporation မှ President Mr.Jiang Jie Min နှင့်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) နှင့် တွေ့ဆုံဆွေးနွေး။


**LIVING COLOR MEDIA**

**သမ္မတဟိုတယ် (Business Suite)**

အမှတ် ( ၅ ) ၊ အလံပြဘုရားလမ်း ၊

ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။

ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂

www.foreverspace.com.mm

# ဈေးဝယ်လမ်းညွှန်

အမှတ် ၁၆၆ ၂၀၀၉ ခုနှစ်၊ မေ

## လှလှပပ တက်တက်ကြွကြွနေဖို့

'ပညာလို အိုသည်မရှိ' ဆိုတဲ့စကားစုလေးဟာ Learning နဲ့ အစဉ်မပြတ်ထိတွေ့နေရမယ့်သဘောကို ထင်ဟပ်ပြသနေတယ်လို့ ထင်မိပါတယ်။ အရင်က ရေးတတ် ဖတ်တတ်ရင် တော်ပြီဆိုတာမျိုး ကြားဖူးကြမှာပေါ့။ အခုတော့ ရေးတတ်၊ ဖတ်တတ်၊ ပညာတတ်ဖြစ်ကြရုံသာမက တခြားသင်တန်းအစုံစုံ၊ သင်တန်းအဖုံဖုံ၊ ဘယ်လိုသင်တန်းမျိုးမှာမဆို ကြီးကြီး၊ ငယ်ငယ်၊ အရွယ်မရွေး တွေ့နေကြတာဟာ ပညာလိုလားသူများပြားလာတယ်ဆိုတာကို သက်သေပြနေပါတယ်။ ဘယ်ပညာရပ်မှာပဲဖြစ်ဖြစ် ကိုယ်မသိရင် ကိုယ်မကျွမ်းကျင်ရင် သိတဲ့တတ်တဲ့နားလည်တဲ့သူတွေဆီမှာ သွားရောက်သင်ယူလေ့လာရမှာပါ။ ဘယ်လိုနယ်ပယ်မှာပဲဖြစ်ဖြစ် ကိုယ်မတတ်ကျွမ်းရင် စနစ်တကျသင်ယူဖို့လိုအပ်ပါလိမ့်မယ်။

အခုညွှန်ပေးမယ့် သင်တန်းအမျိုးအစားကတော့ စာသင်တန်းမဟုတ်ဘဲ အကသင်တန်း၊ မော်ဒယ်လ်သင်တန်းနဲ့ Personal Gromming လိုဟာမျိုးမို့ ပညာရေးကိုသာ အစဉ်တစိုက် လေ့လာလိုက်စားခဲ့လို့ပဲဖြစ်ဖြစ်၊ အလှအပကို အာရုံမကျခဲ့လို့ပဲဖြစ်ဖြစ်၊ လှပသပ်ရပ်မှုအပိုင်းနဲ့ ဖျတ်လတ်လှုပ်ရှားတက်ကြွမှုလိုနေတယ်လို့ ကိုယ့်ကိုယ်ကိုယ်အားမရဖြစ်နေတဲ့သူတွေအတွက် အသုံးဝင်တဲ့ သင်တန်းတစ်ခုပါ။ ဒီသင်တန်းမှာ ကလေးတွေနဲ့ လူကြီးတွေအတွက် အခြေခံနဲ့ အဆင့်မြင့်မော်ဒယ်လ်သင်တန်း၊ အခြေခံနဲ့ အဆင့်မြင့် အကသင်တန်း၊ Corporate/ Personal Gromming Course စသလို အသီးသီးခွဲခြားသင်ကြားပေးတာတွေ့ရပါတယ်။ ပြည်ပကိုထွက်ခွာမယ့်သူတွေ၊ လုပ်ငန်းခွင်ဝင်မယ့်သူတွေ တက္ကသိုလ်ဘွဲ့ရပုဂ္ဂိုလ်တွေအတွက် အထူးသင်တန်းလည်းဖြစ်ပါတယ်လို့ဆို ထားပါတယ်။

**ဆက်သွယ်ရန်လိပ်စာ**

**STARS & MODELS INT'L**

အခန်း– ၄၂၊ ဒုတိယထပ်၊ ဆရာစံလမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၁၁၄၃၊ ၀၉–၅၀၂၇၇၃၃၊ ၀၉–၈၆၁၁၂၀၃

## သွေးအမှန်တကယ်လိုအပ်ပါက နေ့ ည အချိန်မရွေးဆက်သွယ်ပါ

သွေးလိုအပ်နေသူ ဝေဒနာရှင်တွေအတွက် သတင်းကောင်းတစ်ခုပါ။ နေ့ ည အချိန်မရွေးဆက်သွယ်နိုင်တယ်လို့ဆိုထားလို့ သွေးအတွက် ဒုက္ခရောက်နေသူတွေ အနီးအနားမှာရှိခဲ့ရင်လည်း ကူညီလို့ရတာပေါ့နော်။ လူနာတွေကို တိုက်ရိုက်သွေးလှူဒါန်းနိုင်မှာမို့ သွေးနဲ့အသက်ကယ်ဖို့ စိတ်ဝင်စားသူ စေတနာရှင်တွေအတွက်လည်း ဆက်သွယ်စာရင်းပေးနိုင်တယ်လို့ ဆိုထားပါတယ်။ သွေးမေတ္တာသွေးအလှူတော်အဖွဲ့လို့ နာမည်လေးတပ်ပြီး အဖွဲ့ဖွဲ့ထားတာမို့ ဆက်သွယ်ဆောင်ရွက်နိုင်မယ့်အဖွဲ့ဝင်ပုဂ္ဂိုလ်တွေရဲ့ နာမည်နဲ့လိပ်စာကို ဖော်ပြပေးလိုက်ပါတယ်။

- **ကိုမင်းဆက်ထွန်း**
  ဦးထွန်းလင်းကားဘော်ဒီ
  စက်မှု (၂) လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်။
- **ကိုကျော်မင်းနိုင်**
  စက်မှု (၂) လမ်း၊ ဇမ္ဗူကောင်းကျောင်းတိုက်ရှေ့၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်။
- **ဦးမြတ်သူ (လက်သမားဆရာ)**
  လယ်ယာရွှေမြေလမ်းနှင့် အနန္တဂုဏ်ရည်လမ်းထောင့် (ကွမ်းယာဆိုင်)၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်။
- **ဦးမြတ်ကျော် (အဘိဓမ္မာ)**
  B.A(Law)၊ ART.dip. ဗိုလ်ကျော်ရေခဲမုန့်၊ စက်မှု (၂) လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်။

www.foreverspace.com.mm



# စက်တစ်ခုထဲမှာ Gtalk တွေအများကြီးဖွင့်နိုင်ဖို့

ကွန်ပျူတာတစ်လုံးမှာ Gtalk Account တွေ တစ်ခုထက်မကဖွင့်နိုင်ဖို့ လမ်းညွှန်ပေးလိုက်ပါတယ်။ မသိသေးတဲ့သူတချို့အတွက် ဒီလို အသုံးတည့်တဲ့နည်းလမ်းလေးကိုဖော်ပြလိုက်ပါတယ်။ ဒါကြောင့် Gtalk Account တွေအများကြီးရှိလို့ ကိုယ့်ခေတ်ပေါ်မှာ ရှိသမျှ Account တွေအကုန်တစ်ပြိုင်တည်းဖွင့်ပြီး သုံးလို့ရအောင်၊ ဒါမှမဟုတ် သွားရင်းလာရင်း သူများစက်ကိုဝင်သုံးတဲ့အခါ နဂို သူများဖွင့်ထားတဲ့ G-talk Account ကို Sign Out လုပ်ပြီးမှ ကိုယ့် Account ကို ဝင်သုံးစရာမလိုတော့ဘူးပေ့ါ။ နဂိုဖွင့်ထားတဲ့သူလည်း ဆက်ဖွင့်ထား၊ နောက်မှဝင်သုံးတဲ့သူရဲ့ Account လည်း Gtalk အသစ်တစ်ခုထပ်ဖွင့်ပြီး Sign in လုပ်သုံးနိုင်ပါပြီ။ အဲဒီလိုလုပ်နိုင်ဖို့က–

၁။ Desktop ပေါ်က Gtalk Icon ပေါ်ကို Right Click နှိပ်ပါ ဒါမှမဟုတ် (Desktop ပေါ်မှာ Gtalk Icon မရှိရင်) Start → Program → Gtalk → Gtalk Icon ပေါ်မှာ Right Click နှိပ်ပါ။

၂။ ပေါ်လာတဲ့ Menu တွေထဲက Properties ကိုရွေးပါ။

၃။ ထပ်ပေါ်လာတဲ့ Tab တွေထဲက Shortcut ကိုရွေးပါ။

၄။ ဒါဆိုရင် Target ရဲ့ဘေးမှာပေါ်နေတဲ့ Text Box ထဲမှာ "C:\ Program Files\ Google\ Google Talk\ googletalk.exe"/ startmenu လို့ ပေါ်နေတာတွေ့ရပါတယ်။

၅။ အဲဒီမှာ Box ရဲ့နောက်ဆုံးနေရာက / startmenu ဆိုတဲ့နေရာမှာ /nomutex လို့ အစားထိုးပြီးရိုက်ပါ။ ('\' တွေ '/' တွေမမှားအောင် သတိထားပြီးထည့်ပါ။)


၆။ ရိုက်ထည့်ပြီးရင် Apply Tab ကိုနှိပ်ပါ။

၇။ Gtalk Account တစ်ခုဖွင့်သုံးထားပါ။ နောက်ထပ် Account တစ်ခုဖွင့်ဖို့ Gtalk Icon ကို ထပ်ဖွင့်ပြီးသုံးကြည့်နိုင်ပါပြီ။

# စစ်ကိုင်းမှာ တည်းမယ်ဆို

ဒေသန္တရ ဗဟုသုတရလိုလို့ ခရီးပဲထွက်ထွက်၊ နိုင်ငံခြားသားဧည့်သည်တွေကိုပဲ လိုက်ပို့ပို့၊ စစ်ကိုင်းတောင်ပေါ်တက်ချင်လို့ပဲသွားသွား စစ်ကိုင်းမြို့ကိုသွားဖို့ ကိစ္စကြုံလာသူတွေအတွက် အဆင်ပြေပြေတည်းခိုနိုင်အောင်လို့ စစ်ကိုင်းမြို့က ဟိုတယ်တစ်ခုကို လမ်းညွှန်လိုက်ပါတယ်။ ဒီဟိုတယ်မှာ သုံးထပ်အဆောက်အအုံဖြစ်ပြီး ရိုးရိုးခန်း ၁၀ ခန်းနဲ့ အဆင့်မြင့်အိပ်ခန်း ၁၁ ခန်းပါဝင်ဖွဲ့စည်းထားတယ်လို့ဆိုထားပါတယ်။

နိုင်ငံခြားသားတွေအနေနဲ့ ဟိုတယ်ခန်းခ ကျသင့်ငွေအတွက် ဒေါ်လာနဲ့ပဲပေးပေး မြန်မာငွေနဲ့ပဲပေးပေး အဆင်ပြေနိုင်အောင် စီစဉ်ထားတယ်လို့ဆိုပါတယ်။ လတ်တလောဈေးနှုန်းတွေအရ နှစ်ယောက်ခန်းကို ၂၅ ဒေါ်လာ၊ တစ်ယောက်ခန်းကို ၁၅ ဒေါ်လာခန့်နဲ့ ရိုးရိုးတစ်ယောက်ခန်း ကျပ် ၄၀၀၀၊ Air-Con နှစ်ယောက်ခန်း ကျပ် ၁၅၀၀၀ လောက်သာ ကျသင့်မှာပါ။ စားသောက်ခန်းမမှာလည်း ဧည့်သည် ၁၅၀ စာကို တစ်ပြိုင်နက်ဧည့်ခံကျွေးမွေးနိုင်သလို ဧည့်ခံပွဲ၊ မွေးနေ့ပွဲတွေအတွက် အစားအသောက်အမျိုးမျိုးကို စီစဉ်ပေးတယ်လို့ သိရပါတယ်။ ဟိုတယ်နဲ့ပတ်သက်လို့–ဖုန်း–၀၇၂–၂၁၄၂၀၊ ၂၁၆၉၂ နဲ့ ၂၁၆၉၃ တို့မှာ ဆက်သွယ်မေးမြန်းဆောင်ရွက်နိုင်ပါတယ်။ သွားလာရေးလွယ်ကူတဲ့ စစ်ကိုင်းမြို့ မြို့မဈေးအနီးမှာ ဖွင့်လှစ်ထားတာပါ။



# နာတာရှည်လူနာတွေအတွက် လိုအပ်တဲ့ Dr.P UNDER PAD

နာတာရှည်လူနာတွေအတွက် မရှိမဖြစ်လိုအပ်တဲ့ပစ္စည်း တစ်ခုဖြစ်ပြီး ခွဲစိတ်ပြီးလူနာ အနာမကျက်မီအချိန်တွင်နဲ့ ကလေးမွေးပြီးစ မိခင်တွေအတွက်လည်း အသုံးဝင်၊ အသုံးတည့်မယ့် Dr.P UNDER PAD တစ်မျိုးပါ။

ပျော့ပျောင်းပြီး လူနာအတွက်လည်း သက်သောင့်သက်သာ ရှိစေလို့ ဒီ UNDER PAD လေးကို ခင်းထားရုံနဲ့ လူနာရဲ့ ကိုယ်ခန္ဓာကထွက်တဲ့ အညစ်အကြေးတွေ၊ အိပ်ရာခင်း၊ မွေ့ရာ၊ ခုတင်တွေကို မစွန်းထင်းအောင်ကာကွယ်ပေးနိုင်မှာမို့ လူနာရှင်တွေအတွက်လည်း အဆင်ပြေမှာဖြစ်သလို လူနာကိုယ်တိုင်လည်း စိတ်ကြိုက်တွေ့မယ်ထင်ပါတယ်။ အသုံးပြုပုံကတော့ ရိုးရှင်းပါတယ်။ ဒီ PAD လေးကို ဖြန့်လို့ ခန္ဓာကိုယ်အောက်မှာ သွင်းထားပေးပြီး Adjust လုပ်ပေးရုံပါပဲ။ အညစ်အကြေးတွေပေသွားတဲ့အခါမှာ အသစ်လဲပေးခြင်းမျိုးနဲ့ သန့်သန့်ရှင်းရှင်းနဲ့ ကျန်းမာရေးနဲ့လည်း ညီညွတ်အောင် လုပ်ဆောင်ရမှာပါ။ City Mart Super Market ရဲ့ ဆိုင်ခွဲတွေမှာ ရနိုင်တာမို့ နီးစပ်ရာဆိုင်ခွဲမှာ သွားဝယ်လိုက်ရုံပါပဲ။

www.foreverspace.com.mm

## စမတ်ကျကျ ချည်ထည် ပိုးထည်
## 'MODE' Ladies Wear

Office စတိုင်လ်ဘက် ကဲကဲချုပ်လုပ်ထားတဲ့ အမျိုးသမီး အဝတ်အထည်လေးတွေပါ။ ဂျပန်နဲ့ထိုင်းက တင်သွင်းတဲ့ အထည် စ ကုန်ကြမ်းတွေကို ဂျပန်မှာသင်ယူထားတဲ့နည်းပညာနဲ့ ပေါင်းစပ် ချုပ်လုပ်ထားခြင်းဖြစ်ပါတယ်။ ပြည်တွင်းမှာ ချုပ်လုပ်ထားတာ ဖြစ်ပေမယ့် အရည်အသွေးမြင့် ကုန်ကြမ်းလေးတွေကိုသုံးပြီး ခေတ် မလွန်ဘဲ ခေတ်မီတဲ့ပုံစံချုပ်ထားတာတွေ့ရပါတယ်။ ဈေးနှုန်းက တော့ ကျပ် ၁၀,၀၀၀ ဝန်းကျင်ကနေ ၃၀,၀၀၀ အတွင်း အသီးသီး ရှိပြီး အမျိုးသမီးဝတ်ရှပ်အင်္ကျီ၊ ဘလောက်စ်၊ ဂျက်ကတ်၊ ဘောင်းဘီ၊ စကတ်စသဖြင့် အမျိုးစုံချုပ်ထားပြီး ဆိုဒ်အမျိုးအစား လည်း စုံလင်ပါတယ်။

ထူးခြားချက်အနေနဲ့ ကုမ္ပဏီ၊ ဟိုတယ်လိုမျိုး အဖွဲ့အစည်း တွေက ဝန်ထမ်းတွေအတွက် Uniform ချုပ်ချင်ရင်လည်း အော်ဒါ အပ်နှံနိုင်တဲ့အပြင် ပွဲထိုင်ဂါဝန်တွေအတွက်လည်း စီစဉ်ချုပ်လုပ် ပေးတာတွေ့ရပါတယ်။ Uniform ချုပ်ချင်ရင် MODE က အစ တွေနဲ့သာချုပ်လုပ်ပေးမှာဖြစ်ပြီး ပွဲထိုင်အတွက်တော့ ခြွင်းချက် အနေနဲ့ အထည်စယူလာလို့ရတယ်လို့ MODE ရဲ့ တာဝန်ရှိသူ တစ်ဦးကရှင်းပြပါတယ်။ ဗိုလ်ချုပ်ဈေး FMI နဲ့ East Point Shopping Center တွေမှာ MODE BOUTIQUE ရဲ့ ဆိုင်ခွဲတွေရှိပြီး တိုက်ရိုက်ဆက်သွယ်ချင်တဲ့သူတွေအတွက်လည်း ရုံးခန်းလိပ်စာ ကို ဖော်ပြပေးလိုက်ပါတယ်။ အသေးစိတ်မေးမြန်းတိုင်ပင်လိုတဲ့ သူတွေအတွက်လည်း အဆင်ပြေတာပေါ့နော်။

**ဆက်သွယ်ရန်လိပ်စာ**

**MODE BOUTIQUE**

အမှတ် – ၂၁၆/ ၂၂၂၊ အခန်းအမှတ်–B/2၊ တတိယထပ်၊
ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်မြတ်ထွန်းအိမ်ရာ၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်။ ဖုန်း–၂၉၉၈၂၃

## စားသောက်ဆိုင်သစ်

- **gri TAT**
  တက္ကသိုလ်ရိပ်သာလမ်းနှင့် ကမ္ဘာအေးဘုရားလမ်း၊
  ဗဟန်းမြို့နယ်၊ ရန်ကုန်။
- **Taste**
  အမှတ်–၁၂၄၊ ပြည်ထောင်စုရိပ်သာလမ်း၊ (ဟယ်လပင်)၊
  ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၈၆၁၂၀၇၁၊
  ၀၉–၅၁၁၈၄၁၅
- **ကဖေးကန်တော်ဦး**
  ခြံအမှတ်–၁၇၆–၃၊ ကန်တော်ကြီးအရှေ့ဘက်ခြမ်း၊
  မန္တလေး–စစ်ကိုင်းကားလမ်းဘေး၊ မန္တလေး။
- **ရွှေပြည်စားသောက်ဆိုင်**
  ရန်ကုန်–မန္တလေးလမ်းမကြီးပေါ်၊ ပဲခူးဆယ်မိုင်ကုန်း၊
  ပဲခူးမြို့။



www.foreverspace.com.mm



# PROLINK ရဲ့ PRO 177N LCD Monitor

အီလက်ထရွန်နစ်ဈေးကွက်အတွင်း အသစ်ဝင်ရောက်လာတဲ့ LCD Monitor အမျိုးအစားသစ်ပါ။ ပုံဖော်မျက်နှာပြင် အရွယ်အစား Screen Size ၁၇ လက်မရှိတဲ့ PROLINK LCD Monitor ဟာ အချိုးအစား ၄း၃ ဖြစ်တာမို့ ပုံမှန်ကွန်ပျူတာသုံးစွဲလေ့ရှိသူများအတွက် အဆင်ပြေစေမယ့် Monitor ဖြစ်တာတွေ့ရပါတယ်။ ပုံရိပ်ဖော်ပေးနိုင်တဲ့ အရည်အသွေး Resolution က 1280 x 1024 pixels ဖြစ်ပြီး ပုံဖော်ပေးတဲ့ အစက်အပြောက်တစ်ခုချင်းစီရဲ့အရွယ်က 0.264mm ဖြစ်တာကြောင့် ပုံထွက်အထူးကောင်းမွန်တယ်လို့ ဒီပစ္စည်းတင်သွင်းသူတွေရဲ့ အဆိုအရသိရပါတယ်။ Contrast Ratio က ၇၀၀း၁ ဖြစ်လို့ ရုပ်ပုံတွေကို အလင်းအမှောင်ကြည်လင်ပြတ်သားစွာခံစားကြည့်ရှုနိုင်မှာပါ။ Response Time က 2ms ဖြစ်လို့ လှုပ်ရှားမှုများမြန်ဆန်ရင် ဖြစ်ပေါ်တတ်တဲ့ ရုပ်ပုံများတုန်ခါခြင်း၊ မှုန်ဝါးခြင်း၊ အရိပ်ပေါ်ခြင်းတွေကို ကာကွယ်ပေးနိုင်တဲ့ Monitor ဖြစ်ပါတယ်။ ဒါ့အပြင် ဥရောပသမဂ္ဂနဲ့ ကုလသမဂ္ဂကသတ်မှတ်ထားတဲ့သဘာဝပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေမယ့်ပစ္စည်း သုံးမထားဘူးဆိုတဲ့ အသိအမှတ်ပြုလက်မှတ် (RoHS Complaint)နဲ့ အသုံးပြုသူများအတွက် အန္တရာယ်မဖြစ်စေရန်အတွက် လိုအပ်တဲ့သတ်မှတ်ချက်တွေအတိုင်း ထုတ်လုပ်ထားတဲ့ Certificate တွေကိုလည်း ရရှိထားတဲ့ LCD Monitor တစ်ခုဖြစ်တယ်လို့ ဆိုထားပါတယ်။

# ဒီဇိုင်းအသစ်ဝင်လာတဲ့ Scholl

နွေ၊ မိုး၊ ဆောင်း သုံးရာသီစီးနိုင်တဲ့အပြင် ခိုင်ခံ့လှတဲ့ Scholl ဖိနပ်ဒီဇိုင်းအသစ်နှစ်မျိုးနဲ့ မိတ်ဆက်ပေးချင်ပါတယ်။ သူတို့ကတော့ 1u-2005 နဲ့ 1u-1975 တို့ ဖြစ်တယ်။ မတ်လမှ စတင်ပြီး ဈေးကွက်ထဲ ဝင်ရောက်လာတာပါ။ ယိုးဒယားနိုင်ငံ ထုတ်ဖြစ်ပြီး Size No.3 မှ 9 ထိရှိပါတယ်။ နှစ်မျိုးစလုံးရဲ့ တန်ဖိုးကတော့ ကျပ် ၂၀၅၀၀ ဖြစ်ပြီး ဝယ်ယူလိုတယ်ဆိုရင် ကြည်ကြည်ဖိနပ်ဆိုင် အမှတ်–၁၂၉၊ အနော်ရထာလမ်း၊ ပန်းဆိုးတန်းနှင့် ၃၆ လမ်းကြား၊ ကျောက်တံတားမြို့နယ်မှာနော်။

# ကြိုးမှာ ကျောက်စီထားတဲ့ Fancy နာရီ

Fancy ဒီဇိုင်းတွေကို ကြိုက်နှစ်သက်ပြီး နာရီဝယ်ချင်တဲ့သူတွေအတွက် KYKT နာရီလေးကို မိတ်ဆက်ပေးပါမယ်။ နာရီဒိုင်ခွက်ပုံစံလေးကလည်း တစ်မူထူးခြားနေပြီး နာရီလက်ပတ်ကြိုးကို ကျောက်ကလေးတွေစီပြီး အသုံးပြုထားတာ ဖြစ်ပါတယ်။ ထုတ်လုပ်တဲ့နိုင်ငံကတော့ တရုတ်နိုင်ငံဖြစ်ပြီး ဈေးနှုန်းက ကျပ်နှစ်ထောင် ဖြစ်ပါတယ်။ အိုလံပစ်နာရီဆိုင်ကနေတစ်ဆင့် တင်သွင်းရောင်းချတာဖြစ်ပြီး ဝယ်ယူလိုတယ်ဆိုရင် အမှတ်–၁၄၈ အနော်ရထာလမ်း ၃၅ လမ်းထိပ် ကျောက်တံတားမြို့နယ်မှာရှိတဲ့ သင့်မြတ်စတိုးမှာ ရရှိနိုင်ပါတယ်။



www.foreverspace.com.mm

# အလှဆင်ပစ္စည်းစုံ တစ်နေရာတည်းမှာ ရနိုင်တဲ့ Splendido Furnishing Gallery

Simma Furnishing Co., Ltd. က နိုင်ငံတကာအဆင့်မီ နေရာပြင်ဆင်မှုကဏ္ဍအတွက်ရည်ရွယ်ပြီး ဖွင့်လှစ်လိုက်တယ်လို့ဆိုထားတဲ့ ပရိဘောဂနဲ့ အတွင်းပိုင်းဒီဇိုင်းပြင်ဆင်မွမ်းမံမှုပြခန်းသစ်တစ်ခုကို မိတ်ဆက်ပေးပါရစေ။ နိုင်ငံတကာအဆင့်မီ ပြီးပြည့်စုံတဲ့နေထိုင်မှုအနုပညာတစ်ရပ်ကို အရှိန်ပြင်းပြင်းစီးဆင်းနေတဲ့ ဖက်ရှင်၊ ဒီဇိုင်း၊ ခေတ်နဲ့အညီ စီးမျောစေနိုင်အောင်လို့ပါ။ ဒီပြခန်းအသစ်ကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကနေ စဖွင့်လိုက်တာပါ။ ဒီပြခန်းမှာ ဂန္ထဝင်၊ ခေတ်ပြိုင်စတဲ့ ကိုယ်ကြိုက်တာ ရွေးနိုင်တဲ့ ရုံးသုံး၊၊ အိမ်သုံးပရိဘောဂတွေ၊ အစည်းအဝေးခန်းမ၊ ရုပ်ရှင်ရုံနဲ့ Home Theatre သုံး ပရိဘောဂဒီဇိုင်းမျိုးစုံ၊ ကလေးသီးသန့်ပရိဘောဂ၊ ကျောင်းသုံး၊ အားကစားလေ့ကျင့်ကစားမှု ပရိဘောဂတွေ၊ ခြံဝင်းသုံးပရိဘောဂမျိုးစုံအပြင် ထီး၊ ရေပန်း၊ ရေတံခွန်နဲ့ အရုပ်မီးအိမ်မျိုးစုံ၊ ခန်းလုံးပြည့်ကော်ဇောလိပ်၊ ကော်ဇောချပ်၊ နံရံအလှဆင်ဖို့ Wallpaper မျိုးစုံ၊ ခန်းဆီးလိုက်ကာပိတ်စနဲ့ ဇာအရောင်ဒီဇိုင်းမျိုးစုံအပြင် အလှဆင်လိုက်ကာ တန်း၊ ချိတ်၊ ခါးသိမ်းကြိုး၊ ပန်းပွားမျိုးစုံ၊ ကမ္ဘာကျော်ပန်းချီကားများအား Antique Reproduction အဖြစ် ပြန်လည်ရေးဆွဲထားတဲ့ ပြည်ပပန်းချီပညာရှင်တွေရဲ့လက်ရာတွေ၊ ပန်းချီကားဘောင် ဒီဇိုင်းမျိုးစုံနှင့် မော်ဒန်ပန်းချီမျိုးစုံ၊ အလှဆင် Crystal မီးဆိုင်း၊ မီးအိမ်၊ ပန်းအိုး၊ မင်းကြိုက်စိုးကြိုက်လို့တင်စားရမယ့် ရွှေထည် ကြွေထည် အလှဆင်ဒီဇိုင်းမျိုးစုံ၊ ၂၄ ကာရက်ရွှေသားအစစ်နဲ့ပြုလုပ်ထားတဲ့ ရွှေရုပ်တု၊ ရွှေနာရီ၊ ရွှေဓာတ်ပုံဘောင်၊ လုံခြုံရေးစောင့်ကြည့်ဖို့ CCTV Camera များနဲ့ Security System များကို တစ် နေရာတည်းရနိုင်ဖို့ အမှတ် ၅ (အေ)၊ ပြည်လမ်း ၅ မိုင်ခွဲ လှိုင်မြို့နယ်မှာရှိတဲ့ Splendido Furnishing Gallery ကို လမ်းညွှန်လိုက်ပြီနော်။

# Gas မီးဖို အသုံးပြုသူများအတွက်

မီးဖိုချောင်သန့်ရှင်းမှုရှိတာ၊ လျှပ်စစ်မီးကို အားကိုးစရာမလိုတော့တာ၊ မီးသွေးမီးဖိုသုံးဖို့ အခက်အခဲမျိုးကနေ အလွယ်တကူ ကျော်လွှားနိုင် တာစတဲ့ အားသာချက်တွေကြောင့် အိမ်ရှင်မအတော်များများ Gas မီးဖိုတွေကို အသုံးပြုလာကြတာတွေ့ရပါတယ်။ ဒါပေမဲ့ တိုက်ခန်းအမြင့်မှာနေတဲ့သူတွေ၊ Gas ဖြည့်တဲ့နေရာတွေနဲ့ ဝေးသူအတွက်ကတော့ Gas ကုန်ခါနီးရင် ပြန်ဖြည့်ဖို့ အခက်အခဲရှိတတ်ပါတယ်။ ဒီအတွက် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုကို လမ်းညွှန်လိုက်ပါရစေ။ Gas မီးဖိုအမျိုးမျိုးကို ဆေးကြောပြုပြင်ပေးတဲ့ ဝန်ဆောင်မှုကိုပါ တစ်ပါတည်း ဆောင်ရွက်ပေးနေပါတယ်။ ဓမ္မရိပ်သာနဲ့ ဘုန်းတော်ကြီးကျောင်းများအတွက်ကတော့ အခမဲ့ဝန်ဆောင်မှုနဲ့ ဒါနပြုနေတယ်လို့လည်း သိရပါတယ်။ ကိုယ်သိလိုတဲ့ အသေးစိတ်အချက်အလက်တွေကို ဖုန်းနဲ့အရင်ကြိုတင်မေးမြန်းနိုင်မှာပါ။

**ဘောလီတံတားထိပ်၊ ပါရမီလမ်း၊**
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၉၈၀၃၁၈၄၁၊ ၀၉–၅၀၁၈၄၉၀၊
၀၉–၅၁၅၇၃၀၀



www.foreverspace.com.mm



## နေရာပြောင်း၊ လိပ်စာသစ်

- **Pink Lady (ဂျင်းအဝတ်အထည်)**
  အခန်းအမှတ်–၄၀၄၊ စတုတ္ထထပ်၊
  78 Shopping Mall၊ မန္တလေး။
- **စွင့်ချိုင်သင်တန်းကျောင်း**
  အမှတ်–၁၀၁၊ ၂၂ လမ်း (အလယ်ဘလောက်)၊
  လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၉၅၈၉၉
- **Client Focus Technology Group Co.,Ltd. Epson Show Room & Service Center**
  အမှတ်–SB4၊ အောင်ဇေယျအိမ်ယာ၊
  အလုံလမ်းနှင့် ကမ်းနားလမ်းထောင့်
  (ဆင်မင်းဈေးမှတ်တိုင်အနီး)၊ အလုံမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၂၁၅၂၄၇၊ ၀၉–၈၆၁၀၈၆၈
- **VCT Group Laptop Computer Sales & Services**
  အမှတ်–၁၂၁(မြေညီထပ်)၊ ၉ လမ်း၊
  မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၃၈၅၄၁၅၊ ၀၉–၅၀၁၉၀၂၄
- **Royal Ngapali Travels & Tour Co.,Ltd.**
  အမှတ်– 2.H၊ ဒဂုံတာဝါ၊ ရွှေဂုံတိုင်လမ်းဆုံ၊
  ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၄၄၄၈၄

## G-STAR အင်္ကျီဒီဇိုင်းသစ်

မကြာသေးခင်ကမှ ဝင်ရောက်လာတဲ့ G-STAR အမျိုးသားဝတ်အင်္ကျီဒီဇိုင်းသစ်အကြောင်း ပြောပြချင်ပါတယ်။ အင်္ကျီက လက်တို၊ လက်ရှည် နှစ်မျိုးစလုံးရရှိနိုင်ပြီး ကာကီရောင်၊ စစ်စိမ်းရောင်၊ ခဲနက်ရောင် စတဲ့ အရောင်သုံးမျိုးကို အင်္ကျီ Size ကတော့ Medium နဲ့ Large Size နှစ်မျိုးပဲ ရှိပါတယ်။ မတ်လပိုင်းမှာ ဈေးကွက်ထဲဝင်ရောက်လာတာဖြစ်ပြီး ဈေးနှုန်းကတော့ လက်တို ၈,၅၀၀ ကျပ်၊ လက်ရှည် ၉,၅၀၀ ကျပ်တို့ဖြစ်ပါတယ်။ ဝယ်ယူလိုတယ်ဆိုရင် အမှတ်–၁၄၈၊ အနော်ရထာလမ်း ၃၁ လမ်းထိပ်၊ ကျောက်တံတားမြို့နယ်က သင့်မြတ်စတိုးမှာ ဝယ်ယူနိုင်ပါပြီ။

## Shining Star ဓာတ်ပုံဆိုင်သစ်

အလှဓာတ်ပုံရိုက်တာဝါသနာပါတဲ့သူတွေအတွက်သာမက ဘဝတစ်သက်တာအမှတ်တရလေးဖြစ်စေဖို့ မင်္ဂလာပွဲအမှတ်တရ ဓာတ်ပုံလေးတွေ၊ မွေးနေ့ပျော်ပွဲရွှင်ပွဲတွေနဲ့ကုမ္ပဏီအခမ်းအနားတွေအတွက်ပါ Outdoor, Indoor နှစ်မျိုးစလုံးကို စိတ်တိုင်းကျဖြစ်အောင်ဝန်ဆောင်ပေးနေတဲ့ ဓာတ်ပုံဆိုင်လေးမို့ လမ်းညွှန်ပေးလိုက်ရခြင်းပါ။ ဒီဆိုင်လေးနာမည်က 'Shinning Star' တဲ့။ အမှတ် (၁၀) ဗိုလ်မိုးလမ်း၊ မြေနီကုန်းမှာရှိတယ်။ ဆေးသားအတွက်နဲ့ ရက်ချိန်းမှန်ဖို့အတွက်တော့ အာမခံပေးတယ်လို့ဆိုထားပါတယ်။ ဗီဒီယိုရိုက်ချင်တယ်ဆိုရင်လည်း လက်ခံပေးထားတယ်တဲ့။ ဓာတ်ပုံဝါသနာရှင်တွေအတွက် သတင်းကောင်းနော် . . .



www.foreverspace.com.mm



# လုပ်ငန်းသစ်၊ ဆိုင်သစ်

- **မန္တလေး ကံတက်ကုန်းကုသိုလ်ဖြစ်အခမဲ့ဆေးခန်း**
  ကံတက်ကုန်း မစိုးရိမ်ကျောင်း ၅၅ လမ်း၊
  လမ်း ၄၀ နှင့် ၄၁ လမ်းကြား၊ ရဲမွန်တောင်ရပ်၊ မန္တလေး။
- **Shoe Gallery (ဆိုင်ခွဲ-၂၇)**
  အမှတ်-၂၁၆၊ 25 Fashion Shop၊ ၃၁ လမ်းနှင့် ၃၂ လမ်း
  ကြား၊ အနော်ရထာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
- **Royal Yaw Min Gyi Real Luxury Condominium (Naing Group ၏ အိမ်ရာ အရောင်းခန်းမသစ်)**
  **– အရောင်းပြခန်း (၁)** အမှတ်-၄၆၊ ပန်တျာလမ်းနှင့်
  မင်းလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၈၉၆၅၈
  – အရောင်းပြခန်း (၂) အမှတ် ၁၁၇/၁၂၇၊
  ၃၃ လမ်း (အလယ်)၊
  ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၅၆၀၄၇၊
  ၃၈၁၇၀၇
- **Shadow Digital Printing**
  အခန်းအမှတ်- Ta 3, Tb 17၊ တတိယထပ်၊
  ဂရိတ်ဝေါ်ရှော့ပင်းစင်တာ၊ မန္တလေး။
- **Lu Lu Diamond & Gold Collection**
  ခြံအမှတ်-၁၂/E၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊
  ရန်ကုန်။ ဖုန်း-၅၂၆၆၅၃၊ ၇၀၄၁၈၆၊ ၀၉-၅၁၉၄၅၉၉
- **Acer အရောင်းခန်းမသစ်**
  (ရွှေလမင်းနဂါး ကုမ္ပဏီလီမိတက်)
  အမှတ်-၅၇၀၊ ကမ်းနားလမ်း (လမ်းသစ်လမ်းထောင့်)၊
  လမ်းမတော်မြို့နယ်၊ ရန်ကုန်။
- **Anakku ကလေးပစ္စည်းအရောင်းဆိုင်**
  ဆိုင်အမှတ်-၃၀၁၊ ဒုတိယထပ်၊ ပရိမိုးရှင်းဇရိယာအနောက်
  ဘက်၊ မဟာဗန္ဓုလတံတားအနီး၊ East Point Shopping
  Center၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
- **Mistine Direct Sale ခန်းမသစ် (သီရိအလှကုန်ကုမ္ပဏီ)**
  အမှတ်-၇၆၂၊ ၁၅ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊
  လမ်းမတော်မြို့နယ်၊ ရန်ကုန်။
- **ပွင့်ရတီ ဒီဂျစ်တယ်ဓာတ်ပုံစတူဒီယို**
  တိုက်-၃၊ အခန်း-၀၀၁၊ သီရိမင်္ဂလာအိမ်ရာ၊
  ကောင်းကြီးကြက်ဒံပေါက်ဆိုင်အနီး၊ အလုံမြို့နယ်၊ ရန်ကုန်။
- **Jumper Kids (ဆိုင်ခွဲ-၅)**
  Level-5၊ East Point Shopping Center၊ မဟာဗန္ဓုလ
  တံတားအနီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
- **Sun day Rose Fashion & Fabric Shop**
  အမှတ်-၄၊ B-1၊ ပါရမီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
- **WEC နှင့် ဇင်ယော်နီဖိနပ်ဆိုင် (ဗိုလ်ချုပ်ဈေးဆိုင်ခွဲသစ်)**
  အမှတ်-၂၄ (A) ရုံ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊
  ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
- **သုတရိပ်မွန် အနုပညာလုပ်ငန်းနှင့် ဗီဒီယိုရိုက်ကူးတည်းဖြတ်သင်တန်း**
  အမှတ်-၁၇၀/၁၇၆၊ အခန်း-၇၀၉၊ MGW Center၊
  ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
- **သီဟရတနာစာပေ၊ စာအုပ်အရောင်းနှင့် ဖြန့်ချိရေးဆိုင်သစ်**
  အမှတ်-၁၃၃၊ မြေညီထပ်၊ လမ်းမတော်သံဈေးရှေ့၊
  လမ်းမတော်မြို့နယ်၊ ရန်ကုန်။
- **UNIQUE အားကစားခန်းမသစ်**
  အမှတ်-၁၃၃၊ ၄၇ လမ်း (အထက်) ဗိုလ်တထောင်မြို့နယ်၊
  ရန်ကုန်။
- **Shining Star Digital Video & Photo Studio**
  အမှတ်-၁၀၊ ဗိုလ်မိုးလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊
  ရန်ကုန်။
- **Shwe Myanmar Tech Civil Engineering & Construction Group**
  အမှတ်-၃၄၁၊ အောင်သစ္စာလမ်း၊ (၂၉) ရပ်ကွက်၊
  ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်။
- **URANIUM DANCE STUDIO**
  အခန်းအမှတ်-(၀၀၁-၁၀၁)၊ တိုက်-၃၁ (ဘီ)၊
  ဦးထွန်းမြတ်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
- **Rosy Beauty Saloon**
  အမှတ်-၄၊ ရန်ကင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။
- **100% (HUNDRED PERCENT) Fancy Wears**
  OM-07၊ ဒုတိယထပ်၊ Excel ရှော့ပင်းမောလ်၊
  ရွှေဂုံတိုင်မီးပွိုင့်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
- **Popular Book Store Franchise**
  အခန်းအမှတ်-၂၁၀၊ East Point Shopping Center၊
  မဟာဗန္ဓုလလမ်းနှင့် တာဝတိံသာလမ်းထောင့်၊
  ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၃၉၄၂၁၃ (လိုင်းခွဲ-၂၁၀၊ ၂၁၁)
- **တူဒေးစာအုပ်ဆိုင်သစ် (ဆဋ္ဌမမြောက်ဆိုင်ခွဲ)**
  မဟာဗန္ဓုလလမ်း၊ East Point Shopping Center၊
  ပထမထပ်၊ အခန်းအမှတ်-၂၀၂၊ ပုဇွန်တောင်မြို့နယ်၊
  ရန်ကုန်။ ဖုန်း-၃၉၇၉၀၀ (လိုင်းခွဲ-၂၀၂)
- **Unique အားကစားခန်းမ**
  အမှတ်-၁၃၃၊ ၄၇ လမ်း (အထက်)၊ ဗိုလ်တထောင်မြို့နယ်၊
  ရန်ကုန်။

www.foreverspace.com.mm



- **Alpha Health & Care Ltd. (Myanmar) (Alpha Group Ltd. (New Zealand) ၏ ရုံးခွဲ)**
  ၄-လွှာ၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
- **Flower Harmony ပန်းအလှပြင်သင်တန်း**
  အမှတ်-၄၁ ဒုတိယထပ်၊ ပန်းတနော်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၀၀၉၅၉
- **Fame ဆေးဝါးများအရောင်းဆိုင် (ပုသိမ်ဆိုင်ခွဲ)**
  ဇေရာရွှေမြေဆိုင်ခန်း၊ အမှတ်-၂၊ ကုန်သည်လမ်း၊ (၄) ရပ်ကွက်၊ ပုသိမ်မြို့။
- **East Point Shopping Center**
  မဟာဗန္ဓုလလမ်းနှင့် တာဝတိံသာလမ်းထောင့်၊ မဟာဗန္ဓုလတံတားအနီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၃၉၇၁၄၂
- **Infiniti Showroom & Service Center**
  အမှတ်-၁၆၇၊ ၃၈ လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၈၉၆၅၅၊ ၃၈၂၅၀၁၊ ၃၉၁၇၄၄၊ ၃၉၈၁၀၀၊ ၀၉-၅၀၀၃၃၆၀၊ ၀၉-၅၁၂၀၉၂၀၊ ၀၉-၅၀၀၅၁၂၂၊
  ဖက်စ်-၃၈၂၅၀၁
  E-mail: wwl@mptmail.net.mm
- **Easy Net (အောင်ဆန်းကွင်း) အင်တာနက်ကဖီး**
  အခန်း S-5၊ ဒုတိယထပ်၊ အောင်ဆန်းကွင်းမြောက်ဘက်ပွဲကြည့်စင်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၀၉-၈၅၁၆၃၆၈၊
  E-mail:ezyaungsan@gmail.com
- **MILLION Photo Studio**
  အမှတ်-၄၂ (A)၊ မြေညီထပ်၊ မလွှကုန်းလမ်း (အထက်)၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
- **Coreana အလှကုန်အရောင်းကောင်တာသစ်**
  ရီရှင်းအလှကုန်စင်တာ၊ လမ်း ၈၀၊ ၃၃× ၃၄လမ်းကြား၊ မန္တလေး။
- **MODE BOUTIQUE**
  အခန်းအမှတ်-၃၁၅/၃၁၆၊ Level-3၊ မဟာဗန္ဓုလတံတားအနီး၊ East Point Shopping Center၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၃၉၇၁၄၂၊ ၃၉၇၉၀၀ (လိုင်းခွဲ-၃၁၅)
- **GENKY ဂျပန်ရိုးရာအကြောပြင်ဆေးကုခန်း**
  အမှတ်-၇၀၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
- **Ruby Mart Supermarket**
  အမှတ်-၉၀၃၊ ရန်ကုန်၊ မန္တလေးလမ်းနှင့် စစ်ကိုင်းလမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေး။
- **ပန်းထူးသာသက်န်းတိုက် (ဆိုင်ခွဲ ၂)**
  အမှတ်-၁၀၁အေ၊ အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၀၉-၈၆၅၀၅၁၆၊ ၀၉-၅၁၀၅၂၉၃

# မှားမိသမျှ ပြန်ဖျက်နိုင်တဲ့ Gmail Undo Sent အသုံးပြုနည်း

Google က အခမဲ့ဝန်ဆောင်ပေးထားတဲ့ Gmail ကို User တွေထပ်တိုးလာအောင် ဝန်ဆောင်မှုအသစ်တွေ ထပ်ထပ်ပေးနေတဲ့အထဲက အခုရက်ပိုင်းမှ ထပ်ရလာတဲ့ဝန်ဆောင်မှုအသစ်ဖြစ်တဲ့ 'Undo' Function အသုံးပြုနည်းကို လမ်းညွှန်ပေးလိုက်ပါတယ်။ တစ်ခါတလေ အကြီးအကျယ် လူမှား စာမှား ပို့ဖူးသူတိုင်း Undo သာသုံးလို့ရရင်ဆိုပြီး မျှော်လင့်မိကြတဲ့ Function ပါ။ အခုတော့ အဲဒီလိုအပ်ချက်ကို Google က ဖြည့်ဆည်းပေးလိုက်ပါပြီ။ Undo Function ရပြီဖြစ်လို့ ခပ်မြန်မြန်လုပ်လိုက်ရလို့ အမှားတွေပါသွားတာမျိုးမဖြစ်တော့ဘဲ Email တွေ အချိန်မီ ပြန်ပြင်နိုင်တော့မှာဖြစ်ပါတယ်။ ဒါကြောင့် သူငယ်ချင်းတွေဆီ လူမှားပြီး စာမှားပို့တာမျိုး စတဲ့ အမှားမှားအယွင်းယွင်းလုပ်မိတာတွေကို ရှောင်နိုင်မှာမို့ အင်မတန်အသုံးဝင်တဲ့ ဒီ Function အသုံးပြုနည်းကို ဖော်ပြပေးလိုက်ပါတယ်။

၁။ Gmail ထဲက Settings ထဲကိုဝင်ပါ။

၂။ Labs ကိုရွေးပါ။ (Labs ထဲမှာ Google ရဲ့ဝန်ဆောင်မှုတွေအများကြီးရှိနေပြီး ကိုယ်သုံးဖူးပြီးသားရော မသုံးရသေးတာရော ရှိနေမှာပါ။)

၃။ အဲဒီထဲက Undo Sent ဆိုတဲ့ Function အတွက် ပုံလေးနဲ့စာလေးဘေးမှာ Enable နဲ့ Disable ဆိုတဲ့ Radio Button တွေ ပါပါတယ်။

၄။ အဲဒီမှာ Enable ကို On ထားလိုက်ပါ။

၅။ ဒါဆိုရင် ကိုယ့် Mail Box ထဲ ပြန်သွားပြီး Undo Sent Function ကို သုံးလို့ရပါပြီ။

www.foreverspace.com.mm



# လိုအပ်ချက်နဲ့တူညီတဲ့ ဆေးရုံကို ကြိုတင်မေးမြန်းနိုင်စေဖို့

ကျန်းမာခြင်းဟာလာဘ်တစ်ပါးလို့ ဆိုရိုးစကားရှိတဲ့အတိုင်း ကိုယ်ရောစိတ်ပါ ကျန်းကျန်းမာမာရှိနေမှ ပညာတွေသင်ကြားရာမှာ၊ လုပ်ငန်းတာဝန်တွေကိုဆောင်ရွက်ရာမှာ၊ တစ်ပါးသူကို အကူအညီတွေပေးအပ်တဲ့နေရာမှာ၊ လူ့အဖွဲ့အစည်းအတွက် တစ်ထောင့်တစ်နေရာကပါဝင်ဆောင်ရွက်တဲ့အခါတွေမှာ အောင်မြင်မှုတွေ ရရှိနိုင်မှာပါ။ ကျန်းမာရေးကိစ္စတစ်ခုခုနဲ့ ကိုယ်တိုင်ပဲဖြစ်ဖြစ်၊ ကိုယ့်ရဲ့အနီးပတ်ဝန်းကျင်မှာရှိတဲ့သူတွေပဲဖြစ်ဖြစ် တွေ့ကြုံရမယ်ဆိုရင် ဘယ်နေရာမှာ ဆေးကုသမှုခံယူရမလဲလို့ စဉ်းစားနေစရာမလိုဘဲ ကိုယ်နဲ့အနီးဆုံး အဆင်ပြေဆုံးနေရာတွေကို ရွေးချယ်စုံစမ်းမေးမြန်းနိုင်စေဖို့ အထူးကုဆေးခန်းကြီးတချို့ရဲ့ လိပ်စာတွေကို တတ်နိုင်သလောက် စုစည်းဖော်ပြထားပါတယ်။ ငွေကြေးလည်း တတ်နိုင်မယ်၊ ပြည်တွင်းမှာလည်း ကုသဖို့ အဆင်မပြေသူတွေအတွက်လည်း ပြည်ပဆေးရုံကြီးများရဲ့ မြန်မာရုံးခွဲလိပ်စာများကိုပါ ထည့်ပေးထားပါတယ်။ ပြည်ပဆေးရုံကြီးတွေမှာသွားပြီးကုသမယ် ဆိုရင်တော့ လိုအပ်တာတွေကို ဖုန်းနဲ့အရင်စုံစမ်းမေးမြန်းကြည့်တာက ပိုပြီးအဆင်ပြေနိုင်မယ်လို့ထင်ပါတယ်။

❑ **ပန်းလှိုင်ဆေးရုံ**

– ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။
ဖုန်း–၈၆၄၃၂၃၊ ဖက်စ်–၆၈၄၃၂၄
E-mail: enquiry.phin@spa.com.mm
– ပန်းလှိုင်ဆေးခန်း–FMI Centre ၄–လွှာ၊
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၃၀၁၀၊ ၂၄၃၀၁၂၊ ၂၄၃၀၁၃၊ ဖက်စ်–၂၄၆၈၈၂
မန္တလေးရုံးခွဲ – အမှတ်–၂၁၃၊ ၂၇× ၂၈ လမ်းထောင့်၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေး–ဖုန်း–၀၂၆၄၀၂၉၊ ၆၀၅၁၆
တောင်ကြီးရုံးခွဲ–ည/၅၊ ညောင်ဖြူစခန်းရပ်ကွက်၊ ဗိုလ်ချုပ်
အောင်ဆန်းလမ်း၊ တောင်ကြီး–ဖုန်း–၀၈၁–၂၁၉၁၇

❑ **အာရှတော်ဝင်**

အမှတ်–၁၄၊ ဗဟိုလမ်း၊ အောင်ချမ်းသာရပ်ကွက်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၃၈၀၅၅၊ ၅၀၃၂၆၁၊ ၅၃၆၈၀၂၊ ၅၃၅၀၀၃၊ ၅၃၈၀၅၄

❑ **သျှင်ပါရှ**

အမှတ်–၇၁/၇၃၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၅၇၄၄၄၊ ၅၄၉၈၂၀၊ ၅၄၈၇၇၉

❑ **SSC (Shwe Gone Dine Specialist Centre & SSC (Women's Centre)**

အမှတ်–၇၊ အရှေ့ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၄၄၀၂၈၊ ၅၄၄၁၁၆၊ ၅၄၁၄၅၇၊ ၅၄၂၄၀၀၊ ၅၄၂၆၀၀၊
၅၅၄၄၁၂၊ ၅၅၄၄၁၃၊ ၅၄၃၂၇၈

❑ **Sakura Medical Centre**

အမှတ်–၂၃၊ ရှင်စောပုလမ်း၊ ပန်းလှိုင်ရပ်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၁၂၆၆၈၊ ၅၁၂၆၆၉၊
၅၁၀၀၇၉၊ ၅၁၀၁၈၆၊ ၅၂၇၇၁၀

❑ **ဗဟိုရိစည်အထူးကုဆေးခန်း**

အမှတ် B(1/2)၊ B(5/6)၊ B(31/36)၊ ဗဟိုစည်အိမ်ရာ၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၁၂၉၃၃
ဖက်စ်–၂၂၄၇၃၀
E-mail: BAHOSI.MED@mptmail.net.mm

❑ **သုခကမ္ဘာ**

အမှတ် ၆၁၅(E)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၀၀၁၀၀၊ ၅၀၄၅၄၅၊ ၅၂၆၃၂၉၊ ၅၀၅၂၀၀၊
၅၀၀၅၅၁၊ ၅၃၆၅၀၀

❑ **အရှေ့အနောက်ပါရမီ**

အမှတ်–၆၄၀၊ ပင်လုံလမ်းနှင့် မြတ်မွန်လမ်းထောင့်၊
ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၈၄၀၅၄၊ ၅၈၄၁၁၀

❑ **ကံ့ကော်**

အမှတ်–၈၅၊ ဘုန်းကြီးလမ်း (အလယ်)၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်။ ဖုန်း–၂၂၇၂၂၁၊ ၇၀၈၆၂၉၊ ဖက်စ်–၂၉၂၆၀၀၊
၂၉၇၈၂၂
E-mail: w&wco.kantkaw@mptmail.net.mm
– လမ်း ၃၀ နှင့် ၇၃ လမ်းထောင့်၊ မင်္ဂလာဈေးအနောက်ဘက်၊
မန္တလေး။ ဖုန်း–၀၂၃၈၃၂၄၊ ၆၆၈၈၀၊ ၆၈၁၈၀

❑ **မဟာမြိုင်**

အမှတ်–၃၀၈၊ ပြည်လမ်းနှင့် မြေနုလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၄၉၂၇၊ ၅၀၃၈၂၅၊ ၅၃၇၉၁၈

❑ **ကန်တော်လေး**

အမှတ်–၈၆၊ ဒေါ်သိန်းတင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။ ဖုန်း–၃၈၄၀၄၂၊ ၃၈၄၀၄၃၊ ၂၄၆၅၃၁

❑ **မေတ္တာရွှေရည်**

အမှတ်–၂/၁၊ ပါရမီလမ်း၊ မလိခလမ်းသွယ်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၆၀၇၅၀

❑ **Kembangan Pacific**

– အမှတ်–၈၁၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၄၈၀၂၂၊ ဖက်စ်–၅၄၂၉၇၉

www.foreverspace.com.mm

– F-A ပထမထပ်၊ ပုလဲကွန်ဒို၊ Block-B၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၃၇၈၃

❑ **မြင့်မြတ်တော်ဝင်**
အမှတ်–၅၀၇၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၂၅၄၉၆

❑ **ပင်လုံ**
အမှတ်–(၉/၁၊ ဆရာစံလမ်း၊ ၂၇ ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၈၁၃၂၉၊ ၇၂၈၁၈၉

❑ **သမားတော်**
အမှတ်–၈(ဘီ)၊ ပြည်လမ်း၊ ၈ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၅၂၄၁၇၊ ၆၅၂၄၁၈

❑ **Yangon Medical Centre**
အမှတ်–၁၂၆ (အေ)၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၂၄၈၅၁၊ ၅၂၄၈၅၉၊ ၅၂၄၈၄၄

## နိုင်ငံတကာဆေးရုံ ရုံးခွဲများ

❑ **VEJTHANI Hospital, Bangkok (ဗွဲ့ဌာနီဆေးရုံ)**
အခန်း–၁၄၀၁၊ ၁၄ ထပ်၊ အိုလံပစ်တာဝါ၊ မဟာဗန္ဓုလလမ်းထောင့်၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၉၂၉၁၇၊ ဖက်စ်–၃၉၂၉၁၆
E-mail: capitalm@yangon.net.mm

❑ **ဘန်ကောက်ဆေးရုံကြီး**
အမှတ်–၁၈၁၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၀၂၁၂၀၊ ၂၉၉၇၉၇
Hotline - ၀၉–၅၁၀၆၆၆၆

❑ **AMRI Hospitals (အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့)**
**Myanmar VERTEX Co., Ltd.**
အမှတ်–F-28၊ ပထမထပ်၊ Block-B၊ ပုလဲကွန်ဒို၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၇၄၄၈ (လိုင်းခွဲ–၈၄၄)၊ Fax - ၅၄၅၉၈၃ (Hot Line –၀၉–၅၁၇၃၆၇၁၊ ၀၉–၅၁၀၉၇၄၈)
E-mail: amrihospitals.mm@gmail.com, tun@amrihospitals.in

❑ **စင်ကာပူအမျိုးသားဆေးရုံကြီးနှင့် တန်တောက်ခင်းဆေးရုံကြီး**
**(National University Hospital & Tan Tock Seng Hospital)**
– အမှတ်–၃၃(B)၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၁၁၄၇၀၊ ၂၂၁၃၄၇၊ ၀၉–၅၀၆၅၈၄၆၊ ၀၉–၈၀၃၄၉၃၄၊ ၀၉–၅၀၂၆၄၉၈။
– အမှတ်–၁၅၃(B)၊ ၇၃ လမ်း၊ ၃၃ လမ်းနှင့် ၃၄ လမ်းကြား၊ မန္တလေးမြို့။ ဖုန်း–၀၂–၇၃၁၁၈၊ ၂၃၄၀၆၊ ၀၉–၉၉၇၀၃၈၈

❑ **Parkway Health Singapore လက်အောက်ရှိ Mouth Elizabeth ဆေးရုံနှင့် Gleneagles ဆေးရုံ**
အမှတ်–၁၅–B၊ တော်ဝင်လမ်း၊ နိုင်ငံခြားရေးဝန်ကြီးရုံးအနီး၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၇၁၀၆
E-mail:parkway@nebula.com.mm
Helpline: ၀၉–၅၀၅၂၃၅၅၊ ၀၉–၅၀၆၆၂၂၅၊ ၀၉–၆၈၀၂၁၁၈

❑ **ပီရာဝေ့ဆေးရုံကြီး ဘန်ကောက် (Piyavate Hospital)**
အမှတ်–၅၇၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၁၁၂၇၉၊ ၂၂၀၀၇၂ (လိုင်းခွဲ–၂၀၂)၊ Fax–၂၂၆၇၁၇
E-mail: myanpiyavate@myanmar.com.mm

❑ **Singapore General Hospital**
**Myanmar Zircon Co.,Ltd.**
အခန်း–၃၀၁/၃၀၂၊ ဒုတိယထပ်၊ IHBC အဆောက်အအုံ၊ ဗိုလ်အောင်ကျော်လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၇၄၆၇၆၊ ၃၉၂၉၁၉ ~ ၂၁ (လိုင်းခွဲ–၃၀၁၊ ၃၀၂)

# မြန်မာနိုင်ငံရဲ့ Popular Bookstore ဖရန်ချိုက်စ်ဆိုင်ခွဲသစ်

စင်ကာပူနိုင်ငံက Popular Holding Limited နဲ့ City Mart Holding Co., Ltd. တို့ ပူးပေါင်းပြီးဖွင့်လှစ်လိုက်တဲ့ Popular Bookstore ရဲ့ မြန်မာနိုင်ငံအတွက် ပထမဆုံး Franschise ဆိုင်ခွဲတစ်ခုပါ။ Popular ဟာ စာအုပ်များဖြန့်ဖြူးရောင်းချရာမှာ Customer လိုအပ်ချက်နဲ့ကိုက်ညီအောင် ခေတ်နှင့်အညီ ဖြန့်ဖြူးရောင်းချပေးနိုင်တဲ့ အမှတ်တံဆိပ်တစ်ခုဖြစ်ပြီး စင်ကာပူ၊ မလေးရှား၊ ဟောင်ကောင်စတဲ့ နိုင်ငံတွေမှာလည်း Popular Bookstore Franschise ဆိုင်ခွဲပေါင်း ရာကျော်ဖွင့်လှစ်ထားနိုင်တာကို တွေ့ရပါတယ်။

ဒီ Popular Bookstore ကို ရန်ကုန်မြို့လယ်နဲ့အနီးဆုံးမှာတည်ရှိတဲ့ ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလလမ်းနဲ့ တာဝတိံသာလမ်းထောင့်၊ မဟာဗန္ဓုလတံတားအနားက East Point Shopping Center မှာဖွင့်လှစ်ထားလို့ သွားရေးလာရေးလည်း လွယ်ကူတာတွေ့ရပါတယ်။ ပေးရတဲ့ဈေးနဲ့တန်အောင် အရည်အသွေးမြင့်ပစ္စည်းတွေ၊ စာအုပ်တွေရောင်းချပေးနိုင်ပြီး Customer များအတွက်လည်း သက်သောင့်သက်သာရှိစေမယ့်အပြင်အဆင်၊ ပတ်ဝန်း

www.foreverspace.com.mm

ကျင့်နဲ့ ဝန်ဆောင်မှုတွေကိုလည်း ထပ်လောင်းအားဖြည့်ထားတာ တွေ့ရပါတယ်။

ဒီစာအုပ်ဆိုင်မှာ စာရေးကိရိယာမျိုးစုံ၊ အင်္ဂလိပ်စာအုပ်စာပေမျိုးစုံ၊ စင်ကာပူသင်ရိုးညွှန်းတမ်း သင်ထောက်ကူပစ္စည်းတွေ စုံလင်စွာရရှိနိုင်တဲ့အပြင် ရုံးသုံး၊ ကျောင်းသုံး၊ အိမ်သုံး စာရေးကိရိယာများကိုလည်း စုံလင်စွာဝယ်ယူနိုင်တဲ့အပြင် စာဖတ်ဝါသနာပါသူတွေ၊ အထွေထွေဗဟုသုတရှာဖွေလိုသူတွေ၊ တိုးတက်လိုသူတွေအတွက်၊ ဝါသနာနဲ့ကိုက်ညီနိုင်မယ့် လေ့လာဖွယ်စာအုပ်မျိုးစုံ၊ လူကြီးလူငယ်တွေနဲ့ ကျောင်းသားကျောင်းသူတွေအတွက် အားလပ်ရက်ကို အကျိုးရှိရှိအသုံးချနိုင်စေမယ့် စာအုပ်စာပေမျိုးစုံကိုလည်း ရရှိနိုင်မှာဖြစ်လို့ လမ်းညွှန်လိုက်ရခြင်းပါ။ မူလတန်းကြိုကစလို့ အတန်းစုံကျောင်းသားတွေအတွက် ပညာရေးဆိုင်ရာ ဖတ်စာအုပ်၊ လေ့ကျင့်ခန်းစာအုပ်၊ ဖတ်မှတ်မှီငြမ်းသင့်သောစာအုပ်မျိုးစုံနဲ့ SATs စာအုပ်မျိုးစုံကိုလည်း ရရှိနိုင်တာမို့ မိသားစုတိုင်း၊ ကျောင်းသားတိုင်း၊ စီးပွားရေးလုပ်ငန်းရှင်တွေအတွက် တစ်နေရာတည်းမှာ စုံလင်စွာဝယ်ယူရရှိနိုင်တဲ့ ONE-STOP စာအုပ်ဆိုင်ဖြစ်လို့ စိတ်ကျေနပ်မှုရရှိကြမယ်ထင်ပါတယ်။

စာအုပ်များကို ကဏ္ဍအလိုက် စနစ်တကျသေသပ်စွာ ခင်းကျင်းထားလို့ အလိုရှိတဲ့စာအုပ်တွေကို အလွယ်တကူရွေးချယ်ဝယ်ယူနိုင်မှာပါ။

## ဘယ်သွားသွားဆောင်ထားဖို့ အဆင်ပြေတဲ့ NIVEA Cream အထုပ်ကလေးများ

အခုလိုပူပြင်းခြောက်သွေ့တဲ့နွေရာသီမှာ ခရီးသွားတဲ့သူတွေပဲဖြစ်ဖြစ်၊ နိစ္စဓူဝ နေပူလေပူထဲသွားလာနေရတဲ့သူတွေပဲဖြစ်ဖြစ်၊ အသားအရေမပျက်စီးစေပဲ လုပ်မှုကိုထိန်းသိမ်းပေးနိုင်ဖို့အတွက် အသားအရေထိန်းအလှကုန်တစ်မျိုးမျိုးကိုတော့ လိမ်းပေးသင့်တယ်လို့ထင်တယ်။ ဒီကွက်လပ်ဖြည့်နိုင်ဖို့ ဆောင်ယူသွားဖို့ ဝန်ထုပ်ဝန်ပိုးလည်းမဖြစ် ငွေကုန်ကြေးကျလည်းမများဘဲနဲ့ ပေါ့ပေါ့ပါးပါး ဝယ်ယူအသုံးပြုနိုင်တဲ့ NIVEA Cream အထုပ်တစ်မျိုးကို လမ်းညွှန်ပေးလိုက်ပါတယ်။ ဒီ NIVEA Cream အထုပ်ကလေးတွေမှာ အမျိုးသားများမျက်နှာ အဆီပြန်ခြင်းနဲ့ ဝက်ခြံထွက်ခြင်းကို ကာကွယ်ပေးတဲ့ NIVEA For Men Acne Oil Control Cream ရယ် အမျိုးသမီးများ အသားအရေ ညိုမည်းပျက်စီးခြင်းကို ကာကွယ်ပြုပြင်ပေးနိုင်တဲ့ NIVEA Visage White Extra Cell Repair Cream ဆိုပြီး နှစ်မျိုးရှိပါတယ်။

10 ml ပါဝင်သောအထုပ်ငယ်ကလေးများဖြစ်ပြီး ဝယ်ယူရလွယ်ကူခြင်း၊ ကိုယ်နှင့်မကွာ အလွယ်တကူဆောင်ထားပြီး အချိန်မရွေးအသုံးပြုနိုင်ခြင်းတို့ကြောင့် လူငယ်၊ လူကြီးမရွေး အထူးအဆင်ပြေမည့် အထုပ်ကလေးတွေ ဖြစ်ပါတယ်။ စမ်းသပ်သုံးစွဲဖို့ တစ်ထုပ်လောက်ပဲ အရင်ဝယ်ပြီးလိမ်းကြည့်ရင်တောင် ငွေပမာဏ မများတာမို့ စမ်းသပ်ကြည့်ဖို့လွယ်ကူမှာပါ။ အလှကုန်အရောင်းကောင်တာတွေမှာ အလွယ်တကူဝယ်ယူလို့ရပါတယ်။

## Coreana ရဲ့ Color Play Cosmetic

ကိုရီးယားနိုင်ငံရဲ့ Coreana Cosmetic Co., Ltd. ကနေ ထုတ်လုပ်ထားတဲ့ Color Play အလှကုန်ပစ္စည်းတွေဖြစ်ပါတယ်။ SPF 10 ပါဝင်တဲ့ Cover up Liquid Foundation နဲ့ Cover up Skin Cover, Cover up Pact, Cover up Two Way Cake တွေရှိတာတွေ့ရပါတယ်။ ဒါ့အပြင် Eye Shadow, Eye Liner, Mascara နဲ့ Lip Stick, Lip Gloss, Lip Liner တွေလည်းရှိလို့ လမ်းညွှန်ပေးလိုက်ခြင်းပါ။ လက်သည်းနဲ့ပတ်သက်တဲ့ Stylish me nail Varnish နဲ့ Color Play Nail Varnish ကိုလည်း အရောင်အသွေးမျိုးစုံရရှိနိုင်ပါသေးတယ်။ Coreana Cosmetic Co., Ltd. က ကိုရီးယားနိုင်ငံရဲ့ နံပါတ် (၁) အလှကုန်ပစ္စည်းထုတ်လုပ်တဲ့ကုမ္ပဏီဖြစ်တယ်လို့ဆိုထားပြီး ဒီပစ္စည်းတွေကိုတော့ မြန်မာနိုင်ငံအတွက်တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် Aqua Land Co., Ltd. မှ တာဝန်ယူဖြန့်ချိပေးနေတာပါ။ လိပ်စာကတော့ Aqua Land Co., Ltd. အမှတ် (၂၇)၊ ကမ္ဘာ့ဇရိပ်သာလမ်း၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၁-၅၃၄၁၄၅၊ ၅၀၂၁၇၀ ဖြစ်ပါတယ်။ နာမည်ကျော် ဆူပါမားကက်တချို့မှာလည်း အရောင်းကောင်တာတွေ ဖွင့်လှစ်ရောင်းချပေးတဲ့အပြင် အခါအားလျော်စွာလည်း အရောင်းမြှင့်တင်တဲ့အစီအစဉ်လေးတွေ ပြုလုပ်ပေးလေ့ရှိတာ တွေ့ရပါတယ်။

LIVING COLOR

ဖုန်း - ၂၄၂၄၄ ၊ ၃၉၁၀၁၂

www.foreverspace.com.mm



## ၂၀၀၉ ခုနှစ် မတ်၊ ဧပြီလနှင့် မေလအတွင်း ထွက်ရှိသောစာအုပ်များ

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ်အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | ပြန်မလော့မြစ်မှနာဂစ်ပုံပြင်များ<br>စာမူခွင့်ပြုချက်အမှတ် –၅၁၀၀၀၁၀၁၀၉ | လယ်တွင်းသား စောချစ် | ၅၀၀ | ၁၀၀၀ | ပန်းမြိုင်လယ် | ၂၀၀၉၊ မတ် (ပ–ကြိမ်) | အတွေ့အကြုံ |
| ၂။ | ပျော်ရွှင်ကျန်းမာဆယ်သက်တို့ကမ္ဘာ<br>စာမူခွင့်ပြုချက်အမှတ် – ၄၀၀၀၃၈၀၁၀၉ | ဒေါက်ထွေး(ဆေးမန်း)နှင့်ဒေါက်တာ ခင်မောင်ထွေး | | ၂၅၀၀ | Digest Media Bank | ၂၀၀၉၊ဖေဖော်ဝါရီ (ပ–ကြိမ်) | ကျန်းမာရေး |
| ၃။ | တေးဂီတ၏တန်ခိုးစွမ်းပကား<br>စာမူခွင့်ပြုချက်အမှတ် – ၄၀၁၀၀၀၁၀၉၀၈ | နိုင်ဇော် | ၅၀၀ | ၃၅၀၀ | တူဒေး | ၂၀၀၉၊ မတ် (ပ–ကြိမ်) | ရသစာစဉ် |
| ၄။ | မမရေချယ်<br>စာမူခွင့်ပြုချက်အမှတ်– ၅၀၀၀၅၂၀၁၀၉ | တင်မောင်မြင့် | ၁၀၀၀ | ၂၀၀၀ | ပုဂံ | ၂၀၀၉၊ မတ် (ပ–ကြိမ်) | ဘာသာပြန် |
| ၅။ | ဒိုင်နိုဆော<br>စာမူခွင့်ပြုချက်အမှတ်– ၄၀၀၀၂၆၀၁၀၉ | မြန်မာပြန်မင်းစိုး | ၅၀၀ | ၃၂၀၀ | ဦးဆောက်ပန်း | ၂၀၀၉၊ဖေဖော်ဝါရီ (ပ–ကြိမ်) | သုတ |
| ၆။ | ကြေးစား<br>စာမူခွင့်ပြုချက်အမှတ်–၄၂၀၀၇၂၁၂၀၈ | မိုယ်းဇော် | ၅၀၀ | ၁၅၀၀ | Majestic Publishing | ၂၀၀၉၊ မတ် (ပ–ကြိမ်) | ကဗျာ |
| ၇။ | ရဲတိုက်ကြီး<br>စာမူခွင့်ပြုချက်အမှတ်– ၅၀၁၈၉၃၁၁၀၈ | နတ်နွယ် | ၁၀၀၀ | ၂၅၀၀ | ပုဂံ | ၂၀၀၉၊ မတ် (ပ–ကြိမ်) | ဘာသာပြန် |
| ၈။ | မိတ်ဆွေတိုးပွားရေး<br>စာမူခွင့်ပြုချက်အမှတ်– ၄၀၁၂၈၀၁၁၀၇ | မောင်ဝံသ | ၅၀၀ | ၁၅၀၀ | နန်းဒေဝီ | ၂၀၀၉၊ မတ် (ပ–ကြိမ်) | – |
| ၉။ | ကျွန်ုပ်တို့၏ယန္တရား<br>စာမူခွင့်ပြုချက်အမှတ်– ၄၀၁၄၄၆၁၂၀၈ | ရဲမင်းဦး | ၅၀၀ | ၁၂၀၀ | သုတဝေလျှံ | ၂၀၀၉ ၊ မတ် (ပ–ကြိမ်) | ဟာသ |
| ၁၀။ | သေမင်းနှင့်နင်လားငါလား<br>စာမူခွင့်ပြုချက်အမှတ်– ၅၀၁၄၄၂၀၉၀၈ | အရိုး | ၅၀၀ | ၁၅၀၀ | အိမ်သူရွှေမ | ၂၀၀၉၊ မတ် (ပ–ကြိမ်) | ဝတ္ထု |
| ၁၁။ | ဗုဒ္ဓ၏ဗုဒ္ဓဝါဒ<br>စာမူခွင့်ပြုချက်အမှတ်– ၃၂၀၁၁၇၀၃၀၉ | အရှင်ကောဝိဒ (ယော) | ၅၀၀ | ၁၅၀၀ | ပညာပြည့်ဝ နှလုံးလှ | ၂၀၀၉၊ မတ် (ပ–ကြိမ်) | ဘာသာရေး |
| ၁၂။ | မဟာဂီတခြေရာကောက်<br>စာမူခွင့်ပြုချက်အမှတ်– ၄၀၁၁၈၇၁၀၀၈ | မောင်သန်းဆွေ (ထားဝယ်) | ၁၅၀၀ | ၂၅၀၀ | အလင်းသစ် | ၂၀၀၉၊ဖေဖော်ဝါရီ (ပ–ကြိမ်) | ဂီတသမိုင်း |

www.foreverspace.com.mm

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၃။ | ဂျိုကာ<br>စာမူခွင့်ပြုချက်အမှတ်- ၅၀၀၁၀၁၀၁၀၉ | ကြပ်ကလေး၊<br>ပန္နမ်ဒီရိုင်း၊ မိုးဆက်၊<br>လင်းလက်၊ လူနေ၊ ဝိဇယ | ၁၀၀၀ | ၁၀၀ | – | ၂၀၀၉၊ မတ်<br>(ပ-ကြိမ်) | ဟာသဝတ္ထု<br>စုစည်းမှု |
| ၁၄။ | နီးလျက်နဲ့မဝေးကြဖို့<br>စာမူခွင့်ပြုချက်အမှတ်- ၃၂၀၅၇၂၁၀၀၈ | ခင်စောတင့် | ၁၀၀၀ | ၁၂၀၀ | သူရိယ | ၂၀၀၉၊ မတ်<br>(ပ-ကြိမ်) | ဘာသာရေး |
| ၁၅။ | အမှာစာ<br>စာမူခွင့်ပြုချက်အမှတ်- ၄၀၁၃၆၉၁၂၀၈ | ခင်စောတင့် | ၁၀၀၀ | ၁၀၀၀ | ကျော်မွေး | ၂၀၀၉၊ ဧပြီ<br>(ပ-ကြိမ်) | |
| ၁၆။ | ဒေါက်တာအနန္တခြသေ့်<br>စာမူခွင့်ပြုချက်အမှတ်- ၅၀၀၃၀၆၀၃၀၇ | သိန်းသန်းထွန်း | ၁၀၀၀ | ၂၅၀၀ | သုံးပွင့်ညီညာ | ၂၀၀၉၊ မတ်<br>(ပ-ကြိမ်) | ဝတ္ထု |
| ၁၇။ | မုသားပျားရည်နှစ်စက်<br>စာမူခွင့်ပြုချက်အမှတ်- ၅၀၀၅၄၃၀၄၁၈ | မြတ်သင်း | ၁၀၀၀ | ၁၅၀၀ | နန်းသပြေ | ၂၀၀၉၊ ဧပြီ<br>(ပ-ကြိမ်) | ဝတ္ထုတို |
| ၁၈။ | ကိုယ်တွေ့မေတ္တာဘာဝနာ<br>စာမူခွင့်ပြုချက်အမှတ်- ၃၂၀၁၂၆၀၃၀၉ | မင်းသူရိန် | ၇၀၀ | ၂၂၀၀ | ကေဇော် | ၂၀၀၉၊ မတ်<br>(ပ-ကြိမ်) | ဘာသာရေး |
| ၁၉။ | အမေနှင့်လူစွမ်းကောင်းငါးဦး<br>စာမူခွင့်ပြုချက်အမှတ်- ၃၀၀၁၉၅၀၆၀၂ | အရှင်အာဆရာ<br>လက်ာရကိုးဘွဲ့ရ<br>ဆရာတော် | ၅၀၀ | ၁၀၀၀ | အိမ့်သက်မှူး | ၂၀၀၉၊ မတ်<br>(ပ-ကြိမ်) | ရုပ်ပြ |
| ၂၀။ | ခိုးခိုးခစ်ခစ်<br>စာမူခွင့်ပြုချက်အမှတ်- ၅၀၀၃၀၂၀၃၀၉ | မင်းလူ | ၅၀၀ | ၁၀၀၀ | ကံ့ကော်ဝတ်ရည် | ၂၀၀၉၊ မတ်<br>(ပ-ကြိမ်) | ဝတ္ထု |
| ၂၁။ | တပင်ရွှေထီးဘုရင့်နောင်<br>စာမူခွင့်ပြုချက်အမှတ်- ၃၁၀၀၁၀၀၁၁၉ | ဟိန်းဇေ | ၁၀၀၀ | ၂၅၀၀ | စိုး | ၂၀၀၉၊ မတ်<br>(ပ-ကြိမ်) | သမိုင်း |
| ၂၂။ | မြန်မာစာ ကမ္ဘာကသိစေသူ<br>စာမူခွင့်ပြုချက်အမှတ်- ၄၀၀၀၇၃၀၁၀၉ | စိစဉ်သူ-ခင်ထွန်း | ၁၀၀၀ | ၁၅၀၀ | – | ၂၀၀၉၊ ဖေဖော်ဝါရီ<br>(ပ-ကြိမ်) | – |
| ၂၃။ | စီမံတကျနှင့်အသွင်ကူးပြောင်းမှုဆိုင်ရာ<br>စာမူခွင့်ပြုချက်အမှတ်- ၄၀၀၀၃၃၀၁၀၉ | ဝင်းသိန်းဦး | ၅၀၀ | ၁၃၀၀ | Future Publi-<br>shing House | ၂၀၀၉၊ မေ<br>(ပ-ကြိမ်) | စီမံခန့်ခွဲမှု |
| ၂၄။ | ဘကြီးတော်မင်း<br>စာမူခွင့်ပြုချက်အမှတ်- ၅၀၂၀၀၈၁၂၀၈ | မောင်ဖေငယ် | ၅၀၀ | ၂၃၀၀ | ကံ့ကော်ဝတ်ရည် | ၂၀၀၉၊ ဖေဖော်ဝါရီ<br>(ပ-ကြိမ်) | သမိုင်း<br>ဝတ္ထု |
| ၂၅။ | တိုင်းရင်းဆေးဖက်ဝင်ဟင်းသီး<br>ဟင်းရွက်များ<br>စာမူခွင့်ပြုချက်အမှတ်- ၄၀၀၄၆၂၀၄၀၈ | ကျော်တင့်ဆွေ | ၁၀၀၀ | ၂၀၀၀ | ရန်အောင် | ၂၀၀၉၊ ဧပြီ<br>(ပ-ကြိမ်) | တိုင်းရင်းဆေး |
| ၂၆။ | ပွတ်သီးပွတ်သပ်ပစ္စုပ္ပန်<br>စာမူခွင့်ပြုချက်အမှတ်- ၅၀၁၈၄၇၁၁၀၈ | ဗျူး | ၅၀၀ | ၂၀၀၀ | ဗျူး | ၂၀၀၉၊ မတ်<br>(ပ-ကြိမ်) | ဝတ္ထု |

www.foreverspace.com.mm



| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၇။ | အကြားအမြင်ပါရမီရှင်<br>ဆရာကြီးနော်စတာဒါးမစ်ရဲ့<br>ကမ္ဘာကျော်တဘောင်များ<br>စာမူခွင့်ပြုချက်အမှတ်– ၄၀၁၀၄၉၀၉၀၇ | အောင်သန်းချစ် | ၁၅၀၀ | ၃၀၀၀ | ပန္နဂံ | ၂၀၀၉၊ ဧပြီ<br>(ပ–ကြိမ်) | ဘာသာပြန် |
| ၂၈။ | သိုးကျောင်းသားရဲ့အနတ္တလွင်ပြင်<br>စာမူခွင့်ပြုချက်အမှတ်– ၅၀၁၇၇၆၁၁၀၈ | မိုးသက်ဟန် | ၁၀၀၀ | ၁၅၀၀ | သူရဲကောင်း | ၂၀၀၉၊ ဧပြီ<br>(ပ–ကြိမ်) | ဝတ္ထု |
| ၂၉။ | ဒို့လမ်း<br>စာမူခွင့်ပြုချက်အမှတ်– ၅၀၂၀၃၁၁၂၀၈ | သခင်ခင်ဇော် | ၅၀၀ | ၁၅၀၀ | သင်း | ၂၀၀၉၊ မတ်<br>(ပ–ကြိမ်) | ဘာသာပြန် |
| ၃၀။ | အယ်လ်ဇေးရှင်းကိုပြုစုစောင့်ရှောက်ခြင်း<br>စာမူခွင့်ပြုချက်အမှတ်– ၄၀၁၁၈၁၁၀၀၈ | ဒေါက်တာ<br>ခင်စန်းမော် | ၅၀၀ | ၂၅၀၀ | တူဒေး | ၂၀၀၉၊ ဖေဖော်ဝါရီ<br>(ပ–ကြိမ်) | အိမ်မွေးတိရစ္ဆာန်<br>ကျန်းမာရေး |
| ၃၁။ | ကျွန်တော်ပန်းချီကုန်သည်<br>စာမူခွင့်ပြုချက်အမှတ်– ၄၀၁၁၆၂၁၀၀၇ | ဦးလှဝင်း<br>(လေသူရဲတစ်ဦး) | ၅၀၀ | ၃၀၀၀ | ရတနာပုံ | ၂၀၀၈၊ ဒီဇင်ဘာ<br>(ပ–ကြိမ်) | ဆောင်းပါး<br>ပေါင်းချုပ် |
| ၃၂။ | သပြေကန်အာစေရသာသနကထာကျမ်း<br>စာမူခွင့်ပြုချက်အမှတ်– ၃၂၀၄၁၁၀၈၀၈ | ဦးသက်စိန်<br>(ဖြူး) | ၁၀၀၀ | ၅၀၀၀ | မိခင်ဇရာဝတီ | ၂၀၀၈၊ နိုဝင်ဘာ<br>(ပ–ကြိမ်) | ဘာသာရေး |

# စာအုပ်လမ်းညွှန်

## Editor's Choice




## စောင့်ကြည့်ရမည့်ခေါင်းဆောင်၊ စောင့်ကြည့်ရမည့်တိုင်းပြည်၊ စောင့်ကြည့်ရမည့်အိုင်ဒီယာနှင့် စောင့်ကြည့်ရမည့်တူရူချက်

**ကျော်ဝင်း**

ကမ္ဘာလုံးဆိုင်ရာပြောင်းလဲမှုဖြစ်စဉ်များသည် စင်စစ်အားဖြင့် ကမ္ဘာလုံးချီကစားကွက်အတွင်းရှိ အဓိကကျသော Player များနှင့်က အိုင်ဒီအိုလိုဂျီများထိန်းကျောင်းနေသည့်သဘောဟု ဆိုရပါမည်။ ထိုပလေယာများနှင့် အိုင်ဒီအိုလိုဂျီများ၏ အသိဉာဏ်ပညာရေချိန်အနိမ့်အမြင့်၊ ကမ္ဘာလုံးလွှမ်းခြုံစဉ်းစားနိုင်မှုတို့အပေါ် မူတည်ကာ ကမ္ဘာကြီးအေးချမ်းသာယာခြင်း၊ စစ်မက်မီးပူလောင်ခြင်းတို့ ဖြစ်စေနိုင်သည်။ မကြာသေးခင်နှစ်များအတွင်း ဖြစ်ပေါ်ခဲ့သည့် ကမ္ဘာလုံးဆိုင်ရာအရေးကိစ္စများကိုကြည့်လျှင် ဤအချက်ကို ရှင်းရှင်းလင်းလင်း တွေ့မြင်ရပေသည်။ ယခုစာအုပ်သည် အမြဲပြောင်းနေတတ်သည့် ကမ္ဘာကြီး၏ လားရာအမြင်နှင့် တူရူချက်များကို ပုံမှန်မိတ်ဆက်ရေးသားပေးနေသူ ကျော်ဝင်းက မဝေးတော့သည့်အနာဂတ်ကာလတစ်ခုတွင် ကမ္ဘာလုံးချီကစားကွက်ကို ဦးဆောင်လာနိုင်ဖွယ်ရာရှိသည့် စောင့်ကြည့်ရမည့် လူပုဂ္ဂိုလ်၊ တိုင်းပြည်၊ အိုင်ဒီယာနှင့် တူရူချက်များကို စုစည်းပေးထားသည်။

စောင့်ကြည့်ရမည့်ခေါင်းဆောင်ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ လတ်တလော ဝန်ကြီးချုပ်တာဝန်ယူထားသူ ဗလာဒီမာပူ

www.foreverspace.com.mm


တင်ကို ဒုတိယမြောက်ပီတာသဂရိတ်နှင့် ခိုင်းနှိုင်း၍ ရွေးချယ်ထားသည်။ Times သတင်းထောက်အဖွဲ့ မေးမြန်းစဉ်ကမူ ပူတင်မှာ သမ္မတရာထူးတွင် ဒုတိယသက်တမ်းအဖြစ်ရှိနေလေသည်။ တိုင်းမ်မဂ္ဂဇင်း၏သတင်းထောက် Adi Igmatins ၏ ပူတင်သရုပ်ဖော်ကောက်ကြောင်းဖြင့် နိဒါန်းချီထားသည်။ သူက ပူတင်သည် ကရင်မလင်နန်းတော်အတွင်းမှ စီမံခန့်ခွဲအုပ်ချုပ်ခဲ့သော ဇာဘုရင်အပါအဝင် ကွန်မြူဆိုရှယ်လစ်ခေါင်းဆောင်များနှင့်မတူသူဟု မှတ်ချက်ပြုသည်။ ပကာသနကို မမက်မော၊ ဟိတ်ကြီးဟန်ကြီးထုတ်လေ့မရှိသူ၊ စကားနည်းသူ၊ လျှို့ဝှက်သူ၊ အပြုံးအရယ်နည်းသူ၊ အမေရိကနှင့်ပတ်သက်လျှင် စကားကို အားနှင့်မာန်နှင့်ပြောတတ်သူစသဖြင့် ပူတင်၏ ရုပ်ပိုင်းဆိုင်ရာလက္ခဏာရပ်များကိုလည်း သတင်းထောက်လုပ်သူက ရုပ်လုံးကြွလာအောင် ဖော်ပေးသည်။

ဘောရစ်ယဲလ်ဆင်လက်ထက်ကသောင်းကနင်းဖြစ်နေသော ရုရှားစီးပွားရေးကို စနစ်တကျကယ်တင်ဆယ်မနိုင်ခဲ့သူပူတင်သည် နှစ်စဉ် ၇ ရာခိုင်နှုန်း စီးပွားရေးတိုးတက်မှုနှုန်းရှိအောင် စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။ ထို့အပြင် ပြည်ပကြွေးမြီများပြန်ဆပ်နိုင်ခြင်း၊ ရုရှားလူချမ်းသာများ ပိုချမ်းသာလာစေခြင်း၊ ဆင်းရဲသားများ၏ မူလဘဝထက် ပိုကောင်းလာစေခြင်း၊ အလုပ်သမားလစာများတိုးခြင်း၊ ကမ္ဘာ့မျက်မှောက်ရေးရာများတွင် စေ့စပ်ဖျန်ဖြေသည့်နေရာမှ ဝင်လာနိုင်ခြင်း၊ ယခင်စစ်အေးခေတ်ကာလက စစ်ပါဝါတစ်ခုတည်းနှင့် ဩဇာထူထောင်ခဲ့သော မော်စကိုကို ယခုအခါ ရေနံ၊ ဓာတ်ငွေ့၊ ကျွန်းအစရှိသော သယံဇာတလက်နက်များ သုံး၍ ကမ္ဘာ့ဇာတ်ခုံထက်သို့ အရှိန်ပြင်းပြင်းတက်လာနိုင်ခြင်းတို့မှာ ပူတင်၏ စီမံခန့်ခွဲမှုအရည်အချင်းက အဓိကဟု ဆိုကြသည်။ ထိုအခြေအနေများရောက်ရှိရန် ရုရှားပြည်သူတို့ပေးဆပ်ရသည်များလည်း ရှိသည်။ တစ်နည်းဆိုရသော် ပူတင်ခေတ်၏ အမှောင်ဘက်ခြမ်းဟုလည်း ဆိုနိုင်သည်။ ယင်းမှာ ရုရှားနိုင်ငံ တည်ငြိမ်ရေးအတွက် လွတ်လပ်မှုကို စတေးခဲ့ရခြင်းအချို့ဖြစ်သည်။ သတင်းစာနှင့် ရုပ်သံလွှင့်ဌာနအချို့ ပိတ်ပစ်ခြင်း၊ ကရင်မလင်ကို စိန်ခေါ်လာနိုင်သော စီးပွားရေးလုပ်ငန်းရှင်ကြီးအချို့ကို ထောင်ချခြင်း၊ အစိုးရကို ထိပ်တိုက်ရင်ဆိုင်လာသော နိုင်ငံရေးပါတီအချို့ကို မာန်စွယ်ချိုးပစ်ခြင်းတို့ကို ပူတင်အစိုးရလုပ်ဆောင်ခဲ့သည်။ ဤအခြေအနေများရှိနေသည့်ကြားကပင် ပူတင်အပေါ် လူထုထောက်ခံမှုစစ်တမ်းများက ၇၀ ရာခိုင်နှုန်းဝန်ကျင်တွင် ပြနေခဲ့သည်။ Times သတင်းထောက်က ပူတင်အပေါ် လူထုထောက်ခံမှုနှင့်ပတ်သက်၍ ကရင်မလင်ရေးရာကျွမ်းကျင်သူ နစ်ဆင်စင်တာ၏ အောက်ပါသဘောထားမှတ်ချက်ဖြင့် သရုပ်ဖော်ပြသည်။

"တကယ်တော့ သမ္မတပူတင်ဟာ လူထုကိုယ်တိုင်ရွေးကောက်တင်မြှောက်လိုက်တဲ့ ဇာဘုရင်ဗျ၊ သူ့လိုလူတွေက မဟာပီတာဘုရင်ကြီးနဲ့ နှိုင်းယှဉ်ကြည့်ကြတယ် . . .။" ဗိုကုပ်နတ်ပြည်တင်တာပေါ့ဗျာ . . .။" (စာ-၂၂)

စင်စစ်အားဖြင့် ပူတင်အကြောင်း ဆောင်းပါးကို အပေါ်ယံအားဖြင့်ကြည့်လျှင် ပူတင်ချီးမွမ်းခန်းများဟု ထင်စရာရှိသည်။ သို့သော် ဆောင်းပါးရှင်၏ သတင်းစာအတတ်ပညာနှင့် သတင်းစာဆရာညဉ်ကြောင့် ပူတင်၏ အားသာချက်ရော အားနည်းချက်ရော ပေါ်လွင်သည်။ ဤအချက်ကို နိုင်ငံရေးပြက်လုံးများအကြောင်းရေးသားသည့် အိပ်မက်တစ်ခုတွင် တစ်စွန်းတစ်စ တွေ့ရသည်။ အိပ်မက်တွင် ပူတင်တစ်ယောက် စတာလင်တစ္ဆေနှင့်တွေ့သည့်အောက်ပုံပြင်က သက်သေပြသကဲ့သို့ရှိ၏။

"ဒီမိုကရက်ဆိုတဲ့မောင်တွေကို ဆွဲစုပြီး ပစ်သတ်လိုက်။ ပြီးတော့ ကရင်မလင်




အတွင်းဘက်ကို အပြာရောင်သုတ်'၊ ဤတွင် ပူတင်က 'အပြာရောင်ဟုတ်လား၊ ဘာကြောင့်အပြာရောင်သုတ်ခိုင်းတာလဲဗျ' ဟု မေးလိုက်ရာ စတာလင်ကြီးက ယခုလို ပြုံးပြုံးကြီးဖြေလိုက်သည်ဟု ဆိုပါသည်။ 'ဟာဟ . . . ငါသိနေတယ်။ ငါ့အကြံပေးချက်ရဲ့ ပထမပိုင်းကို မင်းဘာမှ စောဒကမတက်ဘူးဆိုတာ ငါသိနေတယ်" (စာ-၂၃)

ဆောင်းပါးရှင်က သူ့ဆောင်းပါးဆုံးခါနီးတွင် ပူတင်အပေါ်ရှိနေသည့် အမြင်သဘောထားများနှင့် သူ့အမြင်တို့ကို အောက်ပါအတိုင်း ခြုံငုံသုံးသပ်ပြပေးထားသည်။

"အနောက်တိုင်းမှ လေ့လာအကဲခတ်ကြသူ တော်တော်များများကမူ ပူတင်ကို ဒီမိုကရက်တစ်ယောက်ထက် အော်တိုကရက်တစ်ယောက်အဖြစ်သာ သဘောထားကြသည်ကများသည်။ အမှန်စင်စစ် ပူတင်မှာ ယဲ့လ်ဆင်ခင်းခဲ့သော ဒီမိုကရက်တစ် အင်စတီကျူးရှင်းအချို့ကို ထိန်းချုပ်သည်များရှိသလောက်ရှိခဲ့သည့်တိုင် ဒီမိုကရေစီနိုင်ငံရေးစနစ်တစ်ခုလုံးကို လုံးဝဖြိုချသူကားမဟုတ်ပေ။ သူ့ကို အော်တိုကရက်ဟု သတ်မှတ်လျှင်သော်မှ သူ့နိုင်ငံ

www.foreverspace.com.mm

အတွက် လိုအပ်သော အော်တိုကရေစီကို အကန့်အသတ်နှင့်ကျင့်သုံးခြင်း ဖြစ်ပါလိမ့်မည်”(စာ–၃၄)

၂၁ ရာစုတွင် သိသိသာသာထူးထူးခြားခြားအင်အားကြီးမားလာသော တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ‘စောင့်ကြည့်ရမည့်တိုင်းပြည်’ အဖြစ် ကျော်ဝင်းက ရွေးချယ်သည်။ သည်နေရာတွင် သန်းပေါင်းတစ်ထောင်ကျော်ရှိသည့် တရုတ်လူထုကို ဝဝလင်လင်ဖြစ်ရုံမျှမက ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံကြီးတစ်ခုအဖြစ် ပုံဖော်လာနိုင်သည့် တရုတ်ခေါင်းဆောင်များ၏ အရည်အချင်းကို အဓိကစောင့်ကြည့်ရမည်ဟု စာရေးသူက ဆိုလိုချင်ဟန်ရှိသည်။ လူဦးရေများပြားလွန်း၍ အတိတ်ကာလက ရေကြည်ရာမြက်နုရာကမ္ဘာအရပ်ရပ်သို့ ရွှေ့ပြောင်းနေထိုင်သူအများဆုံးဖြစ်ခဲ့သော ယနေ့တရုတ်ပြည်သည်လည်း လောကသဘာဝအရ အဆိုးရော အကောင်းပါ ဒွန်တွဲတွေ့မြင်ရသည်။ အာဖရိကနှင့် အာရှအပေါ်ထားရှိသော တရုတ်၏ နိုင်ငံခြားရေးရာပေါ်လစီအချို့အပေါ် ဝေဖန်ပြစ်တင်မှုများရှိနေသော်လည်း သန်းပေါင်းများစွာသောတရုတ်စားသုံးသူဈေးကွက်နှင့် ချိုသာလှသောလုပ်အားခတို့ကို နိုင်ငံအများစု မျက်စိကျကြသည်။ ထို့ကြောင့်ပင် တရုတ်နှင့် ဆက်ဆံရာတွင် လူ့အခွင့်အရေးကိစ္စ၊ အုပ်ချုပ်ရေးစနစ်တို့အပေါ် ဝေဖန်သည်ကတစ်ပိုင်း တရုတ်တွင် ဒေါ်လာဘီလီယံနှင့်ချီ၍ ရင်းနှီးမြှုပ်နှံကြသည်ကတစ်ပိုင်း ဖြစ်နေသည်။ မည်သို့ဆိုစေ တရုတ်ပြည်ကတော့ အားကောင်းမောင်းသန် ဖွံ့ဖြိုးနေသော စီးပွားရေးနှင့် လျော်ညီစွာကြီးထွားလာသော လူလတ်တန်းစားကို ရာနှုန်းပြည့်မထိန်းချုပ်နိုင်တော့ခြင်း၊ ဗဟိုအစိုးရ၏ အရပ်ရပ်အခွန်တော်ငွေစုဆောင်းနိုင်မှု သိသိသာသာနည်းပါးခြင်း၊ ဆင်းရဲချမ်းသာကွာဟမှုချောက်ကမ်းပါးကျယ်သထက်ကျယ် နက်သထက်နက်လာခြင်း၊ စီးပွားရေးကဏ္ဍအများစု ကွန်မြူနစ်ပါတီ၏ ထိန်းချုပ်မှုအောက်တွင်မရှိတော့ခြင်း၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုထိန်းသိမ်းရခက်လာခြင်း၊ စက်မှုဖွံ့ဖြိုးလာခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာခြင်း၊ ရေထုနှင့်လေထု သန့်ရှင်းမှုစိုးရိမ်ဖွယ်ရာရှိလာခြင်းတို့က မကြာခင်ပြဿနာတက်လာမည့်အရေးကိစ္စများ ဖြစ်နေသည်။ ဆိုခဲ့ပါအချက်အချို့မှာ ဈေးကွက်စီးပွားရေးအစဉ်အလာလက္ခဏာရပ်များဖြစ်သော်လည်း ဆိုရှယ်လစ်ကုန်လုပ်ဆက်ဆံရေးနှင့်မှု ဝိရောဓိလက္ခဏာများဖြစ်နေသည်။ ဤအခြေအနေကို ဖြေရှင်းပေးနိုင်ရန် အကောင်းဆုံးနည်းလမ်းကို စာရေးသူက ဤသို့ပါးပါးနပ်နပ်ရေးသားထားသည်။

“ဤပြဿနာအတွက် တစ်ခုတည်းသော ဖြေရှင်းနည်းမှာ ပဋ္ဌမမြောက်ခေတ်မီရေးဖြစ်ပါသည်။ ‘လေးမျိုးခေတ်မီရေး’ နှင့် စတင်ခဲ့သော တရုတ်ပြည်၏ ပြုပြင်ပြောင်းလဲမှုကို ပဋ္ဌမမြောက်ခေတ်မီရေးနှင့် အထွတ်တင်ဖို့ပင်ဖြစ်သည်။ ဤသို့အထွတ်တင်ဖို့ဆိုလျှင် တရုတ်လူထု၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုရေချိန်မှာ လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကနှင့် မတူတော့သည်ကို ပထမဆုံး သိမှတ်လက်ခံဖို့ လိုပါလိမ့်မည်။ သို့နှင့်အမျှ တရုတ်အုပ်ချုပ်ရေးစနစ်သည်လည်း ပို၍ပွင့်လင်းမြင်သာလာသလို ပို၍တာဝန်ယူနိုင်စွမ်းရှိလာရမည်ဖြစ်ပါသည်”(စာ–၅၅)

တရုတ်ကဲ့သို့အခြေအနေမျိုးရှိနေသော အခြားနိုင်ငံများလည်း တရုတ်ပြည်၏ အခြေအနေကိုကြည့်ကာ ကောင်းတာယူ မကောင်းတာပယ်လုပ်နိုင်သည့်အခွင့်အရေးများရှိနေပါသည်။ အရေးကြီးဆုံးမှာ မိမိတို့ကိုယ်ကို နိုင်ငံခေါင်းဆောင်ဟု သတ်မှတ်ထားသူများ၏ အရည်အချင်းနှင့် အမြော်အမြင်ဖြစ်ပါသည်။ ဤအချက်ကို စာရေးသူက စာကြောင်းတစ်ကြောင်းဖြင့် ကောက်ချက်ပေးထားသည်။

“အမြော်အမြင်ရှိသော တရုတ်ခေါင်းဆောင်စုအနေဖြင့် ဤလိုအပ်ချက်ကိုသိမြင်ပြီး သတိကြီးကြီးနှင့် ကိုင်တွယ်ဖြေရှင်းသွားလိမ့်မည်ဟု မျှော်လင့်ရပါသည်”(စာ–၅၅)

အနောက်သည် အရှေ့ထက်စာလျှင် စက်မှုတော်လှန်ရေးနှင့် ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းသို့ နှစ်နှစ်ရာကျော်မျှစောဖြစ်ခဲ့ရောက်ခဲ့သောကြောင့် အနောက်နိုင်ငံသားအများစု၏ အရှေ့အပေါ်အမြင်က တန်းတူရည်တူသဘောမရှိလှပေ။ ဒုတိယကမ္ဘာစစ်ပြီးစကဆိုလျှင် နေမဝင်အင်ပါယာပိုင်စိုးခဲ့သူ ဗြိတိသျှတို့၏ အရှေ့အပေါ်ထားရှိသည့်သဘောထားက တန်းတူရည်တူမရှိလှ။ တရုတ်ကို ကုလသမဂ္ဂ၏ လုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင်နေရာပါဝင်ခွင့်ရရန် အမေရိကန်သမ္မတဖရန်ကလင်ရုစဗဲ့လ်က ဗြိတိန်ဝန်ကြီးချုပ်ချာချီနှင့် အတိုက်အခံလုပ် ကြိုးပမ်းခဲ့ရသည်။ ထိုကိစ္စကို အစအဆုံးသိခဲ့သူ ထိုစဉ်က အမေရိကန်ပြည်ထောင်စုဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး၏ အောက်ပါဒိုင်ယာရီမှတ်တမ်းဖြင့် ကိုးကားပြသည်။

“တရုတ်ကိစ္စနှင့်ပတ်သက်၍ သူနှင့်ချာချီတို့အကြား အကြီးအကျယ် အငြင်းပွားခဲ့ရသည်ဟု ရုစဗဲ့လ်က ပြောပြပါသည်။ ‘တရုတ်ပြည်နဲ့ပတ်သက်တဲ့ ဝင်စတန်ရဲ့ အမြင်က နှစ်ပေါင်း ၄၀ လောက် နောက်ကျနေပြီဗျ။ သူက China ကို Chink လို့ မြင်နေတုန်း။ ဒီအမြင်က အန္တရာယ်ကြီးတယ်”(စာ–၆၉)

စင်စစ်အားဖြင့် တရုတ်ခေါင်းဆောင်များ၏အရည်အချင်းကသာ ယနေ့တရုတ်ပြည်ကို ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခြင်းဖြစ်သည်။ အထူးသဖြင့် စစ်ပြီးခေတ်ကမ္ဘာ့အစီအစဉ်များ၏ ထူးခြားချက်နှင့် မက်လုံးများကို တရုတ်ခေါင်းဆောင်များ ကျကျနနသဘောပေါက်ကြပုံရသည်။ ထိုအချက်ကို အောက်ပါအမြင်ရေးသားချက်များက ထင်ရှားစေသည်။

“တက္ကနိုလိုဂျီဖြင့်မောင်းသော မျက်

www.foreverspace.com.mm

မှောက်စီးပွားရေးတွင် မည်သည့်နိုင်ငံမှ ဧကစာကျင့်လို့မရနိုင်တော့ပြီ။ အပြန်အလှန်အမှီသဟဲပြုရမှုများဖြင့်သာ မိမိတို့ရည်မှန်းချက်များ အောင်မြင်နိုင်သည်ဖြစ်ရာ ဤအချက်ကို အမြော်အမြင်ကြီးသောတရုတ်ခေါင်းဆောင်များ သဘောပေါက်လိမ့်မည်”

“မည်သည့်နိုင်ငံမှ ဂလိုဘယ်လိုက်ဖေးရှင်းနှင့်ကင်းကွာပြီး ခေတ်မီနိုင်ငံတော်မတည်ဆောက်နိုင်ကြောင်း တရုတ်ခေါင်းဆောင်တွေသိသည်။ (ဤအသိကြောင့်ပင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ WTO သို့ မဖြစ်မနေဝင်ခဲ့ခြင်းဖြစ်သည်။) ပြောရလျှင် ‘ဂလိုဘယ်ပါဝါ’ သို့ သွားရာလမ်းမှာ လက်ရှိအဖွဲ့အစည်းများကို ဘေးမှပန်းတိုက်ဖို့ထက် အတွင်းမှဖြတ်သွားဖို့ကိုသာ တရုတ်ခေါင်းဆောင်တွေ ပိုစိတ်ဝင်စားကြပါလိမ့်မည်”(စာ–၇၁–၇၃)

ဂလိုဘယ်လိုက်ဖေးရှင်းသဘောအရ အော်တိုကရေစီမှ ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းသို့ မဖြစ်မနေကူးပြောင်းရမည့် နိုင်ငံများအတွက် တရုတ်က အကောင်းဆုံးအတုယူစရာ သင်ခန်းစာယူစရာဖြစ်သည်။ နိုင်ငံကို အမှန်တကယ်ချစ်သူ၊ နိုင်ငံသားတို့အကျိုးကိုကြည့်သူ၊ နိုင်ငံကိုအမှန်တကယ်ဖွံ့ဖြိုးတိုးတက်စေလိုသူ နိုင်ငံခေါင်းဆောင်များသာ ဖြစ်ရန်လိုသည်။

ကမ္ဘာလုံးဆိုင်ရာ ဆင်းရဲတွင်းနက်မှု၊ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါများနှင့် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုဖောက်ပြန်မှုများကို ကုစားကယ်တင်ရန် တစိုက်မတ်မတ်ပြောဆိုရေးသားလုပ်ကိုင်နေသူ ဂျက်ဖရီဆာ့ချ်၏ အတွေးအခေါ်ကြံစည်စိတ်ကူးမှုများကို စောင့်ကြည့်ရမည့်အိုင်ဒီယာအဖြစ် ရွေးချယ်ထားသည်။ မှန်ပါသည်။ ဂျက်ဖရီဆာ့ချ်၏ အောက်ပါအိုင်ဒီယာများက ဆင်းရဲသော ကမ္ဘာ့လူသားထုတစ်ရပ်လုံးအတွက်ရော ကမ္ဘာကြီးတစ်ခုလုံးအတွက်ပါ များစွာ တန်ဖိုးရှိလှသည်။

“ကမ္ဘာ့နိုင်ငံများအနေနှင့် မိမိတို့ဝင်ငွေ၏အစိတ်အပိုင်းအနည်းငယ်မျှကို အနာဂတ်အတွက်ရင်းနှီးမြှုပ်နှံမည်ဆိုလျှင် သန့်ရှင်းသောစွမ်းအင်၊ စိတ်ချယုံကြည်ရသောရိက္ခာအထောက်အပံ့၊ ကပ်ရောဂါကြီးများထိန်းချုပ်ရေးနှင့် အလွန်အကျွံဆင်းရဲမှုဖယ်ရှားရေးတို့အတွက် တက္ကနိုလိုဂျီသစ်များကို ကျွန်တော်တို့မျိုးဆက်အတွင်းမှာပင် ဇက်ကြိုးတပ်ခိုင်းစေနိုင်စရာ ရှိပါလိမ့်မည်။ ဤ ဒုတိယလမ်းကြောင်းသည်ပင် ကမ္ဘာကြီးကို ပြောင်းလဲစေနိုင်သည့် အလားအလာအပြည့်ရှိသော အိုင်ဒီယာဟု ဆိုချင်ပါသည်”

အခြားတစ်ဖက်တွင်လည်း ဂျက်ဖရီဆာ့ချ်၏ အိုင်ဒီယာများကို အကောင်အထည်ဖော်ရန်အတွက် နှစ်ပေါင်းများစွာ အရိုးစွဲကျင့်သုံးလာခဲ့သော အတွေးအခေါ်အချို့ကို ပြောင်းပြန်လှန်ပစ်ဖို့လိုပေမည်။ အထူးသဖြင့် ကိုလိုနီနယ်ချဲ့စနစ်နှင့် အော်တိုကရေစီယန္တရားအောက်တွင် လူလားမြောက်ကြီးပြင်းလာခဲ့သူများတွင်ရှိခဲ့သည့် အဖိနှိပ်ခံနှင့် အခွင့်ထူးခံလူတန်းစားနှစ်ရပ်အကြား နားလည်မှု၊ ယုံကြည်မှုတို့တည်ဆောက်ရန်လိုပါသည်။ အခြားသောဒီမိုကရက်လူ့အဖွဲ့အစည်းရှိ အစွန်းရောက်အကြမ်းဖက်များကြောင့် ဆတ်ဆတ်ထိမခံစိတ်ခံစားချက်ဖြင့် တုံ့ပြန်တတ်သည်များကိုလည်း ဆင်ခြင်သတိထားဖို့လိုပါသည်။ အရာရာကို အခုအခံများများနှင့်ကြည့်လျှင် ပကတိသဘောနှင့် ကင်းကွာသွားတတ်သည်။ ထို့ကြောင့် ဂျက်ဖရီဆာ့ချ်က အောက်ပါအတိုင်း ရေးသားပြောဆိုထား၏။

“ဤအိုင်ဒီယာကို လက်တွေ့အကောင်အထည်ဖော်ဖို့ဆိုလျှင် ကျွန်တော်တို့အနေနှင့် အဆိုးမြင် အပြစ်မြင်ဝါဒများကို ကျော်လွှားကြရပါလိမ့်မည်။ အသားကျနေပြီဖြစ်သော ‘ငါတို့နှင့်သူတို့’ ဆိုသည့် အမြင်မှား အထင်မှားကို ဖယ်ရှားပြီး သကာလ ‘ငါတို့အားလုံးအတွက်’ ဆိုသော ကမ္ဘာလုံးချီဖြေရှင်းနည်းကို ရှာဖွေရပါလိမ့်မည်။ ကျွန်တော်တို့ဘက်မှ ဤအတိုင်းဆောင်ရွက်နိုင်ပါက ပစ္စုပ္ပန်အတွက်ရော၊ အနာဂတ်အတွက်ပါ ကမ္ဘာကြီးကို ကယ်တင်နိုင်မည့်အာနိသင်များ အမှန်ပင်ရရှိနိုင်စရာရှိပါသည်။ ကျွန်တော်တို့အချင်းချင်း အပြန်အလှန် တိုက်ခိုက်ရန်ဖြစ်နေကြမည်လော၊ သို့မဟုတ် ကျွန်တော်တို့အားလုံး ရင်ဆိုင်နေရသည့် ဘုံခြိမ်းခြောက်မှုကို ရင်ဆိုင်နိုင်ရန် လက်တွဲကြိုးပမ်းကြမည်လော . . . ”(စာ–၉၃)

စောင့်ကြည့်ရမည့်တူရှုချက်ကမူ နာမည်ကျော် Newsweek မဂ္ဂဇင်း၏ ပင်တိုင်ဆောင်းပါးရှင် ဖာရိဒ်ဇာခါရီးရာ၏ အမေရိကအလွန်ကမ္ဘာ (The Post American World) စာအုပ်ကို ညွှန်းဆိုခြင်းဖြစ်သည်။

ဒုတိယကမ္ဘာစစ်ပြီးချိန်မှစ၍ စစ်အေးကာလအလွန်အထိတိုင် စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး၊ ပညာရေးတို့၌ ကမ္ဘာ့ဆူပါပါဝါနေရာ ရယူထားသော အမေရိကန်ပြည်ထောင်စု၏ မျက်မှောက်မူဝါဒအခြေအနေကို ဘွင်းဘွင်းရှင်းရှင်း ပွင့်ပွင့်လင်းလင်းဝေဖန်ထောက်ပြထားသောစာအုပ်လည်း ဖြစ်သည်။ ကမ္ဘာပေါ်တွင် အကြီးဆုံး၊ အမြင့်ဆုံး၊ အကောင်းဆုံး၊ အတော်ဆုံးဆိုသည်များ အမေရိကတွင်မရှိတော့ဘဲ ကမ္ဘာ့နိုင်ငံအသီးသီးသို့ ဖြန့်ခွဲရောက်ရှိသွားခြင်းမှအစ မီဒီယာအစွမ်းကိုအသုံးချကာ မိမိပုံရိပ်ကို အလွန်အကျွံချဲ့ကားဖြန့်ဝေခဲ့သော အမေရိက၏ ဩဇာကျဆင်းလာခြင်းကို ဇာကာရီးရားက ပယ်ပယ်နယ်နယ်ထောက်ပြထားသည်။ အထူးသဖြင့် အင်ဖော်မေးရှင်း ဒီရေပေါက်ကွဲလျှံကျလာခြင်းကြောင့် အကြမ်းဖက်မှုများ၊ သဘာဝကပ်ဘေးများကို အတိတ်ကနှင့်စာလျှင် ပို၍ မြန်မြန်များများ ထုတ်လွှင့်တင်ဆက်ပေးလာနိုင်ခြင်းကြောင့် ကမ္ဘာ့လူသားတို့အဖို့ လိုသည်ထက်ပို၍ ထိတ်လန့်တုန်လှုပ်နေကြရသည်ဟု သူကဆိုသည်။ ယနေ့ကြုံနေရသော စစ်ပွဲနှင့် သေကျေပျက်စီးမှုများသည် မီဒီယာလက်တံများ မကျယ်ပြန့်ခင်က စစ်ဘေး၊ ကပ်ရောဂါဘေး၊ သဘာဝဘေးအန္တရာယ်တို့နှင့်စာလျှင် ပြော

www.foreverspace.com.mm

ပလောက်အောင်မရှိသေးကြောင်း ယနေ့မီဒီယာများတွင် နေ့စဉ်ရက်ဆက်မြင်ကြားတွေ့သိနေရသော အကြမ်းဖက်ပုံရိပ်များကြောင့် အကြောက်တရားပိုလာရခြင်းဖြစ်ကြောင်း ဇာကာရီးယားက ဤသို့အငေါ်တူးထားသည်။

“အမှန်စင်စစ် အမေရိကန်တစ်ယောက်အတွက် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံးနိုင်သော အလားအလာထက် မိမိရေချိုးခန်းထဲမှ ရေချိုးကန်ထဲတွင် ရေနစ်သေနိုင်သည့် အလားအလာက အဆများစွာပိုများပါသည်။ သို့ဖြစ်လင့်ကစား ဘယ်သူမဆို ရေချိုးကန်ထဲတွင် အပူအပင်ကင်းကင်း ရေချိုးနိုင်ကြသည့်တိုင် ဘယ်သူမှ ဘင်လာဒင်တစ္ဆေအခြောက်မခံရဘဲ အပြင်မထွက်ရဲဖြစ်နေတော့သည်”(စာ-၁၁၆)

ဇာကာရီးယား၏ စူးစူးရှရှရှိလှသော အမြင်များက ယနေ့အယိုင်ဘက်ရောက်နေသော ဆူပါပါဝါအမေရိကအဖို့ ခါးသီးလွန်းသော စကားလုံးများဖြစ်နေသော်လည်း လက်ခံရမည့်အချက်များဖြစ်နေသည်။ အထူးသဖြင့် အရှေ့တိုင်းအိန္ဒိယဇာတိ ဖာရိဇာကာရီးယားက အနောက်နိုင်ငံကြီးအချို့၏ ကိုယ့်ဂုဏ်ကိုယ်ဖော် တစ်ဖက်သတ် သမိုင်းမှတ်တမ်းများကိုလည်း မြင်ပြင်းကပ်ပုံရသည်။ ထိုအချက်ကို အောက်ပါအရေးအသားက ထင်ရှားစေသည်။

“များသောအားဖြင့် အနောက်ကပြုစုသောသမိုင်းမှတ်တမ်းများတွင် အနောက်မဟုတ်သောနိုင်ငံများမှာ အရေးမပါလှသော ဇာတ်ရံဇာတ်ပို့တွေမျှသာ ဖြစ်နေသည်။ တစ်ခါတစ်ရံ ဇာတ်ရုပ်နှင့် ဇာတ်ဝင်ခန်း လွဲမှားနေသည်များပင်ရှိသည်။ ဥပမာ-ဒုတိယကမ္ဘာစစ်ကြီးနှင့် ပတ်သက်သော အနောက်ကပြုစုသည့် အမှတ်တရစာစုများအပေါ် ရုရှားတို့ဘက်မှ ဘဝင်မကျချင်စရာများရှိနေသည်မျိုးဖြစ်သည်။

အဆိုပါအနောက်၏ မှတ်တမ်းများအရ ဒုတိယကမ္ဘာစစ်ကြီးတွင် နာဇီအင်အားစုများအပေါ် အနိုင်တိုက်ခဲ့သော သူရဲကောင်းများမှာ အမေရိကနှင့် ဗြိတိသျှတပ်ဖွဲ့တွေသာဖြစ်နေသည်။ နော်မန်လ်ဒီ ကမ်းတက်တိုက်ပွဲမှာ စစ်ပွဲကြီးတစ်ခုလုံး၏ ဇာတ်ထွတ်ပိုင်းဖြစ်ပြီး ဤတိုက်ပွဲသည်သာ စစ်ကြီးကို အပြီးသတ်စေသည့် အဆုံးအဖြတ်တိုက်ပွဲလည်းဖြစ်သည်။ ဤကိစ္စနှင့် ပတ်သက်လျှင် ရုရှားတို့ဘက်မှ သဘောမတူသောဇာတ်ကြောင်းပြန်တွေ ရှိနိုင်သည်။ သူတို့အမြင်အရ အနောက်ဘက်စစ်မျက်နှာမှာ အဆုံးအဖြတ်တိုက်ပွဲများ ဖြစ်ပွားရာ ရှေ့တန်းမဟုတ်။ အရန်စစ်ကြောင်းသာ ဖြစ်သည်။ ပွဲလမ်းကြီးကြီးတစ်ခုလုံးထဲမှ ပွဲမြှောင်သာဖြစ်သည်။ ဂျာမန်တပ်ဖွဲ့အားလုံး၏ လေးပုံသုံးပုံမှာ ရုရှားတပ်နီတော်နှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့ရသော အရှေ့ဘက်စစ်မျက်နှာတွင်သာရှိသည်။ စစ်အတွင်း ဂျာမနီဘက်မှ အကျအဆုံး၏ ၇၀ ရာခိုင်နှုန်းမှာလည်း အဆိုပါအရှေ့ဘက်စစ်မျက်နှာတွင်သာဖြစ်သည်”(စာ-၁၂၅-၁၂၆)

‘မျက်မှောက်ကမ္ဘာကြီး၏ မမျှတမှုများကို ထောက်ပြနေသည့် ဇာကာရီးယားသည် စင်စစ်ယနေ့သြဇာအာဏာကျဆင်းနေသော ကုလသမဂ္ဂအဖွဲ့ကြီးအပါအဝင် ကမ္ဘာလုံးချီ အမည်ခံအဖွဲ့အစည်းကြီးများကိုလည်းချန်မထား ပျစ်ပျစ်နှစ်နှစ်ဝေဖန်သည်။

“ယနေ့ကုလသမဂ္ဂအဖွဲ့ကြီး၏ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်များကို လွန်ခဲ့သောနှစ်ပေါင်းခြောက်ဆယ်၊ ဒုတိယကမ္ဘာစစ်ကြီးပြီးခါစက စစ်နိုင်သူများနှင့် ဖွဲ့စည်းခဲ့ပါသည်။ ထိုစဉ်က စစ်ရှုံးနိုင်ငံဖြစ်သည့်တိုင် ယခုစီးပွားရေးအင်အားကြီးနိုင်ငံဖြစ်နေကြသော ဂျာမနီနှင့်ဂျပန်တို့မပါပါ။ စက်မှုထိပ်သီးနိုင်ငံစုဟုဆိုကြသော ‘ဂျီ-ရှစ်’ (G-8) သည်ကော ဘာထူးသနည်း။ ယနေ့ကမ္ဘာပေါ်တွင် စီးပွားရေးတိုးတက်မှု အမြန်ဆုံးဖြစ်နေသည့် တရုတ်၊ အိန္ဒိယနှင့် ဘရာဇီးတို့ မပါဝင်ပါ။ အခြားသောနိုင်ငံတကာအဖွဲ့အစည်းများကို ကြည့်လိုက်လျှင်လည်း ဤနည်းနှင်နှင်သာ ဖြစ်ပါသည်။ အစဉ်အလာအရ အိုင်အမ်အက်ဖ်ကို အမြဲတမ်းခေါင်းဆောင်ခွင့်ရသည်မှာ ဥရောပဖြစ်ပြီး ကမ္ဘာ့ဘဏ်ကို ထာဝရခေါင်းဆောင်ရသည်မှာ အမေရိက ဖြစ်ပါသည်။ ဤသို့သော အစဉ်အလာမျိုးကို လုပ်ပိုင်ခွင့်ရှိသူတွေကသာ ကျေနပ်လက်ခံကြပါလိမ့်မည်။ လုပ်ပိုင်ခွင့်ရှိသင့်ပါလျက် လုပ်ပိုင်ခွင့်မရသူများအနေနှင့် ဘယ်လိုမှ ကျေနပ်လက်ခံနိုင်လိမ့်မည်မဟုတ်ပါချေ” (စာ-၁၂၇)

ဇာကာရီးယား၏ တူရှုချက်သဘောတရားမှာ ခြုံ၍ပြောရလျှင် အမေရိကကို အရှိအတိုင်းဝေဖန်ဆန်းစစ်ပြထားခြင်းသာ။ ဂလိုဘယ်လိုက်ဇေးရှင်းသဘောသဘာဝနှင့် ကမ္ဘာကြီးကို ဂလိုဘယ်လိုက်လုပ်သော မစ်ရှင်ကို အမေရိကအနေနှင့် အောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့သော်ငြား ၎င်းကိုယ်တိုင်ကိုမူ ဂလိုဘယ်လိုက်ဇ်လုပ်ဖို့အရေး မေ့မြောနေသည်ဟု ဆိုထား၏။

အချုပ်ဆိုရသော် ဇာကာရီးယား၏ ဓာတ်ပုံနေရာတွင် New America Foundation မှ အကြီးတန်းသုတေသီပါရက်ခန်နှာပုံဖြစ်နေခြင်းမှလွဲ၍ ထင်မြင်ချက်များနှင့် သုံးသပ်ချက်များ အခန်းပါ ၂၁ ရာစု ‘မီဂါပြဿနာကြီးများ’၊ ’ငယ်သော်လှ၏၊ ငယ်သော်မြတ်၏။ ငယ်သော်တော်၏’။ ‘ဝီမင်နော့မစ်’၊ ‘ဘိဇနက်ဝန်းကျင်နှင့် ကမ္ဘာဘဏ်အညွှန်း’၊ ‘အင်တီပရိုကျော်၍ တတိယအုပ်စု’ဆောင်းပါးများကိုလည်း ဖတ်သင့်သည်။ စာရေးသူကျော်ဝင်းနှင့် ထုတ်ဝေတိုက် The Key ၏ စေတနာကို အသိအမှတ်ပြုသည်။

ထုတ်ဝေတိုက် – The Key
မျက်နှာဖုံးဒီဇိုင်း – လင်းဝဏ္ဏ
ထုတ်ဝေသည့်လ – ၂၀၀၉ ခုနှစ်၊ မတ်လ
စောင်ရေ – ၅၀၀
တန်ဖိုး – ၂၃၀၀ ကျပ်
စာမူခွင့်ပြုချက်အမှတ်–၃၁၀၀၁၅၀၂၀၉

■

www.foreverspace.com.mm

# မွေးလမွေးရက်ကပြောသော စီးပွားရေးကံဇာတာ

မောင်မောင်မြင့်သန်းမောင်

**ဗမိတို့၏ စီးပွားရေးကံဇာတာကို အလွယ်တကူသိလိုသူများအတွက် ဂဏန်းဗေဒင်ဟောကိန်းများကို လစဉ်ရေးသား ဖော်ပြပေးလျက်ရှိပါသည်။ ယခုလမှာ ၈ ရက်၊ ၁၇ ရက်နှင့် ၂၆ ရက်နေ့တို့တွင်မွေးဖွားသော ၈ ဂဏန်းဖွားသူများအတွက် စီးပွားရေးကံဇာတာဟောကိန်းများကို ရေးသားဖော်ပြအပ်ပါသည်။**

## ဇန်နဝါရီလ ၈၊ ၁၇ နှင့် ၂၆ ရက်နေ့တို့တွင် မွေးဖွားသူများ

ဘဝတစ်သက်တာတွင် သူတစ်ပါးထံမှ အကူအညီအထောက်အပံ့ အနည်းငယ်သာ ရရှိမည်။ ငွေကြေးစီးပွားဆိုင်ရာ အခွင့်အရေးကောင်းများနှင့်ကြုံတွေ့ရမည်ဖြစ်သော်လည်း ငွေကို အလွယ်တကူရမည့် ကံဇာတာပါမလာချေ။ အသက်အရွယ်ကြီးပိုင်းအတွက် ငွေကြေးပြည့်စုံလုံလောက်အောင် မစုဆောင်းတတ်ကြပေ။ အိုမင်းမစွမ်းရှိသောအချိန်တွင် မိမိ၌ ငွေကြေးဥစ္စာပြည့်စုံလုံလောက်ခြင်းမရှိသည့်အဖြစ်နှင့် ရင်ဆိုင်ရတတ်သည်။ လောင်းကစားခြင်းနှင့် လုံးဝအကျိုးမပေးတတ်ချေ။ ငွေကြေးစီးပွားရှာရာတွင်လည်း လောင်းကစားဆန်ဆန် ပုံအောရင်းနှီးမြှုပ်နှံခြင်း မပြုသင့်ပေ။

## ဖေဖော်ဝါရီလ ၈၊ ၁၇ နှင့် ၂၆ ရက်နေ့တို့တွင် မွေးဖွားသူများ

ချမ်းသာကြွယ်ဝသောမိဘမျိုးရိုးမှ မွေးဖွားလာသူမဟုတ်ခဲ့ပါက ငယ်ရွယ်စဉ်တွင် အခက်အခဲအမျိုးမျိုးကြုံတွေ့ရလိမ့်မည်။ တစ်နေ့နေ့တစ်ချိန်ချိန်တွင် အောင်မြင်ကြီးပွားလာလိမ့်မည်ဟူသော မျှော်လင့်ချက်မထားရဲလောက်အောင်ပင် အခက်အခဲအကျပ်အတည်းများနှင့် ရင်ဆိုင်ခဲ့ရမည်။ သို့သော် ကြီးပြင်းလာသောအရွယ်တွင် အဆင်ပြေလာမည်။ တစ်ချိန်ချိန်တွင် ငွေ အကြီးအကျယ်ဝင်လာတတ်သည်။ ချမ်းသာကြွယ်ဝခြင်း သို့မဟုတ် ရာထူးကြီးမြင့်ခြင်းတစ်ခုမဟုတ်တစ်ခု ဖြစ်လာမည်။ သို့သော် ဤသို့ကြီးမြင့်လာစေရန်အတွက် အရင်းအနှီးကြီးကြီးပေးဆပ်ရတတ်သည်။ တစ်ဖက်ဖက်တွင် အကြီးအကျယ်နစ်နာ ဆုံးရှုံးမှုများကြုံရမည်။

ဖေဖော်ဝါရီလ ၈ ဂဏန်းဖွားအားလုံးသည် ယေဘုယျအားဖြင့် လမ်းတစ်လမ်းတည်း တစိုက်မတ်မတ်လျှောက်လှမ်းကြပါက ဝင်ငွေကောင်းနိုင်သည်။ အထူးသဖြင့် ဖေဖော်ဝါရီလ ၂၆ ရက်နေ့ဖွားများအနေနှင့် ငွေဝင်လမ်းဖြောင့်မည်။ သို့သော်ရလာသမျှဝင်ငွေမှာ မမြဲတတ်ပေ။ အမျိုးသားဖြစ်ပါက အမျိုးသမီးအတွက်ကြောင့်သော်လည်းကောင်း၊ အမျိုးသမီးဖြစ်ပါက အမျိုးသားအတွက်ကြောင့်သော်လည်းကောင်း၊ ဥပဒေကြောင့်သော်လည်းကောင်း၊ မတရားငွေညှစ်ခံရခြင်း သို့မဟုတ် ငွေကြေးလိမ်လည်လှည့်ဖြားခံရခြင်းမျိုးကြောင့်သော်လည်းကောင်း ဆုံးရှုံးနစ်နာသွားတတ်သည်။

## မတ်လ ၈၊ ၁၇ နှင့် ၂၆ ရက်နေ့တို့တွင် မွေးဖွားသူများ

ငယ်ရွယ်စဉ်မှ အသက် ၃၀ နှစ် သို့မဟုတ် ၃၅ နှစ်ခန့်အထိ အခက်အခဲကြုံတွေ့ရတတ်သည်။ အသက် ၃၅ နှစ်နောက်ပိုင်း ဘဝအခြေအနေသိသိသာသာတိုးတက်ပြောင်းလဲလာလိမ့်မည်။ ငွေကြေးစီးပွားရှာဖွေရာတွင် အောင်မြင်မှုရှိတတ်သော်လည်း သုံးစွဲရာတွင် အသုံးအစွဲမကြီးစေဘဲ ချွေတာသုံးစွဲသင့်သည်။ ငွေကြေးစီးပွားရှာရာတွင် မစွန့်စားသင့်ပေ။ ဘဝကံကြမ္မာအလှည့်အပြောင်းများတတ်သည့်ဇာတာပါလာသဖြင့် အခါအခွင့်သင့်၍ ငွေရကံကောင်းနေစဉ် ချွေတာစုဆောင်းရန်လိုအပ်သည်။ မိမိ၏ အဆင့်အတန်းအခြေအနေပျက်ပြားစေမည့် အကြောင်းတရားများနှင့် ရင်ဆိုင်ကြုံတွေ့ရတတ်သည်။

အခက်အခဲများနှင့် ရောက်လေရာ ဘဝတွင် ကြုံတွေ့ရမည်။ မိမိ၏ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကျဆင်းတတ်သည့် ကံဇာတာပါလာသဖြင့် အထူးသတိထားပါ။

## ဧပြီလ ၈၊ ၁၇ နှင့် ၂၆ ရက်နေ့တို့တွင် မွေးဖွားလာသူများ

အသက်အရွယ် အလယ်အလတ်ပိုင်း လွန်ပြီးနောက်မှသာ ငွေကြေးကံကောင်းလာတတ်သည်။ သို့သော်ယခင်ကလိုအပ်ချက်များနှင့် ကြွေးမြီများအတွက် ငွေကြေးအကုန်အကျများနေတတ်သည်။ ငွေကြေးကို မက်မက်မောမောမရှိတတ်သော်လည်း ချွေတာ၍ စနစ်တကျသုံးစွဲတတ်သည်။ ငွေကြေးစီးပွားရှာရာတွင် အစုစပ်လုပ်ငန်း၊ စပ်တူလုပ်ငန်းများနှင့် အကျိုးမပေးတတ်ချေ။

မိမိ၏ခိုင်မာသော ဇွဲလုံ့လနှင့် ဦးတည်ချက်မပျက်အောင် ဆောင်ရွက်တတ်မှုကြောင့် ရေရှည်တွင် အကျိုးပေးလိမ့်မည်။

www.foreverspace.com.mm



သို့ရာတွင် အခြားသူများနှင့် အတူတွဲ၍ လုပ်ကိုင်ဆောင်ရွက်ရာတွင် မိမိနှင့် အဆင်ပြေသူမရှိတတ်ပေ။

မိမိကိုယ်မိမိအားကိုး၍ ဘဝကိုတည်ဆောက်ရမည်။ အခြားသူတစ်ပါး၏ အကူအညီအထောက်အပံ့ကိုအနည်းငယ်သာရတတ်သည်။ တစ်ချိန်တွင် အောင်မြင်မှုရလာမည့် ငွေကြေးချမ်းသာမည့် အလားအလာများစွာ ရှိသည်။

## မေလ ၈၊ ၁၇ နှင့် ၂၆ ရက်နေ့တို့တွင် မွေးဖွားလာသူများ

ပုံမှန်စီးပွားရေးအခြေအနေမျိုးကို ရရှိကြမည့်သူများမဟုတ်ပေ။ စီးပွားရေးအခြေအနေကောင်းလျှင် အလွန်ကောင်း၍ ဆိုးလျှင်အလွန်ဆိုးရွားသောဘဝမျိုးကို ပိုင်ဆိုင်ရတတ်သည်။ ခြိုးခြံချွေတာခြင်း၊ သတိကြီးစွာထားတတ်ခြင်းနှင့် ကြီးမားသောလုပ်ငန်းမျိုးတွင် အမြော်အမြင်ကြီးစွာ ရင်းနှီးမြှုပ်နှံတတ်ခြင်းတို့ကြောင့် စီးပွားရေးအခြေအနေကောင်းလာမည်။ သို့သော် ရုတ်တရက် ချက်ချင်းကြီးပွားချမ်းသာစေမည့်နည်းလမ်းများဖြင့် အောင်မြင်တိုးတက်မှုမရတတ်ပေ။

လောင်းကစားခြင်း သို့မဟုတ် စီးပွားရေးတွင် လောင်းကစားဆန်ဆန်ပုံအော ရင်းနှီးမြှုပ်နှံခြင်းဖြင့် အကြီးအကျယ်ဆုံးရှုံးနစ်နာနိုင်သည်။

မေလ ၂၆ ရက်နေ့တွင် ဖွားမြင်ပါက အခြား မေလ ၈ ရက်နှင့် ၁၇ ရက်နေ့တွင်ဖွားမြင်သူများထက် ပို၍အောင်မြင်မှုရမည်။

## ဇွန်လ ၈၊ ၁၇ နှင့် ၂၆ ရက်နေ့တို့တွင် မွေးဖွားလာသူများ

ငွေကြေးသုံးစွဲရာတွင် အထူးသတိထား၍ အမြော်အမြင်ရှိစွာ သုံးစွဲတတ်သည်။ စီးပွားရေးလုပ်ငန်းများကို လေးလေးနက်နက် စနစ်တကျသိုသိုသိပ်သိပ် လုပ်ကိုင်ဆောင်ရွက်တတ်သည်။

အခက်အခဲများနှင့် ကြုံတွေ့ရတတ်သော်လည်း ဖြည်းဖြည်းနှင့်မှန်မှန်ငွေကြေးအင်အားတောင့်တင်းလာနိုင်သည်။ မိမိယုံကြည်စွာ ပေါင်းသင်းဆက်ဆံလုပ်ကိုင်ရမည့်စီးပွားဖက် အလွန်နည်းပါးမည်။

မည်သို့ပင်သတိကြီးစွာထား၍ လုပ်ကိုင်ဆောင်ရွက်သော်လည်း တစ်ကြိမ်မဟုတ်တစ်ကြိမ်တွင် စီးပွားရေးထိခိုက်ဆုံးရှုံးနစ်နာမှုများဖြစ်လာမည့် ကံဇာတာပါလာသည်။ အထူးသဖြင့် မိမိလက်အောက်ငယ်သား အလုပ်သမားများက မိမိငွေကို အလွဲသုံးစား ပြုလုပ်ခြင်း၊ ခိုးယူခြင်းများ မကြာခဏခံရမည်ကို အထူးသတိထား ပါ။

## ဇူလိုင်လ ၈၊ ၁၇ နှင့် ၂၆ ရက်နေ့တို့တွင် မွေးဖွားလာသူများ

ဖွဲလုံ့လဝီရိယရှိပြီး ရည်မှန်းချက်အတိုင်း တစ်သမတ်တည်း လုပ်ကိုင်တတ်သဖြင့် တစ်နေ့နေ့တွင် ကြီးပွားချမ်းသာလာတတ်သည်။ လောင်းကစားနှင့် အကျိုးမပေးတတ်သကဲ့သို့ လောင်းကစားဆန်ဆန်ရင်းနှီးမြှုပ်နှံခြင်းဖြင့်လည်း အကျိုးစီးပွားမဖြစ်တတ်ပေ။ ငွေကြေးကိုတဖြည်းဖြည်းနှင့် စုဆောင်းမိပြီး ချမ်းသာလာတတ်သည်။ အသက်အရွယ် အလယ်အလတ်ပိုင်းရောက်သည် အထိ ဆင်းရဲဒုက္ခနှင့် ကြုံတွေ့ရတတ်သည်။

## ဩဂုတ်လ ၈၊ ၁၇ နှင့် ၂၆ ရက်နေ့တို့တွင် မွေးဖွားလာသူများ

ငွေကြေးရင်းနှီးမြှုပ်နှံမှုတွင် အထူးသတိထားသင့်သည်။ မိမိကိုယ်တိုင်ကလည်း အခြားသူများအပေါ် တော်ရုံတန်ရုံနှင့် စိတ်ချယုံကြည်မှုမရှိတတ်ပေ။ မိမိလက်အောက်အလုပ်သမားများ၏ သစ္စာမရှိမှုကြောင့် မိမိအကျိုးစီးပွားထိခိုက်တတ်သဖြင့် အထူးသတိထားသင့်သည်။

အောင်မြင်လိုပါက လုပ်ငန်းတစ်ခုလုံးကို မိမိတစ်ဦးတည်းကသာ ချုပ်ကိုင်ဆောင်ရွက်ပါမှ အောင်မြင်နိုင်သည်။ မိမိ၏ အခြေအနေမှန်ကို အခြားသူများအား ဖွင့်ဟတိုင်ပင်ခြင်းမပြုသင့်ပေ။

ငွေကြေးရင်းနှီးမြှုပ်နှံလိုလျှင် နှစ်ကြာမြင့်စွာ ခိုင်ခိုင်မာမာတည်ရှိလာခဲ့သော စီးပွားရေးလုပ်ငန်းကြီးမျိုးတွင်သာ မြှုပ်နှံသင့်သည်။ ထို့ပြင် မရွှေ့ပြောင်းနိုင်သောပစ္စည်းများဖြစ်သည့် မြေယာ၊ အိုးအိမ်၊ တိုက်တာအဆောက်အအုံ စသည့်လုပ်ငန်းများတွင်လည်းကောင်း၊ သတ္တုနှင့် သယံဇာတပစ္စည်းများတွင်လည်းကောင်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်သင့်သည်။

## စက်တင်ဘာလ ၈၊ ၁၇ နှင့် ၂၆ ရက်နေ့တို့တွင် မွေးဖွားလာသူများ

စီးပွားရေးလုပ်ငန်းများတွင် အလွန်သတိကြီးကြီးထားပြီး လုပ်ကိုင်ဆောင်ရွက်တတ်သဖြင့် ငွေကြေးအခွင့်အလမ်းများ မကြာခဏဆုံးရှုံးတတ်သည်။

သို့သော် မြေယာအရောင်းအဝယ်လုပ်ငန်းနှင့် အိုးအိမ်အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းများတွင် ငွေကြေးရင်းနှီးမြှုပ်နှံပါက အကျိုးအမြတ်ကောင်းရရှိမည်။

အသက် ၃၅ နှစ်နောက်ပိုင်းတွင် မိမိ ရည်မှန်းချက်လမ်းကြောင်းအတိုင်း အနှောင့်အယှက်မရှိ လျှောက်လှမ်းနိုင်လိမ့်မည်။

## အောက်တိုဘာလ ၈၊ ၁၇ နှင့် ၂၆ ရက်နေ့တို့တွင် မွေးဖွားလာသူများ

ယေဘုယျအားဖြင့် ငွေကြေးစီးပွားရေးနှင့်ပတ်သက်၍ ကုသိုလ်ကံမကောင်းတတ်ကြပေ။ ငွေကြေးအကုန်အကျများရန် အကြောင်းကိစ္စတစ်ခုမဟုတ်တစ်ခု အမြဲရှိနေတတ်သည်။ မိမိ၏ငွေကြေးဥစ္စာပစ္စည်းများ ခိုးဝှက်၊ လိမ်လည်၊ လုယူခံရခြင်းကြောင့်

www.foreverspace.com.mm

ဆုံးရှုံးရတတ်သည်။ ငွေကစားခြင်း၊ လောင်းကစားခြင်းကြောင့်လည်း ငွေကြေးအဆုံးအရှုံးများတတ်သည်ကို အထူးသတိပြုဆင်ခြင်သင့်သည်။

ငွေကြေးစီးပွားရှာရာတွင် တန်ရာတန်ကြေးမရခြင်းမျိုးလည်း အစဉ်ကြုံတွေ့ရတတ်သည်။ ချမ်းသာသောမိဘမျိုးရိုးမှ မွေးဖွားလာသူမဟုတ်ပါက ဘဝအခက်အခဲများစွာနှင့် ကြုံတွေ့ရမည်။ မြင့်မားသောအဆင့်အတန်းကိုရောက်ပြီးမှ အရွယ်နှောင်း ပိုင်းတွင် အခြေအနေအဆင့်အတန်း နိမ့်ကျသွားတတ်သည်။

## နိုဝင်ဘာလ ၈၊ ၁၇ နှင့် ၂၆ ရက်နေ့တို့တွင် မွေးဖွားလာသူများ

နိုဝင်ဘာလ ၈ ရက်နှင့် ၁၇ ရက်ဖွားများအနေဖြင့် အသက် ၃၅ နှစ် သို့မဟုတ် ၄၀ နှစ်အရွယ်ခန့်အထိ ဘဝခရီးကြမ်းမည်။ အထူးသဖြင့် ၁၇ ရက်ဖွားများ၏ ဘဝခရီး ကြမ်းတမ်းမည်။ ၂၆ ရက်ဖွားဖြစ်ပါက ဘဝခရီးကြမ်းတွင် အနည်းငယ်သက်သာမည်။ နိုဝင်ဘာလ ၈ ဂဏန်းရက်ဖွားများ အားလုံး၏ ငွေကြေးစီးပွားရေး အောင်မြင်မှုနှင့် ဆုံးရှုံးမှုမှာ မိမိအပေါ်တွင်သာ မူတည်နေသည်။ ငွေကြေးစီးပွားရေးနှင့်ပတ်သက်၍ ကြားအဆင့်မရှိဘဲ အကြီးအကျယ်အောင်မြင်မှုနှင့် အကြီးအကျယ်ဆုံးရှုံးခြင်းဟူ၍ အစွန်းနှစ်ဖက်သာရှိသည်။ မိမိစိတ်ကို နိုင်နင်းအောင်ထိန်းချုပ်ပြီး တစ်စုံတစ်ခုကို စွဲစွဲမြဲမြဲနှင့် လမ်းမှန်အတိုင်းဆောင်ရွက်လျှင် ရည်မှန်းချက်အတိုင်း တိုးတက်ကြီးပွားလိမ့်မည်။

## ဒီဇင်ဘာလ ၈၊ ၁၇ နှင့် ၂၆ ရက်နေ့တို့တွင် မွေးဖွားလာသူများ

ငွေကြေးဥစ္စာတိုးပွားအောင် တဖြည်းဖြည်းနှင့် ပုံမှန်စုဆောင်းသိုမှီးနိုင်ကြမည့်သူများ ဖြစ်သည်။ သို့သော် မိမိ၏ဆွေမျိုးသားချင်း၊ မိတ်ဆွေအပေါင်းအသင်းတစ်ဦးဦးအတွက် ငွေကြေးအကုန်အကျအဆုံးအရှုံး ဖြစ်လာတတ်သည်။ စီးပွားရေးလုပ်ငန်းများကို အလွန်အလေးအနက်ထား၍ အာရုံစူးစိုက်ပြီး ကောင်းစွာရင်းနှီးမြှုပ်နှံသော်လည်း တစ်နေ့နေ့တစ်ချိန်ချိန်တွင် ငွေကြေးစီးပွားနှင့်ပတ်သက်၍ ဆုံးရှုံးနစ်နာမှု အကြီးအကျယ်ကြုံတွေ့ရမည့် ကံဇာတာပါရှိလာကြသည်။

ငွေကြေးကိစ္စဆောင်ရွက်ရာတွင် အစပထမ၌ အကြီးအကျယ်အခက်အခဲနှင့် ကြုံတွေ့ရမည်။ အဟန့်အတားအနှောင့်အယှက်များစွာ ရင်ဆိုင်ရမည်ဖြစ်သော်လည်း စိတ်ရှည်ခြင်း၊ ဇွဲလုံ့လနှင့် ဝီရိယကြီးခြင်းတို့ကြောင့် နှေးနှေးနှင့်မှန်မှန် တိုးတက်လာမည်။

ဒီဇင်ဘာလ ၂၆ ရက်ဖွားဖြစ်ပါက ဘဝအဆင့်အတန်းမြင့်မားလာတတ်သော်လည်း မိမိ၏ဆက်ဆံမှုမှားယွင်းမှုကြောင့်ဖြစ်စေ မရက်ရောသင့်သည်ကိုရက်ရောမှုကြောင့်ဖြစ်စေ မိမိ၏ဘဝတက်လမ်း ပိတ်သွားတတ်သည်။

**မောင်မောင်မြင့်သန်းမောင်**
**၁၀–၃–၂၀၀၉**

LIVING COLOR MEDIA
သမ္မတဟိုတယ် (Business Suite)
အမှတ် ( ၅ ) ၊ အလံပြဘုရားလမ်း ၊
ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။
ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂

www.foreverspace.com.mm

# ရက်စွဲမှတ်တမ်း

**၂၄-၂-၂၀၀၉** * ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ နက္ခတ်တာရာပြခန်းကို ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်မှ လွှဲပြောင်းရယူ။

**၃-၃-၂၀၀၉** * ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုရပ်ကွက်၊ ပဒုမ္မာ ပန်းခြံအတွင်းတွင် မတ်လ ၃ ရက်နေ့ ည ၉နာရီ မိနစ် ၄၀ ခန့်က ပေါက်ကွဲမှုတစ်ခုနှင့် ည ၁၁ နာရီ ၅ မိနစ်ခန့်တွင် ကမာရွတ်မြို့နယ် (၁) ရပ်ကွက်၊ အင်းစိန်လမ်းမရှိ လှည်းတန်းမှတ်တိုင် ခရီးသည်နားနေဆောင် ထိုင်ခုံအောက်တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း၊ ပေါက်ကွဲမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း မတ်လ ၅ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

**၄-၃-၂၀၀၉* အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင်ထုတ်ပြန်သော မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ ကျော်၏ ၂၀၀၈ ခုနှစ်လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်သည့် အစီရင်ခံစာပါ မြန်မာအစိုးရ၏ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနက လက်မခံဘဲပယ်ချကြောင်း ကြေညာချက်တစ်ရပ်နှင့်အလားတူ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ထုတ်ပြန်သော နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးဗျူဟာ အစီရင်ခံစာတွင် မြန်မာနိုင်ငံသည် နိုင်ငံတကာမူးယစ်ဆေးဝါးတိုက်ဖျက်ရေးတာဝန်ဝတ္တရား သိသိသာသာပျက်ကွက်ခဲ့သည့် ကမ္ဘာ့နိုင်ငံ သုံးနိုင်ငံတွင် တစ်နိုင်ငံအပါအဝင်ဖြစ်ကြောင်းဖော်ပြခဲ့ရာ ယင်းဖော်ပြချက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနက လက်မခံဘဲ ပယ်ချသည့်ကြေညာချက်တို့ကို ထုတ်ပြန်ကြေညာ။**

* ကလပ်အသင်းတစ်ခုလျှင် ကျပ်သိန်း ၂၀၀၀ ဖြင့် မတည်၍ စီးပွားရေးလုပ်ငန်းကြီးရှစ်ခုက ဖွဲ့စည်းထားသည့် ပုဂ္ဂလိကအသင်းကြီးရှစ်သင်း စတင်ပါဝင်ပြီး ပရော်ဖက်ရှင်နယ်လိဂ်အသွင်ဖြင့် မြန်မာ့ဘောလုံးလောကကို စတင်ပြောင်းလဲသွားတော့မည်ဖြစ်ကြောင်း ဆီဒိုးနားဟိုတယ်တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောကြား။

**၅-၃-၂၀၀၉*** မြန်မာနိုင်ငံသားများအတွက်လည်း အကျိုးသက်ရောက်မှုရှိမည်ဖြစ်သည့် ထိုင်းပြည်ဝင်ခွင့်ဗီဇာအခမဲ့ပေးမည့် အစီအစဉ်တစ်ရပ်ကို မတ်လ ၅ ရက်မှ ဇွန်လ ၅ ရက်အထိ ပြုလုပ်။

* မြန်မာစံတော်ချိန် ၁၈ နာရီ၊ ၅၄ မိနစ်၊ ၃၁ စက္ကန့် အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏တောင်ဘက် ၈၉ မိုင်ခန့် ကွာဝေးသော မြန်မာ့ပင်လယ်ပြင်ကိုဗဟိုပြု၍ ရစ်ချ်တာစကေး ၅.၁ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသောငလျင်တစ်ခု လှုပ်ရှားသွားကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာ။

**၁၁-၃-၂၀၀၉*** (၄၁) ကြိမ်မြောက် အာဆီယံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းမှုကော်မတီအစည်းအဝေးကို ညောင်ဦးမြို့ရှိ ရွှေနန်းတော်ဟိုတယ်တွင် ကျင်းပ။

* မန္တလေးတိုင်း အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာ မိုးလေဝသနှင့်ဇလဗေဒဌာနနှင့် ရုံးဝင်းအတွင်း၌ ညနေ ၅ နာရီခွဲခန့်က ဖြစ်ပွားသော မီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ရန်အတွက်သွားသော မန္တလေးတိုင်းဗဟိုမီးသတ်ဌာနမီးသတ်ယာဉ်တစ်စီး ရန်ကုန်–မန္တလေးလမ်း၊ မြနန္ဒာလမ်းသွယ်နှင့် စစ်ကိုင်းလမ်းခွဲကြားအရောက်တွင် မီးလောင်သည်ကို ကြည့်ရှုရန်သွားသည့်ယာဉ်များကိုရှောင်ရင်း တိမ်းမှောက်မှုတစ်ရပ်ဖြစ်ပွားရာ ယာဉ်ပေါ်တွင်လိုက်ပါလာသော မီးသတ်ဌာနမှ တပ်ဖွဲ့ဝင်ငါးဦး ထိခိုက်ဒဏ်ရာများရရှိခဲ့။

**၁၂-၃-၂၀၀၉*** ဈေးကွက်အတွင်းရောင်းချလျက်ရှိသော လက်ဖက်များ အနက် အစားအသောက်များတွင် သုံးစွဲရန်ခွင့်မပြုသော အဝါရောင်ဆိုးဆေး (Auramine O) ပါဝင်သည်ကို တွေ့ရှိရသောလက်ဖက် ၄၃ မျိုး၏ အမည်စာရင်းကို ကျန်းမာရေးဝန်ကြီးဌာနက ထုတ် ပြန်ကြေညာ။

* ရန်ကုန်မြစ်အတွင်း၌ နန်းသီတာဆိပ်ကမ်းနှင့် ဒလသို့ အသွားအပြန်ပြေးဆွဲနေသော စက်တပ်သမ္ဗန်တစ်စီး နံနက် ၄ နာရီခွဲအချိန်၌ တိမ်းမှောက်မှုဖြစ်ပွားရာ ခရီးသည်ငါးဦးအနက် ၁၀ နှစ်အရွယ် မိန်းကလေးတစ်ဦးအပါအဝင် လေးဦးလွတ်မြောက်အသက်ရှင်ခဲ့။

**၁၅-၃-၂၀၀၉*** အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်ဘမ်းယူဒိုယိုနိုနှင့် စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းတို့၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှထွက်ခွာ။ မတ်လ ၁၈ ရက်နေ့တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိ။

**၁၆-၃-၂၀၀၉*** နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူ

www.foreverspace.com.mm

ထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအနေဖြင့် Bulldozer ၁၈ စုံနှင့် Excavator အစုံ ၄၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြ။

*** ကလေးများအတွက် သီးသန့်ထုတ်လုပ်သည့် ခေါင်းလျှော်ရည်များတွင် ဈေးကွက်ဝေစု အသင့်အတင့်ရရှိထားသော Johnson's Baby Shampoo အပါအဝင် လူသုံးများသည့် ကလေးခေါင်းလျှော်ရည်အချို့တွင် ဦးနှောက်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကင်ဆာရောဂါများနှင့် သွေးကင်ဆာရောဂါများဖြစ်ပွားနိုင်သည့် ဓာတုပစ္စည်းများပါဝင်နေသည့်အတွက် သုံးစွဲရန်မသင့်ကြောင်း အင်တာနက်မှရရှိသော သတင်းတစ်ပုဒ်ကိုကိုးကား၍ မတ်လ ၁၆ ရက်နေ့ထုတ် The New Light of Myanmar သတင်းစာတွင် ဖော်ပြပါရှိ။**

* ၂၀၀၈ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆု၊ စာကြည့်တိုက်စာအုပ်ဆုများနှင့် ပညာရည်ချွန်ဆုရ ကျောင်းသားကျောင်းသူများစာရင်းကို ထုတ်ပြန်ကြေညာ။

* တယောပညာရှင် ဦးခင်မောင်ရင် အသက် (၆၆) နှစ် ကွယ်လွန်။

**၁၇-၃-၂၀၀၉*** တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်စစ်ဦးစီးချုပ် General Chen Bingde ဦးဆောင်သည့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့လာရောက်ခဲ့ပြီး မတ်လ ၂၀ ရက်နေ့တွင် ပြန်လည်ထွက်ခွာသွားကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

**၂၀-၃-၂၀၀၉*** မန္တလေးတိုင်း၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်တွင်ရှိပြီး အမေရိကန်ဒေါ်လာ ၉ ဒသမ ၈ သန်းနှင့် ငွေကျပ် ၇၄၄၃ ဒသမ ၀၈၀ သန်း စုစုပေါင်း ငွေကျပ် ၇၂၈၈ ဒသမ ၇၄၀ သန်း အကုန်အကျခံတည်ဆောက်ထားသည်ဟုဆိုသည့် မြန်မာ့အထည်အလိပ်လုပ်ငန်းစက်ရုံ (ပျော်ဘွယ်) နှင့် မန္တလေးတိုင်း၊ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်တွင်ရှိပြီး အမေရိကန်ဒေါ်လာ ၉ ဒသမ ၈ သန်းနှင့် မြန်မာငွေ ကျပ် ၆၅၂၁ ဒသမ ၉၁၆ သန်း စုစုပေါင်း ငွေကျပ် ၆၃၁၇ ဒသမ ၅၇၆ သန်း အကုန်အကျခံတည်ဆောက်ထားသည်ဟုဆိုသည့် ချည်မျှင်စက်ရုံ (မြစ်သား) ဖွင့်လှစ်။

**၂၁-၃-၂၀၀၉* International Internet Backbond Fiber Optic Cable ဖြစ်သော SEA-ME-WE3 ကို မတ်လ ၂၁ ရက်နေ့တွင် စတင်ပြုပြင်မည်ဖြစ်ပြီး မတ်လ ၂၅ ရက်နေ့တွင် ပြီးစီးမည်ဖြစ်သောကြောင့် ပြုပြင်နေစဉ်ကာလအတွင်း Internet နှင့် E-mail သုံးစွဲမှုနှေးကွေးသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါကာလအတွင်း အရေးပါသောလုပ်ငန်းများအတွက် အရန်ဆက်ကြောင်းဖြင့်သာ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း Myanmar Teleport က တရားဝင်ထုတ်ပြန်ကြေညာ။ ပြုပြင်မှုလုပ်ငန်းများ မတ်လ ၂၅ ရက်နေ့တွင် ပြီးစီးမည်ဟု ထုတ်ပြန်ထားသော်လည်း ဧပြီလ ၁ ရက်နေ့အထိ ပြုပြင်မှုသက်တမ်းတိုးမြှင့်လိုက်ကြောင်း ထပ်မံထုတ်ပြန်ခဲ့ပြီး ယခုတစ်ဖန် ဧပြီလ ၃ ရက်နေ့မှပြီးစီးမည်ဟု ထပ်မံကြေညာ။**

* ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့အရှေ့မြောက်ဘက် မိုင် ၃၀ ခန့်အကွာ နမ့်တိန်ချောင်းပေါ်ရှိ ကျိုင်းတောင်းရေတံခွန်အနီးတွင် နမ့်တိန်ချောင်းမှရေကိုသွယ်ယူ၍ လျှပ်စစ်ဓာတ်အားထုတ်ယူရန်အတွက် တည်ဆောက်ထားပြီး ရှမ်းပြည်နယ်အတွင်း တည်ဆောက်ပြီးစီးသောစီမံကိန်းများအနက် လောလောဆယ်အချိန်တွင် အကြီးဆုံးရေအားလျှပ်စစ်စီမံကိန်းတစ်ခုဖြစ်သော ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်။

* ပဲခူးတိုင်း ပဲခူးမြစ်ကိုဖြတ်သန်း၍ ပဲခူးမြို့နယ်နှင့် ကဝမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားပြီး အရှည်ပေ ၅၆၀ ရှိသော ပဲခူးမြစ်ကူးတံတား (ကဝ) ဖွင့်လှစ်။

**၂၃-၃-၂၀၀၉*** ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Kasit Piromya ခေါင်းဆောင်သည့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိ။

**၂၄-၃-၂၀၀၉* အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှရေးရာ ညွှန်ကြားရေးမှူး မစ္စတာစတီဖင်ဘလိတ်သည် မြန်မာနိုင်ငံသို့လာရောက်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့် မတ်လ ၂၄ ရက်နေ့တွင် နေပြည်တော်၌ မြန်မာ–အမေရိကန် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း မတ်လ ၂၅ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိသည်။**

**၂၅-၃-၂၀၀၉* တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ရောက်ရှိ။ ခရီးစဉ်အတွင်း မတ်လ ၂၆ ရက်နေ့တွင် နေပြည်တော်၌ မြန်မာ–တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်စာချုပ်၊ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်အရင်းအမြစ်ဖွံ့ဖြိုးမှုလုပ်ငန်းများဆောင်ရွက်ရန် အခြေခံမူများဆိုင်ရာသဘောတူညီချက်စာချုပ်၊ မြန်မာနိုင်ငံ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ်အကြားချုပ်ဆိုမည့် စီမံကိန်းများအတွက် ဝယ်သူ့ချေးငွေဆိုင်ရာသဘောတူညီချက်စာအုပ်၊ နှစ်နိုင်ငံအကြား စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်များကို နှစ်နိုင်ငံတာဝန်ရှိသူများ အသီးသီး**

www.foreverspace.com.mm

**က လက်မှတ်ရေးထိုး။**

* မြန်မာနိုင်ငံအစိုးရသည် တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအုန်းသွင်ကို သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီးအဖြစ်လည်းကောင်း၊ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီး ဦးတင်ဦးလွင်ကို တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီးအဖြစ်လည်းကောင်း ပြောင်းရွှေ့ခန့်အပ်လိုက်ကြောင်းထုတ်ပြန်ကြေညာ။

* နိုင်ငံတကာအဆင့်မီ ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး (ရန်ကုန်–နေပြည်တော်လမ်းအပိုင်း) ဖွင့်လှစ်။

* ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် မတ်လ ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပသည့် သဘာဝဘေးအန္တရာယ်သက်ရောက်မှုလျော့ပါးရေးအတွက် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ၏ စကားဝိုင်းဆွေးနွေးပွဲသို့ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ပြီး မတ်လ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

**၂၆-၃-၂၀၀၉** * ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် သုဓမ္မာလမ်း (အောင်မင်္ဂလာအဝေးပြေးဝင်းအနီး) ရှိ တော်ဝင်နန်းတည်းခိုခန်း ဒုတိယထပ်၊ အခန်းအမှတ် (F-1) တွင် ဗုံးပေါက်ကွဲမှုတစ်ရပ် ညနေ ၄ နာရီ မိနစ် ၂၀ ခန့်က ဖြစ်ပွားခဲ့ကြောင်းနှင့် ပေါက်ကွဲမှုကြောင့် လူတစ်ဦးသေဆုံးခဲ့ကြောင်း မတ်လ ၂၈ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိ။

* တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) အနီးတွင် တည်ရှိပြီး သစ်တောရေးရာဝန်ကြီးဌာနနှင့် နိုင်ငံသားပိုင် MRT Co., Ltd. တို့ပူးပေါင်း၍ တည်ဆောက်ထားသည့် နက္ခတ်တာရာပြခန်း (နေပြည်တော်)ဖွင့်လှစ်။

**၂၇-၃-၂၀၀၉** * ကဗျာဆရာကြည်အောင် (ခ) ဦးကြည်လင် အသက် (၇၂ နှစ်) ကွယ်လွန်။

**၂၉-၃-၂၀၀၉** * ကျန်းမာရေးဝန်ကြီးဌာနသည် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည့်လက်ဖက်များအနက် အစားအသောက်များတွင် သုံးစွဲရန်ခွင့်မပြုသော အဝါရောင်ဆိုးဆေး (Auramine O) ပါဝင်သည်ကိုတွေ့ရှိရသော လက်ဖက်အမျိုးအစား ၅၇ မျိုး၏ အမည်စာရင်းကို ထပ်မံထုတ်ပြန်ကြေညာ။

* မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆွေးနွေးညှိနှိုင်းမှုဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးရန်နှင့် ပထမအကြိမ် နှစ်ဖက်ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံမှ ထွက်ခွာခဲ့ပြီး ဧပြီလ ၂ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြ။

**၃-၄-၂၀၀၉** * နာဂစ်လွန် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော် ဖွင့်လှစ်။

**၆-၄-၂၀၀၉** * မလေးရှားနိုင်ငံ Petronas ရေနံကုမ္ပဏီက လှူဒါန်းသော ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်ရှိ မြိုင်သာယာကျေးရွာသစ် ဖွင့်လှစ်။

* ပြည်ထောင်စုမြန်မာနိုင်ငံတော် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်အနေဖြင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ၉၈ ခုကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့်ရောင်းချမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ။


**LIVING COLOR MEDIA**

သမ္မတဟိုတယ် (Business Suite)

အမှတ် ( ၅ ) ၊ အလံပြဘုရားလမ်း ၊

ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။

ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂

www.foreverspace.com.mm

# တစ်ဦးတည်းကိုယ်စားလှယ်

| စဉ် | ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့်နိုင်ငံ | ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | အထက်မြန်မာပြည် ကိုယ်စားလှယ် |
|---|---|---|---|---|
| ၁။ | Oakley မျက်မှန် (USA) | CREATION MYANMAR CO., LTD.<br>၁၁ လွှာ၊ အခန်းအမှတ်–၁၁၀၂၊ တိုက်–A၊ ပုလဲကွန်ဒို (A)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၅၅၇၄၄၈၊ လိုင်းခွဲ–၂၁၁၂၊ ၂၁၅၂ | ဒေါ်ဇေကရီ (Brand Associate) | CREATION MYANMAR CO., LTD.<br>အမှတ်–၄၆၂၊ ဆင်ခြောက်ကောင်လမ်း၊ ၂၈× ၂၉ လမ်းကြား၊ ၈၀× ၈၁ လမ်းကြား၊ မန္တလေး။<br>ဖုန်း–၀၂–၆၆၃၈၁၊ ၃၃၀၈၄၊ ၇၂၁၀၃ |
| ၂။ | Police Perfume (အီတလီ) | EVER SEIKO CO., LTD.<br>အမှတ်–၆၊ ရွှေမာလာရိပ်မွန်၊ ဘုရင့်နောင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၅၃၀၇၀၉၊ ၅၃၀၇၅၀ | ဒေါ်ခင်သော်တာ (Manager) | EVER SEIKO CO., LTD.<br>အမှတ်–B (9/G)၊ ၃၁× ၃၂ လမ်းကြား၊ ၇၇ လမ်း၊ မန္တလေး၊<br>ဖုန်း–၀၂–၇၃၀၂၂ |
| ၃။ | Prolink LCD Monitor (စင်ကာပူ) | KMD CO., LTD.<br>အမှတ်–၅၅၀၊ ၅၅၂၊ ကုန်သည်လမ်းနှင့် ၃၆ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၂၄၉၁၅၅၊ ၃၈၁၀၃၅၊ Fax–၂၄၅၁၈၀<br>E-mail:kmd.ygn@mptmail.net.mm | ဒေါ်သင်းသင်းစိုး (Sales Director) | KMD CO., LTD.<br>အမှတ် ၁၀၃/၁၊ ၇၇ လမ်း၊ ၂၇× ၂၈ လမ်းကြား၊ မန္တလေး။<br>ဖုန်း–၀၂–၆၀၂၃၉၊ ၆၀၃၆၀<br>E-mail:kmd-sales@mandalay.net.mm |
| ၄။ | Toshiba ဘက်စုံသုံးဒစ်ဂျစ်တယ် မိတ္တူကူးစက်များ (ဂျပန်) | LUCKY BIRD TRADING CO., LTD.<br>အမှတ်–၃၅၅၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၂၄၈၁၆၇၊ ၃၇၉၈၇၅၊ ၀၉–၈၉၂၇၇၂၉<br>E-mail:Luckybd@myanmar.com.mm | ဦးကျော်ကျော်နိုင် (Sales Manager) | LUCKY BIRD TRADING CO., LTD.<br>အမှတ်–၅၊ ၂၆ လမ်း၊ ၇၈× ၇၉ လမ်းကြား၊ မန္တလေး။<br>ဖုန်း–၀၂–၂၁၅၇၂၊ ၀၉–၈၀၂ ၂၀၂၅<br>Email:Luckybd@myanmar.com.mm |
| ၅။ | MISA Sky Gold Moisturizing Soap (ကိုရီးယား) | THIRI.I.M.T Co., LTD.<br>အမှတ်– B/7,5၊ ဗိုလ်ညာဏလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၆၆၃၀၈၇<br>Email:berier.lay@gmail.com | ဦးမောင်စု (General Manger) | မရှိ |

ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို ဈေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအကြား အခမဲ့ (အခမဲ့) ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။

www.foreverspace.com.mm

# MODE Ladies Wear

**မြန်မာနိုင်ငံ အဝတ်အထည်ဈေးကွက်အတွင်း ဂျပန်နည်းပညာကို အသုံးပြု၍ အဆင့်မီချုပ်လုပ်ထားသော အမျိုးသမီး အဝတ်အထည်များ ဖြစ်သည်။**



☆ MODE BOUTIQUE က ၁၉၉၈ ခုနှစ် မတ်လအတွင်း စတင်ထုတ်လုပ်ဖြန့်ချိ။

☆ လုပ်ငန်းအကြီးအကဲမှာ ဒေါ်အေးလှမြင့် (မမေအောင်) ဖြစ်ပြီး ဝန်ထမ်းအင်အား ၂၀ ဦးခန့်ရှိ။

☆ ဂျပန်နိုင်ငံလုပ်စက်ပစ္စည်းများကိုရယူ၍ ဂျပန်နည်းပညာကို အသုံးပြုချုပ်လုပ်။

☆ အဝတ်အထည်ကုန်ကြမ်းများကို ဂျပန်နှင့် ထိုင်းနိုင်ငံတို့မှ အဓိကတင်သွင်းဟုဆို။

☆ အမျိုးသမီးဝတ်အင်္ကျီ၊ ဘောင်းဘီ၊ စကတ်၊ ဂါဝန် စသဖြင့်ချုပ်လုပ်ထားပြီး အရွယ်အစားအစုံအလင် ဝယ်ယူရရှိနိုင်စေရန် စီစဉ်ထား။

☆ MODE BOUTIQUE ၏ ချည်ထည်၊ ပိုးထည်များ အသုံးပြု၍ ကုမ္ပဏီများ၊ ဟိုတယ်များမှ ဝန်ထမ်းများအတွက် ယူနီဖောင်း အော်ဒါလက်ခံဆောင်ရွက်ပေးနေကြောင်း သိရ။

☆ ဈေးနှုန်းများမှာ ကျပ် ၁၀၀၀၀ ဝန်းကျင်မှ ကျပ် ၃၀၀၀၀ ဝန်းကျင်အထိ အသီးသီးရှိ။

☆ ဆိုင်ခွဲပေါင်း သုံးဆိုင်အထိ ဖွင့်လှစ်ထားရှိပြီး ရုံးခန်းနေရာတွင်လည်း လက်ခံဆောင်ရွက်ပေးဟုဆို။

☆ **လိပ်စာများမှာ**

– အခန်းအမှတ် ၉၅/၉၆၊ တတိယထပ်၊ FMI Center၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၆၉၀၀၊ ၂၄၆၉၅၅၊ လိုင်းခွဲ–၁၃၉၅၊ ၁၃၉၆။

– ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၀၉၆၆၊ လိုင်းခွဲ–၆၉၅

– အခန်းအမှတ် ၃၁၅/၃၁၆၊ Level–3၊ East Point Shopping Center၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၉၇၁၄၂၊ ၃၉၇၉၀၀၊ လိုင်းခွဲ–၃၁၅

– အမှတ် ၂၁၆/၂၂၂၊ အခန်းအမှတ် B–၂၊ တတိယထပ်၊ ဗိုလ်မြတ်ထွန်းအိမ်ရာ၊ ဗိုလ်မြတ်ထွန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၉၉၈၂၃

www.foreverspace.com.mm



# MICO Colour T-Shirt & Sport-Shirt

**မြန်မာနိုင်ငံ ပြည်တွင်းအဝတ်အထည်ဈေးကွက်အတွင်း အင်နှင့်အားနှင့် ထုတ်လုပ်ဖြန့်ချိရောင်းချနေသည့် အဝတ်အထည်များဖြစ်သည်။**

☆ Mico Group က ၁၉၉၉ ခုနှစ်တွင် စတင်ထုတ်လုပ်ဖြန့်ချိ။

☆ လုပ်ငန်းအကြီးအကဲမှာ ဦးအောင်ဇင်ဖြစ်ပြီး ဝန်ထမ်းအင်အား ၁၀၀ ဦးကျော်ရှိ။

☆ ကိုယ်ပိုင်နည်းပညာကို အသုံးပြု၍ ပြည်တွင်းစက်ပစ္စည်းများကို အသုံးပြုထုတ်လုပ်။

☆ ကုန်ကြမ်းပစ္စည်းများအား ထိုင်းနိုင်ငံမှ အဓိကမှာယူတင်သွင်းဟုဆို။

☆ အင်္ကျီအရွယ်အစားအနေဖြင့် S, M, L, XL, XXL စသဖြင့် စုံလင်စွာထုတ်လုပ်ထား။

☆ T-Shirt အနေဖြင့် အရောင်အမျိုးအစား အဖြူ၊ မိုးပြာ၊ အနီ၊ အစိမ်း၊ အဝါ၊ လိမ္မော်၊ အသားရောင်တို့ရှိပြီး Sport-Shirt တွင်မူ မိုးပြာနှင့် အဖြူရောင်တို့ကို အများဆုံးထုတ်လုပ်။

☆ ဈေးနှုန်းများမှာ ကျပ် ၁၀၀၀ ဝန်းကျင်မှ ကျပ် ၃၀၀၀ ကျော်အထိ အသီးသီးရှိ။

☆ အခြားအရောင်များ အော်ဒါမှာယူလိုပါက အချိန်ကာလနှင့် အထည်အရေအတွက် သီးခြားသတ်မှတ်ထားဟုဆို။

☆ လောလောဆယ် Colour အမှတ်တံဆိပ် T-Shirt, Sport-Shirt များအပြင် A Plus Shirt, Rosy ပါတိတ်၊ Go Go ကလေးအဝတ်အထည်နှင့် Hili Soft ဖိနပ်များကိုပါထုတ်လုပ်လျက်ရှိ။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် စက်ရုံလိပ်စာ**

ဒေါ်နွယ်နီအေး (Manager)
MICO Garment

– အမှတ်–၁၉၁၊ စက်မှု (၅) လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း–၇၂၀၅၂၆၊ ၀၉–၅၁၄၁၀၈၆

– အမှတ်–၆၀၆၊ (၆) ထပ်၊ ရွှေဖြူပလာဇာ၊ မန္တလေး။

ဖုန်း–၀၉–၆၈၀၀၅၅၉

E-mail: micogarment@micogroub.biz









www.foreverspace.com.mm

# ချောချော Exercise Book

**မြန်မာနိုင်ငံကျောင်းသုံးစာအုပ်ဈေးကွက်အတွင်း Unicolor အမှတ်တံဆိပ်ဖြင့် ဈေးကွက်ဝေစုရရှိထားသည့် တက်နဒီကုမ္ပဏီက ထပ်မံထုတ်လုပ်လိုက်သော Woodfree ဗလာစာအုပ်များဖြစ်သည်။**

☆ တက်နဒီကုမ္ပဏီလီမိတက်က ၂၀၀၇ ခုနှစ်တွင် ပုံနှိပ်မျဉ်းဖြင့် ထုတ်ဝေခဲ့သော်လည်း ဈေးကွက်လိုအပ်ချက်အရ ၂၀၀၉ ခုနှစ်တွင် Woodfree Margin ဖြင့် ပြောင်းလဲ၍ စတင်ဖြန့်ချိ။

☆ လုပ်ငန်းအကြီးအကဲမှာ ဦးသိန်းထွန်းဖြစ်ပြီး ဝန်ထမ်းအင်အားစုစုပေါင်း ၂၀၀ ဦးကျော်ရှိ။

☆ အိန္ဒိယနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ ကုန်ကြမ်းပစ္စည်းများကိုရယူ၍ ဂျပန်၊ တရုတ်နှင့် ပြည်တွင်းမှ စက်ပစ္စည်းများကို ပေါင်းစပ်အသုံးပြုထုတ်လုပ်ထား။

☆ ချောချောအမှတ်တံဆိပ်အနေဖြင့် စာမျက်နှာ ၈၀၊ ၁၂၀ နှစ်ကြောင်းမျဉ်းနှင့် စာမျက်နှာ ၈၀ လေးကြောင်းမျဉ်းတို့ကို ထုတ်လုပ်လျက်ရှိပြီး ပုံဆွဲစာအုပ် စာမျက်နှာ ၈၀ နှင့် ပုံနှိပ်မျဉ်းစာအုပ်တို့ကို ဆက်လက်ထုတ်လုပ်သွားရန် အစီအစဉ်ရှိကြောင်းသိရ။

☆ ကုမ္ပဏီမှ တိုက်ရိုက်ဖြန့်ချိပေးလျက်ရှိပြီး နယ်ဒေသများသို့ ကားဂိတ်အရောက်ပို့ဆောင်ပေးဟုဆို။

☆ လောလောဆယ်ဖြန့်ချိဈေးနှုန်းများမှာ စာမျက်နှာ ၈၀ တစ်ဒါဇင်လျှင် ၁၃၅၀ ကျပ်နှင့် စာမျက်နှာ ၁၂၀ တစ်ဒါဇင်လျှင် ၁၉၀၀ ကျပ်တို့ဖြစ်။

☆ ချောချောဗလာစာအုပ်များအပြင် Unicolor အမှတ်တံဆိပ်ဗလာစာအုပ်၊ ကတ်ထူစာအုပ်၊ စာရင်းကိုင်စာအုပ်၊ မှတ်စုစာအုပ်နှင့် ရုံးသုံးစာအုပ်များကို ထုတ်လုပ်လျက်ရှိ။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် လိပ်စာ**

ဒေါ်သူဇာဝင်း (အကြီးတန်းမန်နေဂျာ)


**ဖြန့်ချိရေး**

အမှတ်-၁၃၂/၁၃၄၊ ၃၁ လမ်း (အလယ်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၅၃၆၈၁၊ ၂၄၀၀၁၃၊ ၃၇၅၁၈၂၊
၃၇၄၇၂၂၊ ၃၇၄၇၃၃၊ ၂၅၄၉၉၅

**စက်ရုံလိပ်စာ**


- အမှတ်-၈၈၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်းနှင့် ဒေါ်ဖွားရှင်လမ်းထောင့်၊
ဒဂုံဆိပ်ကမ်းစက်မှုမြို့၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊
ရန်ကုန်။ ဖုန်း-၅၉၂၀၉၄














www.foreverspace.com.mm



# ကုန်ဈေးနှုန်း

၂၀၀၉ ခုနှစ်၊ ဧပြီလနောက်ဆုံးပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ကုန်ဈေးနှုန်းများ

## ကားဈေးနှုန်း (၂၆-၄-၂၀၀၉)

| ကားအမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း (သိန်း) |
|---|---|---|---|
| UD Jeep (စက်မှုဇုန်) | | (၈ခ) | ၄၁/၄၂ |
| Toyota Publica | 84 | (၄က) | ၁၁၈/၁၂၀ |
| Toyota Publica | 86 | (ဘ) | ၁၂၅/၁၃၀ |
| Toyota Publica | 86 | (လ/သ/အ) | ၁၂၅ |
| Nissan Sunny Supersaloon | 86 | (၂က) | ၂၁၀/၂၁၅ |
| Toyota Corolla 1.5 Limited | | (လ/သ/အ) | ၂၆၀/၂၇၀ |
| Toyota Corolla 1.5 Limited | | (၁က/၂က) | ၃၁၅/၃၂၀ |
| Suzuki Wagon R+ | | (၅ခ)(ကြက်သွေး) | ၂၆၀/၂၆၅ |
| Tow Ace Pickup(ပုစဉ်းခေါင်း) | 2000 | (၈ဃ) | ၁၉၀/၁၉၁ |
| Toyota Corolla | CE 96(90) | (၇က/၈က) | ၃၄၀/၃၅၀ |
| Corolla 1.8 Van | 92 | (၉က) | ၅၀၀/၅၁၀ |
| Corolla 1.8 Van (လေလံ) | 92 | (၂ဂ) | ၆၉၀/၇၀၀ |
| Toyota Corolla Mark II 3.0 S/L | 90 | (၈က/၉က)ခေတ်ဆီ | ၄၀၀/၄၁၀ |
| Mitsubishi Padjero V46 | 96 | (၂ဂ) | ၁၁၇၀/၁၂၁၀ |
| Toyota Hilux Surf S/W | 97 | (၂ဂ) | ၁၅၃၀/၁၅၅၀ |
| Toyota Corolla AE 100 | 92 | (၉က) | ၄၅၀ |
| Toyota Corolla CE 100 | 92 | (၉က) | ၅၀၀/၅၁၀ |

* အထက်ပါကားများသည် အက္ခရာပေါ်မူတည်၍ ဈေးအတက်အကျရှိသည်။
* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ ဈေးကွာခြားသည်။
* အဝယ်နည်းပါးသည့်အတွက် ခေါ်ဈေးများသာဖြစ်သည်။



www.foreverspace.com.mm

## တီဗီရောင်စုံ

(၂၇-၄-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | အရွယ် | နှုန်း(ကျပ်) |
|---|---|---|---|
| SAMSUNG | LA-40A750(LCD) | 40" | ၁၆၂၈,၅၀၀ |
| SAMSUNG | LA-32A330(LCD) | 32" | ၅၀၂,၅၀၀ |
| SAMSUNG | CS-29Z40 | 29" | ၃၀၉,၇၀၀ |
| SAMSUNG | CS-21A530 | 21" | ၁၃၉,၄၀၀ |
| SAMSUNG | CS-21A760 | 21" | ၁၆၆,၇၀၀ |
| STAR | T-29068 | 29" | ၂၂၅,၆၀၀ |
| STAR | 21-T50 | 21" | ၁၀၈,၀၀၀ |
| LG | 21-T21A | 21" | ၁၁၀,၆၀၀ |
| LG | 21FS2CL | 21" | ၁၃၀,၀၀၀ |
| LG | 21FU6RL | 21" | ၁၅၀,၀၀၀ |
| SONY | KV-DZ29M81(LCD) | 29" | ၅၁၉,၀၀၀ |
| SONY | KV-HG29M6411 | 29" | ၄၉၉,၀၀၀ |
| SONY | KW-32T400A | 32" | ၅၉၉,၀၀၀ |
| T-HOME | SA2127 | 21" | ၁၂၉,၀၀၀ |
| T-HOME | SA2900 | 21" | ၂၀၉,၀၀၀ |

## ရေခဲသေတ္တာ

(၂၇-၄-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| STAR (2 door) | R-130 | ၂၅၀,၀၀၀ |
| STAR | R-170 | ၂၄၅,၀၀၀ |
| LG | GC-151SNS | ၁၆၉,၀၀၀ |
| LG | GC-191SN | ၁၉၉,၀၀၀ |
| SAMSUNG (Two door) | RT-25SCPP/BP | ၃၀၉,၇၀၀ |
| SAMSUNG (Two door) | RT-22SCPP/BP | ၂၉၉,၆၀၀ |
| SAMSUNG (One door) | RA-19FASS | ၁၉၆,၀၀၀ |
| SAMSUNG (One door) | RA-19FAPP | ၁၉၉,၁၀၀ |

## DVD ပြစက်

(၂၇-၄-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| LG | 3413 | ၅၈,၀၀၀ |
| LG | 381 | ၆၀,၀၀၀ |
| STAR | B-3317 | ၄၄,၅၀၀ |
| STAR | B-096(MP4+DC) | ၃၆,၁၀၀ |
| STAR | T52DC | ၃၂,၄၀၀ |
| STAR | T11 | ၄၄,၅၀၀ |
| FUJI (EVD) | F-EVD 25/3399 | ၄၁,၄၀၀ |

## လေအေးစက်

(၂၇-၄-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | AS-09 FLN | ၂၈၈,၀၀၀ |
| SAMSUNG | AS-12 FLN | ၃၆၅,၇၀၀ |
| STAR | T-09G | ၂၆၄,၈၀၀ |
| STAR | T-12G | ၂၃၀,၆၀၀ |
| LG | O962TA3 | ၂၆၉,၀၀၀ |
| LG | 12645A4 | ၃၆၉,၀၀၀ |

## အဝတ်လျှော်စက်

(၂၇-၄-၂၀၀၉)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| LG | WP-750 (Semi Auto) | ၁၇၅,၀၀၀ |
| LG | WP-900 (Semi Auto) | ၂၀၅,၀၀၀ |
| SAMSUNG | WA-85V3 | ၂၂၄,၆၀၀ |
| SAMSUNG | WA-95V3 | ၂၃၄,၇၀၀ |
| STAR | WT-75 H2 | ၁၀၈,၀၀၀ |

## ဟောလစ်၊ မာတိုဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ်(လက်လီ)

(၂၇-၄-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Horlick (900g) | ၆,၂၀၀ |
| Horlick (200g) (အိန္ဒိယ) | ၁,၇၅၀ |
| Junior Horlick (400g) | ၃,၄၀၀ |
| Milo (400g) ခဲထုပ် | ၃,၀၀၀ |
| Milo (400g) (ပုလင်း) | ၃,၇၀၀ |
| Maltova (450g) (နီ) | ၃,၀၀၀ |
| Ovaltine (400g) နီ | ၃,၃၀၀ |
| Ovaltine (200g) နီ | ၁,၉၀၀ |
| Ovaltine 400g (ဖြူ) | ၃,၆၀၀ |
| Ovaltine 200g (ဖြူ) | ၂,၂၀၀ |
| Ovaltine 400g (စက္ကူဘူးဖြူ) | ၃,၃၀၀ |

## နိုင်ငံခြားအရက်

(၂၇-၄-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| J&BJet(75Cl) (12YearsOld) | ၁၁,၅၀၀ |
| VAT 69 (75Cl) | ၁၀,၅၀၀ |
| Jonnie Walker (Red)(75Cl) | ၁၁,၇၀၀ |
| Jonnie Walker (Red)(37.5Cl) | ၆,၅၀၀ |
| Jonnie Walker (Red)(1Liter) | ၁၅,၀၀၀ |
| Jonnie Walker (Black)(37.5Cl) | ၁၂,၅၀၀ |
| Jonnie Walker (Black)(75Cl) | ၂၂,၆၀၀ |
| Jonnie Walker(Black)(1Liter) | ၂၇,၀၀၀ |
| Black & White (1Liter) | ၁၄,၀၀၀ |
| Black & White (75Cl) | ၁၂,၇၀၀ |
| Gold Label (75Cl) | ၃၉,၀၀၀ |
| SCOTTISH LEADER | ၇,၀၀၀ |
| Grand Royal (အပြား)ရွှေပတ်ကြီး/သေး | ၃,၃၀၀ |
| SPY(CLASSIC)(Red) (Wine) | ၅,၂၀၀ |
| Mekhong (75CL) | ၅,၃၀၀ |
| Mekhong (37.5CL) | ၂,၃၀၀ |

www.foreverspace.com.mm

| | |
|---|---|
| SPEY ROYAL (70Cl) | ၇,၂၀၀ |

## မုန့်ပုံးသံဘူး

(၂၇-၄-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| မိသားစု | ၆,၅၀၀ |
| Cream Crackers(Hup Seng) | ၇,၅၀၀ |
| (KHIAN GUAN) Top Choice | ၆,၃၀၀ |
| (HWA TA) Choice | ၅,၅၀၀ |
| (Munchys) Funmix | ၈,၈၀၀ |
| Hwa Tai Wonderful | ၅,၅၀၀ |
| Lee Daily Delight | ၅,၈၀၀ |
| Every Time | ၅,၅၀၀ |
| (Julie's) Biscuit Assorties | ၆,၅၀၀ |
| (Julie's) Love letters | ၄,၉၀၀ |

## ခေါက်ဆွဲခြောက်

(၂၇-၄-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Yum Yum (ကြက်ပေါင်) | ၁၅၀ |
| Yum Yum ချဉ်စပ်(ပုစွန်) | ၂၀၀ |
| Yum Yum (ဘဲသားဆီချက်) | ၁၅၀ |
| Yum Yum (သီးစုံခေါက်ဆွဲ) | ၁၅၀ |
| MAMEE ကြာဆံ | ၂၅၀ |
| MAMEE (ရိုးရိုး)(ဆီချက်) | ၁၅၀ |
| MAMEE (ကြက်သားချဉ်စပ်) | ၁၅၀ |
| MAMEE (ကြက်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MAMEE (ကြက်သားဆီချက်ခေါက်ဆွဲ) | ၁၅၀ |
| MAMEE (သက်သတ်လွတ်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MA MA (ချဉ်စပ်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| Wai Wai (ကြာဆံ) (ပြာ) | ၂၀၀ |
| Shin Shin (ကြာဆံ) | ၂၅၀ |
| Yum Yum ပုစွန်မလိုင်ချဉ်စပ် | ၂၀၀ |
| Yum Yum ကြက်သားချဉ်စပ် | ၂၀၀ |
| MA MA ညှပ်ခေါက်ဆွဲ(စိမ်း) | ၂၅၀ |
| MA MA ညှပ်ခေါက်ဆွဲ(နီ) | ၂၅၀ |

## သွားတိုက်ဆေး

(၂၇-၄-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Fresh Up ဘူးကြီး ရိုးရိုး/ Gel | ၇၅၀ |
| Best-T (125g) White | ၆၀၀ |
| Colgate (40g) Double Cool Stripe | ၄၅၀ |
| Col gate (160g) Double Cool Stripe | ၁,၅၀၀ |
| Close-Up (New)(18 g) | ၂၀၀ |
| Close-Up (160g) ပြာ | ၂,၆၀၀ |
| Colgate Fresh Cool Mint 200g | ၁,၈၀၀ |
| Colgate Great Regular 200 g | ၂,၆၀၀ |
| Colgate Whitening 160g | ၁,၈၀၀ |
| Colgate gel (စိမ်း) 160g | ၄,၅၀၀ |
| 3D | ၃၇၀ |

## ကိုယ်တိုက်ဆပ်ပြာ

(၂၇-၄-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Imperial Leather (65g) | ၂၃၀ |
| Imperial Leather (125g) | ၄၂၀ |
| Fashion | ၃၀၀ |
| Miss | ၂၇၀ |
| DOVE | ၈၀၀ |
| Kanebo | ၁,၁၅၀ |
| Family Care 125g | ၄၅၀ |
| ASEPSO | ၇၅၀ |
| CAMAY | ၁၅၀ |
| Spa | ၂၅၀ |
| E-Lan | ၃၅၀ |
| LUX 100g | ၂၅၀ |
| KAO | ၄၀၀ |
| Parrot | ၃၈၀ |
| Paris 135g | ၂၅၀ |
| A21 (နက်)70g | ၃၅၀ |
| A21 (နက်)125g | ၃၀၀ |
| DG Soap 100g | |

## ခေါင်းလျှော်ရည်

(၂၇-၄-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Head and Shoulder 400g | ၃,၉၀၀ |
| Head and Shoulder 200g | ၂,၀၀၀ |
| Head and Shoulder 100g | ၇၅၀ |
| Pantene 400g | ၃,၈၅၀ |
| Pantene 200g | ၂,၁၀၀ |
| Pantene 100g | ၈၀၀ |
| Clinic Clear 350g | ၃,၈၀၀ |
| Clinic Clear 90g | ၁,၁၀၀ |
| Palmolive 100 g | ၁,၁၀၀ |
| Palmolive 200 g | ၂,၃၅၀ |
| Rejoice 100 g | ၂,၃၅၀ |
| Rejoice 200 g | ၆၅၀ |

## ခြင်ဆေးခွေ

(၂၇-၄-၂၀၀၉)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Jumbo (12)coils | ၃၅၀ |
| Fumakilla (10) coils | ၂၅၀ |
| MARS | ၂၅၀ |

www.foreverspace.com.mm

| | | | |
|---|---|---|---|
| Fuji | ၃၀၀ | MOSFLY | ၄၀၀ |
| Raid | ၄၀၀ | ဂေါ်ဇီလာ | ၃၀၀ |
| ATAK | ၄၀၀ | Spider | ၂၅၀ |
| FIGHTER | ၂၅၀ | Golden Lion | ၂၅၀ |
| GO! | ၂၅၀ | Special | ၃၀၀ |
| ပါရမီ | ၃၀၀ | | |

# ကွန်ပျူတာ ဈေးနှုန်းများ



(၂၇-၄-၂၀၀၉)

### ❑ Lucky Bird P4 Budget PC 775

- Intel Pentium 4-775 Dual Celeron 1.6 GH2
- Memory 1 GB DDR2 667
- 16 GB HDD SATA
- 15" Sam/Acer/Fujitsu LCD Monitor
- AOPEN PS2 Keyboard & Opital Mouse & PAD
- P4 ATX Tower Casing
- Free 1GB Pendrive

Price 299,000 Ks

### ❑ TOSHIBA Satellite M300 Notebook (PSMDN-00G001)

- Intel Core 2 Duo T4200 2.0 GHz
- 1 GB DDR 667
- 15.4" WXGA 200 NIT CSV (Latest Clear Super View) Dispaly
- Intel 4500 M Graphic
- 250 GB HDD
- W Lan
- 56K Fax & Data Modem
- DVD RW Super, Card Reader, Web Camera Smart Face, USB Sleep and Charge, Card Reader
- 1 Year International Warranty

Price 799,000Ks

### ❑ KMD Basic Model

- Intel Celeron 1.8 GHz (430)(512 KB L2 Cache, 800 MHz)
- Intel G 31 Express Chipset Pentium 4 Motherboard (775/ DDR2/ 1066) with PCIE + Sound + LAN
- 80 GB HDD (Seagate, 7200 RPM) SATA
- 1GB DDR2 RAM (PC 800 MHz, Kingston)
- 17" SVGA Color Digital Monitor (Dyna)
- Prolink USB (Gamer) Multimedia and Optical Mouse
- P4 Casing (Normal Light)

Price 290,000 Ks

### ❑ Acer 4630 Z Notebook

- Intel Dual Core 2.0 GHz Processor
- 14.1" WXGA High Definition Bright View Widescreen
- 1GB DDR2 RAM
- 160GB HDD [SATA]
- DVD Writer SuperMulti DL
- Wireless LAN 802.11 b/g, Modem
- Modem & Intergrated Bluetooth 2.0
- International Warranty
- Linux

Price 600,000 Ks

### ❑ Lucky Bird P4 Accelerator PC 775

- Intel Pentium 4-775 Core 2 Dual 2.8 GHz (775 CPU)
- ASUS P5KPLAM
- 1GB DDR RAM

www.foreverspace.com.mm

- 320 GB HDD SATA
- 15" Samsung/Acer/Fujitsu LCD Monitor
- Aopen PS2 Keyboard & Optical Mouse & Mouse Pad
- P4 ATX Tower Casing

Price 413,000 Ks

### ❑ KMD CLASSIC MODEL

- Intel Pentium Dual Core 2.5 GHz E5200(2MB, L2 Cache, 800 MHz)
- Intel G 31 Express Chipset Motherboard (775/DDR2/1333) (With PCIE+Sound+LAN)
- 1 GB DDR2 RAM (PC 800 MHz) Kingston
- 250 GB HDD (Seagate, 7200 RPM) SATA with HDD Fan
- 17" SVGA Color Monitor (Philips)
- Prolink USB (Gamer) Multimedia Optical Scroll Mouse
- Optical Mouse Pad
- P4 Casing (Medium Light)

Price 359,000 Ks

### ❑ KMD Innovator Model

- Intel Pentium Core2 2.8 GHz (3 MB)
- Intel P43 Express Chipset Motherboard (775/ DDR2/ 1333) (with 8 Channel Sound + LAN)
- 1GB DDR2 RAM (PC 800 MHz) Kingston
- PCIE 512 MB (AH 3450) ASUS
- 250 GB HDD (Seagate, 7200 RPM) SATA with HDD Fan
- 17" SVGA Digital Control Color Monitor (NEC)
- Prolink USB (Gamer) Multimedia & Optical Mouse(616/ 612 P)
- Optical Mouse Pad
- P4 Casing (Light High)

Price 508,000 Ks

(ကွန်ပျူတာဈေးနှုန်းများ ယခင်လနည်းတူကျဆင်းလျက်ရှိသည်။ အထက်ပါဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ ၂၀၀၉ ခုနှစ် ဧပြီလ ၂၇ ရက်နေ့ဈေးနှုန်းဖြစ်သည်။ ပစ္စည်းတစ်မျိုးချင်းစီထပ်ဖြည့်လဲလှယ်လိုပါက ဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။ အချိန်ကာလအလိုက် အပြောင်းအလဲရှိနိုင်ပါသည်။)

### ❑ Multimedia

| | |
|---|---|
| 16x DVD ROM (Sony) SATA | 20,000 KS |
| 52 x 32 x 52 CDRW (Sony) | 22,000 Ks |
| Sony 20 x 10x 48 x 32 DVD Writer SATA | 33,000 Ks |
| 22 x DVD Writer (Sony) SATA | 33,000 Ks |
| Microlab M 119 Speakers with sub woofer | 24,000 Ks |
| Microlab M 666 Speakers with sub woofer | 32,000 Ks |
| Microlab M900 Speakers with sub woofer | 39,000 Ks |

### ❑ Memory

| | |
|---|---|
| 512 MB (DDR RAM) PC 400 MHz (Kingston) | 26,500 Ks |
| 1GB (DDR 2 RAM) 667 MHz (Kingston) | 15,500Ks |
| 1GB (DDR 2 RAM) 667 MHz (Kingston) Notebook RAM | 17,000Ks |
| 2GB (DDR 2 RAM) 800 MHz (Kingston) | 24,000Ks |

### ❑ Storage Device

| | |
|---|---|
| 160 GB (Hitachi) IDE | 51,000 Ks |
| 160 GB (Seagate) IDE | 46,000 Ks |
| 250 GB (Seagate) SATA | 51,000 Ks |
| 320 GB (Seagate) SATA | 57,000 Ks |
| 500 GB (Seagate) SATA | 70,000 Ks |

### ❑ Monitor

| | |
|---|---|
| 17" SVGA Color Monitor (Philips) | 90,000 Ks |
| 17" SVGA Monitor (Dyna) | 65,000 Ks |
| 17" SVGA Color Monitor (NEC) | 98,000 Ks |
| 17" SVGA Color Monitor (LG) | 99,000 Ks |
| 17" SVGA Color Monitor (Samsung) | 99,000 Ks |
| 17" LCD Color Monitor (Prolink)(normal view) | 105,000 Ks |
| 19" LCD Color Monitor (View Sonic) Wide View 1962 wm | 187,000 Ks |
| 19" LCD Color Monitor (View Sonic) Wide View 1918 wm | 139,000 Ks |
| 20" LCD Color Monitor (Acer) Wide View | 134,000 Ks |

### ❑ Printer

| | |
|---|---|
| Canon PIXMA- iP 1980 Printer (USB) | 47,000 Ks |
| Canon Laserjet 3050 Printer (USB) | 97,000 Ks |
| HP Laserjet M 1319 F Printer (USB) | 275,000 Ks |
| HP Color Laserjet 1005 Printer (USB) | 102,000 Ks |
| HP Laserjet 1522N AIO 3 in 1 Printer (USB) | 410,000 Ks |
| EPSON T x 101 Printer | 75,000 Ks |
| EPSON Dot Matrix Printer-LQ 300+ | 210,000 Ks |
| EPSON T11 Inkjet Printer | 45,000 Ks |
| EPSON TX 400 SPC Printer | 173,000 Ks |
| EPSON SP 230 Photo Printer | 158,000 Ks |
| EPSON SP 1390 Photo Printer (A3) | 493,500 Ks |
| EPSON TX 200 SPC Printer | 145,000 Ks |
| EPSON 6200 L Laser Printer | 170,000 Ks |
| EPSON R290 Photo Printer | 195,000 Ks |
| EPSON PM270 Printer | 260,000 Ks |
| Fuji Xerox Color Laser DPC 1110 Network Ready | 605US$ |
| Fuji Xerox Colour Laser DPC 1110B | 480US$ |
| Fuji Xerox Colour Laser Multifunction 2090Fs | 1350US$ |
| Fuji Xerox Multifunction WC PE 220 | 500US$ |

### ❑ Toner

| | |
|---|---|
| HP 1100/ 1200/ 5L / 6L Toner | 57,000 Ks |
| HP 1010/ 1320/ 1300 Toner | 62,000 Ks |
| HP 2015 Toner | 72,000 Ks |
| Canon 2900 Toner | 55,500 Ks |
| Canon 1120 Toner | 55,500 Ks |

### ❑ Scanner

| | |
|---|---|
| EPSON Perfection V30 Scanner | 110,000 Ks |
| EPSON Perfection V300 Scanner(A4 Film) | 175,000 Ks |
| HP Flatbed Scanner 2410 (USB) | 86,000 Ks |
| Canon Scanner Lide 100 | 64,000 Ks |

### ❑ UPS

| | |
|---|---|
| 650 VA (Power Tree) Basic | 44,000 Ks |
| 1250 VA (Power Tree) | 84,000 Ks |

**မှတ်ချက်။ ။ ဖော်ပြပါဈေးနှုန်းများကို Client Focus Technology Group ၊ Lucky Bird Co., Ltd.၊ Concordia International Ltd. နှင့် KMD Computer Centre တို့မှ ရယူထားပါသည်။**

**(အယ်ဒီတာ)**

www.foreverspace.com.mm



ဤကဏ္ဍတွင် . . . . .


၁၃၂ နာဂစ်ဒုက္ခတွင်းမှ ကုသိုလ်ရေးများ
၁၃၆ နိုင်ငံရေးသမားနှင့် သမိုင်းကျောင်းတော်သား
၁၄၀ အစားထိုးမရသော မေတ္တာအေးရိပ်
၁၄၆ ယုံကြည်မှုလွန်ကဲခြင်း (သို့) အတ္တလွန်ကဲခြင်း
၁၅၀ စားသုံးသူကို ကိုယ်ချင်းစာပါ
၁၅၄ သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၂၀)


# နာဂစ်ဒုက္ခတွင်းမှ ကုသိုလ်ရေးများ

မောင်မောင်တင်

**မြန်မာလူမျိုးတို့သည် 'နာဂစ်' ဆိုသောအသံကြားလျှင် တုန်လှုပ်ချောက်ချား သွားကြသည်။ တုန်လှုပ်ချောက်ချားစရာလည်း ကောင်းလှပါသည်။**

၂၀၀၈ခုနှစ် မေလ ၂ ရက်နေ့တွင် ကျွန်တော့်ကားကို မြို့တွင်းတွင် ပြုပြင်နေပါသည်။ ရာသီဥတုသည် အုံ့မှိုင်း၍ မိုးရွာနိုင်သောအခြေအနေကိုတွေ့မြင်နေရသည်။ နေ့လယ် ၁၂ နာရီတွင် ကားပြင်၍မပြီးသေးပါ။ တယ်လီဖုန်းဝင်လာသည်။ ရန်ကုန်မြို့ကို ဖြတ်၍မုန်တိုင်းတိုက်မည်။ တစ်နာရီမိုင် ၁၂၀ခန့် တိုက်ခတ်မည်။ ရုံးသို့ အမြန်ဆုံးပြန်လာရင်ကောင်းမည်ဟုဆိုပါသည်။ ဖုန်းပြောသံရပ်သွားသောအခါ ကောင်းကင်သို့ မော့ကြည့်လိုက်သည်။ အုံ့မှိုင်းနေသော ကောင်းကင်သည် ငြိမ်သက်နေပါသည်။ လောလောဆယ်မိုးရွာနိုင်သည့်အခြေအနေကို မတွေ့ရပါ။ ရွာလျှင်ညနေစောင်းမှ ရွာမည်ဟုထင်ပါသည်။ ကျွန်တော်ကားဆက်ပြင်နေပြီး ညနေပိုင်း ၃နာရီကျော်မှ ပြန်လာခဲ့သည်။



ကျွန်တော်ရုံးပြန်ရောက်သောအခါ မုန်တိုင်းသတင်းကို အမျိုးမျိုးပြောနေကြပါသည်။ ကျွန်တော်သည် မုန်တိုင်းကိုတွေ့ဖူးပါသည်။ သို့သော် မိုင်၁၂၀ နှုန်းတိုက်ခတ်သည့်မုန်တိုင်းကို မတွေ့ဖူးပါ။ သို့သော် ကျွန်တော်တွေ့ဖူးသော မုန်တိုင်းမှာ ကျွန်တော်တို့ရွာကို ဖြတ်တိုက်သွားသော မုန်တိုင်း ဖြစ်ပါသည်။ ရွာရှိအိမ် သုံးလေးလုံး အမိုးလန်ပျက်စီးသွားပြီး နာရီဝက်ခန့်အချိန်အတွင်း ရပ်သွားပါသည်။ လူများဒုက္ခရောက်လောက်အောင် မဖြစ်ခဲ့ပါ။ သို့ဖြစ်၍ ယခုမုန်တိုင်းလည်း ရန်ကုန်မြို့အချို့နေရာများဖြတ်တိုက်၍ အပျက်အစီးအချို့ ရှိမည်ဟုသာ တွေးထင်မိပါသည်။ ညနေ ၅ နာရီတွင် ကျွန်တော်အိမ်သို့ ပြန်သွား၍ အေးအေးဆေးဆေးနေလိုက်ပါသည်။

ည ၉ နာရီတွင် ကျွန်တော်အိပ်ရာဝင်နေကျ ဝင်၍အိပ်လိုက်ပါသည်။ အိပ်မောကျနေစဉ် အိမ်ခေါင်မိုးမှ သွပ်ပြားသံကြား၍ လန့်နိုးသွားပါသည်။ ည၌ ၁၁ နာရီထိုးဖြစ်ပါသည်။ အိပ်ရာမှထ၍ အိမ်ခေါင်မိုးကိုကြည့်ရာ သွပ်ပြားများသံမှိုပြုတ်၍ တဒုန်းဒုန်းရိုက်ခတ် မြည်ဟည်းနေပါသည်။ မကြာလိုက်ပါ သွပ်ပြားတစ်ချပ် လေနောက်ပါသွားပါသည်။ နောက်တစ်ချပ်၊ နောက်တစ်ချပ်၊ အားလုံးပေါင်း ငါးချပ်ပါသွားသောအခါ အိမ်တွင်းသို့ မိုးရေများ ထိန်း၍မရအောင်ဝင်လာပါသည်။ ကျွန်တော်တို့မိသားစု မိုးလုံသောအခန်းတစ်ခုတွင် သွား၍ခိုနေရပါသည်။ ည၌ ၁၂နာရီကျော် နောက်တစ်နေ့သို့ ကူးသွားပါပြီ။ လေတိုက်နှုန်းမလျော့သေးဘဲ ပို၍ဆိုးလာပါသည်။ ကျွန်တော်တွေ့ဖူးသည့် မုန်တိုင်းသည် နာရီဝက်တစ်နာရီဖြစ်ရာ ယခုလည်း ရပ်သွားတော့မည်ဟုတွေးနေပြီး အန္တရာယ်လွတ်မည့်နေရာတွင် မိသားစု ငြိမ်နေရပါသည်။

ကျွန်တော့်မိသားစု လုံခြုံနေ၍ စိတ်ကမအေးရပါ။ ဆေးခန်းအတွင်းရှိ လူနာ ၃၀ နှင့် လူနာရှင်များ၊ ဝန်ထမ်းများ ဘယ်လိုနေကြသလဲဟု စိတ်ကပူနေမိပါသည်။ လျှပ်စစ်မီး၊ တယ်လီဖုန်း၊ လူအဆက်အသွယ်ဘာတစ်ခုမှမရပါ။ ကျွန်တော် အိမ်မှထွက်၍ ဆေးခန်းသို့သွားကြည့်လိုက်သည်။ လေတိုက်နှုန်းကမလျော့သေး။ အိမ်ပြတင်းပေါက်မှ အိမ်ရှေ့သို့ ချောင်းကြည့်သည်။

www.foreverspace.com.mm

အိမ်ရှေ့မှ ဗန်ဒါပင်များ လဲနေသည်။ အိမ်ရှေ့လမ်းမကြီးရေလျှံနေသည်။ ကျွန်တော်ဘာမှမလှုပ်ရှားနိုင်၍ အိမ်တွင်းသို့ ပြန်ဝင်ပြီး ခေတ္တနားနေလိုက်ပါသည်။

နံနက် ၅နာရီထိုးနေပါပြီ။ တနင်္ဂနွေနေ့ နံနက်ဖြစ်ပါသည်။ ကျွန်တော်အိမ်ပေါ်မှဆင်း၍ ဆေးခန်းသို့သွားရန်ပြင်ဆင်လိုက်ပါသည်။ "မသွားနဲ့ဆရာ၊ သွပ်ပြားတွေလွင့်ကျနေတယ်၊ အန္တရာယ်ရှိတယ်" ဟု တပည့်တစ်ယောက်က ပြောသော်လည်း ကျွန်တော်မနေနိုင်ပါ။ ရေပြည့်နေသောလမ်းမကို တဖြည်းဖြည်းလျှောက်လာခဲ့ရာ တစ်ချက်တစ်ချက်လေဆောင့်တိုက်၍ ယိမ်းယိုင်သွားပါသည်။ ဒါပေမဲ့ ကျွန်တော် မနေနိုင်ပါ။ အတွင်းလူနာခန်းက လူနာတွေ၊ ဝန်ထမ်းတွေ၊ အဆောက်အအုံတွေ ဘယ်လိုဖြစ်နေသလဲသိချင်နေပါသည်။ ကျွန်တော်ရှိနေရင် ကူညီနိုင်တာကူညီပေးဖို့စီစဉ်ရမည် ဖြစ်ပါသည်။

မနက် ၆နာရီ မထိုးမီ အတွင်းလူနာဌာနသို့ ရောက်ပါသည်။ အတွင်းလူနာအဆောက်အအုံ ကြီးကြီးမားမားဘာမှမဖြစ်ပါ။ တာဝန်ကျဆရာဝန်၊ ဆရာမတွေနှင့်တွေ့ပြီး အခြေအနေများကို စုံစမ်းမေးမြန်းကြည့်သည်။ မိုးရေများ စိမ့်ဝင်သည်မှအပ ဘာအန္တရာယ်မှမရှိသည်ကို တွေ့ရ၍ စိတ်အေးရပါသည်။

လေပြင်းတိုက်ခတ်မှုမရပ်သေးပါ။ ၇ နာရီခန့်တွင် လူနာများအတွက် ရေနွေးလိုလာပါသည်။ မည်သည့်ဆိုင်မှမဖွင့်၍ ကိုယ်ပိုင် Gas အိုးဖြင့် ရေနွေးကျို၍ ဝေပေးစေပါသည်။ ရေနွေးရပါပြီ၊ ကော်ဖီသောက်ချင်သည်။ လက်ဖက်ရည်သောက်ချင်သည်ဖြစ်လာပါသည်။ ဆေးရုံရှိဆိုင်မှ ကော်ဖီထုပ်၊ လက်ဖက်ရည်ထုပ်များအားလုံးကို ထုတ်၍ဝေပေးစေရာ လူအင်အားနှင့်ကော်ဖီထုပ်မလောက်ဖြစ်နေပြန်သည်။ ရပ်ကွက်တွင်းရှိဆိုင်အားလုံးသို့ မေတ္တာရပ်ခံပြီး ရသမျှကော်ဖီထုပ်၊ လက်ဖက်ရည်ထုပ်များဝယ်ရာ အထုပ် ၅၀ ခန့်ရ၍ ယင်းနေ့နံနက်ပိုင်း အဆင်ပြေသွားပါသည်။

နံနက် ၉ နာရီကျော်တွင် လေပြင်းတိုက်ခတ်မှုလျော့သွား၍ မြို့သူမြို့သားများလမ်းပေါ်ထွက်လာကြပါသည်။ ကျွန်တော့်ဆေးရုံရှိလူနာများ၊ ဝန်ထမ်းများအတွက် သောက်ရေအခက်အခဲတွေ့ရပါသည်။ ကျွန်တော်လမ်းပေါ်ထွက်၍ အနီးအနားရှိသောက်ရေသန့်ဆိုင်မှ ၂၀လီတာ သောက်ရေသန့်ပုံး ၁၀ပုံး ဝယ်ယူရန်သွားသောအခါ လူတိုင်းသောက်ရေသန့်လိုအပ်နေ၍ တန်းစီဝယ်ယူနေသည်ကို တွေ့ရပါသည်။ ကျွန်တော်လည်း လူနာများအတွက် အလုံအလောက်ဝယ်ယူဖို့ စိတ်ကူးရာမိမိကဲ့သို့ သောက်ရေအခက်အခဲရှိနေသူတွေများ၍ လုံလောက်အောင် ဝယ်ယူ၍မရပါ။ သောက်ရေသန့်ဈေးသည်လည်း နှစ်ဆတက်သွားပါသည်။

ထိုနေ့တစ်နေ့လုံး ဆေးရုံကိစ္စနှင့်လုံးပန်းနေရ၍ ကိုယ့်အိမ်ကိစ္စများ မဆောင်ရွက်နိုင်သေးပါ။ နေ့လယ်ပိုင်းတွင် လူနာနှင့်လူနာရှင်များစားရေး၊ သောက်ရေးကိစ္စစဉ်းစားပြီး အနီးပတ်ဝန်းကျင်ရှိ ဈေးဆိုင်များ၊ ဈေးသို့သွား၍ သောက်စရာ မုန့်ထုပ်များ၊ ခေါက်ဆွဲထုပ်များရသလောက်ဝယ်ထားရန်သွားရာ ကိုယ်လိုဒုက္ခသည်တွေ ဝယ်နေကြ၍ ဝယ်၍မရပါ။ ကုန်မျိုးစုံဆိုင်တစ်ဆိုင်သို့ဝင်၍ အကျိုးအကြောင်းပြောပြီး ဝယ်ယူရာ၊ လူနာများအတွက်ဖြစ်၍ ခေါက်ဆွဲနှစ်သေတ္တာရောင်းပေးလိုက်ပါသည်။ စားသောက်စရာသွားဝယ်ရသော နေရာမှာ နှစ်မိုင်ခန့်သာဝေးသော်လည်း သစ်ပင်များလဲကျပိတ်ဆို့နေ၍ ကွေ့ပတ်မောင်းရာနှစ်မိုင်ခရီးကို တစ်နာရီကျော်အောင်သွားရပါသည်။ ဘယ်လိုပဲသွားရသွားရ ခေါက်ဆွဲထုပ် ၁၀၀ ခန့်ရလာ၍ ထိုနေ့အတွက်တော့ စိတ်အေးရပါသည်။

ညနေပိုင်းအိမ်တွင် သိမ်းစရာရှိသည်များကို သိမ်းဆည်းနေစဉ် ဝန်ထမ်းတစ်ဦး ရောက်လာပါသည်။ "ဆရာ၊ ကျွန်မအိမ် လေတိုက်လို့ ပြိုသွားပြီ။ အခုနေစရာမရှိဘူး" ဟု ဆိုပါသည်။ မေလ ၂ ရက်ညမှ မေလ ၃ ရက်နေ့ နံနက်ပိုင်းအထိ မရပ်မနားတိုက်ခတ်၍ မိုးရေပါပါသော မုန်တိုင်းသည် လူအများနားခိုစရာခြောက်သွေ့သောနေရာများ မရှိလောက်အောင်ပင် ဒုက္ခရောက်နေရပါသည်။ ကျွန်တော့်တပည့်ဒုက္ခကို ဘယ်လိုလုပ်ရမည်မသိဖြစ်နေပါသည်။ "ကဲကဲ– ဂိုဒေါင်ထဲမှာ တာပေါ်လင်ကြီးကြီးရှိတယ် ယူသွား၊ နောက်မှထပ်ပြီးစီစဉ်ပေးမယ်" ဟု ပြော၍ တာပေါ်လင်စ ထုတ်ပေးလိုက်ပါသည်။

မုန်တိုင်းကစဲ၍ သွားပြီဖြစ်ပါသည်။ မုန်တိုင်းစဲသောအခါ ဒုက္ခတွေ တသီတတန်းကြီးပေါ်လာပါသည်။ ဝန်ထမ်းများတစ်ဦးပြီးတစ်ဦးမုန်တိုင်း၏ ဒုက္ခများကို လာရောက်ပြောပြနေကြသည်။ အကူအညီတောင်းခံနေကြသည်။ တစ်ဦးက အိမ်ပြိုလဲသွားသည်။ တစ်ဦးကအိမ်အမိုး ပါသွားသည်။ အိမ်အကာများ လုံးဝမရှိတော့ စသောစသောသတင်းများ ရောက်လာကြသည်။ ကျွန်တော်ချက်ချင်း ဆောင်ရွက်ပေးနိုင်သောနည်းတစ်ခုကို အကောင်အထည်ဖော်လိုက်ပါသည်။

အိမ်ပြိုသွားသော ဝန်ထမ်းအား ကျပ်နှစ်သိန်း၊ အိမ်အမိုးပါသွားသော ဝန်ထမ်းအားကျပ်တစ်သိန်း၊ အိမ်အကာပျက်ကို ကျပ်တစ်သိန်းစီ ချက်ချင်းထုတ်ပေးပြီး "လောလောဆယ်နေဖြစ်အောင်လုပ်၊ နောက်ထပ်ပြီးလုပ်ပေးနိုင်တာလုပ်ပေးမယ်" ပြော၍ ပြန်လွှတ်ရပါသည်။ ဝန်ထမ်းတစ်ဦးမှတစ်ဦး ပြန့်သွားရာ နာဂစ်မုန်တိုင်းခံရသူ ဝန်ထမ်းပေါင်း ၃၃ ဦးဖြစ်သွားပါသည်။ လေဘေးဒုက္ခခံရသူဝန်ထမ်းများ များလာသည့်အတွက် အမှန်တကယ်ဟုတ်မဟုတ် ချက်ချင်းကွင်းဆင်းစစ်ဆေးရာ အမှန်ပင်ဖြစ်ကြောင်း သိရှိရ၍ ငွေကျပ် ၂,၁၆၀,၀၀၀ ကို ချက်ချင်းထောက်ပံ့ကူညီပေးလိုက်ပါသည်။ လေဘေးဒုက္ခရောက်သည့် သုံးရက်အတွင်း ထောက်ပံ့ကြေးများရရှိကြ၍ ဝန်ထမ်းများအတွက်များစွာ အထောက်အပံ့ဖြစ်သွားပါသည်။

ဝန်ထမ်းများကိစ္စကို ခေတ္တရပ်ထားပြီး အဆောက်အအုံများ ပျက်စီးသည့်ဘက်သို့ လှည့်ရပါသည်။ ကျွန်တော်တို့တွင် အတွင်းလူနာနှင့် ပြင်ပလူနာဆေးခန်း (၁) (၂) (၃) (၄) ရှိရာ အားလုံးဆေးခန်းများ

www.foreverspace.com.mm

ပျက်စီးဆုံးရှုံးမှုရှိပါသည်။ ချက်ချင်းပြင်ဆင်နိုင်သည်များကို ချက်ချင်းပြင်ဆင်နေစဉ်အတွင်း ဒါရိုက်တာအစည်းအဝေးခေါ်၍ ဆွေးနွေးတိုင်ပင်ကြပါသည်။ ဒါရိုက်တာအဖွဲ့ဆွေးနွေးကြပြီး ဝန်ထမ်းများအတွက် ကျပ်သိန်း ၂ဝ ကို ထောက်ပံ့ကြေးငွေအဖြစ်သတ်မှတ်ရန်နှင့် အဆောက်အအုံပြင်ဆင်စရိတ်အဖြစ် ငွေကျပ်သိန်း ၁ဝဝ ကို သုံးစွဲသွားရန် သဘောတူဆုံးဖြတ်ကြပါသည်။

ကျွန်တော်လည်း အဆောက်အအုံများ အမြန်ပြင်ဆင်ပြီးစီးရေး ကိစ္စရပ်များကို ဆောင်ရွက်နေစဉ်အတွင်း သူငယ်ချင်းဆရာဝန်များက မုန်တိုင်းဒေသကွင်းဆင်း၍ အကူအညီပေးရန် အကြောင်းကြားပါသည်။ ကျွန်တော့်အလုပ်နှင့် ကျွန်တော်မအားလပ်သည့်ကြားမှ ဝန်ထမ်းများစုပေါင်း၍ အဝတ်အထည် (ကျား+မ) ၂ဝဝ နှင့် ငွေကျပ် ၁၂ဝ,ဝဝဝကို သူငယ်ချင်းဆရာဝန်များမှတစ်ဆင့် ပေးလှူခဲ့ပါသည်။

ရက်ကြာလာသည်နှင့် လုပ်ငန်းခွင်များလည်း ပုံမှန်လည်ပတ်နိုင်လာပါသည်။ သို့သော်လည်း ဆေးကုသခံယူမည့်သူနည်းပါးနေပါသည်။ ယခင်နှစ် ပုံမှန်ကုသမှုခံယူနေသောလများနှင့် နှိုင်းယှဉ်ပါက ၄ဝ ရာခိုင်နှုန်းကျော် ကျဆင်းသွားပါသည်။ ဤသို့ကျဆင်းသွားသည်မှာ လူနာများကျန်းမာနေ၍ဖြစ်လျှင် ဘယ်လောက်ကောင်းမလဲဟု တွေးမိပါသည်။

သို့မဟုတ်ဘဲ မကျန်းမာသော်လည်း ဆေးကုသမှုခံယူရန်ငွေကြေးကုန်ကျမခံနိုင်၍ ဆိုလျှင် စိတ်မကောင်းစရာပါ။ မည်သို့ပင်ဖြစ်စေ နာဂစ်မုန်တိုင်းဒဏ်ခံရသော ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းမှ လူနာအချို့ကတော့ ရှိသည့်အင်အားနှင့် လာရောက်ဆေးကုသဖြစ်ပါသည်။ ကျွန်တော်တို့က "ဘယ်ကလာတာလဲ" မေးရသည်။ ဧရာဝတီတိုင်းက ဘယ်မြို့ကဟု ပြောလိုက်လျှင် လေဘေးဒုက္ခသည်များဟု သိလိုက်ပါပြီ။ အကောင်းဆုံး၊ အသက်သာဆုံးဖြစ်အောင် ဆောင်ရွက်ပေးဖို့ပြောရပါသည်။ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များကလည်း တတ်နိုင်သည့်ဘက်မှ ကူညီကြပါသည်။

၂ဝဝ၈ ခုနှစ် ဇူလိုင်လထဲသို့ ရောက်လာပါသည်။ ကျွန်တော်ကိုယ်တိုင်ခွဲစိတ်ကုသခံယူပြီး အနားယူနေသောအချိန်ဖြစ်ပါသည်။ ရုံးအလုပ်များကို သက်သက်သာသာလုပ်ကိုင်ရင်း နာဂစ်ဒုက္ခသည်များ၏ သတင်းကို ဖတ်နေမိပါသည်။ ကိုယ်တို့မြို့ပေါ်နေ၊ လုံလုံခြုံခြုံခိုင်ခိုင်ခံ့ခံ့နှင့် အဆောက်အအုံများပင် ယနေ့ထက်ပင်ပြင်ဆင်မွမ်းမံ၍မပြီးနိုင်ပါ။ တောမြို့တောရွာဒုက္ခသည်ပေါင်းများစွာ ဘယ်လိုနေ၊ ဘယ်လိုပင်စားကြပါလိမ့် တွေးတောနေစဉ် တယ်လီဖုန်းမြည်လာပါသည်။ "အမိန့်ရှိပါ" "အန်ကယ်–ကျွန်မပါ" ကျွန်တော် ဧည့်ကြိုကောင်တာမှ ဝန်ထမ်းတစ်ဦး ဖြစ်ပါသည်။ "ပြောပါ ဘာပြောချင်တာလဲ" မေးရာ "လူနာတစ်ဦး ဆေးရုံတက်ဖို့ ပါမောက္ခဆရာဝန်ကြီးက လွှတ်လိုက်ပါတယ်။ လူနာမှာ ငွေကြေးအလုံအလောက်မပါလာဘူး။ ဘယ်လိုဆောင်ရွက်မလဲဆိုတာကို အမိန့်ရှိပါ" ဟု ပြောပါသည်။ ကျွန်တော် တယ်လီဖုန်းချ၍ လူနာနှင့် သွားရောက်တွေ့ဆုံပါသည်။ လူနာနှင့်တွေ့သောအခါ မေးမြန်းစုံစမ်းပါသည်။ လူနာမှာ ရန်ကုန်တစ်ဖက်ကမ်းရှိ မြို့တစ်မြို့မှ လေဘေးဒုက္ခသည်ဖြစ်ကြောင်း၊ အထူးကုဆရာဝန်ကြီးများကွင်းဆင်းဆေးကုသရာတွင် တွေ့ဆုံခွင့်ရကြောင်း၊ သူ့ရောဂါမှာ ခွဲစိတ်ကုသရန်လိုနေပြီဖြစ်ကြောင်း၊ သို့သော် ဒုက္ခသည်စခန်းရောက်နေ၍ ငွေကြေးမတတ်နိုင်ကြောင်းပြောပြီး ဆရာဝန်ကြီးက ရန်ကုန်သို့လာရန် (---) ဆေးခန်းတွင် ဆေးရုံတက်ရန်၊ ငွေကြေးကိစ္စများ အဆင်ပြေအောင်ဆောင်ရွက်ပေးမည်ဆို၍ လာခဲ့ကြောင်း ပြောပြပါသည်။

ကျွန်တော် လူနာထံမှ သတင်းစုံကြားရသည်နှင့် ပါမောက္ခဆရာဝန်ကြီးထံဖုန်းဆက်၍ အကျိုးအကြောင်း ပြောပြပါသည်။ ဆရာဝန်ကြီးက (---) မြို့ကဆိုရင် သူ့လူနာဖြစ်ကြောင်း၊ ရန်ကုန်လာရန်မှာကြားခဲ့ကြောင်း၊ ယခုဆေးရုံတင်ထားပေးရန်လိုကြောင်း ပြောပြပါသည်။ လူနာကို ကျွန်တော်တို့ ဆေးရုံတင်ထားပေးပါသည်။ ဆရာဝန်ကြီးရောက်လာသောအခါ လူနာကို ပေးနိုင်သည့်ငွေကြေးနှင့်ကျန်းမာအောင် ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း၊ လိုသောငွေကြေးကို သူကလည်းလှူမည်၊ ကုမ္ပဏီကလည်း လှူပါဟုပြောပါသည်။ ကျွန်တော် သဘောတူကြောင်း ပြန်ပြော၍ လူနာအား ခွဲစိတ်ကုသပါသည်။ ၁ဝ ရက်အတွင်း လူနာကျန်းမာ၍ ဆေးရုံမှဆင်းသွားပါသည်။ ထိုလူနာအား ခွဲစိတ်ကုသ



ပေးရခြင်းအတွက် ဝမ်းသာပီတိဖြစ်နေစဉ် အတွင်း ဒုတိယလူနာတစ်ယောက် ရောက်လာပါသည်။

လူနာမှာ အမျိုးသမီးလူနာဖြစ်၍ ဆေးကုသခံယူရန်လာခဲ့ကြောင်း၊ ဆရာဝန်ကြီးတစ်ဦးကမှာကြား၍ လာခြင်းဖြစ်ကြောင်းပြောပြရာ ဆရာဝန်ကြီးထံမှ ရေးသားပေးထားသော စာရွက်စာတမ်းတစ်စုံတစ်ရာရှိ မရှိ မေးမြန်းရာ စာကိုထုတ်ပြပါသည်။ စာကိုဖတ်ကြည့်ရာ ဆေးရုံတင်ထားရန် ရေးသားထားပါသည်။ အောက်တွင် ပါမောက္ခ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး (---) ဖြစ်သည်ကိုတွေ့ရပါသည်။ လူနာသည် ထုံးစံအတိုင်း ဆေးရုံတက်နေရမည်ဖြစ်ရာ ကုန်ကျစရိတ် ကျပ်---ကုန်ကျမည်ဟု ပြောပြရာ လူနာကမျက်ရည်များလည်လာပြီး "ကျွန်မကို (---) ဆေးရုံကိုလာခဲ့၊ ငွေမကုန်ဘူး၊ လိုအပ်တာအကုန်လုံး လုပ်ပေးမည်" ပြော၍ လာခဲ့ကြောင်း ပြောပါသည်။ သူ့ဘဝမိသားစုအခြေအနေကို မေးမြန်းရာ၊ လေဘေးဒုက္ခသည်ဖြစ်ကြောင်း၊ မိသားစုခုနစ်ယောက်တွင် သူတစ်ဦးသာ ကျန်ခဲ့ပြီး ကျန်ခြောက်ယောက်မှာ လေဘေးနှင့်သေဆုံးခဲ့ရကြောင်းပြောပြ၍ ဘာမှဆက်လက်မမေးတော့ဘဲ ဆေးရုံတင်ထားလိုက်ပါသည်။

ထိုလူနာအတွက် ကျွန်တော်စိတ်မကောင်းဖြစ်ကာ သားဖွားမီးယပ်ဆရာဝန်ကြီးထံ ဖုန်းဆက်ရပါသည်။ ဆရာဝန်ကြီးက သူ့လူနာဟုတ်ကြောင်း၊ ငွေကြေးလုံးဝမတတ်နိုင်ကြောင်း၊ သူလုပ်ရမည့် ခွဲစိတ်ကုသမှုတွေအားလုံး အခမဲ့လုပ်ပေးမည်ဖြစ်ကြောင်း၊ စားရေးသောက်ရေးကိစ္စကိုလည်း ဆေးရုံမှစီစဉ်ပေးရမည်ဖြစ်ကြောင်း အကြောင်းပြန်ကြား၍ ထိုလူနာ၏ ကုသရေး၊ စားရေးသောက်ရေးအားလုံးကို စီစဉ်ပေးလိုက်ပါသည်။

၂၀၀၈ ခုနှစ် ဇူလိုင်လဆန်းမှ စလိုက်သော ကုသရေးအလှူသည် ဩဂုတ်လနှင့် စက်တင်ဘာလတို့အထိ တစ်ဦးပြီးတစ်ဦး ရောက်ရှိလာရာ ခွဲစိတ်ကုသရသော လူနာခြောက်ဦးရှိပြီး ပြင်ပလူနာနှင့် ခေတ္တဆေးရုံတက်ကုသရသော လူနာစုစုပေါင်း ၂၀ ခန့် ရှိပါသည်။ ထိုလူနာအားလုံးသည် လေဘေးဒုက္ခသည်များဖြစ်၍ အသက်သာဆုံးကုန်ကျစရိတ်ဖြင့် ကုသပေးခဲ့ရာ အလှူဒါနအဖြစ် ကျပ်သိန်း ၂၀ ခန့် လှူဒါန်းခဲ့ရပါသည်။

ကျွန်တော်တို့ဆေးရုံတွင် ရှိနေသော ဆရာဝန်ကြီးများသည် တိုင်းအသီးသီး၊ မြို့နယ်အသီးသီးသို့ အစိုးရစရိတ်ဖြင့်လည်းကောင်း၊ အလှူရှင်များစရိတ်ဖြင့်လည်းကောင်း သွားရောက်၍လုပ်အားဒါနပြု၍ ဆေးကုသပေးနေရာ နာဂစ်လေဘေးဒေသများသို့ သွားရောက်ကုသပေးမှုကအများဆုံးဖြစ်ပါသည်။ ဤလေဘေးဒုက္ခသည်များသို့ သွားရောက်ကုသပေးနေရမှုကို အားရကျေနပ်မှုမရှိကြောင်း ဆရာဝန်ကြီးတစ်ဦးက ပြောပြပါသည်။ သွားရောက်ကုသပေးတိုင်း ဒုက္ခသည်များနှင့် တွေ့ဆုံရာ ထိုဒုက္ခသည်များထဲမှ ရောဂါသည်များ၊ ဒဏ်ရာရသူများ၊ အိုမင်းမစွမ်းသူများမှာ တိုး၍တိုး၍လာသည်ဟုထင်ရကြောင်း ပြောပြပါသည်။

အမှန်တော့ ဝန်နှင့်အားမမျှခြင်းဖြစ်ပါသည်။ နာဂစ်မုန်တိုင်းသည် တိုင်းနှင့်ပြည်နယ်လေးခုကို တိုက်ခတ်ဖျက်ဆီးခဲ့ရာ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့မှာ အဆိုးဆုံးဒေသများဖြစ်ပါသည်။ ထိုတိုင်းကြီးနှစ်တိုင်းအတွင်း သေဆုံးသူ၊ ပျောက်ဆုံးသူ၊ ဒဏ်ရာရသူများမှာ နာဂစ်မုန်တိုင်းငြိမ်သွားပြီးနောက် နေရာဒေသအသီးသီးမှ ပေါ်ပေါက်လာခဲ့ပါသည်။ သေဆုံးသူများနှင့် ပျောက်ဆုံးသူများအတွက် ပူဆွေးသောကရောက်ရုံသာဖြစ်သော်လည်း ဒဏ်ရာရသူ၊ နာမကျန်းသူများ ကျန်းမာအသက်ရှင်ရေးသည် နိုင်ငံတော်အဆင့်ဖြင့်မပြီးနိုင်ပါ။ သို့ဖြစ်၍ ပုဂ္ဂလိကအဖွဲ့အစည်းအသီးသီးက၊ ပညာဒါန၊ ငွေကြေးဒါနနှင့် ဝိုင်းဝန်းပံ့ပိုးကူညီကြသော်လည်း ယနေ့အထိ အလုံးစုံပြီးမြောက်မှုမရသေးပါ။

ကျွန်တော်နှင့်တကွသော သူငယ်ချင်းအပေါင်းအသင်းဆရာဝန်များလည်း စေတနာအပြည့်ဖြင့် ကွင်းဆင်းကူညီဆောင်ရွက်ကြသော်လည်း ကျွန်တော်တို့တတ်နိုင်သည်မှာ စိတ်စေတနာ၊ လုပ်အားများသာ ဖြစ်ပါသည်။ လိုနေသေးသည်က ငွေနှင့်ပစ္စည်း (ဆေးဝါး) များဖြစ်ရာ စေတနာနောက်သို့ ငွေနှင့်ပစ္စည်း (ဆေးဝါး) က မလိုက်နိုင်၍ ရပ်သင့်သောအချိန်တွင် ရပ်တန့်ထားလိုက်ရပါသည်။ စိတ်ထဲတွင်တော့ အကူအညီလိုသေးသည်။ ကူညီပေးရဦးမည်ဟု အမြဲမပြတ်မှတ်သားထားရပါသည်။

ဤဆောင်းပါးသည် လေဘေးဒုက္ခသည်များကို ကူညီပေးခဲ့ရသည့်ကုသိုလ်ကောင်းမှုကို သတိရနေပြီး ယခုလိုအချိန်အခါရောက်တိုင်း နာဂစ်မုန်တိုင်း၏ ကြီးမားသောဒုက္ခဘေးမှလွတ်မြောက်ခဲ့ရပုံများကိုလည်း သတိရနေပါသည်။ တို့တစ်တွေ အိုးအိမ်အဆောက်အအုံ၊ စီးပွားရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးရသော်လည်း၊ ယခုအခါ ပြုပြင်မွမ်းမံပြီး၍ ပုံမှန်အနေအထားရောက်နေသော်လည်း လေဘေးဒုက္ခရောက်သည်များကတော့ ဘယ်တော့မှ မူလအခြေအနေသို့ပြန်ရောက်ကြမည်ကို တွေးတောမဆုံးနိုင်ပါ။ ထိုထက်ဆိုးသည်က အရှင်လတ်လတ် ကိုယ့်မျက်စိရှေ့တွင် နာဂစ်ဝါးမျိုသွားသော မိသားစုများ၊ ဆွေမျိုးများနှင့် ရှင်ကွဲ ကွဲရသူတို့မှာတော့ အသက်ရှင်လျက်နှင့် ရင်ကွဲ၍ကျန်ခဲ့ကြရသည်မဟုတ်ပါလား။

ဤဆောင်းပါးရေးနေစဉ်အတွင်းမှာပင် မုန်တိုင်းဒဏ်မှလွတ်မြောက်လာသော အသက်ရှင်ကျန်ရစ်သူ မိသားစုများ၏ ပူဆွေးသောကများ ကျွန်တော့်ရင်တွင်းသို့ ဝင်ရောက်လာပါသည်။ နောင်ဖြစ်လေရာ ဘဝဘဝတိုင်းတွင် ဤကဲ့သို့ အဖြစ်ဆိုးနှင့် မည်သူတစ်ဦးတစ်ယောက်မျှ တွေ့ကြုံခံစားရခြင်းမဖြစ်ပါစေနှင့်ဟု ကျွန်တော်ဆုတောင်းနေမိပါသည်။

**မောင်မောင်တင်**

**၂၁-၃-၂၀၀၉**

www.foreverspace.com.mm

# နိုင်ငံရေးသမားနှင့် သမိုင်းကျောင်းတော်သား

ကိုကိုမောင်ကြီး

**ကျွန်တော်သည် ၁၉၃၈–၃၉ ခုနှစ်မှစပြီး ၁၉၈၈ ခုနှစ်အထိ နှစ်ပေါင်း ၅၀ အတွင်း နိုင်ငံရေးသမားဆိုသောဘဝကို မခံယူချင်သော်လည်း ခံယူခဲ့ရသည်။ ကျွန်တော်၏ ပင်ကိုယ်သဘာဝကိုက လူအများနှင့် ရောရောနှောနှောနေချင်သောဆန္ဒမရှိခဲ့ပါ။ သို့သော် ၁၉၃၈–၃၉ ခုနှစ် တစ်ဝိုက်တွင် နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေးကိုအခြေပြုသည့် ၁၃၀၀ ပြည့်အရေးတော်ပုံကြီး ဖြစ်ပွားခဲ့သည့်အချိန်မှစ၍ နိုင်ငံရေးဟုခေါ်တွင်သော နယ်ပယ်ကြီးအတွင်းသို့ဝင်ရောက်မိလျက်သားဖြစ်ခဲ့ပါသည်။**

ခင်မင်ရင်းနှီးသော အပေါင်းအသင်းကို အကြောင်းပြု၍ ရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံရေးဆိုသော ဝေါဟာရကို နားလည်၍မဟုတ်ခဲ့ပါ။ သို့သော် ကျွန်တော့်ထက်အသက်အရွယ်ကြီးသော ကျောင်းသားကြီးများ၏ တိုက်တွန်းမှုကြောင့် နိုင်ငံရေးစာအုပ်များကို ဖတ်ရှုလေ့လာခဲ့ရပါသည်။ ထိုစာအုပ်များကို ဖတ်ရှုလေ့လာရင်းနှင့်ပင် ကျောင်းသားများသမဂ္ဂအသင်း၊ ကျောင်းသားသံမဏိတပ်ဖွဲ့နှင့် အင်္ဂလိပ်ဆန့်ကျင်ရေး Underground လျှို့ဝှက်လှုပ်ရှားမှုလုပ်ငန်းရပ်များအတွင်းသို့ တစ်ဆင့်ပြီးတစ်ဆင့် ဝင်ရောက်ခဲ့ပါသည်။

ထိုမှတစ်ဆင့် ဂျပန်များကြီးစိုးသောခေတ်တွင် ဂျပန်ဆန့်ကျင်ရေး Underground လှုပ်ရှားမှုအတွင်းသို့ ဝင်ရောက်ခဲ့မိပါသည်။ ပါတီအနေနှင့်ဆိုရလျှင် ကွန်မြူနစ်ပါတီဗမာပြည်၏ ဦးဆောင်မှုကို ခံယူခဲ့ပါသည်။ ထိုခေတ်တစ်လျှောက်လုံးတွင် B.I.A, B.D.A, B.N.A, P.B.F အစရှိသော တပ်မတော်အဖွဲ့အစည်းအဆင့်ဆင့်၌ ပါဝင်ခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးသောအခါ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖ.ဆ.ပ.လ) တွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

ဤသို့အားဖြင့် ကျွန်တော်သည် နိုင်ငံရေးသမား၏ဘဝခရီးကို ဖြတ်သန်းခဲ့ပါသည်။ ၁၉၆၂ ခုနှစ်သို့ ရောက်သောအခါ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို တည်ထောင်ရာတွင် ပါဝင်ခဲ့ပါသည်။ ၁၉၇၂ ခုနှစ်သို့ရောက်သောအခါ နိုင်ငံရေးလုပ်ငန်းနှင့် နိုင်ငံရေးနယ်ပယ်မှ အနားယူခဲ့ပါသည်။ သို့ဖြစ်လင့်ကစား ကျွန်တော်သည် နိုင်ငံရေးအမြစ်တွယ်ခဲ့မိသူတစ်ဦးအနေဖြင့် အကြောင်းအရာများကို မျက်ခြည်



www.foreverspace.com.mm

မပြုတ်ခဲ့ပါ။ ကျွန်တော်၏ပင်ကိုယ်စိတ်ဝင်စားအားသန်မှုမှာ နိုင်ငံအသီးသီး၏ဖြစ်စဉ်များ သို့မဟုတ် နိုင်ငံတိုင်းများကို လေ့လာရန်စိတ်ဝင်စားခဲ့သူဖြစ်ပါသည်။ စိတ်ဝင်စားသည်နှင့်အမျှ ဖောက်ချလေ့လာမှုပြုခဲ့ချင်သော်လည်း ကျွန်တော်၏ကံကြမ္မာက နိုင်ငံရေးဘဝစက်ဝိုင်းထဲသို့ ပစ်ချခံလိုက်ရသောကြောင့် ကျွန်တော်သည် စိတ်ဝင်စားခဲ့သော နိုင်ငံသမိုင်းရေးရာများကို ယာယီအားဖြင့် မေ့ပျောက်ထားခဲ့ရပါသည်။

၁၉၈၈ ခုနှစ်ရောက်သောအခါ ကြုံတွေ့နေရသော အခြေအနေများကို အကြောင်းပြု၍ နိုင်ငံရေးလောကခံတရားကို ဆင်ခြင်သုံးသပ်မိပါသည်။ ဤသို့ ဆင်ခြင်မိသည်နှင့်အမျှ သမိုင်းဆိုင်ရာအကြောင်းအရာများကို လေ့လာရန် ပို၍စိတ်အားထက်သန်လာပြန်ပါသည်။ ထို့ကြောင့် ကျွန်တော်သည် လက်လှမ်းမီရာကမ္ဘာ့သမိုင်းအချို့ကို သုံးသပ်ဆင်ခြင်သောစိတ်ဖြင့် ဖတ်ရှုလေ့လာနေခဲ့ပါသည်။

ဤသို့ သုံးသပ်ဆင်ခြင်သောစိတ်ဖြင့် သမိုင်းစာအုပ်များကို ဖတ်နေမိသော ကျွန်တော်သည် ကျွန်တော့်ကိုယ်ကျွန်တော် နိုင်ငံရေးသမားတစ်ယောက်အနေအထားထက် သမိုင်းကိုလေ့လာနေသော သမိုင်းပညာသင်ကျောင်းတော်သားတစ်ဦးအဖြစ် ခံယူရန် ဆုံးဖြတ်လိုက်ပါသည်။

ဤနေရာတွင် နိုင်ငံရေးသမားဟူသောအနေအထားနှင့် သမိုင်းကျောင်းတော်သားဟူသော အနေအထားနှစ်ရပ်ကွာခြားနားပုံကို ဖော်ပြချင်ပါသည်။

ရှေးဦးစွာ နိုင်ငံရေးသမားဟူသော အဓိပ္ပာယ်ကို ပြောချင်ပါသည်။ နိုင်ငံရေးသမားဟူသော ဝေါဟာရသည် အင်္ဂလိပ်စကားဖြင့် Politician ဟူသော စကားကို မြန်မာပြန်ဆိုရာမှ ပေါ်ပေါက်လာသော စကားဖြစ်သည်။ Politician ဟူသော စကားသည် ရှေးခေတ်ဂရိစကား Politikos ဟူသောစကားမှ ဆင်းသက်လာသော စကား ဖြစ်ပါသည်။ Poli ဆိုသည်မှာ ဂရိခေတ်တွင် တည်ရှိခဲ့သော မြို့ပြနိုင်ငံကို ဆိုလိုပါသည်။ ပိုလီတိကော့ ဆိုသည်က မြို့ပြနိုင်ငံများကိုစီမံခန့်ခွဲခြင်း ဖြစ်ပါသည်။ ဂရိအင်ပါယာနှင့် ရောမအင်ပါယာတို့ ကြီးကျယ်လာသောအခါ နိုင်ငံရေးသည် အင်ပါယာနယ်ပယ်ကြီး၏အရေး ဖြစ်လာပါသည်။ တိုင်းနိုင်ငံများနှင့် အင်ပါယာနယ်ပယ်တို့ကို အုပ်ချုပ်မင်းလုပ်သူ ဦးစီးခေါင်းဆောင်များ၏ အရေးအရာများအားလုံးသည် နိုင်ငံရေးရာများ ဖြစ်လာခဲ့ကြသည်။

ထို့ကြောင့် နိုင်ငံရေးရာ အတတ်ပညာသည် တိုင်းနိုင်ငံတို့အုပ်ချုပ်သော မင်းရာဇာများ၏ အတတ်ပညာ တစ်နည်းအားဖြင့် ရာဇာနီတိများ ဖြစ်လာခဲ့ကြသည်။ ကျွန်တော်တို့၏ ပြည်သူ့ဆန္ဒများကို အခြေပြုသောခေတ်သို့ ရောက်သည့်အခါ နိုင်ငံရေးသည် နိုင်ငံရေးပါတီအဖွဲ့အစည်းတို့၏ အရေးအရာများ ဖြစ်လာကြတော့သည်။ နိုင်ငံရေးပါတီများသည် နိုင်ငံရေးနှင့် သက်ဆိုင်သောအသိပညာ၊ အတတ်ပညာများကို လေ့လာကိုင်တွယ်ကျင့်သုံးလာကြရသည်။ တစ်ဆက်တည်း အုပ်ချုပ်ရေးပညာ၊ ဥပဒေပညာများကိုလည်း လေ့လာကိုင်တွယ်ကြရသည်။

ဤသို့သော အကြောင်းတရားများအားလုံးကို လေ့လာသင်ယူခံယူပြီး လက်တွေ့နယ်ပယ်တွင် အသုံးချလာသူများကို နိုင်ငံရေးသမားဟု ခေါ်ကြသည်။

ဤနေရာတွင် မေးစရာမေးခွန်းတစ်ခု ပေါ်လာပါသည်။ နိုင်ငံရေးသည် ဓမ္မဓိဋ္ဌာန်ကျကျဆောင်ရွက်ရသောအရေးအရာဟုတ်ပါသလောဟူသော မေးခွန်းဖြစ်သည်။ ဤမေးခွန်းကိုဖြေရမည်မှာ အလွန်သိမ်မွေ့ပါသည်။

အရင်းခံမူအားဖြင့်ဆိုလျှင် နိုင်ငံရေးသည် ဓမ္မဓိဋ္ဌာန်ကျသောအရေးဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံရေးသည် တိုင်းသူပြည်သားလူအများ၏ ကောင်းစားရာကောင်းစားကြောင်း၊ သာယာဝပြောရာ သာယာဝပြောကြောင်း၊ အကျိုးစီးပွားဖြစ်ရာဖြစ်ကြောင်း၊ အေးငြိမ်းချမ်းသာစွာနေထိုင်ရရေး အစရှိသည်တို့ကို အဓိကဦးတည်ချက်ထားပြီး ဆောင်ရွက်ရသည့်အရေးဖြစ်သည်။

ဤအဓိပ္ပာယ်ဖြင့်ကြည့်လျှင် နိုင်ငံရေးသည် ပုဂ္ဂလဓိဋ္ဌာန်ကျသော အရေးမဟုတ်ဘဲ ဓမ္မဓိဋ္ဌာန်ကျသောအရေးဖြစ်ကြောင်း ထင်ရှားပါသည်။

သို့ရာတွင် လူ့ဘောင်အဖွဲ့အစည်းသည် လူသားအမျိုးမျိုးနေထိုင်သော အဖွဲ့အစည်းဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ဆန္ဒချင်းမတူသော၊ လူများနေထိုင်သော အဖွဲ့အစည်းဖြစ်သည်။ အကျိုးစီးပွားချင်း ခြားနားသောအဖွဲ့အစည်းဖြစ်သည်။ မိသားစုတစ်စုနှင့်တစ်စုအတွင်းမှာပင် ခြားနားမှုရှိနေကြသည်။ လူအုပ်စုတစ်စုနှင့်တစ်စုအတွင်းမှာလည်း ခြားနားမှုရှိနေကြသည်။ လူတန်းစားချင်းခြားနားမှုရှိနေကြသည်။ လူမျိုးစု၊ မျိုးနွယ်စုအတွင်းမှာလည်း ခြားနားမှုရှိနေကြသည်။ နိုင်ငံအသီးသီးလည်း ခြား နားကြသည်။

ထို့ကြောင့် ဆိုင်ရာဆိုင်ရာအကျိုးစီးပွားချင်း ခြားနားနေကြသည်။ အကျိုးစီးပွားချင်းခြားနားကြသည့်အလျောက် ယင်းခြားနားမှုကို အခြေပြု၍ရေးဆွဲထားကြသော နိုင်ငံရေးမူဝါဒနှင့် လုပ်ငန်းစဉ်အသီးသီးတို့ ခြားနားကြမည်မှာ ဓမ္မတာပင်ဖြစ်ပေသည်။


ဖော်ပြခဲ့သည့် ခြားနားနေသော အဖွဲ့အစည်းမျိုးနွယ်စု လူမျိုး၊ နိုင်ငံ၊ အုပ်စုစသည်တို့တွင် ပါဝင်ပတ်သက်နေသူတစ်ဦးတစ်ယောက်သည် မိမိပါဝင်ပတ်သက်နေသောအဖွဲ့အစည်းအုပ်စု၊ နိုင်ငံ၊ လူမျိုး၊ မျိုးနွယ်စုတို့အတွက်သာလျှင် ဦးတည်ထင်ရှားပေါက်မြောက်ရေးအတွက် ဟောပြောစည်းရုံးလုပ်ကိုင်နေရပေမည်။ ထိုသို့ဟောပြောစည်းရုံးသော လုပ်ကိုင်သောအခါတို့တွင် အချို့အချို့သော အပြောအဆို အပြုအမူတို့သည် တခြားသော အဖွဲ့အစည်းအုပ်စု၊ မျိုးနွယ်စု၊ လူမျိုးတို့အတွက် နှိမ့်သော မိမိအတွက်မြှင့်တင်သော အပြောအဆိုအပြုအမူတို့ မလွှဲမသွေပါဝင်ရပေ

www.foreverspace.com.mm

တော့မည်။

ထို့ကြောင့် နိုင်ငံရေးသမားဟူသည် သိလျက်နှင့်ဖြစ်စေ၊ မသိဘဲနှင့်ဖြစ်စေ မိမိပါဝင်သောအဖွဲ့ အစည်းဘက်သို့ လိုက်ပါနေရတော့မည်။ တိတိကျကျရေးရမည်ဆိုလျှင် နိုင်ငံရေးသမားသည် နိုင်ငံရေးဘက်လိုက်ရမည်ဖြစ်သည်။

နိုင်ငံရေးသမားသည် သမိုင်းကို ဖန်တီးသူဖြစ်သည်။ သို့သော် သူဖန်တီးသော သမိုင်းမှာ သူပါဝင်လှုပ်ရှားနေသောအဖွဲ့ အစည်း အစုအအုပ်ဘက်လိုက်သည်။ ဘက်လိုက်မှုရှိသောသမိုင်းသာ ဖြစ်သည်။




နိုင်ငံရေးသမား၏ဘဝသည် ဘက်မလိုက်၍မရသောဘဝဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေးသမားဘက်လိုက်ခြင်းကို အပြစ်ဟူ၍ မဆိုသာ။

ဖော်ပြခဲ့သောအကြောင်းများ၊ တစ်ခါတစ်ရံတွင် ကျွန်တော့်စိတ်က လုပ်ချင်၍မလုပ်နိုင်သော၊ မလုပ်ချင်ပါဘဲ လုပ်ရသောဘဝတို့ကို ကြုံတွေ့ခဲ့သည်။ ကျွန်တော်သည် နိုင်ငံရေးသမားဟူသောအနေအထားထက် ကျွန်တော် တစိုက်မတ်မတ်စိတ်ဝင်စားခဲ့သော သမိုင်းပညာရပ်ဘက်သို့ ပိုမိုကိုင်းညွတ်လာခဲ့သည်။ ကျွန်တော့်ကိုယ်ကျွန်တော် သမိုင်းကျောင်းတော်သားအဖြစ် ခံယူလိုက်ပါသည်။

သမိုင်းကျောင်းတော်သားဟူသည် သမိုင်းကို ဓမ္မဓိဋ္ဌာန်ကျကျ အချက်အလက်များ လေ့လာသင်ယူနေသူဖြစ်သည်။ (ဘက်လိုက်၍မရသောဘဝဖြစ်သည်။ အတိတ်ကာလကိုလည်း ဘက်လိုက်၍မရ၊ အမှန်အတိုင်းလေ့လာပြီး မှတ်တမ်းပြုစုရမည်။) ပစ္စုပ္ပန်တွင်ဖြစ်နေသော ဖြစ်ရပ်များကိုလည်း အမှန်အတိုင်းသာ မှတ်တမ်းပြုရမည်။ အနာဂတ်နှင့်ပတ်သက်၍လည်း မိမိဆန္ဒနှင့် မှန်းဆပြောဆိုမှတ်တမ်းပြု၍မရ၊ အနာဂတ်ကာလနှင့်ပတ်သက်၍ မိမိ၏အနုမာနကိုမျှပြော၍မရ။ အနာဂတ်နှင့်ပတ်သက်သော ထင်မြင်ချက်တစ်ခုကို ဆွေးနွေးခြင်းသဘောဖြင့် ပြောချင်လျှင်ပြော၍ဖြစ်နိုင်သော်လည်း အမှန်အတိုင်းသမိုင်းမှတ်တမ်းပြုခြင်းနှင့် မသက်ဆိုင်စေရ။

အတိတ်ကာလ၌ ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို အမှန်နှင့် အနီးစပ်ဆုံးဖြစ်အောင် တည်ရှိခဲ့သော အထောက်အထားများကို လေ့လာရန် တာဝန်ရှိသကဲ့သို့ ပစ္စုပ္ပန်နှင့်ပတ်သက်သော အကြောင်းအရာတို့ကို အချိန်မဆိုင်းဘဲ မှန်မှန်ကန်ကန်တိတိကျကျ မှတ်တမ်းပြုရမည်။ ဂျာမန်ပညာရှိကြီး အိန်းဂယ်လ်စ်က သမိုင်းကို ချက်ချင်းပူပူနွေးနွေးလေ့လာရမည်ဟုပြောခဲ့ဖူးသည်။ ထို့ကြောင့် နေ့စဉ် သတင်းစာများတွင်ပါသော အကြောင်းအရာများကို ချက်ချင်းမှတ်တမ်းပြုရမည်။

သမိုင်းကျောင်းတော်သားများသည် ဘက်လိုက်၍မရ၊ ဆုံးဖြတ်ချက်ပေး၍မရ။ ဤနှစ်ချက်သည် သမိုင်းကျောင်းတော်သားများအတွက် အဓိကကျသောအချက်ဖြစ်သည်။

သမိုင်းကျောင်းတော်သားသည် ဖြစ်ရပ်တစ်ခုပေါ်တွင် မိမိက နှစ်ခြိုက်သည်ဖြစ်စေ၊ မနှစ်ခြိုက်သည်ဖြစ်စေ ဖြစ်ရပ်တစ်ခုပေါ်တွင် ဖြစ်ရပ်မှန်အတိုင်း ရေးသားမှတ်တမ်းပြုရမည်။


သမိုင်းဟူသည်မှာ အောင်နိုင်သူအထက်စီးရသူတို့အတွက်ရေးသော မှတ်တမ်းများသာများ၏။ ရှုံးနိမ့်သူတို့အကြောင်းမပါဝင်ဟူသော စကားမျိုးလည်း ရှိခဲ့ဖူးသည်။ ထို့ကြောင့် ယနေ့ထွက်ပေါ်နေသောသမိုင်းစာအုပ်တိုင်းသည် ဖြစ်ရပ်မှန်ဟုတ်ပါ၏လောဟူ၍ မေးမြန်းရန်ဖြစ်လာပါသည်။ သမိုင်းကို သံသယနှင့် လက်ခံဖို့စဉ်းစားလာကြပါသည်။

မည်သို့ဖြစ်စေ သမိုင်းကျောင်းတော်သားဟူသည်ကား သမိုင်းမှတ်တမ်းအစုစုကို လေ့လာနေကြရမည်သာဖြစ်သည်။ ရှေးဟောင်းသုတေသနပညာရပ်၊ မနုဿဗေဒပညာရပ် အစရှိသော ပညာရပ်များဘက်သို့လည်း မျက်ခြည်မပြတ်လေ့လာနေရမည်။ နောင်လာနောင်သားတို့အတွက် သမိုင်းမှန်ပေါ်ထွန်းရေးကို လမ်းညွှန်ပြနိုင်ရမည်ဟူသော လမ်းစကိုဖွင့်ဟပေးထားရမည်။

ကျွန်တော့်အဖို့မူကား သမိုင်းကျောင်းတော်သားဘဝ၌သာ တည်ရှိနေရန် ဆုံးဖြတ်ချက်ချမိ၏။ ထိုသို့ ဆုံးဖြတ်ရခြင်းအကြောင်းမှာ အထက်ဖော်ပြပါအကြောင်းအချက်များကြောင့် ဖြစ်ပါသတည်း။

**ကိုကိုမောင်ကြီး**

www.foreverspace.com.mm




# နာဂစ်ကပေးတဲ့ စီမံခန့်ခွဲမှုသင်ခန်းစာ

ပါမောက္ခဒေါက်တာအောင်ထွန်းသက်

အတွေးအခေါ်ပညာရှင်တစ်ဦးကပြောဖူးတယ်။ အတိတ်ကပေးတဲ့သင်ခန်းစာကိုမယူတတ်ရင် နောင်တစ်ချိန်ပြန်ပြီး ကြုံရတတ်တယ်တဲ့။ လူ့ဘဝဆိုတာ အတွေ့အကြုံတွေ၊ ရင်ဆိုင်မှုတွေအမျိုးမျိုးကို ဖြတ်သန်းစမြဲပဲ။ ဒီလို ဖြတ်သန်းကျော်လွှားရင်းနဲ့ အတွေ့အကြုံကို စုဆောင်းရတယ်။ ဒီအတွေ့အကြုံတွေက ရလာတဲ့သင်ခန်းစာဟာ သိပ်တန်ဖိုးကြီးတယ်။ ဒါကြောင့် စီမံခန့်ခွဲမှုပညာမှာ **Lesson Learned** ရခဲ့တဲ့သင်ခန်းစာများဆိုတဲ့ခေါင်းစဉ်နဲ့ အကျယ်တဝင့်လေ့လာကြရတယ်။ ဖော်ထုတ်ကြရတယ်။ ဘယ်နေရာပဲဖြစ်ဖြစ် သင်ခန်းစာဆိုတာက ယူတတ်ရင်ရတာပါပဲ။ ဒီသင်ခန်းစာတွေကို အသေးစိတ်၊ အနုစိတ်သုံးသပ်နိုင်ရင် အလွန်အကျိုးရှိတယ်။ အခုလို သင်ခန်းစာတွေကိုဖော်ထုတ်ပြီး **Good Practices** ကောင်းတဲ့အပြုအမူဆောင်ရွက်ချက်တွေကို ဦးစိုက်ပြီး သိနားလည်အောင်ကြိုးစားရတယ်။ အခုလို မှန်ကန်တဲ့ဆောင်ရွက်ချက်တွေကို စုစည်းပြီး နောင်တစ်ချိန်ရင်ဆိုင်ရတဲ့အခက်အခဲပြဿနာတွေကို လိမ်လိမ်မာမာကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်ဖြေရှင်းနိုင်မှာဖြစ်တယ်။ နာဂစ်မုန်တိုင်းတစ်နှစ်မြောက်တဲ့အချိန်ကာလ နီးကပ်နေပြီမို့ စာရေးသူအနေနဲ့ စီမံခန့်ခွဲမှုရှုထောင့်ကနေ ဘယ်လိုသင်ခန်းစာမျိုးရခဲ့သလဲဆိုတာကို စဉ်းစားနေမိတယ်။ ဒီသင်ခန်းစာတွေဟာ နောင်တစ်ချိန် သဘာဝဘေးအန္တရာယ်နဲ့ကြုံတွေ့ခဲ့ရင် အင်မတန်မှအကျိုးရှိမှာ။

www.foreverspace.com.mm





နာဂစ်မုန်တိုင်းဟာ စာရေးသူတို့နိုင်ငံမှာ တစ်ခါမှမကြုံဖူးတဲ့ သဘာဝဘေးအန္တရာယ်ကြီးဖြစ်တယ်။ လူတွေ သိန်းနဲ့ သောင်းနဲ့ သေဆုံးခဲ့ရတယ်။ ကျောင်းတွေ၊ ဆေးရုံတွေ၊ အိမ်တွေ ပျက်စီးဆုံးရှုံးခဲ့ပြီး စီးပွားရေးလုပ်ငန်းတွေ၊ လယ်ယာသားငါးလုပ်ငန်းတွေအားလုံး အကြီးအကျယ်ထိခိုက်ခဲ့ရတယ်။ မုန်တိုင်းဒဏ်အများဆုံးခံရတဲ့ဧရာဝတီတိုင်းနဲ့ ရန်ကုန်တိုင်းမှာ ဆုံးရှုံးမှုပမာဏဟာ ကျပ်သိန်းပေါင်းများစွာကုန်ဆုံးခဲ့တာ။ နာဂစ်ကပေးတဲ့ စီမံခန့်ခွဲမှုသင်ခန်းစာတွေကို အပိုင်းသုံးပိုင်းခွဲပြီး ဖော်ထုတ်ပြချင်တယ်။ ပထမပိုင်းက နာဂစ်မုန်တိုင်းမကျရောက်မီ၊ ဒုတိယပိုင်းက နာဂစ်မုန်တိုင်း တိုက်ခတ်ပြီး တစ်လအတွင်းကာလနဲ့ တတိယပိုင်းက နာဂစ်မုန်တိုင်းတိုက်ခတ်ပြီး ခြောက်လအလွန်ကာလတို့ပဲ ဖြစ်တယ်။

သဘာဝဘေးအန္တရာယ်ကို Crisis လို့ သတ်မှတ်ရင် စာရေးသူပြောချင်တာက Pre-crisis, Crisis နဲ့ Post-crisis ကာလအပိုင်းသုံးခုကို ပြောချင်တာဖြစ်တယ်။ နာဂစ်မုန်တိုင်း ဘင်္ဂလားပင်လယ်အော်ထဲမှာ စတင်ဖြစ်ပေါ်နေတာ ကောင်းကင်ဂြိုဟ်တုသတင်းအချက်အလက်တွေအရ တစ်ပတ်လောက်ကတည်းက ကြိုသိတယ်။ ဂြိုဟ်တုပုံထဲမှာ သိပ်ထင်ရှားနေတာပဲ။ မသိတာ၊ မသေချာတာက ဒီမုန်တိုင်းရဲ့လမ်းကြောင်းပဲဖြစ်တယ်။ ဘင်္ဂလားပင်လယ်အော်မှာဖြစ်တဲ့မုန်တိုင်းတွေရဲ့ သာမန်လမ်းကြောင်းဟာ အနောက်စူးစူးကိုညွှန်းပြီး မြန်မာပြည်ရဲ့ ရခိုင်ကမ်းရိုးတန်းဒေသတွေ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအောက်ဘက်ပိုင်းကို ထိလေ့ရှိတယ်။ Pre-crisis ကာလမှာ ရခဲ့တဲ့ စီမံခန့်ခွဲမှုသင်ခန်းစာက သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်လာရင် မရေရာမှု၊ မသေချာမှုပဲ ဖြစ်တယ်။ မမျှော်လင့်တဲ့ (unexpected) အချက်ကို အမြဲထည့်သွင်းစဉ်းစားဖို့လိုတယ်။ စီမံခန့်ခွဲတဲ့နေရာမှာ သေချာမှုအပြည့်၊ တိကျမှုအပြည့် အမြဲမရှိနိုင်ပါဘူး။ ဒီတော့ မမျှော်လင့်တာကို အမြဲသတိပြုရတယ်။ မမျှော်လင့်တာဖြစ်လာရင် ဘာလုပ်မလဲဆိုတဲ့မေးခွန်း အမြဲထုတ်ဖို့လိုအပ်တယ်။ မျှော်လင့်တဲ့အတိုင်းဖြစ်ရင် ဘာ




www.foreverspace.com.mm

အရေးလဲ။ စီမံခန့်ခွဲမှုရဲ့ အခြေခံနိယာမ ဘတ်ရပ်က သတင်းအချက်အလက် (Information) ကို အမြဲစုဆောင်းဖို့လိုတယ်။ ဒီအချက်အလက်တွေဟာ အဆုံးအဖြတ်ပေးတဲ့နေရာမှာ သိပ်အသုံးဝင်တာ။

မုန်တိုင်းနဲ့ပတ်သက်လို့ Early Warning System (ကြိုတင်သတိပေးနိုင်တဲ့စနစ်) ဟာ သိပ်လိုအပ်တယ်။ ၂၀၀၄ ခုနှစ်မှာဖြစ်ခဲ့တဲ့ Tsunami (ဆူနာမီ) ကြောင့် အခုဆိုရင် အိန္ဒိယသမုဒ္ဒရာအောက်မှာ Tsunami Early Warning Systems တွေ ဖော်ထုတ်နိုင်ခဲ့ပြီ။ Tsunami ဖြစ်ပေါ်မှုကို ကြိုတင်ခန့်မှန်းနိုင်ဖို့ဖြစ်တယ်။ Early Warning ဟာ သိပ်အရေးပါတယ်။ ၄၈ နာရီ၊ ၂၄ နာရီ ကြိုတင်သိနိုင်ရင် အသက်ဘေးအန္တရာယ်ကို အတော်အသင့်ကာကွယ်နိုင်စွမ်းရှိတယ်ဆိုတာ တစ်ကမ္ဘာလုံးမှာ သဘာဝဘေးအန္တရာယ်တွေကို လေ့လာနေတဲ့ပညာရှင်တွေက သုံးသပ်ကြတယ်။

ဒီကိစ္စနဲ့ပတ်သက်လို့ အဆိုးထဲက အကောင်းတစ်ခုကို သွားမြင်မိတယ်။ နာဂစ်မဖြစ်ခင်တုန်းက မြန်မာနိုင်ငံမှာ Disaster Risk Management, Disaster Risk Reduction, Crisis Management အစရှိတဲ့ အခေါ်အဝေါ်အသုံးအနှုန်းတွေမရှိခဲ့ကြဘူး။ ဒီအသုံးအနှုန်းတွေ အားလုံးဟာ Disaster Management ဆိုတဲ့ ဘေးအန္တရာယ် စီမံခန့်ခွဲမှုပညာရဲ့အစိတ်အပိုင်းတွေဖြစ်တယ်။ နိုင်ငံခြားတက္ကသိုလ်တွေမှာ ဒီဘာသာကို အထူးပြုလေ့လာလို့ရတယ်။ မဟာသိပ္ပံဘွဲ့၊ ပါရဂူဘွဲ့တွေ ယူလို့ရတယ်။ ပညာရပ်တစ်ရပ်အနေနဲ့ ပေါ်ပေါက်ခဲ့တာ ၂၅ နှစ်လောက်ရှိခဲ့ပြီ။ စာရေးသူ UN System Staff College မှာ တာဝန်ယူခဲ့တုန်းက ဂျနီဗာမြို့မှာရှိတဲ့ UN အဖွဲ့အစည်းတစ်ခုနဲ့ပူးပေါင်းပြီး Disaster Management သင်တန်းတွေကို ပြုစုဖော်ထုတ်ခဲ့တယ်။

Disaster Management ရဲ့ အနှစ်သာရကတော့ ကြိုတင်ပြင်ဆင်မှုရှိဖို့ပဲဖြစ်တယ်။ ရင်ဆိုင်ရတဲ့အခါမှ ဖြစ်လာတဲ့အခါမှ တုံ့ပြန်တာမဟုတ်ဘဲ ကြိုတင်ပြီး အစီအစဉ်တွေ၊ အစီအမံတွေဖော်ထုတ်ချမှတ်ဖို့ဖြစ်တယ်။ အထူးသဖြင့် Community-Based Disaster Risk Management (CB-DRM) ကို ရပ်ကွက်ကျေးရွာအထိ ရောက်ဖို့ဖြစ်ပါတယ်။ နာဂစ်က ပေးခဲ့တဲ့ အတွေ့အကြုံကြောင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး စာရေးသူကိုယ်တိုင် ဆရာဖြစ်သင်တန်း ခြောက်ကြိမ်တိတိ ဦးစီးဆောင်ရွက်ခဲ့တယ်။ အခုဆိုရင် စာရေးသူတို့ ဖော်ထုတ်ခဲ့တဲ့ သင်ရိုးညွှန်းတမ်းကို အခြေခံပြီး ဧရာဝတီတိုင်းမှာရှိတဲ့မြို့နယ်တွေမှာ ကျေးရွာရပ်ကွက်အထိ သင်တန်းတွေပြုလုပ်နေကြတယ်။ ဒီသင်တန်းမျိုးကို တနင်္သာရီတိုင်းနဲ့ ရခိုင်ပြည်နယ်မှာလည်း လုပ်ဖို့ စီစဉ်ထားတယ်။ သင်တန်းမှာ ကျေးရွာရပ်ကွက်လူထုအနေနဲ့ ကိုယ့်ရဲ့ပတ်ဝန်းကျင်ကို ဆန်းစစ်ပြီး Risk-Assessment (အန္တရာယ်ဆန်းစစ်မှု) လုပ်ဖို့ဖြစ်တယ်။ ဒီဆန်းစစ်ချက်အပေါ်မူတည်ပြီး ကိုယ့်ရဲ့ကျေးရွာရပ်ကွက်ဟာ သဘာဝဘေးအန္တရာယ်



www.foreverspace.com.mm

ဘယ်လောက်ရှိနိုင်မလဲဆိုတာကို ဖော်ထုတ်သွားနိုင်မှာဖြစ်တယ်။


ဒီပညာရပ်နဲ့ပတ်သက်တဲ့ ထူးခြားတဲ့အချက်တစ်ခုက Disaster Risk Reduction (DRR) အန္တရာယ်လျော့ပါးမှုပဲဖြစ်တယ်။ DRR ကို ကျောင်းတွေကစသင့်တယ်လို့ ကုလသမဂ္ဂအဖွဲ့အစည်းကအကြံပြုတယ်။ ဖေဖေလည်း ကျောင်းတွေမှာ DRR ကို သင်ကြားနိုင်ဖို့ သင်ရိုးညွှန်းတမ်းတွေ ရေးဆွဲနေတယ်။

Pre-Crisis ကာလနဲ့ပတ်သက်ရင် ကြိုတင်ပြင်ဆင်မှုပြုလုပ်ပြီး ပြည်သူလူထုအထဲမှာအသိတရားတိုးပွားဖို့ပါပဲ။ ဘာဖြစ်ရင်ဘာလုပ်ကြမလဲဆိုတဲ့မေးခွန်းကို တိတိကျကျဖြေနိုင်ဖို့လိုအပ်တယ်။ ခြေမကိုင်မိလက်မကိုင်မိမဖြစ်အောင် ဂရုပြုရမယ်။ နိုင်ငံတော်အနေနဲ့လည်း အပြည်ပြည်ဆိုင်ရာ Hyogo Framework For Action သဘာဝဘေးအန္တရာယ်ရင်ဆိုင်နိုင်ဖို့ အစီအစဉ်များချမှတ်ဖို့ သဘောတူထားတာမို့ လုပ်ငန်းအစီအစဉ်ဘောင်သတ်မှတ်ချက်အဆင်သင့်ရှိပါတယ်။

Crisis အချိန်၊ နာဂစ်မုန်တိုင်းကျရောက်ပြီးတဲ့အချိန်မှာ အဓိကစီမံခန့်ခွဲမှုအခြေခံကတော့ တုံ့ပြန်မှု (Response) ပဲဖြစ်တယ်။ တုံ့ပြန်တဲ့နေရာမှာ စီမံခန့်ခွဲမှုသင်ခန်းစာတစ်ရပ်က Multiple Actors ပဲဖြစ်တယ်။ တုံ့ပြန်မှုကို အစိုးရကဦးစီးပြီးကျန်တဲ့တာဝန်ရှိတဲ့ တာဝန်သိတဲ့အပိုင်းကဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြတယ်။ ဒီသဘာဝဘေးအန္တရာယ်ရင်ဆိုင်တဲ့နေရာမှာ ပုဂ္ဂလိကကဏ္ဍရဲ့အရေးပါမှုကို ပေါ်ပေါ်လွင်လွင်တွေ့ခဲ့ရသလို အစိုးရမဟုတ်တဲ့အဖွဲ့အစည်း၊ လူမှုအသင်းအဖွဲ့တွေရဲ့ပါဝင်ဆောင်ရွက်မှုတွေ မြင်တွေ့ရတဲ့အတွက် သင်ခန်းစာတစ်ရပ်အနေနဲ့ အခုလို ကိုယ့်အပိုင်းနဲ့ကိုယ် ကိုယ်တတ်နိုင်တဲ့နေရာကဝိုင်းဝန်းပြီးပါဝင်ဆောင်ရွက်ကြတဲ့သင်ခန်းစာဟာ အလွန်တန်ဖိုးရှိလှတယ်။

စီမံခန့်ခွဲမှုအပိုင်းကကြည့်ရင် စာရေးသူတို့နိုင်ငံမှာ လူမှုရေးအရင်းအနှီး (Social Capital) ဟာ ကြီးမားတယ်။ တောင့်တင်းတယ်ဆိုတာ တွေ့ရတယ်။ ဒါဟာ နာဂစ်ကပေးတဲ့သင်ခန်းစာတွေအထဲမှာ သိပ်တန်ဖိုးကြီးတဲ့သင်ခန်းစာဖြစ်တယ်။ လူ့အသိုင်းအဝိုင်းမှာ Social Capital ရှိဖို့သိပ်လိုတာ။ ဒီ Social Capital မရှိရင် လူ့အဖွဲ့အစည်းဟာ ပျက်စီးသွားနိုင်တယ်။ ဒါပေမဲ့ Social Capital ဟာ အရင်းအနှီးဖြစ်တဲ့အလျောက် အမြဲဖြည့်နေဖို့လိုအပ်တယ်။ ဘာနဲ့ဖြည့်မလဲဆိုရင် တစ်ယောက်နဲ့တစ်ယောက် နားလည်မှု၊ ကူညီမှု၊ ရိုင်းပင်းမှုတွေနဲ့ ဖြည့်နိုင်မှာဖြစ်တယ်။

နာဂစ်မုန်တိုင်းရဲ့အန္တရာယ်ကို ရင်ဆိုင်ခဲ့သူတွေအတွက် စာနာထောက်ထားပြီး ကူညီလိုတဲ့သူတွေကအပြည့်။ တစ်ဦးတစ်ယောက်ချင်းရှိသလို အစုလိုက်အပြုံလိုက် ပေါ်လာကြတယ်။ ပြည်တွင်းကသာမက ပြည်ပကကူညီပေးလိုတဲ့သူတွေလည်း အများကြီးပေါ်လာခဲ့တယ်။ ပေးချင်တာ၊ လှူချင်တာ၊ လုပ်ချင်တာတွေက အမျိုးမျိုး။ ဒီနေရာမှာ ဒါတွေအားလုံးကို စနစ်တကျစီမံဖို့၊ ခန့်ခွဲဖို့၊ ညှိနှိုင်းဖို့ စီမံခန့်ခွဲမှုတွေလိုလာတယ်။ တစ်နည်းပြောရရင် Management Expertise (စီမံခန့်ခွဲမှုကျွမ်းကျင်မှု) ဖြစ်တယ်။ ဒီကျွမ်းကျင်မှုဟာ သိပ်လိုအပ်တယ်။ ပုံမှန်စီမံခန့်ခွဲတဲ့ပုံစံမဟုတ်တော့ဘူး။ ဒီကျွမ်းကျင်မှုမရှိရင် လုပ်ငန်းတွေနှေးတယ်။ မသွက်ဘူး။ လုပ်တဲ့အလုပ်တွေ မတွင်ကျယ်တာတွေ့ရတယ်။ ဒီကိစ္စ




ဟာ စီမံခန့်ခွဲမှုသင်ခန်းစာပါပဲ။

နာဂစ်ကြောင့် ပေါ်ပေါက်လာတဲ့ Projects (စီမံချက်တွေ) ကမျိုးစုံ။ နေအိမ်အဆောက်အအုံ၊ စားဝတ်နေရေး၊ စားနပ်ရိက္ခာ၊ သောက်သုံးရေ၊ ကျန်းမာရေး၊ ပညာရေး၊ လုံခြုံရေး၊ လိုအပ်ချက်မျိုးစုံအတွက် စီမံချက်တွေဖော်ထုတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြတယ်။ ဒီနေရာမှာ စီမံချက်တွေကို ကျွမ်းကျွမ်းကျင်ကျင်လုပ်နိုင်ဖို့ စီမံခန့်ခွဲမှုအတတ်ပညာကျွမ်းကျင်မှု သိပ်လိုအပ်တယ်။ သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်တဲ့နေရာမှာ Command and Control (အမိန့် အာဏာထိန်းချုပ်မှု) ဟာ အရေးကြီးသလို Collabora



www.foreverspace.com.mm



tion and Corporation (ပူးပေါင်းဆောင်ရွက်မှု) ကူညီရိုင်းပင်းမှုဟာလည်း အရေးပါကြောင်း သိရှိလာတာဟာ တန်ဖိုးကြီးတဲ့စီမံခန့်ခွဲမှု သင်ခန်းစာတစ်ရပ်ပဲဖြစ်တယ်။


အခုဆိုရင် နာဂစ်ဖြစ်တာ တစ်နှစ်ပြည့်တော့မယ်။ Early Recovery and Reunstruction ဟာလည်း အရှိန်အဟုန်နဲ့ ဆောင်ရွက်နေတာတွေ့ရတယ်။ ဒီ Post-crisis ကာလဟာ သိပ်အရေးကြီးတယ်။ လဲနေသူကို ထူရုံနဲ့မပြီးဘူး။ ထူရာကနေ ထဖို့လိုတယ်။ ဒီနေရာမှာ အရေးကြီးတဲ့ သင်ခန်းစာတစ်ရပ်ရရှိတယ်။ သဘာဝဘေးအန္တရာယ်ရဲ့ ဆုံးရှုံးမှုပမာဏဟာ ကြီးမားလွန်းတဲ့အတွက် ပြည်တွင်းအင်အား သာမက ပြည်ပအကူအညီ လိုအပ်စမြဲဖြစ်တယ်။ ပေးလာတဲ့အကူအညီအထောက်အပံ့တွေကို ထိထိရောက်ရောက်ညှိနှိုင်းဆောင်ရွက်ဖို့လိုအပ်တာကို မြင်တွေ့ရတယ်။ ညှိနှိုင်းဆောင်ရွက်ရာမှာ နာဂစ်ကြောင့် မြန်မာနိုင်ငံမှာ ဖော်ထုတ်ခဲ့တဲ့ ညှိနှိုင်းမှုပုံစံ၊ ယန္တရားဟာ ထူးခြားတယ်။ ဒါကတော့ မြန်မာနိုင်ငံအစိုးရ၊ ASEAN နဲ့ UN တို့ ဖွဲ့စည်းထားတဲ့ သုံးပွင့်ဆိုင်ညှိနှိုင်းဆောင်ရွက်မှု (TCG) ဖြစ်တယ်။ ဒီ TCG ဟာ အလွန်ထူးခြားတဲ့ဆောင်ရွက်မှုပဲဖြစ်တယ်။ ဒေသဆိုင်ရာအဖွဲ့အစည်းဖြစ်တဲ့ ASEAN ဟာ Tsunami ဖြစ်စဉ်မှာ ထိထိရောက်ရောက်ပါဝင်နိုင်စွမ်းမရှိခဲ့ဘူး။ နာဂစ်မှာတော့ မြင်သာတဲ့ အရေးပါတဲ့အခန်းမှာပါဝင်လှုပ်ရှားနေတာ ဝမ်းသာစရာတွေ့ရတယ်။ ဒီသင်ခန်းစာဟာ မြန်မာနိုင်ငံအတွက်သာမက တခြားသော ASEAN နိုင်ငံတွေပါ အကျိုးရှိမှာဖြစ်တယ်။ နောက်အရေးကြီးတဲ့သင်ခန်းစာတစ်ရပ်က တိကျတဲ့ဆန်းစစ်မှု Accurate Assessment လုပ်နိုင်ဖို့သိပ်လိုအပ်တယ်။

သဘာဝဘေးအန္တရာယ် ကျရောက်ခြင်း၊ သွေးဆူနေတဲ့ကာလဖြစ်နေလို့ ဘယ်လောက်ဆုံးရှုံးသလဲ၊ ဘယ်လောက်ပျက်စီးသလဲဆိုတာကို တိတိကျကျခန့်မှန်းဖို့ သိပ်ခက်တယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ တာဝန်ယူနေတဲ့ UN အဖွဲ့အစည်းအသီးသီးက အလျင်အမြန်ဆန်းစစ်မှု (Rapid Assessments) တွေကို ဆောင်ရွက်ခဲ့ကြတယ်။ ဘယ်လောက်သေကျေပျက်စီးသလဲ၊ ဘယ်လောက်ဆုံးရှုံးသလဲဆိုတာကို အချိန်တိုတိုနဲ့ မြန်မြန်ဆန်ဆန်သိအောင် ကြိုးစားခဲ့ကြတယ်။ ဒီလိုပဲ TCG က ဦးစီးပြီး အလျင်အမြန်ဆန်းစစ်မှုလုပ်ခဲ့ပြီး နာဂစ်ဖြစ်ပြီး နှစ်လလောက်အတွင်း PONJA အစီရင်ခံစာကို ထုတ်နိုင်ခဲ့တယ်။ အခုလို အချိန်တိုတိုနဲ့



www.foreverspace.com.mm







မြန်မြန်ဆန်ဆန်အခြေအနေကိုသိအောင် လုပ်နိုင်ဖို့ဟာ အလွန်အရေးကြီးတဲ့ စီမံခန့်ခွဲမှုသင်ခန်းစာပဲဖြစ်တယ်။ TCG အနေနဲ့ ဒီဇင်ဘာလမှာ ပိုမိုတိကျတဲ့ အခြေအနေပြု အစီရင်ခံစာ (PONREPP)ကို ထုတ်ဝေနိုင်ခဲ့တယ်။ ဒီအစီရင်ခံစာတွေဟာ ပြန်လည်ထူထောင်ရေးအတွက် အလွန်အရေးပါတဲ့ အခြေခံဖြစ်တယ်။

နာဂစ်ကပေးတဲ့စီမံခန့်ခွဲမှုသင်ခန်းစာတွေအထဲမှာ လူ့စွမ်းအားနဲ့ပတ်သက်လို့ ပေးခဲ့တဲ့ သင်ခန်းစာဟာ အရေးကြီးဆုံးလို့ စာရေးသူသုံးသပ်မိတယ်။ လူ့စွမ်းအားလို့ ပြောရင် လုပ်နိုင်ကိုင်နိုင် လုပ်ရည်ကိုင်ရည်ရှိတဲ့ Capacity ကို စာရေးသူဆိုလိုတာပါ။ လုပ်ရည်ကိုင်ရည်လို့ပြောတဲ့နေရာမှာလည်း ဆုံးဖြတ်ချက်တွေ (Decisions) လုပ်တာနဲ့ ပတ်သက်လို့ နည်းနည်းပြောပြချင်တယ်။ စာရေးသူတို့ စီမံခန့်ခွဲမှုပညာကို သင်ကြားတဲ့နေရာမှာ စီမံခန့်ခွဲသူတွေဟာ ရဲရဲရင့်ရင့် စွန့်စားနိုင်ရမယ်လို့ အမြဲပြောလေ့ရှိတယ်။ အဓိပ္ပာယ်က Risk-takers တွေဖြစ်ဖို့လိုအပ်တယ်လို့ပြောခဲ့တယ်။ Risk ကို စနစ်တကျယူတတ်ဖို့လိုတယ်။ ဒါမှ အဆုံးအဖြတ်တွေ မြန်ဆန်မှာ။ Risk-averse စွန့်စားမှုကို ရှောင်ကြဉ်တဲ့အပြုအမူမရှိသင့်ဘူးလို့လည်း တစ်ဖက်ကပြောတယ်။ Risk ကို ကြောက်ပြီး ဘာမှမလုပ်တဲ့အပြစ်က ကြီးတာ။

ဒီစွန့်စားမှုရှိတဲ့စိတ်ဓာတ်ကို တွေးဖို့ပြုစုဖို့လိုအပ်တယ်။ ဒီလိုပြောလို့ မျက်ကန်းတောတိုးတဲ့ သဘောမဟုတ်ပါဘူး။ Calculated Risk တွက်ဆပြီး ယူတဲ့ Risk ကိုပြောတာ။ ဖေဖေကတော့ လူတိုင်းမှာ Personal Responsibility ရတာပါပဲ။ ကိုယ့်တာဝန်ကို ကိုယ်ကိုယ်တိုင်သိပြီးလုပ်ဖို့ ဆောင်ရွက်ဖို့လိုတယ်။ သဘာဝဘေးအန္တရာယ်ရင်ဆိုင်နေရတဲ့အချိန်မှာ Response (တုံ့ပြန်မှု) ဟာ Rapid (လျင်မြန်) ဖို့သိပ်အရေးကြီးတာ။ အချိန်ကိုစောင့်လို့မဖြစ်ဘူး။ ဒီတော့ တာဝန်ရှိသူတွေအနေနဲ့ Rapid Response Capacity ရှိဖို့သိပ်လိုအပ်တယ်လို့ ယူဆပါတယ်။

နောက်ဆုံး သင်ခန်းစာကတော့ တခြားနိုင်ငံတွေရဲ့ အတွေ့အကြုံကိုယူပြီး ကိုယ့်နိုင်ငံနဲ့ဆီလျော်အောင် ဘယ်လိုလုပ်သင့်တယ်ဆိုတာကို နားလည်ဖို့သိပ်အရေးကြီးပါတယ်။ သဘာဝဘေးအန္တရာယ်ကို နိုင်ငံတိုင်းလိုလိုက တစ်နည်းမဟုတ်တစ်နည်း ရင်ဆိုင်ခဲ့ကြရတယ်။ နာဂစ်ဖြစ်ပြီး မေလ ၁၀ ရက်မှာပဲ တရုတ်နိုင်ငံမှာ ငလျင်အကြီးအကျယ်လှုပ်ခဲ့တယ်။ လွန်ခဲ့တဲ့ တစ်ပတ်ကလည်း အီတလီနိုင်ငံအလယ်ပိုင်းမှာ မြေငလျင်လှုပ်ခဲ့တယ်။ အီရန်နိုင်ငံမှာ မြေငလျင်ကြောင့် လူအတော်များများ သေကျေပျက်စီးခဲ့ရပြီး ပါကစ္စတန်နိုင်ငံမှာလည်း ငလျင်ဖြစ်ခဲ့တယ်။ တလောက ဩစတြေးလျနိုင်ငံမှာ တောမီးအကြီးအကျယ်လောင်ပြီး လူ ၂၀၀ ကျော်လောက် သေဆုံးခဲ့တယ်။ နိုင်ငံတကာက သဘာဝဘေးအန္တရာယ်တွေကို ရင်ဆိုင်တဲ့အခါ ကျင့်သုံးတဲ့တုံ့ပြန်မှုပုံစံ အမျိုးမျိုးရှိခဲ့တယ်။ အိမ်နီးနားချင်းနိုင်ငံဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်မှာ နှစ်စဉ်မုန်တိုင်းကျတယ်။ ရေကြီးတယ်။ အခုတောင် မုန်တိုင်းတစ်ခုဝင်နေတယ်။ ဒီတော့ ဒီလောက်များပြားတဲ့အတွေ့အကြုံတွေကို လေ့လာပြီး သင်ခန်းစာယူဖို့လိုတယ်။

မေလ ၂ ရက်ဆို နာဂစ်မုန်တိုင်း တစ်နှစ်ပြည့်တဲ့အထိမ်းအမှတ်ကို အသိအမှတ်ပြုတဲ့အနေနဲ့ အစိုးရအနေနဲ့လည်းကောင်း၊ UN အဖွဲ့အစည်းအနေနဲ့လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေအနေနဲ့လည်းကောင်း၊ ပြည်သူလူထုအနေနဲ့လည်းကောင်း၊ အနုပညာသည်များအနေနဲ့လည်းကောင်း၊ စာနယ်ဇင်းလောကအနေနဲ့လည်းကောင်း အမျိုးမျိုးဆောင်ရွက်ကြလိမ့်မယ်။ ဒီအထိမ်းအမှတ်တွေလုပ်ရင်း နာဂစ်ကပေးတဲ့သင်ခန်းစာတွေကို ရကြယူကြပါစို့လို့ ဆုတောင်းမိတယ်။ စာရေးသူအနေနဲ့ ကိုယ်သိတာကိုယ်နားလည်တာလေးကို တစ်စိတ်တစ်ပိုင်းတင်ပြခဲ့တာပါ။

**ပါမောက္ခဒေါက်တာအောင်ထွန်းသက်**

■

www.foreverspace.com.mm

# အစားထိုးမရသော မေတ္တာအေးရိပ်

မြသန်းသန်းနု

**ဘယ်လိုအကြောင်းမျိုးကြောင့်ဖြစ်ဖြစ် လက်ရှိပညာသင်နေရတဲ့ကျောင်းကနေ တခြားကျောင်းတစ်ကျောင်းကို ပြောင်းရတော့မယ်ဆိုရင် ကလေးသဘာဝ ဝမ်းနည်းတတ်ကြပါတယ်။ နားလည်သိတတ်တဲ့အရွယ်ရောက်မှ ကျောင်းပြောင်းရရင် တော်ပါသေးတယ်။ အသက်ရှစ်နှစ် ကိုးနှစ်အရွယ်၊ နားလည်မှုမရှိသေးတဲ့အရွယ်မှာ ပိုပြီးဝမ်းနည်းတတ်ကြပါတယ်။**

ကျွန်မတုန်းကတော့ ငိုတောင်ငိုမိပါတယ်။ ခင်မင်တွယ်တာနေတဲ့သူငယ်ချင်းတွေ၊ ဆရာ ဆရာမတွေ၊ အမြဲထိတွေ့နေရတဲ့ ပတ်ဝန်းကျင်စတာတွေနဲ့ ခွဲခွာရတော့မှာမို့ မပြီးနိုင်မစီးနိုင် ငိုခဲ့ရပါတယ်။ ကျွန်မ ပထမဆုံးကျောင်းပြောင်းရတဲ့အချိန်ဟာ ကျွန်မ ဒုတိယတန်းအောင်အပြီး တတိယတန်းတက်ဖို့ ပြင်ဆင်နေချိန်ဖြစ်ပါတယ်။ ကျွန်မမှတ်မိတဲ့အတိုင်းပြောရမယ်ဆိုရင် အဲဒီနေ့က ကျွန်မဖခင် ပါလီမန်လွှတ်တော်စည်းဝေးပွဲက ပြန်ရောက်လာပြီး ကျွန်မကို ကျောင်းပြောင်းရင် ကောင်းလိမ့်မယ်လို့ မေမေ့ကို ပြောပါတယ်။ "ဘယ်လိုဖြစ်လာတာလဲ" လို့ မေမေက မေးတဲ့အခါ ဖေဖေက "ဒီနေ့လွှတ်တော်စည်းဝေးပွဲမှာ ကိုယ်စားလှယ်အမတ်တချို့က ခေါင်းဆောင်ပိုင်းကလူတွေ ဝန်ကြီးတွေရဲ့သားသမီးတွေ ကျောင်းကြီးကျောင်းကောင်းတွေမှာ ပညာသင်ကြားနိုင်ကြပေမယ့် နယ်ဘက်က အမတ်တွေရဲ့ သားသမီးတွေကျတော့ အစိုးရကျောင်းတွေမှာပဲ ထားနိုင်တယ်လို့ ထောက်ပြကြတယ်။ အစိုးရကျောင်းတွေလည်း အဆင့်အတန်းမြင့်တာပါပဲ။ ဒါပေမဲ့ ပုဂ္ဂလိကကျောင်းတွေက စရိတ်မြင့်တော့ အဆင့်အတန်းပိုမြင့်တယ်လို့ ယူဆနေကြတာပါပဲ။ သမီးက အခု Methodist ကျောင်း [ယခု အ.ထ.က (၁) ဒဂုံဖြစ်ပြီး အရင်က Methodist English High School ဖြစ်ပါတယ်။] မှာဆိုတော့ သူတို့ပြောကြမှာပေါ့။ သမီးကို ကျောင်းပြောင်းကြရအောင်" လို့ ပြောပါတယ်။ နားထောင်ရင်း ဖေဖေ့စကားမဆုံးခင်ကတည်းက ကျွန်မ



ငိုနေပါပြီ။ မေမေကချော့ရင်း "ကျွန်မတို့သမီးတစ်ယောက်တည်း Methodist ကျောင်းမှာတက်တာမှမဟုတ်တာ။ တခြားကလေးတွေလည်း အများကြီးပဲ။ သမီးက ဝမ်းနည်းနေပြီ။ ရှင်က အတွေးခေါင်စရာမရှိခေါင်နေတယ်" လို့ ဖေဖေ့ကို ပြောပါတယ်။

ဖေဖေက သူလုပ်ရမယ့်အလုပ်ကို ဆုံးဖြတ်ပြီးဖြစ်နေပါတယ်။ ဆုံးဖြတ်ထားတဲ့အတိုင်းလည်း အမြဲလုပ်တတ်တာကြောင့် "အေးပါ၊ တခြားကလေးတွေ တစ်ပုံကြီး Methodist မှာ ကျောင်းတက်နေကြတာ သိပါတယ်။ ဒါပေမဲ့ ခေါင်းဆောင်တစ်ယောက်အနေနဲ့ စံပြမဖြစ်ရင် ဘယ်လိုလုပ် ခေါင်းဆောင်မလဲ။ ငါ့သမီးက ပြောရင် နားလည်ပါတယ်။ ကျောင်းအသစ်ရောက်တော့လည်း မကြာခင် ပျော်သွားမှာပါ။ အမေက သူ့ဘက်က ရှေ့နေလိုက်ပေးတာနဲ့ သမီးက ငိုနေတာပါ။ လာလာ၊ ဖေဖေ့ ဆီလာပါဦး" ဆိုပြီး ပြောပြောဆိုဆို မေမေ့နားကနေဆွဲမပြီး ပေါင်ပေါ်တင်ထိုင်ခိုင်းလိုက်တော့မှပဲ ကျွန်မလည်း ထုံးစံအတိုင်း အားရပါးရ အော်ကြီးဟစ်ကျယ်အော်ငိုလိုက်ပါတယ်။ ဖေဖေက အလုပ်များတာကြောင့် သားသမီးတွေကို အချိန်ပေးနိုင်သူ မဟုတ်ပါ။ ကျွန်မတို့ကို တစ်ခါတလေ မေ့နေတယ်လို့တောင် ထင်မိပါတယ်။ အခု ကျောင်းပြောင်းရမယ့်ကိစ္စကျမှပဲ ကျွန်မကို ဘယ်လိုသတိရလာပါလိမ့်ဆိုပြီး ကလေးတွေး တွေးမိပါတယ်။

ဘယ်လိုမျိုးလွှတ်တော်ကိုယ်စားလှယ်အမတ်က ထောက်ပြပြောဆိုခဲ့တယ်ဆိုတာ

www.foreverspace.com.mm

ကျွန်မ မသိပါ။ ခေါင်းဆောင်အနေနဲ့ စံပြဖြစ်ရမှာမို့ ကျွန်မကျောင်းပြောင်းရမယ်ဆိုတာလည်း ဘယ်လိုပတ်သက်မှုရှိတယ်ဆိုတာ အဲဒီအချိန်က ကျွန်မ မသိခဲ့ပါ။ ဖေဖေရဲ့ဆုံးဖြတ်ချက်၊ မိဘနှစ်ဦးရဲ့အစီအစဉ်နဲ့ TTC လို့ လူသိများတဲ့ ဆရာအတတ်သင်ကောလိပ်ကျောင်း(အခု ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း) ကို ပြောင်းခဲ့ရပါတယ်။ မေမေက ကျွန်မကို ဘယ်ကျောင်းပြောင်းပေးရင်ကောင်းမလဲလို့ စဉ်းစားရင်းပညာရေးဘက်မှာနဲ့စပ်သူတွေနဲ့ တိုင်ပင်ရပါတယ်။ အဲဒီအချိန်က TTC ကျောင်းရဲ့မူကြိုကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သိန်း၊ အထက်တန်းဘက်က ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်ကေမြရီတို့နဲ့ မေမေက ရင်းနှီးတာကြောင့် နောက်ဆုံး TTC မှာ တတိယတန်းကျောင်းအပ်တဲ့ကိစ္စ ပြီးစီးသွားပါတယ်။ Methodist ကျောင်းမှာ အဲဒီအချိန်က ပထမတန်းရောက်ဖို့ Nursery (မူကြို)၊ Lower KG (သူငယ်တန်းလေး)၊ Middle KG (သူငယ်တန်းလတ်)နဲ့ Upper KG(သူငယ်တန်းကြီး)ဆိုပြီး လေးနှစ်ပညာသင်ခဲ့ရပါတယ်။

စာကြေညက်ခဲ့တယ်ဆိုတဲ့အချက်ကို TTC ကျောင်းရောက်မှသိရပါတယ်။ အဲဒီအချိန်က TTC မှာ ပဥ္စမတန်းရောက်မှ အင်္ဂလိပ်ဘာသာစပြီး သင်ရပါတယ်။ Methodist ကျောင်းမှာကတော့ မူကြိုကတည်းက မြန်မာစာကလွဲရင် ဘာသာတိုင်း အင်္ဂလိပ်လို သင်ကြားခဲ့ရပါတယ်။ စာကြေလွန်းလို့ တတိယတန်းမှာသင်သမျှ ကျွန်မ သိပြီးသားချည်းလိုလိုဖြစ်နေပါတယ်။ ဒါကြောင့် တတိယတန်းမှာ နှစ်လလောက်ကြာတဲ့အခါ ဒေါက်တာ ဒေါ်ကေမြရီက ကျွန်မကို စတုတ္ထတန်းတင်ပေးမယ်လို့ မေမေ့ကိုပြောပြီး အတန်းတင်ပေးခဲ့ပါတယ်။ စတုတ္ထတန်းရောက်ပြန်တော့လည်း စာကြေလွန်းတာကြောင့် ကျောင်းအုပ်ဆရာမကြီးက ပဥ္စမတန်းတင်ပေးရင်ရသေးတယ်လို့ မေမေ့ကို ပြောပြန်ပါတယ်။ ဖေဖေရော မေမေကပါ အတန်းတင်မပေးပါနဲ့တော့လို့ ပြောပါတယ်။ အကြောင်းကတော့ အတန်းတက်ရတာ ဒါလောက်လွယ်ပါလားဆိုတဲ့ လွဲမှားတဲ့အတွေးနဲ့ ကျွန်မ စာဖတ်ချင်စိတ်နည်းသွားမှာ စိုးရိမ်လို့ဖြစ်ပါတယ်။ မှန်ပါတယ်။ စတုတ္ထတန်းတင်ပေးပြီးကတည်းက ကျွန်မ စာဖတ်ပျင်းသွားပြီဖြစ်ပါတယ်။ TTC မှာ ပဥ္စမတန်းအောင်ပြီးတဲ့အခါ ကျွန်မ ကျောင်းပြောင်းဖို့ အကြောင်းပေါ်လာပြန်ပါတယ်။

ကျွန်မအစ်ကိုနှစ်ယောက်လည်း မြို့မအမျိုးသားအထက်တန်းကျောင်း [ ယခု အ.ထ.က (၂)ဒဂုံ ] ကနေ TTC ရောက်နေပြီး အစ်ကိုတစ်ယောက်က တက္ကသိုလ်ဝင်တန်းအောင်လို့ ကောလိပ်ကျောင်းတက်ရမယ့်အချိန်၊ တခြားအစ်ကိုတစ်ယောက်က တက္ကသိုလ်ဝင်တန်းကျလို့ ကျောင်းပြောင်းရမယ့်အခြေအနေမှာ ကျွန်မလည်း ကျောင်းပြောင်းရမယ့်အနေအထားဖြစ်လာပြန်ပါတယ်။ ဒီတစ်ခါလည်း ဘယ်လိုပတ်သက်တယ်ဆိုတဲ့အကြောင်းရင်း မသိရှိခဲ့ပါ။ ကျောင်းရွေးတဲ့အခါ ဘယ်သူရဲ့အကြံပြုချက်ဆိုတာ ကျွန်မ မသိခဲ့ပေမယ့် ဦးဝိစာရလမ်းက စံပြအမျိုးသမီးအထက်တန်းကျောင်း [ ယခု အ.ထ.က (၁) ကမာရွတ်] မှာ ဆဋ္ဌမတန်းကျောင်းအပ်ခဲ့ပါတယ်။ အဲဒီအချိန်က အဲဒီကျောင်းရဲ့ ကျောင်းဝတ်စုံဟာ ခရမ်းရင့်ရောင်ထဘီနဲ့ အင်္ကျီဖြူလက်စကဝတ်ရတာကြောင့်လား၊ ကျောင်းဝင်းထဲမှာ မရမ်းပင်တွေပြည့်နှက်နေလို့လား မပြောတတ်ပါ။ မရမ်းခြံကျောင်းလို့ အမည်တွင်ခဲ့ပါတယ်။

ကျွန်မ အဲဒီမှာ ကျောင်းစတက်ကတည်းက ဆရာမတွေ ကြည်ကြည်ဖြူဖြူမရှိတာ သတိပြုမိပါတယ်။ ဆရာမတွေက အလကားနေရင်း ကျွန်မကို ဆူဆူပူပူလုပ်နေတဲ့အတွက် အဲဒီကျောင်းမှာ ကျွန်မနဲ့ သူငယ်ချင်းလုပ်ချင်သူလည်း တစ်ယောက်မှ မရှိခဲ့ပါဘူး။

၁၉၅၈–၅၉ ခုနှစ် 'အိမ်စောင့်အစိုးရကာလ' က ဖြစ်ပါတယ်။ ကျွန်မကို ဆရာမတိုင်းက ငြူစူခဲ့ပါတယ်။ အဲဒီအထဲမှာ မြန်မာစာဆရာမက တစ်နေ့တခြား ဆိုးသထက်ဆိုးလာပါတယ်။ ဘယ်လောက်ထိဆိုးသလဲဆိုရင် တခြားဆရာမတွေကို သည်းခံနိုင်ပေမယ့် မြန်မာစာအချိန်ရောက်ရင် ကျွန်မအခန်းထဲက ထွက်ပြေးချင်စိတ်ပေါက်တဲ့အထိ ဖြစ်ခဲ့ရပါတယ်။ မြန်မာသဒ္ဒါသင်ချိန် ဝါကျလုပ်တဲ့အခါ ဘယ်လိုမှအဆက်အစပ်မရှိတဲ့ အပြင်ကလေးတွေအတွက် ဘယ်လိုမှ အပြုသဘောမဆောင်တဲ့ 'လူဆိုး' 'လူမိုက်' ဥပမာပေးပြီး ဝါကျလုပ်ပြခဲ့တာချည်းဖြစ်ပါတယ်။ 'လူဆိုး' 'လူမိုက်' နာမည်ဆိုရင် ကျွန်မဖခင်နာမည်သုံးပြီး ဥပမာပေးခဲ့ပါတယ်။ 'မောင်နုသည် ဆိုးသွမ်းလွန်း၍ ထောင်ဒဏ်တစ်လအပြစ်ပေးခြင်းခံရသည်' ဆိုတဲ့ဝါကျမျိုးဖြစ်ပါတယ်။ ကျွန်မ ဘယ်လောက်ထိ သည်းခံခဲ့ရသလဲဆိုတာ ဘယ်သူမှ နားလည်နိုင်မယ်မဟုတ်ပါ။ မြန်မာစာအချိန်ပြီးတာနဲ့ အခန်းထဲက အခြားကျောင်းသူတွေက ကျွန်မကို နောက်ပြောင်ခဲ့ကြပြန်ပါတယ်။ အဲဒီလိုနဲ့ နေ့စဉ်သံသရာလည်နေခဲ့တာ တစ်လကျော်ကျော်ရှိလာတဲ့အခါ ကျွန်မ ကျောင်းသွားလိုစိတ် ကုန်လာပါတယ်။ ကျောင်းသွားရမှာကို ကြောက်လာပါတယ်။

တစ်ည ဖေဖေနဲ့ အိမ်ရှေ့မြေကွက်လပ်မှာ လမ်းလျှောက်ကြရင်း စံပြအမျိုးသမီးကျောင်းရောက်ကတည်းက ကျွန်မရဲ့ အတွေ့အကြုံတွေ ဖေဖေ့ကို ပြောပြလိုက်ပါတယ်။ မေမေ့ကိုတောင် ဒီစကားတွေ ပြောမပြရသေးဘူး။ ဖေဖေ့ကို ပြောပြရင်ကောင်းမလား၊ တော်ကြာ နောက်တစ်ခါ ကျောင်းပြောင်းရလို့ ကျွန်မ မကျေနပ်ဖြစ်ပြီး သက်သက်ပြဿနာတက်ပြနေတယ်လို့ ဖေဖေထင်သွားရင် ဘယ်လိုလုပ်မလဲ။ မပြောဘဲနေရရင်ကောင်းမလား၊ ဖေဖေနဲ့ အတူလမ်းလျှောက်နေစဉ် ကျွန်မအကြိမ်ကြိမ်ချိန်ဆပြီး နောက်ဆုံး ဖေဖေ့ကို ဖွင့်ပြောခဲ့တာပါပဲ။ ဖေဖေက လမ်းလျှောက်နေရာက ရပ်သွားပြီး "ပထမနေ့ကတည်းက ဖေဖေ့ကို ဘာဖြစ်လို့မပြောတာလဲ၊ ဖြစ်မှဖြစ်ရလေ။ ငါ့သမီး တော်တော်သည်းခံနေရရှာမှာပဲ။ မနက်ဖြန်ကျောင်းမတက်နဲ့တော့" လို့ ပြောပြောဆိုဆို ကျွန်မကိုခေါ်

www.foreverspace.com.mm

ပြီး အိမ်ထဲဝင်ခဲ့ကြပါတယ်။ မေမေနဲ့တိုင်ပင်ပြီး ကျောင်းအသစ်တစ်ကျောင်းရှာဖို့ မေမေ့ကို တာဝန်ပေးလိုက်ပါတယ်။


အသိဉာဏ်လေးရင့်လာလို့ ပြန်ပြီး စဉ်းစားကြည့်တဲ့အခါ ဖေဖေက ကျွန်မ အပေါ်ယုံကြည်တယ်ဆိုတာ ပိုပြီး ပိုပြီးသိလာပါတယ်။ ဒုတိယတန်းအောင်အပြီး ကျွန်မကို ကျောင်းပြောင်းခဲ့စဉ်ကလည်း ကျွန်မအော်ဟစ်ငိုယိုခဲ့ပေမယ့် အကျိုးအကြောင်းနဲ့ပြောပြရင် နားထောင်မယ့်သမီးအဖြစ် ဖေဖေရဲ့ယုံကြည်မှုခံခဲ့ရပါတယ်။ စံပြအမျိုးသမီးကျောင်းမှာ နေ့စဉ် ဆရာမတွေရဲ့ အနှိမ်ခံနေရတဲ့အကြောင်း ပြောပြတော့လည်း ကျွန်မ ပြောပြတာတွေကို သံသယတစ်စုံတစ်ရာမရှိပဲ ချက်ချင်းလက်ခံခဲ့တာဟာ ကျွန်မကို ယုံကြည်လို့ဖြစ်ပါတယ်။

ဖေဖေက မိသားစုဝင်တစ်ဦးပြောတဲ့စကားဆိုရင် အလွယ်တကူလက်ခံလေ့မရှိပါဘူး။ အကြိမ်ကြိမ်အထပ်ထပ်သုံးသပ်လေ့ရှိပါတယ်။

ကျွန်မအတွက် ကျောင်းပြောင်းလက်မှတ်သွားထုတ်တဲ့အခါ စာသင်ရင်း ဥပမာပေးတာကိုအဖြစ်သည်းပြီး ကျောင်းက နုတ်ထွက်တာကြောင့် ၁၉၆၀ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာ သူတို့ကျောင်းက မဲတစ်မဲမှရမှာမဟုတ်ဘူးလို့ ကျောင်းအုပ်ဆရာမကြီးက (ကျောင်းအုပ်ဆရာမကြီးလား၊ ဒုတိယကျောင်းအုပ်ဆရာမကြီးလားဆိုတာ သေသေချာချာမမှတ်မိတော့ပါ။) ဒေါနဲ့မောနဲ့ပြောလိုက်တဲ့အကြောင်း ကျွန်မအတွက် ကျောင်းပြောင်းလက်မှတ်သွားတောင်းခဲ့တဲ့ ကျွန်မအစ်မကြီးက ဖေဖေ့ကို ပြန်ပြောပြနေတာ ကြားလိုက်ရပါတယ်။ ဖေဖေပြုံးပြီးနားထောင်နေတာလည်း တွေ့ရပါတယ်။

ဖေဖေက သားသမီးတွေအတွက် အချိန်ပေးနိုင်သူမဟုတ်ပေမယ့် ဆုံကြပြီဆိုရင် အချိန်တိုလေးမှာပဲ အကျီစားသန်သူဖြစ်ပါတယ်။ ကျွန်မငယ်ငယ်က နံနံပင်ဆိုရင် လုံးဝစားလို့မရပါ။ မကြိုက်တာမှ ကျွန်မ ပန်းကန်ထဲမှာ နံနံပင်တစ်ဖတ်လောက် တွေ့ရင်တောင် ဖယ်ထုတ်လေ့ရှိပါတယ်။ ဒီအကြောင်းကိုသိတဲ့ဖေဖေက အခွင့်ကြုံတိုင်း ကျွန်မကို နံနံပင်ကျွေးဖို့ ကြိုးစားခဲ့ပါတယ်။ မိသားစုထမင်းဝိုင်းမှာသာမဟုတ်ဘဲ အိမ်မှာ ဧည့်သည်ထမင်းဖိတ်ကျွေးတဲ့အခါတွေမှာလည်း ဧည့်သည်တွေရှေ့မှာရော ကျွန်မသူငယ်ချင်းတွေရှေ့မှာပါ နံနံပင် မရမက ကျွေးခဲ့ပါတယ်။ ကျွန်မကလည်း ဘယ်သူ့ရှေ့မှာဖြစ်ဖြစ် အသံကုန်ဟစ်ပြီးငိုခဲ့တာချည်းဖြစ်ပါတယ်။ မေမေက ဖေဖေနဲ့ကျွန်မ နံနံပင် ပဋိပက္ခဖြစ်တိုင်း "ရှင့်မှာ တခြားလုပ်စရာမရှိဘူးလား" လို့ ပြောပြီး ကျွန်မကို ချော့ပါတယ်။ ဖေဖေက ကျွန်မ နံနံပင်ဖတ်လေးတစ်ဖတ် စားလိုက်ရင်ပဲ သိပ်ပျော်ပုံရပါတယ်။ "ခွေးပုတူးလေးကို နံနံပင်ကျွေးနိုင်ပြီဟေ့" လို့ ထပ်ကွန့်ပြီး စပါတယ်။ ဖေဖေက ကျွန်မကို ဧည့်သည်တွေရှေ့မှာ နံနံပင်ကျွေးရတာရယ်၊ "ခွေးပုတူး" လို့ခေါ်တာရယ် သိပ်ပြီးကျေနပ်ပါတယ်။ ကျွန်မငယ်နာမည် ပုတူးမကို ဖေဖေက ချစ်စနိုးနဲ့ ခွေးပုတူးလို့ခေါ်လေ့ရှိပါတယ်။

ကျွန်မငယ်ငယ်က ဖေဖေ ကျွန်မတို့အိပ်ခန်းကို ဝင်လာတိုင်း ကျွန်မ မှန်ကြည့်နေတာနဲ့ ကြုံပါတယ်။ ကျွန်မပဲ မှန်ကြိုက်လွန်းလို့လား၊ တိုက်ဆိုင်မှုပဲလားတော့ မသိပါ။ ဖေဖေက ကျွန်မ မှန်ကြည့်နေတာတွေ့ရင် "အကျည်းတန် မှန်ကြိုက်တယ်။ အကျည်းတန်တဲ့ကောင်မလေးတစ်ယောက်တွေ့ပြီ" လို့ ကျီစားလေ့ရှိပါတယ်။ ဖေဖေကကျီစားတာကိုကြားပြီး ကျွန်မတို့ဦးကြီး (မေမေ့အစ်ကိုကြီး ဦးအုန်းမောင်) ကလည်း အိမ်လာလည်တဲ့အခါ တိမ်တောက်နေတာနဲ့ကြုံရင် "တူမကြီးရေ အကျည်းတန်သူတွေ တိမ်တောက်တဲ့အခါ လမ်းလျှောက်ထွက်ရတယ်၊ လှသွားတတ်တယ်လို့ ပြောကြတယ်" ဆိုပြီး ကျွန်မကို နောက်ပြောင်လေ့ရှိပါတယ်။



မြန်မာနိုင်ငံသားမှန်သမျှ အမျိုးသားမှတ်ပုံတင်ကိုင်ဆောင်ဖို့ အစိုးရကစပြီး အရေးယူဆောင်ရွက်ချိန်မှာ ကျွန်မအသက်မပြည့်သေးတာကြောင့် ဖေဖေ၊ မေမေ အပါအဝင် တခြားမိသားစုတွေနဲ့အတူတူ မှတ်ပုံတင်မလုပ်နိုင်ဘဲ အသက်ပြည့်မှ ခြောက်ထပ်ရုံးကြီးမှာ ဓာတ်ပုံသွားရိုက်ပြီး မှတ်ပုံတင်ကတ်ပြားထုတ်ရပါတယ်။ ကျွန်မ မှတ်ပုံတင်လုပ်ရတဲ့အချိန်ဟာ အိမ်စောင့်အစိုးရလက်ထက်ဖြစ်ပါတယ်။ မှတ်ပုံတင်ကတ်ပြားမှာ ထူးခြားတဲ့အမှတ်အသားဖော်ပြရမယ့်ကွက်လပ်ထဲ တာဝန်ရှိသူက "ဖြူတန်" လို့ ဖြည့်ပေးလိုက်ပါတယ်။ ကျွန်မ ရှေ့မှာပဲ ရေးနေတာဆိုတော့ ကျွန်မက "အဲဒါ ဘာအဓိပ္ပာယ်လဲ" လို့ မေးလိုက်တဲ့အခါ တာဝန်ရှိအမျိုးသမီးက တခြားတာဝန်ရှိသူတွေရှေ့မှာ "မင်းကို အသားဖြူပြီး

www.foreverspace.com.mm

အကျည်းတန်တယ်လို့ မှတ်ချက်ရေးပေးတာ" လို့ မျက်နှာတင်းတင်းနဲ့ ပြန်ပြောပါတယ်။ ကျွန်မဖေဖေက ကျွန်မကို "အကျည်းတန် မှန်ကြိုက်တယ်" လို့ နောက်ပြောင်လေ့ရှိပေမယ့် အဲဒီအချိန်က မှတ်ပုံတင်ရုံးတာဝန်ရှိအမျိုးသမီးပြောစကားဟာ ဖေဖေ့လို ကျွန်မကို ချစ်စနိုးနဲ့ပြောတာတော့မဖြစ်နိုင်ပါ။

ကျွန်မတို့မိသားစုဖေဖေ၊ မေမေတို့နဲ့အတူ ၁၉၇၄ ခုနှစ်ကနေ ၁၉၈၀ ခုနှစ်အထိ အိန္ဒိယနိုင်ငံအလယ်ပိုင်း Madhya Pradesh ပြည်နယ် Bhopal မြို့မှာနေကြစဉ်က ဖေဖေ မေမေတို့နှစ်ဦးစလုံး ကျွန်မသားနှစ်ယောက်ပေါ်မှာပဲ အာရုံနှစ်ပြီး ချစ်ကြရပါတယ်။ ချစ်ပုံချင်းကတော့ မတူကြပါ။ ဖေဖေက ကလေးနှစ်ယောက်စလုံးကို လူထူထပ်တဲ့နေရာ၊ ရုပ်ရှင်ရုံ၊ ဈေး စတဲ့နေရာတွေခေါ်သွားတာမကြိုက်သလို၊ ရင်းရင်းနှီးနှီးမရှိလှတဲ့သူတွေအိမ်က ထမင်းဖိတ်ကျွေးရင်လည်း ခေါ်သွားတာမကြိုက်ပါ။

သားကြီး ရှစ်နှစ်ကျော်ကျော်လောက် တစ်ညမှာ ကျွန်မတို့မိသားစု ထမင်းစားပွဲတစ်ခုသွားဖို့ ရှိနေပါတယ်။ ဖေဖေက ထုံးစံအတိုင်း ညအပြင်သွားရင် ကလေးတွေထားခဲ့ဖို့ သတိပေးပါတယ်။ ကျွန်မကလည်း အလိုက်တသင့် "ဟုတ်ကဲ့" လို့ ပြောလိုက်ပါတယ်။ တကယ်တော့ မေမေနဲ့ ကြိုတင်ညှိထားပြီးဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှာ ညစာထမင်းစားဖိတ်ရင် ၈ နာရီခွဲ ၉ နာရီလောက်မှစကြပါတယ်။ ဖေဖေက မနက် ၃ နာရီထပြီး ဘုရားရှိခိုး ပရိတ်ရွတ်လေ့ရှိတာကြောင့် ညဆိုရင် ၈ နာရီခွဲအိပ်လေ့ရှိပါတယ်။ ဖေဖေအိပ်ပြီးတာနဲ့ ကလေးနှစ်ယောက်စလုံးခေါ်ပြီး ညစာစားပွဲသွားဖို့ မေမေနဲ့စီစဉ်ထားပြီးဖြစ်ပါတယ်။ ကလေးနှစ်ယောက်စလုံး မေမေနဲ့ထားခဲ့ရင် မေမေပင်ပန်းလိမ့်မယ်ဆိုတဲ့အတွေးနဲ့ ဖေဖေ့စကားနားမထောင်ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ ဖေဖေကလည်း ထမင်းစားပွဲဆိုရင် အပြင်ကမှာကျွေးတာများတာကြောင့် ကလေးတွေအတွက် ကျန်းမာရေးနဲ့မညီညွတ်ဘူးလို့ ယူဆပါတယ်။

အဲဒီညက ၁၁ နာရီကျော်ကျော်လောက် အိမ်ပြန်ရောက်ကြပါတယ်။ ကလေးတွေလည်း အိပ်တစ်ဝက်နိုးတစ်ဝက်ဖြစ်နေပါတယ်။ အဲဒီညက လေကလည်း အတော်တိုက်ပါတယ်။ ဖြစ်ချင်တော့အိမ်ပေါ်တက်ပြီး အိပ်ခန်းတံခါးအဖွင့်မှာ အပြင်က လေကြမ်းတိုက်တာနဲ့ဆုံပြီး သားကြီးရဲ့ ဘယ်ဘက်လက်ချောင်းနှစ်ချောင်း တံခါးညှပ်သွားပါတယ်။ သားကြီးအော်ငိုလိုက်တဲ့အသံကြောင့် ဖေဖေနိုးလာပြီး အိပ်ခန်းထဲက ထွက်လာပါတယ်။ မေမေလည်း အနားရောက်လာပါတယ်။ ကျွန်မတို့ကို မြင်တာနဲ့ ဖေဖေသဘောပေါက်သွားပါတယ်။ "ကလေးတွေကိုခေါ်မသွားနဲ့လို့ ပြောထားလျက်နဲ့ မင်းတို့ ခေါ်သွားကြတယ်" လို့ ခပ်ထန်ထန်ပြောပြီး သားကြီး လက်ညှပ်တာလည်းမမေးတော့ဘဲ စိတ်ဆိုးဆိုးနဲ့ လှည့်ထွက်သွားပါတယ်။ ဖေဖေရဲ့ကရုဏာဒေါသအပြုအမူကိုကြည့်ပြီး မေမေနဲ့ကျွန်မတို့ ငိုအားထက်ရယ်အားသန်ခဲ့ရပါသေးတယ်။

နောက်တစ်ရက်မနက် ဖေဖေဘုရားခန်းက ထွက်မလာခင် ကလေးနှစ်ယောက်စလုံးကို ဘုရားကန်တော့ခိုင်းရင်း 'ဘဘ' ကို ကန်တော့ပြီးမှ ဘုရားခန်းထဲက တူတူထွက်လာကြဖို့မှာလိုက်ပါတယ်။ ဘုရားခန်းအပြင်ရောက်တော့ မြေးငယ်ကို ကောက်ချီပြီး မြေးကြီးလက်ညှပ်တဲ့အကြောင်း တယုတယမေးရင်း မနက်ကော်ဖီသောက်ဖို့ မြေးအဘိုးသုံးယောက် ထမင်းစားခန်းထဲသွားကြပါတယ်။ မြေးနှစ်ယောက်နဲ့ ရယ်ရယ်မောမောစကားပြောပြီး ကျေနပ်နေပါတယ်။ ညကအကြောင်းနဲ့ပတ်သက်လို့ ကျွန်မတို့ကို ဆက်ပြီးမဆူတာကြောင့် ဖေဖေစိတ်ဆိုးပြေသွားပြီလို့ မှတ်ချက်ချလိုက်ပါတယ်။

မနက်ဘက်လမ်းလျှောက်ထွက်တဲ့အခါ သားငယ်ကို ကလေးတွန်းလှည်းပေါ် ထိုင်ခိုင်းပြီး တွန်းသွားလေ့ရှိခဲ့ပါတယ်။ တွန်းလှည်းပေါ်ထိုင်ခိုင်းပြီးရင် လိမ့်မကျအောင် ကလေးကိုထိန်းထားဖို့ တွန်းလှည်းမှာ ခါးပတ်တွဲထားပါတယ်။ သားငယ်က သူ့ကို ခါးပတ်ပတ်တာတို့၊ ဦးထုပ်ဆောင်းတာတို့ မကြိုက်ပါ။ ခါးပတ်အပတ်ခံဖို့ တော်တော်ကြီးချော့ရပါတယ်။ တစ်ကြိမ်မှာ ကလေးကို ခါးပတ်မပတ်တော့ဘဲ တွန်းလှည်းတွန်းပြီး ကျွန်မတို့ လမ်းလျှောက်ထွက်ခဲ့ပါတယ်။ ဖေဖေက အရှေ့ကလျှောက်ရင်း ကလေးကို ခါးပတ်ပတ်ထားတာမတွေ့တော့ "ကလေး လိမ့်ကျမယ်၊ ခါးပတ်ပတ်ဦး" လို့ သတိပေးလိုက်ပါတယ်။ ကျွန်မတို့က "ဒီနေ့ အဝေးကြီးသွားမှာမှမဟုတ်တာ ရပါတယ်" လို့ ဖေဖေမကြားအောင် ခပ်တိုးတိုးပြောပြီး တွန်းလှည်းဆက်တွန်းပါတယ်။ ခြေလှမ်း ဆယ်လှမ်းမပြည့်သေးခင်မှာပဲ သားငယ် တွန်းလှည်းပေါ်ကနေ မြေကြီးပေါ် မှောက်လျက်သား ပြုတ်ကျပါတယ်။ ကလေးက လန့်ပြီး ငိုလိုက်တဲ့အခါ ဖေဖေက နောက်တစ်ချက်လှည့်ကြည့်ပြီး ဒေါနဲ့မောနဲ့ ရှေ့ဆက်လျှောက်သွားပါတယ်။ ကလေးက မှောက်လျက်ကျရုံကျလို့ တော်ပါသေးတယ်။ တစ်ခုခုများဖြစ်သွားရင်ဆိုတဲ့ အတွေးနဲ့ ကိုယ့်အပြစ်နဲ့ကိုယ် ဖေဖေ့နောက်က ခပ်ကုပ်ကုပ်လေး လိုက်ခဲ့ကြရပါတယ်။

ကျွန်မတို့နေတဲ့ Bhopal မြို့ကို အမေရိကားက မြန်မာမိတ်ဆွေမိသားစုတစ်စုရဲ့ သားနဲ့သမီးလေးလာလည်မယ်လို့ အကြောင်းကြားပါတယ်။ ကလေးနှစ်ယောက် ဘုံဘေမြို့ (ယခု MUMBAI) ထိ လေယာဉ်နဲ့လာပြီး အဲဒီကနေ ရထားနဲ့ ကျွန်မတို့ဆီလာကြဖို့ စီစဉ်ထားကြောင်း သိရပါတယ်။ အစ်ကိုဖြစ်သူက ၁၃ နှစ်အရွယ်လောက်၊ ညီမလေးက ၁၁ နှစ်သမီးလောက်ပဲရှိသေးတာကြောင့် ကလေးနှစ်ယောက်တည်း ရထားစီးလာဖို့မသင့်တော်ဘူးဆိုပြီး ဖေဖေက ကိုငြိမ်းကို ဘုံဘေမြို့မှာ သွားကြိုခိုင်းပါတယ်။ ဖြစ်ချင်တော့ ကျွန်မခင်ပွန်း ဘုံဘေသွားရမယ့်နေ့မှာ ကျွန်မအူအတက်ဖြစ်လို့ ဆေးရုံတက်ရပါတယ်။ အဖျားပြင်းပြီး မခံမရပ်နိုင်အောင်နာလွန်းတာကြောင့် အဲဒီနေ့မှာပဲ ခွဲစိတ်ဖို့ စီစဉ်ခဲ့ရပါတယ်။ သားကြီးက ကိုးနှစ်အရွယ် လက်လွတ်ရပေမယ့် သားငယ်က နှစ်နှစ်ပဲ

www.foreverspace.com.mm

ရှိသေးတာကြောင့် မေမေပင်ပန်းမှာကို တွေးပြီး စိတ်ပူမိပါသေးတယ်။ ကျွန်မ ခွဲစိတ်ခံပြီး သတိရချိန်မှာ ကိုငြိမ်း ကျွန်မကို နှုတ်ဆက်ပြီး ဘူတာရုံဆင်းခဲ့ရပါတယ်။ သားငယ်ကိုကြည့်ဖို့ အကူမိန်းကလေးတစ်ယောက်ရှိပေမယ့် ကလေးက သူ့နားမကပ်ပါ။ မေမေကလည်း သူများလက်ထဲမှာ ကလေးကို စိတ်မချတတ်တာကြောင့် အတော်ပင်ပန်းမယ်ဆိုတာ တွက်ဆထားပြီးသားပါ။

အူအတက်ဖြတ်တဲ့ ခွဲစိတ်ကုသမှုဟာ အခုခေတ်မှာ ပြောပလောက်တဲ့ကိစ္စမဟုတ်ပေမယ့် နောက်ဆက်တွဲပြဿနာပေါ်ကောင်းပေါ်နိုင်ပါတယ်။ ဆေးရုံမှာ သုံးရက်မြောက်မနက် အိမ်ကအစားအသောက်ပို့ချိန်မှာ ဖေဖေပါ ပါလာပါတယ်။ ဖေဖေက ကျွန်မအခန်းထဲရောက်တာနဲ့ "သမီး ပြန်လိုက်ခဲ့တော့။ အိမ်ကျမှ စားစရာရှိတာစားတာပေါ့" လို့ ပြောလိုက်ပါတယ်။ ကျွန်မလည်း ထခုန်မတတ်ပျော်သွားမိပါတယ်။ သူနာပြုဆရာမလေးကို ပစ္စည်းတွေသိမ်းပေးဖို့ ပြောလိုက်ပါတယ်။ ဆရာမလေးက "ဆရာဝန် ဒီနေ့မကြည့်ရသေးလို့ ဆင်းလို့ဖြစ်မှာမဟုတ်ဘူး။ ဆရာဝန်ကြီးကို စောင့်ပါ" လို့ပြောပါတယ်။ ဖေဖေက "ကိစ္စမရှိဘူး။ သူ့ရုံးခန်းသွားပြီး ပြောလိုက်မယ်။ ပစ္စည်းသာသိမ်းပေးပါ" လို့ပြောလိုက်ပါတယ်။ အိမ်ကလိုက်လာတဲ့ အလုပ်သမားကလေးကလည်း ပစ္စည်းတွေကူသိမ်းပေးပါတယ်။ ဆရာဝန်ကြီးကလည်း ရုံးခန်းမှာမရှိပါ။ အစည်းအဝေးရှိနေသလား၊ ခွဲစိတ်ခန်းမှာလားဆိုတာ ဘယ်သူမှတိတိကျကျမသိပါ။ ဒီလိုနဲ့ပဲ ဖေဖေနဲ့ ကျွန်မ ပျော်ပျော်ရွှင်ရွှင်အိမ်ပြန်လာကြပါတယ်။

အိမ်ရှေ့မော်တော်ကားဆိုက်တာနဲ့ တစ်ယောက်ယောက်က မေမေ့ကိုသွားပြောတယ်ထင်ပါတယ်။ မေမေအံ့အားသင့်ပြီး ထွက်လာပါတယ်။ "ဒါကဘယ်လိုဖြစ်လာကြတာလဲ။ အနာမခြောက်သေးဘူးဆို ဆရာဝန်ဆင်းခိုင်းလို့လား" မေမေ မောကြီးပန်းကြီးမေးလိုက်ပါတယ်။ "ဆရာဝန် သူ့အခန်းမှာမရှိဘူး။ ခွင့်တောင်းနေရင်လည်း ခွင့်ပေးမှာမဟုတ်ဘူးဆိုတာသိလို့ ဒီလိုပဲခေါ်လာခဲ့တယ်။ အနာမကျက်လည်းအိမ်မှာ ဆရာဝန်လာကြည့်ရင်ရပါတယ်။ မင်းလည်း အိမ်မှာကလေးနှစ်ယောက်နဲ့ပင်ပန်းတယ်။ သမီးလည်း ဆေးရုံမှာတစ်ယောက်တည်း မဟုတ်လား" လို့ ဖေဖေကပြောပါတယ်။ မေမေစိတ်ဆိုးလွန်းလို့ စကားဆက်မပြောတော့ပါ။ ကျွန်မအပေါ်ထပ်အိပ်ခန်းထဲရောက်တဲ့အခါ မေမေလိုက်လာပြီး ကျွန်မကို အားရပါးရဆူပါတော့တယ်။ ဆူလည်းဆူစရာပါပဲ။ အူအတက်ဖြတ်တဲ့ခွဲစိတ်ကုသမှုဟာ အသေးအဖွဲ့ဖြစ်ပေမယ့် ခွဲပြီးမှ မတော်တဆ တစ်ခုခုဖြစ်ရင် ဘယ်သူ့မှာ တာဝန်ရှိပါသလဲ။ ဆရာဝန်ဆင်းခွင့်လက်မှတ်မပါဘဲ ဆင်းလာတဲ့ကျွန်မနဲ့ ဆေးရုံကခေါ်ချလာတဲ့ ဖေဖေ့မှာသာ တာဝန်ရှိပါတယ်။

မကြာပါဘူး။ ဆေးရုံကဆက်သွယ်လာပြီး ဆရာဝန်ကြီးလိုက်လာပါတယ်။ ဒီနေရာမှာ ဖေဖေမဟုတ်ဘဲ တခြားလူနာရှင်တစ်ယောက်ဆိုရင် ဆရာဝန်ရဲ့အဆူအပြောတော်တော်ခံရမှာသေချာပါတယ်။ ဖေဖေက ဦးနှောက်ထက် နှလုံးသားကြီးသူဖြစ်တယ်လို့ သူ့ကိုယ်သူဝန်ခံပြောကြားလေ့ရှိပါတယ်။ ဒါပေမဲ့ အမှားလုပ်ခဲ့မိရင်လည်း ဝန်ခံဖို့ဝန်မလေးတာကြောင့် "ကျွန်တော်မှားသွားပါတယ်။ တောင်းပန်ပါတယ်။ ကျွန်တော့်သမီးအနာမြန်မြန်ကျက်အောင်သာကုပေးပါ" လို့ ပြောပါတယ်။ တစ်ခုခုမှားသွားတာကတော့ သေချာပါတယ်။ သာမန်ခွဲစိတ်မှုလေးကနေ အနာကျက်အောင် တစ်လကျော်စောင့်ခဲ့ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အိမ်မှာလွတ်လွတ်လပ်လပ်ပြန်နေရလို့ ဖေဖေ့ကို အထူးကျေးဇူးတင်ရပါတယ်။

ရှေ့လဆက်ပါမည်

**မြသန်းသန်းနု**

**စာရေးသူ၏ ကိုယ်ရေးအကျဉ်း**

**အမည်ရင်း** - သန်းသန်းနု

**မိဘ** - ဦးနု (ဝန်ကြီးချုပ်ဟောင်း)-ဒေါ်မြရီ

**မွေးသက္ကရာဇ်** - ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်

**ပညာအရည်အချင်း**- ၁၉၆၄-၆၈ စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရ။

**အလုပ်အကိုင်** - ၁၉၈၀ ခုနှစ်မှ ၂၀၀၃ အထိ အိန္ဒိယနိုင်ငံ All India Radio (AIR) နိုင်ငံပိုင်အသံလွှင့်ဌာနတွင် ဘာသာပြန်/အသံလွှင့်သူအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၃ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ။

**စာပေလောကဝင်ရောက်သည့်နှစ်** - ၂၀၀၇ ခုနှစ်တွင် ပြည့်စုံစာပေမှ မျက်စိအကြောင်းသိကောင်းစရာ ဘာသာပြန်စာအုပ်ထုတ်ဝေခဲ့။ ကလောင်အမည် သန်းသန်းနုဖြစ်ပြီး ယခု မြသန်းသန်းနု ကလောင်အမည်ထားရှိ။

**ခင်ပွန်း** - ဦးအောင်ငြိမ်း

သားနှစ်ဦးရှိရာ မောင်ရှိန်မင်း (MBA) (အမေရိကန်ပြည်ထောင်စု လော့စ်အိန်းဂျလိစ်မြို့ အစိုးရဌာနတွင် Management Administrator အဖြစ် တာဝန်ထမ်းဆောင်နေ) နှင့် ဒေါက်တာအောင်စည် Ph.D (NEURO SCIENCES) RESEARCHER, AUSTRALIAN NATIONAL UNIVERSITY CANBERRA တို့ဖြစ်။

www.foreverspace.com.mm

# ယုံကြည်မှုလွန်ကဲခြင်း (သို့) အတ္တလွန်ကဲခြင်း

ဂျီအောင်ဘန်း

**'လောက၌ ထူးခြားတိုင်း အောင်မြင်သည်မဟုတ်။ ထူးသလိုဖြင့် ရှုံးသွားကြသူတွေရှိသည်။ စင်စစ် မှုမှန်စံမီသော အခြေခံစိတ်ထားရှိကြသူများသာ ရေရှည်တည်တံ့သော အောင်မြင်မှုမျိုး ရရှိနိုင်ကြမြဲဖြစ်သည်။'**

**ဖေမြင့်၊ 'မှုမှန်စိတ်၊ မှုမှန်အတွေး၊ မှုမှန်အကျင့်အကြံ–၂'**

လူတိုင်း မိမိကိုယ်ကိုမိမိ ယုံကြည်စိတ် အနည်းအများရှိကြသာချည်းပဲဖြစ်သည်။ မိမိ၏ကိုယ်ပိုင်ဘဝ၊ မိမိ၏ ကိုယ်ပိုင်အမှတ်အသား၊ စရိုက်လက္ခဏာ၊ မိမိ၏ အရည်အချင်းကို ခံမင်နှစ်သက်တွယ်တာကြသည်ချည်းပဲဖြစ်သည်။ ဘုရင်ကလည်း ဘုရင်အလျောက်၊ မှူးမတ်ကလည်း မှူးမတ်အလျောက်၊ သူတောင်းစားကလည်း သူတောင်းစားအလျောက်၊ ဝဲစားကလည်း ဝဲစားအလျောက် ကိုယ့်ဘဝကိုယ် အထင်ကြီးကြတာချည်းပဲဖြစ်သည်။ ထိုသို့ အထင်ကြီးသောစိတ်သည် အခြားလူက မိမိကို မိမိဘဝကိုလေးစားအားကျမည်ဟု တစ်ထစ်ချယုံကြည်သောစိတ်ကို အခြေခံပြီး ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီဟုထင်နေသော စိတ်ရောဂါအနုစားတစ်မျိုးသာ ဖြစ်သည်။

'အရာရာတိုင်းကို ငါလုပ်လျှင် ဖြစ်ကိုဖြစ်ရမည်'၊ 'ငါပြောသည့်စကားသည် ငါကိုယ်တိုင်ပညာရှိမို့ ပညာရှိစကားဖြစ်သည်'ဟု အတ္တစွဲဖြင့် လုပ်ကိုင်ပြောဆိုကြခြင်းမျိုးကို ယနေ့ခေတ်တွင် နယ်ပယ်စုံ၊ နေရာစုံ၌ တွေ့နေကြားနေမြင်နေရသည်။ ယုံကြည်စိတ်ဟူသည် အတိုင်းအတာတစ်ခုထက် ပိုလျှင်လည်းမကောင်း၊ လျော့နည်းလွန်းလျှင်လည်းမကောင်း၊ နယ်ပယ်တစ်ခုတွင် ကာလံဒေသံအရ အောင်မြင်နေသူ၊ ခေတ်အခြေအနေအရ တွင်ကျယ်နေသူတစ်ဦး၏ နှုတ်ကပြောသည့်စကားတစ်ခွန်းကို နားနှင့်ဆတ်ဆတ်ကြားရသည့် စာရေးသူမှာ ကိုယ့်ကိုယ်ကိုယ်ပဲ သနားရမလား၊ ထိုသူကိုပဲ သနားရမလား ဇဝေဇဝါပင် ဖြစ်ခဲ့ရ၏။ ထိုသူ၏ပြောစကားမှာ "ကျွန်တော်ဗျာ ခင်ဗျားတို့လို အချိန်အားမရှိတော့ စာမရေးနိုင်ဘူး။ ဘာသာရေးလည်း မလုပ်နိုင်ဘူး။ နောင်တစ်ချိန် အလုပ်မလုပ်ဖြစ်တော့တဲ့အချိန်၊ ကိုယ့်အလုပ်တွေ၊ ကိုယ့်သားသမီးတွေကို လွှဲနိုင်တဲ့အချိန်ကျရင်တော့ ခင်ဗျားတို့လို စာလေးဘာလေးရေးမယ်လို့ စဉ်းစားထားတယ်။ ခုလောလောဆယ် ကျွန်တော့်စက္ကူထရီကို အစည်းအဝေးမှာ ဝန်ထမ်းတွေပြောတဲ့စကားတွေကို စုခိုင်းထားတယ်။ အဲဒါတွေကိုစုပြီး နောင်တစ်ချိန် စာအုပ်ထုတ်မလားလို့" ဟူသည့်စကားကိုပင်။



စာရေးသူမှာ ထိုပုဂ္ဂိုလ်ကို သေသေချာချာပင် ထိုစကားကြောင့် ပြန်ကြည့်မိ၏။

ငါ့ကို နောက်များနောက်နေတာလားဟု။ ထိုပုဂ္ဂိုလ်မှာ တကယ်ကို အတည်ပြောနေခြင်းဖြစ်သည်။ နောက်ပြောသည့်ပုံစံ လုံးဝမရှိ။ ထိုပုဂ္ဂိုလ်အကြောင်းကို အလုံးစုံမဟုတ်တောင် တော်တော်များများတော့ စာရေးသူ သိ၏။ ပညာရေးမှာ ဟိုယခင်က တက္ကသိုလ်ဝင်တန်းတောင်မအောင်။ သာသနာပြုကျောင်းမှာ သင်ကြားခဲ့ရဖူးသဖြင့် ကမ္ဘာလုံးအင်္ဂလိပ်စာတော့ အတော်အတန်နားလည်၏။ သို့သော် ၎င်းလုပ်ကိုင်သည့်လုပ်ငန်းက ဖဲကစားနည်းတစ်ခုဖြစ်သည့် ရှိုးကစားသလို ငွေဝိတ်နှင့်ဖိကာ လုပ်လျှင် လူတစ်ရာလျှင် တစ်ရာ့တစ်ယောက်အောင်မြင်နိုင်သည့်အလုပ်မျိုး၊ လုပ်ချင်သလိုလုပ် လူကောင်းတွေ လူတော်တွေ ဝန်းရံထားသဖြင့် တော်ရုံတန်ရုံ မကျသွားနိုင်သည့် အခြေအနေမျိုးမို့ အဆန်းထွင်သည့်လုပ်ငန်းမျိုး၊ အတတ်ဆန်းသည့်လုပ်ရပ်မျိုး ခဏခဏ လုပ်လေ့ရှိသူ၊ စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ပီတာဒရပ်ကားလည်းမသိ၊ ရော်ဂျာဟာဗီလ်တန်လည်းမသိ၊ သူ့စိတ်ထဲ သူ့လုပ်ရပ်တိုင်း၊ သူ့စကားတိုင်းသည် တကယ့်ကို ပါရမီရှင်တစ်ယောက်၏လုပ်ရပ်၊ အတွေး၊ စကားဟု ထင်မှတ်နေပုံရ၏။ ထို့ထက်ပို၍ဆိုးသည်မှာ စာဖတ်သည့်လူတန်းစားအလွှာအသီးသီးကို လျှော့တွက်ထားခြင်းပင်ဖြစ်သည်။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတာ၊ ယုံကြည်မှုမရှိသည့် လူထက်တော့ ကောင်းတာတော့ မှန်ပါသည်။ သို့သော် ကိုယ့်ယုံကြည်မှုက လူတကာအော့နှလုံးနာစရာဖြစ်သွားမှာ၊ အခြားအခြားသော အစစ်အမှန်လုပ်နေသည့်လူများကို စော်ကားသလိုဖြစ်သွားမှာကိုတော့ ကိုယ်လုပ်သမျှအဟုတ်ဟု ထင်နေသူတို့ ဆင်ခြင်ဖို့ကောင်းလှပြီဖြစ်သည်။ ဘယ်သို့သော လောက၊ ဘယ်သို့သောနယ်ပယ်မှ အတုအယောင်ကို ကြာရှည်စွာ ကြီးစိုးရှင်သန်ခွင့်ကိုမပေး။ 'မဟာသမုဒ္ဒရာသည် အပုပ်ကောင်ကို ကမ်းစပ်ကို ပို့ဆောင်သကဲ့သို့' ပညာရပ်ဆိုင်ရာ၊ အသိပညာနှင့်ဆိုင်ရာ နယ်ပယ်တိုင်းသည်လည်း အယောင်ဆောင်သူတိုင်းကို ကြာရှည်လေးမြင့်စွာ ရှင်သန်ခွင့်ကို မပေးပေ။ နောက်ဆုံး ပစ်ပယ်လိုက်ကြသည်ပဲဖြစ်သည်။ ထင်ရှားသော သာဓကအနေဖြင့် အနုပညာနယ်ပယ်ဖြစ်သော ရုပ်ရှင်၊ ဂီတကိုပဲကြည့်ပါ။ ကိုယ့်ကိုယ်ကိုယ် အတတ်ကြျုးပြီး တော်လှပြီ၊ တတ်လှပြီဟု ထင်လိုက်ကာ ယုံကြည်မှုလွန်ကဲခဲ့သည့်လူတွေ ယခုတော့ ဘာဖြစ်သွားသနည်း။ ပရိသတ်၏ချဉ်ဖတ်ဖြစ်သွားခဲ့ရပြီမဟုတ်ပါလား။ အမှန်တကယ် မဖြစ်သင့်သည့်အရာပင်ဖြစ်သည်။

ယနေ့ခေတ်တွင် ဆယ်ကျော်သက်တေးသံရှင်က ပရိသတ်ကြီးကို ဘဝကိုရင်ဆိုင်ဖို့ ဒဿနလက်ဆောင်ပေးခဲ့မည်ဟု ပြော၊ အမှန်တကယ် ဝိနည်းတွင် ဘာတွေပြဋ္ဌာန်းသတ်မှတ်ထားသည်ကိုမသိဘဲ ဆေးကုမည်၊ တရားဟောမည်ဟု အရွယ်လွန်မှ သာသနာ့ဘောင်ဝင်မည့်သူက ပြောလိုပြော၊ ကိုယ်အစားရချောင်ဖို့ အုံနှင့်ကျင်းနှင့် ဝိုင်းမြှောက်ကြသည့်လူတွေက ဝိုင်းမြှောက်၊ နောက်ဆုံး မနိုင်တော့မှ ကြိတ်ပြီးအချင်းချင်း လက်သိပ်ထိုး နှိပ်ကွပ်ကြတာ နှိပ်ကွပ်၊ စင်ပေါ်တက်ပြီး မီဒီယာမန်း (media man) လုပ်နေသည့်သူများကလည်း ကြည့်ရှုနေသူ ပြည်သူကိုတောင် သတိမထားတော့ဘဲ တကယ့်ကို ဘာသာရပ်ဆိုင်ရာ၊ ပညာရပ်ဆိုင်ရာ ခြေခြေမြစ်မြစ်မသိပါဘဲ ထင်ရာပြော ထင်ရာလုပ်၍ စားပေါက်ချောင်နေသည့်အခါ ရှေ့က စာရေးသူ ရည်ညွှန်းထားခဲ့သည့်ပုဂ္ဂိုလ် သူ့ဝန်ထမ်းတွေကို ဆူဆဲသည့်စကားတွေလည်း စာအုပ်ဖြစ်လာသည့်အခါ မရောင်းရဘူးဟု ဘယ်ပြောနိုင်ပါလိမ့်မည်နည်း။

လောကတွင် လုပ်သင့် မလုပ်သင့်ဟူသော ကိစ္စရပ်နှစ်ခုတွင် အသိပညာရှင် (ကျင့်ဝတ်ကို စောင့်ထိန်းသူများ) က မည်သို့သော အခွင့်အရေးမျိုးရှိသည်ဖြစ်စေ မလုပ်သင့်သောကိစ္စရပ်ကို စဉ်းစားခြင်းပင်မပြုကြ။ ယနေ့ခေတ်တွင်တော့ ဤသို့တော့မဟုတ်၊ ကိုယ့်ဂုဏ်သိက္ခာ၊ ကိုယ့်အဆင့်အတန်း၊ ကိုယ့်ကိုလေးစား၊ ကြည်ညိုနေသည့် ပရိသတ်ကိုတောင် မထောက်၊ ငါကျော်ကြားဖို့၊ ငါတည်မြဲဖို့၊ ငါ့စကားသမိုင်းတွင်ဖို့ဆိုသော 'ငါ' လူတန်းစားက ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုလွန်ကဲမှုကို အခြေပြု၍ တွင်ကျယ်ခဲ့အောင် အခွင့်အရေးနောက်ကို လိုက်ခဲ့ကြပြီဖြစ်သည်။

တစ်ခါတုန်းက ဆယ်ကျော်သက်ဝတ္ထုရေး စာရေးဆရာလေးတစ်ဦး၏ ဝတ္ထုမိတ်ဆက်ပွဲတွင် ယနေ့ မြန်မာစာပေလောက၏ ဦးစီးဦးဆောင်ဟု ကိုယ့်ကိုယ်ကိုယ်သတ်မှတ်ထားသည့်ပုဂ္ဂိုလ်တစ်ဦး၏ လက်ရှိ

**နယ်ပယ်အသီးသီးတွင် ရှေ့တန်းသို့ရောက်နေကြသည့် လူအချို့သည် ကျင့်ဝတ်ပိုင်းဆိုင်ရာ စောင့်ထိန်းနိုင်မှုအားနည်းလာခြင်း၊ ပုဂ္ဂိုလ်ရေးရှေ့တန်းတင်လာခြင်း၊ အတတ်ကြျုးလာခြင်းတို့ကြောင့် ခေတ္တခဏမျှ နားလည်သည်းခံပေးသည့် အခြေအနေကို မှန်မှန်ကန်ကန်မသုံးသပ်နိုင်ဘဲ "ငါမှ ငါကွ" ဆိုပြီး ထင်ရာလုပ် ထင်ရာပြောတတ်ကြခြင်းသည် စင်စစ် ယုံကြည်မှုလွန်ကဲခြင်းဖြစ်သလို တစ်နည်းအားဖြင့် အတ္တလွန်ကဲလာခြင်းဖြစ်သည်။ ယုံကြည်မှုလွန်ကဲလာလျှင် ကိုယ့်ကိုယ်ကိုယ်ပျက်စီးခြင်းအခြေသို့ စတင်၍ဆိုက်ရောက်လာခြင်းပင်ဖြစ်သည်။**

www.foreverspace.com.mm

စာပေလောကအပေါ် ဝေဖန်အပြစ်တင်နေသည့်စကားကလည်း တာဝန်ကျေလုပ်သားကောင်းကြီးနှယ် ကိုယ့်ကိုယ်ကိုယ် ယုံကြည်ရဲလွန်းသည်။

နယ်ပယ်အသီးသီးတွင် ရှေ့တန်းသို့ရောက်နေကြသည့် လူအချို့သည် ကျင့်ဝတ်ပိုင်းဆိုင်ရာ စောင့်ထိန်းနိုင်မှုအားနည်းလာခြင်း၊ ပုဂ္ဂိုလ်ရေးရှေ့တန်းတင်လာခြင်း၊ အတတ်ကြူးလာခြင်းတို့ကြောင့် ခေတ္တခဏမျှ နားလည်သည်းခံပေးသည့် အခြေအနေကို မှန်မှန်ကန်ကန်မသုံးသပ်နိုင်ဘဲ 'ငါမှငါကွ' ဆိုပြီး ထင်ရာလုပ်၊ ထင်ရာပြောတတ်ကြခြင်းသည် စင်စစ် ယုံကြည်မှုလွန်ကဲခြင်းဖြစ်သလို တစ်နည်းအားဖြင့် အတ္တလွန်ကဲလာခြင်းဖြစ်သည်။ ယုံကြည်မှုလွန်ကဲလာလျှင် ကိုယ့်ကိုယ်ကိုယ်ပျက်စီးခြင်းအခြေသို့ စတင်၍ ဆိုက်ရောက်လာခြင်းပင်ဖြစ်သည်။

တစ်ခါက အနုပညာနယ်ပယ်မှ နာမည်ထင်ရှားသော လူပုဂ္ဂိုလ်တစ်ဦးနှင့်တွေ့ ဆုံစကားပြောဖူး၏။ အခြားစကားတော့မဟုတ်။ ဘာသာရေးနှင့်ပတ်သက်၍ဖြစ်သည်။ ထိုပုဂ္ဂိုလ်က ငါတွေ့တွေ့များနေ၏။ ဘယ်လောက်တောင်လည်းဆိုလျှင် ငါးပါးသီလထဲမှာ တစ်ပါးအပါအဝင်ဖြစ်သော ကာမေသု မိစ္ဆာစာရကိုပင် သူ့ကိုယ်ပိုင်အဓိပ္ပာယ်ဖွင့်ထားတာ အတော်လေးလန့်စရာကောင်း၏။ သူတစ်ပါးသားမယားကိုရှောင်ကြဉ်ခြင်းဆိုသည်မှာ အိမ်ထောင်ရှင်ယောကျာ်းအနေဖြင့် လင်ရှိမိန်းမများကိုသာ မကျူးလွန်ရန်ဖြစ်သည်ဟုဆို၏။ ထိုအတွေးမျိုးကို သူ့အနုပညာကိုနှစ်သက်သော မသိနားမလည်သောလူငယ်လူရွယ်များကိုသာ အသိပေးသာကြည့်။ သာသနာအတွက် မာန်နတ်ပင်မလိုတော့ပါ။ ဤအတွေးစကားကိုပင် ဝိုင်း၍မြှောက်ပင့်ထောက်ခံပေးကြသည့် လူပုဂ္ဂိုလ်တွေကလည်း ရှိနေကြသေးသည်။ မည်မျှရင်လေးစရာကောင်းလှပါသနည်း။



စာရေးသူကိုယ်တိုင်ကလည်း တစ်ချိန်တစ်ခါက ဤကဲ့သို့ ယုံကြည်မှုလွန်ကဲခဲ့ဖူး၏။ ထိုအချိန်တုန်းက စာရေးသူစိတ်ထဲတွင် ကိုယ့်လောက်တော်သည့်လူ၊ ကိုယ့်လောက်မြတ်သည့်လူမရှိ။ အရာရာတိုင်းရှိ လူသတ္တဝါအားလုံးသည် စာရေးသူအမြင်တွင် သနားစဖွယ်အတိ။ ငါမှမကယ်လျှင် မချေချွတ်လျှင် ရင်လေးဖွယ်ရာရှိ၏။ ပညာရပ် ပညာရပ်တိုင်း၊ အနုပညာ အနုပညာတိုင်း၊ နည်းပညာ နည်းပညာတိုင်းသည် ငါသို့သောလူမှလွဲ၍ အခြားသောသတ္တဝါများ နားမလည်နိုင်၊ မခံစားနိုင်၊ မဖန်တီးနိုင်၊ မတီထွင်နိုင် ယုတ်စွအဆုံး တရားထိုင်၍ သမာဓိအနည်းငယ်ရပြီး အလင်းတန်းလေးမြင်ရသည့် (လူတစ်ရာတရားထိုင်လျှင် ရာနှုန်းပြည့်နီးပါးတွေ့ရသည့်ဖြစ်ရပ်ကိုပင်) အခါ ယခုပဲ ဘုရားဆုကိုပန်ရင်ကောင်းမလား၊ နိဗ္ဗာန်ရောက် တစ်ထိုင်တည်း အားထုတ်လိုက်လျှင်ကောင်းမလားဟု ကိုယ့်ကိုယ်ကိုယ် အထင်ကြီးခဲ့ဖူးသည်။ လူလူချင်းအတူ၊ ထမင်းစားတာချင်းအတူတူ ကိုယ့်ကျမှပဲ ချီပေါက်နေသလို စိတ်ကြီးဝင်ခဲ့ဖူးသည်။ နောက်တော့ ပတ်ဝန်းကျင်မှ ကိုယ့်ကို ကြောင်နေသည့်လူလို၊ ဂေါက်နေသည့်လူလို ဆက်ဆံနေကြတော့မှ ငါဘဝင်ရူးနေပါလားဟု အမှန်မြင်ရပြီး မနည်းကို အခြေအနေမှန်ရောက်အောင် အစွဲချွတ်ခဲ့ရ၏။

စာရေးသူဖြစ်ခဲ့သလို ဖြစ်ရပ်မျိုး ယနေ့ခေတ်တွင် ဒုနဲ့ဒေးဖြစ်နေကြသည်မှာ လက်ဆွဲ၍ပြလို့ပင်ရသည်။ ယုံကြည်မှုလွန်ကဲသူတွေ၏ လက်သုံးစကားရှိ၏။

‘ထူးလျှင်ထူး မထူးလျှင်ရူး’ ဆိုသည့်စကားပင်။ အမျိုးသမီးရုပ်ရှင်သရုပ်ဆောင်ငယ်တစ်ဦး အင်တာနက်ပေါ်တွင် မလုံမခြုံဖော်ပြခံလိုက်ရ၏။ နောက်ကနေ ပုံစံတူတွေတသီချည်းပါလာ၏။ အဘယ်မျှ ထူးတာထွင်တာအကျိုးရှိပါသနည်း။ ကိုယ်လုပ်သမျှကောင်းသည်ဟုထင်နေသရွေ့ ကိုယ်လုပ်သမျှကောင်းသည်ဟု ယုံကြည်နေသရွေ့ ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီဟုထင်နေ၍မရတော့ပေ။ ကိုယ်ပြောသမျှ မှန်သည်၊ ကိုယ်လုပ်သမျှ မှန်သည်ဟု ဝိုင်း၍မြှောက်ပင့်အားပေးနေကြပြီဆိုလျှင် တစ်ခုခုကိုတော့ တွေးမိဖို့ကောင်းနေပြီဖြစ်သည်။ အခြားတော့မဟုတ်။ ‘လောကတွင် လူဆိုသည့်သတ္တဝါသည် အမှားအလုပ်ဆုံးသတ္တဝါပင်’ ဖြစ်သည်ဟူသည့်အချက်ပင်။

ယုံကြည်စိတ်နည်းသောကြောင့် ဘဝတွင် အောင်မြင်မှုမရှိသော လူကောင်းများရှိခဲ့ဖူးသလို ယုံကြည်စိတ်လွန်ကဲ၍ ဘဝတွင် ကျရှုံးခဲ့ရသော လူတော်များကိုတွေ့ရသည့်အခါ မိမိကိုယ်ကိုပင်မိမိ ယုံကြည်မှု (Confidence) သည် ‘တန်ဆေး လွန်ဘေး’ ဟူသည့်စကားပုံလို ကိုယ့်ကိုယ်ကိုယ်အနုပညာရှင် ပါရမီရှင်စစ်စစ်ဟုထင်နေသူ၊ သူတော်စင်စစ်စစ်ဟုထင်နေသူ၊ မိမိကိုယ်ကိုမိမိ စေတနာရှင်၊ မေတ္တာရှင်၊ သူတော်စင်ဟု ဟန်တစ်ခွဲသားဖြင့် ဟောင်ဖွာဟောင်ဖွာ လူတွင်ကျယ်လုပ်နေ၊ ပြောနေ၊ ရေးနေ၊ ဆွေးနွေးနေ၊ အပြကောင်းနေသူများကို တွေ့ရသည့်အခါ စာရေးသူစိတ်ထဲ သနားစိတ်နှစ်မျိုးဖြစ်ပေါ်လာတတ်၏။ ပထမတစ်မျိုးက “သူတို့ကသာ ကိုယ့်ကိုယ်ကိုယ် ဘာကြီးညာကြီးထင်နေတာ။ ဘေးပတ်ဝန်းကျင်ကတော့ သူတို့ကို ဒီကောင်တွေ ဘာဂွင်တွေ့လို့ စားပေါက်ချောင်အောင်လုပ်နေသလဲဆိုတာ တွေးနေမှာကို မသိပါလား” ဟု သနားမိနေသလို၊ နောက်တစ်မျိုးက “ဩော် သူတို့ထက် တတ်သည့် တော်သည့် တကယ်လုပ်နေကြသည့် ပုဂ္ဂိုလ်တွေ သိသွားမှာကို၊ ကိုယ်လုပ်စားတာ သိမှာကို မရှက်ကြဘူးလား” ဟု ၎င်းတို့ကို သနားနေမိခြင်း ဖြစ်သည်။

တစ်ခါက လူမျိုးခြားလုပ်ငန်းရှင်တစ်ဦးပြောဖူးသည်။ ‘လူတစ်ယောက်ကို တစ်ဘဝလုံး နာလန်မထူအောင် ဖျက်ဆီးသည့်နည်း’ တစ်ခုကို ကြားရဖူး၏။ ထိုနည်းမှာ သူ့ဝန်ထမ်းထဲမှ သူ့ကို ကလန်ကဆန်လုပ်သူ၊ ပုန်ကန်တော့မည့်ဝန်ထမ်းကို ၎င်းဝန်ထမ်း၏ အရည်အချင်းနှင့်ဆိုလျှင် ဒီတစ်သက် ဘယ်လိုမှမရနိုင်သော ရာထူးနှင့်လစာမျိုးကိုပေးပြီး ခြောက်လခန့် ခန့်ထားပြီး ဖြုတ်ပစ်လိုက်ပါ။ ထိုဝန်ထမ်း တစ်သက်လုံး ဘယ်လိုမှ မည်သို့သောအလုပ်မှာမှ လုပ်ကိုင်၍အဆင်ပြေတော့မည်မဟုတ်။ ဘယ်အလုပ်ကိုပဲလျှောက်လျှောက် သူအမြင့်ဆုံးရခဲ့ဖူးသောလစာနှင့် ရာထူးကိုသာ အနိမ့်ဆုံးထား၍ လျှောက်ပေတော့မည်။ ဤနည်းကား ပညာရှင်ဆန်ဆန် ဘဝင်စိတ် (ဝါ) ယုံကြည်စိတ်လွန်ကဲ အောင်လုပ်ပေးလိုက်ပြီး သတ်လိုက်ခြင်း ပင်ဖြစ်သည်။ ဤသည်ကို ဘာသာရပ်တစ်ခုခုကို လေ့လာလိုက်စားသူ၊ နယ်ပယ်အသီးသီးတွင်ဝင်ဆံ့ရန် စတင်ကြိုးစားသူ တက်လူ လူငယ်များ သတိထားသင့်လှသည်။

တစ်ခါတလေတော့ ‘ရေများရေနိုင်၊ မီးများမီးနိုင်’ ဖြစ်နေသည့်အခါမျိုးတွင် အမှန်တကယ် ကြွံ့ကြွံ့ခံရပ်တည်ရှင်သန်နေကြရသည့် မှုမှန်စိတ်ရှိသူ၏ စိတ်ဒုက္ခနှင့်သည်းခံခြင်းတရားကိုပင် စာရေးသူ လေးစားမိ၏။ ငယ်စဉ်က သင်ကြားခဲ့ရဖူးသော စပါးနှံပုံပြင်ကိုပင် ထပ်ပြီးဖြည့်ထည့်ရမလိုပင်ဖြစ်သည်။ စပါးနှံပုံပြင်တွင် အဘိုးအိုက မြေးငယ်ကို ထောင်နေသောစပါးနှံသည် အစေ့မအောင်သေး၊ ပညာမရှိသူနှင့်တူ၏။ ညွတ်ကျနေသောစပါးနှံသည် အစေ့အောင်ပြီးသောစပါးနှံ၊ ပညာရှိနှင့်တူ၏။ သဘောက ပညာမရှိသူက ထင်ပေါ်ကျော်ကြားအောင် နေတတ်သလောက် ပညာရှိသူမှာ သိုသိုသိပ်သိပ် ရိုရိုကျိုးကျိုးနေတတ်၏။ ယခုခေတ်အရဆိုလျှင် ထောင်နေသည့်စပါးနှံအမျိုးအစားထဲတွင် ယုံကြည်စိတ်လွန်ကဲသူ (ဘဝင်ရူး) နေသူများကိုပင်ထည့်ရတော့မလို ဖြစ်၏။

ယနေ့ခေတ် ယနေ့အချိန်အခါတွင် သတင်းဆက်သွယ်ရေးနည်းပညာအစွမ်းကြောင့် မီဒီယာနယ်ပယ်အသီးသီးတွင် ရပ်တည်ရှင်သန်နေသူများ၏ ပြောဆို၊ ကြံဆ၊ ရေးသား၊ သရုပ်ဆောင် ပြောဆိုမှုကို စောင့်ကြပ်ကြည့်ရှုနေကြသည့် ပရိသတ်ထံသို့ ယခင်ယခင်ကာလများကထက် ပို၍လျင်မြန်စွာရောက်ရှိခဲ့ပြီဖြစ်သည်။ ဤနေရာတွင် ယခင်ကလို ကိုယ့်ကိုယ်ကိုယ် အတတ်ကြူးနေသူများ၏ ပြောဆို ဆန်းထွင်လုပ်ရပ်များကို လျစ်လျူထားရန်ဆိုသည်မှာ ပြန်လည်စဉ်းစားရန်လိုလာပြီဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စာရေးသူတို့အားလုံး၏ အသိဉာဏ်တည်ဆောက်စ၊ မည်သည့်ဟာကအမှား၊ မည်သည့်လုပ်ရပ်က အမှန်ဟုသိမှတ်စ၊ လုပ်သင့် မလုပ်သင့် မှတ်ယူစ လူမမည်ကလေးသူငယ်များ သန်းနှင့်ချီ၍ မီဒီယာရှေ့တွင် လွယ်လင့်တကူရှိနေကြ၍ဖြစ်သည်။ စောင့်ကြည့်နေကြ၍ဖြစ်သည်။ ဤနေရာတွင် ဆရာပါရဂူရေးသည့် ‘ဝေသာလီ’ စာအုပ်တွင် စာသားတစ်ပုဒ်ကို သွား၍သတိရမိသည်။ စာသားအားလုံး အတိအကျမဟုတ်သော်လည်း အဓိပ္ပာယ်မှာ “လူတစ်ယောက် ပါးစပ်ထဲကို အဆိပ်တစ်စက်ထည့်လျှင် ထိုသူတစ်ယောက်ကိုသာ သေစေနိုင်၏။ လူတစ်ယောက်၏နားထဲသို့ အဆိပ်တစ်စက်ထည့်လျှင် ထိုသူနှင့်တကွ ဆက်စပ်ပတ်သက်နေသော အသိုင်းအဝိုင်းတစ်ခုလုံးကို သေကျေပျက်စီးနိုင်၏” ဟူသော စကားကိုပင်။ ရူးပါ၊ ထူးပါ။ သို့သော် ကိုယ့်အတ္တစိတ်၊ ယုံကြည်စိတ်၊ အမှားကိုအမှန်ဖြစ်အောင် တလွဲတချော်စိတ်တို့ကြောင့် လောကပါလတရားကို ဖျက်ဆီးသလို၊ လူမမည်တွေကို ဖျက်ဆီးမိသလို၊ မှန်ကန်သောနိယာမကို ဖျက်ဆီးမိသလို မဖြစ်စေချင်ပါ။

**ဂျီအောင်ဘန်း**



www.foreverspace.com.mm

www.foreverspace.com.mm

# စားသုံးသူကို ကိုယ်ချင်းစာပါ

ဦးဝင့်ကျော်

**ကျွန်တော့်ခေါင်းစဉ်တွင် စားသုံးသူဆိုသည်မှာ Consumer ဟူသောဝေါဟာရကို မြန်မာဘာသာအနေနှင့် သုံးစွဲလိုက်ခြင်းဖြစ်ပါသည်။ ဖောက်သည်ဆိုသည်မှာ Customer ကိုဆိုလိုပါသည်။ စားသုံးသူဟုဆိုသောကြောင့် စားသောက်ဆိုင်များ၌ ဝယ်ယူစားသုံးသူကိုသာဆိုလိုခြင်းမဟုတ်ပါ။ ကုန်စည်နှင့်ဝန်ဆောင်မှုများကို ပုံမှန်မဟုတ်ဘဲ တစ်ခါတစ်ရံလာရောက် ဝယ်ယူသူများကိုဆိုလိုပြီး ဖောက်သည်ဆိုသည်မှာ မိမိလုပ်ငန်းမှ ကုန်စည်နှင့်ဝန်ဆောင်မှုများကို ပုံမှန်လာရောက်ဝယ်ယူလေ့ရှိသူများကို ဆိုလိုပါသည်။ ထို့ကြောင့် စားသုံးသူများသည် ဖောက်သည်များမဟုတ်ကြသော်လည်း ဖောက်သည်များသည် စားသုံးသူများဖြစ်ကြပါသည်။**




ကျွန်တော်တို့နိုင်ငံတွင် ပညာသင်ကြားရေးနယ်ပယ်၌လည်းကောင်း စီးပွားကူးသန်းရောင်းဝယ်ရေး၊ ထုတ်လုပ်ရေးလုပ်ငန်းများတွင်လည်းကောင်း၊ Marketing ဟူသောဈေးကွက်ဖြစ်တည်ထွန်းကားရေးဘာသာရပ်သည် များစွာခေတ်စားအသုံးဝင်လျက်ရှိနေပေသည်။ အလုပ်ခေါ်သည့်အခါတွင်ဖြစ်စေ၊ လုပ်ငန်းများသို့သွားရောက်လည်ပတ်သည့်အခါတွင်ဖြစ်စေ၊ Marketing ဟူသောစကားသည် များစွာခေတ်စားလျက်ရှိသည်။ သို့ရာတွင် Ma- rketing ၏အဓိပ္ပာယ်ကိုကောင်းစွာအပြည့်အဝနားလည်ကြဟန်မတူချေ။ Marketing ဆိုသည်မှာ Potential Consumers ဟုခေါ်သော အလားအလာရှိသည့် စားသုံးသူများကို ရှာဖွေခြင်း၊ စားသုံးသူများ (Consumers) များကို Customers များ၊ ဖောက်သည်များ ဖြစ်အောင် ကြိုးစားခြင်း၊ နောက်ထပ်ဈေးကွက်သစ်များရှာဖွေခြင်းအားလုံး အကျုံးဝင်ပါသည်။

ဤနေရာတွင် Marketing ၏ ပထမအဆင့်တွင် လုပ်ငန်းအတော်များများ ကြိုးစားကြသည်ကိုတွေ့ရပါသည်။ အထူးသဖြင့် ကြော်ငြာခြင်း၊ ကံစမ်းမဲပေးခြင်းလုပ်ငန်းများကို အထူးအာရုံစိုက်၍ လုပ်

www.foreverspace.com.mm

ကိုင်အောင်မြင်နေသည်ကိုလည်း ကြားသိနေရပါသည်။ သို့ရာတွင် Consumers များကို ပင်တိုင်ဖောက်သည်များ Customers များဖြစ်အောင် ကြိုးပမ်းရာ၌ များစွာအားနည်းလျက်ရှိသည်ကို တွေ့ရပါသည်။ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ ဆူပါမားကက်များ၊ ပုဂ္ဂလိကစာသင်ကျောင်းများ အများအပြားပင် ဤချို့ယွင်းချက်၊ အားနည်းချက်များကို တွေ့ရပါသည်။ ၁၉၆၂ ခုနှစ်မတိုင်မီက ကျွန်တော်တွေ့ခဲ့ရသော အရောင်းအဝယ်လုပ်ငန်းများ၏ တန်ဖိုးထားမှု၊ ယုံကြည်မှုစံများသည် လုံးဝပျောက်ကွယ်နေသည်ဟုပင် ဆိုနိုင်ပါသည်။

ထိုစဉ်က ကျွန်တော် အသက် ၁၆ နှစ်သားဘဝတွင် အဖေက အရောင်းအဝယ်ပညာသင်ပေးသည့်အနေနှင့် အထည်ဝယ်သည့်အခါ အတူလိုက်ပါသင်ယူစေပါသည်။ သိမ်ကြီးဈေး (ဘီ) ရုံတွင် အထည်အလိပ်များဝယ်ယူသောအခါ ကျွန်တော့်အဖေသည် အလွန်ပင်စေ့စပ်သူဖြစ်ပါသည်။ ပုဆိုးဝယ်သည်ဆိုပါစို့၊ တစ်ထည်ချင်းဖြန့်၍အဝေးမှလည်းကောင်း၊ အနီးမှလည်းကောင်း စစ်ဆေးလေ့ရှိသည်။ တစ်ခါတစ်ရံ ဤသို့ကြည့်ပြီးမှ မကြိုက်နှစ်သက်၍ထွက်ခွာလာတတ်ပါသည်။ ထိုအချိန်က ရောင်းသူများသည် ငြိုငြင်ခြင်း၊ စူအောင့်ခြင်း၊ ဘုချခြင်း လုံးဝမပြုလုပ်သည်သာမက မကြိုက်၍ သို့မဟုတ် ဈေးမတည့်၍မဝယ်ဘဲပြန်ထွက်သွားသူကို ဈေးချင်းတူရင် ဒီကိုပြန်လာခဲ့ပါနော်ဟု မှာတမ်းပင်ချွေလိုက်ပါသေးသည်။

၁၉၆၂ ခုနှစ်နောက်ပိုင်းတွင် ပုဂ္ဂလိကဆိုင်များနေရာတွင် ပြည်သူ့ဆိုင်များ၊ သမဝါယမဆိုင်များ အစားထိုးလာသည်။ ခွဲတမ်းစနစ်ဖြင့် ပစ္စည်းကိုရောင်းဝယ်ဖြန့်ဖြူးကြသည်။ ရောင်းသူတစ်ပန်းသာသော အခြေအနေဖြစ်သည်။ ထိုစဉ်က လခစားအရောင်းသမားများ၊ ဆိုင်ထိုင်များသည် ဝယ်သူကို လုံးဝဂရုစိုက်ခြင်းမရှိ။ မရှိဘူး၊ မသိဘူး၊ မရဘူး၊ မရောင်းဘူးဟူသော ဘူးတွေနှင့်သာကြုံရသည်။ ဤယဉ်ကျေးမှုသည် ၁၉၈၉ ခုနှစ်နောက်ပိုင်း ဈေးကွက်စီးပွားရေးစနစ်သို့ပါ ကူးစက်လာပုံရပါသည်။ ယခုမည်သည့်နေရာသို့သွားသည်ဖြစ်စေ၊ စိတ်ကျေနပ်မှုမခံစားရ။ နောက်တစ်ခါဝယ်ရင် ဒီဆိုင်ကိုပဲ လာဝယ်တော့မယ်ဆိုသောစိတ်ကူးမျိုး ဘယ်အခါကမှ မဖြစ်ဖူးပါ။ ဆိုရှယ်လစ်ခေတ်က အရောင်းဆိုင်များ၏ ဖောက်သည်များအပေါ် တန်ဖိုးမထားမှု၊ စိတ်မဝင်စားမှု စသည့် အနုတ်လက္ခဏာဆောင်သောယဉ်ကျေးမှုများသည် လျော့နည်းမသွားချေ။

မကြာသေးခင်က ကျွန်တော်သည် ခံတွင်းငုံဆေးရည်အလိုရှိသဖြင့် ရှစ်မိုင်ရှိ ကုန်တိုက်ကြီးသို့သွားသည်။ ပစ္စည်းများကို ကြည့်သည်။ ယင်းဆေးရည်ပုလင်းများမှာ ယိုးဒယားစာများသာတွေ့ရသည်။ ဆေးရည်အရောင်များမှာလည်း နှစ်မျိုးသုံးမျိုးတွေ့ရသည်။ တစ်ခုနှင့်တစ်ခု မည်သို့ကွာခြားသည်ကိုသိလိုသဖြင့် အနားရှိအရောင်းဈေးသည်မိန်းကလေးကို မေးကြည့်ရာ အရောင်ကတော့ အဲဒီမြင်တဲ့အတိုင်းပဲ ဘာကွာလဲတော့မသိဘူးဟု ဖြေလေသည်။ ထိုကုန်တိုက်အထွက်နံရံပေါ်တွင် တစ်လအတွက် အကောင်းဆုံးဝန်ထမ်းဓာတ်ပုံများ ချိတ်ထားသည်ကိုတွေ့ရခြင်းအားဖြင့် လုပ်ငန်းရှင်အနေနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှု(Human Resources Managetment ) ကိုတန်ဖိုးထားကြောင်း အကဲခတ်မိပါသည်။ သို့ရာတွင် သူ့ကုန်တိုက်ရှိ အရောင်းဈေးသည်များ၏ အရောင်းစွမ်းဆောင်ချက် (Sales Performance) ကိုမူ မည်သည့်မူ (Criteria) ဖြင့် အကဲဖြတ် (Accessment) သည်တော့ မသိချေ။

ကျွန်တော့်အိမ်မှ မြို့ထဲသို့သွားလျှင် ပါရမီလမ်းမှတစ်ဆင့် ပြည်လမ်းအတိုင်းသွားရသည်။ ပါရမီလမ်းပေါ်တွင် နာမည်ကြီး မုန့်တီဆိုင်ကြီးတစ်ဆိုင်ရှိသည်။ အသွားအပြန်မြင်တွေ့နေရသဖြင့် စားချင်စိတ်တဖွားဖွားပေါ်မိသည်။ တစ်နေ့တွင် ကျွန်တော့်မြေးများကိုခေါ်၍ တကူးတကထိုဆိုင်သို့သွားစားကြသည်။ Waiters စားပွဲထိုးမိန်းကလေးများ အများအပြား ဟိုမှဒီမှ သွားလာနေကြသည်။ ယောက်ယက်ခတ်မျှ လှုပ်ရှားနေကြသည်။ သို့ရာတွင် ကျွန်တော်တို့ထိုင်နေသည့်ဝိုင်းသို့တော်တော်နှင့်ရောက်မလာပါ။ ဖြတ်သွားသည့် မိန်းကလေးကို လှမ်းခေါ်သော်လည်း လက်ကလေးကာကာလုပ်ပြကာ ရောက်မလာပါ။ နောက်ဆုံး မဖြစ်မနေခေါ်ပြီး မှာစားရသည်။ အပြန်လမ်းတွင် နောက်တစ်ခါဘယ်တော့မှ မစားတော့ဘူးဟူသောဆုံးဖြတ်ချက် အလိုလိုချမိသွားပါသည်။

ကြာတော့နည်းနည်းကြာသွားပါပြီ။ ၂ နှစ်လောက်ရှိပါပြီ။ ကျွန်တော်သည် မြို့ထဲမှကျောင်းသို့ စာသင်သွားရာတွင် လမ်း၌ ချောင်းအရမ်းဆိုးလာပြီး နှလုံးခုန်နှုန်းမှာလည်း ၁၆၀ ကျော်ရှိနေသဖြင့် လမ်းတစ်ဝက်မှ အိမ်သို့ပြန်လာပြီး နာမည်ကြီးဆေးခန်းတစ်ခုသို့ အရေးပေါ်သွားပြပါသည်။ နံနက် ၉ နာရီခွဲလောက်ရောက်သွားရာ ကျွန်တော့်အား သွေးတိုင်းခြင်း၊ သွေးစစ်ခြင်းပြုပြီး လူနာခုတင်ပေါ်တွင် အောက်ဆီဂျင်ပေးထားပါသည်။ နေ့လယ် ၁၂ နာရီလောက်တွင် ဆီးသွားလိုသဖြင့် ခွင့်တောင်းရာ ခုတင်ပေါ်တွင်ပင် ဆီးသွားစေခဲ့ပါသည်။ ညနေ ၃ နာရီကျော်မှ ဆရာဝန်ရောက်လာပြီး စမ်းသပ်ပါတော့သည်။ ကျွန်တော့်အသက်သည် အလွန်ကြာမြင့်သော Customer Service ကို ခံနိုင်ရည်ရှိမှန်းသိရသဖြင့် များစွာဝမ်းသာရပါသေးသည်။

မကြာသေးမီက ကျွန်တော်စာသင်သောကျောင်းနှင့်မလှမ်းမကမ်းရှိ စာအုပ်ဆိုင်တစ်ဆိုင်သို့ ရောက်သွားပါသည်။ ဆိုင်ရှိအရောင်းဈေးသည်ကလေးမလေးများသည် စကားပြောဆိုဆက်ဆံရာတွင် မဆိုးလှပါ။ ကလေးမလေးတစ်ဦးက "အဘ အသင်းဝင်ကတ် (Membership Card) လုပ်ထားပါလား။ အသင်းဝင်ကတ်လုပ်ထားလျှင် ၁၀ ကျပ် လျှော့ငွေရတယ်ဟုဆိုပါသည်။ အသင်းဝင်ကတ်လုပ်ဖို့ ဘာတွေလိုသလဲဟု မေးသော

www.foreverspace.com.mm

အခါ ကျပ်ငါးသောင်းဖိုးတစ်ကြိမ်တည်း ဝယ်လျှင် အသင်းဝင်ကတ်လုပ်၍ရသည်ဟု ဖြေပါသည်။ ကျွန်တော်က "အဘ အခု ကျပ်သုံးသောင်းဖိုးဝယ်တယ်။ နက်ဖြန်မှာ ကျပ်လေးသောင်းဖိုးဝယ်ဖို့ ဩသုငညါ လုပ် ထားတယ်။ အခု ပိုက်ဆံမပါသေးလို့ ဒါ ဆိုရင် နက်ဖြန်ကျရင် အသင်းဝင်ကတ် လုပ်ပေးမှာလား" ဟု မေးသောအခါ "အဲဒီ လိုတော့မရဘူး။ တစ်ခါတည်း ကျပ်ငါး သောင်းဖိုးဝယ်မှရတာ" ဟု ဖြေပါသည်။ ကလေးမလေး၏ စိတ်ရှည်မှုကို စူးစမ်းလို သဖြင့် "ကဲကွာ ဘဘက ငါးသောင်းဖိုး တစ်နှစ် မှတစ်ခါပဲဝယ်မယ်၊ အသင်းဝင်ကတ်ရမယ်။ နောက်တစ်ယောက်က တစ်လတစ်ခါ ကျပ် သုံးသောင်းဖိုးဝယ်မယ်၊ သူက အသင်းဝင် ကတ်မရဘူး၊ ဒါဆိုရင် မင်းတို့မူကြီးက ဂွကျ မနေဘူးလား" ဟု မေးပါသည်။ အရောင်း သမလေးသည် ခေတ္တမျှတွေဝေသွားပြီး "မရဘူးဘဘရဲ့ ဆိုင်ရှင်က ကျွန်မတို့ကို ဒီလိုပဲမှာထားတယ်"တဲ့။ သြော် . . . ပုဂ္ဂလိက လုပ်ငန်းမှာလည်း ဗျူရိုကရေစီရှိပါသလား ဟု မှတ်ချက်ပြုမိပါသည်။ အမှန်မူ "ဘဘ ပြောတဲ့အကြံကမဆိုးဘူးနော် ကျွန်မ ဆိုင် ရှင် ဒါမှမဟုတ် မန်နေဂျာနဲ့တွေ့ရင် ဘဘ ပြောတဲ့အကြံကို တင်ပြကြည့်ပါ့မယ်" ဟု ဆိုလျှင် ပို၍မကောင်းပြီလော။

နောက်တစ်နေရာက ဆံပင်အလှပြင် ဆိုင် တာဝါတစ်ခုဖွင့်လှစ်ထားသည်။ ကျွန် တော် Marketing ဘာသာသင်ကြားစဉ် တပည့်များနှင့် စကားစပ်မိ၍ Customer Service နှင့်ပတ်သက်ပြီး နာမည်ကြီးလှ သော Tesco ဆိုသည့် လုပ်ငန်းအကြောင်း ပြောပြရာ တပည့်တစ်ဦးက "အဲဒီလိုဆိုင်မျိုး ကျွန်မတွေ့ဖူးတယ်" ဟုပြောပြီး ညွှန်ပြသ ဖြင့် တစ်နေ့တွင် ကျွန်တော့်မြေးများနှင့် ထိုဆံပင်ညှပ်ဆိုင်သို့ ရောက်သွားပါသည်။ လာမေးသောကလေးမကို "တို့ဆံပင်ညှပ်မ လို့" ဟုပြောရာ ကလေးမက "ခေါင်းလျှော် ပါဦး ခေါင်းလျှော်ပြီးမှ ဆံပင်ညှပ်ရပါမယ်" ဟုပြောပါသည်။ ကျွန်တော်က "ငါ အသက် ခြောက်ဆယ်ကျော်ပြီ ဆံပင်ညှပ်ပြီးမှခေါင်း လျှော်တာပဲကြုံဖူးပါတယ်။ ခေါင်းလျှော်ပြီး ဆံပင်ညှပ်ရတယ်လို့ တစ်ခါမှ မကြုံဖူးပါ" ဟုပြောသောအခါ "ဒီဆိုင်မှာတော့ ခေါင်း လျှော်ပြီးမှပဲ ဆံပင်ညှပ်လို့ရတယ်" ဟုပြော ပြီး ချာခနဲလှည့်ထွက်သွားပါသည်။

ပုဂ္ဂလိကနွေရာသီကျောင်းတစ် ကျောင်းတွင် မြေးသုံးယောက်ကို ကျောင်း ထားပေးရန် ကျောင်းတစ်ကျောင်းသို့ နံနက် ၉ နာရီ ၃၀ မိနစ်ရောက်သွားသည်။ စုံစမ်းသောအခါ Entrence Test ရေးဖြေ ဖြေရမည်ဟုဆိုသည်။ ကျွန်တော်က သုံး ယောက်လုံး တစ်ချိန်တည်းရ၊ မရမေးရာ ရပါသည်ဟု ဖြေသည်။ ထို့ကြောင့် မြေးများ ကို ရေးဖြေဖြေစေပါသည်။ တစ်နာရီကျော် ကျော် ကြာသွားပါသည်။ ကလေးများထွက် လာသောအခါ နှုတ်ဖြေဖြေရဦးမည်ဟု ပြောပါသည်။ မွန်းလွဲ ၂ နာရီတွင် ဖြေရမည် ဟုဆိုသဖြင့် အိမ်သို့ပြန်ခဲ့ကြသည်။ မွန်းလွဲ ၂ နာရီမထိုးမီ အရောက်သွားရာ ဆရာမ မလာသေး၍ ခဏစောင့်ပါဟုပြောပါသည်။ ညနေ ၃ နာရီထိမဖြေရသေးသဖြင့် သမီး လုပ်သူက သွားပြောသောအခါ ကလေးများ ကို နှုတ်မေးခွန်းမေးမြန်းစစ်ဆေးပါသည်။



www.foreverspace.com.mm



ပြီးသောအခါ ကလေးသုံးဦး တစ်ချိန်တည်း မရနိုင်ဟု ပြောပါသည်။ ကျွန်တော်က မနက်ကတည်းက မေးမြန်းပြီး ရသည်ဆို၍ တစ်နေ့လုံးအချိန်ကုန်ခံကာ စောင့်နေရသည်။ အခုမှ မရဘူးဟုပြောတာ မသင့်ဟု ပြောပါသည်။ ဘယ်လိုမှပြောမရပါ။ မကျေနပ်သဖြင့် တယ်လီဖုန်းဖြင့် ကျောင်းအုပ်ထံတင်ပြရာ တိုက်ရိုက်စကားပြောခွင့်မရဘဲ ကလေးမလေးတစ်ဦးက အဖြစ်အပျက်ကို မေးမြန်းပါသည်။ နာရီဝက်ခန့်ကြာမှ ထိုကလေးမကတစ်ဆင့် တစ်ချိန်တည်းရပါသည်ဟူသော အဖြေကိုရပါသည်။ "အန်ကယ် အကြံပေးစရာရှိတာ၊ ဝေဖန်စရာရှိတာ၊ ဝေဖန်အကြံပေးပါ"ဟုလည်း ထိုကလေးမက ဖိတ်ခေါ်လိုက်ပါသည်။

ကျွန်တော် ယခုအထိ တင်ပြခဲ့သော လုပ်ငန်းမျိုးစုံသည် မျက်စိနားပွင့်လှပါသည်ဆိုသော ရန်ကုန်မြို့ကြီးမှ လုပ်ငန်းများဖြစ်ကြပါသည်။ နယ်အတွေ့အကြုံကို ဆက်လက်တင်ပြပါဦးမည်။

တစ်ခါက တောင်တွင်းကြီး ဗိသနိုးရှိ ကိုးကွယ်ရာဆရာတော်ထံသွားရောက်ဖူးမြော်ရာ လက်ပံတန်းမြို့တွင် ကားခဏရပ်ပါသည်။ အသက် ၁၀ နှစ်အရွယ် ကလေးမတစ်ဦးက ငုံးဥပြုတ်လာရောင်းပါသည်။ ကျွန်တော်က "ငုံးဥပြုတ်တော့ မစားချင်သေးဘူးကွာ၊ အကြော်စားချင်တာ၊ အကြော်သယ်ကလည်း မရှိဘူးနော်"ဟု ပြောပါသည်။ ထိုကလေးမကလေးက "အကြော်က ဟိုဘက်လမ်းမှာရတယ်၊ သမီးဝယ်ပေးမယ်"ဟု ပြောလာသဖြင့် ထိုကလေးမလေးကို ပိုက်ဆံပေးလိုက်ရာ အပြေးအလွှားသွား၍ ဝယ်ပေးရှာပါသည်။ ပိုတဲ့ငွေစက္ကူကိုလည်း ပြန်ပေးပါသည်။ စိတ်ထဲတွင် အလွန်အမင်းကျေနပ်မိသဖြင့် ပိုငွေကို ထိုကလေးမလေးအားပေးလိုက်ပါသည်။ ကလေးမလေးထံမှလည်း ငုံးဥပြုတ်များ ဝယ်လိုက်မိပါသည်။

အဲဒီကအထွက် သားလုပ်သူက ဓာတ်ဆီထည့်မယ်ဟုပြောသဖြင့် လက်ပံတန်းဓာတ်ဆီဆိုင်သို့ ဝင်ခဲ့ပါသည်။ ဓာတ်

**Customer Services ဆိုသည်မှာ ယူနီဖောင်းလှလှလေးဝတ်၊ မိတ်ကပ်ပါးနီခြယ်သစရာမလိုဘဲ မြန်မာတို့၏ရိုးရာကျင့်စဉ်လေးများကို ရိုးရိုးလေးကျင့်သုံးခြင်းပင်ဖြစ်သည်ကို မြို့ပြ အထူးသဖြင့် ရန်ကုန်မြို့ကြီးများမှ သမီးပျိုများ၊ လုပ်ငန်းရှင်ကြီးများ သိစေချင်ပါတော့သည်။**

ဆီထည့်နေစဉ် အညောင်းပြေကားပေါ်မှ ဆင်းလိုက်သောအခါ သစ်ပင်ရိပ်တွင်း ဝါထိုင်ခုံလေးများနှင့် ရေနွေးကြမ်းအပြင် ပဲလှော်၊ ထန်းလျက်ဘူးလေးများထားသည်ကိုတွေ့၍ မေးမြန်းရာ ဓာတ်ဆီလာထည့်သော ခရီးသည်များစားဖို့ တည်ခင်းထားတာဟု သိရပါသည်။ စိတ်ထဲတွင် ဩော် . . . ပြည်သူပိုင်ဆိုင်က ဒီလိုမျိုးဝန်ဆောင်မှုတွေ့ရ၍ ဝမ်းထဲတွင် အလွန်ကြည်နူးဝမ်းမြောက်မိပါသည်။

အောင်လံအလွန် ကိုးပင်မှသစ်ရာကောက်ဖြတ်လမ်းမှ ခရီးဆက်လာသောအခါ ညစာစားချိန်တွင် သစ်ရာကောက်လမ်းဆုံဆိုင်တန်းများသို့ ရောက်ပါသည်။ ညစာစားမည်ဟု ကားပေါ်မှအဆင်းတွင် "မောင်ကြီးတို့ညီမကြီးတို့လာတယ်ဟော့၊ နေရာပေးလိုက်ကြပါဦး၊ အပေါ့သွားချင်ရင် ဒီဘက်မှာရှိတယ်ညီမလေး"ဟု ဆိုင်ရှင်အမျိုးသမီး၏ တရင်းတနှီးကြိုဆိုသံကို ကြားရသဖြင့် စိတ်ထဲတွင် ချမ်းမြေ့မိပါသည်။ ထမင်းစားမည်ဆိုသောအခါ ဘယ်ဟင်းက ဘယ်လိုချက်ထားတာ၊ ဘယ်လိုအရသာရှိတယ်ဟု ရွှန်းရွှန်းဝေအောင်ပြောသဖြင့် တောရွာလမ်းဘေးထမင်းဆိုင်လေးတွင် စိတ်ကျေနပ်မှု မရစဖူးရခဲ့ဖူးသည်ကို အမှတ်တရ ဖြစ်နေပါသည်။

ကျွန်တော့်အတွေးထဲတွင် စဉ်းစားစရာတစ်ခု ဝင်လာပါသည်။ လက်ပံတန်းမြို့မှ ငုံးဥသည်လေးသည်လည်းကောင်း၊ ဓာတ်ဆီဆိုင်ဝန်ထမ်းများသည်လည်းကောင်း၊ သစ်ရာကောက်ကျေးရွာမှ ထမင်းဆိုင်ရှင်အမျိုးသမီးလေးသည်လည်းကောင်း၊ Marketing ပညာ၊ Customer Services ပညာရပ်များကိုသင်ကြားခဲ့ကြရဟန်မတူပါ။ သင်ကြားရန်မဆိုထားဘိ။ ယင်းဘာသာရပ်များရှိမှန်းပင်သိကြဟန်မတူပါ။ ရန်ကုန်မြို့ပေါ်ရှိ ဆံပင်အလှပြင်ဆိုင်၊ ဆေးခန်း၊ စာသင်ကျောင်း၊ ကုန်တိုက်များမှဝန်ထမ်းများသည် Marketing ပညာ၊ Customer Services ပညာများကို နားလျှံအောင်ကြားနေကြရပါသည်။ သူတို့၏လုပ်ငန်းရှင်များမှာလည်း ကမ္ဘာ့နေရာအနှံ့အပြားသို့ရောက်၍ ဒေသန္တရဗဟုသုတတွေ တစ်ထောကြီးရှိကြမည့်သူများဖြစ်ပါသည်။ လက်တွေ့တွင် ထိုထိုသောလုပ်ငန်းရှင်များ၏လုပ်ငန်းများတွင် Customer Services သည် အဘယ်ကြောင့် ရှားပါးကုန်များ ဖြစ်နေရပါသနည်း။

ကျေးလက်မှသူများသည် Customer Service ပေးရသည်ဟု သိလိုမှ သိပေလိမ့်မည်။ သို့ရာတွင် မြန်မာတို့၏ယဉ်ကျေးမှုအစဉ်အလာအတိုင်း ဖော်ရွေခြင်း၊ ရင်းနှီးခင်မင်သော စိတ်ဓာတ်အခံရှိခြင်း၊ ရိုင်းပင်းကူညီသောစိတ်ဓာတ်ရှိခြင်း စသည့်အချက်များသည် Customer Services ၏အခြေခံအချက်များဖြစ်နေပေသည်။ ပညာဆိုသည်မှာ စာသင်ခန်းမှ စာမေးပွဲခန်းမသို့သယ်ဆောင်သွားရမည့်အရာမဟုတ်။ မိမိဘဝပြေးလမ်းတစ်လျှောက်လုံးသယ်ဆောင်သွားရမည့်အရာဖြစ်သည်ဆိုသောအချက်နှင့် Customer Services ဆိုသည်မှာ ယူနီဖောင်းလှလှလေးဝတ်၊ မိတ်ကပ်ပါးနီခြယ်သစရာမလိုဘဲ မြန်မာတို့၏ရိုးရာကျင့်စဉ်လေးများကို ရိုးရိုးလေးကျင့်သုံးခြင်းပင်ဖြစ်သည်ကို မြို့ပြ အထူးသဖြင့် ရန်ကုန်မြို့ကြီးများမှ သမီးပျိုများ၊ လုပ်ငန်းရှင်ကြီးများ သိစေချင်ပါတော့သည်။

**ဦးဝင့်ကျော်**

www.foreverspace.com.mm

ပြောင်လမှအဆက်



# သူဌေးဖြစ်နည်း လျှို့ဝှက်ချက် ၂၀

ဦးလှဝင်း (လေသူရဲတစ်ဦး)

မှန်တယ်ခင်ဗျာ။

တိုင်းမဂ္ဂဇင်းကြီးက ဝေဖန်ထားသလိုပဲ အော်ပရာဟာ ဘယ်သူမှ ထင်မထားတဲ့ဘဝမျိုးကို ရောက်သွားအောင်ကို အောင်မြင်သွားခဲ့ပါတယ်။

ရုပ်မြင်သံကြားလောကမှာ ငွေရှာချင်ရင် တစ်ဦးတစ်ယောက်ကောင်း ငွေရှာတာထက် ပညာသည်ချင်း အကျိုးတူအုပ်စုဖွဲ့ အဲ . . . Syndicate ဖွဲ့ပြီး ငွေရှာတာ ပိုအကျိုးအမြတ်ရနိုင်တယ်ဆိုတာ ချက်ချင်းသဘောပေါက်သွားတယ်။

တစ်နည်းအားဖြင့်တော့ခင်ဗျာ။ အဲဒီအချိန်ကစပြီး အော်ပရာဟာ သူဌေးဖြစ်နည်းလျှို့ဝှက်ချက်တစ်ခုဖြစ်တဲ့ ဆင်ဒီကိတ် (Syndication deal) လုပ်တတ်ဖို့လိုတယ်ဆိုတာကို သိသွားခဲ့ပါတယ်။

နောက် အဲဒီအချိန်လောက်မှာပဲ သူဌေးဖြစ်နည်း တခြားလျှို့ဝှက်ချက်တစ်ခုကို သူသိခဲ့ပြန်တယ်။ အဲဒီလျှို့ဝှက်ချက်ကတော့ ပရိသတ်စိတ်ဝင်စားအောင် စွမ်းဆောင်တဲ့ဆီမှာ လူအများကြိုက်တဲ့အကြောင်းအရာတစ်ခုတည်းကို တွယ်ကပ်ထားလို့မရဘူး။ ပုံသဏ္ဌာန်သစ် အကြောင်းအရာသစ်ကို အမြဲမသိမသာပြောင်းယူရတတ် ပြင်ယူတတ်ရမယ် ဆိုတာပါပဲ။

လူအများစိတ်ဝင်စားမယ့် အသစ်အသစ်တွေကို မိမိအမြဲစိတ်ကူးတတ်ရမယ်။

ထာဝစဉ်ရှင်သန်နေအောင် နည်းလမ်းသစ်တွေ ရှာကြံနေရမယ်။ ကြိုးစားရမယ်ဆိုတာကို အော်ပရာ သဘောပေါက်တယ်။

ဒါကြောင့်လည်း သူမ ဆက်ပြီး အသံလွှင့်တဲ့ Show တွေ အင်တာဗျူးတွေက တခြားလူတွေနဲ့ အကြောင်းအရာတူပေမယ့် ချဉ်းကပ်ပုံ ကိုင်တွယ်ပုံ မတူဘူးခင်ဗျာ။ ပိုပြီးစိတ်ဝင်စားစရာဖြစ်အောင် လုပ်တတ်သွားပါတယ်။ ဥပမာ . . . ။

ထင်ရှားတဲ့ ရုပ်ရှင်မင်းသမီးတစ်ယောက်ကို ဗျူးတော့မယ်ဆိုပါစို့။

တီဗီပညာသည် အများစုက ရုပ်ရှင်မင်းသမီးရဲ့ ရုပ်ရှင်လောကနဲ့သက်ဆိုင်တဲ့ အကြောင်းအရာတွေကို ဗျူးကြပါလိမ့်မယ်။

အော်ပရာက အဲဒီလို လုံးဝမဗျူးဘူးခင်ဗျာ။ ဒီနေ့ အမေရိကန်လူထုကြားမှာ အငြင်းပွားနေတဲ့ အများစိတ်ဝင်စားတဲ့ နောက် အဲဒီရုပ်ရှင်မင်းသမီးကိုယ်တိုင်

www.foreverspace.com.mm



လည်း ပြောချင်တဲ့ ဆွေးနွေးချင်တဲ့ အကြောင်းအရာမျိုးကို ရှာတတ်၊ ရွေးတတ်တယ်ခင်ဗျာ။

ဥပမာ–ကင်ဆာရောဂါ။

ကင်ဆာရောဂါအကြောင်းကို အော်ပရာက ရုပ်ရှင်မင်းသမီးနဲ့ ဆွေးနွေးပါတယ်။

အင်တာဗျူးလုပ်တယ်ဆိုတာ အဗျူးခံရသူထက် ဗျူးတဲ့လူတော်ဖို့ ပိုအရေးကြီးပါတယ်။ အော်ပရာဟာ ပင်ကိုယ်အလွန်တော်တဲ့ပါရမီရှင်ဖြစ်နေတဲ့အတွက် ကင်ဆာရောဂါအပေါ် ရုပ်ရှင်မင်းသမီးစိတ်ဝင်စားလာအောင် ဆွဲခေါ်သွားတယ်။ ရုပ်ရှင်မင်းသမီးနားလည်သမျှ သူမပတ်ဝန်းကျင်မှာထိတွေ့မှုရှိသမျှ ကင်ဆာရောဂါအကြောင်းကို ပွင့်ပွင့်လင်းလင်းပြောပြချင်အောင် ညှို့ယူသွားတယ်။

ရုပ်ရှင်မင်းသမီးရဲ့ သိထားသမျှ ကင်ဆာရောဂါအကြောင်းတွေ ပွင့်ထွက်လာပြီး ဆွေးနွေးတယ်။

ကင်ဆာရောဂါအကြောင်းကို ဆရာဝန်တစ်ယောက်ပြောပြတာနဲ့ အလွန်နာမည်ကြီးတဲ့ ရုပ်ရှင်မင်းသမီးတစ်ယောက်ပြောပြတာ ဘယ်လိုမှ မတူဘူးခင်ဗျာ။ ဆရာဝန်ပြောပြတာမျိုးက တစ်ဝက်လောက်ကို တီဗီကြည့်ရှုနေတဲ့ပရိသတ်ကြားထားသိထားပြီးတဲ့အကြောင်းအရာတွေ များပါတယ်။ ရုပ်ရှင်မင်းသမီးပြန်ပြောမယ့်အကြောင်းအရာတွေက ပရိသတ်မသိတဲ့ မမျှော်လင့်ထားတဲ့အကြောင်းအရာတွေခင်ဗျာ။ ဒီတော့ ပိုစိတ်ဝင်စားမှုရှိလာကြတယ်။ ပိုသိချင်ကြားချင်ကြတယ်။ ဒီတော့ အော်ပရာရဲ့အင်တာဗျူးက ပိုထူးခြားတဲ့အင်တာဗျူးတစ်ခု ဖြစ်မနေဘူးလား။



အလားတူပါပဲ။ အော်ပရာဟာ သာမန်လူတွေထဲက တစ်ယောက်ကို ဗျူးရမယ့်နေ့ဆိုပါစို့။

အော်ပရာက သာမန်လူတန်းစားဘဝတွေထဲက သာမန်မဟုတ်တဲ့ အကြောင်းအရာတွေ၊ ရိုးနေပေမယ့် ထူးနေတဲ့အကြောင်းအရာတွေ ရှာဖွေဖော်ထုတ်တတ်တယ်။

စိတ်ဝင်စားစရာဖြစ်အောင် ဖန်တီးတတ်တယ်။ အမေရိကန်ပြည်ထောင်စုမှာ ဒီနေ့ဖြစ်နေတဲ့ စိတ်ဝင်စားစရာ ထူးခြားတာ ငြင်းစရာ Issues တွေနှင့် ပေါင်းစပ်ပေးတတ်တယ်။

သာမန်လူနဲ့ဗျူးနေပေမယ့် ဆွေးနွေးတဲ့အကြောင်းအရာတွေက နိုင်ငံမှာ အဓိကစိတ်ဝင်စားနေတဲ့ပြဿနာတွေကို ရင်ဖွင့်နေတာမျိုး ဖြစ်စေတတ်တယ်ခင်ဗျာ။

တစ်ခါတစ်ရံ အဲဒီဗျူးနေတဲ့ လူရဲ့ အသွင်ပျောက်ပြီး ပြည်သူအများပြောချင်တဲ့စကားကို ဝင်ပြောနေတာမျိုးလည်း ဖြစ်စေတယ်။

ဒီတော့ အော်ပရာရဲ့ Talk Show တွေက ပရိသတ်စောင့်ကြည့်ချင်စရာ တီဗီအစီအစဉ်တွေ ဖြစ်ကုန်ပါတယ်။

အဲဒီလိုပရိသတ်ပိုစိတ်ဝင်စားလာလေ အော်ပရာ ပိုအောင်မြင်လေ ပိုဝင်ငွေများလေ ဖြစ်လာစေတယ်မဟုတ်လား။

တစ်နည်းအားဖြင့် တော့ခင်ဗျာ။ အော်ပရာရဲ့ Talk Show တွေက ရိုးရိုး Show တွေ မဟုတ်တော့ဘူး ခင်ဗျာ။

ရသပါတဲ့ Show တွေ . . . ။

တစ်နည်းအားဖြင့် ဖန်တီးမှု . . . creation ပါတဲ့ Show တွေ ဖြစ်ကုန်တယ်ခင်ဗျာ။

ဒီလိုဖန်တီးနိုင်တဲ့စွမ်းအား(Creative Power) အော်ပရာမှာရှိနေတာဟာလည်း အော်ပရာ သူဌေးဖြစ်အောင် လုပ်ပေးတဲ့ လျှို့ဝှက်ချက်တစ်ခုပါပဲ။

ပိုပြီးရှင်းလင်းပေါ်လွင်အောင်ပြောရရင်တော့ . . . ။ အော်ပရာမှာ ဖန်တီးမှုမွေးရာပါစွမ်းအား (Creative Power) ရှိတယ်။ ဒီစွမ်းအားကို အော်ပရာက အကျိုးရှိအောင် ချသုံးတတ်တယ်။ သူ့အသက်မွေးဝမ်းကျောင်းအလုပ်မှာ အထောက်အကူဖြစ်အောင် ပါးနပ်လိမ္မာစွာ ဆွဲယူတတ်တယ်။ ငွေရအောင်ဖန်တီးတတ်တယ်။

၁၉၉၃ ခုနှစ်ရောက်တဲ့အချိန်မှာတော့ အော်ပရာက နိုင်ငံကျော်ပုဂ္ဂိုလ်ကြီးဖြစ်နေပါပြီ။ ချမ်းသာမယ့်လူမှာ ကံရှိဖို့လိုတယ်ခင်ဗျာ။ အော်ပရာမှာ ကံကလည်းရှိတယ်။ ဒါကြောင့် အဲဒီအချိန်မှာ မိုက်ကယ်ဂျက်ဆင်လိုပုဂ္ဂိုလ်မျိုးကို အင်တာဗျူး

**သူဌေးဖြစ်မယ့်လူတစ်ယောက်အနေနှင့် ပထမဆုံးရှာရတဲ့ တစ်သန်းဆိုတဲ့ ငွေအပေါ်မှာပဲ ရှာရတာ သိပ်ခက်တယ်ခင်ဗျာ။ နောက် . . . ရှာရမယ့်သန်းငွေတွေဆိုတာ ပထမဆုံးရှာရတဲ့သန်းငွေလောက် မခက်တော့ပါဘူး။ မှန်တယ်ခင်ဗျာ။ အော်ပရာဟာလည်း သန်းကြွယ်သူဌေးစဖြစ်တဲ့ ၁၉၈၆ ခုနှစ်ကစပြီး စီးပွားရေးလောကမှာ သူမရဲ့ခြေလှမ်းတွေက စောစောကလှမ်းသလို မလှမ်းတော့ဘူး။ အလှမ်းကျယ်သွားပါပြီ။ ကျွန်တော်တင်ပြခဲ့ပြီးဖြစ်တဲ့ တီဗီဆင်ဒီကိတ်တွေကို ဖွဲ့တယ်။**

www.foreverspace.com.mm

လုပ်ခွင့်ရတယ်ခင်ဗျာ။

မိုက်ကယ်ဂျက်ဆင်ကို သူမ အင်တာဗျူးလုပ်ခဲ့တဲ့ တီဗီအသံလွှင့်ချက်က အမေရိကန်တီဗီသမိုင်းမှာ စတုတ္ထမြောက် လူအများဆုံးကြည့်ကြတဲ့ဖြစ်စဉ် . . . (the fourth most watched event in American television history) တဲ့ခင်ဗျာ။ အင်တာဗျူးအနေနဲ့တော့ လူအများဆုံးစောင့်ကြည့်ခဲ့တဲ့ အင်တာဗျူးပါပဲ။

ဒီအောင်မြင်မှုကတော့ သူမရဲ့ကံကြောင့်ရခဲ့တဲ့ အထူးအခွင့်အရေးကြီးပါ။

ထူးခြားတဲ့ကုသိုလ်ကံမရှိဘဲနဲ့ ဒီလို အခွင့်အရေးမျိုးကို သူမ ရစရာမရှိပါဘူး။

သတင်းနဲ့ အနုပညာလောကမှာ ငွေရှာတဲ့အခါ ကျော်ကြားမှုနဲ့ ဝင်ငွေဆိုတာ အမြဲတွဲနေတယ်ခင်ဗျာ။

ကျော်ကြားလေ ဝင်ငွေများလာလေပါပဲ။ ၁၉၈၅ ခုနှစ်မှာ အော်ပရာ ရုပ်ရှင်လောကကို ဝင်သွားခဲ့တာလည်း သူမကိုယ်သူမ ပိုနာမည်ကြီးအောင် လုပ်လိုက်တာပါပဲ။

အဲဒီမှာလည်း အော်ပရာက သူ့ကိုယ်သူ သရုပ်ဆောင်တတ်တဲ့ ပါရမီရှိတယ်ဆိုတာကို သိတယ်။ ဒီပါရမီကို သူချသုံးရင် သူပိုအောင်မြင်ကျော်ကြားမယ်။ ငွေရှာရ ပိုလွယ်မယ်ဆိုတာကို မြင်တယ်။ ဒါ ကြောင့် ရုပ်ရှင်ဝင်ရိုက်တာ။

ရုပ်ရှင်လောကကို ဝင်ရတာလည်း လွယ်တာမဟုတ်ဘူးခင်ဗျာ။ ဖောက်ထွင်းဝင်ရောက်ဖို့ အလွန်ခက်တဲ့လောကကို ဝင်ထိုးဖောက်တာပါ။

ရုပ်ရှင်လောကမှာလည်း သူမက အောင်မြင်ပြန်တယ်။ ပထမဆုံးဝင်ရိုက်တဲ့ ရုပ်ရှင်ကားမှာပဲ ဆန်ခါတင်နှစ်ယောက်ထဲ ကျန်ထဲအဆင့်အထိပါသွားပြီး ဆုရတော့ မလိုဖြစ်ပြီးမှ လက်လွှတ်ခဲ့ရတာ။

ဆုမရခဲ့ပေမယ့် ရုပ်ရှင်လောကမှာလည်း သူမဟာ နာမည်ကြီးသင့်တာထက် ပိုကြီးခဲ့တာပေါ့ခင်ဗျာ။

ကျွန်တော် တွေးဆကြည့်တယ်။

အော်ပရာရုပ်ရှင်လောကကို ဝင်တဲ့ ၁၉၈၅ ခုနှစ်မှာ တီဗီလောကမှာလည်း အော်ပရာက အောင်မြင်နေပါပြီ။ ၁၉၈၃ ခုနှစ်မှာ ချီကာဂိုမြို့ တီဗီလောကကို ရောက်တယ်။ ၂ နှစ်အတွင်းမှာ အဲဒီမြို့ရဲ့ နံပါတ် (၁) အစီအစဉ်နေရာမှာထားတဲ့ Donahue Show နေရာမှာ အော်ပရာရဲ့ Show က နေရာယူလိုက်တယ်။



၁၉၈၆ ခုနှစ် စက်တင်ဘာလမှာ ကမ္ဘာကျော် The Oprah Winfry Show ကို စလွှင့်တယ်။

အော်ပရာဟာ ရုပ်ရှင်လောကကို ဝင်တာဟာ သူ့ကိုယ်သူ နာမည်ကြီးသထက်ကြီးအောင် လုပ်ခဲ့တာပါ။

တစ်နည်းအားဖြင့်တော့ သူမရဲ့နာမည်ကို အသုံးချပြီး ဝင်ငွေများသထက်များအောင် လုပ်ခဲ့တာပါ။

The Oprah Winfry Show ကို စလွှင့်တဲ့ ၁၉၈၆ ခုနှစ်မှာ သူမရဲ့အသက်က ၃၃ နှစ်ပါ။

အဲဒီအချိန်မှာ သူမ သန်းကြွယ်သူဌေး ဖြစ်နေပါပြီ။ အဲဒီသန်းချီတဲ့ ဒေါ်လာငွေတွေအကုန်လုံးက သူမအစွမ်းအစနဲ့ သူမဟာသူမ ရှာခဲ့တဲ့ငွေတွေပါ။

သူဌေးဖြစ်မယ့်လူတစ်ယောက်အနေနှင့် ပထမဆုံးရှာရတဲ့ တစ်သန်းဆိုတဲ့ ငွေအပေါ်မှာပဲ ရှာရတာ သိပ်ခက်တယ်ခင်ဗျာ။ နောက် . . . ရှာရမယ့်သန်းငွေတွေဆို

www.foreverspace.com.mm



တာ ပထမဆုံးရှာရတဲ့သန်းငွေလောက် မခက်တော့ပါဘူး။

မှန်တယ်ခင်ဗျာ။

အော်ပရာဟာလည်း သန်းကြွယ်သူဌေးစဖြစ်တဲ့ ၁၉၈၆ ခုနှစ်ကစပြီး စီးပွားရေးလောကမှာ သူမရဲ့ခြေလှမ်းတွေက စောစောကလှမ်းသလို မလှမ်းတော့ဘူး။

အလှမ်းကျယ်သွားပါပြီ။

ကျွန်တော်တင်ပြခဲ့ပြီးဖြစ်တဲ့ တီဗီဆင်ဒီကိတ်တွေကို ဖွဲ့တယ်။

သူမအမည်ကို ပြောင်းပြန်လှန်ယူထားတဲ့ Harpo Production ကုမ္ပဏီကို ဖွဲ့တယ်။ တည်ထောင်တယ်။ ကမ္ဘာကျော် Paramount ရုပ်ရှင်ကုမ္ပဏီကြီးတွေလို ကုမ္ပဏီကြီးတွေနဲ့ ပေါင်းတယ်။ အကျိုးတူလုပ်ငန်းတွေ စလုပ်တယ်။

တီဗီလုပ်ငန်းမှာလည်း ဒီအတိုင်းပါပဲ။

သရုပ်ဆောင်ပြီး ပညာသည်ကြေးယူရုံတင်မဟုတ်ဘူး။ ကိုယ်ပိုင်ထုတ်လုပ်တဲ့ တီဗီအစီအစဉ်တွေဖြစ်အောင် ဖန်တီးတယ်။


ကျွန်တော်တင်ပြချင်တာက အော်ပရာမှာ ပိုချမ်းသာသထက် ချမ်းသာအောင် လုပ်တတ်တဲ့ အရည်အသွေးတွေရှိတယ်။

သူမရဲ့ ရင်ထဲမှာလည်း ချမ်းသာသထက် ချမ်းသာအောင် လုပ်ချင်တဲ့ဆန္ဒတွေနဲ့ ပြည့်နေတယ်။

ဒါကြောင့်လည်း သူမရဲ့ အောင်မြင်ကျော်ကြားမှုနှင့် ပိုင်ဆိုင်ရယူပြီးသား ငွေတွေကို အရင်းအနှီးတွေအဖြစ် ပြန်သုံးပြီး ဝင်ငွေကို ပိုပိုရအောင် ဆက်ကြံတယ်။

အဲဒီလို ကြံဆတတ်တာဟာ သူမအနေနဲ့ ကုဋေကြွယ်သူဌေးဘဝရောက်အောင်လုပ်နိုင်တဲ့ လျှို့ဝှက်ချက်ကို သိထားတယ်ဆိုတာကို ပြသွားခဲ့တာပါပဲ။

ဒါကြောင့်လည်း သူမကုဋေကြွယ်သူဌေး . . . ဘီလျံနာဘဝကို ဒီနေ့ရောက်သွားတာပါ။




ကျွန်တော်တင်ပြချင်တာက ကုဋေကြွယ်သူဌေးဖြစ်ချင်တဲ့လူဟာ ကိုယ်ရပြီးသား စည်းစိမ်ချမ်းသာတွေအပေါ်မှာ ဘယ်တော့မှ ယစ်မူးနေလို့မရဘူး။

ကျေနပ်နေလို့ မရဘူး။

ရောင့်ရဲနေလို့မရဘူး။

ဆက်ကြိုးစားရမယ်။

ပိုပြီးကြိုးစားဖို့လိုပါတယ်။

မှန်ပါတယ်။

နောက် . . . သူမရဲ့ ထူးခြားတဲ့ အရည်အသွေးတစ်ခုက ကိုယ်ရေးကိုယ်တာပြဿနာတွေကို ဒုတိယအဆင့်မှာထားပြီး ပိုက်ဆံရမယ့်အလုပ်တွေကို ပထမဆင့်မှာ ထားပါတယ်။

သူမ တရားဝင်အိမ်ထောင်မပြုဘူး။ တရားဝင် ကလေးမယူဘူး။

ရုပ်ရှင်ဝေဖန်ရေးဆရာ Roger Ebert နဲ့ အကြာကြီးတွဲတယ်။ ပါတီတွေ အတူသွားတယ်။ ဒါပေမဲ့ တရားဝင် လက်မထပ်ဘူး။

အချစ်ဆိုတာကို သူမဘဝမှာ ဒုတိယအဆင့်မှာပဲ ထားခဲ့တယ်။

စီးပွားရေးက ပထမ . . .။

ငွေက ပထမ . . .။

အလုပ်က ပထမ . . .။

ဒါကြောင့် သူမရဲ့ အချိန်အကုန်လုံးကို အလုပ်ထဲမှာပဲ နစ်မြုပ်ထားပြီး အလုပ်အမျိုးမျိုးကို တိုးချဲ့တယ်။

စာအုပ်ဝေဖန်တဲ့အလုပ်ကို လုပ်တယ်။

ကိုယ်တိုင်စာရေးတယ်။

စာအုပ်ထုတ်တယ်။

မဂ္ဂဇင်းထုတ်တယ်။

စာပေလောကကလည်း သူမ ငွေအများကြီးရတယ်။ အရှိန်သြဇာအာဏာ အများကြီးတက်လာတယ်။

စာပေလောကမှာသာ အောင်မြင်မှုတွေမရဘူးဆိုရင် အော်ပရာက ဒီနေ့လောက်သြဇာအာဏာရှိတဲ့သူဌေးမကြီး ဖြစ်လာစရာမရှိပါဘူး။

အော်ပရာဟာ ရည်မှန်းချက် အလွန်ကြီးသူပါ။

မိန်းမဆိုပေမယ့် ယောကျ်ားတွေနှင့် လုံးဝယှဉ်ပြိုင်ရဲတဲ့မိန်းမပါ။

ဒီနေ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Hillary Clinton ၊ နောက် . . . Martha Stewart ၊ နောက် Even Condi စတဲ့အမျိုးသမီးတွေဟာ ဒီနေ့ ကမ္ဘာ့နာမည်ကြီးအမျိုးသမီးတွေပါ။ အော်ပရာကို ဒီအမျိုးသမီးကြီးတွေထက် ပိုအောင်မြင်ကျော်ကြားတဲ့အမျိုးသမီးကြီးလို့ သတ်မှတ်ထားပါတယ်။

မှန်တယ်ခင်ဗျာ။

အော်ပရာရဲ့အောင်မြင်မှုက အမေရိကန်ပြည်ထောင်စုအတွင်းမှာသာ ရှိတာမဟုတ်ဘူး။ ဩစတြေးလျနိုင်ငံကနေ ဇင်ဘာဘွေနိုင်ငံရောက်တဲ့အထိ တီဗီကြည့်ပရိသတ်က အော်ပရာရဲ့တီဗီအစီအစဉ်တွေကို ကြည့်ကြတယ်။ ကြိုက်ကြတယ်။ သူမရဲ့ပရိသတ်က နိုင်ငံပေါင်း ၁၁၇ နိုင်ငံမှာ ရှိပါတယ်။

ဆက်လက်ဖော်ပြပါမည်။

**ဦးလှဝင်း (လေသူရဲတစ်ဦး)**